
WHISPER OF WORDS
တင့်တယ်
အိုဘယ့် ကံ
The Scarlet Letter
Nathaniel Hawthorne

ကမ္ဘာ့ စာပေ ဂန္ထဝင်မြောက် ဤဝတ္ထုကြီးတွင်-

- ရော်ဂျာချီလင်းဝပ်သည် စိတ်ထားကြွံခိုင်သလောက် ဒေါသပြင်းထန်လျက် လျှို့ဝှက်သိပ်သည်း သလောက် ရန်ငြိုးကြီးသူလည်း ဖြစ်၏။

- ဒင်းမစ်ဒေးမှာမူ လူအများ၏ လေးစားခြင်းကို ခံရသလောက် စိတ်ဓာတ် အင်အား ပျော့ညံ့သူ ဖြစ်လျက် မသန့်သော လိပ်ပြာကို သန့်စင်အောင် ကြိုးစားရင်းကပင် အရှုံးနှင့် ပိုင်းရသူ အဖြစ်သို့ ရောက်ရှာသည်။

- ဟက်စတာပရင်းသည်ကား ကမ္ဘာ့မိန်းမသားတို့၏ စိတ်ဓာတ်ကို သရုပ်ဖော်သော ဇာတ်ကောင် တကောင်ပင် ဖြစ်၏။ မိန်းမသားတို့၏ လျှို့ဝှက်တတ်ပုံ၊ စိတ်ရှည်ပုံ၊ အရက်နှင့် တွေ့ရလျှင် ကမ္ဘာလောကကိုပင် တင်းတင်းမာမာ ရင်ဆိုင်ဝံ့ပုံတို့ကို သရုပ်ဖော်ထားသည်။

- ပုလဲကို ဖော်ပြရာ၌ကား လူတို့၏ ဟန်ဆောင်မှုကို သရော်ပြောင်လှောင်၍ ထားပေသည်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

တင့်တယ် [၁၉၁၆-၁၉၈၀]

ပဲခူးတိုင်း ပြည်ခရိုင် ရွှေတောင်မြို့၌ အဖ ကုန်သည် ဦးဘစိန်၊ အမိ ဒေါ်တင်မေတို့က ၁၉၁၆ ခုနှစ် ဇူလိုင် ၂၁ ရက်နေ့တွင် မွေးဖွားသည်။ တဦးတည်းသောသား၊ ငယ်မည် မောင်သန်း၊ အမည်ရင်း ဦးဝင်းစိန် ဖြစ်သည်။

အခြေခံပညာကို ရွှေတောင်မြို့ အမျိုးသားအထက်တန်းကျောင်း၊ အစိုးရ အထက်တန်းကျောင်း နှင့် ပြည် အစိုးရအထက်တန်းကျောင်းတို့တွင် သင်ယူခဲ့ရာ ၁၉၃၄ ခုတွင် ဆယ်တန်းအောင်သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်၌ သိပ္ပံပညာ ဆက်သင်သည်။ ဥပစာသိပ္ပံ အောင်ပြီးနောက် ဝိဇ္ဇာပညာကို ဆည်းပူးရာ ဝိဇ္ဇာဘွဲ့ (၁၉၃၉)၊ ဥပဒေဝိဇ္ဇာဘွဲ့ (၁၉၄၅) တို့ကို ရရှိခဲ့သည်။

ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်း ကျောင်းဆရာ (၁၉၃၉-၄၁)၊ ဒုတိယ ကမ္ဘာစစ် အတွင်းတွင် ကုန်သည်၊ ထို့နောက် ပညာရေးဌာန လက်အောက်ရှိ စာပေနှင့် စာကြည့်တိုက်ဌာန စာပြု၊ အင်္ဂလိပ် စစ်အုပ်ချုပ်ရေး လက်အောက်ရှိ ပြည်သူ့ဆက်ဆံရေးဌာန အမှုထမ်း၊ ပြန်ကြားရေးဌာန ဘာသာပြန်အရာရှိနှင့် တည်းဖြတ်သူ (၁၉၄၅-၄၈)၊ အင်္ဂလန်နိုင်ငံ အသံလွှင့် ဌာန မြန်မာပိုင်းအစီအစဉ် ဘာသာပြန်နှင့် သတင်းထုတ်လွှင့်သူ (၁၉၄၈-၅၂)၊ စာပဒေသာ မဂ္ဂဇင်း (၁၉၄၆) နှင့် ပဒေသာမဂ္ဂဇင်း (၁၉၄၈) တည်ထောင်သူနှင့် စာတည်း၊ ၁၉၄၇ ခုနှစ်တွင် ရှုမဝမဂ္ဂဇင်းကို ရှုမဝဦးကျော်နှင့် တွဲဖက် တာဝန်ယူခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ စန္ဒာမဂ္ဂဇင်း စာတည်းတာဝန်ကို ကွယ်လွန်သည်အထိ ထမ်းဆောင်သွားသည်။

ပထမဆုံးလက်ရာမှာ ကလောင်အမည် အကပ်မခံရသည့် ရွှင်ပျော်ပျော်တိုက်ထုတ် မရက်လို့လား (၁၉၃၆) ဝတ္ထုဖြစ်သည်။ တစ်နေဝင် (၁၉၃၇) တွင် “အောင်ကျော်” ကလောင်အမည် ယူသည်။ စာပဒေသာမဂ္ဂဇင်း (၁၉၄၆)တွင် “တင့်တယ်” အမည် စသုံးသည်။ ရွှေချစ်ငွေချစ် (၁၉၄၇)၊ ချစ်နိုင်ငံ (၁၉၄၇)၊ ဖြေလျော့ခွေ (၁၉၄၉)၊ ချစ်သက်လက်ဆောင် (၁၉၅၀)၊ ကမ္ဘာ့ဖလ (၁၉၅၁) လာလုလုငေး (၁၉၅၄)၊ ထား (၁၉၅၇) တို့မှာ ထင်ရှားသည်။ ချစ်လင် (၁၉၄၇)၊ အဏ္ဏဝါနှင့် အဘိုးအို (၁၉၆၄)၊ လစန္ဒာနှင့် ခြူးပိုက်ဆံ (၁၉၆၄)၊ ရောမကို အာခံသူ (၁၉၆၅) တို့မှာ ထင်ရှားသည့် ဘာသာပြန်လက်ရာများ ဖြစ်ကြသည်။ “လာလုလုငေး” “ကျွန်မ အနုပညာသည်” နှင့် “ထား” တို့ကို ရုပ်ရှင်ဒါရိုက်တာ အဖြစ်လည်းကောင်း၊ “ဖြေလျော့ခွေ”၊ “အကျော်အမော်” နှင့် “ဖိုးပြုံးချို” တို့ကို ဇာတ်ညွှန်းရေးသူအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အောင်မြင်၊ ကျော်ဇော စသည့် ကလောင်အမည်ခွဲ မြောက်မြားစွာဖြင့်

စာမျိုးစုံ ရေးနိုင်သော စာရေးဆရာအဖြစ် ထင်ရှား၏။ ၁၉၅၈ ခုနှစ်တွင် "ပျိုတို့ အချစ်တော် ဝတ္ထုဖြင့် စာပေဗိမာန် ဘာသာပြန်ဆု ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကွယ်လွန်သည်။

WHISPER of WORDS

မာတိကာ

- ပထမအကြိမ် ထုတ်ဝေသူ၏ အမှာ

၁။ အကောက်ရုံး

၂။ ထောင်တံခါးဝ

၃။ ဈေးနေရာ

၄။ မှတ်မိခြင်း

၅။ တွေ့ဆုံခြင်း

၆။ အပ်ချုပ်သည်ဘဝ

၇။ ပုလဲ

၈။ ပြည်နယ်မင်းကြီး၏ ခန်းမဆောင်

၉။ ပုလဲနှင့် သင်းအုပ်ဆရာကလေး

၁၀။ ဆေးဆရာ

၁၁။ ဆေးဆရာနှင့် လူနာ

၁၂။ အသည်းထဲဝယ်

၁၃။ သင်းအုပ်ဆရာကလေး၏ အထီးကျန်ည

၁၄။ ဟက်စတာပရင်း၏ ဘဝသစ်

၁၅။ ဟက်စတာနှင့် ဆေးဆရာကြီး

၁၆။ ဟက်စတာနှင့် ပုလဲ

၁၇။ တောလမ်းခရီးဝယ်

၁၈။ သင်းအုပ်ဆရာနှင့် တပည့်မ

၁၉။ ရွှေးကောက်ပွဲနေ့ ဆုတောင်း

၂၀။ လှည့်လည်ပွဲ

၂၁။ အက္ခရာနီ

၂၂။ နိဂုံး

ပထမအကြိမ် ထုတ်ဝေသူ၏ အမှာ

ကမ္ဘာကျော် စာရေးဆရာကြီး နသယ်နီယယ်ဟော်သွန်း ရေးသားသည့် ဤ "အိုဘယ့်ကံ" ဝတ္ထုကြီးမှာ အမေရိကတိုက်တွင် နယ်သစ်ပယ်သစ် တည်ထောင်ဖွင့်လှစ်စအခါက အခြေအနေ များကို နောက်ခံအဖြစ်ဖြင့် ထား၍ လူတို့၏ ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အဓိက ရည်ရွယ်ကာ ရေးသားသော ဝတ္ထုကြီးပင် ဖြစ်ပေသည်။

ဟော်သွန်း၏ဝတ္ထုတွင် ပါဝင်ကြသော ဇာတ်ကောင်များ၏ စိတ်နေသဘောထား၊ ဘာသာရေး အယူအဆ၊ ကိုယ်ကျင့်စာရိတ္တ စသည်တို့မှာ အသေအချာ စေ့စေ့စပ်စပ် ဖတ်ရှုကြည့်မည် ဆိုပါလျှင် ခရစ်ယာန်ဘာသာဝင်များပင် ဖြစ်ကြစေကာမူ ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဘာသာနှင့်ဆိုင်ရာ အယူအဆ၊ ဓလေ့သဘော၊ အကျင့်စာရိတ္တနှင့် ခပ်ဆင်ဆင် တူ၍ နေသည်ကို တွေ့ကြရမည် ဖြစ်၏။ ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အရိပ်သဖွယ် လိုက်တတ်ကြောင်း၊ လောကတွင် ဆိတ်ကွယ်ရာဟူ၍ မရှိကြောင်း စသည့် တရားသဘောများကို နသယ်နီယယ် ဟော်သွန်းသည် စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းထဲ၌ ဌာပနာ၍ ရေးသားထားပေသည်။

ရည်ရွယ်ချက်အားဖြင့် ဟော်သွန်းသည် အကုသိုလ်တရား၏ ကြောက်မက်ဖွယ် ကောင်းပုံကို အခြေခံထားသော်လည်း ဇာတ်လမ်းကို ဆင်ရာတွင်မူကား ဟော်သွန်းသည် နက်နဲ ဆန်းကြယ်လှသော အချစ်၏သဘာဝကို အသေးစိတ် ရေးခြယ်၍ ပြထားပေသည်။ ဟော်သွန်း၏ ဇာတ်ကောင်များအနက် ဆေးဆရာကြီး ရော်ဂျာချီးလင်းဝပ်သည် စိတ်ထား ကြံ့ခိုင်သလောက် ဒေါသပြင်းထန်လျက် လျှို့ဝှက်သိပ်သည်းသလောက် ရန်ငြိုးကြီးသူလည်းဖြစ်၏။ သင်းအုပ်ဆရာ ကလေး ဒင်းမစ်ဒေးမှာမူ လူအများ၏ ကြည်ညိုခြင်းကို ခံရသလောက် စိတ်ဓာတ်အင်အား ပျော့ညံ့သူ ဖြစ်လျက် မသန့်သော လိပ်ပြာကို သန့်စင်အောင် ကြိုးစားရင်းကပင် အရှုံးနှင့် ပိုင်းရသူ အဖြစ်သို့ ရောက်ရှာပေသည်။ ဟက်စတာပရင်းသည်ကား ကမ္ဘာ့မိန်းမသားတို့၏ စိတ်ဓာတ်ကို သရုပ်ဖော်သော ဇာတ်ကောင်တကောင်ပင် ဖြစ်၏။ မိန်းမသားတို့၏ လျှို့ဝှက်တတ်ပုံ၊ စိတ်ရှည်ပုံ၊ အရှက်နှင့် တွေ့ရလျှင် ကမ္ဘာလောကကိုပင် တင်းတင်းမာမာ ရင်ဆိုင်ဝံ့ပုံ စသည်တို့ကို ဟော်သွန်းသည် တိကျ ထိမိပိုင်နိုင်စွာ သရုပ်ဖော်ပြန်၏။ ဟက်စတာပရင်း၏ သမီးကလေး ပုလဲကို ဖော်ပြရာ၌ကား ဟော်သွန်းသည် လူတို့၏ ဟန်ဆောင်မှုကို သရော်ပြောင်လှောင်၍ ထားပေသည်။ ပယောဂ မဖက်သော စိတ်အရိုးခံ အတိုင်း လောက၏အဖြစ်အပျက်များကို ကြည့်မြင်ပါက

တလောကလုံးသည် ဟန်ဆောင်မှု တည်းဟူသော မှောင်ကြီး ပိတ်ဖုံးလျက် ရှိနေသည်ကို တွေ့နိုင်ကြောင်းဖြင့် ဟော်သွန်းက ရည်ညွှန်း ရေးသားထားပေသည်။

ဤဝတ္ထုအတွက် ကြိုတင် ရှင်းလင်းထားရန် အချက်ကြီး တချက်မှာကား ဟက်စတာပရင်းအား မြို့မိမြို့ဖတို့က ဒဏ်ခတ်ရာတွင် ရင်ဘတ်ဝယ် (A) အေအက္ခရာ အနီကြီးကို ဆင်မြန်းထားစေ ခြင်းဖြင့် ဒဏ်ခတ်ကြသည်။ (A) အေ အက္ခရာ၏ အဓိပ္ပာယ်မှာ ADULTRESS "သယောက် မျောက်မ ထားသူ" ဝါ "မျောက်မွေးသူ" ဟူ၏။ ထို အေအက္ခရာကြီးကို ရင်အုံတွင် လူမြင်သူမြင် ဆင်မြန်းစေခြင်းမှာ ရှေးခေတ် မြန်မာတို့ နဖူးတွင် ဆေးနှင့် စာလုံးထိုး၍ ဒဏ်ခတ်သည့်နည်းနှင့် တထေရာတည်း တူ၍ နေပေသည်။

"အိုဘယ့်ကံ"ဝတ္ထုကြီးသည် ဖတ်ကွက်ဖတ်သား တင်းကျမ်းပြည့် ပါဝင်လျက် စိတ်ဝင်စားဖွယ်ရာ ကောင်းလှပြီးလျှင် မပြီးမချင်း လက်မလွှတ်ချင်လောက်အောင် စာဖတ်သူအား ဆွဲဆောင်နိုင် သည် သာမက ဝတ္ထုပြီးဆုံးသောအခါတွင်လည်း သက်ပြင်းကြီး တလုံးကို ချမိကာ နှုတ်မှလည်း "အင်း.... အကုသိုလ်ကံဆိုတာဟာ တယ်ပြီး ကြောက်ဖို့ ကောင်းပါကလား" ဟူသော တရားသဘောတရပ်ကို နှလုံးပိုက်မိစေနိုင်သည့် ဝတ္ထုကောင်းတပုဒ် ဖြစ်သောကြောင့် ဘာသာပြန်၍ ထုတ်ဝေရခြင်း ဖြစ်ပေကြောင်း။

https://t.me/TheBookR

၁။ အကောက်ရုံး

ကျွန်ုပ် နေထိုင်လျက်ရှိသော ဆလမ်မြို့ကလေးတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်မှစ၍ အလွန်တရာ စည်ကားသော ဆိပ်ကမ်းသည် ရှိခဲ့ပေသည်။ ယခုအခါတွင်မူ ထိုဆိပ်ကမ်းသည် ပျက်စီးယိုယွင်းလျက် ရှိ၏။ ယခင်က ကုန်တင်ကုန်ချ ကုန်ရောင်းကုန်ဝယ်တို့ဖြင့် ဆူညံ စည်ကားခဲ့သောနေရာတွင် ယခုအခါ၌ ဟောင်းနွမ်းဆွေးမြည့် ပျက်စီးယိုယွင်းနေသော ကုန်လှောင်ရုံ ဂိုဒေါင်ကြီးများကိုသာ တွေ့နိုင်ပေတော့သည်။ ကြက်ပျံမကျ စည်ကားခဲ့သော ဆလမ်မြို့ ဆိပ်ကမ်းသည် ယခုအခါတွင် တိတ်ဆိတ်ခြောက်သွေ့လျက် ရှိနေ၏။ ထိုဆိပ်ကမ်းသို့ ကုန်တင်သင်္ဘောများ၊ လှေများ အလွန်တရာ များပြားစွာ ယခင်က လာရောက်ဆိုက်ကပ်၍ အရောင်းအဝယ် အလွန်တရာ ဖွံ့ဖြိုးခဲ့သော်လည်း ယခုအခါတွင်မူ တခါတရံ၌ သားရေစိမ်းများ တင်၍လာသော လှေတစင်းတလေကို တွေ့ရ၏။ နိဗာစကိုရှာ ကျွန်းမှ ထင်းလာ၍ရောင်းသော တပင်တိုင် ရွက်သင်္ဘော တစင်းတလေတို့ကိုသာ တွေ့ရလေ့ရှိပေသည်။ ကမ်းခြေမှနေ၍ ရေထဲသို့ ထိုးထွက်သွားသော သစ်သားတံတားကြီးမှာလည်း ယခင်က ခိုင်မာတောင့်တင်းခဲ့သလောက် ယခုအခါတွင်မူ ပျက်စီးအိုမင်း ယိုယွင်းလျက် ရှိနေပေပြီ။ ထိုတံတားကြီး၏ ကုန်းဘက်အစွန်တွင် အဆောက်အအုံပေါင်း များစွာတို့ ရှိခဲ့၏။ ထို အဆောက်အအုံများ၏ နောက်ဘက်တွင် လမ်းတလမ်း ရှိပေသည်။ ထိုလမ်းမှာ ယခင်က လူစည်ကားခဲ့သော်လည်း ယခုအခါတွင်မူ ထိုလမ်းကို အသုံးပြုသူ နည်းပါးသောကြောင့် လမ်းကို မြက်များပင် ဖုံးလွှမ်းစ ပြု၍ နေပေသည်။ ထိုလမ်း၏ အဆုံးတဖက်တွင် ကြည့်လိုက်မည်ဆိုပါလျှင် မြင့်မားကျယ်ဝန်း သော အုတ်တိုက်ကြီးတခုကို တွေ့မြင်နိုင်လေသည်။ ထိုအုတ်တိုက်ကြီးပေါ်မှ ကြည့်လိုက်မည် ဆိုပါလျှင်လည်း ဆလမ်မြို့၏ ဆိပ်ကမ်းဖြစ်သော ပင်လယ်ကွေ့တလျှောက်ကို မြင်နိုင်ပေသည်။ ထို အုတ်တိုက်ကြီး၏ ခေါင်ပေါ်တွင် ထူ၍ထားသော အလံတိုင်ဝယ် ပြည်ထောင်စုအလံသည် တလူလူ လွင့်၍ နေလေ့ရှိပေသည်။ ယင်းသည့် အုတ်တိုက်ကြီးသည်ကား ဆလမ်မြို့၏ အကောက်ရုံးပင် ဖြစ်လေတော့သည်။ အုတ်တိုက်ကြီး၏ မျက်နှာစာတွင် ဆင်ဝင်တခု ရှိ၏။ ထိုဆင်ဝင် အဝတွင် အမေရိကန်အစိုးရ၏ အထိမ်းအမှတ်ဖြစ်သော မြားများကို ခြေသည်းနှင့် ဆုပ်ကိုင်ထားသည့် တောင်ပံဖြန့် သိမ်းငှက်တံဆိပ်ကို တွေ့မြင်နိုင်ပေသည်။

ထိုအုတ်တိုက်ကြီး၏ ဘေးပတ်လည်တွင် ရှိသော လူသွားလမ်းများမှာလည်း မြက်များ အုပ်ဖုံးစ ပြု၍ နေပေပြီ။ ယင်းသည်ကို ထောက်၍ ဆလမ်မြို့၏

ဆိပ်ကမ်းဘက်မှ ကုန်စည် အရောင်းအဝယ်သည် ရေးကနှင့် မတူဘဲ မည်မျှ ပါးရှား၍ သွားသည်ကို သိသာနိုင်ပြန်လေသည်။ ဤဆိပ်ကမ်းဒေသ၌ အများအားဖြင့် ခြောက်သွေ့နေသော်လည်း တခါတရံတွင်မူ အာဖရိကတိုက် သို့မဟုတ် တောင်အမေရိကတိုက်မှ လာသော သင်္ဘော သုံးလေးစင်းတို့ ဆိုက်ကြသောအခါတွင် အတော်ကလေး လှုပ်လှုပ်ရွရွ ရှိတတ်ပေသည်။ ထိုအခါမျိုးတွင် သင်္ဘောပေါ်မှ ဆင်း၍လာသော မာလိန်မှူးများကို တွေ့မြင်နိုင်၏။ ထိုမာလိန်မှူးတို့သည် မိမိတို့ စီးနင်းလာသော သင်္ဘောများတွင် ပါရှိကြသည့် ကုန်စည်များနှင့် သက်ဆိုင်ရာ စာရွက်စာတမ်း များကို ကိုင်ဆောင်လျက် အကောက်ရုံးသို့ ထုံးစံအတိုင်း ဝင်ရောက် အစီရင်ခံကြရပေသည်။ သင်္ဘောမာလိန်မှူးများနည်းတူ သင်္ဘောပိုင်ရှင်များသည်လည်း မိမိတို့ ရောင်းဝယ်ရန် ဝယ်ယူလာခဲ့ကြသော ကုန်စည်များနှင့် ပတ်သက်၍ အကောက်တော်များ ပေးဆောင်ရန် အကောက်ရုံးသို့ သွားကြရလေသည်။ မာလိန်မှူးများ သင်္ဘောပိုင်ရှင်များသာ မကသေး၊ အကောက်ရုံးတွင် အလုပ်လုပ်ကြသော စာရေးစာချီများသည်လည်း သင်္ဘောများ ဆိုက်ချိန်တွင် အလုပ်များလေ့ ရှိကြပေသည်။ ဆလမ်မြို့ ဆိပ်ကမ်းမှ စတင်၍ သင်္ဘောလွှင့်ကြမည့် သင်္ဘောသားများသည်လည်း နိုင်ငံခြားတွင် အကာအကွယ် အစောင့်အရှောက် ရရှိနိုင်စေသော လက်မှတ်များ၊ စာရွက်စာတမ်းများ တောင်းယူရန်အတွက် ဤအကောက်ရုံး အဆောက်အအုံ သို့ပင် လာကြရပေသည်။ နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာကြသော သင်္ဘောသားတို့လည်း ရောဂါဘယ ကပ်ငြိ၍လာပါက ဆေးရုံသို့ ချက်ချင်း တက်ရောက် ကုသနိုင်စေရန် ဆေးရုံဝင်ခွင့် လက်မှတ်များကို ဤအကောက်ရုံးတွင်ပင်လျှင် လာရောက်၍ တောင်းယူကြရပေသည်။ ထိုကြောင့် သင်္ဘောများ ဆုံ၍ ဆိုက်မိပြီဟုဆိုလျှင် ဤအကောက်ရုံး အဆောက်အအုံသည် တိတ်ဆိတ် ငြိမ်သက် ခြောက်သွေ့၍နေရာမှ လှုပ်လှုပ်ရွရွ စိုစိုပြည်ပြည်ဖြစ်၍ လာရလေ့ ရှိပေသည်။

သင်္ဘော အဝင်အထွက် နည်းပါးသောအခါဆိုလျှင် ထိုအကောက်ရုံး အဆောက်အအုံကြီး၏ အပြင်ဘက်၌ ကုလားထိုင်များဖြင့် ထိုင်ကာ စည်းစိမ်နှင့် မှိန်း၍နေကြသော လူအချို့ကိုလည်း တွေ့ရလေ့ ရှိပေသည်။ များသောအားဖြင့် အသက်အရွယ် ကြီးမား အိုမင်းသူများသာ ဖြစ်ကြလေသည်။ ထိုလူကြီးများသည် အလုပ်ရှိသောအခါတွင် အကောက်ရုံးအတွင်းရှိ သူတို့၏ စားပွဲများတွင် ထိုင်ကာ အကောက်တော်ကိစ္စများကို ဆောင်ရွက်ကြလေ့ ရှိလျက် အလုပ် မရှိသည်နှင့် တပြိုင်နက်တည်း အကောက်ရုံးကြီး၏ အပြင်ဘက်သို့ ထွက်ကာ ကုလားထိုင်များ တွင် ထိုင်လေ့ရှိကြပေသည်။ ထိုသူများမှာ အကောက်တော် အရာရှိများ ဖြစ်ကြလေသည်။ အကောက်ရုံး အဆောက်အအုံကြီးအတွင်းသို့ ရှေ့တံခါးမှ ဝင်၍ သွားမည်ဆိုပါလျှင် လက်ဝဲဘက်သို့ ကြည့်လိုက်ပါက တဆယ့်ငါးပေ ပတ်လည်ရှိသော အခန်းငယ်တခုကို တွေ့နိုင်ပေသည်။ ထိုအခန်းတွင်ရှိသော ပြတင်းပေါက်ကြီး နှစ်ပေါက်မှ ကြည့်လိုက်မည် ဆိုပါလျှင် ယိုယွင်းပျက်စီးနေသော

တံတားကြီးကို တွေ့မြင်နိုင်ပေသည်။ တတိယ ပြတင်းပေါက်ငယ် တခုမှနေ၍ ကြည့်လိုက်မည်ဆိုပါလျှင် ဒါဘီလမ်း တစိတ်တဒေသကို တွေ့မြင်နိုင်ပေ၏။ ထိုလမ်းထဲတွင်ရှိသော ဆိုင်အမျိုးမျိုးတို့ကိုလည်း တွေ့မြင်နိုင်ပေသည်။ ထိုဆိုင်များသည် များသောအားဖြင့် သင်္ဘောသားတို့ ဝယ်ခြမ်းစားသောက်ကြသော ဆိုင်များသာ ဖြစ်လေသည်။ ဆိုခဲ့သောအခန်းသည် ပင့်ကူအိမ်တို့ဖြင့် ရှုပ်ထွေးလျက်ရှိ၏။ အခန်းထဲတွင် သုတ်၍ထားသော ဆေးရောင်များမှာလည်း ကာလကြာမြင့်ပြီဖြစ်သောကြောင့် ညိုးမှိန် ပျက်စီး၍ နေကြပေပြီ။ အခန်းထဲတွင် မီးလင်းဖိုတခု၊ ထင်းရှူးသားဖြင့် လုပ်ထားသော စားပွဲတလုံး၊ သုံးချောင်းထောက် ခွေးခြေတလုံး၊ သစ်သားကုလားထိုင်နှစ်လုံး စသည်တို့ကို တွေ့နိုင်ပေ၏။ နံရံတွင် ကပ်၍ ရိုက်ထားသော စင်ပေါ်၌ အကောက်တော် ဥပဒေစာအုပ်ဟောင်း သုံးလေးအုပ်တို့ကို တွေ့မြင်နိုင်ပေလိမ့်မည်။ ထိုအခန်းမှနေ၍ အခြားအခန်းများသို့ သံဖြူပိုက်လုံးကြီးများ ဆက်သွယ်၍ ထားပေသည်။ အခြား အခန်းထဲမှာ ရှိကြသော အရာရှိများ၊ ရုံးအလုပ်သမားများကို စကားပြောလိုပါလျှင် သက်ဆိုင်ရာ ပိုက်ဝမှနေ၍ ဟစ်အော်ပြောလိုက်ခြင်းအားဖြင့် လူကိုယ်တိုင် မသွားရဘဲ ပြောလိုရာကို ပြောဆိုနိုင်အောင် စီမံ၍ ထားပေသည်။ ယခင် ခြောက်လခန့်ကဆိုလျှင် ထိုအခန်းထဲ၌ ကုန်ပစ္စည်းစစ်ဆေးရေး အရာရှိ တယောက်ကို တွေ့မြင်နိုင်မည် ဖြစ်ပေသည်။ ယခုမူ ထိုသူ မရှိတော့။ အကောက်တော်ဘက် ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများအရ ထိုရာထူးရှင်မှာ အလုပ်မှ နုတ်ထွက်သွားရပေသည်။

ဤဆလမ်မြို့ကလေးသည် ကျွန်ုပ် ငယ်ရွယ်စဉ်အခါမှစ၍ ကြီးပြင်းလာသည့်တိုင်အောင် နေထိုင်ခဲ့သော မြို့ကလေး ဖြစ်၏။ ထိုကြောင့် ထိုမြို့ကလေး၏အပေါ်၌ ကျွန်ုပ်သည် သံယောဇဉ် မပြတ်နိုင်အောင် ရှိ၍ နေရပေသည်။ ဤမြို့ကလေးတွင် နေထိုင်စဉ်အခါ၌ ကျွန်ုပ်သည် ဆလမ်မြို့ကလေးကို ခင်တွယ်ရမှန်း မသိခဲ့။ အခြား အခြားသောမြို့များကို သွားရောက် နေထိုင်သောအခါများ၌မူ ဤမြို့ကလေး၏ ချစ်ခင်ဖွယ်ရာ ကောင်းပုံကို ကျွန်ုပ်သည် တသက်သက် အောက်မေ့သတိရ၍ နေလေ့ရှိပေသည်။ ဆလမ်မြို့ကလေးရှိ အိမ်များမှာ များသောအားဖြင့် သစ်သားအိမ်များသာ ဖြစ်ကြပြီး အဆောက်အအုံ ပုံစံများမှာလည်း အလွန်တရာ ရိုးသား၏။ ပန်းကွပ် ပန်းလှများဖြင့် အလှအပ ခြယ်လှယ်၍ထားသော အိမ်ဟူ၍ တအိမ်မှ မရှိပေ။ အိမ်များမှာ အစီအစဉ် မရှိဘဲ မိမိတို့နှစ်သက်သလို ဆောက်ထားခြင်းဖြစ်ရာ ဆင်တူအိမ်ဟူ၍ကား မရှိ။ ထိုကဲ့သို့ ပုံအမျိုးမျိုး၊ သဏ္ဍာန်အမျိုးမျိုး ဆောက်လုပ်ထားသည့် အတွက်ပင် ဆလမ်မြို့ကလေးမှာ တနည်းအားဖြင့်ဆိုရလျှင် ရှုချင်ဖွယ်ရာ ကောင်း၍နေသည်။ ဤမြို့ပေါ်၌ သံယောဇဉ်ရှိသူပီပီ ကျွန်ုပ် ဆိုရပေတော့မည်။ ဤမြို့ကလေးကို ကျွန်ုပ် သံယောဇဉ် တွယ်တာ၍ နေရသည့် အခြားအကြောင်းရင်းတရပ်မှာကား ကျွန်ုပ်တို့၏ မိသားစုသည် ဘိုးဘွားဘီဘင်လက်ထက်မှ အစပြု၍ ဤမြို့ကလေးတွင်သာ အခြေစိုက်ကာ ကာလ ရှည်ကြာစွာ နေထိုင်ခဲ့ကြသောဌာနေ ဖြစ်သောကြောင့်ပင်

တွယ်တာမှုရှိ၍ နေရပေသည်။ ယခင် နှစ်ပေါင်း နှစ်ရာ အစိတ်ခန့်က စ၍ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များသည် ဗြိတိန်ကျွန်းမှ ဤအမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ရောက်ရှိလာကာ ဆလမ်မြို့ကလေး တည်ဆောက်မည့် ဤနေရာ၌ စတင် ချရပ် နေထိုင်ခဲ့ကြရပေသည်။ ထိုစဉ်အခါက ဤဒေသသည် တောကြီးအတိ ဖြစ်ခဲ့ပေသည်။ နယ်သစ်ပယ်သစ် တီထွင်ကြသော ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များသည် တောကိုထွင်၍ ဤဆလမ်မြို့ကလေးကို တည်ခဲ့ကြ၏။ ဤဆလမ်မြို့ကလေးတွင် ပင်လျှင် သူတို့၏ သားသမီး မြေးမြစ်တို့သည် သေတပန် သက်တဆုံး နေထိုင်လျက် ဤမြေတွင်ပင် မြှုပ်နှံသင်္ဂြိုဟ်ခြင်း ပြုခဲ့ကြရပေသည်။ ထို့ကြောင့် ဆလမ်မြို့ကလေးအတွင်းရှိ လမ်းများတွင် ကျွန်ုပ် လမ်းလျှောက်သောအခါများ၌ တခါတရံတွင် ဤရပ်မြေသည် ငါတို့၏ သွေးသားများကို မြှုပ်နှံရာ ဆွေးမြည့်နေသော၊ ငါတို့ သွေးသားများ၏ အရိုးတို့ဖြင့် ရောပွမ်းကာ တည်ရှိနေသော မြေပါတကားဟူ၍ တွေးမိသောအခါ တွေးမိလေသည်။ သို့ဖြစ်လေရာ ကျွန်ုပ်သည် ဤဆလမ်မြို့ ကလေးကို မတွယ်တာဘဲ မနေနိုင်ခဲ့။

ကျွန်ုပ်၏ ဘေးဘိုးတို့သည် ဤတောကြီးမျက်မည်း နယ်ရိုင်းဒေသကြီးသို့ ရောက်ရှိလာခဲ့ကြရသည်မှာ ဘာသာရေးအားဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်းများကို မခံမရပ်နိုင်လို ကြသောကြောင့် လာခဲ့ကြခြင်း ဖြစ်ပေသည်။ ဘိုးကြီးဘေးကြီးတို့သည် ဤကဲ့သို့သော နယ်ရိုင်းကြီးများ၌ လာရောက်၍ နယ်သစ် ပယ်သစ် တည်ထောင်ကာ နေထိုင်ကြသည့်တွင် ၎င်းတို့သည်ပင်လျှင် တရားသူကြီးများ၊ ၎င်းတို့သည်ပင်လျှင် ခရစ်ယာန်သာသနာရေး အရာရှိကြီးများ၊ ၎င်းတို့သည် ပင်လျှင် မြို့ရေးရွာရေးကို စီမံဆောင်ရွက် အုပ်ချုပ်သူများအဖြစ်ဖြင့် ဆောင်ရွက်ခဲ့ကြရာ၌ နယ်သစ်ဖွင့်သူများပီပီ အစစ အရာရာတွင် တင်းမာစွာ ဆက်ဆံခဲ့ကြပေသည်။ လူရိုင်းများနှင့် တွေ့ဆုံသောအခါများတွင်မူ သူရဲကောင်းများသဖွယ် တိုက်ခိုက်သည့်အခါတွင်လည်း တိုက်ခိုက်ခဲ့ ကြရလေသေးသည်။ ထိုကဲ့သို့ ကျွန်ုပ်တို့၏ ဘေးဘိုးများ အနစ်နာခံကာ စတင် ပြုစုပျိုးထောင်ခဲ့ကြသောကြောင့် ဤဆလမ်မြို့ကလေးသည် ဖြစ်ထွန်း ပေါ်ပေါက်၍ လာခဲ့ကြရ၏။ ကနဦး စတင် တည်ထောင်ကြသော သူတို့၏ အရိုးများကား ဆွေးမြည့်လေပြီ။

ရှေးဦးပထမ ဤဆလမ်မြို့ကလေးကို စတင် တည်ထောင်ကြသော မိသားစုမှာ နှစ်စုသာလျှင် ဖြစ်ပေသည်။ ထို့နောက် နှစ်ပေါင်း တရာခန့် ကြာခဲ့သောအခါ၌မူ ဤဆလမ်မြို့ကလေးမှာ အတော်ပင် ကြီးထွား၍ လာခဲ့လေရာ အခြားမြို့ဒေသများကို နယ်သစ်ပယ်သစ် ဖွင့်သူများသည် ဤဆလမ်မြို့ကလေးနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်း အမှုကို ပြုကြပေသည်။ ယင်းကဲ့သို့ ကူးသန်းရောင်းဝယ်ရေး အဆက်အသွယ်များ ရှိ၍ လာသောအခါတွင် အချို့

အချို့သော ပင်လယ်သွား သင်္ဘောစီး မိသားစုတို့သည် ဆလမ်မြို့ကလေးတွင် လာရောက်၍ အတည်တကျ ချရပ် နေထိုင်ကြပြန်လေသည်။ ထို့ကြောင့် ဆလမ်မြို့ကလေးတွင် လူဦးရေ တိုးပွားသည်ထက် တိုးပွား၍ လာခဲ့ပေသည်။ စင်စစ်အားဖြင့်မူ ထိုကဲ့သို့ ပြောင်းရွှေ့လာကြသော လူသစ်များသည် ဆလပ်မြို့သူမြို့သား အစစ်ဟူ၍ပင် မခေါ်နိုင်ပေ။ ကျွန်ုပ်သည်ကား ဆလမ်မြို့ကလေးကို စတင်၍ တည်ထောင်ကြသော မိသားစုမှ ဆင်းသက်၍ လာသူဖြစ်သဖြင့် ဆလမ်မြို့ သား အစစ်ဟူသော ဂုဏ်ကို ခံယူနိုင်ခဲ့ပေသည်။ ထို့ကြောင့်ပင်လည်း ဆလမ်မြို့တွင်သာ သေတပန် သက်ဆုံး မြေကြီးခေါင်းချ နေထိုင်သွားရန်အရေးမှာ အထူး ပြောဖွယ် မလိုသော အရေးသဖွယ် ဖြစ်၍ နေလေတော့သည်။ ဤကား ဆလမ်မြို့ကလေးကို ကျွန်ုပ် တွယ်တာပုံပင်တည်း။

ထိုကဲ့သို့ တွယ်တာသောစိတ် ရှိခြင်းကြောင့် ကျွန်ုပ်သည် အခြား မြို့တမြို့တွင် သွားရောက်၍ နေထိုင်ရာမှ တနေ့သောအခါတွင် အကောက်ဘက်ဆိုင်ရာ အရာရှိအဖြစ် ခန့်အပ်သော သမ္မတမင်း၏ လက်မှတ်ပါသည့် ရာထူးခန့်စာနှင့်အတူ ရှေ့တွင် ဖော်ပြခဲ့သည့် အကောက်ရုံး အဆောက်အအုံကြီးသို့ ရောက်လာခဲ့ရပေသည်။ ကျွန်ုပ်အား အကောက်ရုံးတွင် ရှိနှင့်ကြသော လက်ဦး အရာရှိများနှင့် မိတ်ဆက်၍ပေးခြင်း ခံရပေသည်။

ကျွန်ုပ်၏ ရာထူးမှာ အကောက်ရုံး အုပ်ချုပ်ရေးမှူးရာထူး ဖြစ်လေသည်။ ကျွန်ုပ်၏လက်အောက်ရှိ အကောက်အရာရှိများမှာ များသောအားဖြင့် အသက်အရွယ် ကြီးရင့်ပြီဖြစ်သော သူများသာလျှင် ဖြစ်ကြပေသည်။ ထိုအရာရှိများသည် များသောအားဖြင့် သင်္ဘော မာလိန်မှူးကြီးဟောင်းများ သာလျှင် ဖြစ်ကြ၏။ သူတို့ စီးနင်းခဲ့သော သင်္ဘောများသည် လှိုင်းတံပိုးတို့က ပြင်းထန်စွာ ရိုက်ခတ်ခြင်းကို ခံရပြီးသည့်နောက် ဆိပ်ကမ်းတွင် ခိုဝင်ကြသလို မာလိန်မှူးကြီးများသည်လည်း ဘဝမုန်တိုင်းဒဏ်ကို အဖန်ဖန် အထပ်ထပ် ခံခဲ့ကြရပြီးသည့် နောက်တွင်မှ အကောက်အရာရှိ များ အဖြစ်ဖြင့် အေးချမ်းသော ဆလမ်မြို့ကလေးတွင် လာရောက်ခိုလှုံကြသောသူများ ဖြစ်ကြပေသည်။ သူတို့၏ ရာထူးသက်တမ်းများမှာ သမ္မတရာထူး သက်တမ်းနှင့် ကာလ အရှည်အလျား တန်းတူဖြစ်လေရာ သမ္မတအသစ် ရွေးကောက်သောအခါသို့ကျမှပင်လျှင် ရာထူးနှင့် ပတ်သက်၍ စိတ်အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်ကြရလေသည်။ အကြောင်းမှာမူ မိမိတို့နှင့် မသင့်သော နိုင်ငံရေးဂိုဏ်းမှ သမ္မတအသစ် တက်လျှင် မိမိတို့ရာထူး ပြုတ်ရမည်ကို စိုးရိမ်ကြရသောကြောင့် ဖြစ်ပေသည်။

ထိုအရာရှိများသည် များသောအားဖြင့် အသက်အရွယ် အိုမင်းသော အရာရှိများ ဖြစ်ကြလေရာ အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ကြသူများ မဟုတ်ပေ။ ဆောင်းတွင်းအခါ၌ဆိုလျှင် အကောက်ရုံးသို့ပင် လာလေ့မရှိကြဘဲ

နွေအခါလောက်၌သာ အကောက်ရုံးသို့ လာကြပြီး လုပ်စရာရှိသမျှကို သက်သောင့်သက်သာ လုပ်ကိုင်ကြပြီးလျှင် ရုံးစောစောဆင်း၍ အိမ်သို့ ပြန်ကြသောသူများသာ ဖြစ်ကြလေသည်။

ဤအကောက်ရုံးတွင် အကောက်ရုံး အုပ်ချုပ်ရေးမှူးရာထူးနှင့် ကုန်စည်များကို တန်ဖိုးဖြတ်သည့် ရာဖြတ်အရာရှိ ရာထူးတို့မှာ သော့ချက် ရာထူးများ ဖြစ်ကြလေရာ များသောအားဖြင့် သမ္မတ တင်မြှောက်နိုင်လောက်အောင် အင်အားကြီးမားသော နိုင်ငံရေးပါတီကို ထောက်ခံကြသည့် သူများသာ ရလေ့ရှိပေသည်။ ထိုအကောက်အရာရှိများသည် အုပ်ချုပ်ရေးမှူးအသစ် အဖြစ်ဖြင့် ကျွန်ုပ် အလုပ်ဝင်သောအခါ၌ ကျွန်ုပ်အား များစွာပင် အကဲခတ်ကြပေသည်။ သူတို့၏ရာထူး တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်၏ စိတ်သဘောနှင့် တွေ့အောင် အမျိုးမျိုး ကြိုးစား၍ ယခင်ကထက် အလုပ်လုပ်ဟန်ကို ပြကြလေသည်။ သို့သော် စင်စစ်တွင်ကား တကယ် အလုပ်လုပ်ကြသူများ မဟုတ်ပေ။ အကယ်၍ သင်္ဘောတစင်းမှ ပစ္စည်းများကို အကောက်တော် မပေးဘဲ ခိုးသွင်း၍ သွားပါလျှင် ထိုအရာရှိကြီးများသည် ခိုး၍ မသွင်းနိုင်အောင် စောစောက ကြိုတင်၍ တားမြစ်ကြမည့်အစား ကုန်ခိုး၍ သွင်းပြီးကာမှပင် ထိုသင်္ဘောကို ချိပ်တံဆိပ် ပိတ်ခြင်း၊ တားဝရမ်းများ ထုတ်ခြင်း စသော သူခိုးပြေးမှ ထိုးကွင်းထသည့် အလုပ်မျိုးတို့ကို လုပ်ကိုင်လေ့ ရှိကြပေသည်။

မည်သို့ပင်ဖြစ်စေ ထိုအကောက်အရာရှိများကို ကြည့်ရသည်မှာ လွန်လေပြီးခဲ့သော ခေတ်တခေတ်ကို သုံးသပ်ရဘိသကဲ့သို့ ရှိပေသည်။ သင်္ဘော အဝင်အထွက် မရှိသောအခါ၌ မာလိန်မှူး ဖြစ်ခဲ့ကြသော ထိုအရာရှိများသည် နေရောင်ခြည်ထဲတွင် ကုလားထိုင်ကိုယ်စီနှင့် ထိုင်ကြကာ သူတို့ ငယ်ရွယ်စဉ်အခါက ကိုယ်တွေ့ကြုံခဲ့ကြသော ဗဟုသုတများ၊ ရယ်ရွှင်ဖွယ်ရာ အဖြစ်အပျက်များကို အပြန်အလှန် ပြောဆိုကြကာ ရေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဒဏ္ဍာရီ များနှင့် မွေ့လျော်ကျေနပ်နေကြသူများ ဖြစ်ကြလေရကား ရာထူးတည်တံ့ရေးမှအပ အခြား ဘာကိုမျှ ရှုပ်ရှုပ်ထွေးထွေး မပြုတတ်ဘဲ သဘောသကန် ကောင်းမွန်သော ထိုအဘိုးကြီးများကို ကျွန်ုပ်သည် အချိန် အနည်းငယ်ရ၍ လာသောအခါ၌ မခင်မင်ဘဲ မနေနိုင်တော့ချေ။

အဘိုးကြီးများသည် ကျွန်ုပ် ရာထူးဝင်ရောက်သည့် ပထမလ၌ ကျွန်ုပ်အား အထူးလန့်၍ နေကြ၏။ ကျွန်ုပ် မျက်လွှာကို လှန်၍ ကြည့်လိုက်ကာမျှနှင့်ပင် အသံများ တုန်ယင်၍ နေသည့်အခါနေကြ၏။ စကား ထစ်အ၍ နှုတ်ဆွံ့သည့်အခါတွင် နှုတ်ဆွံ့၍ သွားကြလေပေ သည်။ ကျွန်ုပ်အား စိတ်မချကြသည့်နည်းတူ ရာဖြတ်အရာရှိကိုလည်း စိတ်မချကြချေ။ သို့သော် ရာဖြတ်အရာရှိမှာ ကျွန်ုပ်၏နည်းတူ မည်သူ့ကိုမျှ ချောက်တွန်းတတ်သောသူ

မဟုတ်ကြောင်းကို တွေ့ကြသောအခါမှ အနည်းငယ် စိတ်သက်သာရာ ရ၍ သွားကြလေသည်။ စင်စစ်အားဖြင့် ဆိုရပါလျှင် ကျွန်ုပ်တို့၏ လက်အောက်တွင် အမှုထမ်းနေကြရသော ထိုအဘိုးကြီးများသည် ဇရာဒုလ္လဘ အရွယ်သို့ကျကာ အင်အားချည့်နဲ့နေကြသော ဆံဖြူသွားကျိုးများ မဟုတ်ကြချေ။ အသက်ခါတ်အား ပြည့်ဝလျက် အလုပ်အကိုင် လုပ်နိုင်စွမ်းရှိသော အဘိုးကြီးများ ဖြစ်ကြပေ သည်။ သို့ရာတွင် အလုပ်မှာ ရံဖန်ရံခါ သဘော်များ ဝင်ရောက် ဆိုက်ကပ်သောအခါမှာ လုပ်ရသောအလုပ် ဖြစ်သဖြင့် သက်သောင့်သက်သာ နေရဖန်များခြင်းအားဖြင့် ပျင်းတတ်၊ ရိတတ်သော အလေ့အကျင့် စွဲ၍နေသည့် အဘိုးကြီးများသာလျှင် ဖြစ်ကြပေတော့သည်။

"အကောက်ရုံး၏ ဖခင်" ဟု နာမည်ပေး၍ထားသော အဘိုးကြီး တယောက်ရှိ၏။ ထိုအဘိုးကြီး မှာကား ရာသက်ပန် ရာထူးခန့်ထားခြင်း ခံရသည့် အကောက်အင်စပိတ်တော်ကြီး တဦး ဖြစ်လေသည်။ ထိုအဘိုးကြီး၏ ဖခင်သည် ဤအကောက်ရုံးတွင် ကော်လိပ်တော် အရာရှိကြီး ဖြစ်ခဲ့၏။ ထိုကြောင့် သားဖြစ်သူအား ရာသက်ပန် အမြဲတမ်းရာထူးတွင် ခန့်ထားခဲ့ခြင်း ဖြစ်လေသည်။ အကောက်အင်စပိတ်တော်ကြီးသည် ကျွန်ုပ် ရာထူး ဝင်သောအခါ၌ အသက် ၈၀ ရှိ၍ နေပေပြီ။ ထိုအဘိုးကြီးသည် ကိုယ်လုံး ကျစ်ကျစ်လျစ်လျစ်ရှိ၍ အကောက်အင်စပိတ်တော် အရာရှိယူနီဖောင်းကို သေသေသပ်သပ် ဝတ်လေ့ရှိသည်။ ဆံပင်များ ဖွေးဖွေးလှုပ်အောင် ဖြူ၍နေပြီ ဖြစ်သော်လည်း ထိုအဘိုးကြီးသည် ဇရာထောင်းသော အရိပ်အယောင် တခုမှ မပြသေးဘဲ လူငယ်တယောက်ကဲ့သို့ ဖျတ်ဖျတ်လတ်လတ်ပင် ရှိ၍ နေလေသေးသည်။ အမြဲတမ်း ရာထူးတွင် ထမ်းရွက်နေသောကြောင့် မသေမချင်း ဝင်ငွေမှန်မှန် ရရန် သေချာ၍ နေပေရာ ထိုကဲ့သို့ နောင်ရေးအတွက် လုံးဝ ပူပင်စရာ မရှိသောကြောင့် ထိုအဘိုးကြီးသည် သောက ကင်းဝေးလျက် ကျန်းမာရေးနှင့် အထူးပြည့်စုံလေဟန် တူလေသည်။ ထို အဘိုးကြီးသည် ထူးချွန်သောသတ္တိ မရှိရိုးကား မှန်၏။ သို့သော် သာမန်လူတယောက်တွင် ရှိသင့်ရှိအပ်သော ဉာဏ်ပညာနှင့် ခွန်အားဗလကား ရှိ၍ နေပြီးလျှင် အိမ်ထောင်ပင် သုံးဆက်တိုင်ခဲ့သူလည်း ဖြစ်၏။ သားသမီး ၂၀ မျှရှိကာ ထိုသားသမီး အားလုံးလိုလိုပင် သက်ဆိုးမရှည်ကြချေ။ ဤကဲ့ သို့သော ဘဝမုန်တိုင်းဒဏ်ကို ခံရသူ ဖြစ်သဖြင့် အဘိုးကြီးသည် စိတ်ဒုက္ခ ဖိစီးခြင်း ခံ၍ နေရပေလိမ့်မည်ဟု စာဖတ်သူ ထင်မှတ်လျှင် မှားယွင်းမည်သာ ဖြစ်ပေသည်။ ဒုက္ခတခုခုနှင့် တွေ့ကြုံလျှင် တွေ့ကြုံသည့် အခိုက်အတန့်၌သာ ဝမ်းနည်းစိတ်ကို အရှုံးပေး၍ ခဏချင်းတွင်ပင် လောကဓံတရားကို ဥပေက္ခာပြုကာ လုပ်စရာ ကိုင်စရာ ရှိသမျှတို့ကို စိတ်ထား တည့်တည့်မတ်မတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သော အဘိုးကြီး ဖြစ်လေသည်။

ထိုအဘိုးကြီးကို ကျွန်ုပ်သည် အမြဲတစေ အကဲခတ်၍ နေမိ၏။

ထိုအဘိုးကြီး၏ အပေါ်တွင် ကျွန်ုပ် စိတ်ဝင်စားခြင်းမှာ အခြားအကြောင်း မဟုတ်ဘဲ လောကခံမှန်တိုင်းကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိသော မနုဿ လူသားတဦးအနေဖြင့် ကျွန်ုပ် များစွာ စိတ်ဝင်စားမိ၏။ ထိုအဘိုးကြီးသည် သူ တကက်ရောက်ဆင်နွှဲခဲ့ရသော ထမင်းစားပွဲများအကြောင်းကို အထူးတလည် မှတ်မိသူဖြစ်ရာ အစားအစာကို ထူးထူးလည်လည် ခံမင်သော လူတယောက်ဟု ကျွန်ုပ် နားလည်ထားရပေသည်။ ဟင်းချက်နည်း အမျိုးမျိုးကိုလည်း တတ်ကျွမ်းသူ ဖြစ်သည်။ တခါတခါ ဟင်းပွဲ ထမင်းပွဲများ အကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြသည့်အခါတွင် ကျွန်ုပ်တို့မှာ နှာခေါင်းထဲတွင် မွှေးကြိုင်သော စမဲဟင်းလျာများ၏ ရနံ့တို့ သင်း၍ လာသယောင်ပင် ဖြစ်ကြရ၏။ သွားရည်ယိုဖွယ်ရာပင်။

အကောက်ရုံးနှင့် ပတ်သက်၍ ကျွန်ုပ် နောက်ထပ်၍ ဖော်ပြလိုသော ပုဂ္ဂိုလ်တဦးမှာကား အင်စပက်တော်ကြီး၏ ဖခင်ဖြစ်သူ ကော်လိပ်တော် အရာရှိကြီးပင် ဖြစ်လေသည်။ ထိုအရာရှိကြီး သည် ကျွန်ုပ်တို့ ငယ်စဉ်ကပင်လျှင် ဤအကောက်ရုံးကို အုပ်ချုပ်စီမံ၍သွားသူ ဖြစ်လေသည်။ အရွယ်ကောင်းစဉ်အခါက ထိုအဘိုးကြီးသည် စစ်ပွဲများစွာတို့တွင် ပါဝင် တိုက်ခိုက်ခဲ့သော စစ်ဗိုလ်ကြီးတယောက် ဖြစ်ခဲ့လေသည်။ စစ်ပွဲများ ပြီးစီးသွားသောအခါ ကော်လိပ်တော် ရာထူးကို ရခဲ့သူ ဖြစ်၏။ အသက်အရွယ် ကြီးရင့်သည့်တိုင်အောင် ကော်လိပ်တော် အရာရှိကြီး သည် စိတ်ဓာတ်အင်အား၊ ကိုယ်ကာယအင်အား ထက်သန်တုန်းပင် ဖြစ်လေသည်။ ရယ်စရာ မောစရာများကိုလည်း ပြောတတ်၏။ အလုပ်လုပ်ကိုင်ရာတွင်လည်း အလွန်တရာ သေချာ စေ့စပ်သူ ဖြစ်လေသည်။ ကျွန်ုပ်သည် မည်သည့်ကိစ္စမဆို ပေါ်ပေါက်၍လာပါက “ကျွန်ုပ် ကြိုးစားပြီး လုပ်မယ်လေ” ဟု အမြဲသဖြင့် ပြောတတ်သူ ဖြစ်လေသည်။ ထိုစကားသည် စစ်ဗိုလ်ဘဝများကပင် သူ၏လက်သုံးစကား ဖြစ်ဟန်တူလျက် ထိုစကားအတိုင်းလည်း လိုက်နာ ဆောင်ရွက်သူ တဦး ဖြစ်ခဲ့ပေသည်။

ကော်လိပ်တော် အရာရှိကြီးအပြင် အခြား အရာရှိတဦးလည်း ရှိပေသေးသည်။ ထိုသူမှာကား တကယ့် စီးပွားရေးသမား ဖြစ်၏။ အဆုံးအဖြတ် လျင်မြန်၏။ ကိစ္စတခု၏ အခြေအမြစ်ကို သိလွယ်နိုင်စွမ်း ရှိ၏။ အတွေးအခေါ် ကြည်လင်ပြတ်သား၏။ ထိုသူကား အကောက်ရုံးကြီးနှင့် အတူ ကြီးပြင်းလာသော ဒုတိယ ကော်လိပ်တော်အရာရှိ ဖြစ်လေသည်။ အကောက်ရုံးလုပ်ငန်း အားလုံးတို့ကို အသေအချာ နားလည်သူ ဖြစ်သောကြောင့် ကုန်သည်များက အထူး အားကိုးကြပေသည်။ တံစိုးလက်ဆောင် လာဘ်လာဘ ယူလေ့ မရှိ။

ယင်းတို့ကား ကျွန်ုပ် အလုပ်လုပ်ရသော အကောက်ရုံးနှင့် ဆက်သွယ်နေရသည့် ပုဂ္ဂိုလ်များ၏ ကားချပ်များပင် ဖြစ်လေသည်။

ကျွန်ုပ်သည် ယခင်တခါဖူးမှ မလုပ်တန်ခဲ့ဖူးသေးသော အကောက်ရုံး

ရာထူးကို ဝင်ရောက် လုပ်ကိုင်ရသောအခါ၌ အထက်တွင် ဖော်ပြပါ ပုဂ္ဂိုလ်မျိုးတို့နှင့် ဆက်ဆံရပေသည်။ လက်ဦးကား ကျွန်ုပ်သည် စာပေ၌သာ မွေ့လျော်ခဲ့သူ ဖြစ်၏။ အကောက်ရုံး အလုပ်နှင့် ကျွန်ုပ်မှာ ပြဒါးတလမ်း သံတလမ်း ဖြစ်၍ နေခဲ့ပေသည်။ စာပေကို ငြီးငွေ့သဖြင့် အစိုးရရာထူးတွင် ဝင်ရောက် ထမ်းရွက်ရသောအခါ ကျွန်ုပ်အဖို့တွင် အားလုံး အသစ်အဆန်းချည်းသာ ဖြစ်၍နေလေရာ ထိုရာထူးကို ဝင်ရောက် ထမ်းဆောင်ရခြင်းမှာ ကျွန်ုပ်၏စိတ်ကို အားသစ်လောင်း၍ ပေးလိုက်သလို ဖြစ်၍နေကာ စာပေသည် ကျွန်ုပ်နှင့် မဆိုင်သယောင်ပင် ဖြစ်၍ သွားရပြန်လေသည်။ ကျမ်းဂန် စာအုပ်များကို ဖတ်ချင်စိတ် မရှိသောကြောင့် အတွေးအခေါ်တွင် မွေ့လျော်ချင်သော စိတ်သည်လည်း ကင်းပျောက်စ ပြု၍ လာရပေသည်။ အကောက်ရုံး ရာထူးတွင် ကျွန်ုပ် ဝင်ရောက်ထမ်းရွက်နေရသောအခါ၌ ကျွန်ုပ်သည် စာပေမှ ကင်းဝေးစ ပြုလျက်ရှိ၏။ ကျွန်ုပ် တွေ့ဆုံ ဆက်ဆံရသော မိတ်ဆွေများမှာ အကောက်ရုံး အရာရှိများ၊ ကုန်သည်ပွဲစားများ၊ သင်္ဘောမာလိန်မှူးတို့သာလျှင် ဖြစ်ကြသည်။ ထိုသူတို့သည် ကျွန်ုပ်အား အကောက်ရုံး အုပ်ချုပ်ရေးမှူး အရာရှိအဖြစ်ဖြင့်သာ အသိအမှတ် ပြုကြသည်။ စာပေသမား တယောက်အနေဖြင့် အသိအမှတ် မပြုကြချေ။ ကျွန်ုပ်သည် ကမ္ဘာကျော် စာရေးဆရာကြီး တယောက် ဖြစ်ရန် ကြိုးစားခဲ့၏။ စာပေလောကတွင် ထင်ရှားတန်သလောက် ထင်ရှားခဲ့ဖူးပေ သည်။ သို့သော် တကယ့်ပြင်ပလောကသည် ကျွန်ုပ်အား အသိအမှတ်ပြုခြင်း မရှိ။ စာပေလောက၏ ပြင်ဘက်ရှိ သာမန်လောကထဲသို့ ထွက်လိုက်သည်နှင့် တပြိုင်နက်တည်း ကျွန်ုပ်မှာ အရေးပါ အရာရောက်သော သူတယောက်အဖြစ် တည်တံ့၍ မနေတော့ဘဲ သာမန် လူသားတယောက်အနေဖြင့်သာလျှင် အလုပ်လုပ်ကိုင် ဆောင်ရွက်နေရပေသည်။ စာပေနှင့် ပတ်သက်၍ဆိုလျှင် သင်္ဘောများဆိုင်ရာ အရာရှိက တခါတရံ၌ ကျွန်ုပ်နှင့်အတူ စာဆိုကျော် ရှိတ်စပီးယားအကြောင်းကို စကားစပ်မိလျှင် ဆွေးနွေးတတ်၏။ ကော်လိပ်တော် အရာရှိ၏ စာရေးကလေးသည် တခါတရံတွင် ရုံးသုံးစက္ကူများအပေါ်၌ လင်္ကာများ ရေးစပ်၍ ကျွန်ုပ်အား လာ၍ ပြတတ်၏။ ယင်းသည်တို့သည်သာလျှင် ကျွန်ုပ်နှင့်စာပေ ဆက်သွယ်ရာ အဆက်အစပ် ကလေးပင် ဖြစ်နေလေသည်။ ထိုမှတပါး မည်သို့မှ အဆက်အသွယ် မရှိပေ။ စာပေဟုဆိုလျှင် အခွန်အကောက် ပေးပြီးသော ကုန်ထုပ်များပေါ်၌ "အကောက်တော် ဆောင်ပြီး" ဟူ၍ စာရေးများက ရိုက်နှိပ်လိုက်သော စာတန်းသည်သာလျှင် ဤ အကောက်ရုံးအဖို့တွင် အရေးအကြီးဆုံး စာပေဖြစ်၍ နေပေသည်။

စာပေနှင့် အလှမ်းဝေးလှသော ရာထူးတွင် နေရခိုက်တွင် ကျွန်ုပ်သည် စာပေစိတ် ကင်းပျောက်လာရသော်လည်း ထိုစိတ်သည် လုံးဝ ပျောက်ကွယ်သွားသည်ကား မဟုတ်သေးချေ။ ထိုကြောင့်ပင်လည်း မမျှော်လင့်သော ကိစ္စတခု ပေါ်လာကာ ထိုဝတ္ထုကို ရေးသားစရာအကြောင်း ဖြစ်ပေါ်လာခဲ့၏။

ရေးသားရပုံအကြောင်း အသေးစိတ်မှာကား ဤသို့ ဖြစ်ပေသည်။ အကောက်ရုံး အပေါ်ထပ်တွင် အခန်းကျယ်ကြီးတခန်း ရှိပေသည်။ ထိုအခန်းကြီးတွင် အုတ်နံရံများမှာ အချောမကိုင်ရသေး။ အဆောက်အအုံကြီး တခုလုံးသည် အလွန်တရာ ကြီးမားပေရာ အကောက်ရုံး ဖွင့်သောအခါ၌ အကောက်အရာရှိများ အားလုံးကို ရုံးခန်း အသီးသီးဖြင့် နေရာချပေးသည့်တိုင်အောင် အဆောက်အအုံက အဆမတန်ကြီး၍ အမှုထမ်း အရာထမ်းများမှာ နည်းပါးလှသောကြောင့် ဤအခန်းကြီးသည် မည်သူမျှ မနေဘဲ လွတ်၍ ကျန်ရစ်ခဲ့ဟန် တူလေသည်။ ထိုအခန်းကြီးသည် ကော်လိပ်တော် အရာရှိ၏အခန်း အပေါ်တည့်တည့်တွင် ရှိလေသည်။ အခန်း၏ ထောင့်တထောင့်တွင် အကောက်ရုံး မှတ်တမ်းဟောင်းများ ထားသည်ကို တွေ့ရ၏။ တနေ့တွင် ကျွန်ုပ်သည် ပျင်းပျင်းရှိသည်နှင့် ထိုမှတ်တမ်းဟောင်းများကို လှန်လှော၍ ကြည့်နေမိလေသည်။ ထိုမှတ်တမ်းများမှာ များသောအားဖြင့် အဘယ်သင်္ဘော ဝင်၍လာသည်၊ အဘယ်သို့သော ကုန်စည်များ ပါလာသည်၊ သင်္ဘောပိုင်ရှင်နှင့် မာလိန်မှူးတို့မှာ မည်သူမည်ဝါ ဖြစ်သည်။ အကောက်တော် မည်မျှ ဆောင်ရသည်၊ အဘယ်နေ့တွင် သင်္ဘောပြန်၍ ထွက်သွားသည် စသော အကောက်ရုံးဆိုင်ရာ မှတ်တမ်းများသာလျှင် ဖြစ်ကြလေသည်။ ဤကဲ့သို့ ထိုမှတ်တမ်းဟောင်း များကို မွှေနှောက် ကြည့်ရှုနေစဉ် ကျွန်ုပ်သည် စက္ကူအဝါ ပတ်၍ထားသော အထုပ်ကလေး တထုပ်ကို သွား၍ တွေ့မိလေသည်။ ထိုအထုပ်ကလေးမှာ အလွန်ရှေးကျသော မှတ်တမ်းတခု၏ အသွင်ကို ဆောင်၍ နေပေသည်။ အထုပ်ကလေးကို ကြည့်ရင်း ကျွန်ုပ်၏ သိချင်စိတ်သည် ပြင်းထန်၍လာ၏။ ထို့ကြောင့် ဆေးရောင်ပျက်၍ နေပြီဖြစ်သော နီဖန့်ဖန့်ကြိုးကို ဖြေ၍ အထုပ်ကလေးကို ကြည့်လိုက်မိလေသည်။ ထိုခဏတွင် ကျွန်ုပ်၏ စိတ်ထဲ၌ ဥစ္စာသိုက်တခုကို တွေ့ရသလောက်ပင် ထင်မှတ်၍ နေမိသေးသည်။ အထုပ်ထဲတွင် စာရွက်ခေါက်များ ရှိ၏။ ပထမ စာရွက်ခေါက်ကိုဖြေ၍ ထိုစာရွက်ခေါက်ပေါ်တွင် ရေးသားထားသောစာများကို ကြည့်လိုက်သော အခါတွင် ထိုစာရွက်မှာ ဘုရင်ခံမင်းကြီး ရှာလီ၏ တံဆိပ်နှင့် ဂျိုနာသံပြူး ဆိုသူအား ရာဖြတ်အရာရှိ အဖြစ်ဖြင့် ခန့်အပ်သော ရာထူးခန့်စာ ဖြစ်၍နေလေသည်။ ထိုခန့်စာအရ ဂျိုနာသံပြူးသည် မက်ဆာချူးဆက် ပင်လယ်ကွေ့ပေါ်တွင် တည်ရှိသော ဆလမ်မြို့ ဆိပ်ကမ်း၌ ရာဖြတ်အရာရှိ အဖြစ်ဖြင့် ထမ်းရွက်ရန် ဖြစ်လေသည်။ ကျွန်ုပ်သည် တခါက ရှေးဟောင်း မှတ်တမ်း စာအုပ်တအုပ်၌ ရာဖြတ်အရာရှိ မစ္စတာ ဂျိုနာသံပြူးသည် ယခင်နှစ်ပေါင်း ၈၀ ခန့်က အနိစ္စရောက်ကြောင်း ဖတ်ခဲ့ရဖူးပေသည်။ များမကြာမီကလည်း ဆလမ်မြို့ရှိ စိန့်ပီတာ ဘုရားရှိခိုးကျောင်း ပြန်လည်ဆောက်လုပ်သည့် သတင်းတရပ်ကို သတင်းစာတစောင်တွင် ကျွန်ုပ် ဖတ်ရရာ၌ ဘုရား ရှိခိုးကျောင်းကို ချဲ့ထွင်သူဖြစ်သဖြင့် ကျောင်းဝင်းအတွင်းရှိ သင်္ချိုင်းကို ပြန်၍ဆောက်ရလေရာ မစ္စတာ ဂျိုနာသံပြူး၏ အလောင်းကို တူးဖော် ဖယ်ရှားရသည်ဟု ဖတ်ခဲ့ရ၏။

ထိုထိုသော နောက်ခံအကြောင်းများကြောင့် ကျွန်ုပ်သည် မစ္စတာ ဂျိုနာသံပြုး၏ ခန့်စာနှင့်အတူ တွေ့ရသော စာရွက်ခေါက်များကို လှန်လှော၍ ကြည့်နေမိလေသည်။

ထိုစာရွက်ခေါက်များမှာ မစ္စတာပြုး၏ လက်ရေးဖြင့် ရေးသားထားလျက် သူ၏ရာထူး အလုပ်ဝတ္တရားများနှင့် လုံးဝ မသက်ဆိုင်သော စာတမ်းများဖြစ်၍ နေသည်ကို တွေ့ ရလေသည်။ အကောက်ရုံး၏ မှတ်တမ်းဟောင်းများအထဲသို့ ထိုကဲ့သို့သော ကိုယ်ရေးကိုယ်တာဖြစ်သည့် စာရွက်များ အဘယ်ပုံ ရောက်၍ နေပါသနည်းဟု ကျွန်ုပ် စဉ်းစားကြည့်မိ၏။ မစ္စတာပြုးသည် ရာဖြတ်အရာရှိ အဖြစ်ဖြင့် ဆောင်ရွက်နေသော အချိန်မှာ ခေတ်ပြောင်းခေတ်လွှဲချိန်ဖြစ်ရာ မစ္စတာပြုးကလည်း ရုတ်တရက် သေဆုံးသဖြင့် သူ၏ အလုပ်စားပွဲတွင် တွေ့ရှိရသော ဤစာရွက်စာတမ်းများကို အကောက်ရုံးနှင့် သက်ဆိုင်သည်ဟု ယူဆကာ လက်အောက်ငယ်သား တို့က အကျအန ထုပ်ပိုးသိမ်းဆည်းလျက် မှတ်တမ်းဟောင်းများနှင့်အတူ အမှုမဲ့ အမှတ်မဲ့ ထားခဲ့ကြခြင်း ဖြစ်ဟန်တူသည်ဟု ကျွန်ုပ် ယူဆရပေတော့သည်။

စာရွက်စာတမ်းများကို ကြည့်နေခိုက်တွင် ကျွန်ုပ်သည် ပိုးနီစကလေးတခုကို သွား၍ တွေ့ရလေသည်။ ထိုပိုးနီစတွင် ရွှေချည်ထိုး၍ထားသော အစအနများကို တွေ့ရ၏။ ပိုးစမှာ အနီရောင်ပင် လွင့်စ ပြု၍နေပေသည်။ ထိုး၍ထားသော ရွှေချည် အစအနများသည်လည်း တောက်ပပြောင်လက်ခြင်း မရှိတော့ဘဲ မှိန်၍ နေကြပေသည်။ ရွှေချည်များကိုလည်း ထိုး၍ ထားပုံမှာ အလွန်တရာ ကျင်လည်လှသော လက်ရာဖြစ်သည်ဟု ရိပ်မိရပေသည်။

ထိုကဲ့သို့သော ရွှေချည်ထိုးသည့် လက်ရာမျိုးမှာ ယခုခေတ်တွင် တိမ်မြုပ် ပျောက်ကွယ်လျက် ရှိပေပြီ။ ပိုးနီစကို ပိုးများ စားထားသဖြင့် အပေါက်ကလေးပေါင်း များစွာဖြစ်၍ ဖုန်အထပ်ထပ် တင်၍ ထားသောကြောင့်လည်း အဝတ်စုတ်ကလေး တခုသဖွယ် ဖြစ်၍နေသည်ကို တွေ့ရလေသေးသည်။ ထိုပိုးနီစကို ကျွန်ုပ် အသေအချာ ကြည့်လိုက်သောအခါ၌ ထိုပိုးနီစ၏ သဏ္ဌာန်မှာ အင်္ဂလိပ်စာလုံး (A) အေပုံသဏ္ဌာန် ဖြစ်၍ နေသည်ကို တွေ့ရ၏။ အက္ခရာ ထိပ်ဖျားမှာ အောက်ခြေအထိ သုံးလက်မနှင့် တမတ်ခန့် အရှည်ရှိပေသည်။ ယင်းသည့် အရွယ်အစားကို ထောက်၍ ထိုပိုးနီစ အေစာလုံးကလေးသည် အဝတ်အထည် တခုခုအပေါ်တွင် ကပ်ချုပ်၍ အလှအပ ဆင်ယင်ရန် ရွှေချည်ထိုးထားသော စာလုံးဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယူဆရပေသည်။ ထိုစာလုံးကို အဘယ်သို့သော အဝတ်ပေါ်တွင် အဘယ်ပုံ ဆင်မြန်းလေသနည်း၊ ထိုစာလုံးမှာ အဘယ်ရာထူး၊ အဘယ် အဆင့်အတန်း၊ အဘယ် ဂုဏ်ရည်မျိုး ရှိသူတို့သာလျှင် ဆင်မြန်းရလေ သနည်း စသည်ဖြင့် ကျွန်ုပ် တွေးကြည့်မိ၏။ သို့သော် ဉာဏ်မမီပေ။ ကျွန်ုပ်သည် ထိုပိုးနီစ အေစာလုံးကလေးကို

ငေး၍ကြည့်နေမိ၏။ ထိုစာလုံးကလေး၏ နောက်ဆွယ်တွင် တစုံတခု ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များ ရှိကောင်း ရှိပေလိမ့်မည်ဟု ကျွန်ုပ် တွေးတော၍ နေမိပေသည်။

အဘယ်အကြောင်းကြောင့် မသိ။ ကျွန်ုပ်သည် ထိုပိုးနီစ စာလုံးကလေးကို ကျွန်ုပ် ရင်ဘတ်ပေါ် တင်၍ ကပ်ကြည့်မိ၏။ ထိုခဏတွင် ကျွန်ုပ်သည် အလိုလို ကြက်သီးထကာ ထိုပိုးနီစကလေးကို လွှတ်၍ချလိုက်မိပေသည်။ ပိုးနီစကလေးတွင် ကျွန်ုပ် စိတ်ဝင်စားနေမိခိုက် တွင် ကျွန်ုပ်သည် ထိုပိုးနီစကလေးဖြင့် ပတ်၍ထားသော စက္ကူဟောင်း အလိပ်တလိပ်ကို ကျွန်ုပ် လျစ်လျူရှုထားမိ ပေသည်။ ပိုးနီစကလေး လက်မှ လွှတ်ကျသွားသောအခါကျမှပင်လျှင် ကျွန်ုပ်သည် ထိုစက္ကူဟောင်း အလိပ်ကလေးကို သတိထားမိပေတော့သည်။ ထိုစက္ကူများကို ဖွင့်ကာ ကျွန်ုပ် ဖတ်ကြည့်လိုက်မိ၏။ ထိုစက္ကူများအပေါ်တွင် ယခင် နှစ်ပေါင်း ၈၀ ခန့်က အနိစ္စရောက်၍ သွားရှာပြီဖြစ်သူ မစ္စတာ ဂျိုနာသံပြူး၏ လက်ရေးဖြင့် ရေးသားထားသော အတ္ထုပ္ပတ္တိတရပ်ကို ဆန်းကြယ်စွာ တွေ့ရှိရပေသည်။ ထိုအတ္ထုပ္ပတ္တိသည်ပင်လျှင် ကြက်သွေးရောင် ပိုးနီစ ရွှေချည်ထိုး အေစာလုံးကလေး၏ နောက်ဆွယ်တွင်ရှိသော ထူးခြား ဆန်းကြယ်လှသည့် အဖြစ်အပျက်တရပ်ကို လုံးဝဥဿုံ ဖော်ပြ၍ ထားပေသည်။ စက္ကူများမှာ ဖူးစကက်အရွယ် အချိုးအစားရှိ၍ “ဟက်စတာပရင်း” အမည်ရှိ အမျိုးသမီး၏ဘဝကို အသေးစိတ် ဖော်ပြ၍ ထားပေသည်။ ဟက်စတာပရင်းသည် ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင် လက်ထက်က အတော်ကလေး ထင်ရှားကျော်ကြားကာ ထူးဆန်းသော အဖြစ်အပျက်များနှင့် ဆက်စပ်နေသူ လည်း ဖြစ်ဟန်တူ၏။

ထိုကြက်သွေးရောင် အေစာလုံးလေးနှင့် အတ္ထုပ္ပတ္တိများ၊ စာတမ်းများကို ရကတည်းက ကျွန်ုပ်သည် ထူးခြားဆန်းကြယ်လှသော အဖြစ်အပျက်ကို ရေးသားရန် စိတ်အားထက်သန်၍ နေပေသည်။ စာပေနှင့် အလှမ်းဝေးနေရာမှ စာပေလောကသို့ ပြန်လည်ဝင်ရောက်၍ စိတ်အထူးအားသန်နေမိ၏။ သို့သော် အကောက်ရုံး အုပ်ချုပ်သူအရာရှိ အဖြစ်ဖြင့် ဆောင်ရွက်နေရသောကြောင့် ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ထမြောက် အောင်မြင်ခြင်း မရှိခဲ့ပေ။ တနေ့ ရေးမည်၊ တနေ့ ရေးမည်နှင့် အချိန်ကုန်ခဲ့လေရာ သုံးနှစ်ကြာသောအခါ၌ သမ္မတ အပြောင်းအလဲ ဖြစ်ပြန်လေသည်။ နောက်တက်လာသော သမ္မတမှာ ကျွန်ုပ်တို့ မထောက်ခံသော နိုင်ငံရေးဂိုဏ်းက တင်မြှောက်လိုက်သည့် သမ္မတဖြစ်သောကြောင့် ကျွန်ုပ်မှာ အလုပ်ပြုတ်ရလေ တော့သည်။ ထိုအခါတွင် ကျွန်ုပ်သည် ဟက်စတာပရင်း၏ အဖြစ်အပျက်များကို ရေးသားရန် အချိန်ရရှိပေသတည်း။

၂။ ထောင်တံခါးဝ

ညှိုးမွဲသော အဝတ်များကို ဝတ်ဆင်လျက် ခေါင်မြင့်သော ဦးထုပ်များကို ဆောင်း၍ ထားကြပြီးလျှင် မုတ်ဆိတ်ဖားဖားကြီးများ ရှိသော လူတစုသည် မိန်းမသားအချို့နှင့် ရောနှောကာ သစ်သားဖြင့် ဆောက်လုပ်ထားသော ကြီးမားလှသည့် အဆောက်အအုံကြီးတခုရှေ့ တံခါးဝတွင် စုရုံးလျက် ရှိကြပေသည်။ အချို့သော မိန်းမများသည် မျက်နှာကို တဘက်များဖြင့် ဖုံးအုပ်၍ ထားကြ၏။ အချို့မူကား မျက်နှာများကို ဖော်၍ ထားကြပေသည်။ ထိုလူစု မတ်တတ်ရပ်၍ ဝိုင်းဝန်း ကြည့်ရှုနေကြသော အဆောက်အအုံကြီး၏ တံခါးမကြီးမှာ ဝက်သစ်ချ ပျဉ်ပြားအထူကြီးများဖြင့် ခိုင်ခံ့စွာ ပြုလုပ်ထားလျက် ချွန်ထက်သော သံဆူးကြီးများ အပြည့်စိုက်ထားသော တံခါးမကြီး ဖြစ်လေသည်။

အမေရိကတိုက် နယ်ရှိုင်းသို့ လာရောက်၍ နယ်သစ်ပယ်သစ် တီထွင်ကာ မြို့ရွာ ထူထောင်ကြသောသူများသည် တောကိုရှင်း၍ ရွာတည်ကြပြီဆိုလျှင် မြေနေရာ နှစ်နေရာကို အထူးတလည် သတ်မှတ်လေ့ ရှိကြပေသည်။ ထိုနေရာ နှစ်နေရာမှာကား သင်္ချိုင်းပြုလုပ်ရန် မြေနေရာနှင့် အကျဉ်းထောင် ဆောက်လုပ်ရန် မြေနေရာများ ဖြစ်ကြပေသည်။ နယ်သစ်ပယ်သစ် တီထွင်သူများအဖို့၌ ဤကဲ့သို့ မြေနေရာ နှစ်နေရာ အထူးသတ်မှတ်ရခြင်းမှာ ထုံးစံဖြစ်၍ နေလေရာ ဘော်စတွန်မြို့ကို စတင် တည်ထောင်သော လူတစုတို့သည်လည်း ထုံးစံအတိုင်း ပထမဦးစွာ သင်္ချိုင်းမြေနေရာနှင့် အကျဉ်းထောင် မြေနေရာတို့ကို ရွေးချယ်ကြရပြီးလျှင် အကျဉ်းထောင်ကို ဆောက်လုပ်ခဲ့ကြပေသည်။ ဖော်ပြပါ လူစုတို့ စုဝေးဝိုင်းအုံ၍ ကြည့်ရှုနေကြသော အဆောက်အအုံကြီးမှာကား ဘော်စတွန်မြို့၏ အကျဉ်းထောင်ပင် ဖြစ်လေသည်။ ဘော်စတွန်မြို့ကို တည်ထောင်ခဲ့သည်မှာ ဆယ့်ငါးနှစ်၊ အနှစ် နှစ်ဆယ်ခန့် ရှိပြီဖြစ်သောကြောင့် ထိုသစ်သားထောင်ကြီးမှာ ရာသီဥတု၏ ဒဏ်ချက်ကို ကြိမ်ဖန်များစွာ ခံခဲ့ရပြီ ဖြစ်သည့်အတိုင်း သစ်လွင်ခြင်း မရှိတော့ဘဲ ညှိုးမွဲသောအရောင် ပေါက်၍ နေပေပြီ။ အထူးသဖြင့် ထောင် အဆောက်အအုံကြီး၏ မျက်နှာစာမှာ မိုးဒဏ်၊ လေဒဏ်တို့ကို ခံရသည့် ဘက်တွင် ကျနေသောကြောင့် ပိုမို၍ ဟောင်းနွမ်းအိုမင်းနေသည့် သဏ္ဍာန် ပေါ်ပေါက်၍ နေပေသည်။ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားအပ်သော ထောင် တံခါးကြီးကို ကွပ်၍ထားသည့် သံဝိုင်း၊ သံကွပ်များမှာလည်း သံချေးများ တက်လျက် အလွန်တရာ ဟောင်းနွမ်း၍ နေကြပေပြီ။

ထို ထောင်မျက်နှာစာနှင့် ထောင်၏ရှေ့တွင် ဖောက်၍ထားသော လှည်းလမ်းမတို့၏ အကြားတွင် ကွက်လပ်တခု ရှိ၏။ ထိုကွက်လပ်တွင် အလေ့ကျ

အပင်များနှင့် ပေါင်းပင်၊ မြက်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက် ရှိ၍နေလေသည်။ ထောင်တံခါးဝကြီး၏ တဖက်တွင် တောရိုင်း နှင်းဆီရုံတရုံသည် ချစ်ဖွယ်ကောင်းသော အပွင့်ကလေးများ အစီအရီနှင့် ပေါက်ရောက်လျက် ရှိ၏။ ဘော်စတွန်မြို့ကို တည်ထောင်ရန် တောရှင်းကြစဉ်အခါက ထင်းရှူးပင်ကြီးများကို ခုတ်လှဲကာ ကွက်လပ်ဖြစ်အောင် ဖန်တီးခဲ့ကြသည့်၌ ထိုတောရိုင်း နှင်းဆီပန်းရုံကို ချန်လှပ်၍ ထားခဲ့ကြသည်မှာ အတော်ပင် ထူးဆန်း၍ နေလေသည်။ ယခု ရေးသားဖော်ပြရတော့မည် ဖြစ်သော အဖြစ်အပျက်သည် အိုမင်း ဟောင်းနွမ်းနေပြီဖြစ်သော အကျဉ်းထောင်ကြီးကဲ့သို့ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တခုဟု ဆိုရပေမည်။ ထိုထောင်ကြီး၏ရှေ့တွင် လှပသော နှင်းဆီရုံသည် တည်ရှိဘိသကဲ့သို့ ဤစိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တွင်လည်း လူအပေါင်းတို့ လိုက်နာဖွယ်ရာ သင်ခန်းစာတရပ်သည် ပါဝင်လျက် ရှိနေသည်ကို စာဖတ်သူ အပေါင်း တွေ့ကြရပေလိမ့်မည်။

၃။ ဈေးနေရာ

ထောင်၏ရှေ့တွင် ရှိသောလမ်းကို အကျဉ်းထောင်လမ်းဟု ခေါ်ကြ၏။ အကျဉ်းထောင်လမ်းနှင့် အကျဉ်းထောင်တို့၏ အကြားတွင်ရှိသော မြက်ခင်းကွက်လပ်တွင် ဘော်စတွန် မြို့သူမြို့သား တို့သည် စုဝေးလျက် ရှိနေကြပေသည်။ အချိန်မှာကား လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်ခန့် အခါပင်ဖြစ်၏။ စုဝေး၍နေကြသော ဘော်စတွန် မြို့သူမြို့သားတို့သည် ထောင်တံခါးကြီး ဆီသို့သာ အာရုံစူးစိုက်၍ မျက်တောင်မခတ် ကြည့်ရှုနေကြပေသည်။ စိတ်အားထက်သန်စွာ ထောင်တံခါးကြီးဆီသို့ ကြည့်နေကြပုံကို ထောက်ခြင်းအားဖြင့် အရေးကြီးသော ကိစ္စတရပ် ဖြစ်ပေါ်လာတော့မည်ဟု သိသာနိုင်ပေ တော့သည်။ ထိုမြို့သူမြို့သားများသည် ခရစ်ယာန် ဘာသာရေးအားဖြင့် အစွဲအမဲ အလွန်တရာ ကြီးမားသောကြောင့် မိမိတို့ နေရင်းနိုင်ငံကိုပင် စွန့်ပစ်ကာ ဤနယ်ရိုင်းကြီးသို့ လာရောက် ချရပ် နေထိုင်ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် ထိုသူများ၏ အဖို့တွင် ခရစ်ယာန်ဘာသာရေးနှင့် ပတ်သက်သော ပြစ်မှုများသည် အလွန်တရာ အပြစ်ကြီးလေးသော ပြစ်မှုများဖြစ်၍ နေပေသည်။

နယ်သစ်ပယ်သစ် ဖွင့်သူများပီပီ ကိုယ့်အုပ်စုကို ကိုယ် တင်းမာစွာ အုပ်ချုပ်စီမံ ကွပ်ကဲရသော သူများ ဖြစ်ကြလေရာ မြို့တည်ပြီဟုဆိုလျှင်ပင် အုပ်စုကို အန္တရာယ်ဖြစ်စေရမည့် သူများအား နှိပ်ကွပ်ရန် အကျဉ်းထောင်ကို စတင်၍ ဆောက်လုပ်လေ့ ရှိကြပေသည်။ ပြစ်မှု တစုံတရာ ကျူးလွန်ကြောင်း ထင်ရှားလျှင် ကြီးလေးသော အပြစ်ဒဏ်ကို ပေးလေ့ရှိကြ၏။ မိဘစကားကို နားမထောင်သော သားသမီးများအား မိဘက အုပ်ချုပ်စီမံသူများ အဖွဲ့သို့ ဆုံးမပေးရန် အပ်နှင်းလျှင် ကြိမ်ဒဏ်ပင် ခတ်လေ့ရှိလေသည်။ အကယ်၍ ခရစ်ယာန်ဘာသာ အယူဝါဒတွင် ဖောက်ပြန်သူ ပေါ်ပေါက်ပါက မြို့ထဲမှ နှင်ထုတ်ပစ်လေ့ ရှိလေသည်။ အရက်မူး၍ ရမ်းကားသော လူရိုင်းနီများကို တွေ့လျှင်လည်း ကျောတရာ ရင်တရာ ကြိမ်ဒဏ် ခတ်၍ မြိုင်ရပ်သို့ နှင့်ကြ၏။ စုန်းမဟူ၍ ယူဆသော မိန်းမများကို သေဒဏ်ပင် ပေးလေ့ရှိကြသည်။ ယခုကဲ့သို့ ထောင်တံခါး၀ တွင် လူစုလူဝေးကြီး အာရုံစူးစိုက်စွာ စောင့်၍ ကြည့်နေကြခြင်းမှာ ရာဇဝတ်ကောင် တယောက်အား အပြစ်ဒဏ် ပေးတော့မည် ဖြစ်သောကြောင့် လာရောက်၍ စုဝေးကြည့်ရှုနေကြ ခြင်းပင် ဖြစ်တန်ရာသည်။ နယ်သစ်ပယ်သစ် တည်ထောင်သူတို့၏အဖို့တွင် သားရဲတိရစ္ဆာန်တို့၏ ဘေး၊ လူရိုင်းတို့၏ဘေး စသော ဘေးအန္တရာယ် အများ ရှိ၍နေသည်တွင် စားရေးသောက်ရေးနှင့် တကွ အသက်နှင့် ခန္ဓာကိုယ်

တည်မြဲရေးသည် အလွန်တရာ အရေးကြီးလှသောကြောင့် ခရစ်ယာန်ဘာသာရေးအားဖြင့် လည်းကောင်း၊ စည်းရုံးရေးအားဖြင့် လည်းကောင်း အပြစ်ရှိသူ တို့မှာ ပြင်းပြင်းထန်ထန် ကွပ်ညှပ်ခြင်းကို ခံကြရပေသည်။ အပြစ်ဒဏ် ခံရသူကို မည်သူမျှ သနားလေ့ မရှိကြ။ အဘယ့်ကြောင့်ဆိုသော် ငါးခုံးမ တကောင်ကြောင့် တလှေလုံး ပုပ်ကာ မြို့ရွာ နစ်နာမည်ကို စိုးရသောကြောင့် ဖြစ်လေ၏။

ထောင်တံခါးဝကို စူးစိုက်ကာ ကြည့်ရှုနေကြသောသူများအနက် မိန်းမများသည် ပိုမို၍ စိတ်ဝင်စားနေကြပုံ ပေါက်နေပေသည်။ နယ်သစ် ပယ်သစ် ဖွင့်ရာသို့ လိုက်ပါလာကြသော မိန်းမသားများသည် စိတ်ကြမ်းကိုယ်ကြမ်း မိန်းမများ ဖြစ်ကြလေရာ လူတယောက်အား လည်ပင်းတွင် ကြိုးကွင်းစွပ်၍ ကြိုးစင်၌ သေဒဏ်ပေးသည်ကိုပင် မတုန်မလှုပ် မကြောက်မရွံ့ စေ့စေ့စပ်စပ် ကြည့်ဝံ့သော သတ္တိမျိုးရှိသူတို့ ဖြစ်ကြလေသည်။ ထို မိန်းမသားများသည် စိတ်ခေတ်ကြွခိုင်ကြသလောက် ကိုယ်ကာယလည်း ကြွခိုင်သူများ ဖြစ်ကြ၏။ စိတ်ရောကိုယ်ပါ မကြမ်းတမ်းပါက နယ်သစ်ပယ်သစ် ဖွင့်သူတို့၏ ကြမ်းတမ်းလှသောဘဝမျိုးတွင် နေထိုင်နိုင် ကြမည် မဟုတ်ပေ။ အနေအထိုင် ကြမ်းတမ်းသည့်အလျောက်လည်း စိတ်ရော ကိုယ်ပါလည်း အလိုလို ကြမ်းတမ်းလာကြရခြင်း ဖြစ်လေသည်။

ထောင်တံခါးဝတွင် စုဝေး၍ နေကြသော မိန်းမသားများသည် တယောက်တပေါက် အော်ကျယ်ဟစ်ကျယ်နှင့် စကားပြောလျက် ရှိနေကြပေသည်။ အသက်ငါးဆယ်အရွယ် မိန်းမကြီးတယောက်က “ဟေ့ ကောင်မတွေ ငါ ပြောမယ်ဟေ့… နားထောင်၊ အခု ဟက်စတာပရင်းဆိုတဲ့ ကောင်မကို တို့မိန်းမသားတွေက စီရင်ချက်ချဖို့ ကောင်းတာ။ ဟော… အခု ဟောဒီ တို့ငါးယောက်များ စီရင်ချက် ချကြရမယ်ဆိုရင်အေ… တရားသူကြီး ချတဲ့ စီရင်ချက် မျိုးကို ဘယ်ချလိမ့်မတုံး၊ ဝေးပါသေးရဲ့” ဟု ပြောလိုက်၏။ ဤတွင် နောက်တယောက်က “အေးဟဲ့… သင်းအုပ်ဆရာကြီး ဒင်းမစ်ဒေးကတောင် ဒီလို အရှက်တကွဲ အကျိုးနည်းကိစ္စကြီး တို့မြို့မှာ ဖြစ်ရတာ အသည်းနာလှတယ်လို့ ပြောနေသေးသတဲ့” ဟု ဆိုလိုက်လေသည်။ တတိယ မိန်းမကြမ်းကြီး တယောက်ကလည်း “ကြည့်ပါဦး… အေတို့ရယ်၊ ဒီဟက်စတာပရင်းဆိုတဲ့ ကောင်မက အမှန်မှာတော့ နဖူးမှာ သံပူနဲ့ကပ်တဲ့ ဒဏ်ခတ်ဖို့ ကောင်းတာ။ အခုတော့ တရားသူကြီးတွေက သူ့အင်္ကျီရင်ဘတ်မှာ တံဆိပ်ထိုးရုံ ထိုးမယ်ဆိုတော့ ဘယ်မှာ ဟက်စတာပရင်းက ဂရုစိုက်လိမ့်မတုံး၊ အသားနာတာမှ မဟုတ်တာကပဲ။ သူ့ရင်ဘတ်မှာ ထိုးထားတဲ့ တံဆိပ်ကို ရင်ထိုးတွေ ဘာတွေနဲ့ ဖုံးပြီး ဒီအကောင်မဟာ ရပ်ထဲရွာထဲမှာ မျက်နှာ ပြောင်တိုက်ပြီး လမ်းသလားဦးမှာပါအေ၊ ငါ သိပါရဲ့” ဟု ပြော၍ နေလေသည်။

သနားကြင်နာတတ်ဟန် ရှိသော မိန်းကလေးတယောက်ကမူ "အသား မနာပေမဲ့ရှင်... သူ့ရင်ထဲ အသည်းထဲမှာတော့ နာနေမှာပါပဲ" ဟု ဝင်၍ ပြောလိုက်၏။

မိန်းမသား တသိုက်လုံးတွင် အကြမ်းတမ်းဆုံးနှင့် အရက်စက်ဆုံး ရုပ်ရည်ရှိသော မိန်းမကြီး တယောက်က "အမယ် ဒီကောင်မကို တံဆိပ်ကပ်ဖို့၊ တံဆိပ်ထိုးဖို့တွေ ပြောမနေကြပါနဲ့ဟယ်၊ တို့မိန်းမသားတသိုက်လုံးကို အရှက်ခွဲတဲ့ ဒီကောင်မကို ငါသာဆိုရင် သေဒဏ်ပေးမှာပေါ့။ ကြည့်လေ... ကျမ်းစာအုပ်တွေထဲမှာ ကြည့်ပါလား၊ သူ့လို အပြစ်ရှိတဲ့ မိန်းမမျိုးဆိုတာ ရှေးကတည်းက သေဒဏ်ပေးရတာချည့်ပဲ မဟုတ်လား။ ဥပဒေ စာအုပ်တွေမှာလည်းပဲ ဒီလိုပဲ သေဒဏ်ပေးဖို့ ပါလျက်သားနဲ့။ တယ်.. ပြောလိုက်ရ မကောင်းပြန်ဘူး၊ တရားသူကြီးတွေက အဲဒီဥပဒေကို တယောက်မှ မသုံးဝံ့ကြဘူး။ ဘာလဲ... သူတို့မိန်းမတွေ၊ သူတို့နှမတွေ ဒီအပြစ်မျိုး ကျူးလွန်လို့ရှိရင် သက်သက်သာသာ ဒဏ်ခံရစေချင်ကြလို့ ထင်ပါရဲ့" ဟု နှုတ်ခမ်းတလန် ပန်းတလန်နှင့် မဲ့ကာရွဲ့ကာ ပြော၍ နေပြန်လေတော့သည်။

ထိုအခိုက်တွင် ယောကျ်ားတယောက်က "ကဲ မိမိတို့၊ မမတို့ သိပ်ပြီးတော့ စကားများမနေကြနဲ့။ ထောင်တံခါးကို သော့ဖွင့်သံ ကြားရပြီ၊ ဟက်စတာပရင်းကိုယ်တိုင် ထွက်လာတော့မယ်။ ကြည့်ကြ... ကြည့်ကြ" ဟု အော်လိုက်လေရာ အားလုံးပင် ထောင်တံခါးဆီသို့ မျက်လုံး စူးစိုက်လိုက်ကြလေ၏။

ထောင်တံခါးကြီးသည် ဖြုန်းခနဲ ပွင့်၍သွား၏။ မည်းမှောင်နေသော ထောင်ကြီးမှ လက်ဦးပထမ ထွက်၍လာသူမှာ မြို့ပြဆိုင်ရာ အရာရှိတဦး ဖြစ်လေသည်။ ထိုအရာရှိသည် ထောင်အပေါက်ဝသို့ အတွင်းဘက်ရှိ မိန်းမတယောက်ကို ဆွဲခေါ်ရန် ကြိုးစား၏။ သို့သော် ထိုမိန်းမသည် အရာရှိအား တွန်းဖယ်လိုက်ပြီးလျှင် တည်ကြည်လှသော ဣန္ဒြေဖြင့် သူ့အလိုအလျောက် ထောင်ပေါက်ဝမှ ထွက်ခဲ့၍ ဝိုင်းအုံကြည့်ရှုနေကြသော လူစု၏ရှေ့တွင် ခံ့ခံ့ညားညား တင်းမာလှသော မျက်နှာထားဖြင့် ခပ်တောင့်တောင့် ရပ်လိုက်လေသည်။ သူ၏လက်ထဲတွင် သုံးလသမီးအရွယ် ကလေးငယ်တယောက်ကို ပွေ့ပိုက်လျက် ထား၏။ မှောင်၍နေသော ထောင်ကြီးမှနေ၍ အလင်းရောင်ထဲသို့ ထွက်လိုက်သောအခါ ကလေးငယ်သည် နေရောင်၏ စူးရှလှသော အလင်းရောင်ကို မခံမရပ်နိုင်သည့်အလား မျက်လုံးကလေးကို တင်းကျပ်စွာ မှိတ်ပြီးလျှင် တဖက်သို့ လှည့်၍ သွားလေသည်။ ကလေး၏မိခင် မိန်းမသားသည် လူစု၏ရှေ့တွင် တည်တည်ကြီး ရပ်ရင်း ကလေးငယ်ကို သူ့ရင်ခွင်ဝယ် ပိုမို၍ တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်၏။ ထို့နောက် ယင်းကဲ့သို့ ပွေ့ပိုက်၍ထားခြင်းသည် မိမိ၏ ဂါဝန်ရင်ဘတ်တွင် ရှိနေသော ပစ္စည်းတခုကို ဖုံးကွယ်ရန် ကြိုးစားဘိသကဲ့သို့

ဖြစ်မည်ကို စိုးရိမ်ဟန်ဖြင့် ကလေးငယ်အား ပခုံးတွင် ခေါင်းမှေး၍ ချီလိုက်လေသည်။ ထိုအခိုက်အတန့်တွင် ကလေးအမေ၏ မျက်နှာမှာ သွေးရောင် ရဲရဲတောက်၍ သွား၏။ နှုတ်ခမ်းများကို တွန့်လိမ်ကာ ပြက်ရယ်ပြုဘိသကဲ့သို့ တချက်ပြုံးလိုက်ပြီးလျှင် လူစုလူဝေး တခုလုံးကို ခပ်ထန်ထန် ကြည့်၍ နေပြန်လေသည်။ ထိုမိန်းမ၏ ဂါဝန်ရင်ဘတ်ပေါ်၌ကား ပိုးစနီဖြင့် ပြုလုပ်ထားသော (A) အေအက္ခရာတလုံးကို ရွှေချည်များဖြင့် ချုပ်လုပ်ထားသည်ကို တွေ့ရပေသည်။ ချုပ်လုပ်ထားပုံမှာ (A) စာလုံးကို ဝန်းရံ၍ ကနုတ်နွယ် ပန်းခက် ပန်းလက်များဖြစ်အောင် ရွှေချည်ထိုး၍ ထားလေသည်။ ချုပ်လုပ်ထားပုံမှာ သေသပ်၍ အလွန်လှပသောကြောင့် ဘယက်တခုကို ဆွဲ၍ ထားဘိသကဲ့ သို့ပင် ကြည့်၍ ကောင်းနေပေသည်။

ထိုမိန်းမသည် အရပ်ရှည်၍ ကိုယ်ဟန်မှာ နွဲ့နှောင်း သိမ်မွေ့ပုံ ပေါ်၏။ သူ၏ ဆံပင်များမှာ မည်းနက်၍ များပြားလှပြီးလျှင် နေရောင်ဝင်၍ စွဲငြိနေသော နေရာများ၌ တဖျတ်ဖျတ် အရောင်တောက်၍ နေပေသည်။ မျက်နှာမှာကား ဝိုင်းဝန်း၍ လှပသောမျက်နှာ ဖြစ်ပြီးလျှင် အသားအရေ အလွန်တရာ ကောင်းသောကြောင့် ဝန်းဝန်းစက်စက် ရှိလှပေသည်။ မဟာ နဖူးကျယ်၍ နက်မှောင်သော မျက်လုံးကြီးများလည်း ရှိလေရကား ရုပ်ရည် အတော် ချောမောသည့်သဏ္ဌာန်မှာ မြင်ရသူတိုင်းကပင် အသိအမှတ် ပြုကြရပေသည်။ ထိုမိန်းမသည် ကား ဟက်စတာပရင်းပင်တည်း။

ဟက်စတာပရင်းသည် သူ၏အပြစ်အတွက် ဒဏ်ခတ်ခြင်း ခံရရာ၌ သူ၏ဂါဝန် ရင်ဘတ် နေရာတွင် (A) အက္ခရာကို ဆင်မြန်းရမည်ဟု တရားသူကြီးတို့က စီရင်ချက် ချခဲ့၏။ ဤတွင် ဟက်စတာပရင်းသည် သူ၏ အပြစ်ဒဏ်ဖြစ်သော ဤ (A) အက္ခရာကို တမင်တကာပင် အလှဆုံး ဖြစ်အောင် ကိုယ်တိုင်ချုပ်လုပ် ဆင်မြန်းခဲ့လေသည်။ ထိုအက္ခရာကို အပြစ်ဒဏ် ခံရသဖြင့် ဆင်မြန်းသောအနေဖြင့် မဟုတ်ဘဲ လည်ဆွဲတန်ဆာ ရတနာ တခုကို ဆင်မြန်းထားဘိသကဲ့သို့ မှတ်ထင်ရလောက်အောင် ဟက်စတာပရင်းက ကြိုးစား ချုပ်လုပ်ထားသည်မှာ တွေ့မြင်ကြရသူ မိန်းမသားတို့ကပင် 'အမယ် ဒီအကောင်မ တယ်ပြီးတော့ လက်မြောက်ပါကလား ဟေ့၊ ဒါလောက်လှအောင် ရွှေချည်တွေ ဘာတွေနဲ့ ချုပ်တာ လုပ်တာများ သက်သက်မဲ့ တရားသူကြီး တွေကို အရွဲ့တိုက်တာပဲဟေ့' ဟု မပြောဘဲ မနေနိုင်အောင် ဖြစ်နေကြရပေသည်။ တယောက်ကမူ "အမယ် ဒီအကောင်မ ဟန်ကျပန်ကျ ဝတ်ထားလိုက်တာ၊ ဒင်းကို သူ့အင်္ကျီချွတ်ပြီး ဂုံနီစုတ် ဆင်ပေးဖို့ ကောင်းတယ်ဟေ့" ဟု ဆိုလိုက်လေသည်။

ထိုအခိုက်အတန့်တွင် အရာရှိက "ကဲ.... ကဲ လမ်းဖယ်ကြ၊ လမ်းဖယ်ကြ၊ ဟက်စတာပရင်းကို ဒဏ်ခတ်ရတော့မယ်။ ဟက်စတာပရင်းဟာ

သူရဲ့အပြစ်ဒဏ်ဖြစ်တဲ့ စာလုံးကို ဆင်မြန်းပြီး ဈေးမြေကွက်မှာ ခုအချိန်ကနေပြီး မွန်းတည့်တဲ့ချိန်အထိ ရပ်နေရလိမ့်မယ်။ အခုပဲ ဈေးမြေကွက်ကို ခေါ်ရလိမ့်မယ်။ လမ်းဖယ်ပေးကြ... လမ်းဖယ်ပေးကြ” ဟု အော်လိုက်လေရာ ဝိုင်းအုံကြည့်ရှုနေသောလူစုသည် ရှဲခနဲ လမ်းဖယ်၍ ပေးလိုက်ကြ၏။ ဤတွင် ဟက်စတာပရင်း သည် သူ အပြစ်ဒဏ်ခံရမည့် နေရာဖြစ်သော ဈေးမြေကွက်ဆီသို့ ကလေးကိုပိုက်ကာ မြဲမြံသော ခြေလှမ်းများဖြင့် မှန်မှန်ကြီး လျှောက်၍ သွားလေတော့သည်။

ထောင်ဝနှင့် ဈေးမြေကွက်မှာ မဝေးလှပေ။ ထို့ကြောင့် လျှောက်၍သွားသည့် တာဝန်မှာ ကိုယ်ကာယအားဖြင့်ကား မပင်ပန်းလှ။ သို့သော် စိတ်ဝေဒနာမှာမူကား ပြင်းပြလှပေသည်။ မြို့သူမြို့သားများသည် ထောင်ဝမှ ဈေးမြေကွက်အထိ လူတန်းကြီး စီ၍ ဟက်စတာပရင်းအား စူးစူးဝါးဝါး ဝိုင်းအုံကြည့်ကြ၏။ ဟက်စတာပရင်းအား ဒဏ်ခတ်သည့်ကိစ္စနှင့် ပတ်သက်၍ မြို့ထဲတွင် ကျောင်းများကိုပင် နေ့တဝက်ပိတ်၍ ပေးထားသည်ဖြစ်ရာ ကျောင်းသားသူငယ် ကလေးများသည် ဟက်စတာပရင်း၏ရှေ့မှ သမင်လည်ပြန်ကြည့်ရင်း ပြေးလွှားလိုက်ပါနေကြ ၏။ ထို့ကြောင့် ဟက်စတာ ပရင်းမှာ လူ မပင်ပန်းသော်လည်း စိတ်အကြီးအကျယ် ပင်ပန်းကာ မိမိ၏ အသည်းနှလုံးများကို ဈေးသို့ သွားရာလမ်းတွင် ပစ်ချ၍ လူအများက ခြေထောက်ဖြင့် နင်းနယ်ချေမှုန်းခြင်း ခံ၍ နေရဘိသကဲ့သို့ ရင်ထဲတွင် နာကျင်၍ နေရှာလေတော့သည်။ ဣန္ဒြေတည်တည်ဖြင့် လျှောက်၍လာခဲ့သော ဟက်စတာပရင်းသည် ဈေးမြေကွက်လမ်း၏ အနောက်ဘက် အစွန်တွင်ရှိသော စင်မြင့်တခုသို့ ရောက်၍ လာခဲ့လေသည်။ ထိုစင်မြင့်သည် ဘော်စတွန်မြို့၏ ပထမဦးဆုံး ဘုရားရှိခိုးကျောင်းနှင့် ကပ်လျက် တည်ရှိပေသည်။

ထိုစင်မြင့်သည်ကား အပြစ်ဒဏ်ပေးခြင်း ခံရသူတို့အား လက်နှစ်ဖက်နှင့် လည်ပင်းကို ထိပ်တုံးခတ်ကာ သူတကာတို့အား ဝိုင်းအုံကြည့်ရှုစေ၍ အရှက်ခွဲရာ ထိပ်တုံးရှိသည့် စင်မြင့်ပင် ဖြစ်လေသည်။ သို့သော် ဟက်စတာပရင်းမှာမူ ထိပ်တုံးခတ်ခြင်း မခံရဘဲ ထိုစင်မြင့်တွင်သာ မွန်းတည့်ချိန်အထိ မတ်မတ်ရပ်၍ လူတကာတို့၏ ဝိုင်းအုံကြည့်ရှုခြင်းကို ခံရသော အပြစ်ဒဏ်ကို ခံရမည့်သူ ဖြစ်လေသည်။ အပြစ်ဒဏ်ကို ကောင်းစွာသိပြီးဖြစ်သော ဟက်စတာပရင်းသည် ထိုစင်မြင့်ပေါ်သို့ သစ်သားလှေကားငယ်ဖြင့် တက်လာခဲ့၏။ ထို့နောက် သမီးငယ်ကို ပွေ့ပိုက်၍ လူအုပ်ကြီးကို ရင်ဆိုင်ကာ မတ်မတ်ရပ်လိုက်ရှာလေသည်။ ထိုခေတ် ထိုအခါက ယင်းကဲ့သို့ လူလယ်ကောင်တွင် အရှက်ခွဲခံရသော အပြစ်ဒဏ်မျိုးသည် သေသည်ထက်ပင် ဆိုးရွားသော အပြစ်ဒဏ်မျိုး ဖြစ်လေသည်။ အသက်နှင့် လူမလုပ်ဘဲ အရှက်နှင့် လူလုပ်ရသည်ဟူသော စကားပုံသည် ထိုခေတ်နှင့် အလျော်ညီဆုံး စကားပုံတရပ် ဖြစ်ခဲ့ပေသည်။

စင်မြင့်ပေါ်သို့ ဟက်စတာပရင်း တက်၍ ရပ်လိုက်သောအခါတွင် လူစုလူဝေးကြီးသည် ငြိမ်သက် တိတ်ဆိတ်စွာ ဝိုင်းအုံ၍ ကြည့်ရှုနေကြလေသည်။ မည်သူမှ မရယ်ကြ။ အဘယ့်ကြောင့်ဆိုသော် လူတယောက်အား ကြိုးစင်တင်၍ သတ်သည်ကိုပင် ကြည့်ဝံ့သော လူအုပ်ကြီး၏ ရင်ထဲ၌ ရှိသော စိတ်ဓာတ်မှာ ယခုကဲ့သို့ အရှက်ခွဲခံရသော အပြစ်ဒဏ်ကို သေဒဏ်ထက်ပင် ကြီးလေးသော အပြစ်ဒဏ်ဟု ယူဆကြသည် ဖြစ်သဖြင့် ရယ်မော ပြောင်လှောင်ခြင်း မပြုကြခြင်း ဖြစ်လေသည်။ အကယ်၍ ရယ်မောပြောင်လှောင် ကဲ့ရဲ့ရှုတ်ချလိုသောစိတ် ရှိကြစေကာမူ ဤအချိန်တွင်မူကား မည်သူမျှ မရယ်ဝံ့ကြချေ။ အကြောင်းမူကား ဟက်စတာပရင်း ရပ်၍နေသော စင်မြင့်အနီး၌ အစည်းအဝေး ခန်းဆောင်ကြီးတခု ရှိ၏။ ထိုအစည်းအဝေး ခန်းဆောင်ကြီးမှ ထိုးထွက်နေသော လသာဆောင်ပေါ်တွင် ဘော်စတွန်မြို့ကို အုပ်ချုပ်သော မင်းကြီးနှင့်တကွ အတိုင်ပင်ခံ အရာရှိများ၊ တရားသူကြီးများ၊ စစ်ဗိုလ်များနှင့် ခရစ်ယာန်ဘာသာရေးဆိုင်ရာ သင်းအုပ်ဆရာကြီး များ ရှိ၍နေပေသည်။ မြို့၏ အချုပ်အခြာ ပုဂ္ဂိုလ်ကြီးများသည် လသာဆောင်မှနေ၍ စင်မြင့်ပေါ်ရှိ ဟက်စတာပရင်းအား ကြည့်နေကြသည် ဖြစ်သောကြောင့် လူအုပ်ကြီးသည် ရယ်မောပြောင်လှောင်လိုသော်လည်း မပြောင်လှောင်ဝံ့ဘဲ ရှိ၍ နေကြရပေသည်။

မျက်လုံးပေါင်း ရာထောင်များစွာတို့သည် ဟက်စတာပရင်း၏ ရင်ဘတ်ကို စူးစိုက်၍ ကြည့်၍ နေကြသည်။ စိတ်ထားခိုင်ခံ့သော မိန်းမသားတဦးပီပီ ဟက်စတာပရင်းသည် မတ်မတ်ရပ်၍ နေနိုင်သော်လည်း မိမိ၏ရင်အုံကို လူပေါင်းများစွာတို့က တပြိုင်နက်တည်း စူးစိုက်၍ ကြည့်ရှုခြင်း ခံနေရသော အရှက်ကွဲသည့် ဒဏ်ချက်ကိုမူကား နာကြည်းလွန်းမက နာကြည်းစွာ ခံ၍ နေရရှာပေသည်။ အကယ်၍ လူအုပ်ကြီးသည် ဆူဆူညံညံ ရယ်မော ပြောင်လှောင်ကာ ဆဲရေးတိုင်းထွာကြမည်ဆိုပါက ဟက်စတာပရင်းသည် လူအုပ်ကြီးကို ပမာမခန့်သော အကြည့်မျိုးဖြင့် ကြည့်ကာ တုံ့ပြန် ခုခံနိုင်ပေလိမ့်ဦးမည်။ ယခုမူ မျက်နှာသေကြီးများဖြင့် စိတ်နှလုံး ငြိုငြင်စွာ ရင်အုံကိုသာ ဝိုင်း၍ ကြည့်နေကြသော ဒဏ်မှာကား အခံရ ဆိုးရွားလှပေသည်။ ထို့ကြောင့် ဟက်စတာပရင်းသည် အသံကုန်အော်၍ ဟစ်ပစ်လိုက်ချင်၏။ စင်မြင့်ပေါ်မှ မြေကြီးပေါ်သို့ ထိုး၍ လှဲချလိုက်ချင်သည်။ အလိုလိုနေရင်းကပင် ရူးတော့မည်ကဲ့သို့ ရင်ထဲ၌ ဆို့နင့်၍ လာလေတော့သည်။

တဖြည်းဖြည်းနှင့် ဟက်စတာပရင်းသည် သတိလစ်ဟင်းမတတ် ဖြစ်၍လာ၏။ လူအုပ်ကြီးကို ကြည့်နေရာက ဟက်စတာပရင်းသည် မျက်စိ စုံလုံးကန်းဘိသကဲ့သို့ ဖြစ်သည့်အခါ ဖြစ်၍ သွားရသည်။ ထိုအခါမျိုးတို့၌ လူအုပ်ကြီးသည် တဖြည်းဖြည်း မှုန်၍မှုန်၍ ဝါး၍ဝါး၍သွားကာ မျက်စိထဲမှ ပျောက်ကွယ်သွား၏။ လူအုပ်ကြီးကို မမြင်တော့။ ပတ်ဝန်းကျင်ကိုလည်း

မမြင်မိတော့။ မိမိ ငယ်စဉ်အခါ ကျောင်းတွင်နေစဉ်က ကစားခုန်စားခဲ့ပုံ၊ ရန်ဖြစ်ခဲ့ပုံ၊ အပျိုပေါက် ကလေး အရွယ်သို့ရောက်သောအခါတွင် အိမ်တွင်းမှုများကို လုပ်ကိုင်ရပုံတို့သည် ပြဇာတ်တခုကို ကြည့်မြင်နေရဘိသကဲ့သို့ မျက်စိရှေ့တွင် ပေါ်၍ လာကြလေတော့သည်။

ဟက်စတာပရင်းသည် အင်္ဂလန်ပြည်တွင် ကျန်ရစ်ခဲ့သော မိမိဇာတိချက်မြှုပ်ရာ ရွာကလေးကို လည်း မြင်၍ နေပြန်လေသည်။ ညိုမည်းသော ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည့် ငယ်စဉ်က နေထိုင်ရာ အိမ်အိုကြီးကိုလည်း မြင်မိ၏။ ဆင်းရဲနွမ်းပါးနေရသော်လည်း မိမိတို့ အိမ်အိုရှေ့ မျက်နှာစာတွင် မင်းပေး ဘွဲ့တံဆိပ် အဆောင်အယောင်များ တပ်ဆင်ထားနိုင်ခဲ့ပုံကိုလည်း ထင်ယောင်မြင်ယမ်း ဖြစ်၍ နေမိ၏။ ဖခင်ဖြစ်သူ၏ မျက်နှာနှင့် မိခင်၏ မျက်နှာကိုလည်း မြင်မိသည်။ အပျိုကလေးအရွယ်သို့ ရောက်လာသောအခါ မိခင်ဖြစ်သူက တိုးတိုးတိတ်တိတ် ကျိတ်၍ ဆုံးမသော စကားသံများကိုလည်း ကြားယောင်၍ လာရပေသည်။ အပျိုပေါက်ကလေး အရွယ်က မိမိ ချောမောခဲ့ပုံနှင့်တကွ မိမိအား ပိုးပန်းကြသော လူငယ်လူရွယ်များ၏ မျက်နှာများ ကိုလည်း မြင်မိ၏။ ထိုမျက်နှာများ၏အကြားမှ မျက်နှာတခုသည် ထင်းထင်းကြီး ပေါ်လွင်လာပြန်လေသည်။ ထိုမျက်နှာမှာ ယောကျ်ားတယောက်၏ မျက်နှာဖြစ်လျက် အသက်အရွယ် အတော်ကြီးရင့်သော မျက်နှာဖြစ်၏။ ထို့ပြင် ဖြူဖပ်ဖြူရော်ရှိကာ ခပ်သွယ်သွယ် နှင့် စာပေပညာ လိုက်စားသူတယောက်၏ မျက်နှာမျိုးလည်း ဖြစ်ပေသည်။ ထိုမျက်နှာရှိ မျက်လုံးများမှာ မွဲသီသောမျက်လုံးများ ဖြစ်ကြလျက် စာအုပ်များစွာတို့ကို လှေ့လာဖတ်ရှုထား သည့် မျက်လုံးများ ဖြစ်၏။ သို့သော် ထိုမျက်လုံးများသည် မွဲသီ၍ ညှိုးငယ်သောအသွင်ကို ဆောင်စေကာမူ ထူးခြားသော အလင်းရောင်တို့သည် ထိုမျက်လုံးများမှ ထွက်ပေါ်လျက် ရှိနေ၏။ မျက်လုံးပိုင်ရှင် ယောကျ်ား၏ ကိုယ်ဟန်ကိုလည်း ဟက်စတာပရင်း၏ မျက်လုံးများတွင် ထင်ရှားစွာ မြင်၍ လာရပြန်လေသည်။ ထိုသူ၏ သဏ္ဌာန်မှာ လက်ဝဲပခုံးက လက်ယာပခုံးထက် အနည်းငယ် မြင့်သော ယောကျ်ားတယောက်၏ သဏ္ဌာန်ပင် ဖြစ်၍ နေပေသည်။ ထိုနောက် ဟက်စတာပရင်းသည် ဥရောပတိုက်ရှိ မြို့ကြီးတမြို့ကို ထင်ယောင် မြင်ယမ်း ဖြစ်၍ လာရပြန်၏။ ထိုမြို့တွင် ပခုံးတဖက် နိမ့်မြင့် ယောကျ်ားတဦးနှင့် မိမိတို့ နေထိုင်ခဲ့ကြပုံကို ဟက်စတာပရင်း ကောင်းစွာ မှတ်မိနေပေသေးသည်။ သို့ မြင်နေရာမှ ဟက်စတာပရင်းသည် သတိပြန်၍ လည်လာရာ မိမိ၏ ပတ်ဝန်းကျင်ကို ပြန်၍ မြင်လာလေသည်။ ကြက်သွေးရောင် ထ၍ နေသော "အေ" အက္ခရာကို ရင်ဘတ်ပေါ်တွင် ဆင်မြန်းကာ သမီးငယ်ကိုပိုက်၍ လူအုပ်ကြီး၏ ဝိုင်းဝန်းကြည့်ရှုခြင်းကို မိမိ ယခု ခံနေရသည်မှာ ဟုတ်မှ ဟုတ်လေရဲ့လား... ဟု ဟက်စတာပရင်း ဝိုးတိုးဝါးတားများပင် ဖြစ်၍ နေရပေသည်။

၄။ မှတ်မိခြင်း

အသည်းနာလောက်အောင် အရုက်တကွဲ အကျိုးကြီး နည်း၍ နေရသော စိတ်ဝေဒနာကို ခံစား၍ နေရရာမှ ဟက်စတာပရင်းသည် မိမိအား ဝိုင်းအုံ ကြည့်ရှုနေသော လူအုပ်ကြီး၏ အစွန်အဖျား တွင် တစုံတယောက်ကို မြင်လိုက်ရသောကြောင့် မိမိ၏ ရုက်စရာကောင်းလှသော အဖြစ်ကိုပင် မေ့လျော့၍ သွားလုမတတ်ဖြစ်၍ သွားရပေတော့သည်။ ဟက်စတာပရင်း ရှေးဦးစွာ မြင်လိုက်ရသော သူမှာ လူရိုင်းနီတဦး ဖြစ်၏။ လူရိုင်းနီများကို မကြာခဏ တွေ့မြင်ခဲ့ကြဖူး၍ ထိုလူရိုင်းနီသည် ဟက်စတာပရင်း၏အဖို့ အံ့သြ စိတ်ဝင်စားလောက်အောင် ထူးခြားသောသူ မဟုတ်ပေ။ ဟက်စတာပရင်း၏ မျက်လုံးများကို ဆွဲငင်လိုက်သောသူမှာကား ထိုလူရိုင်းနီ၏ အနီးတွင် မတ်တတ်ရပ်၍နေသော လူထူးလူဆန်း တယောက်ပင် ဖြစ်လေတော့သည်။ ထိုသူသည် လူရိုင်းနီများ၏ အဝတ်အစားနှင့် လူယဉ်ကျေးတို့၏ အဝတ်အစား နှစ်မျိုးစလုံးကို ရောနှော ဝတ်ဆင်ထားသောသူ တယောက်ပင် ဖြစ်ချေသည်။

အဝတ်အစား ခပ်ဆန်းဆန်း ဝတ်ဆင်၍ထားသော ထိုသူမှာ အရပ် ခပ်နိမ့်နိမ့် ဖြစ်ပြီးလျှင် နဖူးရေများ တွန့်လျက်ရှိ၏။ သို့သော် သူ၏ရုပ်သွင်မှာ အသက်အရွယ် အလွန်တရာအိုမင်းသော ရုပ်သွင်မျိုး မဟုတ်ပေ။ သူ၏ မျက်နှာပေါက်မှာ အသိဉာဏ်ရှိသော သူတယောက်၏ မျက်နှာပေါက်မျိုး ဖြစ်လေသည်။ အလွန်တရာ ထူးခြားသည်မှာကား အဝတ်အစားကို အဘယ်မျှပင် ကိုးရိုးကားရား ဝတ်ဆင်၍ ထားစေကာမူ သူ၏ လက်ဝဲပခုံးသည် လက်ယာပခုံးထက် ပိုမို၍ မြင့်နေသည်မှာ ဟက်စတာပရင်း မမြင်ဘဲ မနေနိုင်အောင် ပေါ်လွင်ထင်ရှားလျက် ရှိနေပေသည်။ ထိုသူ၏ ခပ်သွယ်သွယ်နေသော မျက်နှာပေါက်နှင့်တကွ တဖက်နိမ့်မြင့် ဖြစ်နေသော ပခုံးတို့ကို မြင်လိုက်ရသော ခဏတွင် ဟက်စတာပရင်း၏ မျက်လုံးများမှာ ပြူးကျယ်၍ သွားပြီးလျှင် ယောင်ယမ်း၍ မိမိ၏ ရင်ခွင်ထဲ၌ရှိသော ကလေးငယ်ကို ပို၍တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်မိပေ၏။ ယင်းသို့ ကယောင်ကတမ်း ပြုမိသောကြောင့်ပင် ရင်ခွင်ထဲရှိ ကလေးငယ်သည် ရုတ်တရက် လန့်၍ ငိုရှာလေတော့သည်။ သို့သော် မိခင်ဖြစ်သူ ဟက်စတာပရင်းသည် ကလေးငယ် ငိုသံကို ကြားလိုက်မိဟန် မရှိ။

လူဆန်းသည် ဟက်စတာပရင်းအား စူးစူးစိုက်စိုက်ကြီး ကြည့်နေပေသည်။ ကြည့်ရင်း ကြည့်ရင်းပင် ထိုသူ၏ မျက်နှာတွင် အကြောများ တဆတ်ဆတ် လှုပ်ရှားလာလျက် စိတ်ဝေဒနာ တစုံတရာကို အပြင်းအထန် ခံနေရပုံ

ပေါ်ပေါက်လျက် ရှိပေသည်။ သူ၏မျက်နှာသည် ညိုမည်းလျက် ညှိုးငယ်သောအသွင်ကို ဆောင်လျက် ရှိပေ၏။ အတော်ကြာမှ ထိုသူသည် အပျက်ပျက်ဖြစ်နေသော သူ၏ကြွန္တေကို မနည်းကြီး ဆည်နိုင်လေတော့သည်။ ဟက်စတာပရင်း ၏ မျက်လုံးများနှင့် သူ၏မျက်လုံးများ ဆုံမိကြသောအခါ၌ ထိုသူသည် မိမိအား ဟက်စတာပရင်းက ကောင်းစွာ မှတ်မိကြောင်းကို ချက်ချင်း သိ၍သွားကာ သူ၏လက်ညှိုးကို မသိမသာ သူ၏ နှုတ်ခမ်းတွင်ကပ်၍ တိတ်တိတ်နေရန် အမူအရာကို ပြလိုက်လေသည်။ ထို့နောက် အဝတ်အစားကို ကိုးရိုးကားရားနှင့် ပခုံးတဖက် နိမ့်မြင့်ရှိသော သူသည် သူ၏အနီးတွင် ရပ်၍နေသော ဘော်စတွန်မြို့သားတယောက်အား ပခုံးကို တို့လိုက်ပြီးလျှင် ရိုသေယဉ်ကျေးသော အမူအရာဖြင့် "တဆိတ် ခင်ဗျာ... အခု တမြို့လုံးရဲ့ရှေ့မှောက်မှာ အရှက်တကွဲ အကျိုးနည်းအောင် အပြစ်ဒဏ် ခံနေရတဲ့ မိန်းမဟာ ဘယ်သူပါလဲ ခင်ဗျာ" ဟု မေးလိုက်လေသည်။

ဤတွင် ဘော်စတွန် မြို့သားကြီးသည် အဝတ်အစား ခပ်ဆန်းဆန်း ဝတ်ထားသောသူကို လည်းကောင်း၊ ထိုသူ၏ အဖော်အလျော် ဖြစ်ဟန်တူသော လူရိုင်းနီကိုလည်းကောင်း တချက် အကဲခတ်၍ ကြည့်လိုက်ပြီးကာမှ "ဩော်... မောင်ရင်က ဒီနယ်သား မဟုတ်ဘူး ထင်ပါရဲ့။ ဒီနယ်သားသာ ဆိုလို့ရှိရင် ဟက်စတာပရင်းရဲ့အကြောင်းကို သိရမပေါ့။ အဲဒီသူငယ်မ နာမည်က ဟက်စတာပရင်းတဲ့ကွယ့်။ ဒီသူငယ်မဟာ သင်းအုပ်ဆရာကြီး ဒင်းမစ်ဒေးရဲ့အဆုံးအမကို မနာခံဘဲ အပြစ်ကျူးလွန်လို့ပေါ့ကွယ်" ဟု ပြောလိုက်လေသည်။

လူထူးလူဆန်းသည်လည်း ဟက်စတာပရင်းကို တချက် လှမ်းကြည့်လိုက်ပြီးနောက် "ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်က ဒီနယ်မှာတော့ လူစိမ်းပါပဲ။ ကျွန်တော်ကတော့ နေရာအနှံ့ သွားလာနေရတဲ့ ခရီးသည်တယောက်ပေါ့ ခင်ဗျာ။ ဒုက္ခလည်း အမျိုးမျိုး တွေ့ခဲ့ပါတယ်။ လူရိုင်းတွေက ပြန်ပေးဆွဲသွားလို့ အခုမှ ပြန်ပေးဆွဲခံရတာက လွတ်ပြီး ဒီနယ်ကို ရောက်အောင် ဒီလူရိုင်းတွေက လိုက်ပို့တာပဲ။ ဒါနဲ့ခင်ဗျာ... ဟက်စတာ ပရင်း အဲ... အဲ... အဲသည် နာမည် ဟုတ်ပါစ ခင်ဗျာ။ ဟုတ်ကဲ့.... အဲသည်မိန်းမရဲ့အပြစ်တွေဟာ ဘယ်လိုအပြစ်တွေမို့ အခုလို စင်မြင့်ပေါ်တင်ပြီး အရှက်ကွဲခံရတဲ့ အပြစ်ဒဏ်ကို ခံနေရတာလဲ ခင်ဗျာ။ ကျွန်တော့်ကို ပြောမပြနိုင်ဘူးလား" ဟု မေးလိုက်ပြန်၏။

ထိုအခါတွင် ဘော်စတွန်မြို့သားကြီးက "တခြား ဟုတ်ပါရိုးလား မောင်ရ၊ ဟိုစင်မြင့်ပေါ်က သူငယ်မဟာ အင်္ဂလိပ်လူမျိုး ပညာတတ်တယောက်ရဲ့မိန်းမပေါ့။ သူတို့လင်မယားဟာ လက်ဦးဆုံးတော့ ဟော်လန်ပြည်က အမ်စတာဒမ်မြို့မှာ နေကြတာပေါ့။ အဲသည်နောက်တော့ ကာ သူ့ခင်ပွန်း အင်္ဂလိပ်လူမျိုးဟာ

ကျုပ်တို့နဲ့အတူ ဟောဒီ အမေရိကတိုက် မက်ဆာချူးဆက် နယ်ကို ပြောင်းရွှေ့လာဖို့ ဆုံးဖြတ်လိုက်တယ်။ တိုင်းသစ် ပြည်သစ်မှာ ဘဝသစ် ထူထောင်ဖို့ ပေါ့လေ။ သို့သော် အဲသည်လူဟာ ကိစ္စကလေးတချို့ မပြီးပြတ်သေးတာနဲ့ အမ်စတာဒမ်မြို့မှာ နေခဲ့ရပြီးတော့ သူ့မိန်းမကိုတော့ ကျုပ်တို့လူစုနဲ့တူတူ သင်္ဘောနဲ့ ထည့်လိုက်တယ်လေ။ ဟောဒီမြို့ကို ကျုပ်တို့ ရောက်လို့ နှစ်နှစ်လောက်ကြာတဲ့အချိန်အထိ ဟက်စတာပရင်းဟာ သူ့ခင်ပွန်းဆီက ဘာသတင်း အစအနမှ မကြားရဘူး။ သူ့ယောကျ်ားဆီက ဘာမှ မကြားရတဲ့ အဲဒီနှစ်နှစ်အတွင်းမှာ ဟက်စတာပရင်းဟာ အခု မြင်တဲ့အတိုင်း ဖောက်လွဲဖောက်ပြန်တွေ ဖြစ်တာပေါ့ကွယ်” ဟု ပြောလိုက်ရာ ခပ်ဆန်းဆန်းလူက “သြော်… သြော်… ဒီလိုကိုး ခင်ဗျာ။ သိပြီ… သိပြီ၊ ကျွန်တော် သိပါပြီ။ ဒါဖြင့် ခင်ဗျာ.. ဟို သူငယ်မ မိုက်တာထက် ကလေးကလေးဟာ ဘယ်သူ့ကလေးများပါလိမ့်။ ကြည့်ရတာ သုံးလေးလသားလောက်တော့ ရနေပြီ ထင်ပါရဲ့ဗျာ” ဟု ခပ်ပြုံးပြုံး မေးလိုက်ပြန်လေသည်။

ထိုအခါ ဘော်စတွန်မြို့သားကြီးက “ဒီကလေးအဖေဟာ ဘယ်သူလဲလို့ဆိုတာ ခုထက်ထိ မသိရသေးဘဲ ပြဿနာကြီးတရပ် ဖြစ်နေသပေါ့ကွယ်။ ဗေဒင်မှန်အောင် ဟောနိုင်တဲ့ပုဏ္ဏား ရှာရမလို ဖြစ်နေပြီ။ တမြို့လုံးက ဝိုင်းပြီးတော့ မေးကြပါရဲ့။ ဒါပေမဲ့ ကလေးအဖေ ဘယ်သူ ဘယ်ဝါပဲဆိုတာ ဟက်စတာပရင်းက မပြောဘူးကွယ့်။ တရားသူကြီးတွေကပဲ ကလေးအဖေ ပြောဖို့ကိစ္စနဲ့ ပတ်သက်ပြီး ခေါင်းချင်းရိုက်နေကြတာ ကြာပြီလေ။ အင်း… အခု စုဝေးနေတဲ့ လူသိုက်ထဲမှာ ကလေးအဖေ ပါချင်ပါမယ်၊ အဲဒါကတော့ သေချာသလောက်ပဲ။ ဘယ်သူမှန်း မသိရတာ ခက်တယ်။ သူ့ကြောင့် သူ့ရင်သွေးကလေးနဲ့ သူ့တိတ်တိတ်ပုန်း မယားငယ်တို့ အရှက်ကွဲ ခံနေရတာကိုမှ မသနားတော့ဘူးလား မသိဘူး မောင်ရဲ့” ဟု ပြောလိုက်ပြန်လေသည်။

ထိုအခါတွင် လူစိမ်းက “သူ့ယောကျ်ားကိုယ်တိုင် လာပြီးတော့ ဒီကိစ္စကြီးကို ရှင်းပေးဖို့ ကောင်းတာပေါ့ ခင်ဗျာ” ဟု ပြောလိုက်ရာ မြို့သားကြီးက “သူ့ယောကျ်ားဟာ သေသလား ရှင်သလားတောင်မှ မသိရဘဲကွယ်၊ ဘယ့်နှယ့်လုပ်ပါ့မလဲ။ အဲသည်လို မုဆိုးမ ဖြစ်မှန်းမသိ မဖြစ်မှန်း မသိရသေးတဲ့ မိန်းမသားမို့ ကျုပ်တို့ တရားသူကြီးတွေက သက်ညှာစွာ စဉ်းစားပြီး ဟက်စတာပရင်းဟာ အခုလို စင်မြင့်ပေါ်မှာ သုံးနာရီရပ်ပြီးတော့ အရှက်ခွဲ ခံရမယ်၊ ပြီးတော့ကာ တသက်လုံး ဒဏ်ခံရတဲ့အနေနဲ့ သူ့အင်္ကျီရင်ဘတ်မှာ “အေ” အက္ခရာ အနီကို ဆင်မြန်းပြီး မသေမချင်း နေရမယ်လို့ ဒဏ်ခတ်လိုက်ကြတယ်ကွယ့်” ဟု ပြောပြနေလေသည်။

လူစိမ်းသည် ဦးညွှတ်၍ အရိုအသေပြုရာမှ “အင်မတန် လျော်ကန်တဲ့

စီရင်ချက်ပါပဲ ခင်ဗျာ၊ ဒါမှ သူဟာ တခြားလူတွေအတွက် စံပြဖြစ်မှာပါ။ သူ မသေမချင်း လူတွေဟာ သူ့ကိုကြည့်ပြီး မမိုက်ရဲကြဘူးပေါ့ ခင်ဗျာ။ ဒါပေမဲ့ဗျာ... တခုတော့ ရှိပါတယ်၊ သူနဲ့အတူတူ အပြစ်ကျူးလွန်တဲ့ ယောကျ်ားသားဟာ ပုန်းကွယ်နေပြီးတော့ မိန်းမသားတယောက်တည်း ဒဏ်ခတ်ခံရတာဖြင့် မကောင်းလှပေဘူးဗျာ။ ဒဏ်ခံရမယ်ဆိုရင် အတူတူ တွဲပြီး ခံရတာက တရားပါလိမ့်ဦးမယ်။ နို့ပေမဲ့ဗျာ ဒီကိစ္စမျိုးဟာ တရားခံ မပေါ်ဘဲ မနေပါဘူး၊ ပေါ်လာမှာပါပဲ။ တရားခံ ယောကျ်ားဟာ ပေါ်လာမှာပါပဲ စောင့်သာ ကြည့်ပါ" ဟု ပြောလိုက်လေ၏။

စကားအပြီးတွင် လူစိမ်းသည် မြို့သားကြီးအား အရိုအသေပေးပြီးနောက် သူ၏ အဖော်ဖြစ်သော လူရိုင်းနီကို တစုံတရာ တီးတိုး၍ ပြောလိုက်ပြီးလျှင် လူအုပ်ကြီးကြားထဲသို့ တိုးဝင်၍ သွားလေ၏။

လူထူးလူဆန်းနှင့် ဘော်စတွန်မြို့သားကြီးတို့ စကားပြောနေကြသည့်အချိန်တွင် ဟက်စတာ ပရင်းသည် စင်မြင့်ပေါ်မှနေ၍ လူထူးလူဆန်းအား စူးစူးဝါးဝါးကြီး စိုက်၍ ကြည့်နေလေသည်။ သူကြည့်၍နေပုံမှာ ကမ္ဘာလောကခေတ် တခုလုံးတွင် သူနှင့် လူထူးလူဆန်းတို့ နှစ်ယောက်ထဲသာ ရှိတော့သည့်ပုံမျိုး ဖြစ်၍နေလေသည်။ ကြည့်ရင်း ကြည့်ရင်းကပင် ဟက်စတာပရင်းသည် မိမိအား ဝိုင်းဝန်း၍ ကြည့်ရှုနေသော လူအုပ်ကြီးကိုပင် ကျေးဇူးတင်မိလေသည်။ အကယ်၍သာ မိမိနှင့် လူထူးလူဆန်းတို့ နှစ်ယောက်ထဲသာ ကမ္ဘာပေါ်တွင် ရှိမည်ဆိုပါလျှင်ကား မိမိအဖို့၌ မည်မျှ အနေရကျပ်မည်ကို ဟက်စတာပရင်း တွေး၍ နေမိလေသည်။ ထိုကြောင့် ဟက်စတာပရင်းသည် လူစုလူဝေးကြီး၏ မျက်မှောက်မှ ဖဲကြဉ်သွားရမည်ကိုပင် ကြောက်ရွံ့မိ သကဲ့သို့ ဖြစ်၍ နေမိပေသည်။ ဟက်စတာပရင်း၏ ရင်ထဲတွင် အတွေးမျိုးစုံတို့ ဝဲလှည့်၍ ဗလောင်ဆန်နေသည့် အခိုက်အတန့်တွင် အသံတသံက သူ၏ နောက်မှနေ၍ "ငါ၏စကားကို နားထောင်လေ ဟက်စတာပရင်း" ဟူ၍ ထွက်ပေါ်လာလေရာ၊ ထိုအခါတွင်မှ သတိ လစ်ဟင်းသူကဲ့သို့ ဖြစ်၍နေရှာသော ဟက်စတာပရင်းသည် ပြန်၍ သတိရလာလေသည်။

ထိုအသံသည် အစည်းအဝေး ခန်းမဆောင်ကြီး၏ လသာဆောင်မှ ထွက်ပေါ်လာသော အသံပင် ဖြစ်လေသည်။ ဤလသာဆောင်သည် လူထုနှင့် သက်ဆိုင်သော ကြေညာချက် အမျိုးမျိုးတို့ကို မြို့ပြဆိုင်ရာ အုပ်ချုပ်သူ အရာရှိများက အများသူငါ ကြားအောင် ကြေညာရာဌာနပင် ဖြစ်လေသည်။ ထိုနေရာတွင် မြို့နယ်မင်းကြီးဖြစ်သူ ဘယ်လင်ဟမ်နှင့်တကွ သူ၏ ကိုယ်ရံတော် လေးယောက်တို့ ထိုင်လျက် ရှိကြလေသည်။ မင်းကြီး၏အပြင် အခြားသော မြို့နယ်အုပ်ချုပ်သူ အရာရှိ အမှုထမ်းများလည်း ရှိ၍ နေကြလေသည်။

မိမိ၏အမည်ကို ခေါ်သံ ကြားလိုက်သောအခါ၌ ဟက်စတာပရင်းသည် လသာဆောင်ဆီသို့ မျက်လွှာကို လှန်၍ မော်ကြည့်လိုက်ရှာလေသည်။ အရာရှိတစုသည်ကား ဟက်စတာပရင်းအား စီရင်ချက်ချကာ အပြစ်ပေးသူများ ဖြစ်လေသည်။ ဝိုင်းအုံ ကြည့်ရှုနေသော လူအုပ်ကြီးမှာ ဟက်စတာပရင်းအား ကဲ့ရဲ့ရှုတ်ချသော မျက်လုံးများဖြင့် ကြည့်၍ နေကြစေကာမူ ဟက်စတာ ပရင်း၏ အပေါ်တွင် မည်သို့မျှ အပြစ်ဒဏ် ခတ်နိုင်သူများ မဟုတ်ပေ။ ထိုအချက်ကို တွေးမိရှာသော ဟက်စတာပရင်းသည် လူစုလူဝေးကြီး၏ မျက်လုံးဒဏ်ထက် လသာဆောင် ပေါ်ရှိ အရာရှိများ၏ လေသံကို ပိုမို၍ ကြောက်ရွံ့နေရပေသည်။ ထိုကြောင့် လသာဆောင်ပေါ်သို့ လှမ်း၍ ကြည့်လိုက်သောအခါတွင် ဟက်စတာပရင်း၏ မျက်နှာတွင် သွေးဆုတ်သွားလျက် တကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်၍ လာရရှာလေတော့သည်။

ဟက်စတာပရင်း၏အမည်ကို ခေါ်လိုက်သော အသံသည် ဂိုဏ်းအုပ်ကြီး ဂျွန်ဝီလဆင်၏ အသံပင် ဖြစ်လေသည်။ ဂိုဏ်းအုပ်ကြီးသည် ဟက်စတာပရင်းအား ကဲ၍ တချက်ကြည့်လိုက်ပြီးလျှင် "အဘယ် ဟက်စတာ ပရင်း... အသင်သည် ကျွန်ုပ်၏ လက်ထောက်ဖြစ်သော သင်းအုပ်ဆရာ ဒင်းမစ်ဒေး၏ အဆုံးအမကို ခံယူနေရသောသူ ဖြစ်သည်။ အသင်သည် ကျွန်ုပ်အား အသင်၏ ပြစ်မှုအားလုံးတို့ကို ဖွင့်အန်၍ ပြောကာ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ခံယူမည်လော၊ သို့တည်းမဟုတ် ကျွန်ုပ်၏ လက်ထောက်ဖြစ်သူ သင်းအုပ်ဆရာ ဒင်းမစ်ဒေး၏ ရှေ့မှောက်၌ သင်၏ ပြစ်မှု အားလုံးတို့ကို ဖွင့်အန်၍ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ခံယူမည်လော" ဟု မေးလိုက်လေသည်။

ထိုကဲ့သို့ မေးပြီးသောအခါ၌ လသာဆောင်ပေါ်တွင် ရှိသော လူစုသည် တီးတိုး တီးတိုးနှင့် ဖြစ်၍ သွားကြလေသည်။ ထိုနောက် မင်းကြီးဖြစ်သူ ဘယ်လင်ဟမ်က တည်ကြည်ငြိမ်သက်သော မျက်နှာထားဖြင့် ဒင်းမစ်ဒေး၏ဘက်သို့ လှည့်လိုက်ပြီးလျှင် "သင်းအုပ်ဆရာကြီး ဒင်းမစ်ဒေး ခင်ဗျား ... ဒီကိစ္စမှာ ဟက်စတာပရင်းဟာ သင်းအုပ်ဆရာကြီးရဲ့ အပြောအဟော အဆုံးအမကို ခံယူနေသူ ဖြစ်တဲ့အတွက် သူ့ရဲ့ဖွင့်ဟဝန်ခံချက်ကို ရဖို့ ခင်ဗျားမှာ တာဝန်အများကြီး ရှိနေပါတယ်" ဟု ပြောလိုက်လေသည်။

မင်းကြီးကိုယ်တိုင်က ဤကဲ့သို့ တာဝန်ချပေးလိုက်သောကြောင့် လူထုကြီးသည် သင်းအုပ်ဆရာ မစ္စတာဒင်းမစ်ဒေးကို စူးစိုက်ကြည့်လိုက်မိကြလေသည်။ ဒင်းမစ်ဒေးမှာ အင်္ဂလိပ်တက္ကသိုလ်ကြီး တခုမှ ပညာ တတ်မြောက်ခဲ့ပြီးလျှင် အမေရိကန်ပြည်နယ်ရိုင်းကြီး၌ ဘော်စတွန်မြို့ တည်ထောင်ဖွင့်လှစ်ထားသော အခါတွင် လာရောက်၍ သင်းအုပ်ဆရာအဖြစ်ဖြင့် အမှုထမ်း၍ နေရသော လူငယ်တဦး ဖြစ်လေသည်။ ကျမ်းစာ ဟောကောင်း၍

ဘုရားသခင်ကို အလွန် ယုံကြည်သူ ဖြစ်သောကြောင့် ဒင်းမစ်ဒေးအား တမြို့လုံး၊ တနယ်လုံးကပင် လေးစားလျက် ရှိကြပေသည်။ သူ၏ ရုပ်ရည်သဏ္ဌာန်မှာ တွေ့လိုက်လျှင် တခါနှင့် မှတ်မိလောက်သော ရုပ်ရည်သဏ္ဌာန်မျိုး ဖြစ်လေသည်။ အရပ်ရှည်၍ မဟာနဖူး ကျယ်ပြီးလျှင် ရီဝေသော မျက်လုံးများရှိလျက် နှုတ်ခမ်းများမှာ တရွရွ လှုပ်ရှားကာ အသိဉာဏ် လျှင်မြန်ထက်မြက်သော အရည်အချင်းကို ပြသလျက် ရှိကြပေသည်။ အနေအထိုင်လည်း ရိုးသား၏။ သန့်ရှင်း သပ်ရပ်စွာ နေထိုင်တတ်သူလည်း ဖြစ်လေသည်။ ထိုကြောင့် ဒင်းမစ်ဒေးအား တမြို့လုံးကပင် ချစ်ကြောက် ရိုသေဖြစ်၍ နေကြရပေသည်။

ဂိုဏ်းအုပ်ဆရာကြီး ဂျွန်ဝီလဆင်သည် ဒင်းမစ်ဒေးဘက်သို့ လှည့်၍ "ကဲ... ဟိုသူငယ်မကို မောင်ကိုယ်တိုင်ပဲ စစ်ဆေးပေတော့" ဟု အမိန့် ချလိုက်လေသည်။

ဒင်းမစ်ဒေးသည် ဦးခေါင်းညွတ်၍ အတော်ကြာအောင် ဘုရားသခင်ထံ၌ ဆုတောင်း၍ နေပြီးမှ လသာဆောင်ရှေ့ပိုင်းသို့ ထွက်၍ လာပြီးလျှင် –

"အဘယ် ဟက်စတာပရင်း... အသင်သည် အကယ်၍ ဝိညာဉ်၏ ငြိမ်းချမ်းမှုကို လိုလားငြားအံ့။ အကယ်တိ ဝိညာဉ်၏ ငြိမ်းချမ်းမှုကို လိုလားပါလျှင် အသင်သည် အသင်နှင့်အတူ ကျင့်ဝတ်ပျက်ပြား ဖောက်ပြန်သူ၏ အမည်ကို ထုတ်ဖော်လေလော့။ ထိုသူအား မှားယွင်းစွာ သနားသောအားဖြင့် သူ၏အမည်ကို ထိမ်ဝှက်၍ မထားလင့်။ အဘယ်မျှပင် ရာထူးကြီးမြင့်သူ၊ ဂုဏ်သရေကြီးမြင့်သူ ဖြစ်စေကာမူ ထိုသူအား ထိမ်ဝှက်၍ မထားသင့်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ကိုယ်တော်မြတ်သည် သင်တို့၏အပြစ်ကို သိနှင့်ပြီး ဖြစ်၍နေပေသည်။ အပြစ်ရှိသောသူသည် အပြစ်ရှိသူတို့ သွားရာလမ်းကိုသာ လိုက်ရပေမည်။ အကယ်၍ သင်သည် ထိုသူ၏အမည်ကို ထုတ်ဖော်၍ မပြောဘဲ နေငြားအံ့။ သင်သည် အပြစ်ရှိသောသူကို အပြစ်မရှိသူသဖွယ် ထပ်မံလိမ်လည်မှု ပြု၍နေအောင် အားပေးသည်နှင့် တူ၍ နေပေလိမ့်မည်" ဟု အောင်မြင်လေးနက်သော အသံဖြင့် ပြောလိုက်လေသည်။

မစ္စတာ ဒင်းမစ်ဒေး၏ အသံမှာ အင်မတန်အောင်မြင်၍ လှိုက်လှိုက်လှဲလှဲ ရှိလှပေ၏။ မစ္စတာ ဒင်းမစ်ဒေး၏အသံ လှိုက်လှိုက်လှဲလှဲ ရှိသည်နှင့်အမျှ ထိုအသံကို ကြားရသူ ပရိသတ် အားလုံးတို့မှာလည်း ရင်ထဲတွင် တလှိုက်လှိုက်ဖြစ်၍ လာရပေသည်။ ထိုအခိုက်အတန့်တွင် ဟက်စတာပရင်း၏ ရင်ခွင်ထဲ၌ ရှိသော ကလေးငယ်သည် အော်၍ ငိုလိုက်ရှာလေသည်။ ဟက်စတာပရင်းသည် ကလေးငယ်၏ ငိုသံကို မကြားလိုက်မိဘဲ မစ္စတာ ဒင်းမစ်ဒေးအား မျက်လုံးချင်းဆိုင်၍ မော့ကြည့်ကာ သူ့ခေါင်းကို ခါယမ်း၍ ပြောလိုက်လေသည်။

မစ္စတာ ဂျွန်ဝီလဆင်သည် ဟက်စတာပရင်း ခေါင်းခါ၍ ပြလိုက်သောအခါ၌

ပို၍ စိတ်တိုလာဟန်ဖြင့် "အဘယ် ဟက်စတာပရင်း... သင်၏ ရင်ခွင်ထဲ၌ရှိသော သမီးငယ်က ပင်လျှင် သင့်အား အပြစ်ရှိသူ၏အမည်ကို ထုတ်ဖော်၍ပြောရန် တိုက်တွန်းသောအားဖြင့် ငိုကြွေးလျက် ရှိချေပြီ။ ထို့ကြောင့် အပြစ်ရှိသူ၏အမည်ကို ထုတ်ဖော်၍ ပြောလော့...။ အသင်သည် နောင်တ တရားရ၍ ထိုသူ၏နာမည်ကို ထုတ်ဖော်ပြောဆိုပါလျှင် သင့်အား တသက်ပတ်လုံး ကြက်သွေးရောင် နီရဲသောစာလုံးကို ရင်အုံတွင် ဆင်မြန်းရသည့် အပြစ်ဒဏ်မှ ကင်းလွတ်ချမ်းသာခွင့် ငါတို့ ပေးအံ့" ဟု ပြောလိုက်လေ၏။

လသာဆောင်ပေါ်တွင် ငြိမ်သက်၍ သွား၏။ သို့သော် လူအုပ်ကြီးထဲမှ အသံတသံက "မင့်ကလေးကို အဖေပေါ်အောင် ပြောပါလား" ဟု တင်းမာစွာ ပြောလိုက်လေ၏။ အသံရှင်မှာ အခြားသူ မဟုတ်၊ ပခုံးတဖက်နိမ့်မြင့်နှင့် လူထူးလူဆန်းပင် ဖြစ်လေသည်။ ဤတွင် ဟက်စတာပရင်းသည် အသံရှင်ကို လှည့်၍ ကြည့်လိုက်ပြီးလျှင် "ကျွန်မ မပြောနိုင်ပါဘူး၊ ကောင်းကင်ဘုံက ဘုရားသခင်သာ ဒီကလေးရဲ့ဖခင် ဖြစ်ပါတော့မယ်။ ကျွန်မ ဘယ်နည်းနဲ့မှ မပြောနိုင်ပါဘူး" ဟု ဆိုလိုက်လေသည်။

မည်သို့မှ တိုက်တွန်း၍မရသော ဟက်စတာပရင်းအား ကြည့်ကာ ဂိုဏ်းအုပ်ဆရာကြီး မစ္စတာ ဝှူန်ဝီလဆင်သည် လူထုကြီးအား မကောင်းမှုများနှင့် ပတ်သက်၍ ကျမ်းစာဟောလေတော့ သည်။ လူထုကြီးသည် မစ္စတာ ဝီလဆင်၏ စကားကို ငြိမ်သက်စွာ နားထောင်နေကြ၏။

ထိုအခိုက်အတန့်ကလေးတွင် ဟက်စတာပရင်းသည် အရှက်၏ ဗဟိုချက်ဖြစ်သော စင်မြင့်ပေါ်၌ မတ်တတ်ရပ်လျက်ရှိကာ သူ၏မျက်လုံးများမှာ အရောင်အဆင်း ကင်းမဲ့လျက် လူသေ အလောင်းကောင်၏ မျက်လုံးများကဲ့သို့ ဖြစ်၍နေပေသည်။ ကြာရှည် မတ်တတ်ရပ်၍ နေရသဖြင့် ပင်ပန်းနွမ်းရိသော အသွင်သည်လည်း မျက်နှာတွင် ပေါ်ပေါက်လျက် ရှိနေပေသည်။ ကိုယ်ရောစိတ်ပါ နွမ်းနယ်၍ နေရသူ ဖြစ်သည့်အတိုင်း စူးစိုက်သော မျက်လုံးများနှင့် မိမိအား ဝိုင်းဝန်းကြည့်ရှုနေကြသော လူအုပ်ကြီးနှင့်တကွ လသာဆောင်ပေါ်ရှိ အရာရှိများကိုပင်လျှင် လုံးဝ ဥပေက္ခာပြု၍ထားသော ဟန်မျိုး ရှိနေပေသည်။ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် မတ်တတ်ရပ်၍ နေရသော အခိုက်အတန့် တလျှောက်လုံးတွင်ပင် ဂိုဏ်းအုပ်ဆရာကြီး ဝှူန်ဝီလဆင်သည် အဆက်မပြတ် မကောင်းမှုတရားတို့၏ မကောင်းကျိုးပေးပုံကို ဟော၍ နေပေသည်။ ဟောပြောသံသည် လူအုပ်ကြီး၏အဖို့တွင် စိတ်ဝင်စားဖွယ်ရာ ဖြစ်သော်လည်း ဟက်စတာပရင်း၏ နားတွင်းသို့မူကား မဝင်ပေ။ ဟက်စတာပရင်းသည် ငြိမ်သက်လျက် ငိုင်ငိုင်ကြီး ဖြစ်၍နေရှာ၏။ သူ၏ရင်ခွင်တွင် ပွေ့ပိုက်၍ထားသော ကလေးငယ်မှာမူကား ပြင်းထန်လှသော နေရောင်ခြည်၏ဒဏ်ကို

မခံမရပ်နိုင်သည့်အလား တအီအီနှင့် ငိုကြွေးလျက် ရှိနေပေသည်။ ဟက်စတာပရင်းသည် ကလေးငယ်အား အငိုတိတ်အောင် ကြိုးစား ချော့မော့ရာ၏။ သို့သော် ထိုကဲ့သို့ ချော့မော့ပုံမှာ စက်ရုပ်သဏ္ဌာန်နှင့် တူ၍ နေပေသည်။

သို့နှင့်ပင် တဖြည်းဖြည်း မွန်းတည့်ခဲ့၏။ မွန်းတည့်ချိန်သို့ ရောက်ခဲ့သောအခါတွင် ဟက်စတာပရင်း၏ အပြစ်ဒဏ် ခံရသောအချိန် စေ့ပြီဖြစ်သောကြောင့် မြို့ပြဆိုင်ရာ အရာရှိက ဦးဆောင်၍ ဈေးမြေကွက်လပ်မှ ထောင်ဘက်သို့ ပြန်လည် ခေါ်ဆောင်၍ သွားလေသည်။ လူအုပ်ကြီးသည် ဟက်စတာပရင်း၏နောက်မှ လိုက်၍ ကြည့်ကြ၏။ နောက်ဆုံးတွင် ဟက်စတာပရင်းသည် ထောင်အတွင်းသို့ ရောက်ကာ ရှေ့က ထောင်တံခါးကြီး ပိတ်၍ သွားသောအခါတွင်မှ လူအုပ်ကြီး၏ ဝိုင်းဝန်းကြည့်ရှုသော မျက်လုံးဒဏ်မှ လွတ်ကင်း၍ သွားရရှာလေတော့သည်။

၅။ တွေ့ဆုံခြင်း

ထောင်ထဲသို့ ပြန်လည်ရောက်ပြီးသည့်နောက်တွင် ဟက်စတာပရင်းသည် အလွန်တရာ စိတ် ထိတ်လန့် တုန်လှုပ်ချောက်ချားလျက် ဂနာမငြိမ်နိုင်အောင် ဖြစ်၍နေသည်ကို ထောင်အရာရှိ များသည် တွေ့မြင်ကြရလေသည်။ ထို့ ကြောင့် ဟက်စတာပရင်း သူ့ကိုယ်သူ သတ်၍သေမည်ကို စိုးရိမ်နေသော ထောင်အရာရှိတို့သည် မျက်ခြည်မပြတ် စောင့်၍ ကြည့်နေကြရပေသည်။ အထူးသဖြင့် သူ၏ ရင်သွေးကလေးအား သတ်ဖြတ်၍ ပစ်လိုက်မည်ကို ပိုမို စိုးရိမ်၍ နေကြရပေသည်။

တဖြည်းဖြည်းနှင့် ညပိုင်းသို့ ရောက်၍လာ၏။ ဟက်စတာပရင်းသည် ထောင်အရာရှိများ၏ အမိန့်ကို လုံးဝ မနာခံဘဲ ထောင်မှူးဖြစ်သူ မစ္စတာ ဘရက်ကက်အား ရန်တွေ့ကာ ဆူဆူညံညံ ပြုလုပ်လျက် ရှိနေရာ ထောင်မှူးသည် ဟက်စတာပရင်း၏ အဖို့ ဆရာဝန်တယောက် ခေါ်မှ သင့်လျော်လိမ့်မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဟက်စတာပရင်းကို ကုသရန်သာ မကသေး၊ တနေ့လုံး အရှက်ကွဲ ခံခဲ့ရကာ ဒေါသအဖြစ်ကြီး ဖြစ်လျက် စိတ်မနှံ့သူကဲ့သို့ တုန်လှုပ်ချောက်ချား၍ နေရရှာသော ဟက်စတာပရင်းမှာ နို့လည်း၍ သွားလေရာ ကလေးငယ်ကလေးမှာလည်း ချဉ်ပေါက်၍ နေသော နို့ရည်ကို သောက်စို့ရသဖြင့် ဝမ်းနာနေလျက် တငိုငို တရယ်ရယ်နှင့် ဖြစ်၍ နေလေသည်။

ထောင်မှူးသည် ဟက်စတာပရင်းထံသို့ ဆေးဝါးနားလည်သူ တဦးအား ခေါ်ဆောင်၍ လာခဲ့ပေသည်။ ထိုသူမှာကား အခြားသူ မဟုတ်။ ဈေးမြေကွက်လပ်တွင် ဟက်စတာပရင်းအား အပြစ်ဒဏ်ခတ်စဉ်အခါက စူးစူးစိုက်စိုက် ကြည့်ရှုနေခဲ့သော လူထူးလူဆန်းပင် ဖြစ်လေသည်။ ထိုသူအား မြို့ပြဆိုင်ရာ အရာရှိတို့က ပြစ်မှုတခုနှင့် မစွပ်စွဲနိုင်သော်လည်း မသင်္ကာစရာ လူတယောက်အနေဖြင့် ထောင်ထဲသို့ သွင်း၍ အကျဉ်းချထားကြပေသည်။ ထိုသူ၏ အဆိုအရ သူသည် လူရိုင်းနီတို့၏ ပြန်ပေးဆွဲခြင်းကို ခံရ၍ ပြန်ပေးဘဝမှ လွတ်မြောက်ခါစ ဖြစ်သည်ဟု အဆိုရှိလေရာ ထိုစကားကို မြို့ပြဆိုင်ရာ အရာရှိတို့က မယုံကြည်ကြသဖြင့် ထောင်သွင်း အကျဉ်းထားလိုက်ခြင်း ဖြစ်၏။ ထိုသူ၏အခြေအနေကို စုံစမ်း၍ ပြီးကြသောအခါတွင်မှ သင့်လျော်သော အပြစ်ဒဏ်ကိုပေးရန် သို့မဟုတ် လွှတ်၍ ပစ်လိုက်ရန် မြို့ပြဆိုင်ရာ အရာရှိတို့က ရည်ရွယ်၍ ထားကြပေသည်။ ထိုသူအား လွှတ်မပစ်မီ လူရိုင်းနီ အကြီးအကဲများနှင့် တွေ့ဆုံ၍ စုံစမ်းမေးမြန်းရန်ကိုလည်း အရာရှိများက ရည်ရွယ်၍ ထားကြပေသည်။

ထိုသူသည် သူ၏အမည်ကို မေးရာ၌ ရော်ဂျာချီးလင်းဝပ်ဟု ပြောခဲ့၏။

ထောင်မှူးသည် ရော်ဂျာအား ဟက်စတာပရင်း၏ အခန်းသို့ ခေါ်ခဲ့လေသည်။ အခန်းတွင်းသို့ ရောက်သည်နှင့် တပြိုင်နက် တငိုငို တရယ်ရယ်နှင့် စိတ်တုန်လှုပ် ချောက်ချား၍နေသော ဟက်စတာပရင်းသည် ချက်ချင်း ငြိမ်သက်၍ သွားလေရာ ထောင်မှူးပင်လျှင် အံ့အားသင့်၍ သွားမိ၏။ ဟက်စတာပရင်းအား ကြည့်ရသည်မှာ လူသေကဲ့သို့ မလှုပ်မယှက် ဖြစ်၍ နေပေသည်။

အခန်းထဲသို့ ရောက်သောအခါတွင် လူထူးလူဆန်းက "မိတ်ဆွေကြီး ခင်ဗျား... ကျုပ်ကို ကျုပ်လူနာနဲ့အတူ ထားပစ်ခဲ့ပါ။ ခဏကလေး ကြာလို့ ရှိရင် ဟက်စတာပရင်းဟာ ခင်ဗျားအမိန့် အားလုံးကို လိုက်နာပြီးတော့ ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး နေရပါစေ့မယ်" ဟု ပြောလိုက်လေသည်။ ထောင်မှူးလည်း ငြိမ်သက်၍ ဟက်စတာပရင်းအား အံ့သြစွာ ကြည့်လိုက်ပြီးလျှင် "အေးဗျာ... တတ်နိုင်သလောက် ကုသစမ်းပါဦး။ ဒီမိန်းမက စုန်းပူးသလိုလို၊ နတ်ပူးသလိုလိုနဲ့။ သူသာ မငြိမ်ရင်ဖြင့် ကျုပ်တော့ ဒုက္ခပါပဲဗျာ" ဟု ပြောဆိုကာ ဟက်စတာ ပရင်း၏ အခန်းထဲမှ ထွက်၍ သွားလေတော့သည်။

ထိုသူမှာ ဆေးဆရာဟူ၍ အမည်ခံ၍ ထားသည်နှင့်အညီ လူထူးလူဆန်းသည် ဟက်စတာပရင်း ၏ အခန်းထဲသို့ ဝင်ရာ၌ တိတ်ဆိတ် ငြိမ်သက်စွာဖြင့် ဝင်ခဲ့လေသည်။ ထောင်မှူး ထွက်၍ သွားသောအခါတွင်လည်း ထိုလူထူးလူဆန်းသည် ဟက်စတာပရင်းနှင့် မျက်နှာချင်းဆိုင် ထိုင်လျက် ငြိမ်သက်စွာပင် ကြည့်၍နေပေသည်။ ထိုအချိန် တချိန်လုံးတွင် ဝမ်းနာ၍နေသော ကလေးငယ်သည် တတွန့်တွန့် တလိမ်လိမ်နှင့် တအီအီ ငိုကြွေးလျက် ရှိနေရှာပေသည်။ ထိုကြောင့် ဆေးဆရာအမည်ခံ လူထူးလူဆန်းသည် ရှေးဦးပထမ တွန့်လိမ်၍နေသော ကလေးငယ်ကို အသေအချာ စစ်ဆေး၍ ကြည့်ပြီးလျှင် သူ၏အိတ်ထဲမှ သားရေအိတ်တလုံးကို ထုတ်လိုက်ပြီးနောက် ထိုသားရေအိတ်တွင် ပါရှိသည့် ဆေးမည်အမျိုးမျိုးတို့ အနက်မှ ဆေးတမည်ကို ယူပြီးလျှင် ရေခွက်တခွက်တွင် ဆေးကို ရေနှင့် ဖျော်လိုက်လေသည်။

လူထူးလူဆန်းသည် ဆေးခွက်ကို ဟက်စတာပရင်းအား ကမ်း၍ ပေးလိုက်ပြီးလျှင် "ကဲ... ကလေးက မင်းကလေးပဲ၊ အဲဒီတော့ကာ ဒီဆေးကို တိုက်လိုက်ရင် ကလေးဟာ ဗိုက်နာ သက်သာသွားလိမ့်မယ်။ တိုက်သာ တိုက်ပေတော့၊ ကိုယ်တိုင် တိုက်ပေတော့" ဟု ပြောလိုက်၏။ သို့ရာတွင် ဟက်စတာပရင်းသည် ဆေးခွက်ကို တွန်း၍ ဖယ်လိုက်ပြီးလျှင် လူထူးလူဆန်း၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၍ နေရာက "ဘာလဲ... ရှင်က အပြစ်မဲ့တဲ့ ကလေးကလေးကို လက်စားချေမလို့လား ဟင်" ဟု ညည်းတွားသော အသံဖြင့် ပြောလိုက်ရှာလေသည်။

ထိုအခါတွင် လူထူးလူဆန်းက “ကြံကြီးစည်ရာ ဟက်စတာပရင်းရယ်၊ ဒီကံဆိုးမိုးမှောင်ထဲမှာ အရှက်ကွဲပြီးမှ မွေးလာရတဲ့ကလေးကို ငါက သေအောင် သတ်ပစ်ပါ့မလား။ ငါ ခု တိုက်တဲ့ဆေးဟာ ကလေး ဝမ်းနာပျောက်တဲ့ ဆေးပါ။ မကြောက်ပါနဲ့.. တိုက်သာ တိုက်ပါ” ဟု ပြောလိုက်လေသည်။ သို့သော် ဟက်စတာပရင်းသည် မတုန်မလှုပ်ပင် ရှိ၍ နေသောကြောင့် လူထူးလူဆန်းသည် ကလေးကို သူကိုယ်တိုင်ပွေ့ကာ ဖျော်၍ထားသော ဆေးကို တိုက်လိုက်လေ သည်။ ဆေးဝင်၍ သွားပြီးနောက် မကြာမီပင် ဆေးစွမ်းပြကာ ကလေးသည် တွန့်လိမ်နေရာမှ ငြိမ်သက်ပြီးလျှင် အိပ်ပျော်သွားလေတော့သည်။ ကလေး အိပ်ပျော်သွားသောအခါတွင် လူထူးလူဆန်းသည် ဆေးတခွက်ကို ထပ်ဖျော်၍ “ကဲ... ဟောဒါကလေးကို သောက်လိုက်၊ မင်း နေကောင်းသွားပါလိမ့်မယ်” ဟု ပြောကာ ဆေးခွက်ကို ဟက်စတာပရင်းအား လှမ်း၍ ပေးလိုက်၏။

ဟက်စတာပရင်းသည် လူထူးလူဆန်း၏ မျက်လုံးများကို စူးစိုက်၍ ကြည့်ရင်း ဆေးခွက်ကို ယူလိုက်သည်။ သူ၏မျက်လုံးများသည် သင်္ကာယန မကင်းသော အရိပ်အယောင်များ ဖုံးလွှမ်းလျက် ရှိနေပေသည်။ ဟက်စတာပရင်းသည် အိပ်ပျော်၍နေသော ကလေးရှိရာသို့ တချက် လှမ်းကြည့်လိုက်ပြီးနောက်-

“ရှင် သေဆေးများ တိုက်နေတာလား... ဟင်၊ ကျွန်မလည်း သေချင်ပါတယ်။ ရှင့်လက်ချက်နဲ့ပဲ သေရသေရ၊ မြန်မြန် သေရရင်လည်း မြန်မြန်အေးတာပါပဲ” ဟု ပြောလိုက်သောအခါ လူထူးလူဆန်းက “သောက်သာ သောက်ပါ ဟက်စတာပရင်းရယ်၊ မင်းကို ငါ မသတ်ပါဘူး။ မင်းကို သတ်လို့ ရှိရင် မင်းအဖို့မှာ ဝမ်းသာစရာကြီး ဖြစ်သွားမှာပေါ့။ မင်း မသေရဘူး၊ မင်း သက်တမ်းကုန်အောင် ဒီလောကကြီးမှာ နေရမယ်။ တသက်လုံး အရှက်တကွဲ အကျိုးနည်း ဖြစ်နေရတဲ့ အပြစ်ဒဏ်ကြီးကို မင်း ခံရမယ်။ မင်းကို ငါ သတ်လိုက်လို့ရှိရင် မင်းဟာ ဒီဘဝဆိုးကြီးက လွတ်ပြီးတော့ အပြစ်ဒဏ် ပေါ့သွားမှာပေါ့။ မင်း တသက်လုံး စိတ်ဆင်းရဲ နေရတဲ့ ဘဝမျိုးမှာ မင်း သေချင်လျက်နဲ့ မသေရဘဲ အတွင်းဆွေး ဆွေးတာကိုသာ ငါ မြင်ချင်တယ်။ မင်း စိတ်ထဲမှာ “ငါဟာ... ငါ့ယောက်ျားကို သစ္စာဖောက်မိပါကလား” ဆိုတဲ့ အတွေးနဲ့ တသက်လုံး ယူကျုံးမရဖြစ်ပြီး နေရစေ့မယ်။ တကမ္ဘာလုံးကလည်း မင်းကို မသေမချင်း ဝိုင်းပြီး လက်ညှိုးထိုးနေကြလိမ့်မယ်။ ဒီတော့ သောက်သာ သောက်ပါ ဟက်စတာပရင်းရယ်... ငါ မင်းကို မသတ်ပါဘူး” ဟု တည်ကြည်ငြိမ်သက်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ထိုစကားကို ကြားလိုက်သောအခါတွင် ဟက်စတာပရင်းသည် သူ့လက်တွင်းရှိ ဆေးခွက်ကို တကျိုက်တည်းနှင့် မော့၍ သောက်ချလိုက်လေ၏။

လူထူးလူဆန်းသည် ကလေး၏အနီးတွင် ထိုင်နေရာမှ ဟက်စတာပရင်းအနီးသို့ လာ၍ ထိုင်လိုက်လေသည်။ ပြီးလျှင် ဖြေသိမ့်သော အသံဖြင့်-

"ကဲ ငါ တခု မေးပါရစေကွယ်၊ မေးမှာက မင်း ဘယ်ပုံ ဘယ်နည်းနဲ့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတယ်ဆိုတာ ငါ မမေးလိုပါဘူး။ ဒီကိစ္စဟာ တို့နှစ်ယောက်စလုံးရဲ့အပြစ် ပါပါတယ်။ ငါကလည်း မိုက်၊ မင်းကလည်း စိတ်ပျော့တော့ ဒီကိစ္စ ဖြစ်ရတာပဲ။ ငါဟာ မင်းကို လက်မထပ်ခင် တသက်လုံး လူပျိုကြီးဘဝနဲ့ နေခဲ့ပြီးမှ ငါ မင်းကို လက်ထပ်မိတာဟာ ငါ့အပြစ်ပါပဲ" ဟု ပြောလိုက်ရာ ဟက်စတာပရင်းက "ကျွန်မလည်း လက်ထပ်လို့သာ လက်ထပ်ခဲ့ရတယ်၊ ရှင့်ကို မချစ်ပါဘူး။ ကျွန်မ အစကတည်းက ဘွင်းဘွင်းကြီး ပြောခဲ့တယ် မဟုတ်လား" ဟု ပြန်၍ ပြောလိုက်လေသည်။

"ငါ့ကိုကလည်း မိုက်တာပါပဲ။ လူပျိုကြီးဘဝနဲ့ နေရတဲ့အဖြစ်ကို ငါ တင်းတိမ်ရောင့်ရဲ မနေဘဲနဲ့ အိမ်ထောင်ပြုချင်တာဟာ ငါ့ရဲ့အမှားပေါ့ကွယ်။ ငါ့ရဲ့အထီးကျန်ဘဝကို စိုပြည်ပါစေတော့ဆိုပြီး ငါ မင်းကို လက်ထပ်ခဲ့မိပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ ... ကျွန်မတော့ ရှင့်ကို အကြီးအကျယ် သစ္စာဖောက်မိပါပြီ"

"ငါကလည်း မင်းကို သစ္စာဖောက်မိတာပါပဲကွယ်၊ မချစ်ဘဲနဲ့ ငါက မင်းကို အတင်းယူခဲ့မိတာကိုး။ ဒါကြောင့် ငါ မင်းကို အပြစ်မတင်ပါဘူး။ ငါ မိုက်တာလည်း ပါတယ်၊ မင်း မိုက်တာလည်း ပါတယ်။ ဒါပေမဲ့ ဟက်စတာပရင်းရယ်... တို့နှစ်ယောက်စလုံးကို စော်ကားတဲ့လူရဲ့ နာမည်ကို တော့ ပြောပြပါကွယ်"

ဤတွင် ဟက်စတာပရင်းသည် သူ၏ခင်ပွန်းဖြစ်သူ လူထူးလူဆန်းအား စူးစူးဝါးဝါး ကြည့်လိုက်ပြီးနောက် "သူ့နာမည်ကိုတော့ ရှင် ဘယ်နည်းနဲ့မှ မသိရဘူး၊ ကျွန်မ မပြောဘူး။ မေးမနေနဲ့... အလကားပဲ" ဟု ဆိုလိုက်လေသည်။

လူထူးလူဆန်းသည် မချိပြုံး ပြုံးလိုက်ရာက "အေးလေ... စောင့်ကြည့်သေးတာပေါ့ကွယ်၊ တခြားလူတွေ မသိအောင် မင်း ဖုံးထားနိုင်ပေမဲ့ ငါ မသိအောင် မင်း ဖုံးထားနိုင်မှာ မဟုတ်ဘူး။ ငါ ရှာပြမယ်... မင်းနဲ့ ကိစ္စဖြစ်တဲ့လူကို ငါ မသိ သိအောင် လုပ်ပြမယ်။ မကြာပါဘူး... မကြာပါဘူး၊ ငါ သိအောင် လုပ်ပြပါ့မယ်" ဟု ပြောလိုက်လေသည်။ သို့ ပြောသည့် အခိုက်အတန့်တွင် လူထူးလူဆန်း၏မျက်လုံးများမှာ တဝင်းဝင်း တောက်ပြောင်၍ လာကြလေရာ ဟက်စတာပရင်း သည် မျက်လုံးချင်း မဆိုင်ရဲလောက်အောင်ပင် ဖြစ်၍ သွားရလေတော့သည်။

လူထူးလူဆန်းက ဆက်၍ "အေးလေ... မင်း မပြောချင်လည်း နေပေါ့။

ဒီလူဟာ သူ အသက်ရှင်နေရတာ ဘုရားသခင် ဒဏ်ခတ်ခံပြီး နေရတာနဲ့ အတူတူ ဖြစ်မှာပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူလည်း သူ့စိတ်ထဲမှာ တထင့်ထင့်နဲ့ နေသွားရမယ့်လူ။ ကိုင်း... ဒီတော့ကာ မင်း မပြောချင်လည်း နေပေါ့၊ ငါကတော့ မသိ သိအောင် ကြိုးစားမှာပဲ။ အေး.... တခုတော့ ရှိတယ်၊ မင်းရဲ့ရည်းစားကို မင်း လျှို့ဝှက်ထားသလို ငါ့အကြောင်းကိုလည်း မင်း လျှို့ဝှက်ထားပါ။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ရှိရင် ငါ့ကို သိတဲ့လူ ဘယ်သူမှ မရှိဘူး။ ငါဟာ မင်းယောက်ျား ဖြစ်တဲ့အကြောင်း ဘယ်သူမှ မသိပါစေနဲ့။ ငါ မင်းကိုလည်း မယားအဖြစ်က ဘယ်တော့မှ မစွန့်လွှတ်ဘူး။ ဒါမှ မင်းဘဝဟာ တသက်လုံး ငရဲပြည် ရောက်နေရသလို ဖြစ်နေမယ်"

"ဒီလိုဖြစ်ရင်လည်း ရှင့်ကိုယ်ရှင် ဘယ်သူပါပဲဆိုတာ အတည့်အလင်း ကြေညာပြီးတော့ ကျွန်မကို ကွာပစ်လိုက်ပါလား"

"ဘယ်ဖြစ်မလဲကွယ်၊ လင်ငယ်နေတဲ့မိန်းမရဲ့ ခင်ပွန်းအဖြစ်နဲ့ ငါ့ကိုယ်ငါ အရှက်ကွဲ မခံချင်ပါဘူး။ သို့ပေမဲ့ ငါဟာ ဘယ်သူဘယ်ဝါဆိုတာတော့ လူသိမခံဘဲနဲ့ ငါ သွားချင်ရာသွား၊ လာချင်ရာ လာပြီး နေမယ်။ ဒီတော့မှ မင်းရဲ့လင်ငယ်ဟာ ငါ့ကို အမြဲကြောက်ပြီး၊ ငါလာမှာကို စိုးရိမ်ပြီး တသက်လုံး တထိတ်ထိတ်နဲ့ နေသွားရလိမ့်မယ်။ အဲဒီတော့ ငါ ဘယ်သူဆိုတာကို မင်း ဘယ်သူမှ မပြောပါနဲ့"

"ကောင်းပါပြီ ရှင်"

"မင်း ကျမ်းကျိန်ပါ"

ဟက်စတာပရင်းသည် ဘုရားသခင်ကို တိုင်တည်၍ မိမိခင်ပွန်းသည် အကြောင်းကို မည်သူ့ကိုမျှ မပြောပါဘူးဟု ကျမ်းကျိန်ဆိုလိုက်လေသည်။

ရော်ဂျာချီးလင်းဝပ် အမည်ခံ လူထူးလူဆန်းသည် အားရပါးရ ပြုံးလိုက်ပြီးနောက် "ကဲ... မမဟက်စတာပရင်းရေ၊ ခင်ဗျားဘဝရဲ့ ကျုပ်ဘဝ ဒီနေရာမှာပဲ လမ်းခွဲကြစို့" ဟု ဆိုလိုက်လေ သည်။

၆။ အပ်ချုပ်သည် ဘဝ

ဟက်စတာပရင်းသည် ထောင်ဒဏ် အပေးခံရသော ရက်များ စေ့သဖြင့် ထောင်မှ လွတ်၍ လာခဲ့လေသည်။ ထောင်တံခါးကို ဖွင့်လိုက်သောအခါမှာ ဟက်စတာပရင်းသည် မှောင်ထဲမှနေ၍ နေရောင် အလင်းဘက်သို့ ထွက်ခဲ့ရလေသည်။ ယခင်တကြိမ် ထောင်မှထွက်၍ ဈေးမြေ ကွက်လပ်တွင် အရှက်ကွဲ အပြစ်ဒဏ် သွား၍ ခံရစဉ်က ဟက်စတာပရင်းသည် မိမိ အဘယ်သို့ သွား၍ အဘယ်သို့ ပြုရမည်ဆိုသည်ကို တိတိကျကျ သိခဲ့ပေသည်။ ထိုကြောင့် မားမားမတ်မတ် ရပ်၍ စိတ်ထားတည်တည်ဖြင့် လမ်းလျှောက်သွားနိုင်ခဲ့သည်။ ယခုမူကား မိမိတယောက်တည်း ကလေးငယ်နှင့် ထောင်ဝမှ ထွက်လိုက်သောအခါ အဘယ်သို့ သွားရမှန်း မသိဘဲ ယောင်ချာချာ ဖြစ်၍ နေရပေသည်။ မိမိ၏ အနာဂတ်အရေးအတွက် တွေးလိုက်တိုင်းပင် ဟက်စတာပရင်း ရင်လေး၍ နေလေတော့သည်။ လောကအလယ်တွင် သားတကောင် တိုးလိုးတွဲလောင်းနှင့် နေထိုင်၍ သွားရမည့်အရေးမှာ မလွယ်လှ။ လူတကာ၏ လက်ညှိုးထိုးခြင်း၊ ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုခြင်းကို ခံသွားရမည့်ဘဝမှာ လုံးဝ စိတ်ချမ်းသာဖွယ်ရာ မရှိ။ တနေ့ပြီး တနေ့၊ တရက်ပြီးတရက် စိတ်ဆင်းရဲနှင့်သာ ကြုံတွေ့၍ တသက်လုံး နေထိုင်သွားရတော့မည်ကို တွေးလိုက်တိုင်း ဟက်စတာပရင်းသည် ရှူးလုမတတ် ဖြစ်ရလေသည်။

ဟက်စတာပရင်းသည် မိမိ၏ ဇာတိရပ်ရွာဖြစ်သော အင်္ဂလန်သို့သော်လည်းကောင်း၊ ဥရောပ တိုက်ရှိ တိုင်းပြည်တပြည်သို့သော်လည်းကောင်း သွားရောက်နေထိုင်ကာ ဘဝဟောင်းကို ဇာတ်မြှုပ်၍ ခပ်ကုပ်ကုပ် နေချင်လျှင်လည်း ဖြစ်နိုင်၏။ သို့သော် ဟက်စတာပရင်းသည် ဤ ဘော်စတွန်မြို့မှ မခွာနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤဘော်စတွန်မြို့တွင် ဟက်စတာ ပရင်းသည် မိမိအပြစ်ဒဏ် ခံရရာဒေသ အဖြစ်ဖြင့် ဆက်လက် နေထိုင်သွားရန် သံယောဇဉ်ကြီး၍ နေရပေသည်။ မိမိ မိုက်မှားမိသော အပြစ်ဒဏ်ကို မိမိ မသေမချင်း ခံ၍ သွားတော့မည်ဟု ဟက်စတာပရင်း ဆုံးဖြတ်သည် ဖြစ်သောကြောင့် ဤဘော်စတွန်မြို့ကလေးမှ မခွာဘဲ နေလေသည်။

ဘော်စတွန်မြို့၏ အဖျား ကျွန်းဆွယ်တနေရာတွင် သက်ငယ်မိုးထားသော အိမ်ကလေးတလုံး သည် လူနေရပ်ကွက်များနှင့် အတော်လှမ်းလှမ်း ဝေးကွာစွာ တည်ရှိ၍ နေ၏။ ထိုအိမ်ကလေးမှာ လက်ဦးက နယ်သစ်ဖွင့်သူတဦး

ဆောက်လုပ်နေထိုင်သွားသော အိမ်ကလေး ဖြစ်လေသည်။ သို့ရာတွင် ထိုနေရာမှာ အသီးအနှံ စိုက်ပျိုးရန် မြေဩဇာ မကောင်းသောကြောင့် အိမ်ဆောက်သူ သည် အိမ်ကို စွန့်၍ အခြားနေရာတခုသို့ ပြောင်းရွှေ့သွားခဲ့လေသည်။ အိမ်ကလေးသည် ပင်လယ်ကမ်းခြေ၌ တည်ရှိပြီးလျှင် မျှော်ကြည့်လိုက်မည်ဆိုပါက ပင်လယ်ကွေ့ကြီးကို လည်းကောင်း၊ သစ်တောများ ဖုံးအုပ်၍နေသော တောင်ကုန်းများကိုသော်လည်းကောင်း တွေ့မြင်နိုင်ပေသည်။ အိမ်ကလေး၏ ပတ်လည်တွင် ချုံပုတ်များ ပေါက်လျက်ရှိသည်။ ထိုကြောင့် အဝေးမှကြည့်လျှင် အိမ်ကလေးကို ထက်ဝက်မျှသာ မြင်ရပေသည်။

ဟက်စတာပရင်းသည် ထိုအိမ်ကလေး၌ နေထိုင်ခွင့် အမိန့်စာကို မြို့ပြဆိုင်ရာ အရာရှိများထံမှ တောင်းယူလိုက်၏။ အရာရှိများသည် ဟက်စတာပရင်းအား အကျယ်ချုပ်သဘောဖြင့် မျက်ခြည်မပြတ် ကြည့်ရှုနေကြသူများ ဖြစ်လေရာ လူသူနှင့် ဝေးသော ထိုအိမ်ကလေးတွင် ဟက်စတာပရင်း နေမည်ဟု ခွင့်တောင်းလာသောအခါ၌ အသာတကြည်ပင် ခွင့်ပေးခဲ့ကြလေ သည်။ အိမ်နေခွင့် ရသောအခါ ဟက်စတာပရင်းသည် သူပိုင်သော ပစ္စည်းကလေးများကို ယူဆောင်ကာ ကလေးငယ်နှင့်အတူ ထိုအိမ်ကလေးသို့ ပြောင်းရွှေ့လာခဲ့လေသည်။

ဘော်စတွန်မြို့ကလေး၏အဖို့တွင် တယောက်တည်း ကလေးငယ်တယောက်နှင့် လူသူကင်းမဲ့ရာ တွင် နေရရှာသော ဟက်စတာပရင်းမှာ ထူးဆန်းအံ့ဩဖွယ်ရာ မိန်းမတယောက် ဖြစ်၍ နေပေသည်။ ထိုအိမ်ကလေးဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်တိုင်း ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်ကြရ၏။ ကလေးငယ်များသည် ဟက်စတာပရင်း နေထိုင်သော အိမ်ကလေးဆီသို့ အထူးအဆန်းတခုအနေဖြင့် မနီးမဝေးမှ လာ၍ ချောင်းမြောင်းကြည့်ရှုတတ်ကြသည်။ ကြည့်လိုက်တိုင်းပင် အိမ်ကလေး၏ ပြတင်းပေါက်၌ ထိုင်ကာ ဟက်စတာပရင်းသည် အပ်ချုပ်၍ နေသည်ကို အစဉ်လိုလို တွေ့ရလေသည်။ တခါတရံ၌ အိမ်တံခါးပေါက်တွင် မတ်တတ်ရပ်၍ နေသည်ကိုလည်းကောင်း၊ အိမ်ဘေးရှိ ခြံကလေးထဲ၌ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးနေသည် ကိုလည်းကောင်း မြင်သည့်အခါတွင် မြင်ရပေသည်။ တခါ၌မူကား ဟက်စတာပရင်းသည် နီမြန်းသော "အေ" အက္ခရာကို ရင်ဘတ်တွင် ဆင်မြန်းလျက် ထိုအိမ်ကလေးမှ ထွက်၍ လာသည်ကို တွေ့ရလေရာ ကလေးများသည် မိမိတို့အနီးသို့ ဟက်စတာပရင်း ရောက်လာသော အခါတွင် အနားကပ် မခံဝံ့ကြဘဲ သုတ်သီးသုတ်ပျာ ထွက်ပြေးကြလေတော့သည်။

အသိမိတ်ဆွေဟူ၍ လုံးဝ မရှိဘဲ တမြို့လုံး၏ ရှုတ်ချခြင်းကို ခံ၍နေရရှာသော ဟက်စတာပရင်း သည် ငတ်ငတ်ပြတ်ပြတ်ကား မဖြစ်ပေ။

အဘယ်ကြောင့်ဆိုသော် ဟက်စတာပရင်းသည် အချုပ်အလုပ် ပညာကို ကောင်းမွန်စွာ တတ်သောကြောင့် ဖြစ်၏။ သူ၏ ဂါဝန် ရင်ဘတ်ပေါ်၌ အရှက်ကွဲခံရသော အထိမ်းအမှတ် "အေ" စာလုံးကိုပင် လှပသော ပန်းပွင့်တခုသဖွယ် ချုပ်လုပ်နိုင်သော ဟက်စတာပရင်း၏ လက်ရာမှာ အလွန်တရာ ကောင်းမွန်လေရာ ရွှေချည်ထိုး၊ ငွေချည်ထိုး အချုပ်အလုပ်များနှင့် ပတ်သက်၍ ဟက်စတာပရင်းမှာ ငွေဝင်လမ်းကလေး ဖြောင့်လျက် ရှိလေ၏။

ထိုခေတ်အခါက အဝတ်အစားများမှာလည်း အထက်တန်းစားများအဖို့၌ ရွှေချည်ငွေချည် ထိုးရသော ခြယ်လှယ်မှုများ အလွန်တရာ များပြားသောခေတ်ဖြစ်၏။ အထူးသဖြင့် ပွဲကြီးလမ်းကြီးများတွင် ဝတ်ဆင်ရန် သူဌေးသူကြွယ်များ၊ တရားသူကြီးများ၊ စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် မြို့အုပ် မြို့ချုပ် အမှုထမ်း အရာထမ်းတို့သည် ရွှေချည်ငွေချည်ထိုးဖြင့် အထူးတလည် ခြယ်လှယ်၍ထားသော အဝတ်အစားများကို အဆောင်အယောင်အဖြစ်ဖြင့် ဝတ်ဆင်ကြရလေရာ ရာထူးခန့်အပ်ပွဲများ၊ ခရစ်ယာန် သာသနာရေးဆိုင်ရာ ပွဲများတွင် ဝတ်စားရန်အတွက် ဝတ်ရုံများကို ဟက်စတာပရင်းက ရွှေချည် ငွေချည် ထိုး၍ ပေးရလေသည်။ ထိုမျှမကသေး၊ အသုဘကိစ္စများ၌ အနိစ္စရောက်သူကို နောက်ဆုံး ပြုစုသောအနေဖြင့် ရွှေချည်ထိုး ငွေချည်ထိုး ဝတ်ရုံများကို လွှမ်း၍ မြှုပ်နှံလေ့ရှိကြပေရာ ဟက်စတာပရင်းမှာ လက်မလည်နိုင်အောင်ပင် အလုပ်များ ရှိ၍နေပေသည်။ ကလေးသူငယ်များအား ခရစ်ယာန် ဘာသာသို့ သွတ်သွင်းသော နှစ်ခြင်းမင်္ဂလာပွဲ စသည်တို့၌လည်း ကလေးငယ်များအတွက် ပိုးဝတ်ရုံများကို ရွှေချည်ငွေချည် ထိုးပေးရသော လုပ်ငန်းကလည်း ရှိလေသေးသည်။

ထိုကြောင့် တဖြည်းဖြည်းဖြင့်ပင် ဟက်စတာပရင်းသည် ဝင်ငွေကလေး ရကာ ဝတ်မည် ပြတ်မည်ကို မပူပင်ရတော့ဘဲ ဟန်ကျပန်ကျ အခြေတကျ ရှိ၍လာခဲ့ပေသည်။ ဟက်စတာပရင်း သည် အစွမ်းကုန် ကြိုးစား၍ လုပ်ကိုင်ရာ လများစွာ မကြာမီတွင် ပြည်နယ်မင်းကြီး၏ အင်္ကျီလက်မောင်း၌ ဆင်ယင်သော ရွှေချည်ထိုး ငွေချည်ထိုး ပန်းခက်များမှာ ဟက်စတာပရင်း၏ လက်ရာများဖြစ်၍ လာခဲ့၏။ စစ်ဗိုလ်များသည် ဟက်စတာပရင်း၏ လက်ရာများဖြစ်သော လည်ပတ်များကို ပတ်ကြ၏။ သင်းအုပ်ဆရာများပင်လျှင် မိမိတို့၏ စလွယ်များကို ဟက်စတာ ပရင်းအား ရွှေချည်ငွေချည် ထိုးစေခဲ့ကြလေသည်။ ကလေးငယ်များ၏ ဦးထုပ်များတွင်လည်း ဟက်စတာပရင်း၏ လက်ရာကို တွေ့ရပြန်၏။ ဟက်စတာပရင်း၏ လက်ရာအများပင်လျှင် ခေါင်းထဲ၌ ထည့်ကာ မြှုပ်နှံရာသို့ ပါသွားပေါင်း များလှလေပြီ။ ထိုကဲ့သို့ အမျိုးမျိုး အထွေထွေသော ရွှေချည်ငွေချည်ထိုး လုပ်ငန်းများကို ဟက်စတာပရင်း လက်မလည်အောင် လုပ်ကိုင်ရသော်လည်း မလုပ်ဘဲ နေရသော ရွှေချည်ငွေချည်ထိုး အလုပ်တမျိုးကား ရှိသေး၏။ ယင်းသည်မှာကား သတို့သမီးများ ဝတ်ရုံ ဇာပဝါများကို ရွှေချည်ငွေချည်

ထိုးရသော အလုပ် ဖြစ်လေသည်။ ဟက်စတာပရင်းသည် အကျင့်ပျက်ပြားသူဟူ၍ တမြို့လုံးက ယူဆကာ အရှက်ခွဲခြင်း ခံရသည် ဖြစ်လေရာ သတို့သမီး အဝတ်အစားကို ဟက်စတာပရင်း၏ လက်နှင့်ထိလျှင် သနသည်ဟုပင် ယူဆ၍ နေကြလေသည်။

ဟက်စတာပရင်းသည် ရိုးရိုးကုပ်ကုပ်ချည်းသာနေ၍ အစစ အရာရာတွင် ခြိုးခြံလေသည်။ အဝတ်အစားများကိုပင် ကြမ်းတမ်းသော ပိတ်များဖြင့် ချုပ်၍ဝတ်၏။ သူ့ကလေးငယ် အတွက်ကိုမူ သူ တတ်နိုင်သမျှ အကောင်းဆုံး ပစ္စည်းများကို ရှာဖွေဝယ်ယူ၍ ချုပ်လုပ်ပေးလေ သည်။ ကလေးငယ်သည် ဝတ်ကောင်းစားလှကလေးများနှင့် အလွန် ကြည့်၍ ကောင်းသော ကလေးဖြစ်၏။ ကလေးငယ်ကို အလိုလိုက်ကာ အဝတ်ကောင်း အစားကောင်းများကို ဝယ်ယူပေးသည့်အပြင် ဟက်စတာပရင်းသည် အပိုငွေအားလုံးတို့ကို မိမိထက် ဆင်းရဲသော သူများအား ပေးလှူလေ့ ရှိပေသည်။ တခါတရံတွင် ရွှေချည်ထိုး ငွေချည်ထိုး အလုပ်များကို ချ၍ ထားကာ ဆင်းရဲသူများအတွက် အင်္ကျီများကို အလကား ချုပ်၍ ပေးတတ်လေသေးသည်။ ဤနည်းဖြင့် ဟက်စတာပရင်းသည် သူ့ဘဝကလေးတွင် သူနေ၍ ဖြစ်အောင် ဖန်တီးရရှာပေ သည်။ သို့သော် တမြို့လုံးကမူ သူ့အား ရွံကြောက်ကြီး ကြောက်လျက် ရှိနေသေး၏။ ချုပ်လုပ်ပြီးစီးသော အထည်များကို သွား၍ ပို့ရာတွင်လည်းကောင်း၊ ရွှေချည် ငွေချည်ထိုးရန် အထည်များကို သွား၍ လက်ခံယူရာတွင်လည်းကောင်း မိန်းမသားများသည် ဟက်စတာ ပရင်းအား နှိပ်နှိပ်စက်စက် စကားဖြင့် ဖိစီး၍ ပြောဆိုကြသည်။ တခါတရံတွင် ဟက်စတာပရင်း ၏ ကျေးဇူးနှင့် မကင်းသော လူဆင်းရဲများကပင် ကဲ့ရဲ့ရှုတ်ချသော စကားများကို ပြောကြပေသေးသည်။ ဟက်စတာပရင်းသည် သူ့အပြစ်ကိုသူ သိသောကြောင့် မည်သည့် နေရာတွင်မဆို ခေါင်းငုံ့၍သာ ခံခဲ့ပေသည်။ မည်သူ့ကိုမျှ ပြန်လှန်ချေပ ပြောဆိုခြင်း မရှိရှာပေ။ ဘုရားရှိခိုးကျောင်းသို့ သွား၍ ဆုတောင်းဝတ်ပြုရာတွင်လည်း ဂိုဏ်းချုပ် ဂိုဏ်းအုပ်များသည် ဟက်စတာပရင်းအား သူတို့ ဟောပြောသော စကားထဲတွင် သာဓကအဖြစ်ဖြင့် ထည့်၍ မကောင်းမှုပြုသူတဦးအနေဖြင့် ဟောပြောတတ်ကြပေသည်။ ဟက်စတာပရင်းသည် ကလေး သူငယ်များကို ကြောက်တတ်၍ လာပေသည်။ အဘယ်ကြောင့်ဆိုသော် မြို့ထဲသို့ ရောက်ပြီ ဆိုလျှင် ကလေးသူငယ်များသည် ဟက်စတာပရင်းနောက်မှ လိုက်၍ ပြောင်လှောင် သရော် တတ်ကြသောကြောင့် ဖြစ်သည်။ ထို့ပြင် လူတိုင်း လူတိုင်းက သူ၏ ရင်အုံပေါ်၌ ဆင်ယင်၍ ထားရသော “အေ” စာလုံးများကို စူးစိုက်၍ ကြည့်လိုက်ပြီဆိုလျှင် ဟက်စတာပရင်းမှာ ကြည့်လိုက်သည့်အချိန်တိုင်း အသည်း နင့်ကာ နင့်ကာ သွားရရှာပေသည်။ ကာလကြာသော အခါတွင် ဟက်စတာပရင်းသည် လမ်းမထွက်ရဲလောက်အောင်ပင် ဖြစ်၍ နေရှာပေတော့သည်။

တခါတရံတွင် ဟက်စတာပရင်းသည် အသည်းကြွေလုအောင်ပင် ကြံ့ရရှာ၏။ ထိုသို့သောအခါ မျိုးမှာကား မိမိ၏ ရင်အုံပေါ်တွင်ရှိသော "အေ" စာလုံးကို မျက်လုံးအစုံတို့က ကြည့်လိုက်သည့် အခါမျိုးပင် ဖြစ်သည်။ ထိုမျက်လုံးရှင်သည် မိမိအား ထို "အေ" စာလုံးကို ဆင်မြန်းစေရအောင် ဖန်တီးခဲ့သောသူပင် ဖြစ်၏။ ထိုကြောင့် ထိုသူ၏ကြည့်ရှုခြင်းကို ခံလိုက်ရသောအခါ၌ ဟက်စတာပရင်းသည် ယူကျုံးမရ ဖြစ်၍ သွားရပေသည်။ သို့သော် "ငါတယောက်တည်း အပြစ်ရှိတာမှ မဟုတ်ဘဲ၊ သူ့မှာလည်း အပြစ်ရှိတာပဲ" ဟူသော အတွေးဖြင့် ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်မိသောစိတ်လည်း ပေါ်ပေါက်၍ လာတတ်ပေသေးသည်။

တယောက်တည်း ဤကဲ့သို့ နေရရာတွင် ဟက်စတာပရင်းသည် မိမိ၏ ရင်ဘတ်ပေါ်တွင် ဆင်မြန်း၍ ထားရသော "အေ" စာလုံးကို ကြည့်လိုက်မိတိုင်း "လောကမှာ ငါတယောက်တည်း သာ အပြစ်ရှိတာမှ မဟုတ်ဘဲ။ တခြားလူတွေလည်း ငါလိုပဲ လျှို့ဝှက်ချက်တွေနဲ့ ပါကလား" ဟူ၍ တွေးသည့်အခါတွင် တွေးမိလေသေးသည်။

၇။ ပုလဲ

ဟက်စတာပရင်းသည် သူ၏သမီးကလေးကို "ပုလဲ" ဟု နာမည်ပေး၍ ထားလေသည်။ လောကအလယ်တွင် မျက်နှာငယ်ရသော အဖြစ်ဆိုးကြီးမှ ပေါ်ထွန်းလာခဲ့ရသည့် သမီးကလေး ကို မိခင်ဖြစ်သူတို့၏ မေတ္တာဖြင့် ရတနာတပါးသဖွယ် ချစ်ခင်ကြင်နာသည် ဖြစ်သောကြောင့် "ပုလဲ" ဟု အမည်ပေးထားခြင်း ဖြစ်လေသည်။ ပုလဲကလေးသည် ဖအေ မပေါ်ဘဲ မွေးရသော ကလေးပင် ဖြစ်စေကာမူ ဘုရားသခင်၏ တန်ခိုးတော်ကြောင့် အလွန်တရာ လှပသော ကလေးငယ် ဖြစ်ခဲ့လေသည်။ လူတကာတို့ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံယူ၍ လူ့ပြည်သို့ ရောက်လာရ ပါလျက်နှင့် ကံတရားက ဆန်းကြယ်စွာ စီမံဖန်တီးသောကြောင့် ကလေးသည် အခြားကလေး များထက် ပိုမို၍ လှပနေပေတော့သည်။ ဟက်စတာပရင်းသည် သမီးကလေးအား အလွန်တရာ ချစ်ရှာပေ၏။ သို့သော် လင်ကောင်မပေါ်ဘဲ မွေးခဲ့ရသောကလေး ဖြစ်သည့်အတွက် ဟက်စတာ ပရင်းမှာ တခါတခါ၌ ကလေးငယ်တွင် တစုံတခု အကြီးအကျယ် ဒုက္ခကျရောက်လိမ့်မည်ဟု တွေးတောကာ စိုးရိမ်သောက ပူပြင်းစွာ ရှိတတ်လေသေးသည်။ ကလေးငယ်သည် ကိုယ်ကာယတွင် ချို့ယွင်းချက် လုံးဝ မပါပေ။ လှပသလောက် အားအင်ရှိသော ကလေး ဖြစ်ပြီးလျှင် ကိုယ်လက်လှုပ်ရှားဟန်တွင်လည်း အလွန်တရာ သွက်လက် ဖျတ်လတ်သော ကလေးငယ် ဖြစ်ပေသည်။ မည်သည့်အဝတ်ကိုပင် ဝတ်၍ ပေးလိုက်စေကာမူ ကြည့်၍ ကောင်းသော ကလေးဖြစ်၍ နေပေသည်။ မိခင်ဖြစ်သူကလည်း ကံဆိုးမကလေး ဖြစ်သောကြောင့် လှပေ့ဆိုသော အဝတ်ကလေးကိုပင် ချုပ်လုပ်၍ ဝတ်ဆင်စေလေရာ ပင်ကို လှပြီးသားဖြစ်သော ပုလဲကလေးမှာ ပိုမို၍ လှပနေပေသည်။ ကလေးငယ်၏ အဝတ်အစား များတွင် ဟက်စတာပရင်းသည် ပန်းခက် ပန်းနွယ်များကို အလှဆုံး ဖြစ်အောင် ထိုးချုပ်၍ ပေးလေရာ ချစ်စရာအတိ ဖြစ်၍ နေပေသည်။

ပုလဲကလေးသည် ဖခင်မရှိဘဲ ကြီးပြင်းလာရသော ကလေးပီပီ စိတ်မှုမမှန်လှဘဲ စိတ်အလွန်တရာ ကြီးသည်ကို မိခင်ဖြစ်သော သူသည် သတိထားမိပေသည်။ ထိုကလေးကို ပဋိသန္ဓေရှိ၍ နေစဉ်ပင် မိခင်ဖြစ်သူမှာ စိတ်ဒုက္ခကြီးစွာ ရောက်ခဲ့ရသောကြောင့် မိခင်၏ စိတ်ဓာတ်သည် ကလေးငယ်သို့ပင် ကူးစက်ကာ ပုလဲကလေးသည် စိတ်ဓာတ် အလွန်ပြင်းထန်ရခြင်း ဖြစ်သည်ဟုလည်း ဟက်စတာပရင်း တွေးမိလေသေးသည်။ ထိုခေတ် ထိုအခါက မိဘတို့သည် သားသမီးများကို တင်းကျပ်စွာ ဆုံးမကြရသောခေတ် ဖြစ်လေသည်။ သို့သော်

ဟက်စတာပရင်းသည် သမီးကလေးအား တင်းကျပ်စွာ မဆုံးမမိအောင် သတိထားရလေသည်။ အဘယ်ကြောင့်ဆိုသော် ပုလဲသည် စိတ်အပြောင်းအလဲ မြန်သလောက် စိတ်ခေတ်လည်း ပြင်းထန်သည့်အပြင် မိခင်ဖြစ်သူက နှုတ်ဖြင့်လည်းကောင်း၊ မျက်စောင်းထိုး၍ လည်းကောင်း အရိပ်ပြကာ ဆုံးမသည့်အခါမျိုးတွင် ဂရုစိုက်တတ်သူ မဟုတ်ပေ။ ရိုက်မောင်း ပုတ်မောင်း ဆုံးမလျှင်လည်း နာခံလေ့ မရှိ။ သူ့စိတ်ထင်ရာကိုသာ လုပ်တတ်သော ကလေး ဖြစ်သည်။ ထို့ကြောင့် တခါတခါ၌ ဟက်စတာပရင်းသည် သူ၏ သမီးကလေးအား လူစိတ်ရှိသော ကလေးမှ ဟုတ်မှ ဟုတ်ပါလေစဟု တွေးသည့်အခါတွင် တွေးလိုက်မိပေသည်။ တခါတခါတွင် ပုလဲသည် ဟက်စတာပရင်း၏အဖို့၌ လေလွင့်၍နေသော လိပ်ပြာဝိညာဉ်ကလေး တခုနှင့်ပင် တူ၍နေပေသည်။ ကြမ်းပြင်ပေါ်တွင် သူကြိုက်သလို ဆော့၍နေပြီးနောက် ကြောင်စီစီကလေး ပြုံးကာ အိမ်ပြင်ဘက်သို့ ပြေး၍ ထွက်သွားတတ်၏။ ထိုကဲ့သို့ ကြောင်စီစီ ပြုံးတတ်သော အပြုံးကလေးသည် ပုလဲအား ဆုံးမ၍ မရနိုင်တော့ပြီဟု သိရသော အချက် လက္ခဏာတမျိုးလို ဖြစ်၍နေပေသည်။ ပုလဲ၏ တောက်ပ ပြောင်လက်၍ မည်းနက်လှသော မျက်လုံးများတွင် ထိုကြောင်စီစီ အပြုံးကလေး ပေါ်၍လာပါက ဟက်စတာပရင်းသည် သမီးငယ်အား မဆုံးမတော့ဘဲ လက်လျှော့၍ ထားလိုက်ရပေသည်။ ထိုကြောင်စီစီ အပြုံးကလေး ပေါ်၍ လာလျှင် ဟက်စတာပရင်းသည် ပုလဲအား ပြေး၍ ပွေ့ချီကာ အထပ်ထပ် နမ်းရှုပ်မိ၏။ ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ဖက်၍ ထားမိ၏။ တခါတခါ၌ ပုလဲသည် လေလွင့်၍နေသော ဝိညာဉ်လိပ်ပြာကလေးသဖွယ် အဝေးသို့ လွင့်၍များ သွားလေမည်လားဟု ဟက်စတာပရင်း ထင်မိလေသည်။ ပုလဲသည် မိခင်ကို ကြောက်လည်း မကြောက်၊ ခင်လည်း မခင်တွယ်လှပေ။ မိမိ၏ဘဝကို အညွန့်တုံးခံကာ မွေးလာခဲ့ရသော သမီးကလေးသည် မိမိအား သံယောဇဉ် ပါးရှားလှသဖြင့် ဟက်စတာပရင်းမှာ ငိုသည့်အခါ ငိုမိပြန်လေသည်။ သို့သော် မိခင် ငိုပြီဟု ဆိုလျှင် ပုလဲသည် မျက်စောင်းထိုး၍ ကြည့်တတ်ပေသည်။ လက်သီးကလေးကို ဆုပ်ကာ မျက်နှာထား အိုး၍ နေတတ်၏။ တခါတရံတွင်မူ မိခင်ဖြစ်သူ ငိုယို၍ နေသည်ကို အားရပါးရ ရယ်မောကာ ကြည့်၍ နေတတ်ပေသည်။ တခါတခါကျမှသာလျှင် ငိုနေသော သူ့မိခင်ကို လည်ပင်းဖက်၍ ရောနှော ငိုယိုတတ်ပေသည်။ ပုလဲကလေး၏ စိတ် အပြောင်းအလဲမြန်ပုံ၊ စိတ်ခေတ်ပြင်းပြပုံကို နားမလည်နိုင်လောက်အောင် ဖြစ်နေရသော ဟက်စတာပရင်းသည် မနိုင်မနင်းနှင့် သရဲတကောင်ကို မွေးမိသော ဆေးဆရာကဲ့သို့ ဖြစ်၍ နေပေသည်။ ထို့ကြောင့် ပုလဲကလေး အိပ်ပျော်နေသောအခါမှသာလျှင် ဟက်စတာပရင်းသည် သမီးငယ်ကို စိတ်ချလက်ချ အားရပါးရ ချစ်ရပေတော့သည်။ ငြိမ်သက်စွာ အိပ်ပျော်နေသောအခါမှသာလျှင် ပုလဲသည် မိမိပိုင်သော ရတနာကလေး ဖြစ်သည်ဟု ဟက်စတာပရင်း စိတ်ချနိုင်ပေသည်။

ပုလဲကလေးသည် စကားပြောတတ်၊ ပြေးလွှား ကစားခုန်စားတတ်သော အရွယ်သို့ ရောက်လာခဲ့၏။ ဟက်စတာပရင်းသည် သမီးကလေးအား အခြားသော ကလေးသူငယ်တို့နှင့် အတူ ကစားခုန်စား ရယ်မောမြူးရွှင်သည်ကို မြင်လို ကြားလို၏။ သို့သော် ဘော်စတွန်မြို့ ကလေးလောကထဲသို့ ပုလဲကလေးမှာ မဝင်နိုင်ရှာပေ။ ပုလဲသည် မကောင်းမှုမှ ပေါက်ဖွားလာခဲ့ရသော ကလေးငယ် ဖြစ်၍နေပေသည်။ ပုလဲသည် မိမိ၏ အဖော်သဟာ ကင်းမဲ့သောဘဝကို အလိုအလျောက် ရိပ်မိနေဟန် တူ၏။ ဟက်စတာပရင်းသည် ထောင်မှ လွတ်သည့်နေ့ကစ၍ ပုလဲကို ဘယ်သောအခါမှ မခွဲခဲ့။ မြို့ထဲသို့ အလုပ်လက်ခံသွားလျှင် ပုလဲကလေးအား ရင်ခွင်တွင် ပွေ့ချီ၍ သွားခဲ့ပေသည်။ လမ်းလျှောက်နိုင်သောအရွယ်သို့ ရောက်သောအခါတွင် ဟက်စတာပရင်းသည် ပုလဲအား လက်တွဲ၍ ခေါ်သွားလေ့ ရှိပေသည်။ မြို့ထဲသို့ ခေါ်သွားသောအခါများ၌ ပုလဲသည် အခြားကလေးများ တစုတဝေး ကစား၍ နေကြသည်ကို မြင်ရ၏။ ထိုကလေးများသည် ဘုရားရှိခိုးကျောင်း သွားတမ်း ကစားကြ၏။ လူရိုင်းနီများနှင့် တိုက်ခိုက်သည့်သဏ္ဌာန် ကစားကြ၏။ မျက်နှာဖုံးများစွပ်ကာ စုန်းကဝေ လုပ်တမ်း ကစားကြ၏။ အခြား ကလေးများက ကစား၍ နေသည်ကို ပုလဲသည် စိုက်၍သာ ကြည့်၏။ ထိုကလေးများနှင့် အသိမိတ်ဆွေဖြစ်ရန် မည်သည့်အခါမှ မကြိုးစားပေ။ အခြားကလေးများက စကားလာ၍ပြောလျှင် ပြန်၍မပြော။ တခါတရံ၌ ပုလဲကလေး၏ ဘေးသို့ အခြားကလေးများက လာရောက် ဝိုင်းရံကာ ပြောင်လှောင်ကြ၏။ ထိုအခါတွင် ပုလဲသည် ကျောက်ခဲများကို ကောက်ကာ ထိုကလေးများအား ပေါက်တတ်ပေသည်။ ပါးစပ်မှလည်း သံကုန် အော်ဟစ်တတ်၏။

ဟက်စတာပရင်းသည် ဒေါသကြီးလှသော မိမိသမီးကလေးကို ကြည့်ကာ စိတ်အမောကြီး မောရရှာပေသည်။

အိမ်တွင်နေစဉ် ပုလဲကလေးသည် ပျင်းရိသည်ဟူ၍ မရှိ။ သူတယောက်တည်း ကစားရသည် နှင့်ပင် ကျေနပ်၍ နေတတ်ပေသည်။ သူတယောက်တည်း စကားပြော၍ နေတတ်၏။ ထင်းရှူးပင်ကြီးများသည် ပုလဲ၏အဖို့၌ စကားပြောစရာ လူကြီးများ ဖြစ်၍နေ၏။ အလေ့ကျ ပန်းပင်ကလေးများမှာ ပုလဲ၏အဖို့တွင် တကယ့် ကလေးငယ်များလို စကားပြောရာ ဖြစ်၍နေ၏။ အခြားကလေးများအား မုန်းစိတ်ဝင်၍လာလျှင် ပုလဲသည် ထိုပန်းပင်ကလေးများကို အားရပါးရ ဆွဲနုတ်၍ နင်းခြေတတ်လေ့ ရှိပေသည်။ ဤကဲ့သို့ ဒေါသတကြီး ဖြစ်နေရာက ပုလဲသည် ခုန်ဆွ ခုန်ဆွနှင့် ချက်ချင်းပင် ကပြန်လေတော့သည်။

စိတ်အပြောင်းအလဲ မြန်၍ စိတ်ပြင်းလှသော သမီးငယ်ကိုကြည့်ကာ

ဟက်စတာပရင်းသည် တခါတခါ၌ သက်ပြင်းကြီး ချမိပြီးလျှင် ကောင်းကင်ဘုံသို့ မော့ကြည့်၍ "ဘုရားသခင်၊ ဘယ်လိုသမီးမျိုးများ ပေးတာလဲ ဘုရားသခင်" ဟု ညည်းညူမိတတ်၏။ မိခင်၏ ညည်းသံကို ကြားရလျှင် ပုလဲသည် မိခင်၏မျက်နှာကို ကြောင်စီစီ ပြုံးကာကြည့်ပြီးလျှင် ပြန်၍ ကစားနေပြန်လေသည်။

သို့သော် မိခင်နှင့် ပတ်သက်၍ ပုလဲ လက်ဦးဆုံး စိတ်ဝင်စားသော အရာဝတ္ထုမှာ ဟက်စတာပရင်း၏ ရင်ဘတ်တွင် ဆင်မြန်း၍ ထားရသော "အေ" အက္ခရာ အနီပင် ဖြစ်ပေသည်။ တနေ့တွင် ဟက်စတာပရင်းသည် ပုခက်အတွင်းရှိ ပုလဲအား မြူလိုက်၏။ ကလေးငယ်၏ မျက်လုံးများသည် ရွှေချည်ထိုး၍ ဖော်ထားသော ထိုစာလုံးကို လက်ဖြင့် လှမ်း၍ကိုင်လိုက်၏။ ယင်းသည့် အခိုက်အတန့်ကလေးတွင် ဟက်စတာပရင်းသည် အသည်းနာ၍ မဆုံးနိုင်အောင် ဖြစ်သွားရလေတော့သည်။ မိခင်ဖြစ်သူ မျက်ရည်ဝိုင်း၍ လာသည်ကို ကြည့်ပြီးလျှင် ကလေးငယ်သည် ကြောင်စီစီကလေး ပြုံးလိုက် ၏။ ထိုအချိန်အခါမှ စ၍ ဟက်စတာပရင်းသည် ကလေးကို မျက်နှာချင်း ဆိုင်ရမည်ကိုပင် ကြောက်ရွံ့၍ နေရပေသည်။ သို့သော် ပုလဲသည် ထို "အေ" စာလုံးကို အမြဲတစေ ဂရုစိုက်၍ နေသည်မဟုတ်။ သတင်းပတ်ပေါင်း များစွာ ကြာအောင်ပင် ထိုစာလုံးကို ဂရုမစိုက်ဘဲ နေတတ်လေသည်။ ထိုသို့ ဂရုမစိုက်သဖြင့် မိခင်ဖြစ်သူက အမှုမဲ့ အမှတ်မဲ့ နေခိုက်တွင် ပုလဲသည် မမျှော်လင့်ဘဲ ရုတ်တရက် ထို "အေ" စာလုံးကို လက်နှင့်လာ၍ ကိုင်တတ်၏။ ထိုမျှမကသေး၊ မိခင်၏ မျက်နှာကို ကြောင်စီစီအပြုံးနှင့် ကြည့်၍ ပြုံးတတ်ပေသည်။ ထိုကဲ့သို့ ပြုမူခြင်းကို တွေ့မြင်လိုက်ရသော ခဏတွင် ဟက်စတာပရင်းသည် ကိုယ့်သမီးကလေးကိုပင် ကိုယ် ရှက်၍မဆုံး ဖြစ်ရရှာလေသည်။

နွေရာသီ၏ နေ့တနေ့ မွန်းလွဲအချိန်တွင် ပြေးနိုင်လွှားနိုင်ပြီဖြစ်သော ပုလဲသည် အလေ့ကျ ပန်းပင်မှ ပန်းပွင့်ကလေးများကို ခူးကာ သူ့မိခင်၏ရင်အုံကို ပစ်ပေါက်၍ ကစားနေ၏။ ရင်အုံတွင် ဆင်မြန်းထားရသော "အေ" စာလုံးကို ပန်းပွင့်နှင့် မှန်အောင်ပစ်နိုင်တိုင်း ပုလဲမှာ ပျော်၍ မဆုံးပြီ။ မှင်စာကလေးတကောင်ကဲ့သို့ ခုန်ဆွခုန်ဆွနှင့် အားရပါးရ က၏။ ဟက်စတာပရင်းသည် ရှေးဦးစွာ သူ့ရင်အုံပေါ်ရှိ "အေ" စာလုံးကို လက်ဖြင့် အုပ်၍ထားရန် ကြိုးစားမိ၏။ သို့သော် နောက်ဆုံးတွင် စိတ်ဆင်းရဲလွန်းမက စိတ်ဆင်းရဲသောကြောင့် ပုလဲကလေး ပြုသမျှကို တုံးပေ၍ ခံရလေတော့သည်။ ခူးလာတော့ ပန်းပွင့်များ ကုန်အောင်ပစ်၍ ကစားပြီးသောအခါမှ ပုလဲသည် မိခင်ဖြစ်သူအား ကြောင်စီစီပြုံး၍ စိုက်ကြည့်နေ၏။ ဟက်စတာပရင်းမှာကား ငိုချင် ရယ်ချင် ဖြစ်၍ နေပေတော့သည်။

၈။ ပြည်နယ်မင်းကြီး၏ ခန်းမဆောင်

တနေ့သ၌ ဟက်စတာပရင်းသည် လက်စွပ်အိတ်တစုံကို ယူဆောင်လျက် ပြည်နယ်မင်းကြီး ဖြစ်သူ ဘယ်လင်ဟပ်၏ အိမ်ကြီးသို့ သွားရောက်လေသည်။ ထိုလက်စွပ်အိတ်မှာ မင်းကြီး ဝတ်ဆင်ရန် ရွှေချည်ငွေချည် အလှအပ ခြယ်ထားသော လက်စွပ်အိတ်ပင် ဖြစ်လေသည်။ ထိုလက်စွပ်အိတ်ကို ပြည်နယ်လုံးဆိုင်ရာ မင်းပွဲသဘင်ကြီးများ၌သာ ဝတ်ရန်ဖြစ်သဖြင့် လက်ရာအလွန်ကောင်းသူ ဟက်စတာပရင်းအား အထူး အော်ဒါပေး၍ ပန်းထိုးစေသော လက်စွပ်အိတ် ဖြစ်လေသည်။

လက်အိတ်ကို ပေးရန်ထက် ပို၍ အရေးကြီးသော အကြောင်းကိစ္စတခုဖြင့်လည်း ဟက်စတာ ပရင်းသည် မင်းကြီးဘယ်လင်ဟမ်ကို လူကိုယ်တိုင် တွေ့လိုစိတ်ရှိ၍ နေပေသည်။ အဘယ်ကြောင့်ဆိုသော် ဘော်စတွန်မြို့၏ မြို့အုပ်ချုပ် ပုဂ္ဂိုလ်ကြီးများသည် ပုလဲကလေးအား မိမိထံမှ ယူ၍ သင့်လျော်မည့် မိသားစုတခု၏အိမ်တွင် အပ်နှံ၍ထားရန် အကြံအစည် ရကြသည်ဟု ဟက်စတာပရင်း ကြားရသောကြောင့် ဖြစ်လေသည်။ မြို့သူမြို့သားတို့က ဟက်စတာပရင်းသည် အကျင့်ပျက်ပြားသောသူ ဖြစ်သောကြောင့် သမီးကလေးကို သူ့မိခင်နှင့် အတူထားရန် မသင့်ဟု ယူဆကြကာ ဤကဲ့သို့ သားအမိကို ခွဲ၍ထားရန် ကြံစည်ခြင်း ဖြစ်ကြလေသည်။ ထိုအကြံအစည်တွင် ခေါင်းဆောင်သူမှာ မင်းကြီး ဘယ်လင်ဟမ် ဖြစ်သည်ဟု ဟက်စတာပရင်း ကြားရလေသည်။ ထိုခေတ်အခါက ဤကဲ့သို့သော အသေးအဖွဲ ကိစ္စများကို မြို့အုပ် မြို့ချုပ်များက ဝင်ရောက်စွက်ဖက်တတ်သော အလေ့ ရှိပေသည်။ ဝက်တကောင်ကို မည်သူ ပိုင်ဆိုင်သင့်သည်ဟူ၍ အငြင်းအခုံ ဖြစ်ပွားလျှင်ပင် ထိုကိစ္စသည် ဥပဒေပြု အစည်းအဝေး များသို့ တိုင်အောင် ရောက်တတ်သောခေတ် ဖြစ်လေသည်။

မင်းကြီး ဘယ်လင်ဟမ်၏ အကြံအစည်ကို ကြားရကတည်းကပင် ဟက်စတာပရင်းသည် မင်းကြီးနှင့် ကိုယ်တိုင်တွေ့ချင်သောစိတ် ပေါ်ပေါက်၍ နေလေတော့သည်။ ယခုကဲ့သို့ လက်စွပ်အိတ် ပို့ရန် ကိစ္စပေါ်ပေါက်လာသောအခါ၌ အခွင့်ကောင်းယူကာ ဟက်စတာပရင်းသည် သမီးဖြစ်သူ ပုလဲကို လက်ဆွဲကာ ဘုရင်ခံမင်းကြီးအိမ်သို့ ကိုယ်တိုင် လာခဲ့ခြင်း ဖြစ်လေသည်။ ဤအချိန်၌ ပုလဲမှာ အလွန်တရာ ဆော့ကစားသော အရွယ်သို့ ရောက်၍နေပြီ ဖြစ်လေရာ လမ်းတလျှောက်လုံးတွင် သူ့မိခင်၏ဘေးမှ ပြေးလွှားမြူးထူး၍ လိုက်ပါလာရှာလေသည်။ သို့သော် ကလေးငယ်ပီပီ အနည်းငယ် မောသောအခါ၌

သူ့မိခင်အား အချီခိုင်းလေသေးသည်။ ပုလဲ အသက်ကြီး၍ လာလေလေ ဒေါင်းမကလေးသဖွယ် ပိုမို၍ လှလာလေလေ ဖြစ်၍ လာခဲ့လေသည်။ အသားအရေ ဝင်းဝါ၍ မျက်လုံးများမှာ နက်ရှိုင်း တောက်ပြောင်၏။ ဆံပင်မှာ အလွန်တရာ ပြောင်လက်သော အညိုရောင်ဆံပင် ဖြစ်လာပြီးလျှင် နောင်အခါတွင် ပိတုန်းရောင်သို့ ကူးပြောင်းသွားသော အရိပ်အယောင်များ ပေါ်လွင်၍ နေပေသည်။ ဟက်စတာပရင်းသည် သမီးကလေးအား သူ့စိတ်ကူးဉာဏ် အစွမ်းရှိသမျှ အဆန်းကွန့်၍ အလှဆုံး ဆင်ပြင်ထားလေရာ ယခု မင်းကြီးဘယ်လင်ဟမ်၏အိမ်သို့ လာခဲ့ရာတွင် ပုလဲအား ကြက်သွေးရောင် ကတ္တီပါ အင်္ကျီကလေးကို ဆင်၍ လာပေသည်။ ကြက်သွေးရောင် ကတ္တီပါ အင်္ကျီပေါ်၌ ရွှေချည်ငွေချည်များဖြင့် ဆန်းကြယ်လှပသော ပန်းများကို ထိုး၍ ပေးထားလေသည်။ ပုလဲကလေး လမ်းတလျှောက်တွင် ပြေးခုန် မြူးထူးလာသည်မှာ လှပသော မီးတောက် မီးညွန့် ကလေးတခု လှုပ်ရှား ပြေးလွှားသည်နှင့်ပင် တူ၍ နေပေသေးသည်။

ပုလဲ၏ ကြက်သွေးရောင်အင်္ကျီသည် ဟက်စတာပရင်း၏ ရင်ဘတ်၌ အပြစ်ဒဏ်အဖြစ်ဖြင့် ဆင်မြန်းရသော ကြက်သွေးရောင် စာလုံးကို သတိရစေပေသည်။ စင်စစ်အားဖြင့် ပုလဲမှာ အသက်ဝင်၍နေသော ကြက်သွေးရောင် အက္ခရာစာလုံးဟုပင် ပမာဟပ်မည်ဆိုက ဟပ်၍ ကြည့်နိုင်ပေသေးသည်။ မိမိ၏ သမီးကလေးသည် မိမိ၏ ရင်အုံပေါ်၌ရှိသော ကြက်သွေးရောင် စာလုံး နည်းတူပင် မိမိ၏ အရှက်အိုးကို ဖွင့်ပြသည်ကို ဟက်စတာပရင်းကိုယ်တိုင်ကလည်း တွေးမိပြီး ဖြစ်ပေသည်။

သားအမိနှစ်ယောက် တဖြည်းဖြည်း မြို့နားသို့ နီး၍လာကြသောအခါတွင် မြို့သူမြို့သားများ၏ ကလေးအချို့သည် ကစားနေရာမှ ထိုသားအမိ နှစ်ယောက်တို့ကို လှမ်းကြည့်ကြ၏။ ထို့နောက် တယောက်နှင့်တယောက် တီးတိုးလေသံဖြင့် “ဟော့ ဟိုမှာ ကြက်သွေးရောင်စာလုံးနဲ့ မိန်းမကြီး လာပြီဟော့၊ သူနဲ့အတူတူ သူ့သမီးကလေးလည်း ပါလာတယ်၊ သူတို့သားအမိကို တို့က ရွှံ့ခဲနဲ့ ပေါက်ကြရအောင်” ဟုပြောကာ ရွှံ့ခဲများနှင့် ပေါက်ရန် ဟန်ပြင်ကြလေသည်။ သို့ရာတွင် ကြောက်စိတ် လုံးဝကင်းမဲ့သော ပုလဲကလေးသည် ထိုကလေးများကို ရေးဦးစွာ မျက်စောင်းထိုး၍ ကြည့်၏။ ခြေဆောင့်၏။ ပြီးလျှင် လက်သီးကလေး ဆုပ်၍ ထောင်ပြကာ ရုတ်တရက် ကလေးတသိုက်ရှိရာသို့ ပြေး၍ ထုရိုက်လေတော့သည်။ ထိုအခါတွင် ကလေးများ သည် အုပ်ကွဲ၍ တကွဲတပြားစီ ထွက်ပြေးကြလေတော့သည်။ ကလေးများကို ထုရိုက်ရုံမျှ သာမက ပုလဲသည် ပါးစပ်ကလည်း အော်ဟစ်လေသေးသည်။ ကလေးများ ထွက်ပြေးကုန်ကြ သောအခါမှ ပုလဲသည် သူ့မိခင်ထံသို့ ငြိမ်သက်စွာ ပြန်လာပြီးလျှင် မိခင်၏ မျက်နှာကိုကြည့်၍ ပြုံးလိုက်လေသည်။

ယင်းသည့်နောက်တွင် ဘာမျှ အထူးအဆန်း မဖြစ်တော့ဘဲ သားအမိနှစ်ယောက်တို့သည် မင်းကြီး ဘယ်လင်ဟာမ်၏အိမ်သို့ ရောက်ခဲ့ကြ၏။ မင်းကြီး၏အိမ်မှာ အလွန်ကြီးမားသော သစ်သားအိမ်ကြီး ဖြစ်လေသည်။ အိမ်သစ်ကြီး ဖြစ်သောကြောင့် ကြည့်ရသည်မှာ စိတ်ကြည်လင် ရွှင်ပျဖွယ်ရာ ဖြစ်ပေသည်။ ပုလဲသည် ထိုအိမ်ကြီးကို ကြည့်ပြီးနောက် အလွန်ပျော်ရွှင်ဟန်ဖြင့် ခုန်ဆွ ခုန်ဆွနှင့် ကရာလေသည်။ သားအမိနှစ်ယောက်သား တံခါးပေါက်အနီးသို့ ရောက်၍ လာခဲ့၏။ အိမ်အဝင် တံခါးပေါက်မှာ အလွန် လှပဆန်းကြယ်စွာ ပြုလုပ်ထားပြီးလျှင် ထိုတံခါးပေါက်ကြီး၏ ဘေးတဖက်တချက်တွင် သစ်သားကွက်ကျား ကာ၍ထားသော ပြတင်းပေါက် နှစ်ပေါက်ကိုလည်း တွေ့မြင်ရလေသည်။ ထိုတံခါးမကြီး၌ တူတချောင်းကို တွေ့ရလေရာ ဟက်စတာပရင်းသည် ထိုတူဖြင့် တံခါးကို ခေါက်လိုက်လေသည်။ တံခါးကို မင်းကြီး၏ အစေခံတယောက်က လာ၍ ဖွင့်၏။ မင်းကြီးအိမ်မှ အစေခံများမှာ ငွေဝယ်ကျွန်များ ဖြစ်ကြလေသည်။ ထိုအစေခံသည် တံခါးကို ဖွင့်၍ ပေးလိုက်သောအခါ၌ ဟက်စတာက "မင်းကြီး ဘယ်လင်ဟာမ် ရှိပါသလား ရှင်" ဟု မေးလိုက်ရာ ရှိပါတယ်၊ ဝင်ပါဟူသော အဖြေကို ရသဖြင့် ဟက်စတာပရင်းသည် ပုလဲနှင့်အတူ အိမ်ထဲသို့ ဝင်ခဲ့လေသည်။ အစေခံသည် ဟက်စတာပရင်း ၏အင်္ကျီ၌ မြင်ရသော ကြက်သွေးရောင် စာလုံးကိုကြည့်ကာ မျက်လုံးအပြူးသားနှင့် ဖြစ်နေပေသည်။

"မင်းကြီး အိမ်မှာ ရှိပါတယ်၊ ဒါပေမဲ့ သင်းအုပ်ဆရာ နှစ်ယောက်နဲ့ ဆေးဆရာ တယောက်ကို စကားပြောနေပါတယ်"

"ဒါဖြင့် ကျွန်မ စောင့်ပါ့မယ် ရှင်"

ဟက်စတာပရင်းနှင့် ပုလဲကလေးတို့သည် ခန်းပေါက်မှ လွန်၍ အိမ်အတွင်း ဧည့်ခန်းဆောင်သို့ ရောက်ခဲ့ကြလေသည်။ ဧည့်ခန်းဆောင်ကြီးမှာ အတော်ပင် ကျယ်ဝန်း၏။ မြင့်လည်း မြင့်လေသည်။ အခန်းဆောင်ကြီး၏ တဖက်အစွန်တွင် ပြတင်းပေါက်ကြီးများ ရှိ၏။ ထိုပြတင်းပေါက်များမှ အလင်းရောင် ဝင်လျက်ရှိရာ ခန်းဆောင်ကြီးတခုလုံး လင်းကျင်း၍ နေပေသည်။ ပြတင်းပေါက်ကြီးများ၏ ဘေး၌ ထူထဲသော ခန်းဆီးကလေးများသည် ဆွဲ၍ စုထားသည်ကိုလည်း တွေ့ရလေသည်။ ပြတင်းပေါက်များနှင့် ကပ်၍ ထိုင်ခုံများ၊ စားပွဲများ ရှိ၏။ ထိုင်ခုံများမှာ ဖုံများထည့်၍ ထားပြီးလျှင် စားပွဲပေါ်၌ အင်္ဂလန်ပြည်အကြောင်း ရာဇဝင်စာအုပ် များကို တွေ့မြင်နိုင်လေသည်။ စာအုပ်များအနီး၌ ငွေဖလားကြီးတခုကို ဟက်စတာပရင်း တွေ့လေရာ အထဲသို့ ကြည့်လိုက်သောအခါ၌ အမြုပ်စီ၍ ကျန်ရစ်သော ဘီယာခွက်ကို တွေ့ရလေသည်။

အခန်းကြီး၏ နံရံတွင်ကား ဘယ်လင်ဟာမ် မိသားစု၏ ဘိုးဘွား ဘီဘင်များကို ပုံတူရေးထားသည့် ပန်းချီကားကြီးများ ချိတ်ဆွဲ၍ ထားလေသည်။

အချို့မှာ စစ်ဝတ်စစ်စားနှင့် ဖြစ်၍၊ အချို့မှာ ဝတ်ရုံကြီးများနှင့် ဖြစ်ကြလေသည်။ အားလုံးသောပုံများ၌ မျက်နှာများမှာ တင်းမာခက်ထန် သော အသွင်ကို ဆောင်၍နေလေသည်။ နံရံတနေရာတွင်ကား ဘယ်လင်ဟာမ် ဤနယူးအင်္ဂလန် ဒေသသို့ ပြောင်း၍လာသောအခါ လန်ဒန်မြို့တွင် အထူး စပါယ်ရှယ် ဝယ်ယူလာခဲ့သော သံချပ်ကာ အင်္ကျီဝတ်စုံကို ဆွဲချိတ်ထားပေသည်။ ထိုဝတ်စုံ၏အောက်၌ သံချပ်ကာ လက်စွပ်အိတ်နှင့် ဓားရှည်ကြီး တချောင်းတို့ကို ချိတ်ဆွဲထားလေသေးသည်။ ထိုပစ္စည်း အားလုံးတို့သည် ပြောင်လက်စွာ တိုက်ချွတ်၍ ထားသောကြောင့် အထူးသဖြင့် သံ ခမောက်နှင့် ရင်ဘတ်ကာ သံချပ်ပြားတို့သည် တဖိတ်ဖိတ် တောက်ပြောင်၍ နေလေသည်။ ထိုသံချပ်ကာ အင်္ကျီဝတ်ရုံသည် အလှသက်သက် ချိတ်ဆွဲထားခြင်း မဟုတ်။ စစ်ဗိုလ်ကြီးအဖြစ်ဖြင့် မင်းကြီးဘယ်လင်ဟာမ် အမှုထမ်းခဲ့စဉ်က ကိုယ်တိုင် ဝတ်ဆင်ခဲ့သော သံချပ်ကာ အင်္ကျီဖြစ်၏။ မင်းကြီးသည် ဤဒေသသို့ ပြောင်းရွှေ့မလာမီက ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးခဲ့ပေသည်။ ဤဘော်စတွန်မြို့သစ်သို့ ရောက်လာသောအခါတွင်မှ မင်းကြီးသည် စစ်ဗိုလ်အဖြစ်ဖြင့် လည်းကောင်း၊ တိုင်းပြည်ပြု သုခမိန်အဖြစ်ဖြင့်လည်းကောင်း၊ ပြည်နယ် အုပ်ချုပ်သူအဖြစ်ဖြင့် လည်းကောင်း ပြောင်းလွှဲ၍ တာဝန်ထမ်းဆောင်ခဲ့လေသည်။

တဖိတ်ဖိတ် တောက်၍နေသော သံချပ်ကာဝတ်စုံကို မြင်ရသောအခါတွင် ပုလဲကလေးသည် များစွာ ပျော်ရွှင်၍ နေပေသည်။ မှန်ကဲ့သို့ တောက်ပြောင်၍နေသော ရင်ဘတ်ကာ သံချပ်ပြားကို ပုလဲသည် မှန်ကြည့်သလို ကြည့်၍ နေ၏။ ထို့နောက် ပုလဲက "အမေ.. ကြည့် ကြည့်... ကျွန်မ အမေ့ကို ဟောဟို သံချပ်ပြားထဲမှာ မြင်ရတယ်" ဟု ပြောလိုက်ရာ သမီးငယ်ကို အလိုလိုက်သော အားဖြင့် ဟက်စတာပရင်းသည် သံချပ်ပြားကို လိုက်၍ ကြည့်လိုက်လေသည်။ ကြည့်လိုက်သည် နှင့် တပြိုင်နက် ဟက်စတာပရင်း၏ မျက်လုံးများသည် မိမိ၏ အရိပ်တွင် ထင်းထင်းကြီး ပါဝင်၍ နေသော အက္ခရာကြီးကို သွား၍ မြင်လိုက်လေသည်။ ထို့ကြောင့် ရင်ထဲ၌ တုန်လှုပ်၍သွားရင်း "ကဲ... လာပါ သမီးရယ်၊ သွားကြစို့။ ဟောဟို ပြတင်းပေါက်ကနေပြီးတော့ ပန်းခြံကို လှမ်းကြည့်ရအောင်၊ အဲဒီပန်းခြံထဲမှာ တို့အိမ်ဘေးက တောပန်းတွေထက် ပိုမိုပြီးလှတဲ့ ပန်းတွေရှိတယ် သမီးရဲ့" ဟု ပြောပြောဆိုဆို ပုလဲကလေးအား သံချပ်ကာ ဝတ်ရုံ၏ရှေ့မှ ပြတင်းပေါက်ဆီသို့ ဆွဲခေါ်သွားလေသည်။

ပုလဲသည် ပြတင်းပေါက်ကြီး အရောက် ပြေးကပ်၍သွားပြီးလျှင် အပြင်ဘက်ရှိ ပန်းဥယျာဉ်ကို လှမ်း၍ ကြည့်လိုက်လေသည်။ ပန်းခြံ မြက်ခင်းများမှာ တိရိညီညာစွာ ရိတ်ဖြတ်၍ ထား၏။ မြက်ခင်း၏အနားပတ်လည်၌ ပန်းပင်အချို့ စိုက်၍ထားသည်ကို မြင်ရလေသည်။ ထိုပန်းပင် များမှာ မြေဩဇာ မကောင်းလှသောကြောင့် သန်စွမ်းခြင်း မရှိဘဲ ညှိုးလျက်ရှိ၍ နေလေသည်။

ပန်းဥယျာဉ်ဟုသာ ဆိုရသော်လည်း ပန်းပင်များသာ မကသေး၊ တနေရာတွင် ဂေါ်ဖီထုပ်များ စိုက်၍ ထားသည်ကို တွေ့ရ၏။ ဖရုံပင်တပင်သည် နေရာအနှံ့ တွားရှ် ပေါက်ရောက်နေရှာလေရာ ပြတင်းပေါက်၏ အောက်တည့်တည့်တွင်ပင် ဖရုံသီးကြီးတလုံး သီး၍နေသည်ကို တွေ့ရလေသည်။ နှင်းဆီးချုံ အချို့ကိုလည်း မြင်ရ၏။ သစ်တော်ပင် အချို့ကိုလည်း မြင်ရ၍ နေလေသည်။ ထိုသစ်တော်ပင်များမှာ ဤမြေကွက်တွင် ရှေးဦး ပထမ လာရောက်၍ ချရပ်နေထိုင်သူ ဂိုဏ်းချုပ်ဆရာကြီး မစ္စတာ ဘလက်စတုန်းနှင့် သူ၏ သားသမီး မြေးမြစ်တို့ စိုက်ခဲ့သော သစ်တော်ပင်များ ဖြစ်ကြလေသည်။

နှင်းဆီရုံများကို မြင်ရသော ပုလဲသည် နှင်းဆီပွင့် ခူး၍ပေးရန် သူ့အမေအား ပူဆာလေသည်။ ပူဆာ၍ မရသောကြောင့် နှုတ်ခမ်းကလေး မဲ့ကာ ငိုမည် ပြုသဖြင့် ဟက်စတာပရင်းက “တိတ်တိတ်နေပါ သမီးရယ်၊ တိတ်တိတ်နေပါ။ ဟော... လူသံတွေ ကြားရတယ်၊ ပြည်နယ်မင်းကြီးနဲ့ သူ့အဖော်တွေ လာပြီထင်ပါရဲ့။ တိတ်တိတ်နေပါ” ဟု ချော့မော့ရှာလေသည်။

ထိုခဏ၌ပင် ပန်းခြံထဲမှနေ၍ အိမ်ဘက်သို့ လာနေသော လူတစုကို တွေ့ရလေသည်။ ပုလဲသည် သူ့အမေကို တချက်အော်လိုက်ပြီးနောက် တိတ်၍ သွား၏။ သူ တိတ်၍သွားခြင်းမှာ မိခင်၏ ဩဇာကို နာခံသောကြောင့် မဟုတ်ဘဲ တဖြည်းဖြည်း နီးကပ်လာသော လူစုတွင် စိတ်ပါဝင်စားကာ နှင်းဆီပွင့် မရ၍ ငိုရမည်ကိုပင် မေ့လျော့သွားသောကြောင့် ဖြစ်လေသည်။

၉။ ပုလဲနှင့် သင်းအုပ်ဆရာကလေး

မင်းကြီး ဘယ်လင်ဟမ်သည် အဝတ်အစား ပွပွများကို ဝတ်ဆင်၍ထား၏။ အသက်အရွယ် အတော်ရပြီဖြစ်သောကြောင့် သက်သောင့်သက်သာ အဝတ်မျိုးတို့ကိုသာ အိမ်တွင်နေရင်း ဝတ်ဆင်ထားခြင်း ဖြစ်လေသည်။ မင်းကြီး ဘယ်လင်ဟမ်သည် အိမ်ဘက်သို့ လာနေသော လူစုကို ဦးဆောင်၍ ခေါ်လာ၏။ လက်ညှိုးတထိုးထိုးနှင့် နေရာအများသို့ ညွှန်ပြကာ စကားပြောလာသည်ကို ထောက်ခြင်းအားဖြင့် မင်းကြီးသည် သူ၏ခြံထဲ၌ မည်သည့်အပင်များကို စိုက်မည်၊ မည်သည့်နေရာများကို ရှင်းမည် စသည်ဖြင့် ခြံမြေပြုပြင်ရေးနှင့် ပတ်သက်သော သူ၏ ရည်ရွယ်ချက်များကို နောက်ပါလူစုအား ပြောဆိုနေကြောင်း ထင်ရှားပေသည်။ မင်းကြီး ဘယ်လင်ဟမ်သည် အမြဲတစေ မျက်နှာထားကြီး တင်းမာစွာ နေတတ်သောသူ ဖြစ်သောကြောင့် ဤကဲ့သို့ သစ်ပင်ပန်းမန် စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဝါသနာပါသည်ဟု ထင်စရာ မရှိပေ။ ထို့ကြောင့် ယခုကဲ့သို့ သူ၏အိမ်ခြံမြေကို လက်ညှိုးထိုး၍ပြကာ ဂုဏ်ယူသော မျက်နှာဖြင့် နောက်ပါလူစုအား ပြောပြနေခြင်းသည် အမှတ်မဲ့ ကြည့်မည်ဆိုလျှင် အံ့သြဖွယ်ရာ တမျိုးပင် ဖြစ်၍နေလေတော့သည်။ မင်းကြီး၏နောက်မှ လိုက်ပါလာသူမှာ ဂိုဏ်းအုပ်ကြီး မစ္စတာ ဝီလဆင် ဖြစ်လေသည်။ မစ္စတာဝီလဆင်မှာ အိုမင်းပြီဖြစ်သောကြောင့် မုတ်ဆိတ်ကြီးများပင် ဖွေးဖွေး ဖြူ၍ နေပေပြီ။ မစ္စတာဝီလဆင်သည်လည်း ခြံမြေနေရာအချို့ကို လက်ညှိုးညွှန်ကာ မင်းကြီးအား စကားပြောနေသည်ကို အဝေးမှ မြင်ရလေရာ မစ္စတာ ဝီလဆင်သည် အဘယ်သစ်ပင်မျိုးတို့ကို အဘယ်နေရာများတွင် စိုက်သင့်သည်ဟု အကြံဉာဏ်ပေး၍နေဟန် ရှိလေသည်။ ခရစ်ယာန်ခန်းမထက်မှနေ၍ တင်းမာသော မျက်နှာထားဖြင့် ဟက်စတာပရင်း ကဲ့သို့သော မကောင်းမှု ပြုမိသူတို့အား တင်းမာစွာ နှိပ်ကွပ်ဆုံးမနိုင်သော ဂိုဏ်းအုပ်ဆရာကြီး ဖြစ်သည့်တိုင်အောင် မစ္စတာ ဝီလဆင်သည် သစ်ပင်ပန်းမန်တို့၏ အလှအပကို မနှစ်သက်ဘဲ မနေနိုင်သော သူတယောက် ဖြစ်ပေသည်။

မင်းကြီးနှင့် မစ္စတာ ဝီလဆင်တို့၏ နောက်ပါးတွင် အခြားဧည့်သည် နှစ်ယောက် လိုက်ပါ၍ လာ၏။ ထိုသူများမှာ သင်းအုပ်ဆရာကလေး အာသာဒင်းမစ်ဒေးနှင့် အဘိုးကြီး ရော်ဂျာ ချီးလင်းဝပ်တို့ ဖြစ်ကြလေသည်။ သင်းအုပ်ဆရာကလေး အာသာဒင်းမစ်ဒေးသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဈေးမြေကွက်လပ်၌ ဟက်စတာပရင်း အရှက်ခွဲခံရစဉ်အခါက ဟက်စတာပရင်းအား သူနှင့်အတူ တွဲဖက်၍ မကောင်းမှုပြုသူ၏ အမည်ကို မေးမြန်းဖူးသော

သင်းအုပ်ဆရာကလေးပင် ဖြစ်ပေသည်။ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်မှာကား လွန်ခဲ့သည့် နှစ်နှစ်၊ သုံးနှစ်အတွင်းတွင် ဤ ဘော်စတွန်မြို့၌ အတည်တကျ ချရပ်နေထိုင်ခဲ့သော လူထူးလူဆန်းကြီးပင် ဖြစ်လေသည်။ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် ဆေးဆရာတဦး ဖြစ်ပြီးလျှင် သင်းအုပ်ဆရာကလေး အာသာဒင်းမစ်ဒေးနှင့်လည်း အလွန်တရာ ချစ်ခင်ရင်းနှီး သည်ဟု အများက သိကြလေသည်။ မစ္စတာ ဒင်းမစ်ဒေးသည် သင်းအုပ်ဆရာ၏ အလုပ်တာဝန် ဝတ္တရားများကို အလွန် ကြိုးစားပမ်းစား ထမ်းဆောင်ခဲ့သဖြင့် မကျန်းမမာဖြစ်၍ လာခဲ့ရာ ဆေးဝါးအတတ်ကို တတ်မြောက်သူ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်က ဆေးကုသပေးရင်း နှစ်ဦးသား ခင်မင်ရင်းနှီးသွားကြသည်ဟု ဆိုပေသည်။

မင်းကြီး ဘယ်လင်ဟမ်သည် ဧည့်သည်များ၏ ရှေ့မှနေ၍ အိမ်ထဲသို့ ဝင်ရောက်၍လာ၏။ ဧည့်သည်များမှာ ခြေသုံးလှမ်းမျှ နောက်တွင် ကျန်ရစ်ခဲ့ကြလေသည်။

အိမ်ထဲသို့ ရောက်သည်နှင့်ပင် မင်းကြီး ဘယ်လင်ဟမ်သည် ပုလဲကလေးကို လှမ်း၍မြင်လိုက်၏။ ဟက်စတာပရင်းမှာမူ ခန်းဆီးကြီးများ၏ တဖက်အကွယ်တွင် ရှိနေသောကြောင့် ရုတ်တရက် မမြင်ရပေ။

ကလေးကို မြင်လိုက်လျှင် မြင်လိုက်ချင်းပင် မင်းကြီး ဘယ်လင်ဟမ်သည် ရုတ်တရက် အံ့အားသင့်သွားပြီး "ဟဲ့ ဒီ မှင်စာနိနီကလေးက ဘယ်သူများ ပါလိမ့်မလဲ၊ ဘယ့်နှယ် လုပ်ပြီးတော့များ ဒီအခန်းထဲ ရောက်နေပါလိမ့်" ဟု ဆိုလိုက်သည်တွင် မစ္စတာဝီလဆင်ကလည်း "ဟုတ်ပါရဲ့ခင်ဗျာ၊ ကြက်သွေးရောင် အင်္ကျီကလေးနဲ့ ဘယ်သူ့ကလေးများပါလိမ့်။ ဟဲ့ ကလေးမ ကလေး... မင်း ဘယ်သူတုံးကွဲ၊ မင်းကို ဒီလို အင်မတန်ဆန်းကြယ်တဲ့ ကြက်သွေးရောင်အင်္ကျီ ဝတ်ပေးလိုက်တဲ့ မင်းအမေဟာကော ဘယ်မှာလဲ၊ ဘယ်သူလဲ။ မင်း ခရစ်ယာန်ကလေး မဟုတ်လား၊ ကျမ်းစာ ရွတ်တတ်ပြီလား၊ ခရစ်ယာန် ကဗျာတွေကော ရပြီလား ဟင်" ဟု မေးလိုက်လေသည်။

ထိုအခါ ပုလဲကလေးက "ကျွန်မ အမေ့သမီးပေါ့ရှင့်၊ ကျွန်မနာမည်က ပုလဲတဲ့" ဟု ဖြေလိုက်တော့၏။

"ဩော်... မင်းနာမည်က ပုလဲတဲ့လား၊ မင်း ဝတ်ထားတဲ့ အင်္ကျီရောင်ကလေးနဲ့ဆိုရင် မင်းနာမည်ဟာ ပတ္တမြား၊ ဒါမှမဟုတ် သန္တာလို့ မှည့်ဖို့ ကောင်းတာပဲ" ဟု ပြောလိုက်ပြီးလျှင် ဂိုဏ်းအုပ်ကြီး မစ္စတာ ဝီလဆင်သည် ပုလဲ၏ပါးပြင်ကလေးကို တို့ထိ ယုယရန် လက်ကမ်းလိုက်လေသည်။ သို့သော် ပုလဲက အထိမခံဘဲ ရှောင်တိမ်းလိုက်၏။ ထို့ကြောင့် မစ္စတာဝီလဆင်သည် "နို့ မင်းအမေကောကွယ့်၊ ဘယ်မှာလဲ ကလေးရဲ့" ဟု ပုလဲအား မေးလိုက်ပြီးနောက်

မင်းကြီး ဘယ်လင်ဟာမ်၏ဘက်သို့လှည့်၍ လေသံ နိမ့်နိမ့်ဖြင့် "ဒီကလေးဟာ ဟက်စတာပရင်းရဲ့ကလေးပေါ့ ခင်ဗျာ" ဟု ပြောလိုက်လေသည်။

မင်းကြီး ဘယ်လင်ဟာမ်သည် ထိုစကားကို ကြားလိုက်ရသောအခါ၌ များစွာ အံ့အားသင့်၍ သွားပြီးလျှင် "ဘာပြောတယ်၊ ဟင်... အဲ... အဲ... အတော်ပဲ .. အတော်ပဲ၊ ဒီကလေးရဲ့ကိစ္စကို ကျုပ်တို့ စဉ်းစားနေတုန်းမှာ သူတို့သားအမိ ပေါ်လာပေတော့တယ်" ဟု ပြောပြီးနောက် တောင်မြောက် လေးပါးကို ကြည့်လိုက်သောအခါ ခန်းဆီးဘေးတွင် ခပ်ကွယ်ကွယ် ရပ်၍ နေသော ဟက်စတာပရင်းကို သွား၍ မြင်လိုက်လေသည်။

မင်းကြီး ဘယ်လင်ဟာမ်သည် ညှော့သည်သုံးယောက်နှင့်အတူ ဟက်စတာပရင်း၏ အနီးသို့ တိုးကပ်၍သွားရင်း ဟက်စတာ၏ မျက်နှာကို စေ့စေ့ကြည့်ကာ "ဟဲ့ ဟက်စတာပရင်း၊ မင်းကိစ္စတွေနဲ့ ပတ်သက်ပြီး တို့ ခုတလောကလေးမှာ တော်တော်ပဲ ခေါင်းရှုပ်လိုက်ကြရတယ်၊ အခုလည်း တခါ ဒီကလေးနဲ့ ပတ်သက်ပြီး တို့မှာတော့ ခေါင်းရှုပ်နေကြရပြန်ပြီ။ ဒီကလေးရဲ့ ကိစ္စကို တို့တတွေ စဉ်းစားကြတယ်လေ။ မြို့အုပ် မြို့ချုပ်တွေ လုပ်နေရလေတော့ ငါတို့အဖို့မှာ ဆိုရင် ဒီကလေးရဲ့ကောင်းစားရေးကို သင့်လျော်တဲ့ နည်းလမ်းနဲ့ စီမံဖန်တီးပေးကြရလိမ့်မယ်။ ဒီကလေးကို ဟန်ကျပန်ကျ ဆုံးမပေးနိုင်ဖို့ လိုလိမ့်မယ်။ မင်းအဖို့မှာဆိုရင် အကျင့်ပျက်ပြားသူ ဖြစ်တဲ့အတွက် ဒီကလေးကို လိမ္မာလာအောင် ဆုံးမနိုင်မယ် မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား... ပြောစမ်းပါဦး" ဟု ပြောလိုက်၏။

ထိုအခါတွင် ဟက်စတာပရင်းသည် သူ၏ ရင်အုံပေါ်တွင် ရှိသော ကြက်သွေးရောင် စာလုံးကို လက်နှင့် ထောက်လိုက်ပြီးလျှင် "ကျွန်မအဖို့မှာ ဟောဒီ အမှတ်အသား တံဆိပ်ကြီးက အလိမ္မာတိုးအောင် ဆုံးမနေပြီမို့ ကျွန်မ ရသမျှ အလိမ္မာတွေကို ကျွန်မ သမီးကလေး ပုလဲကို သင်ပေးနိုင်ပါတယ် ရှင်" ဟု ဖြေလိုက်လေ၏။

မင်းကြီး ဘယ်လင်ဟာမ်လည်း ဟက်စတာပရင်း၏ အဖြေကို မကျေနပ်လှဘဲ "အဲ... မင်း အမှတ်တံဆိပ်က မကောင်းမှုပြုမိလို့ ဒဏ်ခတ်ခံရတဲ့ အမှတ်တံဆိပ်ပဲ။ မင်းရဲ့စာရိတ္တမှာ အစွန်းအဖွဲ့ကြီး ထင်နေတဲ့အတွက် ဒီကလေးကို တခြားလူ လက်ထဲမှာ ပို့ထားပြီး ကြီးပြင်းအောင် မွေးမြူဖို့ တို့က စီစဉ်ရတာ" ဟု ပြောလိုက်လေရာ ဟက်စတာပရင်းသည် မျက်နှာတွင် သွေးဆုတ်၍ သွား၏။ သို့သော် အောင်မြင်တည်ကြည်သော အသံဖြင့်ပင် "ကျွန်မရဲ့ စာရိတ္တ ဘယ်လောက်ပဲ ပျက်ခဲ့ရ ပျက်ခဲ့ရ၊ ဟောဒီ အပြစ်ဒဏ် အမှတ်ကြီးဟာ ကျွန်မကို လိမ္မာအောင် နေ့စဉ်နဲ့အမျှ ဆုံးမသွန်သင်နေပါတယ် ရှင်၊ အခု လောလောဆယ်မှာလည်းပဲ ကျွန်မ အလိမ္မာ တိုးနေပါပြီ။ နောက်ကိုလည်း

မသေမချင်း အလိမ္မာ တိုးရဦးမှာပါပဲ။ အဲဒီတော့ ကျွန်မ မှားခဲ့တဲ့ အမှားမျိုးတွေကို ကျွန်မသမီးကလေး မမှားစေရအောင် ကျွန်မ ဆုံးမ ပဲ့ပြင်နိုင်ပါတယ်ရှင်” ဟု ပြောလိုက်လေ၏။

ထိုအခါ၌ မင်းကြီးဘယ်လင်ဟမ်က “အေးလေ… စောင့်ကြည့်သေးတာပေါ့၊ ကဲ… တို့ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာကို မင်း စောင့်ကြည့်ပေါ့ကွယ်။ ကိုင်း… မစ္စတာဝီလဆင်၊ ဟောဒီ ပုလဲဆိုတဲ့ ကလေးမလေးကို မေးမြန်းစုံစမ်း လုပ်စမ်းပါဦး၊ အခုလို လူမှန်းသိတတ်တဲ့ အရွယ်ကလေးမှာ ခရစ်ယာန် ဘာသာတရားကို သူ့အရွယ်အလိုက် သိတန်သလောက်တော့ သိပေမပေါ့ဗျာ… မဟုတ်လား” ဟု ဆိုလိုက်သဖြင့် ဂိုဏ်းအုပ်ကြီး မစ္စတာ ဝီလဆင်သည် ကုလားထိုင်တလုံးပေါ်၌ ထိုင်၍ ချလိုက်ပြီးလျှင် ပုလဲကလေးအား သူ့အနီးသို့ ဆွဲယူရန် ကြိုးစားလိုက်လေသည်။ သို့သော် ပုလဲသည် မိခင်မှလွဲ၍ အခြား လူစိမ်းသူစိမ်းများ၏ ယုယကိုင်တွယ်ခြင်းကို ခံယူဖူးသူ မဟုတ်သောကြောင့် ရုတ်တရက် ချက်ချင်းပင် နောက်သို့ ဆုတ်ကာ ပြတင်းပေါက်ဆီသို့ ပြေး၍ ပြတင်းပေါက်ပေါင်ပေါ်၌ မတ်တတ်ရပ်၍ နေတော့၏။ ပုလဲအား ကြည့်ရသည်မှာ အနီရောင် အမွေးအတောင်များ ရှိသော ငှက်တကောင် ပြတင်းပေါက်မှ ထ၍ ကောင်းကင်သို့ ပျံသန်းရန် ဟန်ပြင်၍ နေသည်နှင့်ပင် တူလေတော့သည်။ မစ္စတာဝီလဆင်သည် ပုလဲကလေးက အနီးကပ် မခံသည်ကို စိတ်မဆိုး။ အဘယ်ကြောင့်ဆိုသော် မစ္စတာဝီလဆင်သည် ကလေးသူငယ်များကို ချစ်တတ်သော ဖခင်စိတ်ရှိသူ ဖြစ်လေသည်။ သို့တိုင်အောင် မစ္စတာ ဝီလဆင်သည် စိတ်ထဲက ကျိတ်၍ ပုလဲအား မေးခွန်းများ ထုတ်ရန် စီစဉ်၍ နေ၏။

ရုတ်တရက် ချက်ချင်း ကြီးမားသော ဣန္ဒြေကို ဆောင်လိုက်ပြီးနောက် မစ္စတာဝီလဆင်က “ဟဲ့ ကလေး၊ မင်းနာမည်နဲ့လိုက်အောင် တနေ့ကျရင် မင်းဟာ အင်မတန် အဖိုးတန်တဲ့ ပုလဲကုံးကြီးကို လည်ဆွဲရတနာအဖြစ်နဲ့ ဆင်မြန်းရပါလိမ့်မယ်ကွယ်။ အဲဒီတော့ ငါမေးတာကို ဖြေစမ်းနော် ဟုတ်လား၊ အဲ …အဲ …. မင်းကို ဘယ်သူ ဖန်ဆင်းသလဲကွယ့်” ဟု မေးလိုက်၏။

ပုလဲသည် မိမိအား မည်သူ ဖန်ဆင်းသည်ကို ဖြေနိုင်သော အရွယ်သို့လည်း ရောက်၍နေသူ ဖြစ်၏။ ထို့ပြင် မိခင်ဖြစ်သူ ဟက်စတာပရင်း ကိုယ်တိုင်ကလည်း ဘုရားသခင်ကို လေးစားသောသူ ဖြစ်သောကြောင့် မိမိတို့ ခရစ်ယာန်ဘာသာဝင် ဘုံသားများအား မည်သူ ဖန်ဆင်း၍ ထားသည်ကို သမီးကလေး ပုလဲအား သင်ကြားခဲ့ပြီး ဖြစ်ပေသည်။ သို့သော် အရွဲ့တိုက်၍ ပြောချင်သောစိတ်မျိုး ကလေးတိုင်းပင် အနည်းနှင့်အများ ရှိတတ်ကြရာ၌ ပုလဲမှာမူ ထိုစိတ်မျိုး သာမန်ကလေးထက် ဆယ်ဆပိုသည် ဖြစ်လေရာ ပါးစပ်ထဲတွင် သူ့လက်ချောင်းများကို ထည့်၍ ကြောင်စာစာ လုပ်ကာ ဘာမျှ အဖြေမပေးဘဲ နေလေတော့သည်။

ဂိုဏ်းအုပ်ကြီး ဝီလဆင်သည် ပုလဲအား အမျိုးမျိုး ချော့မော့လှည့်ပတ်၍ မေးနေ၏။ အတန်ကလေး ကြာသောအခါမှ ပုလဲသည် အဖြေမပေးပါက ဆက်လက် မေးနေဦးမည်ကို နားငြီးဟန်ဖြင့် နှုတ်ခမ်းကလေး ရွဲ့လိုက်ပြီးနောက် "ကျွန်မကို ဘယ်သူကမှ မဖန်ဆင်းပါဘူး၊ ကျွန်မကို ကျွန်မအမေက နှင်းဆီရိုင်းချုံထဲက နေပြီး ခူးယူလာတာပါ" ဟု ကိုးရိုးကားရား အဖြေ ပေးလိုက်လေသည်။

ဂိုဏ်းအုပ်ကြီး ဝီလဆင်သည် ပါးစပ်အဟောင်းသားနှင့် ဖြစ်၍ သွားလေ၏။ ထိုအဖြေကို ပုလဲက ဖြေလိုက်ခြင်းမှာ အခြားကြောင့် မဟုတ်။ မင်းကြီး၏ ခြံဝင်းအတွင်းရှိ နှင်းဆီရိုင်းချုံများကို မြင်သဖြင့်လည်းကောင်း၊ မင်းကြီး၏အိမ်သို့ လာကြရာတွင် ထောင်ရှေ့မှ ဖြတ်သန်းလာကြသည် ၌ ထောင်တံခါးဝရှိ နှင်းဆီရိုင်းချုံကို ဖြတ်သန်း၍ လာကြရသောကြောင့်လည်းကောင်း ဖြစ်လေသည်။

အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် ကလေးဖြေပုံကို သဘောကျသည့်ဟန်ဖြင့် တချက် ပြုံးလိုက်ပြီးလျှင် သင်းအုပ်ဆရာကလေး၏ နားထဲသို့ တစုံတခုကို တီးတိုးပြောလိုက်လေသည်။ ဟက်စတာပရင်းသည် ရော်ဂျာချီးလင်းဝပ်အား တချက် လှမ်း၍ကြည့်လိုက်၏။ အဘိုးကြီးသည် မိမိ၏ ခင်ပွန်းသည် ဖြစ်သည်သာမက ထောင်ထဲသို့ မရောက်ရောက်အောင် ကြံဖန်လိုက်လာ၍ ကလေးအဖေကို မေးသူပင် မဟုတ်ပါလော။ သို့ ကြည့်ရာ၌ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် ယခင်ကနှင့်မတူ၊ များစွာ ပြောင်းလဲနေသည်ကို ဟက်စတာပရင်း သတိထားမိ၏။ ဤအခါတွင် အဘိုးကြီးသည် ယခင်ကနှင့် မတူတော့။ ပိုမို၍ အရုပ်ဆိုးနေပြီး ညိုမောင်းသော အသားများ သည် နက်ပြာ၍ နေပေသည်။ ပခုံးတဖက် နိမ့်၍နေသော ကိုယ်ကာယမှာ ကြုံလှီ၍ ယခင်ကထက် ပိုမို အကြည့်ရ ဆိုးနေပေသည်။ ရော်ဂျာချီးလင်းဝပ်နှင့် ဟက်စတာပရင်းတို့၏ မျက်လုံးများသည် တဒင်္ဂမျှ ဆိုင်မိကြပြီးနောက် ဟက်စတာပရင်းသည် ကလေး၏ ကိစ္စကို အကဲခတ်လိုက်ပြန်၏။

ပုလဲကလေး၏ အဖြေကြောင့် အံ့အားအသင့်ကြီး သင့်၍သွားရသော မင်းကြီး ဘယ်လင်ဟမ် သည် မနည်းကြီး သူ့စိတ်ကို သူ ထိန်း၍ "အမယ်လေး... ဒုက္ခပါပဲဟာ။ ကြည့်စမ်း၊ သူ့အသက် သုံးနှစ်တောင် ရှိနေပြီ၊ သူ့ကို ဘယ်သူက ဖန်ဆင်းတယ်ဆိုတာတောင် မပြောတတ်သေးဘူး။ ကေန္တ ဒီကလေးဟာ သူ့အမေနဲ့ နေရလို့ ခုလောက်တောင် အသိဉာဏ် နည်းနေတာပဲ။ အဲ ... အပို ဘာမှ ထပ်ပြီးတော့ စဉ်းစားနေကြဖို့ မလိုတော့ဘူး၊ ဒီကလေးကို သူ့အမေနဲ့ ခွဲပြီး မိသားစု တစုဆီမှာ ခပ်မြန်မြန် အပ်ထားမှ တော်လိမ့်မယ်" ဟု ပြောလိုက်လေသည်။ ထိုစကားကို ကြားရသောအခါတွင် ဟက်စတာပရင်းသည် ပုလဲကလေးအား ကောက်၍ ချီလိုက်ပြီးလျှင် ရင်ခွင်၌ တင်းကျပ်စွာ ပွေ့ထားလိုက်ပြီးနောက် မင်းကြီး ဘယ်လင်ဟမ်အား အလျှံတလက်လက် ပေါ်ထွက်၍နေသော မျက်လုံးများဖြင့်

စိန်းစိန်းကြီး ကြည့်လိုက်လေသည်။ ဟက်စတာ ပရင်း သည် ကမ္ဘာကြီးအလယ်တွင် မျက်နှာငယ်သူ တယောက်တည်းဖြစ်၏။ လူ့အသိုက်အဝန်းက လည်း စွန့်ပယ်ထားခြင်းကို ခံရသဖြင့် သူ့အဖို့တွင် ပုလဲကလေးသာလျှင် ဤလောက၌ ခင်တွယ်စရာ ရှိတော့သည်။ ဘဝ၏ တခုတည်းသော သံယောဇဉ်ကိုမျှ ရှိခွင့်မပေးဘဲ ဖြတ်တောက်ရန် ကြိုးစားကြဦးမည်ဆိုလျှင် အသက်ပေး၍ ကာကွယ်ရတော့မည်ဟု ဟက်စတာပရင်း ဆုံးဖြတ်ထားဟန် တူ၏။ ကိုးလလွယ် ဆယ်လမွေးရသော မိမိ၏ ရင်သွေးကလေးကို မိမိသာလျှင် လုံးဝ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဟက်စတာပရင်း တွေးလိုက်၏။ ထိုကြောင့် "ဒီကလေးဟာ ကျွန်မကို ဘုရားသခင်ပေးတဲ့ ကလေးပါ။ ကျွန်မမှာ ရှိသရွေ့ ဂုဏ်ကျက်သရေ အားလုံးတို့ကိုလည်း ရှင်တို့တွေ ဖျက်ဆီးလိုက်လို့ တခုမှ မကျန်တော့ပါဘူး။ အဲဒီလို မကျန်တဲ့အတွက် စိတ်ဖြေစရာ ရပါစေဆိုပြီးတော့ ဘုရားသခင်က ကျွန်မကို ဒီကလေး ပေးထားပါတယ်။ ဒီကလေးကြောင့်ပဲ ကျွန်မ ပျော်ရတယ်၊ ဒီကလေးကြောင့်ပဲ ကျွန်မ စိတ်ညစ်ရတယ်။ ဒါပေမဲ့ ဒီကလေးကြောင့်သာ ကျွန်မ အသက်ရှင်နေရတာပါ။ ဒီကလေးဟာ ကျွန်မကို အမြဲတစေ ကိုယ့်အပြစ်ကို ပြန်ပြီး သတိရအောင် သတိဖော်ပေးပြီး အပြစ်ဒဏ် ခတ်နေတဲ့ ကလေးပါပဲ။ ကဲပါရှင် ... ကြည့်ကြစမ်းပါ၊ ကျွန်မ ရင်ဘတ်မှာ ဆင်မြန်းထားရတဲ့ "အေ" စာလုံးရဲ့နည်းတူ ဒီကလေးဟာလည်းပဲ ကျွန်မရဲ့အပြစ်ကြီးကို အမြဲသရုပ်ဖော်နေတဲ့ ကလေးပဲ မဟုတ်ဘူးလားရှင်။ ဒါပေမဲ့ ဒီကလေးဟာ ကျွန်မကို ချစ်တယ်၊ ဒီတော့ ဒီကလေးကို ရှင်တို့ ကျွန်မဆီက မယူရဘူး။ ဒီကလေးကို ယူမယ်ဆိုရင် ကလေးကို ရှင်တို့ မရခင်မှာပဲ ကျွန်မ အသေခံရပါလိမ့်မယ်" ဟု စူးရှသော အသံဖြင့် ပြောလိုက်လေသည်။

မိခင်တို့၏ ကြီးစွာသော မေတ္တာဖြင့် ပြောလိုက်သော ဟက်စတာပရင်း၏ လေသံကြောင့် မင်းကြီး ဘယ်လင်ဟမ်၏စိတ်တွင် အတော်ကြီး ထိခိုက်၍ သွား၏။ ထို့ကြောင့် ကြင်နာသော အသံဖြင့် "ဒီကလေးဟာ ကောင်းရာ မွန်ရာမှာ ဟန်ကျပန်ကျ နေရမှာပါကွယ်။ မင်းအိမ်မှာ နေရတာထက် အများကြီး သာပါလိမ့်မယ်" ဟု ပြောလိုက်ရာ ဟက်စတာပရင်းက-

"ဒီကလေးကို ကျွန်မ ကျွေးမွေးသုတ်သင်ပြီး ကြီးပြင်းအောင် မွေးမြူရဖို့ ဘုရားသခင်က ကျွန်မကို ပေးတာပါရှင်" ဟု ယခင်ကထက် စူးရှသော အသံဖြင့် ပြောလိုက်ပြန်လေသည်။

ထိုနောက် ဟက်စတာပရင်းက ဆက်လက်၍ "ကျွန်မ ဒီကလေးကို ဘယ်တော့မှ မစွန့်လွှတ်ဖူး" ဟု ငယ်သံများပါမတတ် အော်လိုက်ပြီး ရုတ်တရက် စိတ်ကူးတခုကို ရဟန်ဖြင့် သင်းအုပ်ဆရာ ကလေး ဒင်းမစ်ဒေး၏ဘက်သို့ လှည့်ကာ "ကျွန်မအတွက် ရှင် ဝင်ပြီး ပြောပေးပါရှင်၊ ရှင်ဟာ ကျွန်မရဲ့သင်းအုပ်ဆရာ

မဟုတ်လား၊ ကျွန်မရဲ့ဝိညာဉ်ကို လမ်းမှန်ကို ရောက်အောင် ပို့ပေးရတဲ့တာဝန် ရှင့်မှာ ရှိခဲ့တယ် မဟုတ်လား။ ပြီးတော့ ရှင်ဟာ ကျွန်မရဲ့ သင်းအုပ်ဆရာ ဖြစ်တဲ့အတွက် တခြားလူတွေထက် ရှင်က ပိုပြီးတော့ ကျွန်မအကြောင်းကို သိတယ် မဟုတ်လား။ ကျွန်မ ဒီကလေးကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ ကျွန်မအတွက် ရှင် ပြောပေးပါရှင်၊ ရှင် သိတယ်... ရှင် သိတယ်... ကျွန်မ အသည်းနှလုံးထဲမှာ ဘာရှိနေတယ် ဆိုတာကို ရှင် သိတယ်...။ ပြီးတော့ မိခင်တဦးရဲ့အခွင့်အရေးတွေဟာ ဘာလဲဆိုတာကိုလည်း ရှင် သိတယ်။ ပြီးတော့ မိခင်တယောက်ရဲ့သံယောဇဉ်ဟာ ဘယ်လောက်ကြီးတယ် ဆိုတာလည်း ရှင် သိတယ်။ ကျွန်မဟာ မိခင်တယောက်ပဲ။ ဒါပေမဲ့ သာမန်မိခင် မဟုတ်ဘူး၊ အင်မတန် ရုက်စရာကောင်းတဲ့အဖြစ်ကို ရောက်နေပြီးတော့ သမီးတကောင်နဲ့သာ လောကကြီးထဲမှာ နေရတဲ့ မိခင်တယောက်ပါ။ ကျွန်မကလေးကို ကျွန်မ ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ အဲဒီတော့ ရှင် ဝင်ပြီး ပြောပေးပါ” ဟု တုန်ယင်လှိုက်လှဲသော အသံဖြင့် တောင်းပန်လိုက်လေသည်။ ဤကဲ့သို့ ဟက်စတာပရင်းက နာကြည်းဆွေးမြည့်သော အသံဖြင့် တောင်းပန်လိုက်သော အခါတွင် သူ၏အမူအရာများမှာ ရူးသွပ်နေသော သူတဦး၏ အမူအရာများကဲ့သို့ပင် ဖောက်ပြန် တုန်လှုပ်၍ နေပေသည်။ တောင်းပန်ချက်ကို ကြားလိုက်သည်နှင့် တပြိုင်နက်တည်း သင်းအုပ်ဆရာကလေးသည် မျက်နှာတွင် သွေးဆုတ်၍ သွား၏။ ထိုနောက် သူ့ရင်ဘတ်ကို လက်ဖြင့် အုပ်လိုက်ပြီးလျှင် အလွန်တရာ စိတ်လှုပ်ရှားသော အမူအရာများလည်း ပေါ်၍လာ၏။

သင်းအုပ်ဆရာကလေးသည် ဟက်စတာပရင်းအား ဈေးမြေ ကွက်လပ်တွင် အရှက်ခွဲသည့် နေ့ကထက် ပိုမို၍ ညှိုးလျှော့မှိန်းရီနေသောပုံလည်း ပေါ်၏။ ထိုကဲ့သို့ မျက်နှာညှိုး၍ နေရခြင်းမှာ သူ၏ ကျန်းမာရေး အခြေအနေ မကောင်းသောကြောင့်ပေလော၊ သို့မဟုတ် အခြားအကြောင်း တခုခုကြောင့် ပေလော၊ ဘယ်အကြောင်းဟု မည်သူမျှ မသိကြပေ။ သို့သော် ပြူးကျယ် မည်းနက်သော မျက်လုံးကြီးများတွင်ကား ဝမ်းနည်းပူဆွေးသော အရိပ်အယောင်တို့သည် လွှမ်းမိုး၍ နေပေသည်။

သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် ရှေ့သို့ ခြေလှမ်းတိုးရာက “ဟက်စတာပရင်း ပြောတာ မှန်ပါတယ်၊ ဟက်စတာပရင်းရဲ့စိတ်ထဲမှာ ခံစားနေရတဲ့ဟာတွေဟာလည်း သူပြောတဲ့အတိုင်း ပါပဲ၊ ဘုရားသခင်ဟာ ဒီကလေးကို ဟက်စတာပရင်းအား ပေးအပ်ခဲ့တာဟာ အကြောင်း ရှိပါတယ်။ ဒီအကြောင်းဟာလည်း ဘုရားသခင် ကိုယ်တော်တိုင်သာလျှင် သိနိုင်တဲ့အကြောင်း ဖြစ်ပါတယ်။ အဲဒီအကြောင်းကြောင့် ဒီမိခင်နဲ့ ဒီကလေးတို့ရဲ့ သံယောဇဉ်ဟာ မမွန်မြတ်ပါလား ခင်ဗျာ” ဟု ပြောလိုက်၏။ တုန်ယင်၍ နေသော်လည်း ဒင်းမစ်ဒေး၏ အသံသည် ယခင်က နည်းတူပင် အသံသြဇာ ပြည့်ဝလျက်

ရှိနေပေသေးသည်။

ဒင်းမစ်ဒေး၏စကား မဆုံးမီပင် မင်းကြီး ဘယ်လင်ဟာမ်က "ခပ်ရှင်းရှင်း ပြောစမ်းပါဦး မစ္စတာဒင်းမစ်ဒေးရဲ့" ဟု ကြားဖြတ်၍ ပြောလိုက်၏။

ဤတွင် ဒင်းမစ်ဒေးက ဆက်လက်၍ "ဒီကလေးဟာ ယခုထက်တိုင် မပေါ်သေးတဲ့ ဖခင်ဖြစ်သူရဲ့ အပြစ်ဒဏ်နဲ့ မိခင်ဖြစ်သူရဲ့အရှက်ကို သရုပ်ဖော်ရအောင် ကောင်းကင်ဘုံရှိ အဖဘုရားသခင် ဖန်ဆင်းလိုက်တဲ့ကလေး ဖြစ်ပါတယ်။ ဒီကလေးဟာ မိခင်ဖြစ်သူကို အမျိုးမျိုး အသည်းနာစေ ပါတယ်။ ရင်ထဲမှာ တနင့်နင့်ဖြစ်ပြီး နေရခြင်းဟာ ဒီကလေးရဲ့အတွက်ပဲ ဖြစ်ပါတယ်။ စိတ်ဒုက္ခ ဆင်းရဲခြင်းကိုလည်း တသက်လုံး ခံသွားရအောင် ဘုရားသခင်က ဒီကလေးကို ဖန်ဆင်းလိုက် ပေမဲ့ ဒီကလေးဟာလည်း ပျော်ရွှင်မှု လုံးဝကင်းမဲ့သော ဟက်စတာပရင်းရဲ့ဘဝမှာ အသက်နဲ့ ခန္ဓာကိုယ် ဆက်လက်ပြီး တည်မြဲနေစရာ အကြောင်းကလေးတခု ဖြစ်နေပါတယ်။ ဒီကလေးဟာ သူ့မိခင်ကို ပျော်ရွှင်စေသလောက် သူ့မိခင်ကိုလည်း စိတ်ဆင်းရဲစေပါတယ်။ ဒါကြောင့်မို့လို့ ဒီကလေးကို သူ့ မိခင်ထံက ခွဲပြီးတော့ မယူသင့်ပါဘူး" ဟု ပြောလိုက်ပြန်လေသည်။

သို့တိုင်အောင် ဂိုဏ်းအုပ် မစ္စတာဝီလဆင်က "ဆရာကလေး ပြောတာတော့ ဟုတ်ပါရဲ့ဗျာ၊ ဒါပေမဲ့ သူ့အမေဟာ ဒီကလေးကို အဝတ်အစား လှလှကလေးတွေ ချုပ်ပေးပြီး ဘာမျှ အသုံးမဝင်တဲ့ အရုပ်လိုချည်းပဲ ထားလို့ရှိရင် ဖြစ်နိုင်ပါ့မလား" ဟု ပြောလိုက်သောအခါတွင် မစ္စတာ ဒင်းမစ်ဒေးက "ဒီလို မဖြစ်နိုင်ပါဘူးဗျာ... မဖြစ်နိုင်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ဟက်စတာပရင်းကိုယ်တိုင်က ဒီကလေးဟာ သူ့ရဲ့ပြစ်ဒဏ်တွေကို သရုပ်ဖော်ပေးတဲ့ ကလေး အဖြစ်နဲ့ အသိအမှတ် ပြုထားပြီးသား ဖြစ်ပါတယ်။ အဲဒီလို သူ့အဖို့ အမြဲသတိပေးနေတဲ့ အထိမ်းအမှတ်အဖြစ် ဒီကလေး ရှိနေသမျှ ကာလပတ်လုံး ဟက်စတာပရင်းဟာ အခုထက် ပိုပြီးတော့ ဆိုးရွားတဲ့အဖြစ်မျိုးတွေကို ကျူးလွန်ရဲတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီကလေးကလေးကို သူ့မိခင်ထံက ခွဲပြီး မထားတာဟာ အကောင်းဆုံးနည်းလမ်း ဖြစ်ပါတယ်။ အပြစ်ရှိတဲ့ မိခင်ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိမှန်းကို သိပြီး နေရတော့ ဒီကလေး ကလေးကို အပြစ်ကင်းမဲ့အောင်၊ မကောင်းမှုကင်းအောင် နေတတ်ထိုင်တတ်စေဖို့ နည်းပေး လမ်းပြ လုပ်နိုင်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဘုရားသခင် အလိုတော်ရှိတဲ့အတိုင်း ကလေးနဲ့ မိခင်ကို ခွဲဖို့ မသင့်ဘူး ထင်ပါတယ် ခင်ဗျာ" ဟု ပြောလိုက်လေသည်။

ဘေးမှ ကြည့်နေသူ အဘိုးကြီး ရော်ချာချီးလင်းဝပ်က "ဘယ့်နှယ် ဆရာ.. ဆရာကလေး ပြောတဲ့စကားတွေဟာ ဆန်းလှချည်ကလား ဗျာ့" ဟု ခပ်ပြုံးပြုံးနှင့် ဝင်၍ ပြောလိုက်သည့်အခါ ဂိုဏ်းအုပ်ကြီး မစ္စတာ ဝီလဆင်က "ဆရာကလေး ဒင်းမစ်ဒေးပြောတဲ့ စကားဟာ အတော်ပဲ အရေးကြီးပါတယ်၊

ငြင်းချက်ထုတ်ပြတာဟာလည်း အများကြီးပဲ တာသွားပါတယ်” ဟု ဆိုလိုက်လေသည်။

ပြီးခါမှ မင်းကြီး ဘယ်လင်ဟမ်ဘက်သို့ လှည့်ကာ “မင်းကြီးရဲ့သဘောမှာ ဘယ်လိုများ ရှိပါသလဲ ခင်ဗျာ၊ သင်းအုပ်ဆရာကလေးကတော့ လေးလေးနက်နက်ကြီး ဟိုသူငယ်မအတွက် လျှောက်လဲနေပါပကော” ဟု ဆိုလိုက်လေသည်။

မင်းကြီး ဘယ်လင်ဟမ်က “ဟုတ်တော့ ဟုတ်သားဗျ၊ သူထုတ်တဲ့ ငြင်းချက်ဟာ အတော်ကလေးပဲ ခိုင်လုံပါတယ်။ အဲဒီတော့ကာ ဒီကလေးကို သူ့အမေနဲ့ ခွဲထားဖို့ကိစ္စဟာ အခုနေတော့ ဆိုင်းထားလိုက်ကြဦးစို့ပေါ့ဗျာ။ ဒီမိန်းမ နောက်ထပ်ပြီး မကောင်းမှုတခုခု ကျူးလွန်ခဲ့တဲ့အခါကျတော့မှ ဒီကိစ္စကို ဆက်လက်ပြီး စဉ်းစားကြတာပေါ့။ ဒါပေမဲ့ အဲဒီ အတောအတွင်းမှာ ဒီကလေးကို ကျမ်းစာသင်ဖို့ မစ္စတာ ဒင်းမစ်ဒေးလက်ကို အပ်ရမယ်။ ပြီးတော့ ဒီကလေးဟာ ဘုရားရှိခိုးကျောင်းနဲ့ စာသင်ကျောင်းကို မှန်မှန် တက်အောင် သူ့အမေက တာဝန်ယူရပေလိမ့်မယ်”ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

မင်းကြီး ဘယ်လင်ဟမ် ဆုံးဖြတ်ချက်ကို ဆက်လက်ပြော၍ နေစဉ်ပင် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် နောက်သို့ဆုတ်ကာ ပြတင်းပေါက် ခန်းဆီးကြီး၏ အနားတွင် သွား၍ ရပ်နေ၏။ သူ၏မျက်နှာတွင် ကြောသေးကြောမွှာများ တရွရွ လှုပ်ရှား၍ နေကြပေသည်။ ယင်းသည့်အချိန်တွင်ပင် ပုလဲကလေးသည် တဖြည်းဖြည်းနှင့် အနီးသို့ ကပ်၍သွားပြီးလျှင် မစ္စတာဒင်းမစ်ဒေး၏လက်ကို သူ၏လက်ကလေးများဖြင့် ကိုင်လိုက်ပြီးနောက် ပွတ်သပ် ယုယရင်း သူ၏ ပါးကလေးနှင့် လက်ကိုကပ်၍ ထားလိုက်လေသည်။ ထိုအမူအရာကို မြင်ရသော ဟက်စတာပရင်းသည် “ဩော်... ဒီကလေးဟာ ချစ်တတ်တဲ့ စိတ်ကလေး ရှိပါကလား” ဟု တွေး၍ နေလေသည်။ သင်းအုပ်ဆရာကလေးသည် ရှေးဦးစွာ ကလေး၏ခေါင်းကို ပွတ်သပ်ယုယ လိုက်ပြီးနောက် ငုံ့၍ ပုလဲ၏ နဖူးကို အသာအယာ နမ်းလိုက်လေသည်။ ထိုကဲ့သို့ နမ်းလိုက်သော ခဏတွင် ပုလဲသည် ငြိမ်၍နေမည့်အစား ရုတ်တရက် ဆည်းလည်းသံကလေးဖြင့် ရယ်ပစ်လိုက်ပြီးနောက် အနီးမှ ခုန်ဆွ ခုန်ဆွနှင့် ထွက်သွားလေတော့သည်။

ခြေလှမ်း ခြေနှုတ် သွက်လက်လှသော ကလေးငယ်ကို ကြည့်ကာ မစ္စတာဝီလဆင်က “တယ်ပြီးတော့ သွက်တဲ့ကလေးပါကလား” ဟု မစ္စတာ ဒင်းမစ်ဒေးဘက်သို့ လှည့်၍ ပြောလိုက်သည်တွင် အဘိုးကြီး ရော်ဂျာချီးလင်းဝပ်က “ဒီကလေးဟာ အတော်ဆန်းတဲ့ ကလေးပဲဗျ၊ သူ့အမေစိတ်မျိုးလည်း ရှိပုံရတယ်၊ ရုပ်ချင်းကလည်း ခပ်ဆင်ဆင်။ ဒီကလေးကို ကျုပ်သာ ကြာကြာကြည့်ရရင်တော့

ကလေးအဖေဟာ ဘယ်သူလဲဆိုတာတောင် သိကောင်း သိမှာပဲ ဗျို့” ဟု ဝင်၍ ပြောလိုက်လေသည်။

မစ္စတာဝီလဆင်က “ကလေးအဖေကို ကျုပ်တို့က ရှာဖို့ တာဝန် မဟုတ်ပါဘူးလေ၊ ဘုရားသခင် အလိုတော်ရှိတဲ့အခါကျလို့ရှိရင် ကလေးအဖေဟာ အလိုအလျောက် အများသူငါ ကြားသိအောင် ပေါ်ပေါက်လာမှာပါပဲ” ဟု ပြောလိုက်ပြီးနောက် ဟက်စတာပရင်းနှင့် ပုလဲကို ခွဲသင့် မခွဲသင့် ကိစ္စမှာ ပြီးဆုံး၍ သွားလေရကား သားအမိနှစ်ယောက်တို့သည် မင်းကြီး ဘယ်လင်ဟမ်၏ အိမ်မှ ထွက်၍ လာခဲ့လေသည်။

အိမ်ဝ လှေကားထစ်များကို ဆင်း၍ လာခဲ့ကြသည့် အခိုက်အတန့်၌ အခန်းတခန်းမှ ပြတင်းပေါက် တခု ပွင့်သွားပြီးလျှင် မင်းကြီး ဘယ်လင်ဟမ်၏ နှမ မစ္စဟစ်ဘင်း၏ မျက်နှာသည် ပြတင်းပေါက် သံဆန်ခါ၏ နောက်မှ ပေါ်၍လာ၏။ (မစ္စဟစ်ဘင်းမှာ နောင် နှစ်မကြာမီတွင်ပင် ကဝေမအဖြစ်ဖြင့် မီးရှို့အသတ်ခံရသူ ဖြစ်လေသည်) မစ္စဟစ်ဘင်းသည် ဟက်စတာပရင်းအား လှမ်း၍ “ဟေ့ တို့နဲ့ ခုည လိုက်မလား၊ တောထဲမှာ ပျော်စရာကြီးပဲ။ ငါက မှော်ဆရာကြီးကို ပြောခဲ့တယ်အေ့၊ ညည်းကို ငါ ခေါ်ခဲ့မယ်လို့” ဟု လှမ်း၍ ပြောလိုက်ရာ ဟက်စတာပရင်းက “ကျွန်မ မလိုက်ပါဘူးရှင်၊ ကျွန်မ အိမ်ပြန်ပြီး ကလေးကိုဂရုစိုက်ရဦးမယ်။ အင်း… တကယ်လို့များ သူတို့တွေကသာ ကျွန်မနဲ့ ကျွန်မကလေးကို ခွဲထားမယ်ဆိုရင်လေ ကျွန်မလည်း တခါတည်း ရှင်တို့ မှော်ဂိုဏ်းကို အဝင်ပဲရှင်” ဟု ပြောလိုက်လေသည်။

ဟစ်ဘင်းသည် ခနဲ့တဲ့တဲ့ပြုံး၍ “အေးပါအေ၊ တနေ့ကျရင် ညည်းလည်း တို့ဂိုဏ်းကို ရောက်ရမှာပါပဲ” ဟု ပြောလိုက်လေသည်။

၁၀။ ဆေးဆရာ

ရော်ဂျာချီးလင်းဝပ် ဟူသောအမည်ကို ခံယူထားသည့် အဘိုးကြီးသည် ထိုအမည်ကို မခံယူမီ အခြားအမည်တမျိုး ရှိခဲ့သေးသည်ဆိုသည်ကို စာဖတ်သူများ ရှေးမဆွကပင် မှတ်မိကြပေလိမ့် ဦးမည်။ ဈေးမြေကွက်လပ် စင်မြင့်ပေါ်တွင် ဟက်စတာပရင်းအား အရှက်ခွဲ ခံရသည့်နေ့က လူရိုင်းနီတယောက်နှင့်အတူ ထိုကွက်လပ်သို့ ရောက်လာပြီးလျှင် မိမိ၏ငယ်ပေါင်း ဖြစ်သော ဇနီးသည်မှာ အရှက်တကွဲအမျိုး ဖြစ်၍နေရသည်ကို ရော်ဂျာ တွေ့မြင်ခဲ့ရဖူးပေသည်။ ဟက်စတာပရင်းနှင့် ဖောက်ပြန်ခဲ့သောသူမှာကား ယခုထက်တိုင် မည်သူမည်ဝါ ဟူ၍ မပေါ်ပေါက်သေးပေ။ ထိုသူသည် ဟက်စတာပရင်းနှင့်အတူ အပြစ်ဒဏ်ကို ဝေ၍မခံဘဲ သူ့ကိုယ်သူ ဇာတ်မြှုပ်၍နေခြင်းမှာ ဆိုးဝါးလှချေတကား၊ ထိုလူယုတ်မာသည် ဟက်စတာပရင်း ၏ နည်းတူ အပြစ်ဒဏ်ကို ခံသင့်ပေသည်ဟူ၍ ရော်ဂျာချီးလင်းဝပ် အမည်ခံသူ အဘိုးကြီးသည် တထစ်ချ ယူဆ၍ ထား၏။ ထို့ကြောင့်ပင်လည်း ရော်ဂျာချီးလင်းဝပ်သည် အခြား မည်သည့်မြို့ ကိုမျှ ပြောင်းရွှေ့၍ မသွားနိုင်ဘဲ ဤဘော်စတွန်မြို့၌ပင်လျှင် အတည်တကျ ချရပ်နေထိုင်လျက် ရှိနေပေသည်။ ရော်ဂျာ ချီးလင်းဝပ်သည် ဤမြို့အဖို့တွင် သူတစိမ်းသက်သက် ဖြစ်၏။ အသိမိတ်ဆွေဟူ၍ တဦးတယောက်မျှ မရှိပေ။ ရော်ဂျာသည် စာပေပညာများထက် ဆေးပညာကို ပိုမိုကျွမ်းကျင် တတ်မြောက်သူ ဖြစ်လေသည်။ ထို့ကြောင့် မြို့ထဲတွင် နေရသောအခါတွင် သူ့ကိုယ်သူ ဆေးဆရာဟူ၍ ဆရာဘွဲ့ခံကာ နေနိုင်လေသည်။ ဤဘော်စတွန်မြို့သည် မြို့သစ် ဖြစ်သောကြောင့် ဆေးဆရာ အလွန်ရှားပါးသော မြို့ဖြစ်၏။ ဥရောပတိုက်မှ ကူးလာကြသူများအနက်တွင် ဆေးဆရာဟူ၍ အလွန်တရာ ပါခဲလှလေသည်။ ထို့ကြောင့် ဤဘော်စတွန် တမြို့လုံးတွင် ဆေးဝါးကုသပေးနိုင်သော သူမှာ အလွန် အိုမင်းသော သင်းအုပ်ဆရာကြီးတဦး ဖြစ်လျက် ဆေးပညာကို သာမန်ကာ လျှံကာမျှသာ နားလည်သောသူ ဖြစ်၏။ တမြို့လုံး၏ ကျန်းမာရေးမှာ ထိုအဘိုးကြီး၏ လက်တွင်း၌သာ ရှိနေလေရာ ဆရာဝန် အထူးလို၍ နေလေသည်။ အခြား ဆရာတဦးကား ရှိသေး၏။ ထိုဆရာမှာကား အနာပေါက်ဆရာ ဖြစ်လေသည်။ ထိုအနာပေါက် ဆရာသည် အရေးရှိလျှင် ခွဲဖို့စိတ်ဖို့ ဖြတ်တောက်ဖို့ကိုသာလျှင် အားကိုးရသော ဆရာဖြစ်၏။ ထို့ကြောင့် မျိုးမကြာမီပင် ရော်ဂျာချီးလင်းဝပ်အား ဆေးဆရာကြီး အဖြစ်ဖြင့် တမြို့လုံးက အရေးတယူ လေးစား မိတ်ဖွဲ့ကြလေတော့သည်။

ရော်ဂျာချီးလင်းဝပ်မှာ လူရိုင်းနီများ၏နယ်တွင် နေထိုင်ဖူးသောသူဖြစ်ရာ

ထိုလူရိုင်းနီတို့၏ သဘာဝဆေးဝါးများ ဖြစ်ကြသော သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ သစ်မြစ်များကို ရောဂါအမျိုးမျိုး တို့အတွက် ဆေးဝါးဖော်စပ်နိုင်သော ပညာကို ရရှိ၍ လာခဲ့ပေသည်။ သူ့ဆေးဝါးများမှာ အတော်ပင် အစွမ်းထက်၍ လူနာများအဖို့ဒွ အားကိုးနိုင်လောက်သော ဆေးများဖြစ်၍ နေလေသည်။

ရော်ဂျာချီးလင်းဝပ်သည် ဘုရားသခင်ကို အလွန်ကြည်ညိုသူတဦး ဖြစ်သည်ဟူ၍လည်း တမြို့လုံးက အသိအမှတ်ပြု၍ ထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမြို့ထဲသို့ လာရောက်နေထိုင်ရသည့် နေ့မှစ၍ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးအား ဆရာရင်းအဖြစ်ဖြင့် ဆည်းကပ်ကာ ကျမ်းစာများကို အခွင့်သင့်တိုင်း နာယူလျက် ရှိ၍ နေပေသည်။

သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် သင်းအုပ်ဆရာ၏ တာဝန်များကို ကျေပွန်သည်ထက် ပိုမို၍ ကျေပွန်အောင် ထမ်းဆောင်ရခြင်းအားဖြင့် တမြို့လုံး၏ လေးစားခြင်းကို ခံယူရသောသူ ဖြစ်လေသည်။ ရော်ဂျာ ချီးလင်းဝပ်သည် ဘော်စတွန်မြို့သို့ ရောက်လာသောအခါ၌ သင်းအုပ်ဆရာကလေး၏ ကျန်းမာရေး အခြေအနေမှာ ပျက်ပြားစပြု၍ နေသည်ကို တွေ့ရပေသည်။ သူ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်၍ တရှောင်ရှောင်နှင့် မတ်တတ်မှာဖြစ်၍ နေသောကြောင့် မစ္စတာ ဒင်းမစ်ဒေး ကျမ်းစာဟောရသော လူစုတွင် ပါဝင်သူတို့သည် မိမိတို့၏ သင်းအုပ်ဆရာကလေး လဲ၍ သွားမည်ကို အလွန်တရာ စိုးရိမ်၍ နေကြပေသည်။ အချို့ကမူ သင်းအုပ် ဆရာကလေးသည် အလွန်တရာ ဝတ္တရားကျေပွန်သည် ဖြစ်သောကြောင့် အကယ်၍ အနိစ္စရောက်ပါက ကောင်းကင်ဘုံသို့ ရောက်ရမည်မှာ မလွဲကေန်ပင် ဖြစ်ရမည်ဟု ယူဆထားကြ ပေသည်။ သင်းအုပ်ဆရာကလေး ကိုယ်တိုင်ကလည်း "မိမိသည် အကယ်၍ သေရပါက မိမိ၏ တာဝန်ကို လူ့ဘဝတွင် ကျေပွန်အောင် ထမ်းဆောင်ခဲ့ပြီးပြီ ဖြစ်သောကြောင့် သေပျော်ပြီ" ဟု ပြောဆိုလျက် ရှိပေသည်။ ဒင်းမစ်ဒေးသည် တဖြည်းဖြည်း ပိန်သည်ထက် ပိန်၍ လာ၏။ သူ၏အသံမှာမူ အသံသြဇာ ပြည့်ဝမြဲ ပြည့်ဝ၍ နေ၏။ အမှုမဲ့ အမှတ်မဲ့တွင်မူ ဆတ်ခနဲ လန့်၍ သူ၏အသည်းနှလုံးရှိရာ ရင်အုံကို လက်နှင့်အုပ်ကာ မျက်နှာ တွန့်လိမ်ရှုံ့တွ၍ သွားတတ်လေ သည်။ သို့ဖြစ်သည်ကို မြင်ရသော သူများက သင်းအုပ်ဆရာကလေး ရောဂါသည် အတွင်းရောဂါ ဖြစ်ပြီး အဆောက်အအုံ အတော်ပင် ကြီးမားနေသည်ဟု ယူဆကြလေတော့သည်။

ဘော်စတွန်မြို့သို့ ရောက်ကတည်းကပင် ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ ကျန်းမာရေး အခြေအနေကို စ၍ အကဲခတ်၏။ ဤမျှ အသက်ငယ်သေးသော အရွယ်တွင် အနိစ္စရောက်ကာ အသက်တို၍ သွားမည်ကို စိုးရလေသည်။ ရော်ဂျာချီးလင်းဝပ် ဤဘော်စတွန်မြို့သို့ ရောက်၍ လာရသည်မှာလည်း အတော်ပင် ဆန်း၏။ အဘယ်မြို့က ပြောင်းလာသည် ဟူ၍

မည်သူမျှ မသိ။ အဘယ်အချိန်တွင် ဤမြို့သို့ လာရောက် ချရပ်နေထိုင်လိုက်သည် ဟူ၍လည်း မည်သူမျှ မသိလိုက်ကြသဖြင့် ရောက်နေမှသာလျှင် ရောက်၍နေကြောင်းကို သိကြရပေသည်။ ဤကဲ့သို့ ဖြုန်းခနဲ မိုးပေါ်က ကျလာသလို ရောက်လာသောကြောင့်သာလျှင် ဤကဲ့သို့ အမှတ်မထင် ရောက်လာရခြင်း ဖြစ်ပေလိမ့်မည်ဟု မြို့သူမြို့သားတို့က ယူဆကြလေတော့သည်။

မြို့သို့ရောက်၍ မကြာမီ ရော်ဂျာချီးလင်းဝပ်သည် သူ၏ ဆေးပညာစွမ်းကြောင့် ထင်ရှား ကျော်ကြား၍ လာ၏။ ဆေးဝါးဖော်စပ်ရန် ဆေးဖက်ဝင်သော သစ်ဥ၊ သစ်ဖုများကို ရှာဖွေ၍ နေသည်ကို မြို့သူမြို့သားတို့ မြင်ရသောအခါ၌ ရော်ဂျာအား အားကိုးလိုသောစိတ်များ ပေါ်ပေါက်၍ လာကြပြန်လေသည်။ သူနှင့် စကားပြောဆိုရာတွင် ထင်ရှားကျော်ကြားသော သမားတော်ကြီးများ၏ အမည်များကို ထည့်သွင်းပြောဆိုတတ်သဖြင့် ဤမျှ အစွမ်းထက်သော ပုဂ္ဂိုလ်ကြီးများကို မိတ်ဆွေအဖြစ် ရရှိထားပါလျက်နှင့်ပင် အဘိုးကြီး ရော်ဂျာချီးလင်းဝပ် အဘယ်အကြောင်းကြောင့် ဤနယ်သစ် ပယ်သစ် တောရိုင်းမျက်မည်းသို့ ရောက်လာရပါသနည်း ဟူသော ပြဿနာကို လူတိုင်းပင် တွေးစပြု၍ နေကြပေသည်။

ရော်ဂျာချီးလင်းဝပ်သည် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေး၏ မိတ်ဆွေအဖြစ်ဖြင့် ယုံကြည်မှုကို ခံယူရရှိနိုင်ရန် အထူးတလည် ကြိုးစားလေသည်။ သူ ဆည်းကပ်သော သင်းအုပ်ဆရာကလေး၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ မိမိ အလွန်တရာ စိုးရိမ်ကြောင်းကို မြို့သူမြို့သား များအား ပြောပြပြီးလျှင် အကယ်၍သာ သင်းအုပ်ဆရာကလေးက လက်ခံမည်ဆိုပါက ရောဂါ ပျောက်ကင်းအောင် မိမိ အစွမ်းကုန် ကုသ၍ ပေးလိုပါသည်ဟုလည်း အကြံပေးလေသည်။ ထိုအခါ၌ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးအား လေးစား၍ ကျမ်းစာနာလေ့ ရှိကြသော သက်ကြီး ရွယ်အိုများ၊ ခရစ်ယာန် ဘာသာရေး အရာရှိများ၊ အမျိုးသမီးကြီးများနှင့် အမျိုးသမီး ကလေးများကပါ မကျန် ရော်ဂျာချီးလင်းဝပ်၏ ဆေးဝါးများကို သင်းအုပ်ဆရာကလေး စားသင့်သည်ဟု ယူဆလျက် သင်းအုပ်ဆရာကလေးအား ရော်ဂျာချီးလင်းဝပ်၏ ဆေးဝါးများကို သုံးစားကြည့်ပါဟု ဝိုင်းဝန်း တိုက်တွန်းကြလေတော့သည်။ သို့သော် မစ္စတာဒင်းမစ်ဒေးက ထိုကဲ့သို့ ဝိုင်းဝန်းတိုက်တွန်းချက်တို့ကို အသာအယာ ငြင်းပယ်ရင်း "ကျုပ်အဖို့မှာ ဆေးသောက်စရာ မလိုပါဘူး" ဟု ဆိုလေတော့သည်။

ထိုကဲ့သို့ ငြင်းပယ်သည်ကို အားလုံးကပင် အံ့အားသင့်၍ နေကြတော့သည်။ အဘယ်ကြောင့် ဆိုသော် တနင်္ဂနွေနေ့တိုင်း နေ့တိုင်း သင်းအုပ်ဆရာကလေးနှင့် တွေ့ကြရစဉ် သင်းအုပ်ဆရာ ကလေး၏ ကျန်းမာရေး အခြေအနေမှာ တနေ့ထက်တနေ့ ပိုမို၍ ပျက်စီးယိုယွင်းနေလျက် မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်

ဖြစ်သည်ထက် ဖြစ်၍လာသည်ကို အားလုံး တွေ့ရသောကြောင့် ဖြစ်လေသည်။ ထို့ပြင် သင်းအုပ်ဆရာကလေးသည် သူ၏လက်ဝဲရင်အုံကို လက်ဖြင့် ဖိ၍ ဖိ၍ နေတတ်သောအလေ့ အထူးအဆန်းတခု ဖြစ်ပေါ်လာသည်ကိုလည်း မြို့သူမြို့သားများ တွေ့မြင်ကြရလေရာ သင်းအုပ်ဆရာကလေး ဆေးမစားဘဲ နေခြင်းမှာ သူ့ကိုယ်သူ သေစေလို၍ ပေလော၊ သူ၏ အလုပ်ဝတ္တရားများ အလွန်ပင်ပန်းလွန်း၍ အနားယူချင်၍ပေလော စသည်ဖြင့် တွေးသူတို့က တွေး၍ ဘော်စတွန်မြို့ရှိ သင်းအုပ်ဆရာကြီးများကလည်း ထိုမေးခွန်းများကို ဒင်းမစ်ဒေးအား တိုက်ရိုက်ပင် မေးမြန်းကြလေတော့သည်။ မေးမြန်းရုံမျှ မကသေး အလွန်တရာ တွေ့ရန် ခဲယဉ်းလှသော ဆေးဆရာကောင်းတဦး ဤသို့ လာရောက်ပါလျက်နှင့် ဆေးမစားဘဲ နေခြင်းမှာ ဘုရားသခင်၏ အစောင်အမကို ငြင်းပယ်သည်နှင့် အတူတူ ဖြစ်သည်ဟူ၍ ပြောဆို တိုက်တွန်းကြလေသေးသည်။ ထိုကဲ့သို့ သင်းအုပ်ဆရာကြီးများက ဝိုင်းဝန်းတိုက်တွန်းကြသော အခါတွင် ဒင်းမစ်ဒေးသည် ငြိမ်သက်စွာ နားထောင်၍ နေပြီးနောက် နောက်ဆုံးတွင်မှ ရော်ဂျာ ချီးလင်းဝပ်၏ ဆေးဝါးများကို မှီဝဲ၍ စမ်းကြည့်ပါဦးမည်ဟု အာမဝန် ခံလေတော့သည်။ သို့ အာမဝန် ခံရာ၌ မစ္စတာ ဒင်းမစ်ဒေးက ရော်ဂျာ ချီးလင်းဝပ်အား "ကျုပ်သဘောကတော့ ဘုရားသခင်က ကျုပ်ကို အလုပ်တာဝန်က အနားပေးပြီး သေစေချင်တဲ့နေ့မှာ ကျုပ် သေဖို့ အဆင်သင့်ပါပဲ။ ခင်ဗျားရဲ့ဆေးတွေ အစွမ်းထက်တယ် မထက်ဘူးဆိုတာ သက်သေပြရုံ သဘောမျိုးနဲ့တော့ဖြင့် ကျုပ် ခင်ဗျားဆေးကို မစားလိုပါဘူး" ဟု ပြောလိုက်ရာ၊ ရော်ဂျာ ချီးလင်းဝပ်က တည်ငြိမ်လှသော အသံဖြင့် "ဟုတ်ပါတယ်၊ သင်းအုပ်ဆရာတယောက်ရဲ့အဖို့မှာ ဒီလို စကားမျိုးတွေဟာ အင်မတန်မှပဲ လျော်ကန်ပါတယ်။ တကယ် ကျမ်းစာနားမလည်သေးတဲ့ လူတွေကသာ လူ့ဘဝကြီးမှာ ဆက်လက်နေပြီးတော့ သံသရာ လည်ချင်ကြတာလားဗျာ။ သင်းအုပ်ဆရာကလေးတို့လို အင်မတန် ကျမ်းစာသဘော နားလည်ပြီးသား လူတွေအဖို့မှာတော့ သေရတာဟာ မဆန်းပါဘူး။ ကမ္ဘာလောကမှာ မနေဘဲနဲ့ ကောင်းကင်ဘုံမှာ ဘုရားသခင် ကိုယ်တော်တိုင်နဲ့ တွေ့ရတဲ့ အဖြစ်မျိုးကို ပိုပြီးတော့ လိုလားကြပါလိမ့်မယ်" ဟု ပြန်၍ ပြောလိုက်လေသည်။

ထိုအခါတွင် သင်းအုပ်ဆရာကလေးသည် သူ၏ ရင်အုံကို လက်ဖြင့် ဖိရင်း "ဟုတ်တာပေါ့လေ၊ ဘုရားသခင် ကိုယ်တော်တိုင်နဲ့ ကောင်းကင်ဘုံမှာ တွေ့ဖို့အတွက် ဒီကမ္ဘာ ဒီမြေပြင်မှာ ကျုပ်တို့ လူသားအဖြစ်နဲ့ ဘုရားသခင်က ချပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်နေကြရတာလားဗျာ" ဟု ဆိုလိုက်ရာ ဆေးဆရာကြီးက "အင်း... ကျမ်းစာသဘော ပြည့်ဝပါပေ့ဗျာ" ဟု ပြောလိုက်လေသည်။

ထိုကဲ့သို့ အချီအချ ပြောပြကြပြီးသည့်နောက်မှာ ရော်ဂျာချီးလင်းဝပ်သည်

သင်းအုပ်ဆရာ ဒင်းမစ်ဒေး၏ ဆေးဝါးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကြီး ဖြစ်၍ လာရလေတော့သည်။ ရော်ဂျာ ချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ ရောဂါ အခြေအနေတွင်သာ စိတ်ဝင်စားသည် မကသေး။ ဒင်းမစ်ဒေးနှင့် အကြိမ်ပေါင်းများစွာ တွေ့ရာက စကားစမြည် ပြောရသောအခါ၌ ရော်ဂျာ ချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ အလေ့အထများ၊ အကျင့်စာရိတ္တများ၊ အရည်အသွေးများကို သိနိုင်ရန် ပိုမို၍ စိတ်ဝင်စားလာလေတော့သည်။

သင်းအုပ်ဆရာကလေး၏ ကျန်းမာရေးအတွက် လည်းကောင်း၊ ရော်ဂျာချီးလင်းဝပ် ဆေးဝါး စုဆောင်းနိုင်ရန်လည်းကောင်း ဤနှစ်မျိုးသော ရည်ရွယ်ချက်တို့ဖြင့် သင်းအုပ်ဆရာကလေးနှင့် အဘိုးကြီးတို့သည် ပင်လယ်ကမ်းခြေတွင် ခရီးလှည့်လည် လမ်းလျှောက်ကြ၏။ သစ်တောများ အတွင်းသို့လည်း သွားလာ လည်ပတ်ကြ၏။ နှစ်ယောက်သားပင် တဖျပ်ဖျပ် ရိုက်ခတ်လျက်ရှိသော လှိုင်းတို့၏ ဂီတသံကို ကြည်နူးလျက် သစ်ပင်ထိပ်ဖျားတွင် ပြေးလွှားကစားသော နေနတ်မောင်၏ ရယ်မောသံကိုလည်း အတူတူပင် ကြားကြရလေ၏။ ထိုမျှမကသေး၊ တဦး၏အိမ်သို့လည်း တဦး သွား၍ ဧည့်သည်အဖြစ်ဖြင့် လည်ကြလေသေးသည်။ သင်းအုပ်ဆရာကလေးသည် ရော်ဂျာချီးလင်းဝပ်နှင့် အသေအချာ ပေါင်း၍ ကြည့်သောအခါ၌ အဘိုးကြီးသည် သာမန်ကာလျှံကာ ပညာရှိရုံမကဘဲ တကယ် နက်နက်နဲနဲ ပညာများကို တတ်သည်ဟူ၍ ယူဆလာလေသည်။ ထို့အပြင် မိမိကဲ့သို့သော ခရစ်ယာန် ဘာသာရေး အရာရှိများ၏ထံမှ ကြားရခဲလှသော အယူအဆအမျိုးမျိုး၊ လွတ်လပ်သော အတွေးအခေါ် အမျိုးမျိုးတို့ကိုလည်း ရော်ဂျာချီးလင်းဝပ်ထံမှ ကြားရလေရာ ဤမျှ အိုမင်းသော ဆေးဆရာကြီးတွင် ဤကဲ့သို့သော အတွေးအခေါ်မျိုးတို့ ရှိ၍ နေသည်ကိုပင် ဒင်းမစ်ဒေး အံ့အားသင့်၍ နေရပေသည်။ ဒင်းမစ်ဒေးသည် တကယ်ပင် ခရစ်ယာန်ဘာသာရေးကို ကိုင်းရှိုင်းသူ ဖြစ်၏။ တနေ့ထက်တနေ့ ပို၍ပို၍သာ ယုံကြည်ချက် ခိုင်မြဲ၍ နေသောသူ ဖြစ်လေသည်။ လောကကြီးတခုလုံးကို ခရစ်ယာန်ဘာသာတရား မျက်စိဖြင့်သာ ကြည့်ရှု၍ နေခဲ့၏။ သို့ရာတွင် ရော်ဂျာချီးလင်းဝပ်နှင့် ပေါင်းမိသောအခါတွင်မူကား ဒင်းမစ်ဒေးသည် ခရစ်ယာန် ဘာသာရေး အရာရှိတယောက်၏ အမြင်မျိုး မဟုတ်ဘဲ ဆေးဆရာတယောက်၏ အမြင်ဖြင့်သာ ကြည့်မြင်သော ဗဟုသုတမျိုးတို့ကို အခါပေါင်းများစွာပင် စိတ်ဝင်စားခြင်းမက ဝင်စားလာမိပေသည်။ ထိုကြောင့် ဒင်းမစ်ဒေး၏အဖို့၌ ရော်ဂျာချီးလင်းဝပ်နှင့် ပေါင်းဖက်ခြင်း သည် ကမ္ဘာလောကကြီး တခုလုံး ထောင့်သစ်တခုမှ နေ၍ ကြည့်မြင်ရခြင်းနှင့်ပင် တူ၍ နေလေတော့သည်။ ယခင်က မိမိတယောက်တည်း တကုပ်ကုပ်နှင့် ခရစ်ယာန် ဘာသာတရား များကိုသာ လိုက်စား၍ ကျမ်းစာဟောချိန်တန်လျင် ဟောကြားနေရသော ငြီးငွေ့ဖွယ်ရာ အဖြစ်မျိုးမှ ယခုကဲ့သို့ စကားပြောဖော်ရခြင်း၊ ခရီးသွားဖော်ရခြင်း၊ တိုင်ပင်ဖော် တိုင်ပင်ဖက် ရခြင်း စသည့် အရသာတို့သည် ဒင်းမစ်ဒေး၏အဖို့၌

အထူးပင် အဖိုးတန်၍ နေလေတော့သည်။

ဒင်းမစ်ဒေးက ရော်ဂျာချီးလင်းဝပ်အား အကဲခတ်သည့်နည်းတူ ရော်ဂျာချီးလင်းဝပ်ကလည်း သူ၏ လူနာဖြစ်သူ သင်းအုပ်ဆရာကလေးအား အထူးတလည် အကဲခတ်၍ နေလေသည်။ သင်းအုပ်ဆရာကလေးအား ခရစ်ယာန်ဘာသာရေး ဆရာတယောက်အဖြစ်ဖြင့် လည်းကောင်း၊ သာမန်လူသားအဖြစ်ဖြင့်လည်းကောင်း နှစ်မျိုးနှစ်စား ခွဲခြား၍ အကဲခတ်ကြည့်မိလေသည်။ ထိုကဲ့သို့ အကဲခတ်ရခြင်းမှာ အခြားမဟုတ်၊ လူနာဖြစ်သော သင်းအုပ်ဆရာကလေးအား ဆေးဝါး ကုသရာတွင် သူ၏အကြောင်းကို အတွင်းအပြင် လုံးဝဥဿုံ သိရအောင် ကြိုးစားထားသင့်သည် ဟု ရော်ဂျာ ချီးလင်းဝပ် ယူဆထားပေသည်။ “စိတ်ထောင်း၍ကိုယ်ကြေ” ဟူသော စကားအတိုင်း ဒင်းမစ်ဒေး၏ ရောဂါဝေဒနာသည် သွေးရိုးသားရိုး ရောဂါမဟုတ်၊ စိတ္တဇ ပယောဂလည်း ပါဝင်ဖက်စပ်လျက် ရှိနေသည်ဟု ရော်ဂျာချီးလင်းဝပ် ယူဆ၏။ ထိုကြောင့် ရော်ဂျာချီးလင်းဝပ် သည် ဒင်းမစ်ဒေး၏ အသည်းနှလုံးအတွင်း၌ အဘယ်သို့သော အတွေးအခေါ်များ ရှိသည်ကို ကြိုးစား၍ လေ့လာ စူးစမ်းလေသည်။ ဒင်းမစ်ဒေး၏ ယုံကြည်ချက်များ၊ ဒေးမစ်ဒေး၏ အတိတ် အဖြစ်အပျက်များကို အထူးသဖြင့် လေ့လာစူးစမ်း၏။ စူးစမ်းရခြင်းမှာ တနည်းအားဖြင့်ဆိုလျှင် အလွန်တရာ နက်ရှိုင်း၍ မှောင်မည်းနေသော ဂူကြီးတလုံးအတွင်းဝယ် သိုက်ဆရာတယောက် ဥစ္စာသိုက်ကို လိုက်လံရှာဖွေနေရသည်နှင့်ပင် တူလေတော့သည်။ သို့တိုင်အောင် ရော်ဂျာ ချီးလင်းဝပ်သည် အထူး သတိထားရသည်မှာ မိမိသည် ဒင်းမစ်ဒေး၏ အတွင်းသဘောများကို မရ ရအောင် နှိုက်၍ နေသည်ကို ဒင်းမစ်ဒေး၏ မရိပ်မိစေရန်ပင် ဖြစ်၏။ ရော်ဂျာချီးလင်းဝပ်သည် အကဲခတ် အလွန်ကောင်းသောသူ ဖြစ်၏။ ထိုကြောင့် ဒင်းမစ်ဒေး၏ လျှို့ဝှက်ချက်များသည် တခုပြီးတခု သိ၍ လာရလေတော့သည်။ “မမြင်ဝံ့ ဆေးဆရာ” ဟူ၍ အဆိုရှိသည့်အတိုင်း လူနာတို့သည် ဆေးဆရာများအား မိမိတို့၏လျှို့ဝှက်ချက်များကို ဖော်ပြလေ့ရှိမြဲ ဖြစ်ရာ လျှို့ဝှက်ချက်ရှိသူများသည် ဆေးဆရာများနှင့် ဆက်ဆံရာ၌ အထူးသဖြင့် သတိထားဖို့ လိုအပ်လှပေသည်။ အကယ်၍ ဆေးဆရာတဦးသည် အကဲခတ်ကောင်းသည် ဖြစ်အံ့၊ မာနကင်းသည် ဖြစ်အံ့၊ ခင်မင်နှစ်လိုဖွယ် ရှိသည် ဖြစ်အံ့၊ စိတ်ခတ်ဖြင့် နီးစပ်အောင် ပြုလုပ်တတ်သည်လည်း ဖြစ်အံ့၊ ထိုကဲ့သို့ ဆေးဆရာမျိုးသည် လူနာ မပြောမီပင် လူနာ၏ လျှို့ဝှက်ချက်အားလုံးတို့ကို အလိုအလျောက် စုံစမ်းပြီးသား ဖြစ်နေတတ်၍ လူနာသည် လျှို့ဝှက်ချက်များကို ဖွင့်ဟ၍ ပြောခြင်း မဟုတ်သည့်တိုင်အောင် “စကား စကား ပြောပါများ၊ စကားထဲမှ ဇာတိပြ” ဆိုသလို ဖြစ်၍ သွားတတ်ပေသည်။ စကား တလုံးစ နှစ်လုံးစမှ အစပြု၍ လျှို့ဝှက်ချက်များသည် ပေါ်ပေါက်တတ်၏။

လူနာ ယုံကြည်မှုကို ရရှိသော ဆေးဆရာ မှန်သမျှတို့သည် လူနာ၏သဘောနှင့် လျှို့ဝှက်ချက် များကို မသိဘဲပင် မနေနိုင်ကြပေ။ လူနာသည် ဆရာကို အားကိုး၏။ ထိုအားကိုးသောစိတ်၏ အစွမ်းကြောင့် တချိန်မဟုတ် တချိန်တွင် လူနာသည် ဆရာအား မိမိရင်ထဲ၌ ကျိတ်မြို့၍ ထားရသမျှတို့ကို ပေါ့ပါး၍ သွားရလေအောင် ဖွင့်ဟ၍ ပြောတတ်လေသည်။

ရော်ဂျာချီးလင်းဝပ်သည် အထက်တွင် ဖော်ပြခဲ့သော ဆေးဆရာတို့၏ အရည်အချင်းနှင့် အားလုံးလိုပင် ပြည့်စုံသော အဘိုးကြီးတယောက် ဖြစ်ပေသည်။ ထို့ကြောင့် ရော်ဂျာချီးလင်းဝပ် နှင့် ဒင်းမစ်ဒေးတို့ ဆက်ဆံမိကြသောအခါ၌ အချိန်အတော်ကလေး ရ၍ သွားသောအခါတွင် ထိုသူ နှစ်ယောက်တို့၏ ခင်မင်မှုမှာ ရင်းနှီးမှုအဖြစ်သို့ ပြောင်းလွဲ၍ လာခဲ့ရလေတော့သတည်း။ နှစ်ယောက်စလုံးမှာ ဉာဏ်ပညာ အမြော်အမြင်နှင့် အတွေးအခေါ် ပြည့်ဝသူများ ဖြစ်သောကြောင့် မည်သည့်ကိစ္စကိုပင်ဖြစ်စေ တဦးနှင့် တဦး အယူအဆချင်း ဖလှယ် တိုင်ပင်နိုင်ကြသောသူများ ဖြစ်၍ လာကြလေသည်။ ခရစ်ယာန် ဘာသာရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးကြ၏။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍လည်း တိုင်ပင်နိုင်၏။ မြို့ရေး၊ ရွာရေးနှင့် ပုဂ္ဂလိက အရေးများကိုလည်း တိုင်ပင်ကြ၏။ များသောအားဖြင့် တယောက်၏အကြောင်းကို တယောက် ပြောဆိုတိုင်ပင်ကြသည်သာ များကြလေသည်။ သို့တိုင်အောင် ဆေးဆရာကြီး ရော်ဂျာချီးလင်းဝပ်သည် တဦးနှင့်တဦး ရင်းနှီးသည့်တိုင်အောင် ဒင်းမစ်ဒေး၏ လျှို့ဝှက်ချက် တခုကိုမျှ မကြား မသိရသေးချေ။ မစ္စတာ ဒင်းမစ်ဒေးသည် မိမိ၏ ရောဂါအခြေအနေကိုပင်လျှင် တိတိကျကျ ပြောပြခြင်း မရှိသည်ကို ရော်ဂျာချီးလင်းဝပ် တွေ့ရလေသည်။ ကိုယ့်ရောဂါ အခြေအနေကိုပင် ကိုယ် ဖုံးကွယ်၍ထားသော လူနာသည်မှာကား အလွန်တရာ ထူးဆန်းသော လူနာပေတကားဟု ရော်ဂျာချီးလင်းဝပ် တွေး၍ နေမိလေသည်။

ဤကဲ့သို့ လျှို့ဝှက်ချက်တခုကိုမှ မသိရသောကြောင့် ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ မိတ်ဆွေများကို ကျိတ်၍ပြောကာ အစီအစဉ် တခုကို ပြုလုပ်ရ၏။ ထိုအစီအစဉ်အတိုင်း များမကြာမီ ရော်ဂျာချီးလင်းဝပ်နှင့် ဒင်းမစ်ဒေးတို့သည် အိမ်တအိမ်တည်းတွင် အတူ ထမင်းလခပေး၍ စားသောအခြေသို့ တိုင်ခဲ့ကြရလေသည်။ ရော်ဂျာချီးလင်းဝပ်က အကယ်၍ ဒင်းမစ်ဒေးသည် ထိုရောဂါမှ ထမြောက်နိုင်ရန် မျှော်လင့်ချက် မရှိပါလျှင် သေမင်းနှင့် ယှဉ်ပြိုင်၍ အသက်ကို မိမိ အစွမ်းကုန် ကုလိုပါသည်၊ ထို့ကြောင့် မိမိ၏ လူနာဖြစ်သူ ဒင်းမစ်ဒေးအား မိမိ၏ မျက်စိအောက်မှ အပျောက်မခံချင်ပါဟု အကြိမ်ကြိမ် အကြံပေးခဲ့ရာ ဒင်းမစ်ဒေး၏ မိတ်ဆွေများက စီစဉ်ပေးသဖြင့် ရော်ဂျာချီးလင်းဝပ်နှင့် ဒင်းမစ်ဒေးတို့ တအိမ်တည်းသို့ ရောက်၍ သွားကြခြင်းပင် ဖြစ်လေတော့သည်။ ဆေးဆရာကြီးက သင်းအုပ်ဆရာကလေးကို ဤမျှ စေတနာထားကြောင်း

တွေ့မြင်ကြရသောအခါ၌ တမြို့လုံးပင်လျှင် များစွာ ဝမ်းသာ၍ နေကြပေတော့သည်။ မြို့သူမြို့သားများသည် သင်းအုပ်ဆရာကလေးအား သူ၏ သင်းအုပ်၌ ပါဝင်သော အမျိုးသမီး အပျိုအရွယ်ကလေးထဲမှ တဦးဦးကို ရွေးချယ်၍ လက်ဆက်ရန် တိုက်တွန်းခဲ့ကြဖူးလေသည်။ သို့သော် သင်းအုပ်ဆရာကလေးသည် ထိုအကြံပေးချက်ကို အနူးအညွတ် ငြင်းပယ်၏။ ထို့ကြောင့် သင်းအုပ်ဆရာကလေးတွင် တကယ်ပင် ကိုယ်ထိလက်ရောက် ပြုစုမည့်သူ ကင်းမဲ့လျက်ရှိရာ အိမ်ထောင် မပြုလိုသော သင်းအုပ်ဆရာ ကလေးအား ယခုကဲ့သို့ အဘိုးကြီး ရော်ဂျာချီး လင်းဝပ်က တအိမ်တည်းနေ၍ ပြုစုခြင်းသည် များစွာပင် လျော်ကန်သည်ဟု တမြို့လုံးက ယူဆကြလေသည်။

ရော်ဂျာချီးလင်းဝပ်နှင့် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးတို့ နေထိုင်ကြသော အိမ်မှာ ဘုရားသခင် အလွန်ကြည်ညိုသော မုဆိုးမကြီးတယောက်၏ အိမ်ပင် ဖြစ်လေသည်။ ဤမုဆိုးမကြီးမှာ အတော်ပင် ဂုဏ်သရေရှိသူဖြစ်၍ သူ၏အိမ်ရာမှာ "တော်ဝင် ဘုရားရှိခိုးကျောင်း" ဟု ခေါ်ကြသော အဆောက်အအုံကြီးကို ယခုခေတ်အခါတွင် တွေ့မြင်နိုင်သောနေရာပင် ဖြစ်လေသည်။ ထိုဘုရားရှိခိုးကျောင်းဝင်းအတွင်း၌ သင်္ချိုင်းမြေ ရှိလေသည်။ ထိုမြေကို တောရိုင်းဘဝမှ စတင် ရှင်းလင်းခုတ်ထွင်၍ လူနေ အိမ်ရာမြေ ပြုလုပ်သူမှာ အိုက်ဇက်ဂျွန်ဆင်ဆိုသော ပုဂ္ဂိုလ်ပင် ဖြစ်လေသည်။

ထိုနေရာတွင် ပတ်ဝန်းကျင်မှာ စိမ်းစိမ်းစိုစိုနှင့် တိတ်ဆိတ် ငြိမ်သက်လှသောကြောင့် ရော်ဂျာချီးလင်းဝပ်နှင့် ဒင်းမစ်ဒေးတို့၏အဖို့ များစွာ လျော်ကန်သင့်မြတ်သော နေရာကောင်း တခုပင် ဖြစ်လေသည်။ ခရစ်ယာန် ဘာသာရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဆေးပညာနှင့် ပတ်သက်၍လည်းကောင်း တိတ်ဆိတ်ငြိမ်သက်စွာ စဉ်းစားလေ့လာနိုင်သော နေရာမျိုးပင် ဖြစ်လေသည်။ အိမ်ရှင် မုဆိုးမကြီးသည် သားသမီး မရှိသောကြောင့် မိမိ၏အိမ်တွင် လာရောက် နေထိုင်၍ ထမင်းလခပေးပြီး စားနေသူတို့ကို သားသမီးကဲ့သို့ ဂရုတစိုက် ပြုစုသူ ဖြစ်လေသည်။

ထိုမုဆိုးမကြီးက မစ္စတာ ဒင်းမစ်ဒေးအား အိမ်ရှေ့ပိုင်းရှိ အခန်းတခန်းကို ပေး၍ထား၏။ ထိုအခန်းသည် နေရောင် များစွာရသော အခန်း ဖြစ်လေသည်။ ပြတင်းပေါက်များတွင် ထူထဲသော ခန်းဆီးကြီးများကို တပ်၍ ထား၏။ မွန်းတိမ်းအချိန်တွင် နေ၏အလင်းရောင် အလွန်အမင်း ပြင်းထန်လာပါက ထိုခန်းဆီးများကို ဆွဲ၍စေ့လိုက်ခြင်းအားဖြင့် အပူရှိန် မဝင်နိုင်ဘဲ အေးချမ်းရိပ်ငြိမ်၍ သွားနိုင်အောင် စီမံထားခြင်း ဖြစ်လေသည်။ အခန်းနံရံများတွင် ကား နံရံကပ် ပိုးစများဖြင့် အလှအပ ပြင်ဆင်မွမ်းမံ ထားပေသည်။ ထိုပိုးစများပေါ်တွင် ကျမ်းစာထဲမှ ဇာတ်လမ်းများကို လှပဆန်းကြယ်စွာ ရက်လုပ်၍

ရုပ်လုံးဖော်ထားလေသည်။ ရက်လုပ်သော လက်ရာမှာ အလွန်တရာ ကောင်းမွန်လှပြီးလျှင် ဆေးရောင်များမှာလည်း သစ်လွင်လျက်ပင် ရှိလေသေးသည်။ ထိုအခန်းထဲတွင် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် သူ၏ စာအုပ်များကို အကျအန စု၍ ထားပေသည်။ ထိုစာအုပ်များထဲတွင် ကျမ်းစာအမျိုးမျိုးတို့ ပါဝင်လျက် ရှိကြပေသည်။

အိမ်၏ နောက်ဖေးပိုင်းတွင်ကား ရော်ဂျာချီးလင်းဝပ်သည့် အခန်းတခန်း ရ၏။ ထိုအခန်းမှာ သူ့အဖို့တွင် စာကြည့်ခန်းလည်း ဖြစ်၏။ ဆေးဝါးဖော်စပ်ရာ ဆေးစပ်ခန်းလည်း ဖြစ်လေသည်။ ထိုအခန်းထဲ၌ ယခုခေတ်မှာကဲ့သို့ ကိရိယာများ မစုံလင်သေးသော်လည်း ဆေးဝါးများကို ပေါင်းတိုက်သော ပေါင်းဖိုတဖို ရှိ၏။ ထို့ပြင် ဆေးမှုန့်ထောင်းသော ကိရိယာ၊ ဆေးရည်ညှစ်သော ကိရိယာတို့အပြင် ဖားဖိုတလုံးလည်း ရှိပေသည်။ ဤကဲ့သို့အားဖြင့် ရော်ဂျာချီးလင်းဝပ်နှင့် ဒင်းမစ်ဒေးတို့သည် ကိုယ့်အခန်း နှင့်ကိုယ် စည်းကမ်းတကျ နေထိုင်လျက် ရှိကြ၏။ သို့သော် အခန်းအောင်း၍ နေကြသည်ချည်းသာ မဟုတ်၊ တဦး၏ အခန်းကို တဦး ခင်မင်ရင်းနှီးစွာ ကူးသန်းသွားလာ၍ တဦး၏လုပ်ငန်းကို တဦး စိတ်ဝင်စားစွာ အကဲခတ်၍ နေကြလေသေးသည်။

ရော်ဂျာချီးလင်းဝပ်နှင့် တခန်းတည်း အတူနေသည်ဟု သိရသည်နှင့် တပြိုင်နက်ပင် ဒင်းမစ်ဒေး၏ မိတ်ဆွေများသည် သင်းအုပ်ဆရာကလေး၏ ကျန်းမာရေးအတွက် ဘုရားသခင်က စီမံတော်မူသဖြင့်သာ ဤလို နှစ်ယောက် တွဲမိကြသည်ဟု ယူဆကာ ဝမ်းအသာကြီး သာ၍ နေကြပေသည်။ သို့သော် ရော်ဂျာချီးလင်းဝပ်နှင့် ပတ်သက်၍ သင်္ကာယန မကင်းသောသူ အချို့လည်း ရှိပေသေးသည်။ “သူ့လို မြို့ထက်ဝက်၊ ကိုယ့်လို မြို့ထက်ဝက်” ဟူသော စကားအရ ရော်ဂျာချီးလင်းဝပ်အား တမြို့လုံးလိုလိုကပင် အထူး ကျေးဇူးတင်၍ နေကြသော ဤအခိုက်အတန့်၌ ရော်ဂျာ ချီးလင်းဝပ်အား ထူးဆန်းသူတဦးအနေဖြင့် အကဲခတ်သူတို့လည်း ပေါ်ပေါက်လျက် ရှိပေသည်။

ထိုသူများအနက်တွင် တခါတုန်းက လန်ဒန်မြို့၌ နေခဲ့ဖူးသည်ဆိုသော လက်သမားဆရာကြီး တယောက်လည်း ပါဝင်ပေသည်။ ထို လက်သမားကြီးက လန်ဒန်မြို့တွင် ဆာသောမတ်စ် အိုဘာဗြူရီ အသတ်ခံရစဉ်တုန်းက (ယခင် နှစ်ပေါင်း သုံးဆယ်ခန့်က) မိမိသည် ဆေးဆရာကြီး ရော်ဂျာချီးလင်းဝပ် ဆိုသူအား အခြား နာမည်တခုဖြင့် လန်ဒန်မြို့တွင် မြင်ခဲ့ဖူးပါသည်ဟူ၍ သူ၏ မိတ်ဆွေများအား ပြောပြလေသည်။ ထိုအခါက ဤဆေးဆရာကြီးသည် ဒေါက်တာဖော်မန်ဆိုသူ ကဝေကြီးတယောက်နှင့်အတူ တွေ့ရသည်ဟုလည်း ပြောဆို၏။ ဒေါက်တာဖော်မန်မှာ ဆာသောမတ်စ် အိုဘာဗြူရီ အသတ်ခံရသောကိစ္စနှင့် ပတ်သက်သူ ဖြစ်သည်ဟုလည်း ပြောဆိုလေသည်။ အခြားလူ နှစ်ယောက်၊

သုံးယောက်တို့ကမူ ဆေးဆရာ ရော်ဂျာချီးလင်းဝပ် သည် လူရိုင်းနီတို့၏ ပြန်ပေးဆွဲခြင်းကို ခံနေရစဉ်အခါက လူရိုင်းနီတို့၏ မှော်ဆရာကြီးများနှင့် အကျွမ်းတဝင် ခင်မင်နေကာ မှော်အတတ်များကို သင်ကြားလာခဲ့သောကြောင့် ရော်ဂျာ ချီးလင်းဝပ်၏ ဆေးဝါးများမှာ အစွမ်းထက်မြက်ရသည်ဟု စကားတင်းဆိုကြလေသည်။ သူ၏ ဆေးဝါးများ အစွမ်းထက်မြက်ခြင်းသည် သဘာဝအတိုင်း မဟုတ်ဘဲ အင်းအိုင်ခလှဲ့ လက်ဖွဲ့ မန္တရား စသည်တို့၏ အစွမ်းကြောင့် ဖြစ်သည်ဟုလည်း ပြောဆိုကြလေသေးသည်။ ရော်ဂျာ ချီးလင်းဝပ်အား မလိုသူ အများစုကမူ ဤကဲ့သို့ကား တထစ်ချ မစွပ်စွဲကြ။ သို့သော် ရော်ဂျာ ချီးလင်းဝပ်သည် မစ္စတာ ဒင်းမစ်ဒေးနှင့်အတူ တအိမ်တည်း နေထိုင်သည်မှ စ၍ ရုပ်ရည် သဏ္ဍာန်နှင့် အလေ့အထ အလွန်တရာ ခြားနားပြောင်းလဲ၍ လာသည်ဟု ပြောဆိုလျက် ရှိကြပေသည်။ ဒင်းမစ်ဒေးနှင့် အတူ မနေသေးခင်က ရော်ဂျာ ချီးလင်းဝပ်သည် အစဉ်သဖြင့် မျက်နှာထား တည်ကြည်ငြိမ်သက်လျက် တစုံတခုကို တွေးတောစဉ်းစားနေသော ပညာရှိတယောက်၏ မျက်နှာမျိုး ရှိပြီးလျှင်၊ ယခုကဲ့သို့ ဒင်းမစ်ဒေးနှင့် အတူနေရသောအခါ တွင်မူကား ရော်ဂျာ၏မျက်နှာသည် ကြောက်မက်ဖွယ်ရာကောင်းသော အရိပ်အယောင်တို့ ဖုံးလွှမ်းလာခဲ့ပြီး ရုပ်ရည်သဏ္ဍာန်မှာ ယခင်ကထက် ပိုမို၍ အကြည့်ရ ဆိုး၍ လာသည်ဟု ပြောဆိုကြလေသည်။ အချို့ အချို့သော သူတို့ကမူ ရော်ဂျာ၏ ဖားဖိုတွင်ရှိသော မီးများမှာ ခရစ်ယာန်သင်္ချိုင်းမှ ကဝေအတတ်နှင့် ယူဆောင်လာခဲ့သောမီး ဖြစ်ပြီးလျှင် ထိုမီးကို မပြတ်အောင် မွေး၍ ထားသောကြောင့် သူ၏မျက်နှာမှာလည်း ကဝေမီးဟပ်ကာ အရုပ် ဆိုးသည်ထက် ဆိုး၍လာရသည်ဟု ပြောဆိုကြလေသည်။ ဤသို့အားဖြင့် ရော်ဂျာကို မလိုမုန်းထားသော သူတို့သည် “တို့သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးတော့ဖြင့် အမှောင့် ပယောဂ ပူးနေပြီဟေ့၊ စေတန်ကိုယ်တိုင်က ရော်ဂျာချီးလင်းဝပ်ကို ကိုယ်စားလှယ်ထားပြီး သင်းအုပ်ဆရာကလေး သိက္ခာပျက်အောင် နှောင့်ယှက်နေတာပဲ” စသည်ဖြင့် ပြောဆိုလာကြလေ သည်။ သူတော်ကောင်း မှန်သမျှ မကောင်းဆိုးဝါးတို့၏ အနှောင့်အယှက်ကို ခံရမြဲ ဖြစ်လေရာ သင်းအုပ်ဆရာကလေး၏ သိက္ခာ သမာဓိကို စမ်းသပ်လိုသောကြောင့် ဘုရားသခင် ကိုယ်တိုင်က စေတန်အား သင်းအုပ်ဆရာကလေး၏ သမာဓိကို ဖျက်ဆီးခွင့် ပေးထားသည်ဟူ၍လည်း ပြောသူတို့က ပြောကြလေသေးသည်။ အားလုံးကပင်လျှင် သူတော်ကောင်းဖြစ်သော သင်းအုပ်ဆရာကလေးသည် စေတန်က အဘယ်မျှပင် နှောင့်ယှက်ဖျက်ဆီးစေကာမူ သိက္ခာ သမာဓိ မပျက်ဘဲ စေတန်၏ အောင်ပွဲကြီး ခံရလိမ့်မည် ဟူ၍ကား တထစ်ချ ယုံကြည်၍ ထားကြလေသည်။ သို့သော် အချို့တို့ကမူ စေတန်၏ သမာဓိ စမ်းသပ်ခြင်းကို ခံရရှာသော သင်းအုပ်ဆရာကလေးအား သနား၍ နေကြလေသည်။

သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် တနေ့ထက်တနေ့ ပို၍ ပို၍သာ မျက်နှာညှိုးငယ်၍ နေလေရာ တွေ့မြင်ရသောသူတို့က စေတန်နှင့် ယှဉ်ပြိုင်၍

တိုက်ခိုက်ရသည့် သိက္ခာ သမာဓိ စစ်ပွဲကြီးမှာ ပြင်းထန်လွန်းလှပေသည်ဟု ယုံကြည်လျက် ရှိနေကြပေသည်။

၁၁။ ဆေးဆရာနှင့် လူနာ

အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် သူ၏ ဘဝသက်တမ်းတလျှောက်လုံးတွင် အလွန်တရာ စိတ်သဘောထား နူးညံ့၍ သနားကြင်နာတတ်သူ ဖြစ်၏။ မည်သူ့ကိုမျှ စွဲစွဲလမ်းလမ်း ခင်မင်တတ်သူကား မဟုတ်ပေ။ သို့တိုင်အောင် မည်သူနှင့်ပင် တွေ့ဆုံ၍ ဆက်ဆံရသည် ဖြစ်စေကာမူ အမြဲသဖြင့် ရိုးသား ဖြောင့်မတ်စွာ ဆက်ဆံတတ်သောသူ ဖြစ်ပေသည်။ သို့ဖြစ်လေရာ ရော်ဂျာ ချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ အတွင်းသဘောများကို စုံစမ်းရာ၌ မုန်းတီးသောအနေဖြင့် မဟုတ်ဘဲ တရားသူကြီးတယောက်က တရားလို၊ တရားခံတို့၏ အဖြစ်အပျက်၊ အမှုသွား အမှုလာကို စစ်ဆေးသုံးသပ်ဘိသကဲ့သို့ သုံးသပ်နေခြင်းသာ ဖြစ်ပေသည်။ သင်္ချာပညာရှင်တဦးသည် ဂဏန်းများကို အပေါင်းအနုတ် အမြှောက်အစား စသည်ဖြင့် ကိန်းအမျိုးမျိုးထုတ်၍ ကြည့်နေရသလို ရော်ဂျာချီးလင်းဝပ်သည်လည်း ဒင်းမစ်ဒေး၏ စိတ္တဇအခြေအနေကို မုန်းစိတ် ချစ်စိတ် လုံးဝမပါဘဲ သိလိုသောစိတ် တမျိုးတည်းဖြင့်သာ စုံစမ်းလေ့လာလျက် ရှိနေလေသည်။

ထိုကဲ့သို့ လေ့လာရင်း ရော်ဂျာချီးလင်းဝပ်သည် သူ့လူနာ၏ အသည်းနှလုံးအတွင်း၌ မည်ကဲ့သို့သော လျှို့ဝှက်ချက်များ ရှိသည်ကို သိချင်စိတ် ပြင်းထန်သည်ထက် ပြင်းထန်၍ လာခဲ့၏။ လက်ဦးက အကဲခတ်ရုံမျှ ခတ်ခဲ့သော်လည်း အချိန်ကြာမြင့်ခဲ့သည်တွင် ဒင်းမစ်ဒေး၏ လျှို့ဝှက်ချက်များကို မသိရလျှင် မနေ ဟူ၍များပင် သန္နိဋ္ဌာန်ချမိသည့်အဖြစ်ကို တိုင်ခဲ့ပေသည်။ ထိုကြောင့်ပင်လည်း ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ အတွင်းရေးများကို အလုံးစုံ သိရသည့်အထိ လိုက်လံစုံစမ်းခဲ့ပေသည်။

ယခုအချိန်တွင်မူကား ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ အသည်းနှလုံးသားထဲသို့ ပို၍ပို၍ နက်ရှိုင်းအောင် တိုးဝင်လေ့လာ သုံးသပ်လျက် ရှိနေ၏။ ရွှေရှာသောသူသည် မြေကြော တလျှောက်တွင် ရွှေ မတွေ့တွေ့အောင် ကြိုးစားပမ်းစား လိုက်လံရှာဖွေဘိသကဲ့သို့ လည်းကောင်း၊ သုဘရာဇာတယောက်သည် သင်္ချိုင်းမြေပုံတခု၌ အလောင်းကောင်တွင် ကျောက်မျက်ရတနာ ဆင်မြန်းထားသည်ဟူသော အယူအဆဖြင့် ကြိုးစားပမ်းစား တူးဖော်ဘိ သကဲ့သို့လည်းကောင်း ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ အသည်းနှလုံးတွင်းသို့ နက်ရှိုင်းစွာ လိုက်လံ၍ ဒင်းမစ်ဒေး၏ လျှို့ဝှက်ချက်များကို ရှာဖွေနေလေတော့သည်။

တခါတရံ၌ ဆေးဆရာကြီး၏ မျက်လုံးများ ရုတ်တရက် တောက်ပြောင်လာတတ်သည်ကို တွေ့ရ၏။ ထိုအခါမျိုးမှာကား ဒင်းမစ်ဒေးထံမှ စကားလုံး အထူးအဆန်း တလုံးတလေကို ရရှိသောအခါမျိုးပင် ဖြစ်လေသည်။ ဒင်းမစ်ဒေး သတိမေ့လျော့၍ သူ၏ လျှို့ဝှက်ချက်များနှင့် စပ်ဆိုင်ရာ စကားလုံး တလုံးတလေကို ပြောလိုက်သောအခါမျိုး၌ ရော်ဂျာ ချီးလင်းဝပ်သည် မိမိ အဘယ်ကမ်းကို လိုက်မှသာ ဒင်းမစ်ဒေး၏ လျှို့ဝှက်ချက်များကို သိနိုင်လိမ့်မည် ဆိုသည်ကို တစထက်တစ ပိုမို၍ ရိပ်မိလာရလေသည်။

သို့သော်လည်း ဒင်းမစ်ဒေး၏ လက်လွတ်စပယ် ပြောမိသော စကားလုံးကို အခြေခံထားကာ အမျိုးမျိုး အစ်အောက်မေးရာတွင် ဒင်းမစ်ဒေး၏ထံမှ လူသတ္တဝါတို့အပေါ်၌ မိမိ ကရုဏာ ထားကြောင်း၊ ခင်မင်ကြင်နာသော စိတ်ရှိကြောင်း၊ ဘုရားသခင်အား လေးစားကြောင်း၊ မိမိ မည်သည့်စာအုပ်မျိုးကို ဖတ်ဖူးကြောင်း၊ မည်ကဲ့သို့ ကျမ်းထွက်ကျင့်သဖြင့် မည်မျှ ပေါက်မြောက်ခဲ့ကြောင်း စသည်တို့ကိုသာလျှင် ဆက်လက်၍ ကြားရပေရာ ရော်ဂျာ ချီးလင်းဝပ် မှာ လူအများ သိပြီးဖြစ်သော အချက်အလက်တို့သာ ထပ်တလဲလဲ ကြားရ၍ နေရသဖြင့် မိမိ ရေလိုက်လွဲပြန်ပြီဟု ယူဆမိပြန်လေသည်။ ဤအခါမျိုးတွင် စိတ်ပျက်ဖို့ သင့်ပါလျက်နှင့် ရော်ဂျာသည် စိတ်ပျက်သည်ဟူ၍ မရှိဘဲ တနည်းတလမ်း ကြံဆကာ ဒင်းမစ်ဒေး၏ လျှို့ဝှက်ချက်များကို မရ ရအောင် သည်းခံ၍ စိတ်ရှည်ရှည်ဖြင့် စုံစမ်းနေလေတော့သည်။ ရော်ဂျာသည် တခါတခါ၌ သူခိုး၏ နည်းလမ်းမျိုးတို့ဖြင့် ခြေကို ဖော့ဖော့ကလေး နင်းကာ အမှတ်မထင် ဒင်းမစ်ဒေး၏အခန်းထဲသို့ သွားတတ်လေသည်။ ဒင်းမစ်ဒေးထံမှ စကားများကို မရ ရအောင် အစ်အောက်၍ ထုတ်ရာတွင်လည်း မည်သူမျှ မရိပ်မိနိုင်သော နည်းလမ်းမျိုးဖြင့် အစ်တတ် အောက်တတ်ပေသည်။ သို့သော် မည်မျှပင် သိမ်မွေ့စွာ အစ်အောက်စေကာမူ ဒင်းမစ်ဒေးသည် ရော်ဂျာချီးလင်းဝပ်၏ ရည်ရွယ်ချက်ကို အထင်အရှား ရိပ်မိနေဟန် တူ၏။ တနည်းအားဖြင့်ဆိုရလျှင် ဒင်းမစ်ဒေးသည် အလွန်တရာ အသိမြန်တတ်သောစိတ် ရှိလေရာ ရော်ဂျာချီးလင်းဝပ်နှင့် ပေါင်းသင်းဆက်ဆံရာ၌ အလိုလို စိတ်ထဲက မအိမသာဖြစ်ကာ မိမိအား ဤဆေးဆရာ အဘိုးကြီးသည် အကြောင်းတစုံတရာဖြင့် နှိပ်စက်ရန် ပေါင်းသင်းနေသည်ဟုပင် ထင်ယောင်ဝိုးဝါး တွေးမိသည့်အခါတွင် တွေးမိ၍ နေပုံရလေသည်။ ထိုကြောင့် ရော်ဂျာ ချီးလင်းဝပ်သည် စကားတလုံးတလေမျှ ရအောင် အစ်အောက်ကာ မေးသည့်အခါမျိုး၌ ဒင်းမစ်ဒေးက အံ့အားသင့်သော မျက်လုံးကြီးများဖြင့် ပြန်၍ကြည့်လိုက်ပြီဆိုလျှင် ရော်ဂျာသည် အလွန်တရာ ခင်မင်ကြင်နာ၍ ရင်းနှီးသော မိတ်ဆွေ၏ မျက်နှာထားမျိုး ချက်ချင်း ပြောင်းလဲ၍ ဣန္ဒြေရရ ဟန်လုပ်နေလိုက်လေသည်။

တဖြည်းဖြည်းနှင့် ဒင်းမစ်ဒေးသည် ရော်ဂျာချီးလင်းဝပ်အား မိမိ၏

ရန်သူတယောက် ဖြစ်ရမည်ဟု ယုံကြည်သည်ထက် ယုံကြည်၍ လာလေ၏။ သို့သော် သူ့ယုံကြည်ချက်မှာကား မခိုင်မာလှသေးပေ။ ဒင်းမစ်ဒေးသည် မည်သည့်သူတဦးကိုမျှ မိမိ၏ မိတ်ဆွေရင်းချာအဖြစ်ဖြင့် အသိအမှတ်ပြုသူ မဟုတ်၊ အပေါ်ယံကြောအားဖြင့် ဒင်းမစ်ဒေးသည် သဘော သကာယ ကောင်း၍ ခင်မင်တတ်သောသူဟု ထင်ရသော်လည်း အတွင်းစိတ် သဘောအားဖြင့် ဒင်းမစ်ဒေးသည် မိမိတဦးတည်း ထီးထီးကျန်ကျန် နေတတ်သူ ဖြစ်၏။ ထို့ကြောင့် ဒင်းမစ်ဒေး၏ အဖို့၌ ရော်ဂျာချီးလင်းဝပ်အား တခါမျှ မိတ်ဆွေဟူ၍ အသိအမှတ် မပြုခဲ့။ သို့သော် ဒင်းမစ်ဒေးသည် ရော်ဂျာချီးလင်းဝပ်အား အမြဲတစေ ပြုံးပြုံးရွှင်ရွှင် ခင်မင်ရင်းနှီးစွာ ပေါင်းသင်း ဆက်ဆံနေလျက် နေ့တိုင်းလိုလိုပင် အဘိုးကြီးအား မိမိ၏အခန်းထဲသို့ ခေါ်၍ ညှော်ခံလျက် ရှိပေသည်။ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်အား မဖိတ်ခေါ် မိသော နေ့များတွင် ဒင်းမစ်ဒေးသည် သူကိုယ်တိုင် အဘိုးကြီး၏ ဆေးစပ်ခန်းထဲသို့သွား၍ အဘိုးကြီး ဆေးဝါးဖော်စပ်ပုံများကို စိတ်ပါဝင်စားသည့် မျက်လုံးများဖြင့် ကြည့်ရှု၍ နေတတ်ပေသည်။

တနေ့သောအခါတွင် ဒင်းမစ်ဒေးသည် ရော်ဂျာချီးလင်းဝပ်၏ အခန်းသို့ ကူးလာခဲ့လေသည်။ အဘိုးကြီးသည် ဆေးဖက်ဝင်သော သစ်ရွက်အချို့တို့ကို လှန်လှော၍ ကြည့်ရှုနေစဉ် ဒင်းမစ်ဒေးသည် ပြတင်းပေါက်ပေါ်တွင် လက်ထောက်၍ လက်ဖဝါးတွင် နဖူးကိုမှီကာ သင်္ချိုင်းမြေဘက်သို့ စူးစူးစိုက်စိုက် ကြည့်ရှုရင်း ရော်ဂျာချီးလင်းဝပ်နှင့် စကားစမြည် ပြော၍ နေပေသည်။

"ဆရာကြီး... အဲဒီ ဆေးဖက်ဝင်တဲ့ သစ်ရွက်တွေကို ဘယ်က ခူးလာခဲ့ပါသလဲဗျာ" ဟု ဒင်းမစ်ဒေးက မေးလိုက်ရာ ဆေးဖက်ဝင်သော သစ်ရွက်များကို ကြည့်နေသူ အဘိုးကြီးက

"ဟောဒီ အနီးအနားမှာရှိတဲ့ ဟောဟို သင်္ချိုင်းမြေထဲကပေါ့ဗျာ။ ဒီဆေးပင်ပေါက်တဲ့ နေရာ ကတော့ မြေပုံတခုပေါ်မှာ ပေါက်နေတာ။ အဲဒီမြေပုံမှာ မှတ်တိုင်လည်း မရှိဘူးဗျ၊ မှတ်တိုင် အစား ဒီဆေးပင်ကိုသာ တွေ့ရတယ်။ ကျုပ်အထင်တော့ဗျာ.. ဒီဆေးပင်ဟာ အမည်မရှိသေးသူရဲ့ အသည်းနှလုံးက ပေါက်လာတဲ့ ဆေးပင်လို့ပဲ ကျုပ်တော့ ထင်တာပဲ။ အဲဒီလူဟာ သူ့တသက်မှာ လျှို့ဝှက်ဖုံးကွယ်ထားအပ်တဲ့ အချက်ကြီးတချက် ရှိပြီးတော့ သေသွားရာက ဒီအချက်ဟာ ဆေးဖက်ဝင်တဲ့ သစ်ပင်ဖြစ်ပြီးတော့ လူအများ မြင်နိုင်အောင် မြေပြင်ပေါ်ကို ပေါ်လာတော့ တာပဲ ထင်ပါရဲ့။ ကျုပ်တို့များတော့ အဲဒီလို အဖြစ်မခံနိုင်ပေါင်ဗျာ။ လျှို့ဝှက်ချက်များ ရှိရင်တော့ ဖွင့်ဟပြီး ဝန်ခံလိုက်မှာပါပဲ" ဟု ပြောလိုက်လေသည်။

ဤတွင် မစ္စတာ ဒင်းမစ်ဒေးက "သူ့ခမျာလည်း ပြောတော့ ပြောချင်ရှာမှာပဲ

ထင်ပါရဲ့ဗျာ။ သို့သော်လည်း သူ့ကိုယ်သူ စိတ်မနိုင်လို့ မပြောရဲလို့ မပြောဘဲ နေရတာနဲ့ တူပါတယ်” ဟု ဆိုလိုက်လေသည်။

ထိုအခါတွင် ဆေးဆရာကြီးက ...

“ကိုယ့်လျှို့ဝှက်ချက်ကို ကိုယ် ထုတ်ဖော်ပြောချင်လျက်သားနဲ့များ ဗျာ ဘာဖြစ်လို့ မပြောဘဲ နေရတာလဲ။ ကိုယ့်မှာ မကောင်းမှု တခုခုကို ပြုမိတယ်ဆိုလို့ရှိရင် သေရာကို ယူသွားလို့ မကောင်းမှုက ပြေပျောက်ပါ့မလား၊ ကျုပ်တို့ရဲ့ကျမ်းစာအရ ဆိုလို့ရှိရင် ဒီမကောင်းမှုမျိုးဟာ ဖွင့်ဟပြီး ဝန်ခံမှသာ အပြစ်ပေါ့နိုင်တယ် မဟုတ်လား။ အခု ဟောဒီ ဆေးဖက်ဝင်တဲ့ သစ်ရွက်တွေ ပေါက်လာတာဟာ ဘယ်သူ့ကိုမှ ဖွင့်ဟ ဝန်မခံဘဲနဲ့ ကိုယ့်အပြစ် ကိုယ် လျှို့ဝှက်မျိုသိပ်ပြီး သေရာကို ယူသွားတဲ့အတွက်ပဲ မဟုတ်လားဗျာ”

ဟု မေးလိုက်လေရာ သင်းအုပ်ဆရာကလေးက-

“ဒါကတော့ဗျာ ဆရာကြီးစိတ်ကူးနဲ့ ဆရာကြီး ပြောနေတာပါ၊ မနုဿ လူသားတယောက်ရဲ့ အသည်းနှလုံးထဲမှာ သိုဝှက်ဖုံးကွယ်ထားတဲ့လျှို့ဝှက်ချက်တွေကို ဘုရားသခင်ကိုယ်တော်တိုင်က လွဲလို့ ဘယ်သူမှ ရအောင် ထုတ်ယူဖို့ မဖြစ်နိုင်ပါဘူး။ စကားအားဖြင့်သော်လည်းကောင်း၊ အမှတ်လက္ခဏာအားဖြင့်သော်လည်းကောင်း လူတယောက်ရဲ့ လျှို့ဝှက်ချက်ဆိုတာဟာ အင်မတန် ထုတ်ဖော်ဖို့ ခဲယဉ်းလှပါတယ်။ လျှို့ဝှက်ချက်များကို သိမ်းဆည်းထားတဲ့ အသည်းနှလုံးတွေဟာ ဘုရားသခင်ရဲ့ရှေ့တော်မှောက်ကို ရောက်တဲ့နေ့အထိ ဖုံးကွယ်ထားနိုင်တဲ့ အင်အားသတ္တိ ရှိပါပေတယ်။ ဘုရားသခင် ကိုယ်တော်တိုင်နဲ့ တွေ့တဲ့အခါကျတော့ဖြစ်ရင် ဆိတ်ကွယ်ရာရယ်လို့ မရှိတော့ဘူးပေါ့လေ။ အသည်းနှလုံးတွေဟာ ဘာဖြစ်လို့ ဒီလို မကောင်းမှု လျှို့ဝှက်ချက်တွေကို သိမ်းဆည်းထားနိုင်တယ်ဆိုတာ ဆရာကြီး သိရဲ့လား။ အဲဒီလို သိမ်းဆည်း ထားနိုင်တာဟာလည်း အပြစ်ဒဏ်ပေးတာ တမျိုးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလို လျှို့ဝှက်ချက် တွေကို ရင်ထဲမှာ အောင့်အည်းမျိုသိပ်ပြီး ထားရတဲ့အခါမှာ တချို့ ရင်နာရတာပေါ့ဗျာ။ လျှို့ဝှက်ထားသမျှ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ့မတုံး။ အေးပါလေ... ဒီကိစ္စတွေဟာ အင်မတန် နက်နဲပါတယ်။ ဘုရားသခင်ရဲ့မျက်မှောက်ကို ရောက်တဲ့နေ့ ကျရင်တော့ဖြင့် လျှို့ဝှက်ထားသမျှ တွေကို ထုတ်ဖော်ပြသကြရတာဟာ စိတ်မပင်ပန်းတဲ့အပြင် ရင်ပေါ့သွားမှာမို့ ဝမ်းတောင် သာကြရပါလိမ့်ဦးမယ်”

ဟု ပြောလိုက်သည်တွင် ရော်ဂျာချီးလင်းဝပ်က-

“ဘုရားသခင် ရှေ့မှောက်ကြရင် ဖွင့်ပြီးဝန်ခံရမယ့် အတူတူမှာ

ဒီကမ္ဘာမြေပေါ်မှာ လူအဖြစ်နဲ့ နေစဉ်တုန်းမှာပဲ ဖွင့်ပြီးပြောလိုက်ရင် ပိုမကောင်းပါဘူးလားဗျာ၊ မြန်မြန်ပြောလိုက်လို့ရှိရင် မြန်မြန် ရင်ပေါ့သွားရတာပေါ့။ ဘာဖြစ်လို့ စောစောစီးစီး ရင်ထဲမှာ ရှင်းရှင်းလင်းလင်း မဖြစ်ချင်ကြတာပါလိမ့်”

ဟု မေးရင်း သင်းအုပ်ဆရာကလေးအား မျက်စောင်းတချက် စွေ၍ ထိုးကြည့်လိုက်လေသည်။

ထိုခဏတွင် သင်းအုပ်ဆရာကလေးသည် ရင်ထဲ၌ ပြင်းထန်လှသော ဝေဒနာတခုကို ခံစားရဟန် ဖြင့် ရင်အုံကို လက်ဖြင့်ဖိရင်း-

“များသောအားဖြင့်တော့ဗျာ မကောင်းမှု ကျူးလွန်မိလို့ လျှို့ဝှက်ချက် ရှိနေတဲ့ လူများဟာ လူ့ဘဝမှာပဲ ဖွင့်ဟပြီးတော့ ဝန်ခံကြတာပါပဲ။ ဥပမာအားဖြင့် ဆိုလို့ရှိရင် အပြစ်ရှိသူပေါင်း များစွာတို့ဟာ မိမိတို့ လျှို့ဝှက်စွာ ကျူးလွန်မိခဲ့ကြတဲ့ အပြစ်တွေကို ကျုပ်ရှေ့မှာ ဖွင့်ဟဝန်ခံကြ ပါတယ်။ တချို့ကတော့ သေခါနီးဆဲဆဲကျမှ ဝန်ခံကြတယ်၊ တချို့ကျတော့ကာ ကျန်းကျန်းမာမာ နဲ့ နေတုန်းမှာပဲ ကိုယ့်ရင်ထဲမှာ ကိုယ် မျိုသိပ်မထားနိုင်လို့ ရင်ပေါ့သွားအောင် အမြန်ဆုံး ဖွင့်ဟ ဝန်ခံကြရှာတယ်။ အဲဒီလို ဖွင့်ဟဝန်ခံတဲ့လူကို တွေ့ရတိုင်း ကျုပ်ဖြင့်ဗျာ အင်မတန် ထူးဆန်း အံ့ဩဖွယ်ကောင်းတဲ့ အဖြစ်အပျက်ကို ကြုံရတာချည်းပဲ။ သူတို့အပြစ်ကို သူတို့ ဖွင့်ပြီး ဝန်ခံလိုက်ရလို့ရှိရင် အဲဒီ ဝန်ခံတဲ့လူတွေဟာ မျက်နှာကို တခါတည်း ကြည်လို့၊ ရွှင်လို့၊ လန်းလို့ပါပဲ။ သေခါနီးဆဲဆဲမှာ ဖွင့်ဟဝန်ခံတဲ့ လူများဖြင့် အသက်ထွက်မယ့်ဆဲဆဲမှာတောင် အသက်ရှူ အတော်ချောင်သွားပုံ ပေါ်လာလေ့ရှိကြတယ်။ အဲဒီလို အသက်ရှူချောင်ပြီး ရင်ထဲမှာ ပေါ့ပါးသွားတာဟာ ဆန်းတော့ မဆန်းလှပါဘူးဗျာ။ ဘာပြုလို့လဲဆိုတော့ အင်မတန် လေးလံတဲ့ ကိုယ့်မကောင်းမှု အပြစ်ကြီးကို ရင်ထဲမှာ ထည့်ပြီး သေရွာကို ယူသွားမယ့်အစား ရှိတဲ့အပြစ်ကို ဝန်ခံလိုက်ပြီးတော့ “ကျုပ်မှာ ဒီအပြစ် ရှိတယ်၊ ကဲ... ခင်ဗျားတို့ ကမ္ဘာလောကကြီးက ဘာတွေ လုပ်ကြမလဲ။ လုပ်ချင်တာ လုပ်ကြပေတော့” လို့ ခပ်ပြောင်ပြောင် တင်းတင်းကြီး နေလိုက်ရတာ ဟာ အင်မတန့်ကို ရင်ရှင်းတာကလားဗျာ”

ဟု ပြောလိုက်လေသည်။

“ဒါပေမဲ့ဗျာ တချို့ကျတော့လည်းပဲ လူသာ အသေခံသွားကြတယ်၊ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို တော့ ထုတ်ဖော်ပြီး မပြောကြပါဘူး”

ဟု ဆေးဆရာကြီးက တည်ကြည်ငြိမ်သက်သော အသံဖြင့် ပြောလိုက်ပြန်သည်၌ မစ္စတာ ဒင်းမစ်ဒေးက-

“မှန်ပါတယ် ... မှန်ပါတယ်၊ ဆရာကြီး ပြောတဲ့အတိုင်းပဲ ကိုယ့်အပြစ်ကို

ကိုယ့်အသည်းထဲမှာ ဖွက်ပြီး သေတဲ့အထိ နေသွားကြတဲ့လူတွေ အများကြီးပဲ ရှိကြပါတယ်၊ ဒါပေမဲ့ အဲဒီလို နေသွားတဲ့လူတွေဟာ အကြောင်းအမျိုးမျိုး ရှိကြလို့ လျှို့ဝှက်ချက်တွေကို မျိုပြီးတော့ နေသွားကြတာပါပဲ။ ဥပမာအားဖြင့်ဆိုရင်ဗျာ တချို့လူတွေဟာ စိတ်ကောင်း စေတနာကောင်း ရှိပြီး အပြစ်ကျူးလွန်မိတဲ့အခါမှာ ရှေ့တလျှောက် လူ့ဘဝ မကုန်မချင်း နေသွားရမယ့် ဘဝလမ်းခရီးမှာ ကိုယ့်အပြစ်တွေကို ဖော်ထုတ်ပြရင် လူတွေရဲ့အဖို့မှာ ဘာမှ အကျိုးများမှာ မဟုတ်ဘူးလို့ ယူဆပြီးတော့ နေသွားကြတဲ့ လူတွေလည်း ရှိပါတယ်။ အဲဒီလို နေသွားကြတဲ့ လူမျိုးတွေအဖို့မှာတော့ လူအချင်းချင်း ပေါင်းသင်းဆက်ဆံပြီးတော့ သွားကြရာမှာ တခြားလူတွေကြားမှာ အပြစ်ကင်းစင်ဟန်ဆောင်ပြီး နေရပေမဲ့ ခများများမှာတော့ အတွင်းကျိတ် ရင်ထဲမှာ မီးတောက်နေကြရတဲ့ လူတွေပဲဗျ။ သူတို့ကိုယ်သူတို့ အတွင်းကျိတ် အပြစ်တင်လို့ မဆုံး၊ ကျိန်ဆဲလို့ မဆုံးဘဲ ကိုယ့်လိပ်ပြာ မသန့်တိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးလို့ မဆုံးတဲ့ လူတွေပေါ့” ဟု ဆိုလိုက်လေသည်။

ရော်ဂျာချီးလင်းဝပ်လည်း ယခင်ကထက် လေးနက်သော အသံဖြင့်-

“မှန်ပါတယ် ဆရာလေးရဲ့၊ ဒီလူတွေဟာ သူတို့ကိုယ်ကို သူတို့ လိမ်နေတဲ့လူတွေပေါ့ ခင်ဗျာ။ သူတို့ ပခုံးပေါ်မှာ ကျရောက်နေတဲ့ “အရှက်” ဆိုတဲ့ တာဝန်ကို သူတို့ ပွင့်လည်း ပွင့်ပွင့်လင်းလင်း မထမ်းဝံ့တဲ့ လူတွေပါပဲ။ အပြစ်ကို ဖွင့်ဟဝန်ခံရင် လူ့လောကကြီး ဘာမျှ အကျိုးထူးမှာ မဟုတ်ဘူးလို့ ဆိုပေမဲ့ သူတို့အပြစ်ကို သူတို့ ဖုံးကွယ်ထားတာဟာ သူတို့ကိုယ်သူတို့ လိမ်ရာ ရောက်ခဲ့တဲ့အပြင် လူ့လောကကြီးတခုလုံးကိုလည်း လိမ်ရာ မရောက်ပေဘူးလား။ အပြင်ပန်း အားဖြင့် ဘယ်လောက်ပဲ ဘုရားသခင် လေးစား လေးစား၊ လူတွေရဲ့ကောင်းကျိုးကို ဘယ်လောက်ပဲ ဆောင်ကြဉ်းပါတယ်ဆိုဆို သူတို့ဟာ လူယုတ်မာ လူယုတ်မာပါပဲ။ လူတွေရဲ့ ကောင်းကျိုးကို ဆောင်ကြဉ်းတယ် ဆိုလို့ရှိရင် သူတို့မှာ ကံသုံးပါးစလုံး သန့်ရှင်းစင်ကြယ်မှ တကယ်ထိရောက်အောင် ဆောင်ရွက်နိုင်မှာပါ။ ဒီတော့ကာ အဲဒီလို လျှို့ဝှက်ချက်ရှိတဲ့ လူမှန်သမျှဟာ ကိုယ့်ကိုယ်ကိုယ်လိမ်ရာကို ရောက်နေတာ မှန်ပါတယ်” ဟု ပြောလိုက်လေသည်။

“အေးလေဗျာ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့”

သင်းအုပ်ဆရာကလေးသည် အဆီအငေါ် မတည့်သော ဆင်ခြေ ဆင်လက်တခုကို ဥပေက္ခာပြု၍ ထားလိုက်သော အသံမျိုးဖြင့် ပြောလိုက်လေသည်။ ဒင်းမစ်ဒေးသည် သူ့စိတ်နှင့် အခန့်မသင့် သော ကိစ္စတခုခုကို ဆွေးနွေးမိသောအခါမျိုး၌ ထိုကိစ္စမှ အခြားကိစ္စသို့ ရောက်အောင် စကားကို လမ်းလွှဲ၍ ပြောနိုင်သော တန်ဖာုပ္ပတ္တိဉာဏ်ရှိသူ ဖြစ်လေသည်။ ရှိသည့်အတိုင်းပင်လည်း သူ၏စကားကို ဆက်၍-

“ဒါနဲ့ဗျာ... အခု ကျုပ်ကို ခင်ဗျား ဆေးကုပေးနေတာ ဘယ်လိုမျိုး သဘောရသလဲ ဆရာကြီးရဲ့၊ ပြောစမ်းပါဦး” ဟု မေးလိုက်လေသည်။

ရော်ဂျာချီးလင်းဝပ်က ပြန်လည်၍ ဖြေအံ့ဆဲဆဲ အချိန်ကလေးတွင်ပင် ဒင်းမစ်ဒေးတို့သည် အလွန်တရာ ကြည်လင်ချိုသာသောအသံဖြင့် အားရပါးရ ရယ်မောလိုက်သော ကလေးငယ် တယောက်၏ရယ်သံကို ကြားရလေသည်။ ထိုအသံသည် အနီးရှိ သင်္ချိုင်းမြေမှ ပျံ့လွင့်၍ လာသော အသံပင် ဖြစ်လေသည်။ ဖွင့်၍ထားသော ပြတင်းပေါက်မှနေ၍ လှမ်း၍ ကြည့်လိုက်ကြ ရာတွင် သင်းအုပ်ဆရာကလေးသည် ကြည်လင်သော နေရောင်ထဲ၌ ဟက်စတာပရင်းနှင့် သူ၏သမီးကလေး ပုလဲတို့ သင်္ချိုင်းမြေကို ဖြတ်၍ ဖောက်ထားသော လမ်းအတိုင်း လမ်းလျှောက်၍ လာကြသည် ကို တွေ့မြင်လိုက်ရလေသည်။ ပုလဲကလေးသည် အလွန်လှ၍ နေ၏။ အားရပါးရ ရယ်၍နေပုံမှာ ကလေးရယ်ပုံနှင့်ပင် မတူဘဲ နတ်သမီးကလေး တယောက် ရယ်မောနေသည်နှင့်ပင် အလားတူ၍ နေလေတော့သည်။

ပုလဲသည် သင်္ချိုင်းမြေပုံ တခုပေါ်မှ တခုသို့ ခုန်၍ ခုန်၍ကူးကာ ရွှင်မြူးလျက် ရှိနေပေ၏။ သင်္ချိုင်းမြေပုံ သုံးလေးပုံကို ခုန်၍ ကူးခဲ့ပြီးသည့်နောက် ပုလဲသည် “အိုက်ဇက်ဂျွန်ဆင်” ၏ အုတ်ဂူပေါ်သို့ ရောက်၍လာ၏။ ထိုအုတ်ဂူပေါ်တွင် ပုလဲသည် အားရပါးရ ကွေး၍နေအောင် ကလေတော့သည်။ ထိုအခါတွင် သူ့အမေက မကရန် လှမ်း၍ ပြောလိုက်၏။ မိခင်ဖြစ်သူ၏ အသံကို ကြားရမှ ပုလဲသည် အုတ်ဂူဘေးတွင် ပေါက်၍နေသော ကပ်စေးနှဲပင်မှ ကပ်စေးနှဲသီး တခိုင်ကို ခူးလိုက်လေသည်။ ပြီးလျှင် သူ့ အမေ၏ ရင်ဘတ်ပေါ်ရှိ “အေ” အက္ခရာ အနီတခုလုံးကို ကပ်စေးနှဲသီးများဖြင့် ချိတ်ဆွဲ၍ ထားလိုက်လေသည်။ ဟက်စတာပရင်းသည် ကပ်စေးနှဲသီးများ ကို ဖြုတ်၍ မပစ်ချေ။

ရော်ဂျာချီးလင်းဝပ်သည် ဤအချိန်၌ ပြတင်းပေါက်အနီးသို့ ရောက်၍လာပြီးလျှင် ခပ်ပြုံးပြုံးနှင့် သားအမိနှစ်ယောက်တို့ကို ကြည့်လိုက်လေသည်။

“ဒီကလေးဟာ အတော်ဆန်းတဲ့ ကလေးဗျ။ ဘယ်သူ့မှလည်း မကြောက်ဘူး၊ ဘယ်သူ့ကိုမှ ရိုသေရမှန်းလည်း မသိဘူး။ အမှားနှင့် အမှန်ကိုလည်း ခွဲခြားပြီး သိနိုင်တဲ့ကလေး မဟုတ်ဘူး။ ဟိုတနေ့ကလည်း ဒီကလေးကို ကျုပ် တွေ့သေးတယ်၊ တွေ့တဲ့နေရာက နွေဦးလမ်းကြားကလေး မှာ။ အဲဒီမှာ သူနဲ့ မင်းကြီးနဲ့ ဆုံမိကြတော့ သူကလေးက ဘာလုပ်သလဲ သိလား။ ကျွဲတွေ နွားတွေ သောက်ဖို့ထားတဲ့ ရေစည်ပိုင်းထဲက ရေတွေနဲ့ မင်းကြီးကို ပက်ပါလေရောဗျာ။ အံ့ရော... အံ့ရော၊ ဒီကလေးဟာ ဘယ်လို ကလေးမှန်းကို မသိပါဘူး။ ကျုပ်ဖြင့်

သူ့တယောက်ပဲ တွေ့ဖူးတယ်၊ ကြီးရင် ဘယ်လိုများ နေမယ့် မသိဘူး”

ဟု လေအေးနှင့် ပြော၍နေလေရာ မစ္စတာ ဒင်းမစ်ဒေးက-

“ဒီကလေးဟာ ကိုယ်ကျင့်တရား ပျက်ပြားတဲ့အထဲက မွေးဖွားလာတော့ ဘယ်မှာ သာမန်ကလေးတွေနဲ့ တူပါ့မလဲဗျာ၊ ကြီးရင် ဘယ်လိုဖြစ်မယ်ဆိုတာကိုတော့ဖြင့် ကျုပ်လည်း မပြောတတ်ပေဘူး” ဟု ဆိုလိုက်လေသည်။

ကလေးသည် ဒင်းမစ်ဒေးတို့ စကားပြောသံကို ကြားရဟန်ဖြင့် ပြတင်းပေါက်ဆီသို့ မော်၍ ကြည့်လိုက်၏။ ပုလဲ၏ မျက်နှာ၌ အလွန်တရာ ရွှင်ပျသော အပြုံးကလေးသည် ထင်ထင်ရှားရှား ပေါ်လွင်၍ နေပေသည်။ သို့ အပြုံးမှာ အသိဉာဏ်ရှိသော အပြုံးနှင့် ရှုပ်ချင်ပွေချင်သော အပြုံးကလေးတို့ ရောစပ်နေသော ပြုံးပုံမျိုး ဖြစ်လေသည်။ ဒင်းမစ်ဒေးတို့ကို မြင်လိုက်သည် နှင့် တပြိုင်နက်တည်း ပုလဲသည် ဒင်းမစ်ဒေးအား ကပ်စေးနဲ့သီးကလေး တခုဖြင့် လှမ်း၍ ပစ်လိုက်လေသည်။ ဤတွင် ဒင်းမစ်ဒေးမှာ ကြောက်အားလန့်အားဖြင့် နောက်ကို ဆုတ်လိုက်၏။ ကပ်စေးနဲ့သီးကဲ့သို့ ပေါ့ပါးလှစွာသော အသီးကလေးနှင့် ပစ်လိုက်ခါမျှဖြင့် ဒင်းမစ်ဒေးသည် နောက်သို့ တွန့်သွားရခြင်းမှာ တမျိုးဖြစ်၍နေလေသည်။ ဒင်းမစ်ဒေး နောက်ဆုတ်သွားပုံကို ကြည့်ကာ ပုလဲသည် လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ရယ်လေတော့ သည်။

ဟက်စတာပရင်းသည် ပုလဲ၏ နည်းတူ ဒင်းမစ်ဒေးတို့ ရပ်၍ နေကြသော ပြတင်းပေါက်ရှိရာသို့ လှမ်း၍ ကြည့်လိုက်၏။ ဤတွင် လေးယောက်သားတို့သည် တဦးနှင့်တဦး အတော်ကြာအောင် အပြန်အလှန် စိုက်၍ ကြည့်နေမိကြလေသည်။ သို့ ကြည့်နေကြသည့်ကာလ၌ အလွန်တရာ တိတ်ဆိတ်၍ နေပေ၏။ ပြီးခါမှ ကလေးသည် အားရပါးရ ရယ်လိုက်ပြီးလျှင်-

“သွားကြစို့ ... သွားကြစို့၊ ဟောဟို လူကြီးက အမေ့ကို ဖမ်းစားလိမ့်မယ်။ ဒီလူကြီးဟာလေ သင်းအုပ်ဆရာကလေးကိုတောင် ဖမ်းစားထားပြီ အမေရဲ့။ လာပါ အမေရဲ့... သူ အမေ့ကို ဖမ်းစားလိမ့်မယ်။ ပုလဲကိုတော့ ဒီလူကြီး မဖမ်းစားနိုင်ဘူး”

စသည်ဖြင့် အော်ကျယ်ဟစ်ကျယ် ပြောကာ သူ့အမေ၏ လက်ကို အတင်းဆွဲ၍ ခေါ်လေသည်။

မိခင်ဖြစ်သူအား ဆွဲ၍ ခေါ်ရာတွင် ပုလဲသည် ခုန်ဆွ ခုန်ဆွနှင့် မြူးထူး၍ သွားလေသည်။

ရော်ဂျာချီးလင်းဝပ်သည် သားအမိနှစ်ယောက်ကို ကြည့်ရင်း-

"ဟို မိန်းမကို သင်းအုပ်ဆရာကလေး သိတယ် မဟုတ်လား။ ဒီမိန်းမဟာ ဘယ်လောက်ပဲ အပြစ်ကြီးကြီး၊ ဘယ်လိုပဲ အရှက်ကွဲ ခံရ ခံရ၊ ဒီမိန်းမဟာတော့ ရင်ထဲမှာ အင်မတန် ပေါ့နေတဲ့ မိန်းမပေပဲ။ သင်းအုပ်ဆရာကလေးနဲ့ ခုနပြောခဲ့ကြသလို လျှို့ဝှက်ချက်ကြီးတွေ ရင်ထဲမှာ အနှင့်သား မျိုသိပ်ထားပြီး နေရတာထက်တော့ ခုအနေက အများကြီး သက်သာတာပေါ့ ဆရာကလေးရယ်။ အခုလို ရင်ဘတ်မှာ "အေ" အက္ခရာကြီး ဆင်မြန်းပြီး နေရပေမဲ့ သူ့ စိတ်ထဲမှာတော့ အင်မတန် လွတ်လပ်ပြီး ရှင်းလင်းပေမှာပဲ။ မဟုတ်ဘူးလား... ဟင်" ဟု မေးလိုက်လေသည်။

ဒင်းမစ်ဒေးသည် ရုတ်တရက် အဖြေမပေးသောကြောင့် တိတ်ဆိတ်ငြိမ်သက်၍ နေပြန်လေသည်။ ဆေးဆရာလည်း သူ၏ ဆေးဖက်ဝင်သောသစ်ရွက်များ ရှိရာသို့ ပြန်၍ သွားကာ အရွက်များကို လှန်လှောကြည့်၍ နေလေသည်။ ပြီးမှ ဒင်းမစ်ဒေးဘက်သို့ လှမ်း၍ ကြည့်ကာ-

"ဆရာကလေး ကျုပ်ကို မေးတယ် ထင်တယ်၊ ဆရာကလေးရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီးတော့လေ"

ဟု မေးလိုက်ရာ ထိုအခါတွင်မှ ဒင်းမစ်ဒေးက-

"ဟုတ်ကဲ့... ကျုပ် မေးမိပါတယ်၊ ကျုပ် သိချင်တာကတော့ ကျုပ်ရောဂါရဲ့အခြေအနေပဲ။ ကျုပ်ရောဂါဟာ ကုလို့ ရပါ့မလား၊ ဒါမှမဟုတ်လို့ ရှိရင် ဒီရောဂါနဲ့ပဲ ကျုပ် သေရမှာပဲလားဆိုတာ ကျုပ် သိစမ်းပါရစေ" ဟု မေးဖြေဖြေလိုက်လေသည်။

ဆေးဆရာ အဘိုးကြီးသည် ဒင်းမစ်ဒေးအား အကဲခတ်သောမျက်လုံးများဖြင့် ကြည့်လိုက်ပြီးလျှင် သစ်ရွက်များနှင့် အလုပ်များရင်း-

"ရှင်းရှင်းကြီး ပြောရမယ်ဆိုလို့ ရှိရင်တော့ဗျာ... ဆရာကလေးရဲ့ရောဂါက ရောဂါ အဆန်းဗျ၊ သာမန်ရောဂါ မဟုတ်ဘူး။ ရောဂါလက္ခဏာကို ကျုပ် ကြည့်ရခြင်းအားဖြင့် ဒီရောဂါဟာ မကြီးသော်လည်း အင်မတန် ဆန်းကြယ်တဲ့ ရောဂါပဲဆိုတာ ကျုပ် သတိထားမိတယ်။ ဆရာကလေးကို နေ့တိုင်းနေ့တိုင်း ကြည့်ပြီး ဆရာလေးရဲ့ရုပ်ရည်လက္ခဏာကို နေ့တိုင်း နေ့တိုင်း အကဲခတ်တဲ့အခါမှာ ရုတ်တရက်အားဖြင့် ဆိုလို့ရှိလျှင် ဆရာကလေးဟာ အင်မတန်ကို မကျန်းမာနေတဲ့ လူတယောက်လို့ ထင်စရာပေပဲ။ ဒါပေမဲ့ ဆရာကလေး သွားပုံလာပုံ နေပုံထိုင်ပုံ ကြည့်ရပြန်တော့လည်း ဒီရောဂါဟာ ကြီးကျယ်တဲ့ရောဂါ မဟုတ်ဘူးဆိုတာ သိရပြန်တယ်။ ခက်တယ်ဗျာ... အတော်ပဲ ခက်တယ်၊ ရောဂါဟာ ကုလို့ပဲ ချက်ချင်း ပျောက်တော့မလိုလို၊ ပြီးတော့.... ဆေးတွေ့မယ့် ရောဂါမျိုး မဟုတ်သလိုလို၊ ကျုပ်

စဉ်းစားရကျပ်ပါတယ် ဆရာကလေးရယ်... အတော် စဉ်းစားရ ကျပ်ပါတယ်" ဟု ခပ်ညည်းညည်း ပြောလိုက်လေသည်။

ထိုအခါတွင် ဒင်းမစ်ဒေးက-

"ဆရာကြီး ပြောတာက စကားထာ ဖွက်တာထက် ဆိုးနေပါပြီ။ အဓိပ္ပာယ်ကို ရှာလို့ မရဘူး" ဟု ပြောရင်း ပြတင်းပေါက်ဆီသို့ လှည့်၍ တချက် လှမ်းကြည့်လိုက်လေသည်။

ရော်ဂျာချီးလင်းဝပ်သည် သူ့စကားကို ဆက်၍-

"အရှင်းဆုံး အလွယ်ကူဆုံး ပြောရဦးမယ် ဆိုလို့ရှိရင်တော့ဗျာ ခင်ဗျားရောဂါကို နာမည် မမှည့်တတ်အောင် ဖြစ်ရပြီး ခင်ဗျားရောဂါအတွက် ဆေးရှာလို့ မရတာဟာ တခြားကြောင့် မဟုတ်ဘူး။ ခင်ဗျားမှာ ဖြစ်ပျက်နေတဲ့ ဝေဒနာကို ခင်ဗျားက ကျုပ်ကို ရှင်းရှင်းလင်းလင်း ဘွင်းဘွင်း တခါမှ မပြောဖူးသေးဘူး။ ခင်ဗျား တကယ်ဖြစ်တာ အမှန်တွေကို ခင်ဗျား ကျုပ်ကို ပြောပြီးပြီလား"

ဟု မေးလိုက်ရာ သင်းအုပ်ဆရာကလေးက-

"ကြံကြံဖန်ဖန် မေးတတ်ပလေ ဆရာကြီးရယ်၊ ဘယ့်နှယ်ဗျာ.. ဆေးဆရာ ခေါ်ပြီးတော့မှ အနာရောဂါကို သေသေချာချာ မပြောရအောင် ကျုပ်က ကလေးမို့လို့လား... ကလေးမို့လို့လား"

ဟု ပြောလိုက်သည်၌ ရော်ဂျာချီးလင်းဝပ်သည် တစုံတခုကို သိထားနှင့်သော အရိပ်အယောင် များ၊ ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ဒင်းမစ်ဒေး၏ မျက်လုံးကို စူးစူးဝါးဝါးကြီး ကြည့်ရင်း-

"ဩော်... ခင်ဗျားရဲ့ရောဂါကို အကုန်လုံး အကြောင်းစုံ ကျုပ်ကို ပြောပြပြီးပြီကိုး။ ထားပါတော့ဗျာ... ထားပါတော့၊ ဒါပေမဲ့ ကျုပ် တခုတော့ ထပ်ပြီး မေးစမ်းပါရစေဦး။ လူတယောက် ရောဂါဖြစ်တယ်ဆိုတာဟာ အသွေးအသားသာ မဟုတ်ဘူး။ စိတ္တဇရောဂါကလည်း တဖက်က စွဲကပ်ပြီးတော့ နေတတ်သေးတယ်။ တချို့ရောဂါတွေဟာ ဆိုလို့ရှိရင် သွေးသား သန့်ရှင်းအောင်၊ အကြောအခြင် သန်မာအောင်၊ အစာကြေအောင် ဘယ်လိုပဲ ပြုစုပေမယ်လို့ ရောဂါတပိုင်းက ကိုယ်မှာဖြစ်တာ မဟုတ်ဘဲ စိတ်ဝိညာဉ်မှာ ဖြစ်နေတာ ဆိုလို့ရှိရင် ဘယ်လို ဆေးကိုပဲ တိုက်တိုက် ရောဂါကို သဲလဲစင် ပျောက်ကင်းအောင် ဘယ်နည်းနှင့်မှ ကုလို့ မရဘူး။ ကျုပ် စကားပြောများ မှားလို့ရှိရင် သည်းခံပါနော်။ အဲဒီတော့ ကိုယ်ကာယ ဝေဒနာကို ပြောပြတဲ့အပြင် စိတ်ဝိညာဉ်ရဲ့ဝေဒနာကိုလည်း

ပြောပြနိုင်မှ တကယ့်ဆေးကို တွေ့မှာ။ အနာမသိ ဆေးမရှိ ဆိုတဲ့စကား သာခေ ကြားဖူးတယ် မဟုတ်လား” ဟု ပြောလိုက်လေသည်။

ဤတွင် သင်းအုပ်ဆရာကလေးသည် သူ ထိုင်နေသော ကုလားထိုင်မှ ဖြုန်းခနဲ ထလိုက်ပြီးလျှင်-

“ဒါဖြင့်ဗျာ ကျုပ် ရောဂါအကြောင်း ထပ်ပြီး ပြောဖို့ မလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ကိုယ်ရောဂါကို ဆေးကုတဲ့ ဆရာပဲ။ စိတ်ဝိညာဉ်ကို ဆေးကုတဲ့ ဆရာမှ မဟုတ်ဘဲ” ဟု ဆိုလိုက်၏။

သို့တိုင်အောင် ရော်ဂျာချီးလင်းဝပ်သည် သူ၏စကားကို မဖြတ်သေးဘဲ မတ်တတ်ရပ်လိုက်သော ဒင်းမစ်ဒေးနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီးလျှင် တည်ကြည်ငြိမ်သက်သော အသံဖြင့်-

“ကျုပ်ပြောသလိုပါပဲ ဆရာကလေးရဲ့၊ လူ့ကိုယ်ကာယမှာဖြစ်တဲ့ ဝေဒနာဟာ လူရဲ့ စိတ်ဝိညာဉ် မှာ ဖြစ်တဲ့ ဝေဒနာနဲ့ အဆက်အသွယ် ရှိတယ်။ အဲဒီတော့ကာ ဆရာကလေးရဲ့ဝေဒနာ ပျောက်ကင်းအောင် ကျုပ် ကုစားစေချင်လို့ရှိရင် ဆရာကလေးရဲ့ စိတ်ဝိညာဉ်မှာ ဖြစ်ပျက်နေတဲ့ ဝေဒနာကို ကျုပ်ကို ပြောပြပေါ့။ မပြောချင်လို့လား… ဟင်” ဟု မေးလိုက်လေသည်။

ထိုစကားကို ကြားရသည်နှင့် တပြိုင်နက် မစ္စတာ ဒင်းမစ်ဒေးသည် စူးရှ တောက်ပြောင်၍ နေသော မျက်လုံးကြီးများဖြင့် အဘိုးကြီး ရော်ဂျာ ချီးလင်းဝပ်အား စူးစူးဝါးဝါးကြီး ကြည့်လိုက်ပြီးနောက်-

“ခင်ဗျား ပြောသလို ဘယ်ဖြစ်နိုင်ပါ့မလဲဗျ၊ ခင်ဗျားက သာမန်လူဆရာတယောက်ပဲ။ တကယ်လို့ စိတ်ဝိညာဉ်မှာ ဝေဒနာရှိတယ်ပဲ ထားပါတော့။ ခင်ဗျားက ကုနိုင်တယ် ထင်လို့လား။ စိတ်ဝိညာဉ် မှာ ဖြစ်နေတဲ့ ဝေဒနာကို ကုစားနိုင်တာဟာ ဘုရားသခင် တဦးတည်းပဲ ရှိတယ်။ အဲဒီတော့ ကောင်းကင်ဘုံက ဘုရားသခင်ကိုသာ ကျုပ်ရဲ့ စိတ်ဒုက္ခ ဝေဒနာကို ပြောပြပြီး ကျုပ်ရဲ့ဝိညာဉ်ကို အပ်မယ်။ ခင်ဗျားက ကုပေးရအောင် ခင်ဗျားက ဘာမိုလို့လဲ၊ ခင်ဗျားက ဘုရားသခင်ရဲ့ ကိုယ်စားလှယ်လား။ ကျုပ်လို စိတ်ဝိညာဉ်မှာ ဝေဒနာကို ခံစားနေရတဲ့ လူနာနဲ့ ဘုရားသခင်ရဲ့ ကြားထဲမှာ ခင်ဗျားက ဘာဝင်ပြီး ရှုပ်ရတာလဲ” ဟု ငေါက်လိုက်လေသည်။

ထိုနောက် ဒင်းမစ်ဒေးသည် အလွန်တရာ စိတ်တုန်လှုပ်နေသောဟန်ဖြင့် အခန်းထဲမှ ပြေးထွက်၍ သွားလေတော့သည်။

ပြေးထွက်သွားသော သင်းအုပ်ဆရာကလေးအား ကြည့်ရင်း အဘိုးကြီး

ရော်ဂျာချီးလင်းဝပ်သည် ပြုံးပြုံးကြီး ခေါင်းကိုညိတ်၍-

"အင်း... ဆရာကလေး ထွက်သွားတာလည်း ခပ်ကောင်းကောင်းပဲ။ နို့မို့လို့ရှိရင် အခက်သား။ ဒီလို ထွက်သွားတော့ ခင်ဗျားနဲ့ ကျုပ်နဲ့ မိတ်ဆွေ ပြန်ပြီး ဖြစ်နိုင်ကြသေးတာပေါ့လေ။ အင်း... ဒုက္ခ ဒုက္ခ ... တခါတုန်းကလည်းပဲ ဒီလိုပဲ ကိုယ့်စိတ်ကိုကိုယ် မထိန်းသိမ်းနိုင်တဲ့အမှု ပြုမိလို့ အမှားကြီး မှားခဲ့ပြီ။ ဟော... အခုတခါလည်း သူ့ကိုယ်သူ မထိန်းနိုင်တာနဲ့ဘဲ အခန်းထဲက ပြေးရပြန်ပြီ။ သနားလည်း သနားစရာပဲ" ဟု ခပ်ညည်းညည်း ဆို၍ နေလေသည်။

အဘိုးကြီး ရော်ဂျာချီးလင်းဝပ် ပြောသည့်အတိုင်းပင် သူနှင့် ဒင်းမစ်ဒေး မိတ်ဆွေအဖြစ်သို့ ပြန်လည်ရောက်ရှိရန် များစွာ မခဲယဉ်းသည်မှာကား အမှန်ပင် ဖြစ်ပေသည်။ အဘယ့်ကြောင့် ဆိုသော် သင်းအုပ်ဆရာကလေးသည် နာရီအနည်းငယ်ကြာအောင် သူ၏ အခန်းထဲတွင် တံခါးပိတ်၍နေ၏။ ဤကဲ့သို့ တံခါးပိတ်၍ အခန်းအောင်းနေလိုက်သောအခါတွင်မှ ဒင်းမစ်ဒေး သည် တုန်လှုပ်နေသော စိတ်များ ငြိမ်သက်၍ သွားပြီးလျှင် မိမိသည် အဘိုးကြီး၏ အခန်းထဲမှ ဒေါသဖြင့် ပြေးထွက်လာခဲ့ခြင်းသည် ကလေးကလားနိုင်ခြင်းမျှသာ ဖြစ်သည်။ အဘိုးကြီး၏ ပြောစကားများတွင် မိမိအား စော်ကားမော်ကား ပြုလုပ်သော စကားတလုံးမှ မပါဟု ပြန်လည် တွေးမိ၏။ မိမိအား ကုသချင်သော စေတနာဖြင့် ကြင်နာစွာ ပြောဆိုနေသော အဘိုးကြီးအား ညှော်သည်ဖြစ်သော မိမိက သဟောက်သဟန့် ပြောခဲ့မိခြင်းမှာ မိမိ၏အမှားပင် ဖြစ်သည် ဟူ၍လည်း တွေးမိပေသည်။ အဘိုးကြီးက မိမိအား ဆေးကုပေးလိုသော စေတနာ ရှိခဲ့သည်။ မိမိကလည်း မိမိအား ဆေးကုပေးပါဟူ၍ ပြောဆိုတောင်းပန်ခဲ့၏။ သို့ဖြစ်လေရာ အဘိုးကြီး၏ စေတနာမှာ ထင်ရှားနေသည်ဖြစ်သောကြောင့် မိမိက သူ့အခန်းထဲမှ ရိုင်းပျစွာ ထွက်လာခဲ့ခြင်း သည် မိမိ၏ အမှားပင် ဖြစ်သည်ဟု နောင်တရ၍ နေလေသည်။

ရ၍နေသော နောင်တဖြင့် ဒင်းမစ်ဒေးသည် ရော်ဂျာချီးလင်းဝပ်၏ အခန်းသို့သွားကာ မိမိ မှားသွားကြောင်းကို တောင်းပန်ပြီးနောက် အကယ်၍ မိမိအား ရောဂါ လုံးဝ ပျောက်သည်အထိ ဆေးဝါး မကုသနိုင်သည့်တိုင်အောင် လူ့ဘဝတွင် နေတန်သမျှ နေရအောင် ယခင်ကကဲ့သို့ စေတနာထား၍ ဆက်လက် ဆေးကုပေးပါရန် တောင်းပန်လိုက်လေသည်။ ဆေးဆရာ အဘိုးကြီးကလည်း ဆက်လက် ကုသပေးပါမည်ဟု အလွယ်တကူပင် သဘောတူ ပြန်လေသည်။ ထိုနေ့မှစ၍ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် သင်းအုပ်ဆရာကလေးအား ယခင်အတိုင်းပင် ဆေးကုပေးလျက် ရှိနေ၏။ သို့သော် ဆေးဆရာ၏တာဝန် ပြီးစီးသည်နှင့် တပြိုင်နက် လူနာ၏ အခန်းမှ အမြန်ဆုံး ထွက်၏။ သို့ အခန်းမှထွက်တိုင်း သူ၏ နှုတ်ခမ်းများတွင် အလွန်တရာ ထူးဆန်းလှသော

အပြုံးကလေးသည် အမြဲတစေ ရစ်ဝဲ၍ နေပေသည်။ မစ္စတာ ဒင်းမစ်ဒေးသည် ထိုအပြုံးကို မျက်စိနှင့်ကား ကိုယ်တိုင်ကိုယ်ကျ မမြင်ရပေ။ သို့သော်လည်း မိမိအား ကျောပေး၍ တံခါးပေါက်မှ ထွက်သွားသည်နှင့် တပြိုင်နက် အဘိုးကြီးသည် ပြုံး၍ပြုံး၍ သွားသည်ကို စိတ်ထဲက အလိုလို သိ၍ နေပေသည်။ ဒင်းမစ်ဒေး၏အခန်းထဲမှ ထွက်မိပြီဆိုလျှင် အဘိုးကြီးသည် အားရပါးရ ပြုံးစမြဲ ဖြစ်၏။

"အင်း... ဆန်းတော့ ဆန်းတာပဲ၊ ကိုယ်ကာယနဲ့ စိတ်ဝိညာဉ် ရောစပ်နေတဲ့ ဒီဝေဒနာဟာ အတော်ကြီးတော့ ထူးတာပဲ။ အေးလေ... သူ့အကြောင်း သိချင်ရင်လည်း သိရ၊ မသိရရင်လည်း ကိစ္စမရှိပါဘူး။ သို့သော် စိတ်ဝိညာဉ်ရောဂါနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို မသိရ သိရအောင် စုံစမ်းရတော့မှာပဲ" ဟု ဆေးဆရာကြီးသည် တကိုယ်တည်း ပြော၍ နေတတ်လေသည်။

ထိုအဖြစ်အပျက်များကို ပြောပြပြီးသည့်နောက် များမကြာမီပင် နေ့တနေ့၏ မွန်းလွဲအချိန်သို့ ရောက်ခဲ့၏။ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် အခန်းထဲတွင် ကျမ်းစာအုပ်ကြီး တအုပ်ကို ဖတ်၍ ကုလားထိုင်ကို မှီရာက အိပ်ပျော်၍ သွားလေတော့သည်။ ကျမ်းစာအုပ်မှာ ပျင်းရိဖွယ်ရာ ကောင်းသောကြောင့် မျက်ခွံများ လေးလံ၍ အိပ်ပျော်သွားဟန် တူ၏။ သို့သော် သာမန် အိပ်ခြင်းမျိုး မဟုတ်ဘဲ အိပ်မောကျ၍ သွားသည်တိုင်အောင်ပင် အိပ်၍ ပျော်နေပေသည်။ ဤကဲ့သို့ အိပ်ပျော်နေသည်မှာ အတော်ပင် ဆန်း၏။ အဘယ့်ကြောင့်ဆိုသော် ဒင်းမစ်ဒေးသည် အလွန်တရာ အအိပ်ဆတ်သူဖြစ်လျက် သစ်ကိုင်းတကိုင်းပေါ်သို့ ငှက်ကလေး လာ၍နားလျှင် သစ်ရွက်များ လှုပ်ရှားသောအသံကို ကြားရခါမျှဖြင့် အိပ်ပျော်ရာမှ လန့်၍ နိုးနိုင်သောသူ ဖြစ်ပေသည်။ ဤမျှ အအိပ်ဆတ်သော်လည်း ယခုအကြိမ်တွင်မူ ဒင်းမစ်ဒေးသည် တခေါခေါနှင့် ဟောက်၍ အိပ်ပျော်နေရှာပေသည်။ မည်မျှ အိပ်ပျော်၍ နေသည်မူကား ဆေးဆရာကြီး ရော်ဂျာချီးလင်းဝပ် ခါတိုင်းကဲ့သို့ ခြေသံ ခပ်ပြင်းပြင်းနင်းကာ သူ့အခန်းထဲသို့ ဝင်၍လာသည့် တိုင်အောင်ပင် ဒင်းမစ်ဒေးသည် အိပ်မြဲတိုင်းပင် အိပ်ပျော်၍ နေ၏။ ဆေးဆရာကြီးသည် ဒင်းမစ်ဒေး အိပ်ပျော်နေသည်ကို မြင်ရသောအခါ၌ အနီးသို့ တိုက်ရိုက် ချဉ်းကပ်လာပြီးလျှင် ဒင်းမစ်ဒေး၏ အင်္ကျီကို ရင်ဘတ်ပေါ်မှ ဖယ်လှန်၍ ကြည့်လိုက်၏။

ထိုခဏကလေးတွင်ပင် မစ္စတာ ဒင်းမစ်ဒေးသည် ပခုံးတွန့်၍ တုန်လှုပ်သွားကာ အနည်းငယ် လည်း လူးလွန့်လိုက်ပေသည်။ ခဏကလေးအကြာတွင် ဆေးဆရာကြီးသည် ချာခနဲလှည့်၍ အခန်းထဲမှ ထွက်၍သွားလေတော့သည်။ အခန်းထဲမှထွက်ခဲ့သော ဆေးဆရာကြီး၏ မျက်နှာတွင် အံ့အားသင့်ခြင်း၊ ဝမ်းသာခြင်း၊ ထိတ်လန့်ခြင်းတို့၏ အရိပ်အယောင်

အမျိုးမျိုးတို့ ထင်ထင်ရှားရှားကြီး ပေါ်လွင်လျက်ရှိ၏။ အလွန်အကြူး ဝမ်းသာသော အရိပ်အယောင်တို့သည် အရုပ်ဆိုးလှသော သူ၏မျက်နှာပေါ်တွင် ရေးခြယ်ထားဘိသည့်အလား ထင်ရှား၍နေ၏။ အဘိုးကြီးသည် ဂနာမငြိမ်တော့ဘဲ ခုန်ဆွ ခုန်ဆွနှင့် ဖြစ်၍နေ၏။ လက်များကို ကောင်းကင်ဘုံ ဆီသို့လည်း မြှောက်၏။ အောက်သို့လည်း ချ၏။ တနည်းအားဖြင့်ဆိုရလျှင် အလွန်အကြူး ဝမ်းသာ၍နေသော လူရိုင်းနီတယောက် မီးပုံတွင် ပတ်ဝိုင်း၍ ကပုံနှင့်မခြား တူ၍နေပေသည်။ ဤအချိန်၌သာ အဘိုးကြီးအား တစုံတယောက်က ကြည့်လိုက်ပါလျှင် သူရူးတယောက်အား ကြည့်ရဘိသကဲ့သို့ပင် ရှိပေလိမ့်မည်။

သို့သော် အဘိုးကြီး ရော်ဂျာချီးလင်းဝပ်၏မျက်နှာတွင် အလွန်တရာ အံ့အားသင့်သော အရိပ်အယောင်များလည်း ဖုံးလွှမ်း၍ နေသောကြောင့် ရုတ်တရက် ရူးသွပ်သွားသည်ဟူ၍ကား ထင်မှတ်စရာအကြောင်း မရှိပေ။

၁၂။ အသည်းထဲဝယ်

ယခင်အခန်းတွင် ဖော်ပြခဲ့သော အဖြစ်အပျက်များ ဖြစ်ပွားပြီးသည့်နောက် သင်းအုပ်ဆရာ ကလေးနှင့် ဆေးဆရာကြီးတို့ တယောက်နှင့်တယောက် ဆက်ဆံပုံမှာ အပေါ်ယံ၌ ယခင့်ယခင်ကနည်းတူ ချောမောပြေပြစ်လျက် ရှိသော်လည်း အသည်းထဲတွင်မူကား ယခင်ကနှင့် မတူ၊ သဘောတမူ ထူးခြားပြောင်းလဲလျက် ရှိနေပေသည်။ ရော်ဂျာချီးလင်းဝပ်သည် အသိဉာဏ် အတိုးကြီး တိုး၍သွားပြီ ဖြစ်သောကြောင့် ဒင်းမစ်ဒေးနှင့် ဆက်ဆံရာတွင် မိမိ အဘာယ်လမ်းသို့ လိုက်ရမည်ဆိုသည်ကို ထင်ထင်လင်းလင်း နားလည်၍ နေပေသည်။ ထိုလမ်းကို လိုက်ပါတော့မည်ဟူ၍ မိမိကိုယ်တိုင်က ဆုံးဖြတ်ရခြင်း မဟုတ်။ ရုတ်တရက် မမျှော်လင့်ဘဲ သိလိုက်ရသော အချက်အလက်များကြောင့် ရော်ဂျာချီးလင်းဝပ်၏ စိတ်ထားမှာ အပြောင်းကြီး ပြောင်းလဲ၍ သွားရပေသည်။ နဂိုနေအားဖြင့်ဆိုလျှင် ရော်ဂျာချီးလင်းဝပ်သည် အလွန်တရာ အေးချမ်း၍ သိမ်မွေ့သူ ဖြစ်ပြီးလျှင် ဒေါသစိတ် ကင်းမဲ့သူလည်း ဖြစ်လေသည်။ သို့သော် သူ၏အသည်းထဲဝယ် အလွန်ကြီးမားသော ဒေါသကြီးတခုသည် သန္ဓေတည်လျက် ရှိ၏။ နေ့နှင့်အမျှလည်း ကြီးထွား၍ နေခဲ့၏။ သို့သော် မည်သို့မျှ အကျိုးမပေးခဲ့ပေ။ ယခုမူကား ထိုဒေါသယမ်းအိုးကြီးသည် ဗွမ်းခနဲ ပွင့်အန်၍ ပေါက်ကွဲလာပြီး အသက်အရွယ် ကြီးရင့် အိုမင်းခါမှ ဤကဲ့သို့ ဒေါသယမ်းအိုးကြီး ပေါက်ကွဲဖွယ်ရာ အဖြစ်တို့ကို တွေ့ကြုံရခြင်းသည် တနည်းအားဖြင့်ဆိုလျှင် အဘိုးကြီးမှာ သနားဖွယ်ရာ ဖြစ်၍ နေလေတော့သည်။

အဘိုးကြီးသည် ဒင်းမစ်ဒေးအား လက်စားချေရန် ကြီးကျယ်သော အကြံကြီးတခုကို ပြု၏။ ထိုအကြံမှာ ဒင်းမစ်ဒေးသည် မိမိအား အလွန်တရာ ယုံကြည်စိတ်ချရသော မိတ်ကောင်း ဆွေကောင်း တဦး၏ အဖြစ်ဖြင့် လက်ခံအောင် ကြိုးစားရန်ပင် ဖြစ်လေတော့သည်။ ဤကဲ့သို့ လက်ခံပါလျှင် ဒင်းမစ်ဒေးသည် သူ၏ရင်ထဲ၌ ရှိနေသော လျှို့ဝှက်ချက်၏ လေးလံသော ဒဏ်ချက်ကို မခံမရပ်နိုင် ရှိတိုင်း မိမိအား အကြောင်းမျိုးစုံ ဖွင့်ဟ ဝန်ခံလိမ့်မည်ဟု ရော်ဂျာချီးလင်းဝပ် ယူဆလေသည်။ မိတ်ဆွေအဖြစ်ကို ရပြီဆိုလျှင် ဒင်းမစ်ဒေးသည် သူ့အသည်းထဲဝယ် အဘာယ်မျှ ကြီးမားသော ကြောက်ရွံ့သည့် စိတ်များ ရှိ၍နေပုံ၊ အဘာယ်မျှ ပြင်းပြသော ဝမ်းနည်းစိတ်များ ရှိ၍နေပုံ၊ အဘာယ်မျှ ပြင်းထန်သော စိတ်ဒုက္ခများ ရှိ၍နေပုံ၊ အဘာယ်မျှ ကြီးမားစွာ နောင်တရ၍ နေပုံ၊ မိမိ မိုက်မှားခဲ့မိသော ပြစ်မှုတို့ အဘာယ်မျှ ကြီးလေးပုံ၊ စသည်တို့ကို ထုတ်ဖော်ဖွင့်အန်၍ ပြောလိမ့်မည်ဟု ရော်ဂျာချီးလင်းဝပ် ယူဆ၏။ ကမ္ဘာကြီး တခုလုံး မသိရအောင် ဒင်းမစ်ဒေးသည် သူ၏ ပြစ်မှုများကို

ဖုံးကွယ်၍ ထားခဲ့၏။ မသိသော သူတို့သည် ဒင်းမစ်ဒေးအား သနားကြ၏။ သို့သော် သူ၏ မိတ်ဆွေအဖြစ်ကို ရခြင်းအားဖြင့် ဒင်းမစ်ဒေးသည် သူ့အား မည်သည့်အခါမျှ သနားမည် မဟုတ်သော၊ မည်သည့်အခါမျှ ခွင့်လွှတ်လိမ့်မည် မဟုတ်သော မိမိအား သူ၏ အပြစ်အားလုံးတို့ကို ဖွင့်ဟ၍ ဝန်ခံရမည်ဖြစ်ရာ ယင်းသည်ထက် ကြီးမားသော လက်စားချေမှုမှာ မရှိနိုင်တော့ပြီဟု ရော်ဂျာချီးလင်းဝပ် ယူဆပေသည်။ မည်သည့်အခါမျှ ရန်ညှိုးပြေမည် မဟုတ်သော မိမိအား ဒင်းမစ်ဒေးသည် ခေါင်းလျှို၍ ဝင်ကာ စိတ်သက်သာရာ ရအောင် ကြိုးစားရလိမ့်မည်ဟူ၍လည်း အဘိုးကြီး ယုံကြည်၍ ထားပေသည်။

သို့သော် အဘိုးကြီး၏အကြံမှာ မအောင်ပေ။ အဘယ့်ကြောင့်ဆိုသော် သင်းအုပ်ဆရာကလေး သည် ရှက်တတ် ကြောက်တတ်သောသူ ဖြစ်၏။ ထို့အပြင် အရိပ်အကဲကို အလွန်လျင်မြန်စွာ သိတတ်သော စိတ်လည်း ရှိ၏။ ထို့ကြောင့်ပင်လျှင် ရော်ဂျာချီးလင်းဝပ်အား မည်သည့်အခါမျှ ခင်မင်ရင်းနှီးသော မိတ်ဆွေတဦးအဖြစ်ဖြင့် ပေါင်းသင်းခြင်း မပြုပေ။ သင်းအုပ်ဆရာကလေးက ခပ်ဖယ်ဖယ် နေသည်ကို ရော်ဂျာချီးလင်းဝပ် ကိုယ်တိုင်ကလည်း ကောင်းစွာ သိရှိလေသည်။ သို့တိုင်အောင် ဒင်းမစ်ဒေးနှင့် ရင်းနှီးသော မိတ်ဆွေအဖြစ်ကို ရရှိရန် ဆက်လက်ကြိုးစားမြဲ ကြိုးစား၍ နေလေသည်။ အပြစ်ရှိသော ဒင်းမစ်ဒေးသည် ရော်ဂျာချီးလင်းဝပ်အား ရှောင်ရှား၍ ပြေးနေ၏။ လက်စားချေလိုသော ရော်ဂျာချီးလင်းဝပ်ကလည်း ဒင်းမစ်ဒေး၏ နောက်သို့ တကောက်ကောက် ပြေး၍ လိုက်ကာ အတင်း ပေါင်းသင်း၍ နေလေသည်။ ယင်းကဲ့သို့အားဖြင့် အပြစ်ရှိသောသူနှင့် လက်စားချေလိုသော သူတို့နှစ်ယောက်အား ဘုရားသခင်သည် စိတ်သောက ရောက်စရာ အပြစ်ဒဏ်ခတ်၍ ထားသလိုပင် ဖြစ်နေေလတော့သည်။

ဒင်းမစ်ဒေးနှင့် ရော်ဂျာချီးလင်းဝပ်တို့ တဦးနှင့်တဦး သတိအလစ် မခံဘဲ မျက်ခြည်မပြတ် အကဲခတ်နေကြသည့် အချိန်တချိန်လုံးတွင် ရော်ဂျာချီးလင်းဝပ်၌ အမြတ်တခု ထွက်၍ နေပေသည်။ ထိုအမြတ်မှာ ဒင်းမစ်ဒေး၏ စိတ်ဝိညာဉ်ကို လက်ဖဝါးပေါ်တွင် တင်၍ စေ့စေ့စပ်စပ် ကြည့်၍ နေရဘိသကဲ့သို့ သိမြင်နေရခြင်းပင် ဖြစ်ပေသည်။ ဒင်းမစ်ဒေး၏ စိတ်ဝိညာဉ် လှုပ်ရှား၍နေပုံ၊ နာကျင်ပုံတို့ကို ကြည့်ကာ ရော်ဂျာချီးလင်းဝပ် ကိုယ်တိုင်မှာလည်း သူ၏စိတ်တွင် အမျိုးမျိုး ခံစားနေရပေသည်။ သို့အားဖြင့် ရော်ဂျာသည် ဒုက္ခရောက်၍ နေရသော စိတ်ဝိညာဉ်ကို ကြည့်ရုံမျှ ကြည့်နေသောသူ တဦးအဖြစ်သာ မကသေးဘဲ မိမိကိုယ်တိုင်လည်း ထိုစိတ်ဒုက္ခများတွင် ပါဝင်ခံစား၍နေရသော သူတယောက်၏ အဖြစ်သို့ ရောက်ခဲ့လေတော့ သည်။ ထိုမျှသာ မကသေး၊ ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ စိတ်ဝိညာဉ်ကို အမျိုးမျိုး ကစားနိုင်သော အခြေအနေသို့လည်း ရောက်၍လာခဲ့ပေသည်။ ဒင်းမစ်ဒေး၏ စိတ်ကို ပြင်းထန်စွာ ကုန်လှုပ်သွားအောင်လည်း ပြုနိုင်၏။ တနည်းဆိုရလျှင် ဒင်းမစ်ဒေးမှာ

ခေးသွားအောက်တွင် ရှိနေလျက် ထိုခေးသွားဖြင့် ဒင်းမစ်ဒေးအား ထိုးဆွနိုင်သော စက်ခလုတ်များကို သိရှိထားသောသူလည်း ဖြစ်နေ၏။ တခါတရံ၌ ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေးအား ဖျတ်ခနဲ ထိတ်လန့်ကြောက်ရွံ့၍ သွားအောင် ပြုတတ်သေးသည်။ ဒင်းမစ်ဒေး၏ စိတ်ထဲတွင် ကြောက်မက်ဖွယ်ရာကောင်းသော အတိတ် အဖြစ်အပျက်ဆိုးများ ပေါ်၍လာအောင် နည်းအမျိုးမျိုးတို့ဖြင့် သတိဖော်၍ ပေးနိုင်သောသူလည်း ဖြစ်၍ နေပြန်လေသည်။ စကားတလုံး ပြောခါမျှဖြင့်ပင် ဒင်းမစ်ဒေး၏ပတ်လည်တွင် အတိတ်အဖြစ်အပျက်တည်း ဟူသော တစ္ဆေသရဲ များ ပေါ်၍လာကြကာ ဒင်းမစ်ဒေး၏ ရင်ဘတ်ကို လက်ညှိုးကောက်ကောက်ထိုး၍ အပြစ်တင် စွပ်စွဲနေဘိသကဲ့သို့ ခံစားရအောင်လည်း ရော်ဂျာချီးလင်းဝပ်က ပြုနိုင်စွမ်း ရှိ၍ နေပေသည်။

ဒင်းမစ်ဒေးအား နှိပ်စက်ရာတွင် ရော်ဂျာချီးလင်းဝပ်သည် အလွန်တရာ သိမ်မွေ့၏။ ဒင်းမစ်ဒေး သည် မိမိ၏စိတ်၌ ဤကဲ့သို့ ထိခိုက်နေရခြင်းမှာ မိမိအား တစုံတယောက်က ဖမ်းစား၍ ထားသည်ဟု ရိပ်မိသော်လည်း မည်သူက ဖမ်းစားထားသည်ကိုမူကား အတိအကျ မသိနိုင်ဘဲ ရှိ၍နေပေသည်။ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်အား တခါတခါတွင် မသင်္ကာသော မျက်လုံးများ ဖြင့် ကြည့်မိ၏။ တခါတစ်းခါတွင် ကြောက်ရွံ့သော စိတ်ဖြင့် ကြည့်မိ၏။ တခါတခါတွင်မူကား ကြောက်ရွံ့တုန်လှုပ် အားကြီးသဖြင့် အဘိုးကြီး၏အပေါ်တွင် အလွန်တရာ မုန်းတီးသောစိတ်ကို ထားမိလေသည်။ ထို့ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်၍နေသော အဘိုးကြီးကို မြင်လိုက်လျှင် ဒေါသသည် ထောင်းခနဲ ထ၍ လာတတ်ပေသည်။ အဘိုးကြီး၏ ကိုယ်လက်အမူအရာများ၊ အဘိုးကြီး လမ်းလျှောက်ပုံ၊ အဘိုးကြီး၏ ရှုပ်ထွေး ရှည်လျားသော မုတ်ဆိတ်မွေး၊ အဘိုးကြီး အမှတ်မထင် ပြုလုပ်လိုက်သော အမူအရာကလေးများ၊ အဘိုးကြီး၏ အဝတ်အစား ဝတ်ပုံ ဆင်ပုံ တို့သည်ပင်လျှင် ဒင်းမစ်ဒေး၏အဖို့၌ မြင်လိုက်ရာတွင် အလွန်တရာ ရွံရှာစက်ဆုပ်ဖွယ် ဖြစ်၍နေပေသည်။ အဘိုးကြီးက မိမိအား များစွာမုန်းတီး၍ နေသည်ကိုမူကား ဒင်းမစ်ဒေး အတော်အတန် ရိပ်မိလေသည်။ ဒင်းမစ်ဒေးသည် မိမိ အဘယ့်ကြောင့် အဘိုးကြီးအား ဤမျှ ခါးခါးသီးအောင် မုန်းတီးမိပါသနည်းဟု ကိုယ့်စိတ်ကိုကိုယ် ဆန်းစစ်၍ ကြည့်၏။ မိမိ အသည်းထဲဝယ် အဘယ့်ကြောင့် ဤကဲ့သို့ မုန်းတီးသောစိတ်များ ဝင်ရောက်လာရပါသနည်းဟု သုံးသပ်ကြည့်မိ၏။ မည်သည့်အကြောင်းမျှ မပေါ်ပေ။ ဤတွင် မိမိအား အဘိုးကြီးက အတွင်းကျိတ်အားဖြင့် အမုန်းကြီး မုန်း၍ နေသောကြောင့်သာလျှင် မိမိ၏ စိတ်ကလည်း အလိုအလျောက်ပင် အဘိုးကြီးအား တုံ့ပြန်၍ မုန်းတီးလာရခြင်းပင် ဖြစ်တန်ရာသည်ဟု ဒင်းမစ်ဒေး တွေးမိလေသည်။ သူတပါးအား အကြောင်းမဲ့သက်သက် မိမိ မုန်းတီးနေခြင်းမှာ သမ္မာကျမ်းစာတော်နှင့် မညီဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမ၏။ အမုန်းဟူသည် ကောင်းကျိုး ပေးသောအရာ မဟုတ်ဟုလည်း ကိုယ့်ကိုယ်ကိုယ် ဖျောင်းဖျ၏။ ရော်ဂျာ ချီးလင်းဝပ်အပေါ်၌

ထားမိသော မုန်းစိတ်များကို ပယ်ဖျောက်ရန် ကြိုးစား၏။ သို့သော် မရပေ။ ထိုကဲ့သို့ မရသောကြောင့် ဒင်းမစ်ဒေးသည် ရော်ဂျာ ချီးလင်းဝပ်နှင့် ဆက်ဆံရာ၌ လူမှုရေး ထုံးစံအတိုင်း ဆက်လက်ပြီးလျှင် ခင်မင်သော မိတ်ဆွေတဦးအနေဖြင့် ဆက်ဆံ၍ နေလေသည်။ ထိုကဲ့သို့ ဆက်ဆံနေခြင်းအားဖြင့် လက်စားချေချင်၍နေသော ရော်ဂျာချီးလင်းဝပ်အား လည်စင်း၍ ပေးသည့်ပမာပင် ဖြစ်၍နေလေ၏။ ရော်ဂျာကလည်း အခွင့်ကောင်းကို ယူကာ ဒင်းမစ်ဒေးအား နှိပ်စက်နိုင်သမျှ နှိပ်စက်၍ နေလေတော့သည်။

ဒင်းမစ်ဒေးသည် ကိုယ်ကာယအားဖြင့်လည်း စိတ်ဝေဒနာကို ခံစား၍ နေရ၏။ စိတ်ဝိညာဉ်တွင် လည်း ကြီးကျယ်လှသော ဝေဒနာကို ခံစား၍ နေရ၏။ ထို့ပြင် ရော်ဂျာချီးလင်းဝပ်က စိတ်အနှောင့်အယှက် ပေးသမျှကိုလည်း မလှန်သာအောင် ခံ၍ နေရရှာလေသည်။ ထိုကဲ့သို့ ဒုက္ခ အမျိုးမျိုးတို့ကို ခံစားနေရသည့်အတွက်ပင် ဒင်းမစ်ဒေးသည် တနေ့ထက် တနေ့ ပိုမို၍ နာမည်ကျော်ကြားလာရ၏။ ထိုကဲ့သို့ ထင်ရှားကျော်ကြားသော နာမည်ကိုရအောင် ဒင်းမစ်ဒေးသည် သူ၏ စိတ်ဒုက္ခဖြင့် တန်ဖိုးပေး၍ ဝယ်ယူရဘိသကဲ့သို့ ဖြစ်ခဲ့လေသည်။ အဘယ်ကြောင့် ဆိုသော်..။

ဒင်းမစ်ဒေးသည် ဉာဏ်ပညာ ရှိသူလည်း ဖြစ်၏။ ကိုယ်ကျင့်တရားများ၏ အကြောင်းများကို လည်း ကောင်းစွာ နားလည်၏။ မိမိ၏စိတ်ထဲတွင် ဖြစ်ပေါ်သမျှတို့ကို အခြားသူများ နားလည်လာအောင် ပြတ်ပြတ်သားသား ကျမ်းစာ ဟောပြနိုင်သောသူလည်း ဖြစ်၏။ ထိုကဲ့သို့သော အရည်အချင်းမျိုးဖြင့် ပြည့်စုံသော ဒင်းမစ်ဒေးသည် သူ၏ရင်ထဲ၌ အမြဲ တောက်လောင်နေသော မီးတောက်ကြီးကြောင့် ယခင်ကထက် ပိုမို၍ ကျမ်းစာဟော ကောင်းကာ နာမည်ထင်ရှား ကျော်ကြားလာရခြင်း ဖြစ်ပေသည်။ များမကြာမီပင် ဒင်းမစ်ဒေး၏ အမည်သည် အခြား အခြားသော သင်းအုပ်ဆရာတို့၏ နာမည်ထက် ဘော်စတွန်မြို့ကလေးတွင် ပိုမို၍ ထင်ရှားကျော်ကြားသွားလေတော့သည်။

ဒင်းမစ်ဒေးနှင့် အလားတူ အခြားအခြားသော သင်းအုပ်ဆရာများ၊ ခရစ်ယာန် ဘာသာရေး အရာရှိများလည်း ဘော်စတွန်မြို့ပေါ်တွင် ရှိကြ၏။ ထိုသူများသည်လည်း ခေသူများ မဟုတ်ကြပေ။ အချို့သောသူများသည် အတော်ကြီးပင် ထင်ရှားသောသူများ ဖြစ်လေသည်။ အချို့အချို့မှာ တကယ့် ပညာတတ်များ ဖြစ်ကြလေသည်။ အသက်အားဖြင့် ဒင်းမစ်ဒေးထက် ကြီးသူ အများပင် ရှိကြ၏။ ဒင်းမစ်ဒေးထက် ခရစ်ယာန် ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များကို လေ့လာတတ်ကျွမ်းကြသူများလည်း ဖြစ်ကြပေသည်။ အချို့အချို့သော သင်းအုပ်ဆရာကလေး များမှာမူကား ဒင်းမစ်ဒေးထက် စိတ်ခေတ်ခိုင်မာ တည်ကြည်ပြီးလျှင် ပရိသတ်တို့၏သဘောကို အသေအချာ

နားလည်သူများလည်း ရှိကြ၏။ ဣန္ဒြေသိက္ခာ တည်ကြည်၍ ကျမ်းစာကို ဒိုးဒိုးဒေါက်ဒေါက် ဟောပြောနိုင်ပြီးလျှင် အများ၏ ရှိသေကိုင်းရှိုင်းမှုကို ခံယူကြရသူများလည်း ရှိကြပေသည်။ အချို့ အချို့သော သင်းအုပ်ဆရာများမှာမူကား အသက်အရွယ် အိုမင်းကြပြီ ဖြစ်လျက် အလွန်တရာ သိက္ခာရှိပြီး အပြောအဆို အနေအထိုင် သိမ်မွေ့ကာ စိန့်သူတော်စင် များပမာ ရိုသေလေးစားထိုက်သူများ ဖြစ်ကြလေသည်။ တကယ် ကျမ်းစာပေါက်သူများလည်း ရှိကြ၏။ ပင်ကိုစိတ်တွင် ကျမ်းစာအားထုတ်မှု ဖုံးလွှမ်းလျက် လေးစားဖွယ်ရာလည်း ကောင်းကြပေသည်။ ဤကဲ့သို့ အမျိုးမျိုးသော သင်းအုပ်ဆရာတို့ ရှိကြသည့်အနက် ဒင်းမစ်ဒေး၏ ကောင်းသတင်းသည် တဟုန်ထိုး တိုးတက်ကျော်ကြား၍ လာခဲ့၏။ သို့ လာခဲ့ရခြင်းမှာ အခြားကြောင့် မဟုတ်။ ဒင်းမစ်ဒေး၏ ရင်ထဲ၌ တောက်လောင်၍နေသော သောကမီးကြောင့်ပင် ဖြစ်လေသည်။ စိတ်တွင် နာကြည်းဆွေးမြည့်၍နေသော သင်းအုပ်ဆရာ ကလေး ဒင်းမစ်ဒေးသည် ကျမ်းစာဟောရာ၌ လှိုက်လှိုက်လှဲလှဲကြီး ဟော၏။ အပြစ်ရှိသူတို့၏ ရင်ထဲ၌ ခံစား၍ နေရသော စိတ်ဝေဒနာကို ဒင်းမစ်ဒေးသည် သူကိုယ်တိုင် အပြစ်ကြီးတခုကို ပြုလုပ်ထားသူ ဖြစ်သည့်အတိုင်း ကောင်းစွာ နားလည်ထားသဖြင့် ထင်ရှားပေါ်လွင်အောင် ဟောပြောနိုင်စွမ်းသောသူ ဖြစ်၍နေပေသည်။ အခြား အခြားသော သင်းအုပ်ဆရာတို့ မည်မျှပင် ကြိုးစားစေကာမူ ဒင်းမစ်ဒေးကိုကား မီနိုင်ကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အပြစ်ရှိသူတို့၏ရင်ထဲ၌ ခံစားနေရသော စိတ်ဝေဒနာကို မိမိတို့ကိုယ်တိုင် မခံစားဖူးကြသော ကြောင့် နားမလည်နိုင်ကြသည့်အတွက်ပင် ဖြစ်ပေသည်။ မကောင်းမှု၏ သဘောအဓိပ္ပာယ်ကို အလွန်တရာ လွယ်ကူရှင်းလင်းသော စကားလုံးများဖြင့် ဟောကြားရန်မှာ မိမိကိုယ်တိုင်က မကောင်းမှုကို ကျူးလွန်မထားပါက ဟောကြားရန်မှာ မလွယ်ကူလှပေ။ ထိုကြောင့် အခြားသော သင်းအုပ်ဆရာတို့ ဟောကြားသည့်ကျမ်းစာများမှာ သာမန်လူတို့ မမိနိုင်လောက်အောင် အဆင့်အတန်း မြင့်၍ နေပေသည်။

ဒင်းမစ်ဒေးကိုယ်တိုင်သည်လည်း ယခင် အပြစ်ကင်းစင်သော အချိန်ကာလက အခြား သင်းအုပ်ဆရာတို့၏နည်းတူ လူများ တကယ်တမ်း နားလည်အောင် ပြောဟောနိုင်ခြင်း မရှိခဲ့ပေ။ ဒင်းမစ်ဒေးသည် ယခင်က တောင်ထိပ်မှနေ၍ တောင်ခြေရှိ ပရိသတ်ကို ပြောဟောနေသကဲ့သို့ ရှိခဲ့သည်။ သူ၏စကားများမှာ မြင့်လွန်းခဲ့လှသည်။ ယခုမူ ဒင်းမစ်ဒေးသည် ပြုမှားမိသော မကောင်းမှု၏ဝန်က လေးလှသဖြင့် တောင်ထိပ်မှ တောင်ခြေသို့ ရွေ့လျောနိမ့်ဆင်းလာရပြီးလျှင် သာမန်လူသားတို့နှင့် နီးကပ်စွာ ထိတွေ့လာရခြင်းပင် ဖြစ်ပေသည်။ စိန့်သူတော်စင်ဘဝမှ ပျက်စီး နိမ့်လျှောခြင်းဖြင့် ဒင်းမစ်ဒေးသည် အယုတ်နိမ့်ဆုံးသော လူ့အတန်းအစားတို့နှင့် လာ၍ တွေ့ရ၏။ ယခင်က ကောင်းကင်တမန်များသာ နားလည်နိုင်စရာ ရှိသော စကားမျိုးတို့ကို

ဟောကြားခဲ့သူ ဒင်းမစ်ဒေးသည် ယခုအခါ၌ အယုတ်နိမ့်ဆုံးသော လူ့အတန်းအစားတို့ပင် နားလည်နိုင်ကြသော စကားမျိုးတို့ပင် အလိုအလျောက် ဟောပြော၍ လာပေသည်။ မကောင်းမှု ကို ပြု၍ထားမိသူပီပီ ထိုမကောင်းမှု၏ မကောင်းဆိုးရွား နိုင်လှပုံ၊ ဖိစီးနှိပ်စက်ပုံတို့ကို ကောင်းစွာ နားလည်လာလေရကား အခြားသော မကောင်းမှု ပြုမိသူတို့၏ စိတ်ဝိညာဉ်ကို အများဆုံး နားလည်၍လာခဲ့၏။ သို့ နားလည်၍ နေသောကြောင့်လည်း အပြစ်ရှိသူတို့အား ကိုယ်ချင်းစာ တတ်လာ၏။ သနားကြင်နာ တတ်လာ၏။ ဒင်းမစ်ဒေး၏ စိတ်ဝိညာဉ် လှုပ်ရှားမှုသည် ပရိတ်သတ်တို့၏ စိတ်ဝိညာဉ်များကိုလည်း ဆွဲကိုင်၍ လှုပ်ခါနိုင်ပေသည်။ နားထောင်သူတို့၏ ရင်ထဲ၌ရှိသော မကောင်းမှုများ၏ အကြောင်းကို ဒင်းမစ်ဒေးသည် ကြားရသူတို့ အသည်းနှလုံး ခိုက်ခိုက်တုန်လှုပ်၍ လာအောင်ပင် ဟောပြောနိုင်စွမ်း ရှိ၍ လာခဲ့ပေသည်။

ဒင်းမစ်ဒေး၏စကားကို ကြားရသော ပရိသတ်များသည် ဒင်းမစ်ဒေး ဟောပြောလျှင် အဘယ် အကြောင်းကြောင့် မိမိတို့၏စိတ်တွင် အလွန်အကျူး ထိခိုက်သည်ဟူ၍ကား မသိကြပေ။ ကောင်းကင်ဘုံမှ အထူးတလည် ရွေးချယ်စေလွှတ်လိုက်သော စိန့်သူတော်စင်ဖြစ်သည့် ဒင်းမစ်ဒေးသည် ဘုရားသခင်၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့် မိမိတို့အား အပြစ်ကင်းစင် အောင် ဟောပြောကာ မိမိတို့အား သနားကြင်နာစွာ ကယ်တင်ရန် ကမ္ဘာမြေပြင်ပေါ်သို့ ရောက်လာသောသူ ဖြစ်ရမည်ဟု ယူဆကြလေသည်။ ထိုကြောင့် ပရိသတ်တို့၏စိတ်တွင် ဒင်းမစ်ဒေး လမ်းလျှောက်သွားသော မြေပြင်သည်ပင်လျှင် အလွန် မွန်မြတ်သည်ဟု ယူဆသည် အထိ လေးစားလာကြ၏။ ဒင်းမစ်ဒေး ကျမ်းစာဟောပြောရသော လူအုပ်စုတွင် ပါဝင်ကြသည့် မိန်းကလေး၊ မိန်းမငယ်များသည် ဒင်းမစ်ဒေးအား လေးစားသည့်စိတ်ဓာတ်၊ သဒ္ဓါစိတ်ဓာတ် အလွန်ကြီးလွန်း၍ စိတ်ညွတ်ပျောင်းနေကြလေသည်။ ဒင်းမစ်ဒေး၏ ပရိသတ်တွင် ပါဝင်ကြသော အချို့ အသက်အရွယ် အိုမင်းသူတို့ကမူ အလွန်ပိန်လှီ၍ လာခဲ့သော ဒင်းမစ်ဒေး၏ ကိုယ်ကာယကို ကြည့်ကာ ဒင်းမစ်ဒေးသည် မိမိတို့ထက်စော၍ ဘုရားသခင် ကိုယ်တော်တိုင်၏ ရှေ့မျက်မှောက်သို့ ရောက်ရှိလိမ့်မည်ဟု ယူဆကြသောကြောင့် အကယ်၍ မိမိတို့ သေလျှင် မိမိတို့၏အလောင်းများကို သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေး၏ အလောင်းနှင့် ယှဉ်၍ မြှုပ်နှံပါ ဟု သားသမီး မြေးမြစ်များကို မှာကြားသူတို့က မှာကြား၍ နေပေသည်။

ဤကဲ့သို့ ဒင်းမစ်ဒေး၏အပေါ်တွင် အကြီးအကျယ် လေးစားနေကြသည့် ကာလတလျှောက်လုံး၌ ဒင်းမစ်ဒေး၏ စိတ်တွင်မူကား အကယ်၍ မိမိ သေပါလျှင် မိမိ၏ သင်္ချိုင်းပေါ်၌ မြက်တပင်မျှပင် ပေါက်ပါမည်လားဟု တွေးတော စိုးရိမ်နေရှာလေသည်။ မိမိသည် မကောင်းမှုကြီးကို ကျူးလွန်ထားသူဖြစ်ရာ ဤမျှ အပြစ်ကြီးမားလှသော မိမိ၏ အလောင်းကောင်ကို မြှုပ်နှံရာ မြေပေါ်၌

သစ်ပင်များပင် ပေါက်နိုင်လိမ့်မည် မဟုတ်ဟု ထင်မှတ်၍ နေမိလေသည်။

မြို့သူမြို့သားများနှင့် ကျမ်းစာနာ ပရိသတ်တို့က သူ့အား လေးစားလေလေ ဒင်းမစ်ဒေးမှာ ပို၍ အသည်းနာလေလေ ဖြစ်ကာ နေရလေသည်။ ပင်ကိုစိတ်ရင်းအားဖြင့် ဒင်းမစ်ဒေးသည် အမှန်တရားကို မြတ်နိုးသောသူ ဖြစ်လေသည်။ လောကကြီး မတည်မြဲပုံ သဘောတရား၊ ချမ်းသာမှုကင်းမဲ့သော ဒုက္ခသဘောတရား စသည်တို့ကိုလည်း နားလည်၍ ထားသောသူ ဖြစ်လေသည်။ ထို့ကြောင့် သူ့ကိုယ်သူ အမြဲ ဆန်းစစ်ကြည့်ရာ၌ ဒုက္ခသဘောတရားတို့အပြင် အစိုးမရ သဘောတရားတို့ကိုပင် အမြဲသဖြင့် ထင်မြင်၍ နေသောသူ ဖြစ်လေသည်။ ယခုကဲ့သို့ မကောင်းမှုကြီးကို တိတ်တိတ်ပုန်း ကျူးလွန်၍ ထားမိပြီဖြစ်သောအခါတွင်မူကား ဒင်းမစ်ဒေးမှာ မိမိသည် ဘာမျှမဟုတ်သော အစိုးမရ အခြေအနေတွင် မနေသေးဘဲ မကောင်းမှုကိုပင် ကျူးလွန်ထားသော လူယုတ်မာတယောက် ဖြစ်သည်ဟု နားလည်ထားပြီးလျှင် မိမိဟောသော ကျမ်းစာစင်ပေါ်မှနေ၍ မိမိသည် အဘယ်သို့သောသူ ဖြစ်ကြောင်းကို သံကုန်ဟစ်၍ ပရိသတ်အား ဖွင့်ဟ ပြောပြလိုက်ချင်သောစိတ်များ မကြာခဏ ပေါ်ပေါက်၍ နေလေသည်။

“သင်းအုပ်ဆရာ၏ ဝတ်ရုံအနက်ကိုဝတ်လျက် သင်တို့ ယခု မြင်နေရသော ကျွန်ုပ်၊ မြင့်မြတ်သော ဤကျမ်းစာဟော စင်ထက်သို့ တက်ရောက်နေရသော ကျွန်ုပ်၊ ကျမ်းစာဟော စင်ပေါ်မှနေ၍ သွေးမရှိသော မျက်နှာကို ကောင်းကင်ဘုံဆီသို့ မော့ကာ ဘုရားသခင်အား သင်တို့၏ကိုယ်စား ဆုတောင်းပေးနေသော ကျွန်ုပ်၊ တကယ့် သူတော်ကောင်းအသွင်ဖြင့် သင်တို့ အမြဲသဖြင့် မြင်နေရသော ကျွန်ုပ်၊ ကျွန်ုပ်၏ ခြေလှမ်းအတိုင်း ကျွန်ုပ် ဟောပြောသည့်အတိုင်း လိုက်နာလျှင် ကောင်းကင်ဘုံသို့ ရောက်လိမ့်မည်ဟု သင်တို့ ထင်မှတ်ယုံကြည်နေကြသော ကျွန်ုပ်၊ သင်တို့၏ ကလေးများကို ခရစ်ယာန် သာသနာတွင်းသို့ သွတ်သွင်း၍ ပေးနေသော ကျွန်ုပ်၊ သေခါနီးဆဲဆဲ ဖြစ်သော အသင်တို့၏ မိတ်ဆွေများကို ကောင်းကင်ဘုံသို့ ရောက်စေရန် ကယ်တင်၍ပေးသော ကျွန်ုပ်၊ သင်တို့ အလွန်တရာ လေးစားယုံကြည် စိတ်ချစွာ ဆည်းကပ်ကြသော သင်တို့၏ သင်းအုပ်ဆရာဖြစ်သူ ကျွန်ုပ်၊ ဤကျွန်ုပ်သည် အပြစ်ကျူးလွန်မှုဖြင့် လုံးဝ ညစ်နွမ်းနေလျက် ရှိသော လူလိမ်ပင် ဖြစ်ပေသည်” ဟူ၍ ဒင်းမစ်ဒေးသည် ကျမ်းစာဟောစင်ကို တက်တိုင်း ပရိသတ်တို့အား ဟစ်အော်၍ ပြောလိုက်ချင်လှ၏။ ထိုစကားများကို မပြောရမချင်း ကျမ်းစာဟော စင်ပေါ်မှ ပြန်၍မဆင်းဟု သန္နိဋ္ဌာန်အခါခါ ချ၏။ ထိုစကားများကို ပြောမည် ဟူသော ဆုံးဖြတ်ချက်ဖြင့် ချောင်းဟန့်၍ သက်ပြင်းရှူလိုက်ပြီးလျှင် အထက်ပါ စကားမျိုးတို့ကို ပြောကာ မိမိ၏ မိုက်မဲလှစွာသော မကောင်းမှု ပြစ်မှုကြီးကို ဖွင့်ထုတ်လိုက်ရန် စိတ်ကူး၏။ အကြိမ်ပေါင်း တရာမျှမက ထိုစကားများကို ဖွင့်ထုတ်၍ ပြောမိ၏။ သို့သော်... အဘယ်ပုံ ပြောလေသနည်း။

သူ ပြောမိသည်မှာကား အခြားမဟုတ်။ ပရိသတ်နှင့် မျက်နှာချင်းဆိုင်မိပြီဆိုလျှင် ဒင်းမစ်ဒေးက "မိမိမှာ လုံးဝ ညစ်နွမ်းနေသောသူသာ ဖြစ်၏။ အညစ်နွမ်းဆုံး လူထက်ပင် ညစ်နွမ်းသူ ဖြစ်သည်။ မိမိသည် အကျင့်မကောင်းသောသူ ဖြစ်သည်။ ဘုရားသခင်၏အမျက်တော်ကို ခံရပြီး မိမိ၏ ကိုယ်သည် ပရိသတ်၏ ရှေ့မှောက်၌ ပြာကျ၍ သွားသည်ကို မမြင်ကြရသေးသည်မှာ အံ့ဩဖွယ်ရာ ကောင်းလှပေသည်" စသည်ဖြင့် ပြောဟောတတ်လေသည်။ သူ ဟောပြောသော စကားများမှာ တကယ် အစစ်အမှန်အတိုင်း ကိုယ့်အဖြစ်ကို ထုတ်ဖော်၍ ဟောသော စကားများ ဖြစ်၏။ ထိုကဲ့သို့ ပြောဟောလိုက်သောအခါတွင် ပရိသတ်သည် သူ့အား ကျမ်းစာဟောစင်ပေါ်မှ ဆွဲ၍ချပြီးလျှင် နှင်ထုတ်ကြလိမ့်မည်ဟု ဒင်းမစ်ဒေး ယူဆ၏။ သို့သော် ပရိသတ်သည် ထိုကဲ့သို့ ဆွဲချနှင်ထုတ်ပစ်မည့်အစား ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ မဆုံးနိုင်အောင် ရှိနေသော စကားလုံးများကိုပင်လျှင် စိတ်ပါဝင်စားစွာ နားစွင့်၍ ထောင်ကြပြီး "အင်း... တို့ သင်းအုပ်ဆရာ ကလေးကဖြင့် တယ်ပြီး မကောင်းမှုကိုကြောက်တဲ့ ဆရာကလေးပဲကွယ်၊ တကယ့် သူတော်စင် ပါပဲ။ သူ့လိုလူ တယောက်ကတောင် သူ့ကိုယ်သူ ဒါလောက် မကောင်းမှုများတဲ့လူပါပဲလို့ ဆိုနေလို့ရှိရင် ခင်ဗျားတို့ ကျုပ်တို့တော့ ဘယ် ပြောစရာ ရှိမလဲဗျ" စသဖြင့် အချင်းချင်း တီးတိုးပြောကာ ယခင်ကထက်ပင် ပိုမို၍ လေးစားချင်တိုင်း လေးစားကြပြန်လေတော့သည်။

ဒင်းမစ်ဒေးသည် ရင်ထဲ၌ အနည်းငယ် သက်သာအောင် ဤကဲ့သို့ မလိမ့်တပတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်စကားများ ပြောဆို၍ ဟောပြောသော်လည်း ပရိသတ်က မိမိအပေါ်၌ အဘယ်ပုံ သဘောထားမည်ကို ကြိုတင်၍ သိပြီး ဖြစ်နေခဲ့၏။ သူ့ကိုယ်သူ စိတ်သက်သာရာ ရအောင် ဤကဲ့သို့ အပြစ်တင်စကား ပြောခြင်းအားဖြင့် မိမိသည် လူထုရှေ့၌ ဖွင့်ဟ ဝန်ခံခဲ့ပြီဟု ယုံကြည်လိုက်ချင်သော်လည်း သူ့စိတ်ကိုကား သူ မပိုင်ပေ။ မိမိသည် ပရိသတ်အား အကြီးအကျယ် လိမ်လည်လှည့်ဖြား၍ နေသည့် အပြစ်ကြီးတခုကို ထပ်၍ ပြုမိပြန်လေပြီဟူသော ရှက်စိတ်များသာ ထပ်မံ ဆင့်ကဲ ပေါ်ပေါက်၍ နေခဲ့ရလေသည်။ သူ့ကိုယ်သူကား လိမ်လည်လှည့်ဖြား၍ မရ။ မိမိသည် မကောင်းမှုကို ပြုဖူးသည်နှင့်ပင် မတန်သေးဘဲ ပရိသတ်ကိုပင် လိမ်မိပြန်လေပြီဟု တွေးကာ ယခင်ကထက် စိတ်ထဲတွင် အနာကြီး နာရပြန်လေသည်။ မိမိသည် အမှန်ဆုံးစကားကို ပြောခြင်းအားဖြင့် အကြီးဆုံးသော မုသားကို သုံးနေသည်ဟု တွေးမိတိုင်း ဒင်းမစ်ဒေးမှာ အသည်းနာ၍ မဆုံးတော့ပေ။ တကယ့် အမှန်တရားကို မြတ်နိုးသော ဒင်းမစ်ဒေးမှာ သူ့ကိုယ်သူ စက်ဆုပ်ရွံရှာ၍ မဆုံးနိုင်အောင် ဖြစ်၍ နေရလေတော့သည်။

ကိုယ့်ကိုယ်ကိုယ် ရွံရှာလွန်းသောကြောင့် ဒင်းမစ်ဒေးသည် ရောမခေတ်က အရည်းကြီးဆန်သော ခရစ်ယာန်ဂိုဏ်းခွဲတခု အလေ့အထများကိုပင် တိတ်တိတ်ပုန်း

လိုက်၍နေမိလေသည်။ ဒင်းမစ်ဒေးတို့ ခေတ်တွင်မူ ထိုအလေ့အထများမှာ ခရစ်ယာန်ဘာသာတိုင်းတွင် မရှိတော့ပေ။ ဒင်းမစ်ဒေး၏ လျှို့ဝှက်ထားသော ဗီရိုတခုထဲတွင် သွေးစွန်းနေသော ကြာပွတ်တချောင်း ရှိလေသည်။ ထိုဗီရိုကို ဒင်းမစ်ဒေးသည် အမြဲသဖြင့် သော့ခတ်၍ ထား၏။ ထိုကြာပွတ်ဖြင့် ဒင်းမစ်ဒေးသည် သူ့ကိုသူ ကြိမ်ဖန်များစွာ ရိုက်လေ့ ရှိလေသည်။ စိတ်နာနာနှင့် ကိုယ့်ကိုယ်ကိုယ် ကြာပွတ်နှင့် ကိုင်ရိုက်ရင်းက ခါးခါးသီးသီး ရယ်မိသည်။ ရယ်မိသည့်အတွက်ပင်လည်း ကိုယ့်ကိုယ်ကိုယ် ပို၍ နာကျင်အောင် ရိုက်နှက်လေသည်။ (ပုဂံ အရည်းကြီးများ ရေငုပ် မီးလှုံ ပြုလုပ်သော နည်းမျိုးဆန်ဆန် ဖြစ်သည်) ထို့ပြင် အခြား အခြားသော ခရစ်ယာန် ကိုင်းရှိုင်းသူများ၏နည်းတူ အာဟာရဖြတ်၍ နေလေ့ရှိသေး၏။ အသွေးအသားကို အားမပေးဘဲ ထားခြင်းအားဖြင့် မကောင်းသောစိတ်များ ပပျောက်လိမ့်မည် ဟူသော အယူအဆအတိုင်းပင် ဖြစ်ပေသည်။ တခါတခါတွင် အာဟာရကို ရက်ပေါင်းများစွာ ဖြတ်၍ထားသဖြင့် ဒူးများညွတ်ကာ လမ်းမလျှောက်နိုင် လောက်အောင်ပင် ဖြစ်ရသည်။ တခါတခါ၌ ဒင်းမစ်ဒေးသည် ထီးတည်း ထိုင်၏။ တညပြီးတည ဆက်၍ မှောင်ကြီးထဲတွင် ထိုင်သည့်အခါ ထိုင်၏။ တခါတရံတွင်မူ မီးခွက်ငယ်တခုကို ထွန်း၍ ထီးတည်း ထိုင်လေသည်။ အချို့သောညများတွင်မူ မီးခွက် လင်းလင်းထွန်းကာ သူ့မျက်နှာကို သူ မှန်ထဲတွင်ကြည့်၍ ထီးတည်း ထိုင်တတ်လေသေးသည်။

တနည်းအားဖြင့် ဒင်းမစ်ဒေးသည် သူ့ကိုယ်သူ အမျိုးမျိုး ဆင်ခြင်၏။ သုံးသပ်၏။ အထီးတည်းဖြင့် သူ့ကိုယ်သူ အပြစ်ကင်းစင်အောင် ကြိုးစား၏။ သို့သော် သူ၏စိတ်မှာကား စင်ကြယ်ခြင်း လုံးဝ မဖြစ်။ သူ့ကိုယ်သူ အမျိုးမျိုး နှိပ်စက်နေဘိသကဲ့သို့ ဖြစ်၍နေလေသည်။ ယင်းကဲ့သို့ ညလုံးပေါက် ဆက်ကာဆက်ကာ ထီးတည်းထိုင်သောအခါတွင် ဒင်းမစ်ပေးသည် မူးနောက်သည်ထက် မူးနောက်၍ လာ၏။ မျက်စိထဲတွင်လည်း အာရုံအမျိုးမျိုးတို့ကို ထင်ယောင်မြင်ရမ်း ဖြစ်သည့်အခါ ဖြစ်ရလေတော့သည်။

သူ မြင်ရသော အာရုံ အမျိုးမျိုး အထွေထွေ စုံလှလေတော့သည်။ ရှေးဦးစွာ ပုံသဏ္ဌာန်မှာ မသဲကွဲသော အရိပ်အယောင် အမျိုးမျိုးတို့ကို မြင်ရ၏။ ထိုအရိပ်အယောင်တို့သည် ဒင်းမစ်ဒေး အား ကြည့်၍ပြုံးကာ ပြောင်လှောင်ကြ၏။ မိမိတို့နှင့်အတူ လိုက်ပါရန်လည်း လက်ယပ်ခေါ်ကြ လေသည်။ ထိုနောက်တွင်ကား ကိုယ်ရောင်ကိုယ်ဝါ တဖြာဖြာ ထွန်းလင်း၍နေသော ကောင်းကင် တမန်များကို မြင်ရပြန်လေသည်။ ကောင်းကင်တမန်များသည် အလွန်တရာ ဝမ်းနည်းကြေကွဲသော ဟန်မျိုးဖြင့် ကောင်းကင်သို့ ဖြည်းညင်းစွာ ပျံတက်၍ သွားကြ၏။ ကြည့်ရင်းကြည့်ရင်းပင် ထိုကောင်းကင် တမန်တို့သည် ပျောက်ကွယ်၍ သွားကြလေတော့သည်။ ကောင်းကင်တမန် များ၏နောက်ပါးတွင်

ကွယ်လွန်လေပြီဖြစ်သော မိတ်ဆွေတို့၏ သဏ္ဍာန်များကို မြင်ရပြန်လေ သည်။ ထိုမိတ်ဆွေများသည် ဒင်းမစ်ဒေး၏ ငယ်သူငယ်ချင်းများ ဖြစ်ကြလေသည်။ ထိုနောက် ဆက်လက်၍ မုတ်ဆိတ်မွေးများပင် ဖြူဖွေး၍နေပြီဖြစ်သော သူ့ဖခင်၏ သဏ္ဍာန်ကိုလည်း မြင်မိပြန်လေသည်။ ဖခင်၏သဏ္ဍာန်မှာ အလွန်တရာ မျက်နှာထား တင်းမာခက်တရော်ရှိ၍ နေပေ၏။ မိခင်၏ သဏ္ဍာန်ကိုလည်း မြင်ရပြန်သည်။ မိခင်သည် မိမိ၏အပါးမှ ကပ်၍ လျှောက်သွားရာတွင် အနီးသို့ ရောက်သောအခါ၌ မိမိအား မကြည့်ဘဲ တဖက်သို့ မျက်နှာလွှဲ၍ ထားပုံကို ဒင်းမစ်ဒေး မြင်မိပေသည်။ မိခင်က မိမိအား သားအဖြစ်ဖြင့် ပြန်စောင်း၍မျှ လှည့်မကြည့်ဘဲနေသည်ကို ထင်မြင်ရင်း ဒင်းမစ်ဒေးသည် ဝမ်းအနည်းကြီး နည်း၍ နေရပြန်လေ သည်။ ဤကဲ့သို့ သဏ္ဍာန်အမျိုးမျိုး၊ အရိပ်အယောင် အမျိုးမျိုးတို့ကို ထင်ယောင်မြင်ရမ်းဖြစ်၍ နေကြသည့် အကြား၌ ဒင်းမစ်ဒေးသည် ဟက်စတာ ပရင်းနှင့် သမီးဖြစ်သူကလေး ပုလဲတို့၏ သဏ္ဍာန်များကို ထင်မြင်လာပြန်လေသည်။ ဟက်စတာပရင်းသည် ကြက်သွေးရောင် အဝတ်ကြီး ကို ဝတ်ကာ ပုလဲကလေးအား လက်တွဲ၍ ခေါ်လာလေသည်။ ဟက်စတာပရင်းသည် ရှေးဦးပထမ သူ၏ ရင်အုံပေါ်တွင်ရှိသော "အေ" အက္ခရာ အနီကြီးကို သူ၏ လက်ညှိုးဖြင့် ထိုးပြပြီးလျှင် ဒင်းမစ်ဒေး၏ ရင်ဘတ်ကြီးကို လက်ညှိုးထိုး၍ ပြပြန်သည်ဟု ထင်ယောင်မြင်ရမ်း ဖြစ်လာ၏။

ထိုကဲ့သို့သော သဏ္ဍာန်များသည် မည်သည့်အခါမှ ဒင်းမစ်ဒေး၏ စိတ်ထဲမှ မပျောက်ဖျက်ကြပေ။ အနည်းငယ် အာရုံစိုက်၍ တွေးလိုက်ပါလျှင် မည်သည့်အချိန်တွင်မဆို ဒင်းမစ်ဒေးသည် ထိုသဏ္ဍာန်များကို ဝိုးတိုးဝါးတား ဝေဝေမှိုင်းမှိုင်း ရှိနေသော ပတ်ဝန်းကျင်တွင် ထင်ရှားစွာ မြင်ရပေသည်။ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသော စားပွဲကြီးနှင့် ထိုစားပွဲပေါ်ရှိ သားရေဖုံးဖြင့် ချုပ်လုပ်ထားသော စာအုပ်ကြီးတို့မှာ သွား၍ ကိုင်လိုက်လျှင် အထိအတွေ့ ရှိပေသည်။ သို့သော် စိတ်က မြင်ရသော သဏ္ဍာန်များမှာမူကား မီးခိုးကဲ့သို့သာ ရှိနေလျက် ကိုင်တွယ်၍ မရနိုင်။

ဒင်းမစ်ဒေး၏အဖို့တွင် ထိုသဏ္ဍာန်များသည်သာလျှင် သူနှင့် သက်ဆိုင်သော သဏ္ဍာန်များ ဖြစ်၍နေပေသည်။ တကယ့် သက်ရှိလောကသည် ဒင်းမစ်ဒေးနှင့် မသက်ဆိုင်တော့ဘိသကဲ့သို့ ဖြစ်၍လာရ၏။ အဘယ့်ကြောင့်ဆိုသော် မကောင်းမှုတခုကို ပြုလုပ်ပြီးနောက် ဖုံးဖိထားကာ သူတော်ကောင်း ဟန်ဆောင်၍ လိမ်လည်နေသော သူတယောက်၏အဖို့၌ လောကကြီးသည် ဆိတ်သုဉ်း၍ သွားရ၏။ မုသားတုံးနှင့်တူသော

ဒင်းမစ်ဒေး၏အဖို့တွင် လောကကြီးသည် သူနှင့် တခြားစီဖြစ်၍ နေလေသည်။ လောက တခုလုံး က သူ့အား စိန့်သူတော်စင် သင်းအုပ်ဆရာကလေး

ဟူ၍ ထင်မြင် ယူဆနေ၏။ သို့သော် သူကား စိန့်သူတော်စင် မဟုတ်ပေ။ သို့ဖြစ် လောကနှင့် အဆက်အသွယ် လုံးဝကင်းပြတ်လျက် ရှိနေ၏။ မိမိ၏ ကိုယ်ကို စိန့်သူတော်စင် ဟန်ဆောင်ခြင်းသည် မရှိသောအရာကို ရှိအောင်ပြု၍ ထားဘိသကဲ့သို့ ဖြစ်နေပေသည်။ ထိုကြောင့် ဒင်းမစ်ဒေးသည် လောကကြီးတွင် လူအကောင်အထည် အစစ်အမှန်ရှိ၍ နေပါလျက်နှင့် လောကကြီးမှ ပျက်စီး ပျောက်ကွယ်သွား သော ပုဂ္ဂိုလ်တယောက် အဖြစ်သို့ ရောက်နေရပေသည်။

ဒင်းမစ်ဒေးသည် ဤကဲ့သို့ အရိပ်အယောင် အမျိုးမျိုး တွေ့ပြားကာ အတိတ်အဖြစ်အပျက် အားလုံးတို့သည် တစ္ဆေအဖြစ်ဖြင့် ခြောက်လှန့်ခြင်းကို ခံ၍နေရခိုက် ညတညတွင် ရုတ်တရက် သူ ထိုင်၍နေသော ကုလားထိုင်မှ ထလိုက်မိလေ၏။ မိမိ၏ ကြီးမားလှသော စိတ်ဝိညာဉ် ဝေဒနာကို ကုသရန် နည်းလမ်းတခုကို ရုတ်တရက် တွေးလိုက်မိသောကြောင့် ထိုင်ရာမှ ဖျတ်ခနဲ ထလိုက်မိခြင်း ဖြစ်လေသည်။ မိမိတွေးမိသည့် နည်းလမ်းအတိုင်းသာ လိုက်နာကျင့်ကြံပါက မိမိသည် စိတ်ဝေဒနာ အတော်အတန် သက်သာရာ ရလိမ့်မည်ဟု တွေးမိရာ၏။ ထိုကြောင့် ဒင်းမစ်ဒေးသည် အလွန် အရေးကြီးသော ခရစ်ယာန် ဘာသာရေး ဝတ်ပြုဆုတောင်းပွဲတွင်သာ ဝတ်ဆင်ရသော အဝတ်အစားများကို အသေအချာ ဝတ်ဆင်၏။ ပြီးလျှင် လေးလံလှသော ခြေလှမ်းများဖြင့် လှေကားမှ ဆင်းခဲ့ပြီးနောက် တံခါးကို ဖွင့်လိုက်ပြီးလျှင် အိမ်ထဲမှ ထွက်၍ လာခဲ့လေသည်။

၁၃။ သင်းအုပ် ဆရာကလေး၏ အထီးကျန်ည

အိပ်မက်မက်၍ အိပ်ပျော်နေရာကပင် ထ၍ လမ်းလျှောက်ရသောကြောင့် ရောက်ရာ နေရာတို့တွင် ဒင်းမစ်ဒေးသည် တွေဝေသောစိတ်ဖြင့် ရောက်၍ လာခဲ့ရလေသည်။ တဖြည်းဖြည်း နှင့် ဒင်းမစ်ဒေးသည် ဈေးမြေကွက်လပ်သို့ ရောက်လာ၏။ ထိုဈေးမြေကွက်လပ်မှာကား မြို့သူမြို့သားတို့၏ ရှေ့တွင် ဟက်စတာပရင်းအား "အေ" အက္ခရာ အနီကို ရင်အုံပေါ်တွင် ဆင်မြန်းစေကာ လက်ဦးဆုံး စတင်၍ အရှက်ကွဲခံခဲ့ရသော နေရာပင် ဖြစ်လေသည်။

ဒင်းမစ်ဒေးသည် တဖြည်းဖြည်းနှင့် ဟက်စတာပရင်း မတ်တတ်ရပ်ခဲ့ရသော နေရာဖြစ်သည့် စင်မြင့်နေရာသို့ ရောက်၍လာခဲ့ပေသည်။ စင်မြင့်မှာ ခုနစ်နှစ်တိုင်တိုင် မုန်တိုင်းတို့၏ဒဏ်၊ နေရောင်တို့၏ဒဏ် စသည့် ရာသီဥတု ဒဏ်ချက်တို့ကို ခံ၍ ထားရသဖြင့် ဟောင်းနွမ်းညစ်မည်း၍ နေပေသည်။ ထိုစင်မြင့်ပေါ်သို့ တက်ရသော လှေကားမှာကား စင်မြင့်ပေါ်သို့ တက်၍ တက်၍ သွားကြရသော အပြစ်ရှိသူများ၏ ခြေထောက်များက စား၍ ထားသဖြင့် လှေကားထစ်များတွင် ချိုင့်၍ နေပေသည်။ စင်မြင့်သည်အစည်းအဝေးခန်း၏ လသာဆောင်အောက် တည့်တည့်၌ တည်လျက် ရှိ၏။

ဒင်းမစ်ဒေးသည် လှေကားမှ စင်မြင့်ပေါ်သို့ တထစ်ပြီး တထစ် နင်း၍ လေးလံစွာ တက်ရောက် သွားလေသည်။

ထိုညမှာ မေလ လဦး၏ ညတညဖြစ်၍ တိတ်ဆိတ်ငြိမ်သက်သော အညတြ ညတညပင် ဖြစ်လေသည်။ ကောင်းကင်တခုလုံး အုံ့ဆိုင်း မှိုင်းညို့၍ တိမ်တောင်တိမ်လိပ်များ ဖုံးလွှမ်းလျက် ရှိနေပေသည်။ အမှောင်ဓာတ်သည် အလွန်သိပ်သည်းလျက် ရှိနေလေ၏။ အကယ်၍ ဟက်စတာ ပရင်းအား လာရောက်ကြည့်ရှုကြသော လူအုပ်ကြီးသည် ဤအချိန်၌ လင့်စင်နား၌ လူစုံလူကုန် ရှိ၍နေမည်ဆိုပါလျှင် စင်မြင့်ပေါ်၌တက်၍ ရပ်နေရသူ ဒင်းမစ်ဒေး၏ မျက်နှာကိုသော် လည်းကောင်း၊ ကိုယ်လုံးကိုယ်ထည်၏ ပုံသဏ္ဍာန်ကိုသော်လည်းကောင်း လုံးဝ မြင်နိုင်လိမ့်မည် မဟုတ်ပေ။ ထိုမျှပင် မှောင်မိုက်သော ညတည ဖြစ်လေသည်။ ဤအချိန်၌ တမြို့လုံးတွင်ရှိသော လူများမှာ အိပ်မောကျလျက် ရှိ၍နေ၏။ ထို့ကြောင့်ပင် ဤစင်မြင့်ပေါ်၌ မိမိ လာ၍ ရပ်နေသည် ကို မည်သူမျှ သိကြလိမ့်မည် မဟုတ်ဟု ဒင်းမစ်ဒေး တွေး၍ နေမိလေသည်။ မိမိသည် ဤစင်မြင့်ပေါ်၌ တညလုံး ရပ်နေ၍ အရှေ့ဘက် ကောင်းကင်တွင် နီရဲကာ အရုဏ်တက်သည့် တိုင်အောင် ရပ်နေစေကာမူ မိမိအား

မည်သူကမျှ မြင်ကြလိမ့်မည် မဟုတ်ဟု နားလည်၍ ထား၏။ မိမိအား မည်သူကမှ မြင်ကြလိမ့်မည် မဟုတ်၊ မိမိ ခံစားရမည့်ဝေဒနာမှာ ည၏ အအေးဓာတ်နှင့် လေစိမ်းတို့ကြောင့် ပြန်၍ထမည့် ဒူလာပါဒရက် ရောဂါ၏ ဒဏ်နှင့် ချောင်းဆိုးရောဂါတို့၏ဒဏ်သာလျှင် ဖြစ်သည်။ ထိုဝေဒနာများကို ခံစားရမည်ဆိုပါက နောက်တနေ့နံနက်တွင် ဘုရားရှိခိုးကျောင်း၌ ဘုရားသခင် ဝတ်ပြုဆုတောင်းရာတွင် ကျမ်းစာ ပေါ်ခြင်း မပြုနိုင်ဘဲ ရှိမည် စသည်တို့ကိုလည်း ဒင်းမစ်ဒေး တွေး၍ နေပြန် ၏။

မည်သည့် လူသာမန်တို့၏ မျက်စိမှ မိမိအား မြင်မည်မဟုတ်။ မိမိတကိုယ်တည်း အခန်းကို ပိတ်ကာ မိမိကိုယ်ကိုမိမိ ရိုက်နှက်နှိပ်စက်ခဲ့သော ကြာပွတ်စောင့် စေတန်၏ မျက်လုံးများသည် သာလျှင် မိမိအား မြင်နိုင်လိမ့်မည်ဟူ၍လည်း ဒင်းမစ်ဒေးသည် တွေးမိတွေးရာကို တွေးတော၍ နေမိလေသည်။

အဘယ်ကြောင့် မိမိသည် ဤစင်မြင့်ပေါ်သို့ လာခဲ့ရသနည်း၊ အဘယ်ကြောင့် မိမိသည် အလွန်တရာ နောင်တရသောအသွင်ကို လိမ်လည်၍ ဆောင်နေမိသနည်း စသည်ဖြင့် ဒင်းမစ်ဒေး သည် သူ့ကိုယ်သူ ပြန်၍ စစ်ဆေးကြည့်နေမိပြန်လေသည်။ ယခင်က ဟက်စတာပရင်းနှင့် အတူတွဲ၍ အရှက်ခွဲခံရန် ဤစင်မြင့်ပေါ်သို့ မတက်ရဲဘဲနှင့် ယခုလို မှောင်မိုက်သော ညအခါကျမှ တိတ်တိတ်ပုန်း တယောက်တည်း လာ၍ လူမသိ သူမသိ ဤစင်မြင့်ပေါ်သို့ တက်နေရခြင်းမှာ မိမိကိုယ်ကို မိမိ စိတ်သက်သာရာ ရအောင် လိမ်လည်၍ နေခြင်းမျှသာ ဖြစ်သည်ဟု ဒင်းမစ်ဒေးသည် အလိုအလျောက် နားလည်၍ လာရပေသည်။ ဤလိမ်လည်မှုမှာ ကောင်းကင်ဘုံမှ တမန်များ ရှက်ကြောက်ဝမ်းနည်းစေသော လိမ်လည်မှု ဖြစ်နေလျက် သရဲ တစ္ဆေ သဘက်တို့က ရယ်မောလှောင်ပြောင်ကာ ဝမ်းသာနေကြမည့် လိမ်လည်မှုမျိုးမျှသာ ဖြစ်ပေသည်။ ဤနေရာသို့ ဒင်းမစ်ဒေး ရောက်လာရခြင်းမှာ ဝမ်းနည်းစိတ်၏ အပြင်းအထန် နှိပ်စက်ခြင်းကို မခံမရပ်နိုင်သဖြင့် သေပြေးရှင်ပြေး ရောက်၍ လာရခြင်း ဖြစ်လေသည်။

ဒင်းမစ်ဒေး၏ ရင်ထဲတွင် အကြောက်စိတ်နှင့် တွဲဖက်၍နေသော အခြားစိတ်တစိတ်မှာ သူရဲဘော ကြောင်ခြင်းပင် ဖြစ်ပေသည်။ ဒင်းမစ်ဒေးသည် ဝမ်းနည်းစိတ်နှင့် အခြားစိတ်တို့ကြောင့် မိမိကိုယ်ကို ရှုံ့ရှာစက်ဆုပ်၍ မဆုံးနိုင်အောင် ရှိသည်တွင် ကျမ်းစာပေါ စင်ပေါ်သို့ လည်းကောင်း၊ ဤစင်မြင့်ပေါ်သို့လည်းကောင်း ရောက်ရှိကာ ကိုယ့်အပြစ်ကို ကိုယ် ဖွင့်ဟ လိုသော်လည်း သူရဲဘောနည်းသည့် စိတ်က တံ့ကာ ဆွဲ၍ထားသဖြင့် အများသူငါ ကြားအောင် မိမိစိတ်တိုင်းကျ ဖွင့်ဟ ဝန်ခံနိုင်ခဲ့ခြင်း မရှိပေ။

ဒင်းမစ်ဒေးသည် အကယ်စင်စစ်အားဖြင့်ဆိုလျှင် အလွန်တရာ သနားဖွယ်ကောင်းသော သူတယောက် ဖြစ်၍နေပေသည်။ သူ၏ စိတ်မခိုင်မာမှုကြောင့် ဤကဲ့သို့သော ဒုက္ခမျိုးကို တွေ့၍ နေရခြင်းပင် ဖြစ်၏။ စင်စစ်အားဖြင့် မကောင်းမှု အပြစ်ကျူးလွန်ခြင်း ဆိုသည်မှာ စိတ်ဓာတ်ခိုင်မာသူတို့၏အဖို့သာလျှင် ဖြစ်ပေသည်။ စိတ်ဓာတ်ခိုင်မာသောသူတို့သည် မိမိတို့ အဘယ်သို့သော မကောင်းမှုကိုပင် ပြုမိစေကာမူ သူရဲဘောနည်းကာ ကြောက်ရွံ့ နောက်တွန့်ခြင်း မရှိ၊ ရှက်ကြောက်ခြင်း မရှိ။ မိမိကိုယ်ကို အပြစ်တင်သော ဝမ်းနည်းစိတ်မျိုးလည်း မရှိ။ စိတ်ဓာတ်ခိုင်မာသူတို့သည် အကယ်၍ မကောင်းမှု တခုခုကို ပြုမိငြားအံ့။ ယင်းကဲ့သို့ ပြုမိသော မကောင်းမှု၏ အပြစ်ဒဏ်များကို လုံးဝ မေ့လျော့၍လည်း ပစ်နိုင်ကြသည်။ သို့တည်းမဟုတ် ထိုမကောင်းမှုနှင့် ပတ်သက်၍ ကျရောက်လာသော အပြစ်ဒဏ်ကိုလည်း ရဲဝံ့စွာ ခံရဲကြသည်။ ဒင်းမစ်ဒေး၏အဖို့တွင်မူကား စိတ်ဓာတ် အင်အား ပျော့ညံ့သောသူပီပီ မကောင်းမှုကိုလည်း ကျူးလွန်မိခဲ့၏။ ကျူးလွန်မိသဖြင့် ကျရောက်လာသော အပြစ်ဒဏ်ကိုလည်း မခံဝံ့။ သို့သော် မိမိပြုခဲ့သော မကောင်းမှုကိုလည်း မေ့ဖျောက်၍ မရ။ သို့ဖြစ်လေရာ စိတ်ဓာတ်အင်အား ပျော့ညံ့လှသော ဒင်းမစ်ဒေးသည် မကောင်းမှုကိုလည်း မမေ့နိုင်၊ မကောင်းမှုနှင့် ပတ်သက်၍ ခံရမည်ဖြစ်သော အပြစ်ဒဏ်ကိုလည်း ရဲရဲဝံ့ဝံ့ မခံယူဝံ့။ ထို့ကြောင့် စိတ်သက်သာရာကို ရှာသောအားဖြင့် ထင်မိထင်ရာများကို ရောက်၍ လျှောက်၍ လုပ်ကာ နေတော့လေရာ ဒင်းမစ်ဒေး၏ စိတ်မှာ တလိမ်နှစ်လိမ် လိမ်ခါရှုပ်သည့် အမယ်ဘုတ်၏ သို့ချည်ခင်ကဲ့သို့ ရှင်းရန်၊ ထွင်ရန် ကြိုးစားတိုင်း ပို၍ ပို၍သာ ရှုပ်ထွေးလာလေတော့သည်။ ဘုရားသခင် အလိုတော်မကျသော ပြစ်မှုကို ကျူးလွန်မိသည့်အတွက် အသည်းထဲဝယ် နာကြည်း ဆွေးမြည့်၍နေကာ လုံးဝ အကျိုးမရှိသော နောင်တရမှုဖြင့်သာလျှင် ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်း နှိပ်စက်လျက် ရှိနေရရှာလေသည်။

ဒင်းမစ်ဒေးသည် စင်မြင့်ပေါ်၌ မတ်တတ်ရပ်၍ နေရင်း မိမိသည် ဟက်စတာပရင်းနှင့် အတူ ယှဉ်တွဲ၍ မြို့သူမြို့သားများရှေ့တွင် အရှက်ကွဲခြင်းကို မခံဝံ့တိုင်း မှောင်ထဲတွင် တယောက်တည်း လာ၍ မတ်တတ်ရပ်၍နေခြင်းမှာ အလွန်တရာ ရှက်ဖွယ်ကောင်းသည်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်၍ အပြစ်တင်မိ၏။ ထိုကြောင့်ပင် ဒင်းမစ်ဒေးသည် မိမိ၏ စိတ်ဓာတ် ပျော့ညံ့မှုအတွက် များစွာ ရှက်ကြောက် ဝမ်းနည်းခြင်းဖြစ်ကာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ မဆုံးနိုင်လောက်အောင်လည်း ရှိ၏။ "ငါ၏စိတ်ဓာတ်သည် အလွန်တရာ ပျော့ညံ့၍ ယောကျ်ား မပီသသော ဘဝပါတကား" ဟူ၍ ကိုယ့်ကိုယ်ကိုယ် ရွံရှာစက်ဆုပ်ခြင်း ပြင်းထန်စွာ ဖြစ်၍ နေလေတော့သည်။ မှောင်မိုက်ကြီးထဲတွင် တယောက်တည်း မည်သူမျှ မမြင်ဘဲ မတ်တတ်ရပ်၍ နေရသော်လည်း ဒင်းမစ်ဒေး၏အဖို့၌ စကြဝဠာ တသောင်းတိုက်လုံးက မိမိ၏ အသည်းနှလုံး ပေါ်တွင် ရှိသော ရင်ဘတ်တနေရာတွင်

ကြက်သွေးရောင် အရုက်ကွဲ အကွဲရာနီကြီး ရှိသည်ကို ဝိုင်းဝန်းကြည့်ရှုနေကြသည့်အလား ပြင်းထန်စွာ စိတ်တုန်လှုပ်ချောက်ချားလျက် ရှိနေပေသည်။ မိမိ၏ ရင်အုံပေါ်တွင် ငရဲမီးပမာ အတွင်းသို့ လှိုက်၍ စားနေသော ဝေဒနာသည် အစဉ်မပြတ် ဖြစ်ပွားလျက် ရှိနေ၏။ ထိုဝေဒနာသည် စင်မြင့်ပေါ်သို့ တက်၍ မတ်တတ်ရပ်လိုက်သည့် အခိုက်အတန့်ကလေးတွင် ပိုမို၍ အပြင်းအထန် ဖြစ်ပေါ်၍ လာလေတော့သည်။ ထို့ကြောင့် ဒင်းမစ်ဒေးသည် ရုတ်တရက် ယောင်ယမ်းကာ နာကျင်လွန်းလှသောကြောင့် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ငယ်သံပါအောင် ဟစ်အော်မိလိုက်လေသည်။

ငယ်သံပါအောင် အော်လိုက်သော ဒင်းမစ်ဒေး၏ အသံသည် ညဉ့်လေထဲတွင် ပျံ့ဝဲ၍ သွား၏။ အသံလှိုင်းသည် အိမ်တဆောင်မှ တဆောင်သို့ ပဲ့တင်ရိုက်ခတ်ပြီးလျှင် မြို့၏ အပြင်ဘက်တွင် ရှိသော တောင်ကုန်းများဆီသို့ ထိအောင် ပျံ့နှံ့၍ သွားလေတော့သည်။ ထိုအသံသည် အလွန်တရာ ကြေကွဲဖွယ်ရာ နာကျင်စွာ ဟစ်အော်လိုက်သော အသံဖြစ်သဖြင့် ထိုအသံမှာ စိတ်ဝေဒနာကို အပြင်းအထန် ခံစားနေရသည့် လူတယောက်၏ အသံဖြစ်ကာ၊ မကောင်းဆိုးဝါး မိစ္ဆာနတ်တို့က ထိုအသံကို ယူဆောင် ပြေးလွှား ကစားလျက် ပြောင်လှောင်ကြသည့်ပမာ ထင်မှတ်ရလေတော့သည်။

“ဒုက္ခပဲ… ဒုက္ခပဲ… ငါ မခံမရပ်နိုင်လွန်းလို့ အော်လိုက်တဲ့ အသံကို လူတိုင်း လူတိုင်း ကြားတော့မှာပဲ၊ တမြို့လုံး အိပ်ရာက နိုးပြီးတော့ ဟောဒီ စင်မြင့်ဆီကို ပြေးလာကြလိမ့်မယ်။ လာကြလို့ ရှိရင် ငါ့ကို ဒီစင်မြင့်ပေါ်မှာ တွေ့ကြတော့မယ်၊ သူတို့ရှေ့မှာ ငါ အရှက်ကွဲရတော့မယ်။ အရှက်ကွဲတာပဲ ကောင်းပါတယ်လေ၊ ငါ့အပြစ်နဲ့ ငါပဲ”

စသည်ဖြင့် ဒင်းမစ်ဒေးသည် သူ၏မျက်နှာကို သူ့လက်များနှင့် ဖုံးကွယ်ရင်း မချိမဆံ့ ညည်းညူ လိုက်လေသည်။

သို့သော် ဒင်းမစ်ဒေး ထင်မှတ်သည့်အတိုင်းကား ဖြစ်၍ မလာချေ။ ငယ်သံပါအောင် အော်လိုက်မိသော ဒင်းမစ်ဒေး၏အသံသည် သူ၏နားတွင်သာ အလွန်တရာ ကျယ်လောင်စွာ ကြားလိုက်ရသော်လည်း စင်စစ်အားဖြင့် များစွာ မကျယ်လောင်လှပေ။ မြို့ထဲ၌ လှုပ်လှုပ်ရွရွ ဖြစ်လျက် အိပ်ပျော်၍နေသူများသည် အားလုံးကုန် နိုးကြခြင်းလည်း မရှိ။ အကယ်၍ တစုံတယောက်သည် သူ၏အသံကို ကြားလိုက်သောကြောင့် အိပ်ပျော်နေရာမှ နိုးသည် ဖြစ်ငြားအံ့။ ထိုသူတို့သည် အိပ်မှုန်စုံမွှား ကြားလိုက်ရသည် ဖြစ်သောကြောင့် ထိုအသံမှာ ကြောက်မက်ဖွယ် အိပ်မက်ဆိုးတခုခုကို မြင်မက်၍နေသော လူတယောက်၏ အသံသာ ဖြစ်ပေလိမ့်မည်ဟု အထင် လွဲမှားကာ ပြန်လည်၍ အိပ်မောကျ၍ သွားကြမည်သာ ဖြစ်ပေသည်။ အချို့ အချို့သူတို့၏ အဖို့တွင်မူ ဤအသံမှာ စုန်းမများ၏အသံ၊

ငှက်ဆိုးများ၏ အသံသာ ဖြစ်ရမည်ဟု ယူဆလျက် ရှိကောင်း ရှိကြပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ် ထိုအခါက စုန်းမများနှင့် ငှက်ဆိုးများသည် ညအချိန်၌ လူနေအိမ်ခြေများအပေါ်သို့ အသံပြုကာ ဖြတ်သန်း၍ သွားလေ့ရှိကြသောကြောင့်ပင် ဖြစ်လေသည်။

ဒင်းမစ်ဒေးသည် မြို့သူမြို့သားများ မိမိ၏ အသံကြောင့် အိပ်ရာမှ နိုးကာ ပြေး၍ လာကြသည်ကို မတွေ့ရသောအခါ၌ မျက်နှာပေါ်တွင် အုပ်၍ ထားမိသော လက်များကို ဖယ်လိုက်ပြီးလျှင် မိမိ၏ ပတ်ဝန်းကျင်ကို လှည့်၍ ကြည့်လိုက်မိလေသည်။

လှမ်းမျှော်၍ ကြည့်လိုက်ရာတွင် ဒင်းမစ်ဒေးသည် မင်းကြီး ဘယ်လင်ဟမ်၏ အိမ်ပြတင်းပေါက် များကို သွား၍ မြင်မိလေသည်။ မင်းကြီး ဘယ်လင်ဟမ်၏ အိမ်ကြီးမှာ အတော်ပင် လှမ်းသော်လည်း ပြတင်းပေါက်တပေါက်၌ မင်းကြီးဘယ်လင်ဟမ်သည် မီးခွက်တခွက်ကို ကိုင်ကာ ပေါ်၍လာသည်ကို ဒင်းမစ်ဒေး မြင်ရလေသည်။ မင်းကြီးမှာ ခေါင်းပေါ်တွင် အဖြူရောင် ညဆောင်း ဦးထုပ်တလုံးကို ဆောင်း၍ထားလျက်၊ သူ၏ ကိုယ်တွင်လည်း ဖြူဖွေးသော ညဝတ် ဝတ်ရုံကြီးကို ဆင်ယင်၍ ထားလေသည်။ ရုတ်တရက်အားဖြင့်ဆိုလျှင် ထိုကဲ့သို့ အဖြူရောင် အဝတ်အစားများကို ဝတ်စားထားသည့် မင်းကြီးမှာ ဂူထဲမှ ရုတ်တရက် ထွက်၍လာသော တစ္ဆေသရဲ တကောင်ကဲ့သို့ ထင်ရပေသည်။ ဒင်းမစ်ဒေး၏ အသံသည် မင်းကြီးအား ထိတ်လန့် ကြောက်ရွံ့စေသည်မှာ ထင်ရှား၍ နေပေသည်။

မင်းကြီး ဘယ်လင်ဟမ်၏ အိမ်မှ အခြား ပြတင်းပေါက်တခု၌ မင်းကြီး၏ နှမဖြစ်သူ မစ္စဟစ်ဘင်း ကိုလည်း မီးခွက်တခွက်နှင့်အတူ မြင်ရပြန်လေသည်။ မစ္စဟစ်ဘင်းကို မြင်ရသော ပြတင်းပေါက် မှာ မင်းကြီးကို မြင်ရသော ပြတင်းပေါက်ထက် ပိုမို၍ ဝေးလေသည်။ သို့သော် ဒင်းမစ်ဒေးသည် မစ္စဟစ်ဘင်း၏ မျက်နှာ၌ မကျေနပ်သော အရိပ်အယောင်များ သမ်း၍ နေကြသည်ကို မြင်လိုက်မိလေသည်။ မစ္စဟစ်ဘင်းသည် တံခါးကြားထဲမှ ခေါင်းကိုထုတ်၍ ကောင်းကင်ဆီသို့ မော်၍ ကြည့်လိုက်၏။ ထိုမိန်းမကြီးသည် ဒင်းမစ်ဒေး၏ အသံကို ကြားလိုက်မည်မှာ မလွဲတမ်း ဧကန်ပင် ဖြစ်ပေသည်။ သို့သော် ဒင်းမစ်ဒေး၏ အသံနှင့်တကွ ပွဲတင်သံ အားလုံးကို ခြုံ၍ နားထောင်မိသူ မစ္စဟစ်ဘင်းသည် ထိုအသံများကို သရဲတစ္ဆေများ၊ စုန်းကဝေများ တောထဲသို့ တောက်စားရန် သွားကြသော အသံများ ဖြစ်သည်ဟု ယူဆဟန် ရှိလေသည်။ ထိုကြောင့်ပင် လည်း ဤကောင်းကင်ဆီသို့ မော်၍ ကြည့်လိုက်ခြင်း ဖြစ်လေသည်။

မင်းကြီး ဘယ်လင်ဟမ်၏လက်ထဲမှာ မီးရောင်ကို လှမ်း၍ မြင်လိုက်သောအခါတွင် မစ္စဟစ်ဘင်း သည် သူ့လက်ထဲတွင် ရှိသော မီးခွက်ကို

မှုတ်၍ ပစ်လိုက်လေရာ သူရပ်နေသော တံခါးဝမှာ မှောင်အတိ ကျ၍ မစ္စဟာစ်ဘင်း၏ သဏ္ဌာန်မှာ လုံးဝ ပျောက်ကွယ်၍ သွားလေတော့သည်။

မစ္စဟာစ်ဘင်းသည် ကဝေမကြီး ဖြစ်လေရာ ဤကဲ့သို့ မီးခွက်ကို မှုတ်လိုက်ပြီးသည်နောက် အခြားကဝေများနှင့်အတူ တောက်စားရန် တောထဲသို့ သွားဟန် တူပေသည်။ မစ္စတာ ဒင်းမစ်ဒေးသည် မစ္စဟာစ်ဘင်း၏သဏ္ဌာန်ကို နောက်ထပ်၍ မမြင်ရတော့ပေ။ မင်းကြီး ဘယ်လင်ဟမ်ကမူ မှောင်ထဲသို့ မီးခွက်ကို မြှောက်ကာ ကြည့်ရန် ကြိုးစားသေး၏။ သို့ရာတွင် ညဥ့်မှာ အလွန်တရာ မှောင်၍ နေသောကြောင့် ဘာမှ မမြင်ရသဖြင့် စိတ်ပျက်ကာ ပြတင်းပေါက်မှ ခွာ၍ သွားလေတော့သည်။

စိတ်တုန်လှုပ် ချောက်ချားနေသော မစ္စတာဒင်းမစ်ဒေးသည် တဖြည်းဖြည်းနှင့် စိတ်ငြိမ်သက်လာ ပြီးလျှင် သူ၏ ပတ်ဝန်းကျင်ကို ဆက်လက်၍ ကြည့်ရှုနေမိလေသည်။ လက်ဦးတွင် ဘာမျှ မမြင်ရချေ။ သို့သော် ခဏကြာသောအခါ၌ တစုံတယောက်သည် မီးတလက်လက်နှင့် အလွန်တရာ ဝေးကွာသော နေရာမှနေ၍ လမ်းအတိုင်း မိမိဆီသို့ ရွေးရှကာ လာ၍ နေသည်ကို တွေ့ရလေသည်။ မီးရောင်သည် တနေရာရာမှ စင်မြင့်ဆီသို့ကပ်၍ လာရာတွင် လမ်းတလျှောက်တွင် ရှိသော ဝင်းတိုင်များ၊ ပန်းခြံများ၊ သံဆန်ခါ ကာ၍ထားသော ပြတင်းပေါက်များ၊ ရေဘုံဘိုင်များ၊ ရေထည့်၍ထားသော ရေစည်များ၊ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသော အိမ်အဝင် တံခါးများ၊ တံခါးပေါက်များတွင် တပ်ဆင်ထားသည့် သံဖြင့် ပြုလုပ်ထားသာ တံခါးခေါက်သည့် သံကွင်းများ၊ လှေကားခုံ လုပ်၍ ထားသော သစ်လုံးများ အစရှိသည့် ပစ္စည်းများကို တခုပြီးတခု မှောင်ထဲတွင် ဖော်ပြလျက် နီးကပ်သည်ထက် နီးကပ်၍ လာလေသည်။

သင်းအုပ်ဆရာကလေး မစ္စတာဒင်းမစ်ဒေးသည် ဤကဲ့သို့ တခုပြီး တခု အသေးစိတ် ဆက်တိုက် မြင်၍နေရသော ပစ္စည်းများကို လိုက်လံ၍ ကြည့်ရှုနေမိ၏။ ထိုမီးရောင်ကလေး တဖြည်းဖြည်း နှင့် မိမိအနီးသို့ ကပ်၍ လာသည်မှာ မိမိ၏ တကယ့်အဖြစ်ကို အများသူငါ ကြားဖြစ်အောင် ဖွင့်ဟ၍ ပြရန် နီးကပ်၍လာခြင်း ဖြစ်သည်ဟု ယူဆနေမိလေသည်။

မီးရောင်သည် နီးကပ်သည်ထက် နီးကပ်၍ လာ၏။ များမကြာမီပင် မီးရောင်ကို မြင်ရသည်သာ မကသေး၊ မီးခွက်ကို ကိုင်ဆောင်လာသူ၏ ခြေသံကိုပင် ကြားရစ ပြုလေသည်။ ခဏမျှကြာသော အခါတွင် ထိုမီးရောင်နှင့်တကွ မီးခွက်ကို ကိုင်ဆောင်လာသော သူတို့သည် အပြစ်ဒဏ် ခံရရာ ဖြစ်သော ဤစင်မြင့်ပေါ်၌ မိမိရပ်နေသည်ကို တွေ့မြင်ကာ မိမိ ကျူးလွန်မိခဲ့သော မကောင်းမှုကြီး၏ အကြောင်းကို သိရှိလေတော့မည်ဟု ဒင်းမစ်ဒေး ထင်မှတ်လျက် နေလေသည်။

မီးရောင်သည် ပို၍ ပို၍သာ နီးကပ်၍ လာ၏။ နီးကပ်သည်ထက် နီးကပ်၍ လာသောအခါ၌ ထိုမီးခွက်၏ အလင်းရောင်ဖြင့် မီးခွက်ကို ကိုင်ဆောင်လာသူမှာ အခြားသူ မဟုတ်၊ မိမိနှင့် ခရစ်ယာန်သာသနာပြုဆိုင်ရာ တာဝန်ကို အတူတကွ ထမ်းဆောင်နေသူ၊ သို့တည်းမဟုတ် ခရစ်ယာန် သာသနာပြုလုပ်ငန်းတွင် မိမိအား ဖခင်သဖွယ် စောင့်ရှောက်၍ လာခဲ့သူ၊ အလွန်တရာ ရင်းနှီးသော မိတ်ဆွေတဦးဖြစ်သည့် ဂိုဏ်းအုပ် ဆရာကြီး ဝီလဆင် ဖြစ်သည်ကို ဒင်းမစ်ဒေး တွေ့ရလေသည်။ မစ္စတာ ဝီလဆင်၏ အဝတ်အစားကို ကြည့်ခြင်းအားဖြင့် ဂိုဏ်းအုပ်ဆရာကြီး ဝီလဆင်သည် ဘဝတပါးသို့ ပြောင်းရွှေ့သွားခါနီးဖြစ်သော တစုံတယောက် ၏ အိပ်ရာနံဘေးမှ ထွက်ခွာ၍ ပြန်လာခဲ့သည်ကို ဒင်းမစ်ဒေး သိရှိရိပ်မိရလေသည်။ ဒင်းမစ်ဒေး ထင်မှတ်သည့်အတိုင်းပင် မှန်ကန်လှ၏။ ဂိုဏ်းအုပ်ဆရာကြီးသည် မင်းကြီး ဝင်းသရော့(ပ်) သေဆုံးသည့်နေရာမှ နောက်ဆုံး ဆုတောင်းကို ပေးပြီးနောက် ထွက်ခွာ၍ လာခြင်းပင် ဖြစ်လေသည်။ မင်းကြီး ဝင်းသရော့(ပ်) သေဆုံးသည်မှာ လွန်ခဲ့သော တနာရီအတွင်းမှပင် ဖြစ်လေသည်။

ဂိုဏ်းအုပ်ဆရာကြီး မစ္စတာဝီလဆင်သည် ဒင်းမစ်ဒေး ရပ်၍နေသော စင်မြင့်အနီးမှ ကပ်၍ လျှောက်သွား၏။ ညလေအေးကြောင့် အအေးဓာတ်ကို ခံနိုင်စေရန် သူ၏ ဝတ်ရုံကြီးကို သူ့ကိုယ် လုံခြုံအောင် လက်တဖက်ဖြင့် ဆွဲစေ့ထားပြီးလျှင် မီးအိမ်ကို အခြားလက်တဖက်ဖြင့် သူ၏ရှေ့တွင် ကိုင်ဆောင်လာလေသည်။ ယင်းကဲ့သို့ နီးကပ်စွာ လျှောက်၍သွားသောအခါ၌ ဒင်းမစ်ဒေးသည် မစ္စတာ ဂျွန်ဝီလဆင်အား စကားလှမ်း၍ ပြောလိုက်ချင်သော စိတ်ဆန္ဒများ အပြင်းအထန် ပေါ်ပေါက်၍ လာပေတော့သည်။

"ကျန်းမာတော်မူပါစ ဆရာကြီး ဝီလဆင် ခင်ဗျာ၊ ဟောဒီစင်မြင့်ပေါ်ကို တက်ပြီး ကျွန်တော်နဲ့ အတူတူ စကားစမြည်လေးများ ပြောပြပါဦးလား ခင်ဗျာ"

ဒင်းမစ်ဒေးသည် မစ္စတာ ဂျွန်ဝီလဆင်အား လှမ်း၍ စကားပြောလိုက်၏။ ထိုစကားလုံးများသည် သူ့နှုတ်ဖျားမှ လွတ်ထွက်၍ သွားကြသည်ဟု ဒင်းမစ်ဒေး ထင်မိလေသည်။ သို့သော် ထိုစကားလုံးများသည် တကယ်စင်စစ်တွင် သူ့ပါးစပ်မှ မထွက်ဘဲ လည်ချောင်းအတွင်း၌သာလျှင် ပျောက်ကွယ်၍ သွားကြလေတော့သည်။ မစ္စတာဝီလဆင်သည် စင်မြင့်ပေါ်၌ ဒင်းမစ်ဒေး ရှိ၍ နေသည်ဟု လုံးဝ သတိမထားမိဘဲ တုံ့နှေးသော ခြေလှမ်းများဖြင့် မီးအိမ်ကို မြှောက်ကာ မြှောက်ကာ ရှုံ့နှံ့ထူထပ်သော လူသွားလမ်းကလေးကို အသေအချာကြည့်၍ လျှောက်မြဲတိုင်း လျှောက်၍ သွားလေသည်။ ဒင်းမစ်ဒေး ရှိရာ စင်မြင့်ဆီသို့ တခါမျှ ပြန်၍ မကြည့်ပေ။ မစ္စတာ ဂျွန်ဝီလဆင်၏ မီးအိမ်မှ အလင်းရောင်မှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေတော့သည်။ ထိုအခါတွင်မှ ဒင်းမစ်ဒေးသည် သက်ပြင်းကြီး ချနိုင်လေတော့သည်။

"မစ္စတာ ဂျွန်ဝီလဆင် ငါ့ကိုများ မြင်သွားလေမလား" ဟူသော ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် ဒင်းမစ်ဒေးမှာ သတိလစ်ဟင်းမတတ် ကြုံကြိုက်လိုက်ရ၏။ သို့သော် သူ့စိတ်ဆန္ဒတွင်မူ မစ္စတာ ဂျွန်ဝီလဆင်အား လှမ်း၍ ခေါ်ကာ သရော်ပြောင်လှောင်လိုက်ချင်သော အတွေးကလေးတခု ကိန်းအောင်း၍ နေရပေသည်။

အတန်ငယ် ကြာသောအခါ ဒင်းမစ်ဒေးသည် ရယ်ချင်စိတ် ပေါ်၍ လာပြန်၏။ ထိုရယ်ချင်သော စိတ်မှာကား အခြား မဟုတ်။ ညလေသည် အလွန်တရာ အေးမြလျက် ရှိ၏။ ထိုမျှ အေးမြသော လေထဲတွင် တခါမျှ အချိန်ကြာမြင့်စွာ မနေဖူးခဲ့သဖြင့် မိမိ အအေးပတ်ကာ တကိုယ်လုံးတွင် အကြောအခြင်များ တောင့်တင်း၍ နေပြီးလျှင် ဤစင်မြင့်ပေါ်မှ ပြန်၍ ဆင်းမှ ဆင်းနိုင်ပါဦး မလားဟု တွေးတောကာ ရယ်ချင်သောစိတ်ပင် ဖြစ်လေသည်။ အကယ်၍သာ မိမိသည် ခြေထောက်များ သွေးတောင့်၍ စင်မြင့်ပေါ်တွင် ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ရပ်၍ နေရပါက အရုဏ်ကျင်း၍ အလင်းရောက်သောအခါတွင် မြို့သူမြို့သားအပေါင်းတို့သည် မိမိအား တွေ့မြင်ကြရမည်ဖြစ်ရာ ထိုအခြေအနေသည် အတော်ပင် ခွကျသော အခြေအနေပင် ဖြစ်ပေလိမ့်မည်ဟု တွေးတောကာ ဒင်းမစ်ဒေး ရယ်ချင်စိတ် ပေါက်၍ လာရပေသည်။

မိမိ ဤကဲ့သို့ မလှုပ်မရှားနိုင်ဘဲ ဆက်လက်၍ ရပ်နေစဉ်တွင် အကယ်၍သာ အိပ်ရာမှ နိုးသူတဦးဦးသည် ဤစင်မြင့်ဆီသို့ လာပြီဟု ဆိုပါစို့။ ထိုသူသည် အရုဏ်ဦး၏ အလင်းရောင် ခပ်မှေးမှေးတွင် စင်မြင့်ပေါ်၌ ရပ်၍နေသော မိမိ၏သဏ္ဌာန်ကို ဝိုးတိုးဝါးတားမျှ မြင်ရပေလိမ့် မည်။ ထိုအခါ၌ ၎င်းသူသည် အံ့သြလည်း အံ့သြ၊ ကြောက်ရွံ့လည်း ကြောက်ရွံ့ကာ ဤသဏ္ဌာန် သည် တစ္ဆေတကောင်၏ သဏ္ဌာန် ဖြစ်ရမည်ဟု ယူဆပေလိမ့်မည်။ သို့ ယူဆပြီးလျှင် ထိုသူသည် အိမ်တကာ့ အိမ်ပေါက်စေ့အောင် လိုက်လံ၍ တစ္ဆေကို သူမြင်ပါသည်ဟု ပြောကာ လူအများကို နှိုးလေတော့မည်။ "တစ္ဆေကို ကြည့်လိုလျှင် လာကြပါ" ဟူ၍ ခေါ်လေတော့မည်။ ထိုအခါတွင် တမြို့လုံး အုတ်အုတ်သဲသဲဖြစ်၍ လူအများသည် စင်မြင့်ရှိရာသို့ ဝိုင်းအုံ၍ လာကြပေတော့မည်။ လူအများ စုရုံးလာသောအချိန်၌ နေရောင်သည် လင်းသည်ထက် လင်း၍ လာပေလိမ့်မည်။ မကြာမီပင် ညအိပ် အဝတ်အစား ဖိုးရိုးဖားရားနှင့် သူကောင်းသား သူကောင်းသမီး အရွယ် အမျိုးမျိုးတို့သည် စင်မြင့်ဘေးသို့ ဝိုင်းအုံ၍ လာကြပေလိမ့်မည်။ အဝတ်အစား သပ်သပ်ရပ်ရပ် ထုံးစံနှင့်အညီ ဝတ်ဆင်ပြီးမှသာလျှင် လူမြင်ကွင်းသို့ ထွက်လာလေ့ရှိသော မြို့သူမြို့သားတို့ သည် ညအဝတ်အစား ဖိုးရိုးဖားရားနှင့် ထွက်လာကြမည်မှာ ရယ်ရွှင်ဖွယ်ရာအတိပင် ဖြစ်၍ နေပေလိမ့်မည်။ မင်းကြီး ဘယ်လင်ဟမ်သည် သူ၏ အဆောင်အယောင် အဝတ်အစားများ မပါဘဲ

သုတ်သီးသုတ်ပျာ ရောက်လာပြီးလျှင်၊ မစ္စဟစ်ဘင်းသည်လည်း တောထဲတွင် စုန်းတောက်စား၍နေရာက သူ့ကိုယ်တွင် ဖုန် အလိမ်းလိမ်း၊ သစ်ရွက်ခြောက် အလိမ်းလိမ်းနှင့် ရောက်လာကောင်း လာပေလိမ့်မည်။ ဂိုဏ်းအုပ်ဆရာကြီး မစ္စတာ ဂျွန်ဝီလဆင်သည် အိပ်ရေးပျက်၍ ဟောက်ပက်ဖြစ်၍နေသော မျက်နှာဖြင့် ရောက်လာပေလိမ့်မည် စသည်ဖြင့် ဒင်းမစ်ဒေးသည် အိပ်ရာမှနိုးကာ ရောက်၍ လာကြမည့် လူအုပ်ကို မှန်းမျှော်၍ ကြည့်ကာ ရယ်ချင်စိတ် ပေါက်၍ နေလေသည်။

ထိုနောက် မစ္စတာ ဒင်းမစ်ဒေးသည် မိမိ ကျမ်းစာဟောရသော အသင်းစုထဲတွင် ပါဝင်ကြသည့် ခရစ်ယာန် ဘာသာရေး အရာရှိများ၊ မိမိအား အလွန်တရာ လေးစားလွန်၍ နေကြသော အပျိုစင်ကလေးများ၊ အဝတ်အစား ဖိုးရိုးဖားရားနှင့် လာရောက်ကြမည့် ပုံများကိုလည်း တွေးတောကာ ရယ်ချင်ပြန်လေသည်။ လူအားလုံးတို့သည် ဖိနပ်ကိုမျှ မစီးနိုင်ဘဲ ကတိုက်ကရိုက်ကြီး လာရောက်ကြကာ စင်မြင့်ပတ်လည်မှ နေ၍ မိမိအား မော်၍ ကြည့်ကြသောအခါ၌ သူတို့၏ မျက်နှာတွင် အံ့သြခြင်း၊ ထိတ်လန့် တုန်လှုပ်ခြင်း၊ မယုံကြည်နိုင်ခြင်း စသော စိတ်တို့၏ အရိပ်အယောင်များ မည်မျှဖုံးလွှမ်း၍ နေမည်ကိုလည်း ဒင်းမစ်ဒေး တွေး၍ နေမိ၏။ ထိုသူတို့ စင်မြင့်ပေါ်၌ မြင်ရမည့်သူမှာကား အခြားသူ မဟုတ်။ သူတို့၏ လေးစားခြင်းကို ခံယူရသော သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသာလျှင် ဖြစ်ချေလိမ့်မည်။ သူတို့၏ သင်းအုပ်ဆရာကလေး သည် အအေးဓာတ်ကြောင့် တကိုယ်လုံး တောင့်တင်း၍နေကာ ဟက်စတာပရင်း ရပ်ခဲ့သော နေရာတွင် ရှက်ကြောက်ဖွယ်ရာ ရပ်၍ နေသည်ကို တွေ့ကြရပေလိမ့်မည်။

ဒင်းမစ်ဒေးသည် ဟက်ဟက်ပက်ပက် ရယ်မော၍ နေလေတော့သည်။ သူ၏ ရယ်သံ ဆုံး၍ သွားသည်နှင့် တပြိုင်နက်တည်း ရယ်သံတသံသည် ပေါ်လာ၏။ ထိုရယ်သံမှာ ပဲ့တင်ပြန်၍ လာသော သူ၏အသံ မဟုတ်ဘဲ အလွန်တရာ ချိုလွင်လှသော ကလေးငယ်တယောက်၏ ရယ်သံပင် ဖြစ်လေတော့သည်။ ထိုရယ်သံကို ကြားလိုက်ရသောအခါတွင် ဒင်းမစ်ဒေး၏ အသည်းနှလုံးတို့သည် ဆွေ့ဆွေ့ခုန်၍ သွားကြလေတော့သည်။ စိတ်ချမ်းသာသွားသောကြောင့် တုန်လှုပ်လေသလော၊ သို့တည်းမဟုတ် အသည်းနှလုံး ကွဲအံ့ဘိသကဲ့သို့ နာကျင်သွားသဖြင့် တုန်လှုပ်လေသလော၊ မည်သို့ဖြစ်သည်ဟူ၍ကား ဒင်းမစ်ဒေး ခွဲခြား၍ မပြောတတ်။ သို့သော် ဒင်းမစ်ဒေးသည် နောက်ထပ်၍ ပေါ်လာသော ရယ်သံပိုင်ရှင်မှာ အခြားသူ မဟုတ်၊ ပုလဲကလေး ကိုယ်တိုင်ပင် ဖြစ်သည်ဟု ချက်ချင်း မှတ်မိလိုက်လေသည်။

ခဏမျှ ငြိမ်သက်၍ နေမိပြီးလျှင် "ပုလဲ... ပုလဲကလေး" ဟု ဒင်းမစ်ဒေး အော်၍ ခေါ်လိုက်မိ၏။ ထို့နောက် သူ၏ အသံကို နှိမ့်လိုက်ပြီးလျှင် "ဟက်စတာ...

ဟက်စတာပရင်း၊ မင်းကော ပါလာသလား” ဟု မေးနေမိပြန်လေသည်။

ထိုအခါတွင် ဟက်စတာပရင်းသည် အလွန်တရာ အံ့ဩသော အသံဖြင့် “ဟုတ်ကဲ့၊ ကျွန်မ ပါ ပါတယ်။ ကျွန်မ ဟက်စတာပရင်းပါပဲ” ဟု ပြန်၍ ပြောလိုက်လေသည်။ ထိုပြောသံကို ကြားရပြီးသည့်နောက်တွင် ဒင်းမစ်ဒေးသည် ဟက်စတာပရင်း၏ ခြေသံများ စင်မြင့်ဘေးရှိ လမ်းကလေးမှ နေ၍ မိမိ တက်၍ရပ်နေရာ စင်မြင့်ဆီသို့ လျှောက်လာသည်ကို ကြားရပေသည်။

“ဟုတ်ပါတယ်ရှင်၊ ကျွန်မနဲ့ ကျွန်မသမီးကလေး ပုလဲတို့ပါပဲ”

“အခု မင်း ဘယ်ကလာတာလဲ ဟက်စတာပရင်း... ဟင်၊ မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ”

ထိုကဲ့သို့ ဒင်းမစ်ဒေးက မေးလိုက်သောအခါတွင် ဟက်စတာ ပရင်းက “ကျွန်မ အခုပဲ အသုဘအိမ်က ပြန်လာတယ်လေ၊ မင်းကြီး ဝင်းသရော့(ပ်) အနိစ္စရောက်တဲ့ ဥစ္စာကို သွားပြီး လူသေဝတ်ဖို့ ဝတ်စုံအတွက် အတိုင်းအထွာတွေ ယူရတယ်။ ကျွန်မ ခု အိမ်ပြန်တော့မလို့” ဟု ဖြေလိုက်လေသည်။

ဒင်းမစ်ဒေးသည် ခဏမျှ ငြိမ်သက်နေပြီးမှ-

“ဒီပေါ်ကို လာပါဦး ဟက်စတာပရင်းရယ်၊ ပုလဲကိုပါ ခေါ်ခဲ့ပါ။ မင်းနဲ့ ပုလဲကလေးဟာ အရင် တခါတုန်းက ဒီစင်မြင့်ပေါ်မှာ ရပ်ခဲ့ကြဖူးတယ် မဟုတ်လား။ ကဲကွယ် အခု တခါလည်း လာပါဦး တို့ ... သုံးယောက် အတူတူ ရပ်ကြရအောင်” ဟု ခေါ်လိုက်လေသည်။

ဟက်စတာပရင်းသည် စင်မြင့် လှေကားကလေးကို အသံမမြည်အောင် တက်၍ လာပြီးလျှင် ပုလဲကိုလက်တွဲ၍ ဒင်းမစ်ဒေး၏အနီးတွင် ရပ်လိုက်၏။ ဒင်းမစ်ဒေးသည် အနီးသို့ ရောက်၍ လာသော ပုလဲကလေး၏ ကျန်လက်တဖက်ကို ဆွဲကိုင်လိုက်လေသည်။ ထိုကဲ့သို့ ဆွဲကိုင်လိုက် သည့် ခဏ၌ ဒင်းမစ်ဒေးသည် တကိုယ်လုံး သွက်သွက်ခါအောင် တုန်လှုပ်သွား၏။ ကြက်သီးလုံးကြီးသည်လည်း တကိုယ်လုံးကို ဖုံးလွှမ်း၍ ဖျန်းသွားလေသည်မှာ ဒင်းမစ်ဒေး၏ အူအသည်းတို့သည် ပြောင်းပြန်လန်၍ သွားလေသလောဟုပင် ထင်မှတ်ရလေသည်။

သူ၏ စိတ်ထဲ၌ လုံခြုံမှု တမျိုးကို ရ၍ နေပေသည်။ သူတို့ သုံးဦးသားတို့၏ ဝိညာဉ်များသည် ဝိညာဉ်တခုတည်း အဖြစ်သို့ ပေါင်းစပ်၍ သွားသည့်အလား ဒင်းမစ်ဒေး ခံစား၍ နေရပေသည်။

“သင်းအုပ်ဆရာ...” ဟု လေသံအေးအေးဖြင့် ပုလဲကလေးကခေါ်လိုက်၏။

“ဘာတုံး … ကလေးရယ်” ဟု ဒင်းမစ်ဒေးက ပြန်၍ မေးလိုက်လေသည်။

သို့ မေးလိုက်သောအခါတွင် ပုလဲကလေးက-

“နက်ဖြန်ခါ မွန်းတည့်အချိန် ရောက်လာလို့ရှိရင် မေမေနဲ့ ကျွန်မတို့နဲ့ အတူတူ သင်းအုပ် ဆရာကလေးပါ ဒီစင်မြင့်ပေါ် လာပြီး မတ်တတ်ရပ်ပါလား ဟင်”

ဟု မေးလိုက်ရာ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးက-

“မရပ်ဘူးကွယ်… ငါ မရပ်နိုင်ပါဘူး။ ဒါပေမဲ့ တနေ့ကျရင်တော့ မင်းမေမေရယ်၊ မင်းရယ် ငါရယ် … သုံးဦးသားဟာ ဒီစင်မြင့်ပေါ်မှာ အတူတူတွဲပြီး ရပ်ရမှာ သေချာပါတယ်။ နက်ဖြန်တော့ မဟုတ်သေးဘူး” ဟု ဖြေလိုက်လေသည်။

ဤအခိုက်အတန့်ကလေးတွင်ပင် ဒင်းမစ်ဒေးသည် မိမိ၏ ဖြစ်ရပ်အစစ်အမှန်ကို မြို့သူမြို့သား တို့ သိရှိသွားမည်ကို မကြောက်တော့ပေ။ ဟက်စတာပရင်းတို့ သားအမိနှင့်အတူ ယှဉ်တွဲ၍ ရပ်နေရခြင်းသည် ပင်လျှင် ဒင်းမစ်ဒေး၏အဖို့၌ အားသစ်လောင်း၍ ပေးလိုက်ဘိသကဲ့သို့ ဖြစ်၍ နေရပေသည်။ ပုလဲကလေးသည် ရယ်လိုက်ပြီးနောက် သူ့လက်ကလေးကို ဒင်းမစ်ဒေး၏ လက်ထဲမှ ဆွဲထုတ်ရန် ကြိုးစားနေ၏။ သို့သော် ဒင်းမစ်ဒေးက လွှတ်၍ မပေးပေ။ ပါးစပ်မှလည်း-

“ခဏလောက် ကိုင်ထားပါရစေဦးကွယ်” ဟု ပြောလိုက်၏။

“ကျွန်မလက်ကို ကိုင်ထားချင်လို့ ရှိရင် နက်ဖြန်ခါ မွန်းတည့်ချိန်ကျတော့ မေမေ့လက်ကိုရော၊ ကျွန်မလက်ကိုရော တွဲပြီးတော့ ဒီစင်မြင့်ပေါ်မှာ ရပ်ပြမယ်လို့ ကတိပေးလေ” ဟု တောင်းဆိုလိုက်ရာ -

“နက်ဖြန်တော့ မဟုတ်ဘူးကွယ်၊ တနေ့ကျရင် ရပ်ပြပါ့မယ်” ဟု ဒင်းမစ်ဒေးက ဆိုလိုက်လေသည်။

“ဒါဖြင့် ဘယ်နေ့လဲ” ဟု ပုလဲက ဆက်လက်၍ မေးပြန်၏။

“ဘုရားသခင်က ဆုံးဖြတ်မယ့်နေ့ကြီးကျတော့ အတူတူ ရပ်မှာပေါ့ကွယ်။ အဲဒီနေ့ကျလို့ရှိရင် ဘုရားသခင်ရဲ့ရှေ့မှောက်မှာ မင်းအမေရယ်၊ မင်းရယ်၊ ပြီးတော့ကာ ငါရယ်… အတူတူ လက်တွဲရပ်ပြီး အစစ်အဆေး ခံကြရလိမ့်မယ်။ ဒါပေမဲ့ တို့ အခုလို တွေ့ဆုံကြတာကိုတော့ အခု နေထွက်လာတဲ့အခါမှာ ဘယ်သူမှ မြင်ဖို့ မသင့်သေးဘူးကွယ်” ဟု ဆိုလိုက်လေသည်။

ဒင်းမစ်ဒေးသည် မိမိပြောသော စကားကို မိမိ တကယ်ပင် ယုံကြည်လျက် ရှိ၏။ ဘုရားသခင် အလွန် လေးစားသူပီပီ ဒင်းမစ်ဒေးသည် တနေ့၌ မိမိတို့ သုံးဦးမှာ

ဘုရားသခင်၏ တရားစီရင် ဆုံးဖြတ်ခြင်းကို ခံရလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားခြင်း ဖြစ်လေသည်။

ပုလဲကလေးသည် အသံထွက်ကာ ရယ်လိုက်ပြန်လေသည်။

ဒင်းမစ်ဒေး ဘာကိုမှ ပြန်၍ မပြောနိုင်မီပင် တိမ်ဖုံး၍ နေသော ကောင်းကင်ပြင် တနေရာဝယ် ကြယ်ကြွေ၍ ကျသွားသည်ကို မြင်လိုက်လေသည်။ ကြယ်ကြွေသည်မှာ ရုတ်တရက်အားဖြင့် ဆိုလျှင် လျှပ်ပြက်လိုက်သလို အလွန်တရာပင် လင်းကျင်း၍ သွားသောကြောင့် ကမ္ဘာမြေပြင်နှင့် ကောင်းကင်တို့၏ အကြားရှိ တိမ်လွှာများကိုပင် အတိုင်းသား မြင်ရလောက်ပေသည်။ ကောင်းကင်ဘုံဗိမာန်ကြီးသည် မီးလင်းစွာ ထွန်း၍ထားသော အုတ်ဂူတခု၏ အမိုးကဲ့သို့ ရုတ်တရက် ထိန်လင်း၍သွား၏။ ထိုကြောင့်ပင် လမ်းတလျှောက်တွင် ရှိသော အိမ်များကိုလည်း မြင်လိုက်ကြရလေသည်။ သစ်သားဖြင့် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်များနှင့်တကွ လသာဆောင်များ၊ လှေကားများ၊ တံခါးပေါက်များ၊ အိမ်ဘေးတွင် ပေါက်လျက်ရှိသော မြက်ပင်များ၊ ပန်းခင်းများလှန်၍ထားသော မြေသစ်များ ဈေးနေရာ တဝိုက်တွင်ရှိသော သစ်ပင်များကို အထင်းသား မြင်လိုက်ရလေသည်။ ယင်းကဲ့သို့ လင်းကျင်း၍ နေသော အခိုက်အတန့်ကလေး၌ ဒင်းမစ်ဒေးသည် သူ၏ရင်အုံကို လက်နှင့်ဖိကာ စင်မြင့်ပေါ်၌ ရပ်လျက်ရှိ၏။ ဟက်စတာပရင်းသည်လည်း အနီရောင် “အေ” အက္ခရာကြီးကို ရင်ဝယ်တွင် ဆင်မြန်းကာ စင်မြင့်ပေါ်၌ ရပ်လျက်ရှိနေ၏။ ပုလဲကလေးသည် သူတို့နှစ်ဦး ဆက်သွယ်၍ ထားသော ကွင်းဆက်တခုပမာ နှစ်ယောက်ကြားတွင် တည်ရှိ၍ နေပေသည်။ ကြယ်ကြွေသော အလင်းရောင်သည် သူတို့အား ဤကဲ့သို့ ထင်းထင်းကြီး ပေါ်လွင်စေသည်မှာ သူတို့၏ လျှို့ဝှက်ချက်များကို ကမ္ဘာသူ ကမ္ဘာသားတို့ မကြာမီ ထင်ထင်ရှားရှားကြီး တွေ့ရတော့မည့် ဥပမာကို ဆောင်သည့်အလား ဖြစ်၍ သွားလေတော့သည်။

ပုလဲကလေး၏ မျက်လုံးများသည် ရီဝေ၍ နေကြ၏။ မစ္စတာ ဒင်းမစ်ဒေးအား မော်၍ ကြည့်လိုက်ရင်း သူ၏ နှုတ်ခမ်းကလေးများမှာ ပြုံးရောင်များ သမ်း၍နေပေသည်။ ပုလဲသည် သူ၏လက်ကို မစ္စတာ ဒင်းမစ်ဒေး၏ လက်ထဲမှ ဆွဲ၍ နုတ်ယူလိုက်ပြီးလျှင် လမ်းဆီသို့ လက်ညှိုးညွှန်၍ ပြလိုက်၏။ သို့သော် ပုလဲညွှန်ပြရာသို့ မစ္စတာဒင်းမစ်ဒေး မကြည့်ပေ။ လက်နှစ်ဖက်ကို ယှက်၍သာ ရင်အုံတွင် အပ်လျက် ကောင်းကင်ဆီသို့ မော့ကြည့်ရင်း လက်အုပ်ချီလိုက်လေသည်။

ကြယ်ကြွေပုံများနှင့် ပတ်သက်၍ ထိုခေတ် ထိုအခါက နယ်သစ် ပယ်သစ် ဖွင့်သူတို့ အမျိုးမျိုး ကောက်ချက်ဆွဲကြလေ့ ရှိပေသည်။ ကြယ်ကြွေရာ၌ လှံသဏ္ဍာန်၊ ဓားလွတ်သဏ္ဍာန်၊ လေးကိုင်း သဏ္ဍာန်၊ မြားထောင့် သဏ္ဍာန် စသည်တို့ ဖြစ်ပေါ်လာပါက များမကြာမီ လူရိုင်းနီတို့နှင့် တိုက်ပွဲ

ဆင်နွဲကြရလိမ့်မည်ဟု အတိတ်ကောက်လေ့ ရှိကြပေသည်။ ကြယ်ကြွေရာတွင် နီရဲသော အရောင်တို့သည် ဆန်ပန်းပေါက်ပေါက် ကြီဘိသည့်အလား တဖွားဖွားကြွေ၍ ကျသည်ကို တွေ့မြင်ရပါမူ များမကြာမီ ကပ်ရောဂါတခုခု ကျရောက်လိမ့်မည်ဟု အတိတ်ကောက်ကြလေ သည်။ ထိုခေတ် ထိုအခါက ဤဘော်စတွန်မြို့ကလေး၌ တစုံတခု အကြီးအကျယ် ဖြစ်ပွားတော့မည်ဆိုလျှင် ကောင်းကင်မှ အရိပ်အခြည်တို့ ပြစမြဲ ဖြစ်ပေသည်။ သို့ရာတွင် ထိုကဲ့သို့သော အရိပ်အခြည်ကြီးတို့ကို တမြို့လုံး မြင်ကြရသည် မဟုတ်။ နေဝင်ချိန်မှ နေထွက်ချိန်အတွင်း၌သာလျှင် ဤကဲ့သို့သော အရိပ်အခြည်မျိုးတို့ ဖြစ်ပေါ်လေ့ရှိပေရာ မြင်လိုက်ရသူ တဦးတလေ၏ စကားကို အတည်ပြုကာ ယုံကြည်ကြရခြင်း ဖြစ်လေသည်။

မြို့ပြပြည်ရွာတို့၏ ကံကြမ္မာကို ဤကဲ့သို့ ကောင်းကင်ဘုံမှ အရိပ်အခြည် ပြခြင်းအားဖြင့် ကြိုတင်၍ သိမြင်နိုင်ပေသည်ဟူသော အယူအဆမှာ တနည်းအားဖြင့် ဆိုရလျှင် အလွန်တရာ ဆန်းကြယ်လှပေသည်။ စိတ်ကူးယဉ်သည်ဟုလည်း ဆိုနိုင်လေသည်။ ရှေးအခါက လူတို့၏အဖို့၌ ဤ အယူအဆတို့သည် အလွန်တရာပင် ခေတ်စားခဲ့၏။ မိမိတို့သည် ကောင်းကင်ဘုံရှိ တန်ခိုးတော်ရှင် တဦးက စီမံဖန်တီးရာကို လိုက်နာ နေကြရရာ ထိုတန်ခိုးရှင်သည် တစုံတခုကို အကြီးအကျယ် စီမံတော့မည်ဟု အကြံရှိတိုင်း ကြိုတင်၍ ကောင်းကင်ဘုံမှ အရိပ်အခြည် ပြသည်ဟု ယုံကြည်လျက် ရှိခဲ့ကြပေသည်။ ယခုအကြိမ် ကြယ်ကြွေသည်ကို မြင်လိုက်ရသူ ဒင်းမစ်ဒေးသည် ယင်းသည့် ကြယ်ကြွေခြင်းမှာ မိမိ၏အသည်းနှလုံးတွင်းတွင် လျှို့ဝှက်၍ ထားအပ်သော ကိစ္စများကို တနေ့လျှင် ကောင်းကင်ဘုံရှိ တန်ခိုးရှင်က ထုတ်ဖော်၍ အများသူငါ ကြားရအောင် စီမံဖန်တီးတော်မူလိမ့်မည်ဟု အတိတ်ကောက်ယူလိုက်မိလေသည်။

ယင်းကဲ့သို့ အတိတ်ကောက်လိုက်မိသော ဒင်းမစ်ဒေးသည် အရဏ် တဖြည်းဖြည်း တက်၍ လာနေသော အရှေ့ကောင်းကင်ပြင်သို့ စူးစူးစိုက်စိုက်ကြီး ကြည့်၍နေလေရာ သူ၏ မျက်လုံးများတွင် ကြီးမားလှသော “အေ” အက္ခရာ ပုံသဏ္ဌာန် အနီကြီးတခုသည် အရှေ့ကောင်းကင်ဝမှ နီရဲစွာ ပေါ်လာသည်ဟုပင် ထင်ယောင်မြင်ရမ်း ဖြစ်၍ နေလေတော့သည်။ သူ၏စိတ် တုန်လှုပ်ချောက်ချားသည်နှင့် အမျှ ဒင်းမစ်ဒေးသည် လူသာမန်တို့၏ မျက်စိဖြင့် မမြင်အပ်သောအရာများကို မြင်၍ နေရခြင်း ဖြစ်လေသည်။

အရှေ့ဘက် ကောင်းကင်ဝဆီသို့ ဒင်းမစ်ဒေး စိတ်နှလုံး ချောက်ချားစွာဖြင့် ကြည့်ရှုနေသည့် အခိုက်အတန့်တွင် ပုလဲကလေး လက်ညှိုးညွှန်ကာ ပြ၍နေသော လူသွားလမ်းဆီသို့ ကြည့်လိုက်ကြမည် ဆိုပါက စင်မြင့်နှင့် မလှမ်းမကမ်းတွင် ရပ်၍နေသော ဆေးဆရာ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်ကို မြင်ကြရမည်

ဖြစ်ပေသည်။ ဒင်းမစ်ဒေးသည် အရှေ့ဘက် ကောင်းကင်ဝ တွင် သူမြင်၍ နေရသော "အေ" အက္ခရာနီကြီးကို ကြည့်ရင်းကပင် အဘိုးကြီး ရော်ဂျာ ချီးလင်းဝပ်ကိုလည်း လှမ်း၍ မြင်နေဟန် တူ၏။ ကြယ်ကြွေသော အရောင်ဖြင့် ပတ်ဝန်းကျင် တခုလုံးကို လင်းခနဲ မြင်လိုက်ရသူ ဒင်းမစ်ဒေးသည် ထိုအရောင်မှာ ကောင်းကင်ရှိ တန်ခိုးတော်ရှင်၏ အလင်းရောင် ဖြစ်လျက် မိမိအား စီရင်ချက် ချမည်ဟု အရိပ်အခြည် ပြနေဆဲတွင် မိမိ၏ဝိညာဉ်ကို ယူဆောင်နှိပ်စက်ရန် စေတန်သည်လည်း အဘိုးကြီး ရော်ဂျာ ချီးလင်းဝပ်၏ အသွင်ကို ဆောင်လျက် မိမိအနီး၌ ပေါ်ပေါက်၍ လာသည်ဟု ဒင်းမစ်ဒေး ယူဆလိုက်မိလေသည်။ ထို့ကြောင့် ဒင်းမစ်ဒေးသည် တုန်လှုပ်ချောက်ချား၍နေသော အသံကြီးဖြင့်-

"ဟက်စတာ... ဒီလူဟာ ဘယ်သူလဲဟင်၊ သူ ့ကို မြင်ရုံနဲ့ ငါဖြင့် ကြက်သီးထပါရဲ့။ ဒီလူကို မင်း သိသလား.. ဟင်၊ ငါ ဒီလူကို မုန်းတယ်" ဟု ပြင်းထန်လှသော ကြောက်စိတ်ဖြင့် ပြောလိုက်မိလေသည်။

ဟက်စတာပရင်းသည် ထောင်ကြီးအတွင်း၌ ရော်ဂျာချီးလင်းဝပ်နှင့် တွေ့ဆုံစဉ်အခါက မိမိ ကျိန်ဆိုခဲ့သော ကျိန်စာသစ္စာကို သတိရသောကြောင့် ဘာမျှ မပြောဘဲ နေလိုက်လေသည်။

ဒင်းမစ်ဒေးသည် တုန်လှုပ်သည်ထက် တုန်လှုပ်၍လာရင်း- "ငါ ဒီလူကို သိပ်ပြီး ကြောက်တယ် ဟက်စတာ၊ သူ့ကို မြင်ရုံနဲ့ပဲ ငါ့ဝိညာဉ်တွေဟာ သိပ်ပြီး ချောက်ချားနေရတယ်။ သူဟာ ဘယ်သူလဲဟင်၊ သူ့ကို မင်း မသိဘူးလား၊ မင်း ငါသိအောင် မပြောပြနိုင်ဘူးလား။ ဒီလူကို ငါ ဘယ်လို ကြောက်နည်း ကြောက်မှန်း မသိဘူး။ သိပ်ပြီးတော့ကာ ကြောက်တာပဲ" ဟု ရေရွတ် မြည်တမ်းနေပြန်၏။

ဤတွင် ပုလဲကလေးက "သင်းအုပ်ဆရာ၊ အဲဒီလူကြီးဟာ ဘယ်သူလဲဆိုတာ ကျွန်မ သိတယ်" ဟု ပြောလိုက်လေသည်။ သို့ ပြောလိုက်သည်နှင့် တပြိုင်နက် ဒင်းမစ်ဒေးသည် ခါးကိုကိုင်း၍ သူ၏နားကို ပုလဲ၏ ပါးစပ်နားတွင် ကပ်ကာ

"မြန်မြန်ပြောစမ်းပါ ကလေးရယ်... မြန်မြန် ပြောစမ်းပါ၊ တိုးတိုးကလေး ပြောနော်။ ငါ့ကို တယောက်တည်းကို တိုးတိုးကလေး ပြောပြစမ်း" ဟု သုတ်သီးသုတ်ပျာ မေး၍ နေမိလေသည်။

ပုလဲသည် တစုံတခုကို တီးတိုးပြောလိုက်၏။ ပြောလိုက်သော စကားလုံးများမှာ သာမန် စကားလုံးများဟု ထင်မှတ်ရသော်လည်း စင်စစ်အားဖြင့်မူ ကလေးအချင်းချင်း ပြောကြသော ကလေးစကား တမျိုးနှင့်ပင် တူ၍နေလေသည်။ ရော်ဂျာချီးလင်းဝပ်သည် မည်သူမည်ဝါ ဖြစ်သည်ဟူ၍ ပုလဲကလေးက အတိအကျ ပြောသည့်တိုင်အောင် စိတ်နှလုံး ချောက်ချား၍ နေသော သင်းအုပ်ဆရာကလေး၏

အဖို့တွင်မူကား အသေအချာ မကြားလိုက်ရဘဲ စိတ်ရှုပ်ထွေး နောက်ကျိသည်ထက်သာ နောက်ကျိ၍ သွားစရာဖြစ်ကာ ဘာမျှ နားမလည်နိုင်အောင် ရှိ၍နေရ၏။ ပုလဲကလေးသည် ပြော၍ပြီးသောအခါတွင် အားရပါးရ ရယ်မောလိုက်ပြန်လေ သည်။

"မင်းကလေးက ငါ့ကို ဘာပြုလို့ ပြောင်တာလဲကွယ်"ဟု ဒင်းမစ်ဒေးက မေးမိ၏။

"ပြောင်မှာပေါ့၊ ရှင်ကမှ မရဲဘဲ ရှင်ကမှ အမှန်ကို ရင်မဆိုင်ရဲဘဲကိုး။ ကြည့်လေ... နက်ဖြန်ခါ မွန်းတည့်ချိန်ကျလို့ရှိရင် မေမေ့လက်နဲ့ ကျွန်မလက်ကို ကွဲပြီး ဒီစင်မြင့် အပေါ်မှာ ရပ်ပါလို့ ကျွန်မက ခေါ်တယ်၊ ရှင်က မရပ်ရဲဘူး" ဟု ကလေးငယ်က ပြော၍ နေလေသည်။

ဤအချိန်တွင် အဘိုးကြီး ရော်ဂျာချီးလင်းဝပ်မှာ စင်မြင့်၏ ခြေရင်းသို့ ရောက်လာပြီးလျှင်-

"အလို ဘယ့်နှယ်... ကျွန်တော်တို့ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးပါလား ခင်ဗျာ၊ ဘယ့်နှယ်များ ဒီကို ရောက်နေပါလိမ့်။ သြော်.. သြော်... သိပြီ... သိပြီ၊ ကျွန်တော်တို့လို စာတွေပေတွေ သိပ်ပြီးတော့ လေ့လာလိုက်စားတဲ့လူတွေဟာ တခါတည်းကို ဦးနှောက် ရှုပ်ပြီးတော့ ထင်မိထင်ရာ ပြုတတ်ကြတာကလား။ ကျွန်တော်တို့တတွေဟာ အိပ်မပျော်ဘဲနေတဲ့အချိန်မှာ စိတ်ကူးယဉ် အိပ်မက်တွေကို မက်နေတတ်ကြပြီးတော့ အိပ်ပျော်နေတဲ့အချိန်မှာ ဆိုလို့ရှိရင်လည်း ထပြီး လမ်းလျှောက်ချင် လျှောက်တတ်ကြတယ်။ ကိုင်း... ကိုင်း... အိမ်ပြန်ကြ ပါစို့၊ ကျုပ် ဆရာကလေးကို တွဲပြီးတော့ ခေါ်ပါ့မယ်"

ဟု လှမ်း၍ ပြောလိုက်၏။ ဒင်းမစ်ဒေးသည်လည်း အလွန်တရာ ကြောက်ရွံ့ တုန်လှုပ်နေသော အသံဖြင့် -

"ခင်ဗျား ကျုပ် ဒီကို ရောက်နေတာ ဘယ့်နှယ်လုပ်ပြီးတော့ သိသတုံး" ဟု အက်ကွဲနေသော အသံဖြင့် မေးလိုက်၏။

ရော်ဂျာချီးလင်းဝပ်သည် တချက်ပြုံးရာက-

"ဆရာကလေး ဒီကို ရောက်နေမှန်း ကျုပ် မသိပါဘူးဗျာ၊ ကျုပ် ဘာမှကို မသိပါဘူး။ အခုည ကျုပ်ဟာ မင်းကြီး ဝင်းသရော့(ပ်) ကို သွားပြီးတော့ ဆေးကုပေးနေရတယ်။ ဆေးကုနေတုန်းပဲ အခု မင်းကြီး ဝင်းသရော့(ပ်) အနိစ္စရောက်တာနဲ့ပဲ ကျုပ်လည်း အိမ်ကို အပြန်မှာ ခုနက ကြယ်ကြွေလိုက်တဲ့ အလင်းရောင်နဲ့ ဆရာကလေးကို မြင်မိတာပဲ။ ကိုင်းပါ ဆရာကလေးရယ်၊ ဒီမှာ

ရပ်မနေပါနဲ့၊ အေးလှပါတယ်။ နက်ဖြန်ခါကျလို့ ရှိရင် တနင်္ဂနွေနေ့မို့ ဆရာကလေး ကျမ်းစာ ဟောရလိမ့်ဦးမယ်၊ အအေးမိသွားလို့ရှိရင် ကျမ်းစာ ကောင်းကောင်းမွန်မွန် ဟောနိုင်မယ် မဟုတ်ဘူး။ အင်း... အင်း.. ဆရာကလေးက စာတွေကို သိပ်ဖတ်တော့ ဆရာကလေးရဲ့ ဦးနှောက်မှာ ထိခိုက်နေတာပေါ့လေ။ ဒီတော့ကာ ဆရာကလေး စာဖတ် နည်းနည်းတော့ လျှော့မှ ကောင်းလိမ့်မယ် ထင်တယ်။ ပျော်ပျော်ရွှင်ရွှင် စိတ်လွတ်လွတ်လပ်လပ်ကလေးလည်း နေဦးမှပေါ့ဗျာ။ နို့မဟုတ်လို့ရှိရင် ဦးနှောက်ရှုပ်တဲ့ရောဂါဟာ ပိုပိုပြီးတော့ ဆိုးဝါးလာပါလိမ့်ဦး မယ် ဆရာကလေးရဲ့" ဟု ပြောလိုက်၏။

ထိုအခါ ဒင်းမစ်ဒေးက "ကောင်းပါပြီ၊ ကျုပ် ခင်ဗျားနဲ့အတူ အိမ်ကို လိုက်ပါတော့မယ်"ဟု ဆိုလိုက်လေ၏။

အိပ်မက်ဆိုးကြီး တခုကို မြင်မက်၍နေရာမှ ရုတ်တရက် လန့်၍ နိုးလာသော သူကဲ့သို့ ဒင်းမစ်ဒေးသည် စိတ်လှုပ်ရှားစွာဖြင့် ရော်ဂျာ ချီးလင်းဝပ် ခေါ်ဆောင်ရာသို့ လိုက်ပါ၍ သွားလေတော့သည်။

နောက်တနေ့သည် တနင်္ဂနွေနေ့ ဖြစ်၏။ တနင်္ဂနွေနေ့ ဖြစ်သည့်အတိုင်း ဒင်းမစ်ဒေးသည် သူ၏ သင်းအုပ်ကို ကျမ်းစာဟောရလေရာ ထိုကျမ်းစာမှာ အလွန်တရာ တရားကျဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ လူတကာတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်နိုင်သော ကျမ်းစာဖြစ်၍ နေပေတော့သည်။ ကျမ်းစာနာ ပရိသတ်များသည် ကျမ်းစာတွင် စိတ် အဝင်စားကြီး ဝင်စားကာ ဒင်းမစ်ဒေးသည် စိန့်သူတော်စင်တမျှ မြင့်မြတ်သော သူတော်ကောင်း ဖြစ်သဖြင့်သာ ဤမျှ စူးရှထက်မြက်သော ကျမ်းထွက်ကို ဟောနိုင်စွမ်း ရှိပေသည်ဟူ၍ မှတ်ယူကြကာ သေတပန် သက်ဆုံး လေးစားမြတ်နိုး၍ သွားကြရန် ဆုံးဖြတ်လိုက်ကြလေသည်။

သို့သော် ကျမ်းစာဟောစင်မှ ဆင်းသက်၍ လာသောအခါတွင် ဒင်းမစ်ဒေးသည် နှလုံးသွေးများ ရပ်တန့်၍ သွားဘိသကဲ့သို့သော ဝေဒနာကို ခံစားလိုက်ရလေတော့သည်။ အဘယ့်ကြောင့် ဆိုလျှင် ဘုရားရှိခိုးကျောင်း အခိုင်းအစေ တယောက်သည် လေ့ကားရင်းမှ စောင့်၍နေကာ လက်စွပ်အိတ် အနက်တဖက်ကို လှမ်း၍ ပေးလိုက်သောကြောင့် ဖြစ်လေသည်။ ထိုလက်အိတ် အနက်ကို မြင်လိုက်ရသည်နှင့် တပြိုင်နက် ဒင်းမစ်ဒေးသည် ထိုလက်စွပ်အိတ်မှာ မိမိ၏ လက်စွပ်အိတ် ဖြစ်သည်ကို ချက်ချင်း သိလိုက်ရလေသည်။

ဝတ်ကျောင်းအစေခံက-

"ဒီလက်စွပ်အိတ်ကို အခုမနက် ကျွန်တော် အပြစ်ရှိသူတို့ အရှက်ကွဲခံရရာ စင်မြင့်ပေါ်မှာ တွေ့ခဲ့ပါတယ်၊ ကျွန်တော့်အထင် ပြောရရင်တော့ ဒီလက်စွပ်အိတ်ကို စေတန်က ဆရာကလေး အရှက်ကွဲအောင်ဆိုပြီးတော့ တမင်ယူပြီးတော့

သွားချထားတာ ထင်ပါတယ်။ ဒါပေမဲ့ စေတန်ဟာ မိုက်လှပါတယ် ဆရာကလေးရယ်၊ စိန့်သူတော်စင်များရဲ့လက်ဟာ လက်စွပ်အိတ် ရှိရှိ မရှိရှိ အမြဲသဖြင့် စင်ကြယ်သန့်ရှင်းတဲ့ လက်တွေပါပဲ”

ဟု ပြောလိုက်လေသည်။ ဒင်းမစ်ဒေးသည် ဣန္ဒြေကို အနိုင်နိုင် ဆောင်ရင်းက-

“ကျေးဇူးတင်ပါတယ်ကွယ်၊ ဟုတ်ပါရဲ့…. ဒီလက်စွပ်အိတ်ဟာ ကျုပ်လက်စွပ်အိတ်နဲ့ပဲ အတော် တူပါတယ်” ဟု ပြောလိုက်ရလေသည်။

ဒင်းမစ်ဒေး၏ အသည်းနှလုံးတို့သည် ပြင်းထန်စွာ တုန်လှုပ်၍ နေကြ၏။ ယခင်ညက အဖြစ်အပျက်တို့သည် သူ့အဖို့တွင် အိပ်မက်ထဲ၌ မြင်ခဲ့ရသည့်အလား ဖြစ်၍ နေပေသည်။

“ဩော်… ဒါနဲ့ ဆရာကလေး သတင်းဆန်းတခု ကြားပြီးပြီလား။ မနေ့ညတုန်းကလေ… အရှေ့ကောင်းကင်ဝမှ “အေ” အက္ခရာ အနီကြီးတခု ပေါ်သတဲ့ ခင်ဗျာ့။ ဒီလို ပေါ်တာဟာ မင်းကြီး ဝင်းသရော့(ပ်) ကောင်းကင်တမန် ဖြစ်တဲ့ အရိပ်အခြည်သဘောနဲ့ ပေါ်လာတယ်လို့ လူအများက ကောလာဟလ ပြောနေကြပါတယ်”

ဟု ဝတ်ကျောင်းအစေခံက ပြောလိုက်သည်၌-

“ဩော်… ဟုတ်လား၊ ကျုပ်ဖြင့် ဒီသတင်းကို မကြားမိသေးပါဘူး” ဟု ဒင်းမစ်ဒေးက ဖြေလိုက်လေသည်။

၁၄။ ဟက်စတာပရင်း၏ ဘဝသစ်

မစ္စတာဒင်းမစ်ဒေးနှင့် ညကာလ အချိန်မတော်ကြီးတွင် ထူးခြားဆန်းကြယ်လှသော အခြေအနေ ၌ တွေ့ဆုံလိုက်ရသောအခါမှစ၍ ဟက်စတာပရင်းသည် မစ္စတာဒင်းမစ်ဒေးနှင့် ပတ်သက်၍ အလွန်တရာ စိုးရိမ်သောက ရောက်၍ နေရပေတော့သည်။ အဘယ့်ကြောင့်ဆိုသော် မစ္စတာဒင်းမစ်ဒေးသည် အလွန်တရာ ဆိုးဝါးသော အခြေအနေသို့ ရောက်နေသည်ကို ဟက်စတာပရင်း သတိပြုမိသောကြောင့် ဖြစ်လေသည်။ ဒင်းမစ်ဒေးမှာ အာရုံကြောများ လုံးဝ ပျက်ပြားလျက်၊ စိတ်တည်ငြိမ်မှု လုံးဝ ကင်းမဲ့လျက် ရှိနေသည်ကို ဟက်စတာ သတိထားမိ၏။ အမြဲသဖြင့် ဣန္ဒြေကြီးမား တည်ကြည်သော ဒင်းမစ်ဒေး၏မျက်နှာမှာ ယခုအခါတွင်မူ ဝေဒနာသည် ကလေးငယ်ကဲ့သို့ ညှိုးနွမ်းလျက် ရှိ၍ နေပေသည်။ သူ၏ စိတ်ဓာတ်မှာလည်း မြင့်မားရန်ဝေးစွာ၊ ဖုန်အလူးလူး သဲအလူးလူးနှင့်ဖြစ်၍ ပစ်၍ ထားအပ်သော အဝတ်စုတ်ကဲ့သို့ နိမ့်ဆင်းနေပြီးလျှင် သူ၏ အသိဉာဏ်ပညာမှာလည်း ယခုအထိ ရှိသေးသည့်တိုင်အောင် အိုမင်းဆွေးမြည့်၍ နေသော သစ်ဆွေးခေါင်းပေါက်ကြီးကဲ့သို့ ခိုင်မြဲတည်ငြိမ်ခြင်း မရှိသလောက်ဖြစ်၍ နေသည်ကို ဟက်စတာပရင်း တွေ့ခဲ့ရပေသည်။

အခြား အခြားသော သူများ လုံးဝ မသိကြသည့် အကြောင်းခြင်းရာ အမျိုးမျိုး၊ အတိတ် အဖြစ်အပျက် အမျိုးမျိုးတို့ကို သိ၍နေသူ ဟက်စတာပရင်းသည် ဒင်းမစ်ဒေး၏ အခြေအနေကို စဉ်းစား၍ ကြည့်ရာ၌ ဒင်းမစ်ဒေးသည် သူ့အပြစ်အတွက် သူ၏ မသန့်သော လိပ်ပြာက ပြန်လည် ခြောက်လှန့်ခြင်းကို ခံရသဖြင့် ယခုကဲ့သို့ ကိုယ်ရော စိတ်ပါ ညှိုးနွမ်း ပျက်စီးနေရသည်သာ မကသေး၊ သူ၏စိတ်ကို အပြင်အပ ပယောဂ တခုခုကလည်း အပို ဝင်ရောက်နှိပ်စက် ညှဉ်းပန်းနေလေသေးသည်ဟု ဟက်စတာပရင်း နားလည်ရပေသည်။ ဤအခြေအနေသို့ မရောက်မီ စာရိတ္တ သန့်ရှင်းစင်ကြယ်စဉ်အခါက ဒင်းမစ်ဒေးသည် မည်မျှ သူတော်ကောင်း ဖြစ်ခဲ့သည်၊ မည်မျှ စိတ်သဘောထား ခိုင်ခံ့ခဲ့သည်ကို သိပြီးဖြစ်သူ ဟက်စတာပရင်းသည် မိမိကဲ့သို့သော အများက ရှုတ်ချခြင်းခံ၍ နေရသည့် မိန်းမတယောက်၏ အကူအညီကို ဒင်းမစ်ဒေးက တောင်းလိုက်ခြင်းမှာ ဟက်စတာပရင်းအဖို့၌ များစွာ အသည်းနာဖွယ်ရာ ဖြစ်၍ နေပေသည်။ လူအများ၏ သင်းအုပ်ဆရာအဖြစ်သို့ ရောက်ကာ လူအများ၏ ကြည်ညို လေးစားခြင်းကို ခံနေရသော ပုဂ္ဂိုလ်တဦးက မိမိကဲ့သို့သော တမြို့လုံး၊ တရွာလုံးက ပစ်၍ ထားသည့် မိန်းမတဦးအား သူ့ကို ကူညီပါဟု၍ တောင်းပန် တိုးလျှိုးခြင်းမှာ ဟက်စတာပရင်း

အဖို့၌ ရင်ကျိုးဖွယ်ရာ အတိ ဖြစ်၍နေပေသည်။ ဒင်းမစ်ဒေးသည် သူ၏ ရန်သူဖြစ်သော ရော်ဂျာချီးလင်းဝပ်၏ပယောဂဒဏ်ကို ကာကွယ်ပေးပါဟု မိမိအား ထိုနေ့ညက တောင်းပန် တိုးလျှိုးခဲ့ခြင်းမှာ သနားဖွယ် ကောင်းလှပေတော့သည်။

ဒင်းမစ်ဒေးအား အကူအညီ ပေးသင့် မပေးသင့်ကို အပြန်ပြန် အလှန်လှန် စဉ်းစားလိုက်သော အခါတွင် ပေးသင့်သည် ဟူ၍ ဟက်စတာ ပရင်း ဆုံးဖြတ်မိလေသည်။ မိမိတွင် ဒင်းမစ်ဒေးအား အစွမ်းကုန် ကူညီ၍ ရော်ဂျာချီးလင်းဝပ်၏ အန္တရာယ်မှ ဒင်းမစ်ဒေးကို ကာကွယ်ပေးရန်မှာ တာဝန်ကြီးတရပ် ဖြစ်၍နေသည်ဟု ဟက်စတာပရင်း ယူဆမိလေသည်။ အဘယ့်ကြောင့် ဆိုသော် ဟက်စတာပရင်းသည် လူတောထဲသို့ မဝင်ဝံ့ဘဲ နှစ်ပေါင်းများစွာ ကြာမြင့်အောင် နေထိုင်ခဲ့ရသူ ဖြစ်သောကြောင့် ဒင်းမစ်ဒေးအား ကူသည့် မကူသင့်ကို သာမန်လူတို့၏ အတိုင်းအဆမျိုးဖြင့် တိုင်းဆခြင်းငှာ မစွမ်းရာပေ။ သို့သော်လည်း ဟက်စတာပရင်းသည် သူ့၌ ဝတ္တရားရှိ၍ နေသည်ကိုမူကား အလိုလိုပင် သိ၍နေပေသည်။ ထိုတာဝန်မျိုးကို ကမ္ဘာပေါ်တွင် ရှိရှိသမျှ လူတို့အနက် ဒင်းမစ်ဒေးမှတပါး မည်သူတဦးတယောက်ကိုမျှ ထမ်းဆောင်၍ ပေးရန် မရှိကြောင်း ဟက်စတာပရင်း တွေးမိလေသည်။

ဟက်စတာပရင်းနှင့် လူ့လောကကြီးတို့သည် အဆက်ပြတ်လျက် ရှိနေကြ၏။ လူအချင်းချင်း ဖြစ်ပါလျက်နှင့် ဟက်စတာပရင်းနှင့် အခြားသော လူတို့သည် ဘဝခြား၍ နေဘိသကဲ့သို့ ရှိနေလေသည်။ သို့သော် ဒင်းမစ်ဒေးနှင့် ဟက်စတာပရင်းတို့ နှစ်ယောက် အဖို့မှာမူကား နှစ်ဦးသဘောတူ ကျူးလွန်ခဲ့သော ပြစ်မှုကြီးဟူသော သံကွင်းဆက်ကြီးဖြင့် ဆက်စပ်လျက် ရှိနေကြ၏။ ထိုသံကွင်းဆက်ကြီးကို သူတို့နှစ်ဦး ချိုးဖဲ့ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ကြပေ။ ဤကဲ့သို့ သံကွင်းဆက်ကြီးဖြင့် ဆက်စပ်၍နေသောအခါတွင် အခြား အခြားသော အနှောင်အဖွဲ့တို့၏ နည်းတူ တာဝန်ဝတ္တရားများသည်လည်း အရိပ်ပမာ လိုက်လံလျက် ရှိ၍ နေပေသည်။

လက်ရှိ ဟက်စတာပရင်း၏ အခြေအနေမှာ ဟိုယခင် လူလယ်ကောင်၌ အရှက်ကွဲ ခံရစဉ်အခါက အခြေအနေနှင့် လုံးဝ မတူတော့ပေ။ နှစ်ပေါင်းများစွာတို့သည် တဖြည်းဖြည်းနှင့် ကုန်လွန်၍ သွားကြ၏။ ယခုအချိန်တွင် ပုလဲသည်ပင်လျှင် ခုနစ်နှစ်သမီး အရွယ်သို့ ရောက်၍နေပေသည်။ လှပဆန်းကြယ်စွာ ရွှေချည်ငွေချည်တို့ဖြင့် တန်ဆာဆင်လျက် ချုပ်လုပ်၍ ထားသော “အေ” အက္ခရာ စာလုံးနီကို ရင်အုံပေါ်တွင် အမြဲသဖြင့် ဆင်မြန်း၍ နေရသော ဟက်စတာပရင်း ကိုယ်တိုင်မှာလည်း ယခင်အခါက လူတကာတို့ နှာခေါင်းရှုံ့ကာ ရှောင်ဖယ်ခြင်း၊ အံ့သြစွာ ငေးမောကြည့်ရှုခြင်းကိုခံရသော မိန်းမသားတယောက်၊ ထူးဆန်းသော မိန်းမယုတ်တယောက်၏ အခြေအနေမှ နေ၍ မြို့ထဲတွင်

တွေ့နေမြင်နေကျဖြစ်သော သာမန် မိန်းမသားတယောက် အဖြစ်သို့ ရောက်ခဲ့ပေသည်။ အကယ်၍ တစုံတယောက်သည် အလွန်ထူးဆန်းသော သူ၏ အဖြစ်သို့ ရောက်ငြားအံ့၊ ရှေးဦးပထမတွင် ထိုသူအား လောကတခုလုံးက ဝိုင်းဝန်း၍ မျက်ခြည်မပြတ် ကြည့်ကာ ဂရုစိုက်နေတတ်ကြပေသည်။ သို့သော် အကယ်၍ ထို ထူးဆန်းလှသောသူသည် လူအများ၏ ကောင်းကျိုးကိုလည်းကောင်း၊ လူတဦးစီ တဦးစီ၏ ကောင်းကျိုးချမ်းသာကိုလည်းကောင်း မည်သို့မျှ မနှောင့်ယှက်ခဲ့။ မိမိဘာသာ မိမိ ဘာသာလဝါ နေထိုင်ပါက ထိုထူးဆန်းသောသူပင်လျှင် လူအများတို့ ဂရုမပြုကြတော့ဘဲ ထူးလျက်နှင့် မဆန်းဟူသော အခြေအနေမျိုး ရရှိတတ်ကြလေသည်။ ထိုကြောင့် "အေ" အက္ခရာ စာလုံးနီကြီး ကို ရင်အုံပေါ်တွင် ဆင်မြန်းကာ လမ်းပေါ်တွင် တွေ့မြင်နေရသော ဟက်စတာပရင်းအား ယခင်က လူအများ ဂရုစိုက်ကြသလောက် ယခုအချိန်တွင်မူကား ရိုး၍ သွားကြပေသည်။ ထို့အပြင် ရှိသေး၏။

ဟက်စတာပရင်းသည် လူအပေါင်း၏ ကြင်နာမှုကို ခံယူရသော ဘဝသို့ ရောက်လည်း ရောက်၍ နေပေသည်။

လူ၏စိတ်သည် အလွန်တရာ ဆန်းကြယ်၏။ တကိုယ်ကောင်းစိတ် ဖြစ်ပေါ်နေသော အခိုက်အတန့်မှတပါး လူ၏စိတ်သည် မုန်းဖို့ရာထက် ချစ်ခင်ဖို့ရာက ပို၍ များပေသည်။ "ချစ်ခြင်းအစ မုန်းခြင်းက" ဟူဘိသကဲ့သို့ တစုံတယောက်အား မည်မျှပင် မုန်းတီး၍ နေစေကာမူ မုန်းစရာအကွက် ထပ်၍ မပေါ်ပါက အမုန်းစိတ်သည် တဖြည်းဖြည်း ကြေပျက် ကွယ်ပျောက်လျက် အမုန်းစိတ်၏နေရာတွင် အချစ်စိတ်သည် တဖြည်းဖြည်းနှင့် သန္ဓေဝင်၍ လာတတ်ပေသည်။ လူတယောက်အား မုန်းရာ၌ ထိုသူက ရန်လိုခြင်း၊ တုံ့ပြန်မုန်းတီးခြင်း စသည်တို့ကို မပြုလုပ်ပါက ထိုသူ့အပေါ်၌ထားသော အမုန်းစိတ်သည် လျင်မြန်စွာ ပျောက်ကွယ် သွားစမြဲ ဖြစ်တတ်ပေသည်။ ဟက်စတာပရင်း၏ အရေးတော်ပုံတွင်လည်း ဤကဲ့သို့ပင် ဖြစ်၏။

ဟက်စတာပရင်းသည် မည်သူ့ကိုမျှ မုန်းတီးခြင်းလည်း မရှိ၊ မည်သူ့ကိုမျှလည်း ကလန်ကဆန် မပြုပေ။ မြို့သူမြို့သားတို့နှင့် ဆက်ဆံရာတွင် ဟက်စတာပရင်းသည် ရင်ဆိုင်ခြင်း၊ တုံ့ပြန်ခြင်း လုံးဝ မပြုဘဲ မည်သူက မည်သို့ပင် ပြောစေကာမူ၊ မည်သူက မည်သို့ပင် နှိပ်စက် ညှဉ်းပန်းစေ ကာမူ၊ မည်သူတို့က မည်သို့ပင် ရက်ရက်စက်စက် နှိမ်ကြစေကာမူ ဟက်စတာပရင်းသည် မည်သူ့ကိုမျှ ရန်တုံ့မပြန်ခဲ့ပေ။ ငြူစူခြင်း လုံးဝ မရှိဘဲ ခေါင်းငုံ့၍သာ ခံခဲ့၏။ မိမိ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည့်ဘဝကို သနားကြပါ၊ ကြင်နာကြပါဟူ၍ မည်သည့်အခါမျှ တောင်းဆိုခြင်း မပြုခဲ့ပေ။ သူတပါးတို့၏ သနားကြင်နာခြင်းကို မျှော်လည်း မမျှော်လင့်ခဲ့။ ထိုပြင် အရှက်တကွဲ အကျိုးနည်း ကိစ္စကြီး ဖြစ်ပွားပြီးသည့်နောက်

ယခုအချိန်သို့ ရောက်ခဲ့သည့် ခုနစ်နှစ်တာ ကာလအတွင်းတွင် ဟက်စတာပရင်းသည် ကိုယ်ရော စိတ်ပါ သန့်ရှင်းစင်ကြယ်စွာ အပြစ်ဆိုစရာ မရှိအောင် သိပ်သိပ်သည်းသည်း နေထိုင်ခဲ့၏။ ဟက်စတာပရင်း၏အဖို့တွင် အရက်အိုးကြီး ဖြန်းဖြန်းကွဲပြီးသည့်နောက် လူ့လောကမှာ ဘာမှ မျှော်လင့်စရာ မရှိခဲ့။ မျှော်လင့်ချက်ကင်းမဲ့သူ ဟက်စတာပရင်း၏အဖို့တွင် နောက်ထပ် အရက်ကွဲစရာလည်း မရှိတော့။ ထို့ကြောင့် ဟက်စတာ ပရင်း လူ့လောကကို လုံးလုံးကြီး စိတ်ပျက်ပြီ ဖြစ်လေရာ လောကကြီးတခုလုံး ဥပေက္ခာပြု၍ ထားပြီးလျှင် မိမိ၏စင်ကြယ်မှုကိုသာ အလိုအလျောက် ရရှိနေပေသည်။ ကံတရားက ပေးအပ်သော အခြေအနေကို ဟက်စတာပရင်း အနူးအညွတ်ဖြင့် လက်ခံ၍ ထားပေသည်။ ထိုအခြေအနေသို့ ရောက်နေသူ ဟက်စတာပရင်းအား အခြားသော သူတို့သည် အပြစ်တင်စရာ၊ ရန်ရှာစရာ လမ်းစ လုံးဝ မရှိကြတော့ပေ။

အသက်ရှင်၍ နေရေးအတွက် ထွက်သက်ဝင်သက်ကို ရှူရှိုက်ရန်လည်းကောင်း၊ မိမိကိုယ်တိုင် ကြိုးပမ်းမှုဖြင့် ရရှိအပ်သော ငွေကလေးသည် မိမိနှင့် သမီးကလေး ပုလဲတို့ ထမင်းတလုတ် ဝဝစားရန်လည်းကောင်း၊ ထိုကဲ့သို့ လူ့အလိုတို့မှတပါး အခြား လူ့အလိုတို့နှင့် ပတ်သက်၍ လောကတွင် ဘာမှ မက်မောခုံမင်မှု မရှိခဲ့။ ကိုယ့်ဝမ်းစာကို ကိုယ်ရှာ၍ ခပ်ကုပ်ကုပ်ကလေး နေရှာသူ ဟက်စတာပရင်းသည် မြို့ရွာ၌ အကြောင်းအရာ တစုံတခု ကြုံလာသည်ဟု ဖြစ်ငြားအံ့၊ ထိုအခါမျိုးတွင် ဟက်စတာပရင်းသည် မိမိလည်း လူတယောက်ဖြစ်၍ လူအပေါင်းတို့၏ တာဝန် ဝတ္တရားများကို မလစ်ဟင်းရအောင် ထမ်းဆောင်နိုင်ပါသည်ဟူသော အရည်အချင်းမျိုး ပြနိုင်ခဲ့ပေသည်။

မြို့ထဲ၌ ဟက်စတာပရင်းထက် ဆင်းရဲသောသူ အများအပြားပင် ရှိကြပေသည်။ ထိုသူများက တောင်းခံပါလျှင် ဟက်စတာပရင်းသည် သူ စားရတတ်သမျှကလေး အထဲမှ ပိုသမျှ လျှံသမျှကို မတွန့်မတို ရက်ရောသောစိတ်ဖြင့် ပေးလှူလေ့ ရှိပေသည်။ ဖျားနာနေသော သူတောင်းစား များထံသို့ သွား၍ ထမင်းပို့လေ့ ရှိ၏။ လူပုံအလယ်တွင် အရက်ခွဲ ခံခဲ့ရသော မိန်းမအဖြစ်ဖြင့် သူတောင်းစားတို့ကပင်လျှင် လေးစားခြင်း မရှိဘဲ တခါတရံတွင် နှင်ပစ်ခြင်းကို ခံရ၏။ သို့သော် ဟက်စတာပရင်းသည် လုံးဝ ဇွဲမယူဘဲ ဖျားနာနေသော သူတောင်းစားတို့အား ထမင်းပို့မြဲ ပို့ရှာပေသည်။ အချို့ အချို့သော သူတောင်းစားတို့မှာကား အဝတ်အစား မလုံမလဲနှင့် ဖြစ်၍နေရာ ဟက်စတာပရင်းသည် ထိုသူတောင်းစားများအား တတ်အားသမျှ အဝတ်အစားများ ချုပ်လုပ်၍ပေး၏။ အချို့ သူတောင်းစားများက ဟက်စတာပရင်းအား ငေါက်၍ ပစ်ကြသေး သည်။ သို့သော် ဘုရင့်ဝတ်ရုံတော်ကိုပင် ရွှေချည်ငွေချည်များ ခြယ်သနိုင်စွမ်းရှိသော လက်များဖြင့် အင်္ကျီအဝတ်များကို ချုပ်လုပ်ပေးရှာသူ

ဟက်စတာပရင်းသည် သူတောင်းစား တို့၏ အော်ငေါက်ခြင်းကိုပင် သည်းခံနိုင်ခဲ့ရှာလေ၏။ ရန်တုံ့ မမူခဲ့ပေ။

တခါတရံ၌ ဘော်စတွန်မြို့ကလေးတွင် ကပ်ရောဂါများ ကျရောက်လေ့ ရှိလေသည်။ ထိုထိုသော အခါမျိုးများ၌ ဟက်စတာပရင်းသည် ကပ်ရောဂါဒဏ်ကို ခံရသူတို့အား အခြားသူများထက် ပိုမို၍ ပြုစုကူညီခဲ့ပေသည်။ ထိုရောဂါဆိုးကြီးများ ကျရောက်နေသောအခါတွင် ဟက်စတာ ပရင်းသည် လူလောကအလယ်၌ သူ့နေရာကလေးကို သူ ပြန်၍ ရရှိရှာပေသည်။ ရောဂါကျရောက်နေသော အိမ်သို့ ဟက်စတာပရင်းသည် ဧည့်သည်တဦးအနေဖြင့် ဝင်လာခြင်း မဟုတ်ဘဲ လူဖြစ်သည့် အားလျော်စွာ လူလူအချင်းချင်း ကူညီရမည့် ဝတ္တရားအတိုင်း တာဝန်ထမ်းဆောင်ရသူ ဘဝမျိုးဖြင့် ဝင်ရောက်လာရခြင်း ဖြစ်လေသည်။ ထိုသို့သောအခါမျိုးတွင် ဟက်စတာပရင်းသည် အခြား အခြားသော သူများအနေနှင့် အခွင့်အရေး အဆင့်အတန်း တူမျှစွာ စကားပြောဆို ဆက်ဆံခွင့်ကို ရရှိရှာပါပေသည်။ အရှက်ခွဲခြင်း ခံခဲ့ရသည့် အထိမ်းအမှတ်ဖြစ်သော "အေ" အက္ခရာနီ စာလုံးကြီးသည် ထိုသို့သောအခါမျိုးတွင် ကူညီပြုစု တာဝန်ဝတ္တရား ကျေပွန်သူ တယောက်၏ အထိမ်းအမှတ်အဖြစ်၊ ရောဂါကပ်ငြိနေသော အိမ်ထောင်စုအား စိတ်ချမ်းသာမှုကို ပေးနိုင်စွမ်းသည့် အထိမ်းအမှတ် အက္ခရာတခု အဖြစ်သို့ ပြောင်းလဲ ရောက်ရှိလာရပေသည်။

ယခင် ယခင်က ထိုအက္ခရာသည် ရှက်ကြောက်ပဖယ် မကောင်းမှု ပြစ်မှုကြီးတခုကို ကျူးလွန်သူတို့၏ အထိမ်းအမှတ် အက္ခရာကြီး ဖြစ်ခဲ့၏။ ယခုအခါတွင်မူကား ဟက်စတာပရင်း ၏ ရင်အုံပေါ်တွင် ဆင်မြန်း၍ထားသော ထို "အေ" အက္ခရာသည် အကူအညီ ပေးတတ်သူတို့၏ အထိမ်းအမှတ်၊ သူတပါးတို့ စိတ်ဒုက္ခ ရောက်၍နေသည်ကို တကယ့်စေတနာဖြင့် အကူအညီ ပေးပြီးလျှင် သူတပါးတို့ ရောဂါရရှိနေသည်ကို ကြင်နာစွာ စိတ်ရှိလက်ရှိ ပြုစုတတ်သော သူ၏ အထိမ်းအမှတ် လက္ခဏာကြီး ဖြစ်၍ နေပေတော့သည်။ သေအံ့ဆဲဆဲ လူနာများပင် ထိုအက္ခရာကို မြင်လိုက်ရပြီဆိုလျှင် မိမိအား တကယ်တမ်း ပြုစုယုယမည့်သူ ပေါ်လာပြီ ဟူသော အတွေးဖြင့် စိတ်အား အသစ်တက်ကြွ၍ လာတတ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကပ်ရောဂါအမျိုးမျိုး ဆိုက်ရောက်လာတိုင်း ဟက်စတာ ပရင်းသည် သူ၏ အရည်အချင်းကိုလည်း ကောင်း၊ မိမိသည် အခြား အခြားသော သာမန်လူတို့၏ နည်းတူ ချစ်ခင်စိတ်၊ ကြင်နာစိတ်၊ သနားကရုဏာစိတ် အပြည့်အဝ ရှိသော လူသားစင်စစ်တဦး ဖြစ်ကြောင်းကိုလည်းကောင်း မြို့သူမြို့သားများ မသိမမြင်ဘဲ မနေနိုင်အောင် ပြသလျက် ရှိပေသည်။ သူမ၏ရင်အုံသည် အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည့် "အေ" တံဆိပ်ကို ဆင်မြန်းထားရာ နေရာဖြစ်သော်လည်း လူနာပေါင်း များစွာတို့ကို

ညင်သာစွာ ပွေ့ယူ၍ မှီစေခဲ့သော ရင်အုံလည်း ဖြစ်ခဲ့ပေသည်။

သာမန် ခရစ်ယာန် သာသနာပြု အမျိုးသမီးတို့သည် လူသတ္တဝါတို့၏ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်ပါမည်ဟူ၍ အကျအန ကျမ်းသစ္စာကို ကျိန်ဆိုကာ ခရစ်ယာန်သာသနာပြု အမျိုးသမီး ဘဝကို ရောက်ကြရသည်။ ဟက်စတာပရင်း၏အဖို့တွင်မူကား လူသတ္တဝါများ၏ ကောင်းကျိုးကို ဆောင်ရွက်ပါမည် ဟူ၍ သစ္စာမထားဘဲနှင့်ပင် မြို့သူမြို့သားတို့၏ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်ပေးသူအဖြစ်သို့ ရောက်ရှိနေရပေသည်။ သို့ ရောက်ရှိနေရခြင်းမှာ အခြားကြောင့် မဟုတ်၊ ကံတရားသည် ဟက်စတာ ပရင်းအား အပြင်းအထန် နှိပ်စက်ခဲ့သည် ဖြစ်ရာ နှိပ်စက်သည့်ဒဏ်မှာ ပြင်းထန်လွန်းလှသဖြင့် ဟက်စတာပရင်းသည် သစ္စာမဆိုရဘဲနှင့် အလိုအလျောက် စိန့်သူတော်စင်တယောက် အဖြစ်သို့ ရောက်၍လာရခြင်း ဖြစ်လေသည်။ "အေ" အက္ခရာ စာလုံးကို ယခင်က လူအများ ရှုတ်ချခဲ့သလောက် ယခုမူကား ထိုစာလုံးကို ဆင်မြန်းသူ ဟက်စတာပရင်းအား မေတ္တာသက်ဝင်ကာ ခင်မင်ကြင်နာစ ပြုလာလေသည်။ ဟက်စတာပရင်း သည် မည်မျှပင် သူတပါးအတွက် ပင်ပန်းရစေကာမူ ညည်းညူခြင်း မရှိ။ အလုပ်ကိုလည်း မနားတမ်း ဖွဲနပဲကြီးစွာဖြင့် လုပ်ကိုင်ခဲ့၏။ ထို့ကြောင့် ယခင်က ထို "အေ" စာလုံးကို "လင်ငယ်နေသူ" ဟူ၍ အဓိပ္ပာယ် ပေါ်ခဲ့ကြသော်လည်း ယခုအခါတွင်မူကား "အေ" စာလုံးကို "ကျွမ်းကျင်သောသူ" ဟူသော အဓိပ္ပာယ်ဖြင့် သရုပ်ဖော်ကြလေသည်။

ဟက်စတာပရင်းသည် သောကတခုခု မိုးကြီးအုံ့ဘိသကဲ့သို့ မိုးအုံ့၍နေသော အိမ်များ အတွင်းသို့ သာလျှင် အခွင့်အရေး တန်းတူစွာ ဝင်ရောက်ရာ၏။ ထိုအိမ်တို့ သောကကင်းစင်၍ အားလုံး ကြည်ကြည်ရွှင်ရွှင် ဖြစ်လာသောအခါတွင် ဟက်စတာပရင်းသည် ထိုအိမ်၌ မရှိတော့ပေ။ ထိုအိမ်သို့လည်း နောက်ထပ်၍ မသွားတော့ပေ။ ထိုအိမ်သူအိမ်သားတို့က မည်မျှ ကျေးဇူးတင်၍ နေကြစေကာမူ ကျေးဇူးတင်ခံလိုစိတ်ဖြင့် ထိုအိမ်ကို ပြန်စောင်းမျှ မကြည့်တော့ပေ။ ထိုအိမ်သူ အိမ်သားများကို လမ်းတွင် တွေ့လျှင်ပင် ဟက်စတာပရင်းသည် ထိုသူများက နှုတ်ဆက်သည်ကို မခံယူရလေအောင် ခေါင်းငုံ့၍သာ လျှောက်သွားတတ်ပေသည်။ အကယ်၍ ထို အိမ်သူအိမ်သား တို့က ကျေးဇူးတင်လှသဖြင့် သူ့အား အတင်းလိုက်၍ နှုတ်ဆက်ကြပါလျှင် ဟက်စတာပရင်း သည် သူ၏ ရင်အုံတွင် ဆင်မြန်း၍ထားသော "အေ" အက္ခရာ စာလုံးကို လက်ညှိုးထိုး၍ ပြကာ လျင်မြန်စွာ လျှောက်၍ သွားတတ်လေသည်။ ဟက်စတာပရင်းက ဤကဲ့သို့ သူ ကျေးဇူး ရှိသောသူများနှင့် ရင်းနှီးစွာ မဆက်ဆံဘဲနေခြင်းမှာ မာနကြောင့်လည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် ဤမာနမှာ မာနနှင့်မတူ၊ နှိမ့်ချမှု သက်သက်သာလျှင် ဖြစ်၍ နေသောကြောင့် မြို့သူမြို့သားတို့၏ စိတ်တွင် ဟက်စတာပရင်းအား မသနားဘဲ၊ မကြင်နာဘဲ မနေနိုင်အောင် ဖြစ်၍ လာကြရလေသည်။

လူထု၏စိတ်သည် အလွန်တရာ ဆန်းကြယ်၏။ ဘာမဟုတ်သည့် အကြောင်းကလေးဖြင့် လူထုသည် လူတယောက်ကို သက်ဦးဆံပိုင်သဖွယ် သတ်ဖြတ်နိုင်စွမ်း ရှိ၏။ သို့သော် လူထုသည် အသနားခံလျှင် သနားကြင်နာရန် တာဝန်မလေးတတ်ပေ။ သက်ဦးဆံပိုင် ဘုရင်တပါး၏ထံ၌ တစုံတယောက်သည် သူ ရရှိအပ်သော အခွင့်အရေးကို တင်းတင်းမာမာ တောင်းဆိုအံ့။ ထိုအခါတွင် သက်ဦးဆံပိုင် ဘုရင်သည် ထိုအခွင့်အရေးကို ပေးဖို့ ဝေးစွ၊ တောင်းဆိုသူအား ကွက်မျက်၍ ပစ်ရန်ပင် အမိန့်ပေးတတ်လေသည်။ သို့သော် အကြင်သူတယောက်သည် ရထိုက်သော အခွင့်အရေးတို့ကို သက်ဦးဆံပိုင် ဘုရင်မင်းမြတ်ထံ၌ အရှင်ဘုရား ပေးသနားမှ ရပါလိမ့်မည်ဟူ၍ အသနားခံခြားအံ့။ ထိုအခါမျိုး၌ အသနားခံသည်ကို သနား ကြင်နာတတ်သော ဘုရင်စိုးမင်းသည် တောင်းဆိုသည့် အခွင့်အရေးထက်ပင် ပိုမို၍ အခွင့်အရေး ပေးတတ်လေသေး သည်။

လူထုလည်း ဤကဲ့သို့ပင် ဖြစ်လေသည်။ အကယ်၍သာ ဟက်စတာ ပရင်းက "ငါကလည်း လူပင် ဖြစ်သည်။ လူ၏ အခွင့်အရေးကိုပေးပါ" ဟု တောင်းဆိုခြားအံ့။ လူထုသည် ဟက်စတာပရင်းအား ပို၍ပို၍ နှိပ်စက်ကြမည်ပင် ဖြစ်လေသည်။ သို့သော် ဟက်စတာပရင်းက ယခုကဲ့သို့ မိမိ ရသင့် ရထိုက်သော အခွင့်အရေးများကို တောင်းဆိုခြင်း မပြုသည့်အပြင် သူ၏ ကျေးဇူးများကို ပြန်လည်၍ ပေးဆပ်ခြင်းကိုပင် မခံယူဘဲ ရှိနေသောကြောင့် လူထုသည် ဟက်စတာပရင်းအား အခွင့်အရေး ပို၍ ပို၍သာ ပေးချင်သောစိတ် ပေါ်ပေါက်၍ နေကြလေသည်။ ထို့ကြောင့် ယခင်က မျက်နှာကို တံတွေးနှင့် ထွေးကြမလောက် စက်ဆုပ်ရွံရှာခဲ့ကြသော လူထုသည် ယခုအခါတွင် ဟက်စတာပရင်းအား ကြည့်ကြသောအခါ၌ ပြုံးချိုသော မျက်နှာ၊ ကြင်နာသော မျက်နှာများဖြင့် သာလျှင် ကြည့်ကြသော အခြေအနေသို့ ဆိုက်ရောက်လာခဲ့ရလေသည်။

မြို့သူမြို့သားတို့က ဟက်စတာပရင်းအား ခွင့်လွှတ်နိုင်ကြပြီ ဖြစ်သော်လည်း မြို့အုပ်မြို့ချုပ် အရာရှိများကမူ ဟက်စတာပရင်းအား တဖြည်းဖြည်းတွင်မှသာလျှင် ခွင့်လွှတ်နိုင်ကြပေသည်။ ဟက်စတာပရင်း၏အရည်အချင်းများကို မြို့သူမြို့သားတို့က ချီးမွမ်းသော်လည်း မြို့ရွာ ခေါင်းဆောင် လူကြီးများကမူ ဟက်စတာပရင်း၏ အကဲအလေးကို ဆက်လက်၍ပင် မျက်ခြည်မပြတ် စောင့်ကြည့်နေကြ လေသည်။ သို့သော် ဟက်စတာပရင်း၏ ကောင်းသတင်းမှာ တနေ့ထက်တနေ့ မွှေး၍သာ လာခဲ့လေရာ ဟက်စတာပရင်းအား မျက်မှောင်ကြီး တကြုတ်ကြုတ်နှင့် ကြည့်လေ့ရှိသော လူကြီးများ၏ မျက်နှာများသည်လည်း တဖြည်းဖြည်းနှင့် မျက်မှောင် မကြုတ်တော့ဘဲ ပြေပြစ်၍ လာခဲ့ပေသည်။ အချို့ အချို့သော လူကြီးများသည် ဟက်စတာပရင်းနှင့် တွေ့ရလျှင် ဟက်စတာပရင်းအား ကျေးဇူးပြုလိုသော အသွင်ကို ဆောင်ကြလေသည်။

ဤအခြေသို့ ရောက်လာသောအခါ သာမန် မြို့သူမြို့သားတို့၏အဖို့တွင်ကား ဟက်စတာပရင်း၏ အရှက်ကွဲ တံဆိပ်ကြီးဖြစ်သော "အေ" အက္ခရာပင်လျှင် သူတို့၏ အဖို့၌ ဂုဏ်ယူဖွယ်ရာ အက္ခရာကြီးတလုံး အဖြစ်သို့ ရောက်၍နေလေသည်။ ဟက်စတာပရင်း တကြိမ်တခါ မှားမိသည့် အမှားကို အားလုံးကပင် ခွင့်လွှတ်နိုင်ကြပြီးသည့်နောက် ဟက်စတာ ပရင်း၏ ရင်အုံတွင်ရှိသော ထို "အေ" အက္ခရာသည် ခုနစ်နှစ်တိုင်တိုင် အပြစ်ဒဏ်ကို မညည်းမညူ ခံနိုင်စွမ်းရှိသော သတ္တိကိုပြသည့် အက္ခရာတလုံး ဟူ၍ ယူဆလာကြသည်။ ထို့ပြင် မြို့သူမြို့သားတို့၏ ကောင်းကျိုးကို ဆောင်စေသော အက္ခရာကြီးတလုံးဟူ၍လည်း ယူဆလာကြလေသည်။ ထို့ကြောင့် အကယ်၍ အခြားတရပ်တကျေးမှ ဧည့်သည်များ ရောက်၍လာလျှင် ဟက်စတာ ပရင်းကို ပြ၍-

"ဟော... ဟော... ဟော ဟို "အေ" အက္ခရာနဲ့ မိန်းမကို မြင်လား။ ဟိုမှာ ရင်ဘတ်မှာ ရွှေချည်ထိုးတံဆိပ်နဲ့လေ။ အဲဒါဟာ တို့မြို့က... ဟက်စတာပရင်း ဆိုတာပေါ့။ တမြို့လုံးက သူ့ကို ချစ်ကြတယ်၊ ဆင်းရဲတဲ့လူတွေကိုလည်း ပေးကမ်း စွန့်ကြဲတတ်တယ်၊ မကျန်းမမာဖြစ်တဲ့ လူတွေကိုလည်း ကူညီတတ်တယ်၊ ကပ်ရောဂါ ကျရောက်နေတဲ့ လူတွေကိုများဆိုရင် သိပ်ပြီး ပြုစုတာပေါ့"

စသည်ဖြင့် ဂုဏ်တယူယူ ပြောတတ်ကြပေသည်။

ဟက်စတာပရင်း အရှက်တကွဲ အကျိုးနည်း ဖြစ်ရစဉ် ပူပူနွေးနွေးတုန်းက လူအပေါင်းတို့သည် ကဲ့ရဲ့ချင်တိုင်း ကဲ့ရဲ့ခဲ့ကြ၏။ ယခုမူ အချိန်ကာလက ကုစားလိုက်ပြီ ဖြစ်သောကြောင့် ကဲ့ရဲ့မည့်သူဟူ၍ မရှိတော့ပေ။ ဟိုယခင်က ကဲ့ရဲ့ဖူးသောသူတို့၏ မျက်စိ၌ပင်လျှင် ဟက်စတာ ပရင်း၏ အရှက်ကွဲ တံဆိပ်ကြီးမှာ ခရစ်ယာန်သာသနာပြု အမျိုးသမီးတဦး၏ ရင်အုံတွင် ဆင်မြန်းသော လက်ဝါးကပ်တိုင် တံဆိပ်သဖွယ် ထင်မှတ်၍ နေကြပေသည်။ လူဆိုးသူဆိုးတို့၏ အလယ်သို့ ရောက်သွားစေကာမူ ဟက်စတာ ပရင်းမှာ ဘေးမထိ ရန်မခသော အခြေအနေမျိုးကို ရရှိ၍လာ၏။ ထို့ကြောင့် ဟက်စတာပရင်းသည် စိတ်၏ လုံခြုံမှုကို တနေ့ထက်တနေ့ ရရှိသည်ထက် ရရှိလာပေသည်။ ဟက်စတာပရင်းနှင့် ပတ်သက်၍ လူအများ ပြောဆိုကြသော ဒဏ္ဍာရီသဖွယ် အဖြစ်အပျက်တခုလည်း ရှိပေသေးသည်။ ယင်းသည်မှာကား အခြားမဟုတ်၊ လူရိုင်းနီတယောက်သည် ဟက်စတာ ပရင်း၏ ရင်အုံကို မြားဖြင့် ပစ်သည်ဆို၏။ မြားသည် ရင်အုံပေါ်ရှိ "အေ" အနီကို ထိမှန်ကာ အတွင်းသို့ ဖောက်ထွင်း၍ မသွားဘဲ မြေပေါ်သို့ ကျ၍ သွားသည်ဟု ဆိုလေသည်။ ယင်းသည့် စကားကို ယုံကြည်သူ အများအပြားပင် ရှိကြပေသည်။

ထို "အေ" အက္ခရာ၏ အစွမ်းသည် အချို့သူတို့ကို စိတ်ထား ပြောင်းလဲစေခဲ့သလောက် ဟက်စတာပရင်းကိုယ်တိုင်ကိုလည်း များစွာပင်

ပြောင်းလဲစေခဲ့ပေသည်။ ဤ“အေ” အက္ခရာ၏ အစွမ်းကြောင့် ဟက်စတာပရင်းသည် လူ့လောကအလယ်တွင် အဆင့်အတန်း တမျိုးမှ တမျိုးသို့ ပြောင်းလဲလာခဲ့ရ၏။ ထို “အေ” အက္ခရာ၏ အစွမ်းကြောင့်ပင်လျှင် ဟက်စတာပရင်း၏ စိတ်ကလည်း များစွာ ပြောင်းလဲသွားပေသည်။ ဟက်စတာပရင်းသည် ထို “အေ” အက္ခရာကို ဆင်မြန်းရသည့်အချိန်မှစ၍ သာမန်မိန်းမသားတယောက်နှင့် လုံးဝ မတူတော့ဘဲ ဖိုကျင် ထိုးအပ်သော ရွှေကဲ့သို့ လုံးဝ ကင်းစင်၍ လာခဲ့လေသည်။ ဆောင်းတွင်းအခါတွင် နှင်းရိုက်သည်၌ အဖူးအရွက်များ ကြွေကျကာ ရိုးတံချည်းသာ ဣတ္ထိယ သဘာဝပင် ပျောက်လျက် ရှိနေ၏။ ဆင်းရဲဒုက္ခကို မလှတပ အကြီးအကျယ် တွေ့ကြုံရသော မိန်းမသားတိုင်းပင် မိန်းမတို့၏ ပင်ကို သဘာဝသည် ပျောက်ကွယ်ရစမြဲ ဖြစ်ရလေတော့သည်။

အကယ်၍သာ ဟက်စတာပရင်းသည် မိန်းမသားတို့၏ စိတ်ဓာတ်မျိုးကိုသာ မွေး၍ သိမ်မွေ့ နူးညံ့သော စိတ်မျိုးကို ထားရှိမြဲ ထားရှိနေပါက သူ တွေ့ကြုံခံစားရသော လောကဓံတရား၏ ဒဏ်ချက်အောက်တွင် သိသိညက်ညက် ကြေကာ သေပွဲဝင်ဖွယ်ရာသာလျှင် ရှိတော့သည်။ အသက်နှင့်ကိုယ် မြဲ၍ ယှဉ်နေနိုင်ရန် မိန်းမတို့၏ နူးညံ့သိမ်မွေ့သော သဘာဝကို ဖျောက်ဖျက် ချေမှုန်းပစ်မှသာ အသက်နှင့် ခန္ဓာကိုယ် အိုးစားမကွဲဘဲ နေနိုင်မည် ဖြစ်ပေသည်။ ဟက်စတာ ပရင်းသည် ယခုအခါ၌ဆိုလျှင် မိန်းမသဘာဝ ကင်းမဲ့သော မိန်းမတယောက်အဖြစ်သို့ ရောက်ရှိ၍ နေပေသည်။ သူသည် မည်သည့်အခါမျိုးတွင် မိန်းမပီသသော မိန်းမသားတယောက်၏ ဘဝသို့ ပြန်လည်ရောက်ရှိလာမည်ကိုကား ကံတရားက စီမံပေးမှသာ ရောက်ရှိနိုင်လိမ့်မည်ဖြစ်ရာ ကံတရားသည် ဟက်စတာပရင်းအား မည်ကဲ့သို့ စီမံဖန်တီးလိမ့်မည်ကို ကျွန်ုပ်တို့ စောင့်စား၍ ကြည့်ရှုရန်သာ ရှိလေတော့သည်။

ကျောက်သားပကတိကို ထုလုပ်၍ ထားအပ်သော အရုပ်ကဲ့သို့ ဟက်စတာပရင်း ဣန္ဒြေမြဲမြဲ တည်တံ့လှခြင်းမှာ အခြားကြောင့် မဟုတ်ပေ။ ဟက်စတာပရင်းသည် ယခင်အခါက ခံစားမှု ကိုသာ နားလည်သူ ဖြစ်ခဲ့၏။ ယခုကဲ့သို့ ဒုက္ခကြီး တွေ့ရသောအခါတွင်မူ ဟက်စတာပရင်းသည် စိတ်၏ ခံစားမှုထက် တွေးတောမှုဘက်တွင် ပိုမို၍ သန်စွမ်းလာရသောကြောင့် ဖြစ်လေသည်။ လောကအလယ်တွင် တယောက်တည်း ရပ်တည်ရသောအခါ၌ လူ့အသိုက်အဝန်းကြီးကို အားကိုးရာ မမြင်။ သမီးကလေး ပုလဲကိုလည်း ဆုံးမပဲ့ပြင်၍ ဘေးအန္တရာယ် အမျိုးမျိုးတို့မှ ကာကွယ်ရသေးလေသည်။ လောကအလယ်၌ ယောက်ျား ကြီးကြီးမားမား လင်သားဟူ၍လည်း မရှိ။ မိမိတဦးတည်းသာလျှင် ဖြစ်ခဲ့သည်။ တဖန် မိမိ ယခင်က နေထိုင်ခဲ့သော အခြေအနေမျိုးကို ပြန်လည်ရရှိရပါလျှင် ဝမ်းသာရမည် ဖြစ်သည့်တိုင်အောင် ထိုအခြေအနေမျိုးကို ပြန်လည်ရရှိရန် မျှော်လင့်ချက်လည်း မထားတော့။

လူ့လောကနှင့် မိမိသည် အဆက်အပြတ်ကြီး ပြတ်ခဲ့ချေပြီ။ သို့ ပြတ်ခဲ့သော ကွင်းဆက်ကလေးများကို နှမြောတောင့်တ၍ မနေဘဲ ယတိပြတ်ပင် သံယောဇဉ် နှောင်ကြိုးများကို ဖြတ်နိုင်သမျှ ပြတ်ပြတ်တောင်းတောင်း ဖြတ်တောက်ပစ်ခဲ့ပေသည်။

ဤခေတ်မှာ လူတို့၏အသိဉာဏ် တိုးတက်၍နေသောခေတ် ဖြစ်၏။ လူတို့သည် ယခင် ရှေးအခါများကထက် ပိုမို၍ လှုပ်လှုပ်ရှားရှား ရှိကာ ယခင်ကထက် လွတ်လပ်စွာ တွေးဝံ့ ခေါ်ဝံ့သော သတ္တိ လူတိုင်းတွင် ရှိစပြုကြသောခေတ် ဖြစ်လေသည်။ ရှေးဟောင်း အယူဝါဒတို့ဖြင့် တုပ်နှောင်ထားခြင်းကို ခံရသော စိတ်ဓာတ်များသည်လည်း ရုန်းကန်လှုပ်ရှား၍ လွတ်မြောက်ခါစ ကာလလည်း ဖြစ်ပေသည်။ ဓားကို ကိုင်ဝံ့သောသူတို့သည် ယခင်က မိမိတို့အပေါ်တွင် အမြဲတစေ ဖိစီးနှိပ်စက်၍နေကြသော မှူးမျိုး မတ်မျိုး မင်းမျိုး စိုးမျိုးတို့ကို တော်လှန် ပုန်ကန်ခဲ့ကြသောခေတ်ဖြစ်၏။ ဓားလွတ်ကိုင်သူတို့ထက် ပိုမို၍ ရဲဝံ့သော သူတို့သည်လည်း ရှေးဟောင်း အယူအဆ အဆောက်အအုံကြီးတခုလုံးကို အပြီးပိုင် ဖြိုချ၍ကာ အယူအဆ အသစ်၊ အတွေးအခေါ်သစ်တို့ကို လွတ်လပ်စွာ တွေးခေါ်ဝံ့သူများ ဖြစ်၏။ ရှေးဟောင်း ကျင့်ထုံးများက ချမှတ်ထားသည့် လမ်းစဉ်များအတိုင်း မတွေးတောဘဲ လွတ်လပ်စွာ တွေးတောနိုင်သောခေတ် ဖြစ်လေသည်။

ယင်းကဲ့သို့ အတွေးအခေါ်၏ လွတ်လပ်မှုကို မြတ်နိုးသောကြောင့်ပင်လည်း ဥရောပတိုက်ရှိ လူတို့သည် ဤတောကြီး မျက်မည်းမျှသာ ရှိသေးသော အမေရိကတိုက်သို့ လာရောက်၍ နယ်သစ်ပယ်သစ် ထူထောင်ကြပြီးလျှင် နယ်သစ်ပယ်သစ် ဖွင့်သူတို့၏ အတွေးအခေါ်များသည် ဥရောပတိုက်မှာဆိုလျှင် သေဒဏ် အပြစ်ပေးရလောက်အောင် ကြီးကျယ်သော အတွေးအခေါ် မျိုးတို့ ဖြစ်၍ နေပေသည်။

ပင်လယ်ကမ်းခြေတွင် တအိမ်ထီးတည်း အားငယ်ဖွယ်ရာ သားအမိ နှစ်ယောက် နေရရှာသော ဟက်စတာပရင်းသည် မြို့နှင့် အဆက်ပြတ်၍ နေသောကြောင့် လွတ်လပ်စွာ တွေးတော၍ နေနိုင်ပေသည်။ အတွေးအခေါ် အမျိုးမျိုးတို့သည် ဟက်စတာပရင်း၏ ဦးနှောက်ထဲတွင် ဝင်ရောက်၍ လာကြ၏။ ထိုအတွေးအခေါ် အသစ်တို့မှာ အခြားအခြားသော သူများသည် မတွေးမခေါ်ဝံ့သော အယူအဆမျိုးများ ဖြစ်လေသည်။

အတွေးအခေါ် ဆန်းသစ်သော သူများသည် ရှေးဟောင်းထုံးစံများကို အနာခံဆုံးသော သူများ ဖြစ်လေ့ရှိကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူမျိုးတို့သည် တွေးချင်တိုင်း လွတ်လပ်စွာ တွေး၍ နေရခြင်းနှင့်ပင် ကျေနပ်နှစ်သိမ့်၍ နေကြ၏။ မိမိတို့၏ ဆန်းသစ်သော၊ တော်လှန်သော

အတွေးအခေါ် အယူအဆများကို ကိုယ်ထိလက်ရောက် ကျင့်ကြံရန် အားထုတ်လိုသောသူများ မဟုတ်ကြပေ။ ဟက်စတာပရင်းသည်လည်း ထိုကဲ့သို့သော သူတဦးပင် ဖြစ်ဟန် တူလေသည်။

သို့ရာတွင် အကယ်၍သာ ပုလဲကလေး ပေါ်ပေါက်မလာပါက ဟက်စတာပရင်းသည် ယခုကဲ့သို့ တွေးချင်ရာကို တွေးရသောအခါ၌ ရှေးဟောင်းထုံးစံများ၏ အကွပ်အညှပ်မျိုးကိုလည်း သည်းခံ လိုက်နာ၍ နေသူ ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်။ ပုလဲကလေးသာ ပေါ်ပေါက်မလာပါက ဟက်စတာပရင်းသည် ခေတ်ပြိုင် အမျိုးသမီးတယောက်အဖြစ်ဖြင့် သမိုင်းတွင် ထင်ရှားကောင်း ထင်ရှားနိုင်စရာလမ်း ရှိသည်ဟု ထင်မှတ်ရပေသည်။ ဘာသာဂိုဏ်းကွဲတခုကို တီထွင်သူတဦး ဖြစ်လျှင်လည်း ဖြစ်၍ လာပေလိမ့်မည်။ နောင်တခေတ်တွင် ဖြစ်ပေါ်လာမည့် အတွေးအခေါ် တို့ကို ရှေးဦးပထမ တင်ပြသူ ဖြစ်၍လာကောင်းလည်း လာပေလိမ့်မည်။ ခေတ်၏ ရှေ့သို့ ပြေး၍ အတွေးအခေါ် အသစ်အဆန်းများကို တီထွင်သူ ဖြစ်သောကြောင့် ထိုခေတ်က အစိုးရတို့သည် ဟက်စတာပရင်းအား သေဒဏ်ပင်လျှင် ပေးကောင်း ပေးပေလိမ့်မည်။ ဤမျှပင် အတွေးအခေါ် လွတ်လပ်သော ဟက်စတာပရင်းသည် သူ၏ အတွေးအခေါ် အယူအဆများ အတိုင်း လိုက်နာ၍ မကျင့်ကြံနိုင်သည်မှာ အခြားကြောင့် မဟုတ်။ ပုလဲအတွက်သာလျှင် ဖြစ်လေသည်။ ရင်သွေး ကလေး ရှိနေသည့်အတွက်ပင် ဟက်စတာ ပရင်းသည် မိမိ အတွေးအခေါ်များအတိုင်း နေထိုင် ကျင့်ကြံ လုပ်ကိုင်ရန် မတတ်သာဘဲ အများလက်ခံ၍ထားသော ဓလေ့ထုံးစံများကို လက်ခံ နေရပေသည်။

သို့တိုင်အောင် ဟက်စတာပရင်းသည် ကလေးငယ်အား ဆုံးမသွန်သင်ရာ၌ မိမိ၏ အတွေးအခေါ် အယူအဆများက ဝင်ရောက်လွှမ်းမိုးခြင်းကို ခံရလေသည်။ မိမိကိုယ်တိုင်က မိန်းမတို့၏ သဘာဝတရားကို ဖျက်ခြေ၍ ထားသော်လည်း သမီးကလေးကိုမူ မိန်းမသဘာဝနှင့် ကိုက်ညီအောင် ဆုံးမပဲ့ပြင်၍ နေမိပေသည်။ သမီးကလေးကို ကြီးပြင်းလာအောင် မွေးမြူရာ၌ ဟက်စတာပရင်းမှာ များစွာပင် ကြီးမားသော အခက်အခဲတမျိုးမှာကား ပုလဲကလေးက မိမိအား ချစ်ခင်ပုံ မပြခြင်းပင် ဖြစ်၏။ တမြို့လုံးကလည်း မိမိအား ဂရုမစိုက်၊ ရင်သွေးကလေး ကိုယ်ကပင်လျှင် မိခင်ဖြစ်သူအား များစွာ မခင်တွယ်။ သို့ဖြစ်သောကြောင့် တခါတရံတွင် ဟက်စတာပရင်းသည် အသည်း အနာကြီး နာ၍ ပုလဲကလေးသည် ကံကောင်းသဖြင့် လူ့ပြည်သို့ ရောက်လာရလေသလော၊ သို့တည်းမဟုတ် ကံဆိုးသဖြင့် လူ့ပြည်သို့ ရောက်လာရှာလေသလော ဟု တွေးမိမှားရှာလေသည်။

ကိုယ့်ဘဝကို ကိုယ်ပြန်လည်၍ သုံးသပ်ကြည့်လိုက်သောအခါတွင် ဟက်စတာပရင်းသည် မိန်းမသားတို့၏ဘဝကို တွေး၍ နေမိလေသည်။ မိန်းမသားတို့၏ ဘဝသည် အဘယ်မျှပင် ကုံလုံပြည့်စုံစေကာမူ ဤလောကမြေပြင်၌

စိတ်ချမ်းသာဖွယ်ရာ ကောင်းပါ၏လောဟု တွေးတောမိ၏။ မိမိကိုယ်တိုင်၏အဖို့တွင် မိန်းမဘဝသည် စိတ်ချမ်းသာစရာ တကွက်မှ မရှိသော ဘဝ ဖြစ်သည်ဟု အပြီးအပိုင် ဆုံးဖြတ်ထားပြီး ဖြစ်၏။ မိန်းမသားများသည် ယောက်ျားသား များ၏ လက်တွင်းဝယ် အလွန်တရာ ချုပ်ချယ် ဖိနှိပ်ခြင်းကို ခံရ၍ လူမှုအဆောက်အအုံကြီး တခုလုံးကို ပြို၍ကျပြီးကာ အသစ်ပြန်လည် တည်ဆောက်လျက် မိန်းမသားတို့အား သူတို့နှင့် သင့်တင့်သော နေရာကောင်းတွင် ထား၍ အခွင့်အရေး ပေးအပ်သင့်သည်ဟု ဟက်စတာပရင်း ယူဆလေသည်။ မိန်းမသားတို့၏ အဆင့်အတန်းကို မည်မျှပင် မြင့်တင်လိုစေကာမူ မိန်းမသားတို့ ကိုယ်တိုင်က မိမိတို့၏အရည်အချင်း တိုးတက်လာမှသာလျှင် ပို၍မြင့်သော အခြေအနေသို့ တက်နိုင်မည်ဟုလည်း ဟက်စတာပရင်း တွေး၏။ သို့ဖြစ်သောကြောင့် ဟက်စတာပရင်းသည် အောက်တန်းကျလှသော မိန်းမသားတို့၏ အခြေအနေကို မြှင့်တင်ရန် စဉ်းစားလိုက်မိတိုင်း ဖြေရှင်း၍ မရနိုင်သော ပြဿနာ အမျိုးမျိုးတို့နှင့် ချည်းသာလျှင် တွေ့ကြုံနေရပေတော့သည်။

အက္ခရာအနီသည် ဟက်စတာပရင်း၏ စိတ်ကို ကျိုးနွံသွားအောင် အပြစ်ဒဏ်ခတ်သည့် အထိမ်းအမှတ် အက္ခရာပင် ဖြစ်၏။ သို့သော်လည်း ဟက်စတာပရင်း၏ စိတ်ဓာတ်ကို ပိုမို၍ ခိုင်မာအောင် ဖန်တီးနေဘိသကဲ့သို့လည်း ဖြစ်၍ နေပေသည်။

သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးနှင့် တွေ့ရသည့်အချိန်မှစ၍ ဟက်စတာပရင်းသည် တာဝန်ကြီးတခု ပို၍ လာပြန်လေသည်။ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် ကြီးမားလှသော စိတ်ဝေဒနာ ဖိစီးခြင်းကို ခံစား၍ နေလေရာ ထိုဝေဒနာမှ လွတ်မြောက်ရန် မချိမဆံ့ ရုန်းကန်၍ နေရသည်ကို ဟက်စတာပရင်း မြင်မိ၏။ စင်စစ်တွင်မူ ဒင်းမစ်ဒေးသည် ထိုစိတ်ဝေဒနာ၏ ဒဏ်ချက်ကို မလူးသာ မလွန့်သာဘဲ ခါးစီး၍ ခံနေရသည်ဟုလည်း ဟက်စတာပရင်း တွေးတောမိ၏။ တခါတရံတွင် ရူး၍နေပြီလားဟုပင် ဟက်စတာပရင်း တွေးတောမိလေသေးသည်။ အတွင်းကျိတ် အရှက်ကြီး ရှက်ကာ နောင်တ အရကြီး ရ၍ နေသောကြောင့် စိတ်ပင်ပန်းရသည်သာ မကသေး။ ရန်သူက ဝေဒနာကို ကုစားပေးပါမည် ဟူသော ကောင်းလှသော စကားကို ဆိုကာ စိတ်ဝေဒနာကို ပိုမို၍ ဆိုးဝါးအောင် ဖန်တီး၍ နေခြင်း ခံရသည်မှာလည်း အထင်အရှားပင် ဖြစ်လေသည်။ လျှို့ဝှက်သော ရန်သူက မိတ်ဆွေကောင်း တယောက်၊ ကူညီသူတယောက်၏ အဟန်ကို ဆောင်၍ ဒင်းမစ်ဒေး၏ အတွင်းရေးများကို သိကာ ဖမ်းစားချင်တိုင်း ဖမ်းစား၍ နေသည်မှာကား ဟက်စတာပရင်း အဖို့တွင် ယူကျုံးမရအောင် ဖြစ်တော့သည်။

ဒင်းမစ်ဒေးနှင့် မမှားမကြမီက ဒင်းမစ်ဒေးသည် အလွန်တရာ

စိတ်ခေတ်ခိုင်မာခဲ့၏။ ဒင်းမစ်းက မှားချင်စေကာမူ အကယ်၍ မိမိ ခွင့်မပြုခဲ့ပါက ဤမှားယွင်းသောကိစ္စကြီး ပေါ်ပေါက်လာမည် မဟုတ်ပေ။ မိမိသည် ဒင်းမစ်ဒေးနှင့် အလိုတူ၊ စိတ်တူ၊ သဘောတူ မှားခဲ့သည်ဖြစ်ရာ ဒင်းမစ်ဒေးအား မှားခွင့်ပေးခဲ့ခြင်းသည် ဒင်းမစ်ဒေး နောင်အခါ၌ စိတ်ဒုက္ခ ရောက်ရမည့် အရေးကို မမျှော်တွေးဘဲ မိုက်မှားမိခြင်း ဖြစ်သည်ဟု ဟက်စတာပရင်း ယူဆနေမိလေသည်။ ထိုကြောင့် မိမိသည် ဒင်းမစ်ဒေးအား တတ်နိုင်သမျှဆုံးသော နည်းဖြင့် စိတ်သက်သာရာ ရအောင် ကြံဆောင်ရတော့မည်ဟု နားလည်၍ ထားပြီးလျှင် ထိုကဲ့သို့ ကြံဆောင်ရန် နည်းလမ်းကို ရှာဖွေ၍ နေမိလေတော့သည်။ ရရှိသော နည်းလမ်းမှာကား အခြား မဟုတ်။ မိမိ၏ ခင်ပွန်းဟောင်း ဖြစ်ခဲ့သူ ရော်ဂျာချီးလင်းဝပ်နှင့် မျက်နှာချင်း ဆိုင်ကာ ထိုပြဿနာကို ဖြေရှင်းပြီး ဒင်းမစ်ဒေးအား နောက်ထပ် မနှိပ်စက်ရန် တောင်းပန်ဖို့ နည်းလမ်းပင် ဖြစ်လေသည်။

ယခင်က ဟက်စတာပရင်းသည် လင်ငယ်နေမိသော မိန်းမသားတယောက်အနေဖြင့် လင်ကြီး ဖြစ်သူ ရော်ဂျာချီးလင်းဝပ်အား အကြောက်ကြီး ကြောက်ခဲ့ရ၏။ မိမိ သစ္စာဖောက်ဖျက်မိသော ပြစ်မှုအတွက် ခုနစ်နှစ်တိုင်တိုင် အပြစ်ဒဏ်ကို ခံပြီးပြီဖြစ်ရာ ဟက်စတာပရင်း သတ္တိသည် ထိုခုနစ်နှစ်တာ အတွင်းဝယ် ကြီးထွား၍ လာခဲ့၏။ သန့်ရှင်းသည်ထက် သန့်ရှင်းလာခဲ့၏။ ခင်ပွန်းဟောင်း ရော်ဂျာချီးလင်းဝပ်မှာမူကား သူတပါးအား အတွင်းကျိတ် နှိပ်စက်ခြင်း၊ ဟန်ဆောင်ခြင်း၊ လက်စားချေခြင်းတည်းဟူသော မကောင်းမှုတို့ကို ပြုရခြင်းအားဖြင့် တဖြည်းဖြည်း စိတ်ဓာတ် အခြေအနေမှာ နိမ့်ဆင်းလာရပြီဖြစ်ရာ ဟက်စတာပရင်းသည် ရော်ဂျာ ချီးလင်းဝပ်နှင့် မျက်နှာချင်းဆိုင်ရန် မကြောက်ရွံ့တော့ပေ။

ဟက်စတာပရင်းသည် သူ၏ ခင်ပွန်းဟောင်း ရော်ဂျာချီးလင်းဝပ်ကို တွေ့ဆုံပြီးနောက် ဒင်းမစ်ဒေးအား ထပ်မံ၍ မနှိပ်စက်ရန် တောင်းဆိုမည်ဟု ဆုံးဖြတ်လိုက်၏။ ရော်ဂျာ ချီးလင်းဝပ်နှင့် တွေ့ဆုံရန်မှာကား များစွာပင် မခဲယဉ်းပေ။ အဘယ်ကြောင့်ဆိုသော် တနေ့၌ မွန်းလွဲအချိန်တွင် ဟက်စတာပရင်းနှင့် ပုလဲကလေးတို့သည် ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်နေကြ၏။ များမကြာမီ ခပ်ဝေးဝေး၌ ဆေးဆရာကြီး ရော်ဂျာ ချီးလင်းဝပ်ကို လှမ်း၍မြင်ရလေသည်။ အဘိုးကြီးသည် တောင်းတလုံးကို လက်ကပိုက်ရင်း ကျန်လက်တဖက် ဖြင့် တောင်ဝှေးတချောင်းကို ဆွဲကိုင်၍ ထားပေသည်။ တကုပ်ကုပ်နှင့် ကမ်းစပ်တွင် ပေါက်၍ နေသော သစ်ပင်များမှ ဆေးဖက်ဝင်မည့် သစ်ဥသစ်ဖု၊ သစ်ရွက်များကို လိုက်လံရှာဖွေနေသည် ကို ဟက်စတာပရင်း မြင်ရလေရာ ဤအချိန်သည်ပင် ရော်ဂျာ ချီးလင်းဝပ်နှင့် မိမိတို့ ရင်ဆိုင် တွေ့ကြရမည့် အချိန်ပင် ဖြစ်သည်ဟု နားလည်၍ ထားလိုက်လေသည်။

၁၅။ ဟက်စတာနှင့် ဆေးဆရာကြီး

ဟက်စတာပရင်းသည် ပုလဲကလေးအား ရေစပ်သို့ ပြေးသွားပြီးလျှင် ခရုခွံကလေးများ၊ ပင်လယ် ရေမှော်များနှင့် ကစား၍နေရန် ပြောလိုက်သည်။ သို့မှသာလျှင် ဆေးဖက်ဝင်သော သစ်ဥ၊ သစ်မြစ်များကို ရှာဖွေနေသူ ဆေးဆရာ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်နှင့် စကားပြောရန် အချိန်ရရှိနိုင်မည် ဖြစ်၏။ သူ့မိခင်က လွတ်လပ်စွာ ကစားခွင့် ပေးလိုက်သောအခါတွင် သမီးကလေးသည် ငှက်ကလေးတကောင် ပျံ၍ သွားဘိသကဲ့သို့ ရေစပ်သို့ ပြေး၍ ဆင်းသွားလေသည်။ ရေစို၍နေသော ပင်လယ်စပ် သောင်ပြင်တလျှောက် တွင် ခြေဖဝါးကလေးများ ပေါ်အောင် အားရပါးရ ပုလဲကလေး ပြေးသွားပုံမှာ လျှင်မြန်ဖျတ်လတ်လှပေသည်။ အချို့ အချို့သော နေရာများတွင် ပုလဲကလေးသည် ရုတ်တရက် ရပ်လိုက်ပြီးလျှင် သောင်ခုံပေါ်၌ ရှိနေသော ရေအိုင်ကလေးများကို ငုံ့၍ ကြည့်နေလေသည်။ ထိုရေအိုင်ကလေးများမှာကား ဒီရေအကျတွင် သောင်ပြင်ရှိ သဲလှိုင်းတွန့်ကလေးများ၌ ဖြစ်ထွန်း၍ ကျန်ရစ်ခဲ့သော ရေအိုင်ကလေးများ ဖြစ်ကြလေသည်။

ရေအိုင်ကလေးများသည် မှန်ပြင်ကဲ့သို့ ကြည်လင်၍ နေကြပေသည်။ အိုင်ထဲသို့ ပုလဲ ငုံ့၍ ကြည့်လိုက်သောအခါတွင် သူ၏ အရိပ်ကလေးသည် ကြေးမုံပြင်၌ ပေါ်သကဲ့သို့ ပေါ်၍လာ၏။ သူ့အရိပ်မှာ ပြောင်လက်သော ဆံပင်ခွေကလေးများနှင့် ပြုံးစေ့စေ့ကလေး လုပ်နေသော မျက်နှာရိပ်ကလေး ဖြစ်လေသည်။ ပုလဲသည် အခြား ကလေးတယောက်နှင့်မျှ ကစားဖော် ကစားဖက် မဖြစ်ခဲ့ဖူးရှာပေ။ ထို့ကြောင့် ရေအိုင်ထဲက သူ့အရိပ်ကလေးကို မြင်သောအခါတွင် အရိပ်ကို အပြေးပြိုင်တမ်း ကစားရန် ခေါ်၍ နေရှာလေသည်။ သို့ရာတွင် အရိပ်ကလည်း ပုလဲကလေးအား သူ့လက်ဟန် ခြေဟန်အတိုင်း ပြန်၍ ခေါ်နေသဖြင့် ပုလဲသည် အိုင်ကလေး ထဲသို့ ခုန်၍ ဆင်းလိုက်လေသည်။ ခြေသလုံးတဝက်ခန့် နစ်သွားပြီးသည့်နောက် ပုလဲသည် သူ့ခြေထောက်ကလေးများကို ရေအိုင်ထဲ၌ သူ မြင်၍နေ၏။ ရေမျက်နှာပြင်တွင်ကား ခပ်ပြုံးပြုံး မျက်နှာရိပ်ကလေး တခုသည်လည်း ရေလှုပ်ရှားသည်နှင့်အမျှ တလှုပ်လှုပ် တရွရွ ဖြစ်နေသည်ကို လည်း မြင်ရလေ၏။

ပုလဲကလေး ပျော်ရွှင်နေသည့် အခိုက်တွင် သူ၏ မိခင်သည် ဆေးဆရာကြီးနှင့် ရင်ဆိုင်တွေ့ပြီ ဖြစ်လေသည်။

"ကျွန်မ ရှင်နဲ့ စကားတခွန်း ပြောချင်တယ်၊ ဒီစကားဟာ ကျွန်မတို့အဖို့မှာ

အင်မတန် အရေးကြီးတဲ့ စကားဖြစ်ပါတယ်” ဟု ဟက်စတာပရင်းက ဆေးဆရာကြီးအား လှမ်း၍ ပြောလိုက်၏။ တကုန်းကုန်းနှင့် သစ်ဥ၊ သစ်မြစ်များကို ရှာဖွေနေရာမှ အဘိုးကြီးသည် မတ်မတ် ရပ်လိုက်ပြီးလျှင်-

“အလို… မ ဟက်စတာက အဘိုးကြီး ရော်ဂျာချီးလင်းဝပ်ကို စကားပြောချင်တယ်ဆိုကိုး။ ပြောပါ ခင်ဗျာ ပြောပါ၊ ဘာများ ပြောချင်သလဲ၊ ပြောတာပေါ့။ အဲ… အဲ၊ မြို့ထဲမှာ ရှိရှိသမျှ လူတွေကတော့ ခင်ဗျားကောင်းသတင်းကို ပြောကြပါ့ဗျာ ပြောကြပါ့၊ ခင်ဗျား ကောင်းသတင်း ကဖြင့် ဟိုးဟိုးကျော်နေတာပါပဲ။ မနေ့က ညနေပဲ ကျုပ် တရားသူကြီး တယောက်နဲ့ တွေ့သေးတယ်။ တွေ့တော့ ခင်ဗျားအကြောင်းကို ကျုပ်နဲ့ ဆွေးနွေးမိကြသေးရဲ့၊ အဲဒီ တရားသူကြီးက ပြောလိုက်သဗျ။ ခင်ဗျားကိစ္စကို အစည်းအဝေးမှာ တင်ပြီးတော့ ဆွေးနွေးမယ်တဲ့။ ဘယ်လို ဆွေးနွေးမှာလဲဆိုတော့ ခင်ဗျားရင်အုံမှာ အခု ဆင်မြန်းထားရတဲ့ အက္ခရာနီ အမှတ်အသားကြီးကို ဖြုတ်ခွင့် ပေးသင့် မပေးသင့် ကိစ္စပဲတဲ့။ မနေ့ကတော့ အဲဒီတရားသူကြီးကို ကျုပ် တိုက်တွန်းခဲ့ပါတယ်လေ၊ ဒီနေ့ကစပြီး အက္ခရာကြီးကို ဖြုတ်ပစ်ရအောင် ကြိုးစားစမ်းပါဗျာ…” လို့ဟု ရော်ဂျာချီးလင်းဝပ်က ပြန်၍ ပြောလိုက်လေ သည်။

ဤကဲ့သို့ အဘိုးကြီးက ဝမ်းသာအယ်လဲ ပြောသည့်တိုင်အောင် ဟက်စတာပရင်းသည် ဝမ်းသာဟန်ကို မပြဘဲ ပကတိ တည်ငြိမ်သော မျက်နှာထားဖြင့်-

“ဒီတံဆိပ်ကြီးကို ဖြုတ်ပစ်ဖို့ တန်ခိုးအာဏာဟာ တရားသူကြီးများရဲ့လက်ထဲမှာ မရှိပါဘူးရှင်။ ကျွန်မဟာ ဒီတံဆိပ်ကို မဆင်မြန်းဘဲ နေနိုင်လောက်အောင် သန့်ရှင်းစင်ကြယ်လာတဲ့အခါ ကျတော့ ဒီတံဆိပ်ဟာ သူ့အလိုလို ပြုတ်ကျသွားချင်ရင်လည်း သွားမယ်၊ ဒါမှမဟုတ် ဒီတံဆိပ်ရဲ့ အဓိပ္ပာယ်ဟာလည်း တမျိုးတဖုံ ပြောင်းလဲသွားကောင်း သွားပါလိမ့်မယ်”

ဟု ပြန်၍ ပြောလိုက်ရာ အဘိုးကြီးက-

“ဒီလိုဖြင့် ဒီတံဆိပ်ကိုပဲ ဆက်ပြီးတော့ ဆင်မြန်းနေသေးတာပေါ့ဗျာ။ ဒီတံဆိပ်ကလည်း အခုနေတော့ဖြင့် ခင်ဗျားအဖို့မှာ ဘယက်ခွက်ကြီးလို လှနေတာကိုး။ ရွှေချည် ငွေချည် ထိုးထားပုံ ကလည်း အင်မတန် လက်ရာ ကောင်းပါပေတယ်ဗျာ။ ခင်ဗျားနဲ့လည်း အင်မတန် ကြည့်လို့ ကောင်းပါပေတယ်ဗျာ” ဟု ပြောလိုက်လေသည်။

အဘိုးကြီးက ဤကဲ့သို့ ပြောနေစဉ် တချိန်လုံးတွင်ပင် ဟက်စတာ ပရင်းသည် ရော်ဂျာ ချီးလင်းဝပ်၏ မျက်နှာကို စူးစူးစိုက်စိုက်ကြီး ကြည့်ရှု၍ နေမိလေသည်။ သို့ ကြည့်လိုက်မိသည် နှင့် တပြိုင်နက်တည်း အံ့အားသင့်ခြင်း၊

ထိတ်လန့်ခြင်း စိတ်တို့သည် လွှမ်းမိုး၍ သွားရလေတော့ သည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော ခုနစ်နှစ်တာအတွင်းတွင် ရော်ဂျာ ချီးလင်းဝပ်သည် ရုပ်ရည်သဏ္ဌာန် အသွင်အပြင် အလွန်တရာပင် ပြောင်းလဲ၍ သွားသည်ကို တွေ့လိုက်ရသော ကြောင့်ပင် ဖြစ်လေသည်။ သို့သော် ရော်ဂျာ၏ရုပ်ရည်သဏ္ဌာန်သည် အလွန်အမင်း အိုစာ၍ သွားပြီဟုကား မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ မျက်နှာတွင် ဇရာရိပ်များ ဖုံးလွှမ်း၍ လာပြီဟုဆိုရမည်ပင် ဖြစ်သော်လည်း ပါးရေတွန့်ခြင်း၊ ခါးကိုင်းခြင်း၊ မျက်စိမှုန်ခြင်း လုံးဝ မရှိဘဲ အင်အားမှာလည်း ယခင်က နည်းတူ ရှိမြဲရှိလျက် သတိတရားလည်း အလွန်တရာ ဖျတ်လတ် ထက်မြက်သေးသည်ကို ဟက်စတာပရင်း အကဲခတ်မိလေသည်။

သို့သော် ယခင်အခါက ရော်ဂျာချီးလင်းဝပ်သည် အသိဉာဏ်ပညာ ရှိ၍ အလွန်တရာ စာပေ ကျမ်းစာ လိုက်စားကာ ငြိမ်သက်တည်ကြည်သော လူတယောက် ဖြစ်ခဲ့ပေသည်။ ယခုမူကား ဥာပညာရှိ အသွင်အပြင်၊ လိမ္မာရေးခြား အသိတရား များပြားသူ လူကြီးလူကောင်း တဦး၏ အသွင်အပြင်တို့မှာ ပျောက်ကွယ်၍ နေကြချေပြီ။ သူ၏ မျက်နှာအမူအရာမှာ ငြိမ်သက်ခြင်း လုံးဝကင်းမဲ့လျက် တစုံတခုကို နှိပ်စက်ရန် အပြင်းအထန် လိုက်လံရှာဖွေနေသော အမူအရာမျိုး ရှိ၍ နေပြီးလျှင် ထိုအမူအရာကို လူသူမရိပ်မိအောင် ဟန်ဆောင် ဖုံးကွယ်သည့် လက္ခဏာများကို ထင်ရှားစွာ တွေ့ရလေသည်။ တစုံတခုကို အပြင်းအထန် ရှာဖွေနေသည့် အရိပ်အယောင်များကို ရော်ဂျာချီးလင်းဝပ်သည် အပြုံးကလေး တခုနှင့် ဖုံးကွယ်ထားရန် ကြိုးစားနေ၏။ သို့သော်လည်း သူ၏အပြုံးသည် တကယ်ပင် ကြည်လင်စွာ ပြုံးသည့် အပြုံးမျိုး မဟုတ်ဘဲ ဟန်ဆောင်၍ ပြုံးသော အပြုံးမျှသာပင် ဖြစ်၍နေရကား သူ၏ ဟန်ဆောင်အပြုံးသည် သူ၏ ရှာဖွေနေသော မျက်လုံးတို့ကို မဖုံးမဖိနိုင်သည့်အပြင် ပိုမို၍ ထင်ရှားစေလေတော့သည်။

မကြာခဏဆိုသလိုပင် သူ၏ မျက်လုံးများသည် မီးကျီးခဲကဲ့သို့ ဝင်းခနဲ ဝင်းခနဲ ရဲရဲတောက်၍ တောက်၍ လာသည်ကိုလည်း ဟက်စတာ ပရင်း သတိထားမိ၏။ သူ၏ မျက်လုံးများ ဝင်းဝင်းတောက်အောင် ဖြစ်၍လာရခြင်းမှာ သူ၏ရင်တွင်း၌ မီးခိုးအူ၍နေသော ဝိညာဉ်မှ တခါတခါတွင် မီးထ၍ တောက်လောင်ရာ ထိုမီးလျှံ၏ အလင်းရောင်သည် သူ၏ မျက်လုံးများကို တချက် တချက်၌ လာ၍ ဟပ်လိုက်သည့် ပမာအလား ဖြစ်၍ နေပေသည်။ သူ၏ ဝိညာဉ်၌ မီးတောက်လောင်ရခြင်းတည်းဟူသော စိတ်လှုပ်ရှားမှုတို့ကို ရော်ဂျာချီးလင်းဝပ်သည် ဖုံးကွယ်ရန် အမျိုးမျိုး ကြိုးစား၏။ သို့သော်လည်း ဖုံးကွယ်၍ မရ၊ စိတ်လည်း မလုံလဲပေ။

တနည်းအားဖြင့်ဆိုရလျှင် ရော်ဂျာချီးလင်းဝပ်သည် လူအဖြစ်မှ မကောင်းဆိုးဝါး တမျိုး၏ အနေသို့ တခဏချင်းပင်လျှင် ပြောင်းလဲ၍ သွားနိုင်သောဘဝမျိုးသို့ ရောက်ရှိနေရပေသည်။ ဟန်ဆောင်၍ထားသည့် ခဏ၌သာလျှင် သာမန်လူသားတို့၏ အသွင်အပြင်ကို ရရှိနေ၏။ စိတ်ကို လွှတ်လပ်စွာ ထားလိုက်သည်နှင့် တပြိုင်နက် မကောင်းဆိုးဝါး၏သဏ္ဌာန်ကို ဆောင်၍နေသော ရော်ဂျာချီးလင်းဝပ်ကား သနားဖွယ်ရာပင် ဖြစ်နေ၏။ ခုနစ်နှစ်တာကာလအတွင်း၌ လူကောင်း သူကောင်း တယောက်၏ အသွင်အပြင်မှနေ၍ လူဆိုးကြီးတယောက်၏ အသွင်အပြင်သို့ ပြောင်းလဲလာခဲ့ရခြင်းမှာ အခြားကြောင့် မဟုတ်။ ရော်ဂျာချီးလင်းဝပ်သည် ထိုခုနစ်နှစ်တာ ကာလပတ်လုံးတွင် အလူးအလဲ စိတ်ဝေဒနာ ခံစားနေရသူတဦး၏ အသည်းနှလုံးတို့ကို စေ့စေ့စပ်စပ် လေ့လာကာ သူတပါး စိတ်ဝေဒနာ အလူးအလဲ ခံနေရသည်ကို အရသာခံ၍ ကျေနပ် ဝမ်းသာနေခဲ့ခြင်းကြောင့်ပင် ဖြစ်လေတော့သည်။

ဟက်စတာပရင်းသည် ရော်ဂျာချီးလင်းဝပ်ကို ကြည့်ရင်း အသည်းနာရပြန်လေတော့သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ခင်ပွန်းဘဝတုန်းက ရော်ဂျာချီးလင်းဝပ်သည် တကယ့် လူကောင်းသူကောင်း ဖြစ်ခဲ့၏။ ယခုမူကား လူဆိုး ဖြစ်လေပြီ။ ရော်ဂျာချီးလင်းဝပ်လည်း ဘဝ ပျက်စီးယိုယွင်းနေရသူပါတကား ဟူသော အတွေးကြောင့် ဟက်စတာပရင်းမှာ ဝမ်းနည်း၍ သွားရပြန်လေသည်။ သူ၏ ရင်အုံပေါ်တွင် ဆင်မြန်း၍ ထားရသော အက္ခရာသည် သံတွေခဲဖြင့် ပြုလုပ်ထားဘိသည့်ပမာ ရင်ဝတွင် ပူဆာဆာ ဖြစ်ရလေတော့သည်။ ရော်ဂျာချီးလင်းဝပ် ဤကဲ့သို့ ဘဝပြောင်း၍ နေရသည်မှာ မိမိ၏အပြစ်လည်း မကင်းကြောင်းကို ဟက်စတာပရင်း တွေး၍ နေမိလေ၏။

ထိုခဏ၌ ဆေးဆရာကြီးက-

"ဘယ့်နှယ်လဲဗျာ့ ကျုပ်မျက်နှာကို ကြည့်လှချည်လား၊ ဘာတွေများ ထူးထူးဆန်းဆန်း မြင်လို့ပါလိမ့်" ဟု မေးလိုက်ရာ-

"ရှင့်မျက်နှာမှာ ကျွန်မ ငိုချင်စရာ အခြင်းအရာတွေကို တွေ့ရလို့ပေါ့ရှင်။ ဒါပေမဲ့ ကျွန်မ မငိုပါဘူး ရှင်၊ ကျွန်မ ငိုသာငိုရရင် မျက်ရည်ခန်းသွားပါလိမ့်မယ်"

ဟု ဟက်စတာပရင်းက ပြောလိုက်ပြီးနောက် ဆက်လက်၍-

"ရှင့်ကို ကျွန်မ စကားပြောချင်တာက တခြားအကြောင်းကြောင့် မဟုတ်ပါဘူးရှင်၊ ကျွန်မ ပြောချင်တဲ့ အကြောင်းကတော့ ဟို... သနားစရာလူရဲ့ အကြောင်းပါပဲ" ဟု ဆိုလိုက်လေသည်။

ဤတွင် ရော်ဂျာချီးလင်းဝပ်သည် အလွန်တရာ စိတ်အားထက်သန်၍ လာသောဟန်ဖြင့် ဘယ်သူလဲဟု မေးလိုက်၏။ သူ၏အသံမှာ ဟိုကိစ္စကို ပြောရမည့် အရေးအတွက် ဝမ်းသာ၍ နေပုံလည်း ပေါ်၏။ သူ့ရင်ထဲတွင် ကိန်းအောင်း၍နေသော လျှို့ဝှက်ကိစ္စကြီးကို ဖွင့်ဟ၍ စကားအတူ ပြောနိုင်သူတဦးနှင့် စကားပြောရသည့်အတွက် စိတ်အဝင်စားကြီး ဝင်စားပုံကို လည်း ပြလျက် ရှိပေသည်။

"တကယ်ပြောတာ ဟက်စတာ၊ တကယ်ပဲ ကျုပ်ကလည်း အခု… အခု… ကျုပ်စိတ်ထဲမှာ ဒီလူ အကြောင်းကိုပဲ တွေးနေရသေးတယ်။ ဒီတော့ကာ ကိုင်း… ပြောချင်တာတွေ ပြောချပေတော့၊ မေးချင်တာတွေ မေး၊ ကျုပ် အကုန်လုံး ဖြေပါ့မယ်"

ဟု တောက်လျှောက်ကြီး ပြောလိုက်လေသည်။

ဟက်စတာပရင်းသည် ရော်ဂျာ၏ မျက်နှာကို ကြည့်ကာ-

"ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး အရင် ခုနစ်နှစ်တုန်းက ထောင်ထဲမှာ စကားပြောခဲ့ကြတဲ့အခါမှာ ရှင်က ကျွန်မဆီက ကတိတခု တောင်းသွားတယ် မဟုတ်လား၊ ရှင်နဲ့ ကျွန်မနဲ့ဟာ လင်မယား ဖြစ်ခဲ့ကြတယ်ဆိုတာကို ဘယ်သူ့ကိုမှ မပြောရဘူးလို့ ရှင်က ကျွန်မကို ကျမ်းသစ္စာတိုက်ပြီးတော့ နှုတ်ပိတ်ပစ်ခဲ့တယ်။ ဟုတ်တယ် မဟုတ်ဘူးလား၊ အဲဒီတုန်းကတော့ ဟိုလူရဲ့ဘဝနဲ့ နာမည်ဟာ ရှင်လက်ခုပ်ထဲကို ရောက်နေလေတော့ ကျွန်မအဖို့မှာ ဘယ်နည်းနဲ့မှ မငြင်းသာဘဲ ရှင် အကျိန်ခိုင်းတဲ့အတိုင်း ကျိန်ဆိုပြီးတော့ ကတိပေးခဲ့ရတယ်။ ကတိပေးခဲ့တဲ့ အတိုင်းလည်း ကျွန်မကတိကို ကျွန်မ ထိန်းခဲ့ပါတယ်။ သို့သော် အဲဒီအချိန်က စပြီးတော့ ကျွန်မရဲ့ ကတိဟာ ကျွန်မကို အာစေးထည့်ပြီး နှောင်ကြိုးအထပ်ထပ်နဲ့ ရစ်ပတ်ထားသလို ဖြစ်နေမယ် ဆိုတာကို ကျွန်မ ရိပ်မိခဲ့ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရှင် စဉ်းစားကြည့်၊ ကျွန်မဟာ လောကတခုလုံးကို ကျောပေးပြီး သူနဲ့သာ ရင်ဆိုင်ခဲ့ရလေတော့ ကျွန်မဟာ သူ့ကို ရှင့်အကြောင်း ဖွင့်ပြောဖို့ သင့်ပါလျက်နဲ့ ရှင့်ကို ထားခဲ့မိတဲ့ ကတိကြောင့် ကျွန်မ ဘာမှ မပြောခဲ့ပါဘူး။ ကျွန်မဟာ ကတိကြောင့် လျှာမဲ့တဲ့ငါးလို ဖြစ်နေတဲ့အခါမှာ သူဟာ ကျွန်မ ဘာမှ မပြောတဲ့ အတွက် အင်မတန်ပဲ စိတ်ဆင်းရဲဒုက္ခ ရောက်နေရရှာတယ်။

"အဲဟိုနေ့က စပြီးတော့ ဟိုလူနဲ့ အနီးဆုံးလူဟာ တခြားလူ မဟုတ်ဘူး၊ ရှင်ပဲ ဖြစ်ခဲ့တယ်။ သူ့အနားကို ရှင်ပဲ အနီးဆုံး ချဉ်းကပ်ပြီးတော့ နေခဲ့တယ်။ ရှင်ဟာ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ် သူ့စိတ်ဝိညာဉ်ကို သူ့အနားမှာ အမြဲနေပြီး လှေ့လာနေခဲ့တယ်။ ပြီးတော့ ရှင်က ဘာလုပ်သလဲ… သိလား၊ ရှင်ဟာ သူ ဘာတွေ

တွေးတယ်၊ ဘာတွေ လုပ်တယ်ဆိုတာကို အမြဲ စုံစမ်းနေခဲ့တယ်။ သူ့စိတ်ကို အမြဲရှင်က လွန်ပူနဲ့ ဖောက်သလို ထွင်းဖောက် နှိပ်စက်နေခဲ့တယ်။ သူ့ဘဝကို ရှင်ဟာ တခါတည်း သံခြေကျဉ်းခတ်ပြီးတော့ သူ့ကို တနေ့ထက်တနေ့ စိတ်ညစ်သထက် ညစ်အောင်၊ စိတ်ဓာတ် ပျက်ပြားသည်ထက် ပျက်ပြားအောင် ရှင် ညှဉ်းပန်းနေခဲ့တယ်။ ခမျာကတော့ ရှင့်ရဲ့ ဇာတိကို မသိရှာဘူးပေါ့။ ဒါကြောင့်မို့လို့ ရှင် နှိပ်စက်သမျှကို ခံရရှာတယ်။ ရှင်ဟာ ဘယ်သူ ဘယ်ဝါလဲ ဆိုတာကို မသိရှာတဲ့အတွက် သူ့ဘဝဟာ ရှင် နှိပ်စက်သမျှကို ခံနေရလေတော့ ကျွန်မ ဒီအဖြစ်မျိုးကို ဆက်လက်ပြီး ကြည့်မနေရက်တော့ဘူးရှင်၊ ရှင့်အကြောင်းကို ထုတ်ဖော် မပြောဘဲ ကျွန်မ မြုံပြီးတော့နေတာဟာ ဟိုလူကို ရှင် နှိပ်စက်ချင်တိုင်း နှိပ်စက်နိုင်အောင် တံခါးဖွင့်ပေးထားတာနဲ့ တူနေပါတယ်။ ဒီတော့ ကျွန်မအပေါ်မှာ အမြတ်နိုးဆုံးဖြစ်တဲ့ လူတယောက်ကို ကျွန်မက လိမ်ထားပြီး ကျွန်မ ဒီလို လိမ်ထားရတဲ့အတွက် သူ့ခမျာမှာလည်း ခရစ်ယာန်သင်္ချိုင်းကို ရောက်ရသလို ခံစားနေရရှာတယ်။ ဒီအဖြစ်ကို ကျွန်မ ကြာရှည် သည်းမခံနိုင်တော့ပါဘူး”

ဟု ပြောလိုက်လေသည်။

ရော်ဂျာချီးလင်းဝပ်သည် ဟက်စတာပရင်းအား စေ့စေ့ကြည့်၍-

“မင်း အခုလို ပြုမနေချင်ရင်ကော ဒီပြင် ဘာများ တတ်နိုင်သေးသလဲ။ “ရော်ဂျာဟာ ကျွန်မလင်ပါ၊ ကျွန်မရဲ့ လင်ငယ်ဟာကတော့ဖြင့် ဟောဟိုလူပါပဲ” လို့ ပြောလိုက်လို့ ရှိရင် မင့်လူဟာ ထောင်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားရမယ်ဆိုတာ မင်း မသိဘူးလား။ ထောင်ထဲကနေပြီး ဘယ်ကိုရောက်မလဲ သိလား၊ သင်းအုပ်ဆရာဘဝနဲ့ အကျင့် ဖောက်ဖျက်တဲ့ အပြစ်ကြောင့် ကြိုးစင်ကို တက်ရမှာဗျာ့... ကြိုးစင်မှာ ကြိုးပေးခံရမှာ”

ဟု ပြောလိုက်လေသည်။

“အင်း.. အင်း.. သနားစရာပေပဲပေါ့လေဗျာ”

ဟု ရော်ဂျာချီးလင်းဝပ်က ဆိုလိုက်၏။ သူ၏ မျက်လုံးများသည်လည်း ဟက်စတာပရင်းအား လေးစားသော အရောင်များဖြင့် တောက်ပြောင်၍ နေပြန်လေသည်။ ဟက်စတာပရင်းသည် သူ၏ စိတ်ဒုက္ခနှင့် သင်းအုပ်ဆရာကလေးတို့၏ စိတ်ဒုက္ခများကို ပြောပြရာတွင် အလွန် စိတ်မချမ်းမြေ့သောအသွင်ကို ဆောင်သော်လည်း ယင်းသည့် စိတ်မချမ်းသာမှုကို ကြံ့ကြံ့ခံနိုင် သည့် ဣန္ဒြေမှာ ပေါ်လွင်ထင်ရှားနေသဖြင့် ရော်ဂျာသည် အတွင်းကျိတ် မချီးကျူးဘဲ မနေနိုင်ပေ။ ထို့ကြောင့်-

“မင်း အတော်ရဲပေတယ်ကွာ၊ မင်း ငါနဲ့ မညားခင်မှာ အခြားလူ

တယောက်ယောက်နဲ့များ ညားမယ်ဆိုရင် အခုလို ဆိုးဝါးတဲ့ဘဝမျိုးကို မင်း ကြုံတွေ့ရမယ် မဟုတ်ပေဘူး။ အခုတော့ မင်း စိတ်မချမ်းသာရတဲ့ဘဝနဲ့ မင်းမှာ အကောင်းရှိသမျှတွေ ပပျောက်သွားပြီး လူ့အညွန့် တုံးနေတာ ကို ငါ သနားမိပါရဲ့ကွယ်”

ဟု ပြောလိုက်လေသည်။

ထိုအခါ ဟက်စတာပရင်းက-

“ကျွန်မလည်း ရှင့်ကို သနားတာပါပဲ ရှင်။ ဘာဖြစ်လို့လဲဆိုတော့ ရှင့်မှာ ဒေါသတွေ ဖုံးလွှမ်းပြီး ပညာရှိတဲ့လူ၊ တရားမျှတတဲ့လူ အဖြစ်ကနေပြီး အခုတော့ ရှင်ဟာ မကောင်းဆိုးဝါး လူယုတ်မာကြီး ဖြစ်နေရပြီ။ အဲဒီလို မကောင်းစိတ်ထားတွေကို ရှင့်စိတ်ထဲက ဖယ်ထုတ်ဖို့ အင်မတန် ကောင်းပါတယ်ရှင်။ ဒီအခါကျတော့မှ ရှင်ဟာ လူယုတ်မာဘဝကနေပြီး လူကောင်း ပြန်ဖြစ်နိုင်မှာ။ ဟိုလူကို သနားတဲ့အတွက် ရှင့်စိတ်ထားကို မပြင်ချင်ရင်တောင် ရှင့်ကိုယ်ရှင် သနားတဲ့အနေနဲ့ ရှင့်စိတ်ကို ရှင်ပြင်ဖို့ ကောင်းပါတယ်။ သူ့ကို ခွင့်လွှတ်ပြီးတော့ သူ့ကို ဘုရားသခင် စီမံချင်သလို စီမံစေဖို့ သူ့ထိုက်နဲ့ သူ့ကံ ထားလိုက်ပါရှင်။ ရှင်ရော၊ ကျွန်မရော၊ သူရော၊ သုံးယောက်စလုံးဟာ အခုအခါမှာဆိုရင် စိတ်ဒုက္ခတွေ ထောင်ပုံ ရာပုံထဲမှာ ဝင်္ကပါ လှည့်ပြီးတော့ ဘဝလုံးလုံး ဆုံးနေကြရပါတယ်။ ရှင် သူ့ကို ခွင့်လွှတ်လိုက်မယ် ဆိုလို့ရှိရင် ကျွန်မတို့အဖို့မှာ စိတ်မချမ်းမသာ ဆက်ပြီးတော့ ဖြစ်နေရတောင်မှ ရှင့်အဖို့မှာတော့ စိတ်ချမ်းသာသွားပါလိမ့်မယ်။ ရှင်ဟာ ဒီကိစ္စမှာ အနစ်နာဆုံးလူ ဖြစ်ပေမဲ့ ရှင်ကသာ ခွင့်လွှတ်နိုင်လို့ ရှိရင် ရှင်ဟာ လူကောင်း သူကောင်းတယောက် ပြန်ပြီး ဖြစ်နိုင်ပါလိမ့်မယ်။ အဲဒီတော့ ရှင် သူ့ကို ခွင့်လွှတ်ပြီးတော့ လူကောင်းသူကောင်း အဖြစ်ကို ပြန်ယူမလား၊ ဒါမှ မဟုတ်ရင်လည်း အရင်ကအတိုင်းပဲ ဆက်နှိပ်စက်နေဦးမှာလား”

ဟု တဲ့တိုးကြီးပင် မေးလိုက်ပြန်၏။

ရော်ဂျာချီးလင်းဝပ်သည် ဟက်စတာပရင်းအား စေ့စေ့ကြည့်လိုက်ရင်း-

“ခပ်အေးအေး နေစမ်းပါ ဟက်စတာပရင်းရယ်၊ ကျုပ်တော့ သူ့ကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင် ဘူး။ ကျုပ်မှာ ခွင့်လွှတ်နိုင်တဲ့ အရည်အချင်း မရှိပါဘူး။ “ဘယ်သူမပြု မိမိမှု” ဆိုတာလို သူပြုမိတဲ့အတွက် သူ့ဒဏ်ကို သူ ခံနေရတာ။ ကျုပ်တို့တတွေဟာ ဒုက္ခဘုံထဲမှာ ရောက်နေကြတဲ့ လူတွေဆိုတော့ ဒုက္ခနဲ့ ဘယ်ကင်းနိုင်ပါ့မလဲ၊ ဒီမကောင်းမှုကံကြီးကို မင်းတို့ကပဲ စ လုပ်ခဲ့ကြ တယ်၊ မင်းတို့က စခဲ့ကြတဲ့အတွက် ငါ့အဖို့မှာလည်း လက်စားချေဖို့ ဖြစ်ပေါ်လာတာပါပဲ။ မချေဘဲ နေလို့တော့ မဖြစ်ဘူး၊ ကံတရားက အဲဒီလိုပဲ စီမံလာတာကိုး။ ဒီတော့

ကံစီမံရာပဲ ရှိပါစေတော့ ဟက်စတာ။ ကိုင်း... ကိုင်း ... သွားစရာရှိတာ သွားပေတော့၊ ဟိုလူကိုလည်း မင်း ပြောချင်တာ ပြောလိုက်ပေတော့"

ဟု ပြောပြောဆိုဆိုနှင့် အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် တောထဲသို့ သစ်မြစ် သစ်ဥများ ရှာရန် ဝင်သွားလေတော့သည်။

၁၆။ ဟက်စတာနှင့် ပုလဲ

အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည် ဟက်စတာပရင်းထံမှ ခွာခဲ့ပြီးသည့်နောက် တကုန်းကုန်းနှင့် သစ်မြစ်များကိုရှာရင်း တောထဲသို့ ဝင်ခဲ့လေသည်။ ဟိုနေရာတွင် ဆေးတမျိုး၊ သည်နေရာတွင် ဆေးတမျိုး ရှာဖွေတွေ့ရှိကာ ဆေးပင်ကိုလည်းကောင်း၊ ဆေးမြစ်ကိုလည်းကောင်း ကောက်ယူပြီးလျှင် သူ၏ လက်၌ရှိသော တောင်းထဲသို့ ထည့်လိုက်လေသည်။ ရှေ့သို့ ခါးကို ကုန်းကာ မြေပြင်ကို စေ့စေ့စပ်စပ် ကြည့်ရှုရှာဖွေရင်း ရှေ့သို့ တိုး၍တိုး၍ သွားနေသည်၌ သူ၏ မုတ်ဆိတ်မွေးကြီးသည် မြေကြီးနှင့်ပင် ထိတော့မယောင် ဖြစ်နေလေသည်။ ဟက်စတာပရင်း သည် ရော်ဂျာချီးလင်းဝပ်အား လှမ်းမျှော်၍ အတန်ကြာအောင် ကြည့်၍နေ၏။ ထိုမျှ ဒေါသ ပြင်းထန်သော အဘိုးကြီး သွားလေရာ လမ်းတလျှောက်၌ ပူပြင်းလှသော ဒေါသမီး တရှိန်ရှိန် ကြောင့် မြက်ပင်များပင် ညှိုးရော်သွေ့ခြောက်၍ သွားလေမည်လားဟု ဟက်စတာပရင်း တွေးတောနေမိလေသည်။ အဘိုးကြီး စုဆောင်းနေသော ဆေးရွက် ဆေးမြစ်များသည် အဘယ်ကဲ့သို့သော အရွက်များ၊ အမြစ်များ ဖြစ်လေသနည်းဟုလည်း ဟက်စတာပရင်း တွေး၍ ကြည့်နေမိလေသည်။ အဘိုးကြီးသည် အဆိပ်ပါသော သစ်ရွက်များကို စုဆောင်းနေလေသလော ဟုလည်း တွေးမိ၏။ အဘိုးကြီး ကိုင်လိုက်လျှင် မည်သည့် သစ်ရွက်မဆို အဆိပ်ပါသောသစ်ရွက် ဖြစ်သွားလေမည်လားဟုလည်း ဟက်စတာပရင်း တွေးမိပြန်လေသည်။ ကြည့်ရင်း ကြည့်ရင်း ကပင် ဟက်စတာပရင်းသည် အဘိုးကြီး မြေမြို၍ သွားပါစေဟု ဆုတောင်းပြီးလျှင်-

"ဒီလူကြီးကို ငါ မုန်းတယ်၊ ငါ မုန်းတယ်" ဟု ခါးခါးသီးသီး ရေရွတ်မြည်တမ်းနေရှာလေ တော့သည်။

ဟက်စတာပရင်းသည် သူ၏ရင်ထဲ၌ ပေါ်ပေါက်၍လာသော မုန်းစိတ်ကို ဖျောက်ဖျက်ပစ်ရန် ကြိုးစား၏။ သို့သော်လည်း မရရှာပေ။ ရော်ဂျာချီးလင်းဝပ်အား မုန်းတီးသောစိတ်ကို ဖြေဖျောက်ရန် ကြိုးစားရာ၌ ဟက်စတာသည် ရော်ဂျာနှင့် လင်မယားဘဝ နေထိုင်ခဲ့ရသော အတိတ်ကာလများကို ပြန်ပြောင်းတွေးတော၍ နေမိရှာလေသည်။

ဝေးလံလှသော ပင်လယ်ကမ်းခြေဒေသတွင် လင်မယားအဖြစ်ဖြင့် နေထိုင်ရစဉ်အခါက ရော်ဂျာသည် ညနေတိုင်း၌ဆိုလျှင် သူ၏စာကြည့်ခန်းထဲမှ ထွက်လာပြီးနောက် မီးလင်းဖို အနီးတွင် ထိုင်တတ်လေသည်။ သို့

ထိုင်လိုက်သောအခါတွင် ဟက်စတာက သူ့အား အိမ်ထောင်သည်တို့၏ ချစ်ခြင်းမေတ္တာဖြင့် ခပ်ပြုံးပြုံး လှမ်း၍ ကြည့်မိစမြဲ ဖြစ်လေသည်။ သူ၏ စာကြည့်ခန်းထဲတွင် နာရီပေါင်းများစွာ ကြာအောင် စာပေကျမ်းစာများကို လိုက်စားနေရာက စိတ်၏ အားလပ်ခွင့်ကို ယူရန် မီးလင်းဖိုအနီးသို့ လာခဲ့သောအခါ ဇနီးသည်၏ အပြုံးကို မြင်ရမှ စိတ်ချမ်းသာသည်ဟူ၍ ရော်ဂျာက ပြောဆိုဖူးခဲ့သည်။ ထိုစဉ်အခါက ဟက်စတာပရင်း ကိုယ်တိုင်သည်လည်း ကျေနပ်ရွှင်ပြုံးခဲ့၏။ သို့သော် ယခုကဲ့သို့ တဖြစ်လဲ၍ နေရသောဘဝကို ပြန်ပြောင်း တွေးကြည့်လိုက်သောအခါတွင် ယခင်ကကဲ့သို့ ပြန်၍ မပျော်နိုင်ဘဲ စိတ်မချမ်းမသာကြီးသာလျှင် ဖြစ်၍ နေရလေတော့သည်။ ရော်ဂျာချီးလင်းဝပ်သည် လက်ဦးကတည်းကပင်လျှင် မိမိနှင့် ဆက်ဆံရာ၌ တကယ့်အချစ် တကယ့်မေတ္တာမျိုးဖြင့် မဟုတ်ဘဲ သူ၏ နေရေးစားရေး သက်သာချောင်ချိမှုအတွက်သာလျှင် ဟက်စတာပရင်းအား လက်ထပ်ခဲ့သူဖြစ်လေသည်။ အကြင်လင်မယားဘဝသို့ ရောက်ခဲ့ကြသည့်တိုင်အောင် တဦးနှင့် တဦး အားရပါးရ နှစ်သက် ချစ်ခင် မေတ္တာဝင်ခြင်း မရှိခဲ့ကြ။ မိမိအား မရရအောင် ရော်ဂျာက ယူခဲ့ခြင်းမှာ သက်သက်မဲ့ မိမိ၏ သာယာသောဘဝကို ဖျက်ဆီးခြင်းနှင့် တူလေသည်ဟု ဟက်စတာပရင်း တွေးမိသောအခါတွင် …

"ငါ မုန်းတယ်၊ ငါ သူ့ကို မုန်းတယ်၊ သူ ငါ့ဘဝကို ဖျက်ဆီးပစ်တာ၊ သူက ငါ့ကို စပြီး သစ္စာဖောက်တာ၊ ငါ့ကို မချစ်ဘဲနဲ့ သူက သူ့နေရေး စားရေးအတွက် ယူတာဟာ ငါ သစ္စာဖောက်တာထက် ငါ့အပေါ်မှာ သူ သစ္စာဖောက်တာက ပိုပြီး ဆိုးဝါးတယ်။ ဒါကြောင့် ငါ … မုန်းတယ်… မုန်းတယ်" ဟု တဖျစ်တောက်တောက် ရေရွတ်၍ နေရှာပြန်လေသည်။

ယောက်ျားတယောက်နှင့် မိန်းမတယောက်တို့ အိမ်ထောင်ပြုကြရာတွင် ယောက်ျားဖြစ်သူက အူလှိုက်သည်းလှိုက် ချစ်သလောက် မိန်းမကလည်း တုံ့ပြန်၍ အူလှိုက်သည်းလှိုက် ချစ်ခင်မှသာ အိမ်ထောင်ပြုသင့်ကြပေသည်။ ရော်ဂျာချီးလင်းဝပ်နှင့် ဟက်စတာပရင်းတို့ အိမ်ထောင်ပြုခဲ့ကြ ရာတွင် ရော်ဂျာချီးလင်းဝပ်က နှစ်နှစ်ကာကာ ချစ်ခဲ့သူမဟုတ်။ ဟက်စတာပရင်းကလည်း လှိုက်လှိုက်လှဲလှဲ ရှိခဲ့လှသည် မဟုတ်။ ယင်းကဲ့သို့သော အိမ်ထောင်ဖက် အဖြစ်မျိုးတို့မှာ အိမ်ထောင်တည်းဟူသောကိစ္စကို မပြုသင့်ဘဲနှင့် ပြုခဲ့ကြရာသို့ ရောက်၍ နေပေသည်။ အချစ် မပါဘဲနှင့် အိမ်ထောင်ပြုခဲ့ကြခြင်းအားဖြင့် နောင်တနေ့တွင် ထိုသို့ ပြုမိမှားသော အပြစ်ကို ခံကြရစမြဲ ဖြစ်ပေသည်။ မချစ်ပါဘဲနှင့် မရရအောင် ဟက်စတာပရင်းကို ယူခဲ့သော ရော်ဂျာ ချီးလင်းဝပ်အား ဟက်စတာပရင်းက သစ္စာဖောက်ခြင်းမှာ တနည်းတလမ်းအားဖြင့် ဆိုလျှင် ကံတရားက ရော်ဂျာချီးလင်းဝပ်ကို ဒဏ်ခတ်ခြင်းနှင့် တူလှပေသည်။ သို့ရာတွင်

ရော်ဂျာ ချီးလင်းဝပ်အား သစ္စာဖောက်လိုက်သော ဟက်စတာပရင်းအဖို့တွင်လည်း ယခုအထိဆိုလျှင် ခုနစ်နှစ်တိုင်တိုင် ဒဏ်ခံ၍ နေရပြန်လေသည်။ ထိုအခြေအနေကို တွေးလိုက်မိသော ဟက်စတာ ပရင်းသည် မိမိ ခုနစ်နှစ်တိုင်တိုင် ဒဏ်ခံ၍ နေရခြင်းမှာ ကျူးလွန်မိသော ပြစ်မှုနှင့် မမျှမတ နိုင်လှပေသည်ဟု တွေးတောနေမိရှာလေသည်။

ခါးတကုန်းကုန်းနှင့် ဆေးမြစ် ရှာဖွေနေသော အဘိုးကြီးအား ကြည့်ရင်း ကြည့်ရင်း ဟက်စတာပရင်းသည် သူ့အဖြစ်ကို သူ စဉ်းစားကာ ဝမ်းနည်းသယောင် ဖြစ်၍လာလေသည်။ ထိုအခါတွင်မှ ဟက်စတာပရင်းသည် ရုတ်တရက် သတိပြန်၍ ဝင်လာက သမီးကလေး ပုလဲအား သတိရ၍ လာရှာပေသည်။ ထို့ကြောင့်-

“ပုလဲရေ ... ပုလဲ... သမီး.. သမီး ဘယ်မှာလဲ” ဟု လှမ်း၍ အော်လိုက်မိလေသည်။

ပုလဲကလေးသည် အလွန်တရာ ဆော့နိုင်သောကလေး ဖြစ်လေသည်။ သူ့မိခင်နှင့် အဘိုးကြီးတို့ အတော်ကြာ ရပ်၍ စကားပြောနေကြသည့်တိုင်အောင် ပုလဲမှာ သောင်စပ်၌ ဆော့၍ အားမရနိုင်တော့ဘဲ မပျင်းမရိ ဆက်လက်၍ ဆော့နေပေသည်။ လက်ဦးတွင် ပုလဲသည် ရေအိုင်ကလေးတွင် မြင်ရသော သူ၏ အရိပ်ကလေးကို ကြည့်ကာ ထိုအရိပ်ကလေးနှင့် အမျိုးမျိုး စကားပြော၍ နေလေသည်။ အနည်းငယ်ကြာသောအခါမှ သူ အရိပ်နှင့်သူ စကားပြောရသည်ကို ပျင်းရိလာသဖြင့် ရေစပ်သို့ဆင်းခဲ့ပြီးလျှင် သစ်ခေါက်များကို လှေကလေးများ လုပ်ပြီးသည့် နောက် ခရုခွံကလေးများကို ထိုလှေငယ်များပေါ်၌ တင်ကာ ရေထဲ၌ လွှတ်၍ နေလေသည်။ ခရု အရှင်များကိုလည်း ဖမ်း၏။ ခုံးကောင်ကလေးများကိုလည်း နေပူလှန်း၏။ ကြယ်ပုံသဏ္ဍာန် ရှိသော ငါးကလေးများကိုလည်း ရေထဲမှဆွဲ၍ ကုန်းပေါ်သို့ တင်လေသည်။ ထိုကဲ့သို့ ကစား အားရသောအခါ ပုလဲသည် ရိုက်ခတ်လာသော လှိုင်းလုံးကြီးများ၏ ခေါင်းဖြူထိပ်များမှ လွင့်ဆင်းလာသည့် ရေပန်းရေမြှုပ်များကို လက်နှင့် ကိုင်ဖမ်းရန် ကြိုးစားရင်း တမျိုး ကစားပြန်သည်။

သို့ ကစား၍နေရာက ပုလဲသည် ကမ်းခြေ၌ အစာရှာ၍ နေကြသော ငှက်ငယ်တအုပ်ကို လှမ်း၍ မြင်လိုက်လေသည်။ ထိုအခါ ပုလဲသည် သူ၏ဂါဝန်ကလေးဖြင့် ကျောက်ခဲများကို ကောက်ထည့် ပြီးလျှင် ကမ်းခြေရှိ ကျောက်ဆောင်များ၏ အကွယ် တနေရာမှ တနေရာသို့ ကူးပြောင်း၍ ငှက်များရှိရာသို့ တဖြည်းဖြည်း နီးကပ်အောင် သွားပြီးနောက် ငှက်ငယ်များကို ကျောက်ခဲနှင့် ပေါက်လိုက်လေသည်။ ငှက်ငယ်များသည် အစာရှာ၍ နေကြရာမှ လန့်၍ ထပ်ပျံကြ၏။ ငှက်ညိုကလေးတကောင်မှာ သူ၏လက်ချက်ဖြင့် အတောင်ကျိုး၍ သွားသည်ဟု ပုလဲ ထင်လေသည်။ ငှက်ကလေးများ

ပျံသွားသောအခါ ပုလဲသည် သက်ပြင်းကလေး ချလိုက်၏။ သူ့စိတ်ထဲတွင် ငှက်ကလေးကို သနား၍ နေပေသည်။

နောက်ဆုံးတွင် ပုလဲသည် ပင်လယ်ရေမှော်များကို ရေထဲမှ ဆယ်ကာ လည်ပင်းတွင် လည်ပတ်သဖွယ်လည်း ပတ်၍ထား၏။ ဦးထုပ်သဖွယ်ဖြစ်အောင် ခေါင်းတွင် ရစ်ပတ်၍ ထား၏။ သူ့အား ရုတ်တရက် ကြည့်လိုက်လျှင် ရေသူမလေးနှင့်ပင် တူ၍ နေပေသည်။ ထို့နောက် မြက်ရိုင်းပင်အချို့ကိုမူကား သူ၏ ရင်ဘတ်တွင် သူ့မိခင်၏ "အေ" ပုံသဏ္ဍာန် စာလုံး ဖြစ်အောင် ချိတ်ဆွဲ၍ ထားလိုက်၏။ သူ့ရင်ဘတ်တွင်ရှိသော "အေ" စာလုံးမှာ သူ့မိခင်မှာကဲ့သို့ နီရဲ၍ မနေဘဲ အစိမ်းရောင်ဖြစ်၍ နေပေသည်။ ပုလဲသည် စာလုံးကို ငုံ့၍ကြည့်ကာ စိတ်ဝင်စား၍ နေ၏။

"ဒီစာလုံးကြီးဟာ ဘာဖြစ်လို့ အမေ့ရင်အုံပေါ်ကို ရောက်နေတာပါလိမ့်မလဲ" ဟု ပုလဲသည် ကလေးပီပီ တွေးတော၍ နေရှာ၏။

ယင်းသည် အခိုက်အတန့်တွင် ပုလဲသည် သူ့မိခင် လှမ်း၍ အော်ခေါ်လိုက်သော အသံကို ကြားရ၏။ ထို့ကြောင့် မိခင်ရှိရာသို့ ပျံ၍သွားသော ငှက်ငယ်ပမာ အပြေးအလွှား ရောက်ရှိ၍ သွားလေတော့သည်။ မိခင်၏ရှေ့သို့ ရောက်သောအခါတွင် ပုလဲသည် ရယ်ကာမောကာ ကခုန်မြူးထူးပြရင်း သူ၏ ရင်အုံကလေးပေါ်၌ ရှိသော စာလုံးကို လက်ညှိုးထိုး၍ ပြနေပေသည်။

ဟက်စတာပရင်းသည် အတန်ငယ်ကြာအောင် သမီးငယ်အား တိတ်ဆိတ်စွာ စိုက်၍ ကြည့်နေမိ ၏။ ပြီးခါမှ-

"သမီးရယ်... ဒီစာလုံးအစိမ်းဟာ မင်းရင်ဘတ်ပေါ်မှာ အဓိပ္ပာယ် မရှိပါဘူးကွယ်၊ မေမေ့ ရင်အုံပေါ်မှာ ရှိတဲ့ စာလုံးရဲ့အဓိပ္ပာယ်ကို သမီးဖြင့် မသိဘူးပေါ့ကွယ်"

ဟု ခပ်ညည်းညည်း ပြောလိုက်သည်၌ ပုလဲက-

"ဘာလုပ် မသိရမှာလဲ သိပါတယ်၊ အဲဒီစာလုံးဟာ "အေ" စာလုံး မဟုတ်လား မေမေရဲ့"

ဟု ပြန်၍ မေးလိုက်လေသည်။ ဟက်စတာသည် သမီးကလေး၏ မျက်နှာကို စေ့စေ့ကြီး ကြည့်၍ နေမိ၏။ ပုလဲ၏နက်မှောင်သော မျက်လုံးများသည် အရည်လည်၍ နေလေသည်။ ပုလဲသည် "အေ" အက္ခရာ အနီနှင့် ပတ်သက်၍ စိတ်တွင် ထူးထူးဆန်းဆန်း ဖြစ်၍ နေမနေကို ဟက်စတာ သိချင်၍ လာ၏။ ထို့ကြောင့် –

"မေမေ ဘာဖြစ်လို့ ဒီစာလုံးကြီးကို ရင်အုံပေါ်မှာ ဆင်မြန်းထားရတယ်ဆိုတာ သမီး သိရဲ့လား ဟင်"

ဟု မအောင့်အည်းနိုင်ဘဲ မေးလိုက်မိလေတော့သည်။ ထိုအခါတွင် ပုလဲသည် ကြည်ရွှင်စွာ ပြုံး၍

"သိတာပေါ့ မေမေရဲ့၊ ဘာဖြစ်လို့ မသိရမှာလဲ။ မေမေ ဒီစာလုံးကြီးကို ရင်အုံပေါ်မှာ ဆင်မြန်းထားရတာဟာ သင်းအုပ်ဆရာကလေး သူ့ရင်ဘတ်ကို သူ ဖိဖိနေတာနဲ့ အတူတူပေါ့" ဟု ပြောချလိုက်လေသည်။

ဟက်စတာသည် ကလေးငယ်၏ မဆီမဆိုင် ဖြေလိုက်သော အဖြေကို ပြုံးလိုက်မိ၏။ ပြီးခါမှ ရုတ်တရက် မျက်နှာတွင် သွေးဆုတ်သွားကာ-

"အဲဒါ ဘာဖြစ်လို့လဲ သမီးရဲ့၊ ဒီစာလုံးနဲ့ သူများရင်ဘတ်နဲ့ ဘာဆိုင်လို့လဲ"

ဟု မေးလိုက်မိရှာလေသည်။ ပုလဲသည် မျက်နှာကလေး ခပ်တည်တည် ထားလိုက်ရာက-

"ကျွန်မ သိတာတော့ အဲဒါပဲ မေမေ၊ အဲဒါထက်တော့ ပိုပြီးတော့ မသိဘူး။ ပိုပြီး သိချင်လို့ရှိရင် ခုနက မေမေနဲ့ စကားပြောနေတဲ့ ဟိုအဘိုးကြီးကို မေးကြည့်ပါလား၊ သူ သိချင် သိမှာပေါ့။ ဒါနဲ့ မေမေ… ဒီ "အေ" အက္ခရာကြီးဟာ ဘာအဓိပ္ပာယ် ရှိသလဲဟင်၊ သမီးကို ပြောစမ်းပါ။ ဒီစာလုံး နီနီကြီးဟာ ဘယ်လိုအဓိပ္ပာယ် ထွက်သလဲ၊ ပြီးတော့ မေမေက ဒီဟာကြီးကို ရင်အုံပေါ်မှာ ဘာဖြစ်လို့ ဆင်မြန်းထားရတာလဲ။ ပြီးတော့ကာ ဟို သင်းအုပ်ဆရာဟာလည်း သူ့ရင်အုံကို ဘာဖြစ်လို့ လက်နဲ့ ဖိဖိနေရတာလဲ ဟင်။ သမီးကို ပြောစမ်းပါလား… မေမေရယ်" ဟု သိချင်ဇောနှင့် မေးမြန်း၍ နေရှာပြန်လေသည်။

မေးရင်းပင် ပုလဲသည် လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပြီးနောက် မိခင်၏မျက်လုံးကို စိန်းစိန်းကြီး ကြည့်၍နေလေသည်။ ပုလဲ၏ မျက်လုံးများကို ကြည့်ရခြင်းမှာ ကလေးငယ်သည် မိခင်၏ ယုံကြည်စိတ်ချခြင်းကို ခံယူလိုသဖြင့် "အေ" အက္ခရာ၏ အကြောင်း မေးမြန်းနေဟန် တူကြောင်းကို သတိထားမိ၏။ ကလေးငယ်သည် မိမိအား ကြင်နာသောစိတ် ထားသည်ဟုလည်း နားလည်လာရပေသည်။ ယခင့် ယခင်က ပုလဲသည် သူ့မိခင်အား ချစ်ခင်ကြင်နာဟန်ကို တခါမျှ မပြဖူးခဲ့ပေ။ ယခုအကြိမ် သနားကြင်နာဟန်ကို ပြလိုက်သည်မှာ မိခင်ဖြစ်သူ ဟက်စတာပရင်း၏ အဖို့၌ တမျိုးပင် ထူးဆန်း၍ နေလေတော့သည်။ ယခုအထိဆိုလျှင် ဟက်စတာပရင်းသည် ပုလဲကလေးအား တဖက်သတ် ချစ်၍ နေခဲ့ရ၏။ မိဘတို့၏ ဝတ္တရားအတိုင်း သမီးအား များစွာ ချစ်ခဲ့၏။ သို့သော် မကောင်းမှု ကျူးလွန်ခြင်းမှ ပေါ်ထွက် ပေါက်ဖွားလာရသော

ဤသမီး ကလေးက မိမိအား ပြန်လည် ချစ်ခင်လိမ့်မည်ဟု တခါမျှ မမျှော်လင့်ခဲ့ပေ။ “ငါ့ကို ပြန်ပြီး ချစ်မှာ မဟုတ်ပါဘူး” ဟု တွေးလိုက်မိသောအခါတိုင်း ဟက်စတာပရင်းသည် စိတ်မကောင်း ဖြစ်ခဲ့ရလေ သည်။ ယခုအကြိမ် သမီးငယ်က ချစ်ခင်ဟန်ကို ပြလိုက်ခြင်းသည် ဟက်စတာပရင်းအဖို့၌ စိတ်တွင် များစွာ ထိခိုက်၍ သွားလေသည်။

ကလေးတို့မည်သည် မိခင်၏ပါးကိုလည်း နမ်းတတ်၏။ ဆံပင်ကိုလည်း ဆွဲကိုင်၍ ကစားတတ် ၏။ ပုလဲသည်ကား ဤကဲ့သို့ မဟုတ်။ သူ့ဘာသာသလဝါ နေတတ်သည်သာ များ၏။ ထို့ကြောင့် မိမိအား ပုလဲက ချစ်ခင်နိုင်လိမ့်မည် မဟုတ်ဟု ဟက်စတာပရင်း ထင်ခဲ့မိခြင်း ဖြစ်ပေသည်။ ယခုကဲ့သို့ ပထမအကြိမ် မိမိအား ချစ်ခင်ကြင်နာဟန်ကို ပြလိုက်သောအခါ၌ ပုလဲကလေးသည် ချစ်တတ်ခင်တတ်သော အသက်အရွယ်သို့ ရောက်ခဲ့လေပြီဟုလည်း ဟက်စတာပရင်း တွေးလိုက်မိလေ၏။ ဘာသာသလဝါ နေတတ်သော ပုလဲကလေးသည် မကြောက်တတ်သော စိတ်၊ ထိန်းသိမ်းမရသောဆန္ဒ၊ ကြီးကျယ်သော မာနတို့ဖြင့် ပြည့်နှက်လျက် ရှိပေလိမ့်မည်ဟု ဟက်စတာပရင်း တွေးမိပြန်လေသည်။ ထို့ကြောင့် သမီးကလေးကို တကယ် ထက်မြက်သော မိန်းမသားတဦးအဖြစ်သို့ ရောက်အောင် မိမိ ထိန်းသိမ်း မွေးမြူပြုစုရန် မိမိ၌ တာဝန်ကြီး ရှိနေပုံကို ဟက်စတာပရင်း တွေး၍ နေပြန်လေသည်။

ပုလဲသည် သူ ့မိခင်၏လက်ကို ကိုင်၍ထားရင်း မိခင်၏မျက်နှာကို စူးစိုက်၍ ကြည့်ရာကပင်-

“အဲဒီစာလုံးဟာ ဘာအဓိပ္ပာယ် ရှိသလဲ မေမေ၊ ပြီးတော့ကာ ဒီစာလုံးကြီးကို ဘာဖြစ်လို့ အင်္ကျီမှာ တပ်ထားရတာလဲ။ ပြီးတော့ကာ ဟို… သင်းအုပ်ဆရာကလေးကလည်း သူ့ရင်ဘတ်ကို ဘာဖြစ်လို့ ဖိဖိထားရတာလဲ” တတိယအကြိမ်၌ မေးလိုက်ပြန်လေသည်။

“ဘာများ ပြောရပါ့မလဲ၊ အမှန်အတိုင်းများ ဖွင့်ပြောလိုက်ရလေမလား၊ ပြောလိုက်ရင်တော့ ငါ့သမီးကလေးဟာ ငါ့ကို သနားမှာပဲ၊ သမီးက ငါ့ကို သနားတဲ့ အရသာကလေး ခံချင်ယုံနဲ့ဖြင့် ဖွင့်ပြောလို့ မတော်ပါဘူးလေ … မတော်ပါဘူး” ဟု တွေးလိုက်မိပြီးခါမှ ဟက်စတာပရင်းသည် သမီးငယ်အား-

“ဘာတွေ လျှောက်မေးနေတာလဲ သမီးရဲ့၊ ဒါတွေဟာ သမီးတို့အရွယ် ကလေးတွေ မေးစရာ မေးခွန်းမှ မဟုတ်ဘဲနဲ့။ ပြီးတော့ကာ ဟို သင်းအုပ်ဆရာကလေး ရင်အုံကိုကော မေမေ ဘယ့်နှယ်လုပ် သိပါ့မလဲ။ မေမေ ဒီစာလုံးကို ရင်အုံပေါ်မှာ ဆင်မြန်းထားတာဟာ ရွှေချည် ငွေချည်တွေ ပါလို့ပေါ့ကွယ်”

ဟု ခပ်ငေါက်ငေါက် ပြောလိုက်လေသည်။

လွန်ခဲ့သော ခုနစ်နှစ်အတွင်းတွင် ဟက်စတာပရင်းသည် သူဆင်မြန်းရသော "အေ" အက္ခရာနှင့် ပတ်သက်၍ တကြိမ်တခါမျှ မုသားမပြောခဲ့ချေ။ ယခုမူကား ပထမအကြိမ် ထိုအက္ခရာနှင့် ပတ်သက်သော မုသားကို ပြောမိခဲ့လေသည်။

သူ့မိခင်က စကားဖြစ်ရုံမျှ ပြောလိုက်ရသော်လည်း ပုလဲသည် ထို "အေ" စာလုံးနှင့် ပတ်သက်၍ သတိမေ့ပျောက် မသွားဘဲ အိမ်သို့ပြန်ခဲ့ရာ လမ်းခရီးတလျှောက်တွင်လည်းကောင်း၊ ညစာ စားကြရာတွင်လည်းကောင်း၊ မိခင်ဖြစ်သူက အိပ်ရာ၌ သိပ်သောအခါတွင် လည်းကောင်း မိခင်၏ မျက်နှာကို စေ့စေ့ကြည့်ကာ-

"မေမေ ... အဲဒီစာလုံးနီကြီးရဲ့ အဓိပ္ပာယ်ဟာ ဘာလဲဟင်" ဟူသော မေးခွန်းကို အထပ်ထပ် မေး၍ နေလေသည်။

ဟက်စတာပရင်းက ဘာမျှ မဖြေ။

နောက်တနေ့ နံနက် အိပ်ရာ အထတွင်လည်း ပုလဲသည် ထိုမေးခွန်း၏ အဆက်ဖြစ်သော "မေမေ... မေမေ...၊ ဟို သင်းအုပ်ဆရာဟာ ဘာဖြစ်လို့ သူ့ရင်အုံကို ဖိဖိနေတာလဲ ဟင်" ဟု မေးလိုက်၏။

ထိုအခါတွင် ဟက်စတာပရင်းက-

"တိတ်တိတ်နေနော် ကောင်မကလေး ... ဟိုဟိုဒီဒီတွေ လျှောက်မေးမနေနဲ့၊ နောက်တခါ မေးရင် ဟောဟို ဗီရိုထဲမှာ နင့်ကို ထည့်ပြီး သော့ခတ်ထားလိုက်မယ်"

ဟု မကြိမ်းစဖူး ကြိမ်းလိုက်မိလေတော့သည်။

၁၇။ တောလမ်းခရီးဝယ်

ဟက်စတာပရင်းသည် မစ္စတာဒင်းမစ်ဒေးအား အကြောင်းစုံ ဖွင့်ဟ၍ ပြောရန် သန္နိဋ္ဌာန်ချ၍ ထားသည့်အတိုင်း ဒင်းမစ်းနှင့် တွေ့ဆုံရန် ကြိုးစား၏။ ဒင်းမစ်ဒေးအား တွေ့ဆုံရန်မှာ အလွန်လွယ်ကူသောကိစ္စပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်တစုံတခုကို ကျူးလွန်မိပြီးနောက် နောင်တတရား ရသောသူ ဟူသမျှတို့သည် မစ္စတာ ဒင်းမစ်ဒေး၏ အိမ်သို့သွားကာ မိမိတို့၏ နောင်တတရား ရပုံကို ထုတ်ဖော်ပြောပြရင်း သင်းအုပ်ဆရာ ဒင်းမစ်ဒေးနှင့်အတူ ဘုရားသခင်ထံ၌ ဆုတောင်းလေ့ ရှိကြပေသည်။ ထိုကြောင့် ဒင်းမစ်ဒေး အိမ်သို့ ဟက်စတာပရင်း သွားလျှင် မည်သူကမျှ တလွဲထင်စရာ အကြောင်း မရှိပေ။ ဟက်စတာပရင်းသည် သူ့အပြစ်ကို အလွန်တရာ နောင်တတရား ရသောကြောင့် ဒင်းမစ်ဒေးထံသို့ လာ၍ ဖွင့်ဟပြောဆိုပြီးလျှင် ဘုရားသခင် အထံတော်၌ ဆုတောင်းသည်ဟုသာ လူအများက ထင်မှတ်ဖွယ်ရာ ရှိပေသည်။

သို့သော် ဟက်စတာပရင်းသည် ဒင်းမစ်ဒေးအား သူ့အိမ်တွင် သွား၍ မတွေ့လိုပေ။ အဘယ်ကြောင့်ဆိုသော် ထိုအိမ်တွင်ပင် ရော်ဂျာ ချီးလင်းဝပ်သည် နေထိုင်လျက် ရှိနေ၏။ အဘိုးကြီးသည် သင်းအုပ်ဆရာကလေးအား မျက်ခြည်မပြတ် အကဲခတ်၍ နေသောသူ ဖြစ်လေရာ အကယ်၍သာ မိမိက ဒင်းမစ်ဒေးအား အိမ်တွင် သွား၍တွေ့လျှင် အဘိုးကြီးသည် အကြောင်းစုံ သိ၍သွားမည်ကို စိုးရိမ်ရပေသည်။ ထိုကြောင့် ဟက်စတာပရင်းသည် အိမ်သို့ မသွားဝံ့ပေ။ ဘုရားရှိခိုးကျောင်းတွင် တွေ့ကြရသောအခါတွင်လည်း လူစိမ်းသူစိမ်းတို့၏ အလယ်တွင် တွေ့ရခြင်း ဖြစ်၏။ ထိုကြောင့် ပြောချင်သည်တို့ကို မပြောသာချေ။ ဒင်းမစ်ဒေးနှင့် နှစ်ယောက်ထဲ တွေ့ရန် ကြိုးစားရာ၌ ဒင်းမစ်ဒေးသည် ဘော်စတွန်မြို့ကလေး တည်ရှိရာ ကျွန်းဆွယ် ကမ်းခြေတလျှောက်တွင် ရှိနေသော တောအုပ်ထဲ၌ တယောက်ထီးတည်း လမ်းလျှောက်တတ်သည်ကို ဟက်စတာပရင်း တွေးမိလေသည်။ ထိုကြောင့် ဒင်းမစ်ဒေး လမ်းလျှောက်လာရာတွင် လိုက်၍ တွေ့ဆုံမည်ဟု ကြံစည်ကာ နေ့စဉ်လိုလိုပင် တောလမ်း ကလေးများသို့ သွားရောက်၍ ဒင်းမစ်ဒေးအား ရှာဖွေကြည့်ရှုမိ၏။ သို့သော် ဒင်းမစ်ဒေးကို လောလောဆယ်ဆယ်၌ မတွေ့ရပေ။

သို့ နေခိုက်တွင် ဟက်စတာပရင်းသည် ဒင်းမစ်ဒေး၏ သတင်းတရပ်ကို ရရှိ၏။ ထိုသတင်းမှာကား မစ္စတာဒင်းမစ်ဒေးသည် လူရိုင်းနီများကို ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာအောင် ကျမ်းစာဟောနေရ၍ ကျမ်းစာဟော

ဆရာကြီးအိလီးယော့ရှိရာသို့ သွားရောက် လည်ပတ်ပြီးလျှင် မွန်းလွဲအချိန်တွင် မြို့သို့ ပြန်လာလိမ့်မည်ဟူသော သတင်းပင် ဖြစ်လေသည်။ လူရိုင်းနီများနေသောအရပ်မှ မြို့သို့ ပြန်လာလျှင် တောအုပ်အတွင်းမှ ဖြတ်၍ ပြန်လာမည်ဖြစ်ရာ ဟက်စတာပရင်းသည် ဒင်းမစ်ဒေး အလာကို စောင့်မျှော်၍ လမ်း၌ တွေ့ဆုံရန် ပုလဲကလေးအား လက်ဆွဲ၍ ထွက်ခဲ့လေသည်။ ပုလဲခများမှာ မိခင် သွားလေရာသို့ ပါသူကလေးပင် ဖြစ်ပေသည်။

တောအုပ်အတွင်းတွင် ရှိသောလမ်းမှာ ကြီးကျယ်သောလမ်း မဟုတ်၊ ခြေသွားလမ်းကလေး မျှသာ ဖြစ်ပေသည်။ လမ်း၏ တဖက်တချက်တွင်လည်း သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်၍ နေပေသည်။ ဤနေ့အဖို့၌ ကောင်းကင်သည် အုံ့မှိုင်း၍နေ၏။ လေသည်လည်း အေးမြ၍ နေပေသည်။ လေပြည်ကလေး အနည်းငယ် တိုက်ခတ်သဖြင့် ကောင်းကင်ရှိ တိမ်တိုက်တို့သည် ညင်သာစွာ ရွေ့လျား၍ နေကြရလေသည်။ နေရောင်ခြည်သည် တိမ်တိုက်တို့ ရွေ့လျားသော ကြောင့် ပေါ်လိုက် ပျောက်လိုက် ဖြစ်၍ နေပေရာ ပုလဲကလေးက-

"မေမေ... နေရောင်က မေမေ့ကို မချစ်ဘူးနော်၊ မေမေ့ရင်ဘတ်ပေါ်က စာလုံးကြီးကို ကြောက်လို့ ထင်ပါရဲ့၊ ထွက်ထွက်ပြီး ပြေးတယ်။ ဒါကြောင့်မို့လို့ နေရောင်ဟာ ခဏခဏ ပျောက်ပျောက်သွားတာပဲ။ ဟော... ဟော.. ကြည့်၊ နေရောင်ဟာ ဟို အဝေးကြီးမှာ လင်းနေတယ်၊ မေမေ ဒီနေရာမှာ ရပ်နေနော်၊ မေမေ ကပ်သွားရင် နေရောင်က ထွက်ပြေးလိမ့်ဦးမယ်။ နေရောင်ထွက်မပြေးခင် သမီး ပြေးပြီးတော့ အဲဒီနေရောင်ကို ဖမ်းလိုက်ဦးမယ်.. ဟုတ်လား။ သမီး ရင်ဘတ်ပေါ်မှာ ဘာစာလုံးမှ မရှိတော့ နေရောင်က သမီးကို မကြောက်ဘူး၊ သမီး ဖမ်းရင် ငြိမ်ငြိမ်ခံနေမှာပဲ နော်"

ဟု ပြောလိုက်သည်တွင် ဟက်စတာပရင်းက-

"သမီး ရင်ဘတ်ပေါ်မှာ တသက်လုံး ဘာစာလုံးမှ မဆင်မြန်းရစေပါဘူးကွယ်" ဟု ဆိုလိုက်မိပေ သည်။

ပုလဲကလေးသည် နေရောင်ခြည်အတန်းကလေး ရှိရာသို့ ပြေးမည်ပြုရာက ရုတ်တရက် ရပ်တန့်ပြီး-

"ဘာပြုလို့ သမီးရင်ဘတ်ပေါ်မှာ စာလုံး မရောက်ရမှာလဲ မေမေရဲ့။ သမီး အသက်ကြီးလို့ရှိရင် အလိုလို ရောက်လာမှာ မဟုတ်ဘူးလား ဟင်"

ဟု မေးလိုက်ရာ ဟက်စတာပရင်းသည် ရင်ထဲတွင် ဖို၍ သွားရာက-

"သွား.. သွား... နေရောင်ကို လိုက်ဖမ်းလေ၊ သမီး လိုက်မဖမ်းလို့ ရှိရင်

နေရောင်က ထွက်ပြေးလိမ့်ဦးမယ်” ဟု ဆိုလိုက်ရှာပေသည်။

ပုလဲသည် လျင်မြန်စွာ ပြေး၏။ မကြာမီပင် နေရောင်ခြည်ထဲသို့ ရောက်ကာ နေရောင်ထဲတွင် လှည့်ပတ် ကခုန်၍ နေလေတော့သည်။ ဟက်စတာပရင်းသည် သမီးကလေးအား ခပ်ပြုံးပြုံး ကြည့်၍ နေမိ၏။ ပုလဲပြောသည့် စကားအတိုင်းပင် နေရောင်ခြည် အတန်းကလေးသည် အတော်ကြာအောင်ပင် ပုလဲ၏ အပေါ်၌ မီးမောင်းထိုး၍ ထားဘိသကဲ့သို့ တည်ရှိနေပေသည်။

ဟက်စတာပရင်းသည် အနီးသို့ကပ်၍ သွားသည်၌ ပုလဲကလေးက-

“မေမေ လာရင်တော့ နေရောင်ကလေး ပြေးတော့မှာပါပဲ”

ဟု ဆိုလိုက်ရာ ဟက်စတာပရင်းက ခပ်ပြုံးပြုံးနှင့်ပင်-

“ဘယ်ပြေးမလဲ သမီးရဲ့၊ ဟောဒီမှာ မေမေ့လက်နဲ့ ဖမ်းလိုက်ရင် ရတာပေါ့”

ဟု ပြောရင်း နေရောင်ခြည် အတန်းကလေး ရှိရာသို့ လက်ကို လှမ်းလိုက်၏။ ထိုကဲ့သို့ လှမ်းလိုက်သည်နှင့် တပြိုင်နက်ပင် ကောင်းကင်တွင် တိမ်တိုက်တို့ ရွေ့လျားသွားသဖြင့် နေရောင်ခြည်သည် ပျောက်ကွယ်၍ သွားလေတော့သည်။

နေရောင်ခြည်ကလေး ပျောက်ကွယ်၍ သွားသော်လည်း ပုလဲသည် မနားတမ်းပင် ကခုန် ပြေးလွှား၍ ကစားနေပြန်လေသည်။ သမီးကလေးတွင် အသက်ဓာတ်အင်အား ပြည့်ဝပုံကို ကြည့်ရင်း ကြည့်ရင်းကပင်လျှင် မိခင်ဖြစ်သူကိုယ်တိုင်မှာ သမီးကလေးအား အံ့သြ၍ မဆုံးနိုင်အောင်ပင် ရှိ၍ နေရပေသည်။ သမီးကလေး ကြီးပြင်းလာသည်အထိ ဤကဲ့သို့ပင် ဆက်တိုက်ကြီး လှုပ်ရှားနေလျက် ငြိမ်ငြိမ်ဆိမ်ဆိမ် ရပ်တည်၍ မနေဘဲ ရှိလေတော့မည်လားဟု တွေးလိုက်မိသောကြောင့် ဟက်စတာပရင်းသည် သမီးကလေးအတွက်ကိုပင် စိုးရိမ်သောက မကင်းနိုင်လောက်အောင် ဖြစ်၍ နေရပြန်လေသည်။ သို့သော် ယခုအထိဆိုလျှင် ပုလဲမှာ များစွာပင် ငယ်သေးသောအရွယ် ဖြစ်သည့်အတွက် နောင်အခါမှ ကြည့်၍ ဆုံးမရပေလိမ့်မည်ဟု တွေးတောကာ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်ရပေသည်။

ထိုကြောင့် “လာ… သမီး၊ တို့ ဟောဒီ သစ်ပင်ရိပ်မှာ ခဏထိုင်ပြီး နားကြရအောင်ကွယ်၊ သမီးလည်း ကရ ခုန်ရတာနဲ့ မောလောက်ရောပေါ့” ဟု ဆိုကာ ပုလဲအား လှမ်း၍ ခေါ်လိုက်ရာ ပုလဲက-

“သမီး မမောပါဘူး… မေမေရဲ့၊ မမောသေးပါဘူး။ ဒါပေမဲ့ မေမေ့အနားမှာ ထိုင်စေချင်ရင် သမီးကို ပုံပြောလေ။ မေမေ ပုံပြောမယ်ဆိုရင်တော့ မေမေ့အနားမှာ

သမီး ထိုင်မယ်” ဟု ပြောလိုက်လေသည်။

“သမီးက ဘာပုံများ နားထောင်ချင်လို့လဲ”

“လူမည်းကြီးရဲ့အကြောင်းပေါ့ မေမေ”

ပြောပြောဆိုဆိုနှင့် ပုလဲသည် သူ့မိခင်၏ ဂါဝန်ကိုကိုင်ကာ မျက်နှာကို မော်၍ ကြည့်လိုက်လေ သည်။ ပုလဲ၏ မျက်လုံးကလေးများသည် နောက်ပြောင်သော မျက်လုံးကလေးများ ဖြစ်၍ နေပေသည်။

“ဟို ပုံဟာလေ... မေမေ မမှတ်မိတော့ဘူးလား၊ လူမည်းကြီး တယောက်ဟာ ဟောဒီတောထဲမှာ စာအုပ်ကြီးတအုပ်နဲ့ လမ်းလျှောက် လျှောက်နေသတဲ့။ လူတယောက်ယောက်ကို တွေ့ပြီဆိုလို့ ရှိရင် ဒီလူမည်းကြီးက သူ့စာအုပ်နဲ့ ကလောင်တံတချောင်းကို ထုတ်ပေးပြီး တွေ့တဲ့လူကို နာမည်ကို စာအုပ်ကြီးထဲမှာ သူ့သွေးနဲ့ အရေးခိုင်းသတဲ့။ အဲဒီအခါမှာ လူမည်းကြီးက နာမည်ရေးတဲ့လူရဲ့ ရင်အုံပေါ်မှာ စာလုံးကြီးတွေ ရေးပေးသတဲ့။ မေမေ ... အဲဒီ လူမည်းကြီးကို တွေ့ဖူးလား ဟင်”

ဟက်စတာပရင်းတို့ ရောက်၍နေသော တောထဲအတွင်းဝယ်က ဆရာကြီးတယောက် ရှိသည် ဟူ၍ ထိုခေတ် ထိုအခါက တကယ်ပင် ယုံကြည်ခဲ့ကြပေသည်။ ထိုအယူအစွဲကို သိထားသော ဟက်စတာပရင်းက -

“အောင်မယ် ဒီပုံကို သမီး ဘယ်သူ့ဆီက ကြားရသလဲ” ဟု ပုလဲကလေးအား မေးလိုက်ရာ ပုလဲက -

“မေမေ မမှတ်မိတော့ဘူးလား၊ မစ္စဟစ်ဘင်းဆိုတဲ့ မိန်းမကြီးလေ။ သူက ပြောတယ်၊ မေမေ့ ရင်ဘတ်ပေါ်က စာလုံးကြီးဟာ အဲဒီလူမည်းကြီးက တပ်ပေးလိုက်တာတဲ့။ မေမေနဲ့ အဲဒီ လူမည်းကြီးနဲ့ ညကြီးမင်းကြီး အချိန်မတော် ဒီတောထဲမှာ လာပြီး တွေ့ကြတယ်ဆို.. ဟုတ်လား” ဟု ဆိုလိုက်ပြန်၏။

ဟက်စတာပရင်းသည် သမီးငယ်အား အံ့သြစွာ ကြည့်နေမိပြီးနောက်-

“သမီးနဲ့ မေမေနဲ့ အတူတူ အိပ်ကြတာကပဲကွယ်၊ ညအချိန်မတော် သမီး အိပ်ရာက နိုးတဲ့အခါမှာ မေမေ ပျောက်နေတာများ တွေ့ရဖူးလို့လား” ဟု မေးလိုက်မိလေသည်။

“သမီး မှတ်မိသရွေ့တော့ မေမေ တခါမှ မပျောက်ပါဘူး၊ ဒါပေမဲ့ အဲဒီ လူမည်းကြီးကို မေမေ တွေ့ရအောင် သွားလို့ အိမ်မှာ သမီးတယောက်တည်း ထားပစ်ခဲ့ရမှာ စိုးလို့ရှိရင် သမီးကိုပါ ခေါ်သွားပေါ့ မေမေရဲ့၊ သမီးလည်း

လိုက်မှာပေါ့။ ဒါပေမဲ့ မေမေ... သမီးကို ပြောစမ်းပါ၊ အဲဒီ လူမည်းကြီးဆိုတာ တကယ့်ကို ရှိသလားဟင်၊ မေမေရော တွေ့ဖူးသလား။ ပြီးတော့ မေမေ့ ရင်ဘတ်က စာလုံးကြီးဟာ အဲဒီလူမည်းကြီးရဲ့တံဆိပ်လား”

“ကောင်းပြီ၊ သမီး နောက်ထပ် ဘာမှမမေးတော့ဘူး ဆိုလို့ရှိရင် မေမေ ပြောပြမယ်”

“မေမေ... အကုန် ပြောနော်”

ထိုအခါ ဟက်စတာပရင်းက-

“သမီးရယ်... မေမေ့ဘဝမှာ အဲဒီလူမည်းကြီးကို တခါ တွေ့ဖူးတယ်ကွယ်၊ မေမေ့ရင်ဘတ်က စာလုံးအနီကြီးဟာ အဲဒီ လူမည်းကြီးရဲ့တံဆိပ်ကြီးပဲပေါ့”ဟု ပြောလိုက်ရာလေသည်။

စကားပြောရင်း ပြောရင်းနှင့် သားအမိ နှစ်ယောက်တို့သည် တောနက်သည်ထက် နက်ရာသို့ ရောက်မှန်းမသိ ရောက်၍လာခဲ့ကြပေသည်။ ရောက်၍နေကြသော နေရာမှာ လူသွားလမ်း ကလေးပေါ်မှ လှမ်း၍ ကြည့်လိုက်ပါလျှင် မည်သည့်နည်းနှင့်မျှ လူမမြင်နိုင်သော နေရာပင် ဖြစ်ပေသည်။ ရောက်ကြလျှင် သားအမိ နှစ်ယောက်တို့သည် သစ်တုံးကြီး တတုံးပေါ်တွင် ထိုင်လိုက်ကြလေသည်။ ထိုသစ်တုံးမှာ လျှိုကလေးတခုအတွင်းတွင် လဲကျလျက် ရှိ၍နေပေ သည်။ လျှို၏ ကမ်းပါးနှစ်ဖက်တွင် သစ်ရွက်ခြောက်များ ဖုံးလွှမ်းနေလျက် ထိုကမ်းပါး တလျှောက်တွင် ပေါက်ရောက်နေကြသော သစ်ပင်ကြီးများမှ အကိုင်းတို့သည် လျှိုထဲသို့ ခပ်ငိုက်ငိုက် ရှိနေကြပေသည်။

လျှိုကလေး၏အတိုင်း စမ်းချောင်းငယ်တခုသည်လည်း တသွင်သွင် စီးဆင်းလျက် ရှိနေလေ သည်။ စမ်းချောင်းငယ်၏ဘေးတွင် သဲများ ရှိလျက် ကျောက်စရစ်ခဲများလည်း ပြန့်ကြဲ၍ နေပေသည်။ ကောင်းကင်မှ ထိုးဆင်းလာသော နေရောင်ကြောင့် စမ်းချောင်းကလေးသည် လှိုင်းငယ်များ အထတွင် ငွေရည်ချောင်းကလေးကဲ့သို့ တလက်လက် တောက်ပြောင်၍ နေလေသည်။ သစ်ပင်အချို့၏အောက်၌ ကျောက်တုံးကြီးများ ရှိကာ ရေညှိများ တက်၍ နေပေသည်။ စမ်းချောင်းငယ်သည် ကျောက်တုံးများ၏ အကြားတွင် ကွေ့ကောက် ပျောက်ကွယ် သွားကာ လျှို့ဝှက်သော ခရီးစဉ်အတိုင်း ဆက်လက်၍ စီးဆင်းသွားလေသည်။ ရေအိ၍နေသော နေရာများတွင် စမ်းချောင်းငယ်သည် ရေအိုင်ကလေးသဖွယ် ဖြစ်၍ သွား၏။

ထိုင်မိကြသောအခါ ပုလဲသည် စမ်းချောင်းမှ ရေစီးသံကို နားထောင်ရင်း -

"စမ်းချောင်းကလေးရယ်… နင့်မှာလည်း အလကားနေရင်း ညည်းညည်းပြီး နေတာကို။ နင် ဘာဖြစ်လို့များ ဒါလောက်တောင် ဝမ်းနည်းနေတာလဲ ဟယ်" ဟု ပြောလိုက်လေသည်။

ပုလဲကလေး၏ စကားကို အမှုမထားသည့်အလား စမ်းချောင်းငယ်သည် ဆက်လက်၍ စီးဆင်းမြဲ စီးဆင်းလျက် ရှိနေလေသည်။ ပုလဲသည် သူ့မိခင်အား မော်၍ကြည့်ရင်း-

"မေမေ ဒီစမ်းချောင်းကလေးဟာ ဘာတွေကို ညည်းပြီး နေတာလဲ… ဟင်"

ဟု မေးလိုက်ရာ ဟက်စတာပရင်းက-

"သမီးမှာ စိတ်ဒုက္ခ မရှိသေးလို့ ဒီစမ်းချောင်းကလေး ညည်းတွားတဲ့အသံကို အဓိပ္ပာယ် နားမလည်တာပေါ့ကွယ်။ မေမေကတော့ အပူအပင် ရှိတဲ့လူဆိုတော့ ဒီ စမ်းချောင်းကလေး ညည်းတွားတဲ့ အသံကို နားလည်ရတာပေါ့။ ဟော… နားထောင်စမ်း သမီး၊ လူသွားလမ်းမှာ ခြေသံတွေ ကြားရတယ်။ ဟော… သစ်ကိုင်းတွေ ဖယ်တဲ့အသံကို ကြားရပြီ။ တို့ဆီကို တယောက်ယောက် လာနေတာပဲ၊ အဲဒီတော့ သမီး တနေရာရာမှာ သွားပြီး ကစားချည်စမ်း။ မေမေ အဲဒီလူနဲ့ စကားပြောချင်လို့" ဟု ပြောလိုက်လေသည်။

"အခု လာတဲ့လူဟာ လူမည်းကြီးလား ဟင်"

ဟု ပုလဲက မေးလိုက်၏။ သို့သော် ဟက်စတာပရင်းက အဖြေမပေးဘဲ-

"ကဲကွယ် … သွားပြီး ကစားမှာ ကစားချည်စမ်း၊ ဒါပေမဲ့ သိပ် ဝေးဝေးကြီးတော့ မသွားနဲ့နော်၊ မေမေ့ခေါ်သံကို ကြားနိုင်လောက်တဲ့ နေရာမှာသာ သမီး နေပါ။ မေမေ ခေါ်လိုက်ရင် ချက်ချင်း လာခဲ့နော်" ဟု ထပ်၍ တိုက်တွန်းလိုက်သည်၌ ပုလဲက-

"ကျွန်မ သွားပြီး ကစားမယ် မေမေ၊ ဒါပေမဲ့ မေမေရယ်… အခု လာတဲ့လူဟာ ခုနက သမီးပြောတဲ့ လူမည်းကြီး ဆိုလို့ရှိရင် သမီး ခဏစောင့်ပြီး ကြည့်ပါရစေလား ဟင်။ အဲဒီလူမည်းကြီးနဲ့ သူ့စာအုပ်ကြီးကို သမီး မြင်ဖူးချင်လို့ပါ" ဟု ပြော၍ နေပြန်လေသည်။

ထိုအခါ ဟက်စတာပရင်းသည် စိတ်မရှည်နိုင်တော့သည့်အလား -

"ဩော်… တယ်ခက်တဲ့ ကလေးကို၊ သွားဆိုရင် သွားတာ မဟုတ်သေးဘူး။ အခု လာတဲ့လူကို ဟောဟို သစ်ပင်ကြားမှာ မြင်ရပြီ မဟုတ်လား၊ အဲဒါဟာ သင်းအုပ်ဆရာကလေးကွယ့်" ဟု ပြောလိုက်လေသည်။

ပုလဲလည်း အဝေးတွင် မြင်ရသော ဒင်းမစ်ဒေးကို လှမ်းကြည့်လိုက်ပြီး-

"ဩော် … ဒီလိုကိုး၊ ဒါနဲ့ မေမေ ကြည့်ပါဦး၊ သင်းအုပ်ဆရာဟာ သူ့ရင်ဘတ်ကို ဖိပြီး လာပြန်ပြီ၊ ဟိုစာအုပ်နဲ့ လူမည်းကြီးက သင်းအုပ်ဆရာ့ ရင်ဘတ်မှာ တံဆိပ်ခတ်ပေးထားလို့လား… ဟင်။ ဘာဖြစ်လို့ အဲဒီလူမည်းကြီးရဲ့တံဆိပ်ကို အဝတ်ပေါ်မှာ မေမေ့လို တပ်မထားတာလဲ ဟင်" ဟု ပေး၍ နေပြန်၏။

"သွားကွယ် သွား.. သွား၊ ကလေး… သွားတော့၊ သိပ်ပြီး ဝေးဝေးကြီးတော့ မသွားနဲ့နော်၊ စမ်းရေစီးသံ ကြားရတဲ့နေရာမှာ နေပါ။ ကဲ သွားတော့ သွားတော့"

ဟု ဟက်စတာပရင်းက တိုက်တွန်း၍ လွှတ်လိုက်သောအခါတွင် ကလေးသည် စမ်းချောင်း အတိုင်း စုန်၍ သီချင်းတကြော်ကြော်နှင့် ထွက်သွားရှာလေသည်။

စမ်းရေစီးသံနှင့် ပုလဲ၏ သီချင်းဆိုသံတို့သည် ရောနှော၍ နေလေတော့သည်။ ပုလဲသည် စမ်းချောင်းကလေးအတိုင်း လိုက်၍သွားပြီးသည့်နောက် စမ်းချောင်းကလေးမှ ခွာခဲ့ပြီးလျှင် ကျောက်တုံးကြီးများ၏ အကြားတွင် ရှိလေသော အလေ့ကျ ပန်းကလေးများကို လိုက်လံခူးယူ၍ နေလေသည်။

ကလေး ထွက်သွားသောအခါတွင် ဟက်စတာပရင်းသည် ခြေသွားလမ်းကလေး အနီးသို့ ချဉ်းကပ်၍ လာခဲ့လေသည်။ ထိုနေရာမှ နေ၍ အဖော်မပါ တကိုယ်တည်း လျှောက်၍လာသော မစ္စတာဒင်းမစ်ဒေးကို မြင်ရလေသည်။ သူ၏လက်တွင်လည်း တောထဲမှ ခုတ်ယူလာသော တောင်ဝှေးတချောင်း ပါလာသည်ကို တွေ့ရ၏။ ဒင်းမစ်ဒေးမှာ များစွာ ရုပ်ကျ၍ အင်အား နည်းပါးနေဟန်လည်း ရှိ၏။ စိတ် တုန်လှုပ်ချောက်ချားနေပုံလည်း ရလေသည်။ လမ်းလျှောက်ပုံ မှာ ဂနာမငြိမ် နိုင်လှ၏။ တောကြီးထဲတွင် တယောက်တည်း လမ်းလျှောက်လာပါလျက်နှင့်၊ ဆိပ်ကွယ်ရာကို ရပါလျက်နှင့် ဒင်းမစ်ဒေး ဂနာမငြိမ် ဖြစ်ပုံမှာ များစွာပင် သနားဖွယ်ရာ ကောင်းလေတော့သည်။

ပုလဲကလေး ပြောသည့် အတိုင်းပင် ဒင်းမစ်ဒေးသည် သူ၏ရင်အုံကို လက်ဖြင့် ဖိ၍ လာပေသည်။

၁၈။ သင်းအုပ်ဆရာနှင့် တပည့်မ

သင်းအုပ်ဆရာကလေးသည် ခြေသွားလမ်းကလေးအတိုင်း တဖြည်းဖြည်းနှင့် လျှောက်၍ လာခဲ့ရာ ရှေ့သို့ စူးစူးစိုက်စိုက်ကြည့်၍ သွားသည် ဖြစ်သောကြောင့် ဟက်စတာပရင်းအား မမြင်မိပေ။ ထိုအခါ ဟက်စတာပရင်းသည် လှမ်း၍ ခေါ်လိုက်ချင်၏။ သို့သော်လည်း ရုတ်တရက် နှုတ်ဆွံ့၍ နေမိ၏။ အတော်ကြီး အားတင်း၍ ခေါ်လိုက်သောအခါမှ အသံထွက်၍ သွားတော့သည်။

"အာသာဒင်းမစ်ဒေး ... အာသာဒင်းမစ်ဒေး"

ဟက်စတာပရင်း၏ ပထမခေါ်သံ တခွန်းမှာ ခပ်တိုးတိုးပင် ဖြစ်၏။ ဒုတိယ ခေါ်သံမှာမူ အတော်ပင် ကျယ်လောင်ပေသည်။ သူ၏အသံမှာ ကွဲအက်၍နေသော အသံဖြစ်၏။

"ကျုပ်ကို ခေါ်တာ ဘယ်သူများပါလိမ့်"

ဟု ဆိုလိုက်ပြီးလျှင် သင်းအုပ်ဆရာကလေးသည် ကိုယ့်ကိုယ်ကိုယ် ပို၍ စန့်စန့်ရပ်လိုက်၏။ ထိုနောက် အသံလာရာသို့ ကြည့်လိုက်ရာ ပထမဆုံး သဏ္ဍာန်တခုကို သစ်ပင်များ၏ မှောင်ရိပ်တွင် မြင်လိုက်ရလေသည်။ သစ်ပင်များ အလွန်ထူထပ်ကာ မှောင်၍နေသောကြောင့် လက်ဦးတွင် ဒင်းမစ်ဒေးသည် ထိုသဏ္ဍာန်ရှင်မှာ မိန်းမလော၊ ယောကျ်ားလော ဟူ၍ပင် ခွဲခြား၍ မသိနိုင်ဘဲ ရှိလေသည်။ ထို့ကြောင့် ဒင်းမစ်ဒေးသည် ရှေ့သို့ ခြေလှမ်း တလှမ်း တိုးလိုက်၏။ ထိုအခါတွင်မှ ဒင်းမစ်ဒေးသည် ကြက်သွေးရောင် "အေ" အက္ခရာ စာလုံးနီကြီးကို မြင်ရလေတော့သည်။

"ဟယ်... ဟက်စတာပါလား၊ ဟက်စတာ... ဟက်စတာ... မင်းမှ ဟုတ်ပါရဲ့လားကွယ်"ဟု ဒင်းမစ်ဒေးက ဆိုလိုက်ရှာလေသည်။

ခုနစ်နှစ်တိုင်တိုင် တဦးနှင့်တဦး အတွေ့မခံဘဲ နေကြပြီးသည့်နောက်မှ ယခုလို တောအုပ် မှောင်မှောင်ထဲတွင် နှစ်ယောက်သား လာ၍ တွေ့ဆုံကြရခြင်းမှာ ကွယ်လွန်သူ နှစ်ဦးတို့၏ ဝိညာဉ်များ မြေပုံမှ ထ၍ တွေ့ကြရသည်နှင့်ပင် တူ၍ နေလေတော့သည်။ တယောက်မျက်နှာကို တယောက်ကြည့်ရန် ကြောက်ရွံ့နေကြသူ နှစ်ဦးတို့ ယခုကဲ့သို့ မျက်နှာချင်း ဆိုင်မိကြသည်တွင် အလိုလိုနေရင်း တဦးကိုတဦး ရွံ့၍နေကြ၏။ ဒင်းမစ်ဒေးသည် သူ၏လက်ကို လှမ်း၍ ပေးလိုက်၏။ ဟက်စတာပရင်းမှာ ထိုလက်ကို ဖမ်းယူဆုပ်ကိုင်လိုက်လေသည်။

နှစ်ယောက်စလုံး ၏ လက်ဖျားများမှာ အေးစက်၍နေတော့၏။ သို့သော် လက်ချင်းဆုပ်ကိုင်လိုက်မိကြသည့်အခါ၌ တဦးကိုတဦး ရွံ့သောစိတ်များ ပြေပျောက်သွားသည်တွင် အသက်ရှူ အနည်းငယ် ချောင်၍ သွားကြရပေသည်။

ယင်းသည့်နောက်တွင်မူ တယောက်နှင့်တယောက် စကား တလုံးမျှ မပြောဘဲ၊ တဦးနှင့်တဦး လမ်းမပြရဘဲနှင့် နှစ်ယောက်သား တောရိပ်၏ အမှောင်များ ထူထပ်သည်ထက် ထူထပ်ရာသို့ လက်တွဲကာ ဝင်၍ သွားမိကြလေသည်။

ဟက်စတာပရင်းတို့ သားအမိ ထိုင်နေကြသော သစ်တုံးကြီးသို့ ရောက်၍ လာကြလေသည်။ ထိုသစ်တုံးပေါ်တွင် နှစ်ယောက်သား ထိုင်ကာ လက်ဦး၍ ရာသီဥတုအကြောင်း၊ ကောင်းကင် အကြောင်း၊ တောရိပ်၏အကြောင်း စသည်တို့ကို ပြောကြကာ တဦးနှင့်တဦး ကျန်းမာရေး အခြေအနေကို မေးမြန်း၍ နေကြလေသည်။ တဦးနှင့်တဦး ပြောကြရတော့မည့် စကားများမှာ အလွန်တရာ စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းသော စကားများ ဖြစ်လေရာ မည်သူကမျှ စတင်၍ ထိုစကားလုံးများကို နှုတ်မှ မလွှတ်ရဲအောင် ရှိ၍ နေကြပေသည်။

အတန်ကြာအောင် သာမန်စကားများကို ပြောဆိုပြီးကြသည့်နောက်မှ သင်းအုပ်ဆရာကလေး သည် ဟက်စတာပရင်းအား စူးစူးဝါးဝါးကြီး ကြည့်ပြီးလျှင်-

"ဟက်စတာ၊ မင်း စိတ်ချမ်းသာရဲ့လား ဟင်" ဟု မေးလိုက်လေသည်။

ထိုအခါ ဟက်စတာပရင်းသည် မချိပြုံး ပြုံးလိုက်ပြီးသည့်နောက် သူ့ရင်အုံကို ငုံ့၍ ကြည့်လိုက်လေသည်။ ပြီးမှ "ရှင်ကော" ဟု တခွန်းချင်း ပြန်၍ မေးလိုက်၏။

"စိတ်ချမ်းသာစရာ ဆိုလို့ ဘယ်မှာများ တကွက်ရှိလို့လဲကွယ်၊ တနေ့ တနေ့မှာ စိတ်ဒုက္ခနဲ့ချည်း ရင်ဆိုင်တွေ့နေရတာကပဲ။ ငါ့ဘဝဟာ မင်းသိတဲ့အတိုင်းပဲလေ သင်းအုပ်ဆရာရဲ့ဘဝ မဟုတ်လား။ အဲဒီတော့ ဒီလို အဖြစ်မျိုးကြီး ကြုံရတဲ့အခါမှာ နောင်တရပြီးတော့ ဒီနောင်တဟာ မသေမချင်း ငါ့ကို နှိပ်စက်သွားမယ့် နောင်တပါပဲ။ ငါဟာ ဘုရားသခင်ကို အလွန်တရာ ကိုင်းရှိုင်းတဲ့လူသာ မဟုတ်လို့ရှိရင် ငါ့အပြစ်မျိုးဟာ လျစ်လျူရှုနိုင်ပြီး ငါ စိတ်ချမ်းသာမှု ရကောင်းရပေမှာပေါ့။ အခုတော့ ဟက်စတာရယ် ငါ့လောက် စိတ်ဆင်းရဲရတဲ့လူဖြင့် ဒီလောကမှာ ရှိမှ ရှိပါဦးမလားကွယ်" ဟု ညည်းညူ၍ ပြောလိုက်လေသည်။

"မြို့သူမြို့သားတို့က ရှင့်ကို အင်မတန် အလေးစားကြီး လေးစားပြီးတော့ ရှင်ကလည်း မြို့သူမြို့သားတွေအတွက် အင်မတန် ကြိုးကြိုးစားစား အလုပ်လုပ်နေတာပဲ။ လူ့ဘဝမှာ ဒီလောက်အလေးအစားခံရပြီး ဒီလောက် အလုပ်

လုပ်ရရင် စိတ်ချမ်းသာမှု ရကောင်းစရာ ရှိပါတယ် ရှင်”

ဟု ဟက်စတာပရင်းက ဆိုလိုက်ရာ ဒင်းမစ်ဒေးက ခပ်မဲ့မဲ့ပြုံး၍-

“အဲဒါကြောင့် ပိုပိုပြီးတော့ စိတ်ဆင်းရဲရတာပေါ့ ဟက်စတာရယ်၊ သူတို့က အပြစ်ကင်းစင်တယ် ထင်ပြီးတော့ လေးစားကြလေလေ အပြစ် မကင်းတဲ့လူမှာ ပိုပိုပြီးတော့ နောင်တကြီး ရလေလေ။ ပြီးတော့ကာ သူတို့တွေကို ကျုပ်က ပြောဟောနေတယ်။ ကျုပ်ဟောတဲ့ စကားအတိုင်းကို ကျုပ်ကိုယ်တိုင်က မကျင့်နိုင်လေတော့ ကျုပ်ဟောတဲ့ စကားတွေကို ကျုပ် အယုံအကြည် ကင်းမဲ့ရာ ရောက်မနေပေဘူးလား။ ကျုပ်စကားတွေကို ကျုပ် ယုံပေမဲ့ ကျုပ်ရဲ့အကျင့်နဲ့ ကျုပ်စကားတွေနဲ့ မညီညွတ်တော့ ဘယ်လောက်များ ရှက်စရာကောင်းသလဲ ဟက်စတာ။ ကျုပ်ကို အခု လေးစားနေတဲ့လူတွေဟာ ကျုပ်အကြောင်းကိုသာ တကယ်တမ်း သိရင် တခါတည်း အမုန်းကြီး မုန်းကြတော့မယ်ပေါ့။ ကျုပ်ကို လူတွေက တကယ့်စိန့်သူတော်စင်ကြီး လုပ်ပြီးတော့ ပြောဟော စင်မြင့်ပေါ်ကနေပြီး ပြောဟောနေတဲ့အခါမှာ လူတွေဟာလေ ကျုပ်ကို စိန့်သူတော်စင်လောက် ထင်ကြတယ်၊ အမှန်မတော့ ကျုပ်ဟာ လူယုတ်မာပဲ မဟုတ်လား။ လူယုတ်မာက စိန့်သူတော်စင်ယောင် ဆောင်ပြီးတော့ ကျမ်းစာဟောဆရာ လုပ်နေရတာဟာ ဘယ်လောက် ရှက်စရာကောင်းသလဲ ဟက်စတာရယ်။ ဒါကြောင့်မို့လို့ ကျုပ်ဖြင့် တခါတခါမှာ ကျုပ်ကိုယ်ကိုယ်ကျုပ် ပြန်ပြန်ပြီး ရယ်မိသေးတယ်။ ကျုပ်ဟာ မုသားတုံးကြီးပဲ၊ စေတန်က လည်း ကျုပ်ကိုတော့ ကောင်းကောင်းကြီး ကြည့်ပြီး ရယ်တော့တာပေါ့လေ” ဟု ပြောလိုက်လေ သည်။

ဟက်စတာပရင်းသည် သိမ်မွေ့သော အသံဖြင့်-

“အဲဒီလို ယူဆနေတာဟာ ရှင် အမှားကြီး မှားတာပေါ့၊ ရှင်ဟာ နောင်တ ကြီးကျယ် ရပြီးပြီ။ ရှင် ကျူးလွန်မိခဲ့တဲ့ ပြစ်မှုကြီးဟာလည်း အခုဆိုရင် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီ။ ရှင့်ရဲ့ အခုဘဝဟာ မြို့သူမြို့သားတွေက ထင်တဲ့အတိုင်း အင်မတန် သန့်ရှင်းစင်ကြယ်တဲ့ စိန့်သူတော်စင်ဘဝပါပဲ။ နောင်တရလို့ ကောင်းမှုတွေကို လုပ်လို့ရှိရင် မကောင်းမှုဟာ ပြေပျောက်စမြဲပါပဲရှင်။ ဒီတော့ကာ စိတ်ချမ်းသာအောင် နေမှပေါ့၊ စိတ်ချမ်းသာစရာပဲ ကျန်တော့တယ် မဟုတ်လား။ အနာကျက်သွားတဲ့အခါမှာ မနာတော့သလို မကောင်းမှုဟာ လည်းပဲ ကောင်းမှုနဲ့ ဖုံးလို့ ပြေပျောက်ပါပြီရှင်”

ဟု ပြောလိုက်သည်၌ သင်းအုပ်ဆရာကလေးက-

“မဟုတ်သေးဘူး ဟက်စတာ.. မဟုတ်သေးဘူး။ ကျုပ်ရဲ့နောင်တဟာ ဘာမှ ထိထိရောက်ရောက် အဖိုးတန်တာ မဟုတ်ဘူး၊ ကျုပ်ရဲ့ဝိညာဉ်ဟာ သေပြီ။ ကျုပ် ဘယ်လောက်ပဲ နောင်တရရ ကျုပ်ရဲ့ဝိညာဉ်ဟာ မကောင်းမှု ဖိစီးလို့ တခါတည်း

ပျက်စီးသွားခဲ့ပြီ။ ကျုပ်လေ... တခါတခါများ ဆိုလို့ရှိရင် ကျုပ် အခု ဝတ်ထားတဲ့ သင်းအုပ်ဆရာ ဝတ်ရုံကြီးကို ချွတ်ပြီး လွှင့်ပစ်လိုက်ချင်တယ်၊ ဘုရားသခင် ရှေ့တော်မှောက်မှာ အစစ်ဆေးခံရမယ့်နေ့မှာ ကျုပ်ကို တခြားလူတွေက မြင်ကြရသလို ကျုပ်ကို အခုလည်း မြင်စေချင်တယ်။ လူယုတ်မာရုပ်နဲ့ မြင်စေချင်တယ်၊ သင်းအုပ်ဆရာ ဝတ်ရုံကို ဝတ်ထားတဲ့ စိန့်သူတော်စင် အသွင်အပြင်နဲ့ မမြင်စေချင်ဘူး။ တကယ်တမ်းဆိုတော့ ဟက်စတာရယ်... မင်းဟာ ကျုပ်ထက် စိတ်ချမ်းသာစရာ ကောင်းပါသေးတယ်၊ မင်းရဲ့အပြစ်နဲ့ဆိုင်တဲ့ တံဆိပ် အမှတ်အသားကြီးကို မင်းမှာတော့ ဘွင်းဘွင်းကြီး ဆင်မြန်းနိုင်ခွင့် ရထားတယ်။ ငါ့မှာတော့ကာ အသည်းနှလုံးထဲမှာ လျှို့ဝှက်ပြီး ဆင်မြန်းထားရတာမို့ ဒီဒဏ်ဟာ အတွင်းကို လှိုက်ပြီး စားနေပါပြီကွယ်။ ကျုပ်ကို သူတော်ကောင်းအဖြစ်နဲ့ မကြားမမြင်ဘဲနဲ့ ကျုပ်ကို ကျုပ်ရဲ့ပင်ကိုဇာတိအတိုင်း မြင်နိုင်တဲ့ မျက်လုံးကြီးတစုံကို ဆိုင်ပြီး ကြည့်ခွင့်ရတာနဲ့ ကျုပ်ဖြင့် စိတ်အတော်ကလေး သက်သာရာ ရပါတယ်။ ကျုပ်ရဲ့အပြစ်တွေကို ကျုပ်စိတ်ထဲမှာ ကျိတ်ပြီးတော့ ခံစားနေရတဲ့ ဝေဒနာတွေကို ပြောစရာ လူတယောက်၊ မိတ်ဆွေတယောက်ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင်ကွယ် အကြီးဆုံးရန်သူပဲ ဖြစ်ဖြစ်၊ အဲဒီလိုလူ တယောက်မှ မရှိတဲ့ဘဝဟာ ဘယ်လောက်များ ဆိုးသလဲကွယ်။ ကျုပ်ဘဝဟာ အညွန့်တုံးပြီ ဟက်စတာ၊ ကျုပ်ဟာ လူ့ဘဝ အညွန့်တုံးနေပြီ” ဟု ညည်း၍ နေရှာပြန်သည်။

ဟက်စတာပရင်းသည် ဒင်းမစ်ဒေး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ရှုပြီးလျှင် တစုံတခုကို ပြောတော့မည် ဟူ၍ နှုတ်ခမ်းများကို ပြင်လိုက်၏။ သို့သော် ရုတ်တရက် စကားမပြောဘဲ “သူ့ကို ရော်ဂျာချီးလင်းဝပ်ရဲ့အကြောင်း ငါပြောလိုက်ရင် သူ စိတ်ချမ်းသာတာဟာ လျော့ပဲ လျော့မလား၊ တိုးပဲ တိုးလာလေမလား” စသည်ဖြင့် ချိန်ဆ၍ နေမိလေသည်။ ထို့ကြောင့်ပင် ဟက်စတာပရင်း သည် ချက်ချင်း စကားပြန် မပေးနိုင်ခြင်း ဖြစ်ပေသည်။ နောက်ဆုံးတွင်မှ ဟက်စတာပရင်းသည် အားတင်းလိုက်ပြီး နောက်-

“အင်း... ရှင့်အပြစ်တွေကို၊ ရှင် ခံစားနေရတဲ့ ဝေဒနာကို ဖွင့်ပြီး ပြောနိုင်တဲ့ မိတ်ဆွေတယောက် ဆိုလို့ရှိရင် ကျွန်မရှိပြီကော။ ရှင် နောင်တရသလို ကျွန်မလည်း နောင်တရနေတယ် မဟုတ်လား။ ဒီပြစ်မှုကြီးကို ရှင်နဲ့ ကျွန်မနဲ့ဟာ အတူတူ ဝေစုခံကြရမှာ မဟုတ်လား”

ဟု ပြောရင်း စကားအနည်းငယ် ဆုတ်ဆိုင်းဆိုင်းဖြစ်၍ သွားပြန်လေသည်။ ပြီးခါမှ သူ့စိတ်ကို သူတင်းပြီးလျှင်-

“ရှင်ရဲ့အကြီးဆုံး ရန်သူကတော့ ရှင် တခြား လိုက်ပြီး ရှာဖို့ မလိုပါဘူး၊ ရှင်နဲ့ သူနဲ့ အတူတူ တအိမ်တည်း အခု နေကြတာကပဲ” ဟု ပြော၍ ချလိုက်လေသည်။

သင်းအုပ်ဆရာကလေးသည် တကိုယ်လုံး တုန်လှုပ်၍ သွား၏။ အသက်ကို အငမ်းမရ ရှူ၍နေ၏။ ပြီးလျှင် သူ၏ရင်အုံကို လက်ဖြင့် ဖိလိုက်ရာလေသည်။ အသည်းနှလုံးတို့ကို ရုတ်တရက် ခွဲ၍ ထုတ်ယူလိုက်သည့် ဝေဒနာမျိုးကို သင်းအုပ်ဆရာကလေး ခံစားလိုက်ရပေသည်။

"ဟင်... ဘာပြောတယ်၊ မင်း ဘာပြောတယ်... ဘာပြောသလဲ။ ကျုပ်နဲ့ တအိမ်တည်း နေတယ်၊ ဘာလဲ... ဘယ်လိုလဲ .. ပြောစမ်းပါဦး၊ ကျုပ် နားမလည်ဘူး" ဟု တုန်ယင်သော အသံဖြင့် ကသောကမျောကြီး မေးလိုက်ရာ၏။

ဒင်းမစ်ဒေး တုန်လှုပ်ချောက်ချား သွားရပုံကို ကြည့်ရင်း ဟက်စတာ ပရင်းသည် မိမိ၏ အမှားကြီး တခုကို တိတိကျကျကြီး သိရှိရာပြန်လေတော့သည်။ ထိုအမှားမှာ ခုနစ်နှစ်တိုင်တိုင် ရော်ဂျာ ချီးလင်းဝပ်၏အကြောင်းကို ဒင်းမစ်ဒေးအား မပြောခဲ့သော အမှားပင် ဖြစ်ပေသည်။ ရော်ဂျာ ချီးလင်းဝပ်၏အကြောင်းကို မသိရသောကြောင့် ဒင်းမစ်ဒေးသည် အဘယ်မျှ စိတ်တွင် ထိခိုက်နေသည်ကို ယခုအခါ၌ ဟက်စတာပရင်း ကောင်းကောင်းကြီး သိရပြီ ဖြစ်လေသည်။ ဒင်းမစ်ဒေးသည် စိတ်အသိဉာဏ် ထက်မြက်သူ ဖြစ်လေရာ ရော်ဂျာချီးလင်းဝပ်နှင့် ဆက်ဆံရာ၌ သူ့စိတ်တွင် တမျိုးတဖုံ ရှိမည်ကား အမှန်ဖြစ်၏။ ထိုအချက်ကို လက်ဦးက ဟက်စတာပရင်း သည် များစွာ ဂရုစိုက်၍ မစဉ်းစားခဲ့ချေ။ ထိုပြင် ဟက်စတာပရင်းသည် မိမိတို့၏ ပြစ်မှုကို ဒဏ်ခံကြရာ၌ မိမိမှာ အနီရောင်စာလုံးကြီးကို ဆင်မြန်းနေရသည် ဖြစ်ရာ ဒင်းမစ်ဒေးသည်လည်း သူ၏ဝေစုကို သူတတ်နိုင်သမျှ ခံရစေတော့ဟူ၍လည်း ဥပေက္ခာပြုသည့်အခါတွင် ပြု၍ ထားခဲ့မိ၏။ သို့သော် စင်မြင့်ပေါ်တွင် နှစ်ယောက်သား ဆုံမိကြသော ညမှစ၍ ဟက်စတာပရင်း သည် ဒင်းမစ်ဒေးအား အသနားကြီး သနားခဲ့၏။ ဒင်းမစ်ဒေးအား ပစ်ထား၍ မဖြစ်ဟု သိခဲ့ရပေသည်။

ယခုတကြိမ် တောထဲတွင် တွေ့ကြသောအခါ၌ ဒင်းမစ်ဒေးသည် မိမိ၏ အကူအညီကို များစွာ လို၍ နေကြောင်းမှာ ထင်ရှားသည်ထက် ထင်ရှား၍ လာခဲ့ပေသည်။ ထို့ကြောင့် ဒင်းမစ်ဒေးသည် သူ၏ ရန်သူကြီး ဖြစ်သော ရော်ဂျာချီးလင်းဝပ်အား ဆေးဆရာကြီး အဖြစ်ဖြင့် အားကိုးအားထား ပြု၍ ရော်ဂျာချီးလင်းဝပ် ပြောသမျှအတိုင်း လိုက်နာ ဆောင်ရွက်နေစေခြင်းမှာ ဒင်းမစ်ဒေးအား မိမိက သွယ်ဝိုက်သောနည်းဖြင့် လိမ်လည်နေခြင်းနှင့် တူလှသည်ဟု ဟက်စတာပရင်း တွေးမိလေသည်။

ဤကဲ့သို့ ရော်ဂျာချီးလင်းဝပ်က ဒင်းမစ်ဒေးအား ဆက်၍ ဆက်၍သာ စိတ်အနှောင့်အယှက် ပေးနေဦးမည်ဆိုပါက နောက်ဆုံးတွင် ဒင်းမစ်ဒေးသည် ရူးသွပ်၍ သွားဖွယ်ရာသာ ရှိတော့သည် ဟု ဟက်စတာပရင်း တွေးမိလေသည်။

ဟာက်စတာပရင်းသည် သင်းအုပ်ဆရာကလေးအား ယခုထက်တိုင်ပင် အချစ်ကြီးချစ်၍ နေပေသေးသည်။ ဤမျှလောက် စိတ်ဒုက္ခရောက်နေမည့်အစား ဒင်းမစ်ဒေးသည် ရုတ်တရက် သေဆုံးသွားခြင်းသည်ပင်လျှင် ပို၍ ကောင်းလိမ့်ဦးမည်ဟု ဟာက်စတာပရင်း တွေးမိ၏။ မိမိအပြစ်ကို မိမိ ဖွင့်ဟဝန်ခံကာ ဒင်းမစ်ဒေး၏ခြေရင်းဝယ် မိမိ သေလိုက သေစေ၊ ရော်ဂျာ ချီးလင်းဝပ်သည် မိမိ၏ခင်ပွန်းဟောင်း ဖြစ်ကြောင်းနှင့်တကွ ရော်ဂျာသည် မကောင်းကြံ၍ နေသူဖြစ်ကြောင်းတို့ကိုမူကား ဒင်းမစ်ဒေးအား ယနေ့အဖို့တွင် ပြောဖြစ်အောင် ပြောတော့မည် ဟု ဟာက်စတာပရင်း သန္နိဋ္ဌာန် ကြီးစွာ ချလိုက်လေတော့သည်။

ထို့ကြောင့်ပင် ဟာက်စတာပရင်းသည် တုန်ယင်လှုပ်ရှားသောအသံဖြင့်-

"အာသာရယ် ကျွန်မကို ခွင့်လွှတ်ပါတော့ရှင်၊ ရှင်နဲ့ ဆက်ဆံခဲ့သမျှ ကျွန်မဟာ ဘယ်အခါမှာမဆို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ကြိုးစားပြီးတော့ ဆက်ဆံခဲ့ပါတယ်။ ကျွန်မ ဘယ်အခါမှာမှ မုသားမသုံးခဲ့ပါဘူး၊ မုသားသုံးရတာဟာ ရှင့်ရဲ့နာမည်နဲ့ ရှင့်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်မယ့် အရေးတွေမှာသာ သုံးခဲ့ရပါတယ်။ ဒီ့ပြင်က လွဲလို့တော့ ကျွန်မ တတ်နိုင်သလောက် ရှောင်ခဲ့ပါတယ် ရှင်။ ကျွန်မအဖို့မှာ ဒီကိုယ်ကျင့်တရားတခုပဲ ရှိပါတော့တယ်။ အဲဒီလို နေတုန်းမှာ ကျွန်မဟာ ရှင့်ကိုတောင် ပြန်ပြီး လိမ်ရမယ့်အခြေမျိုးကို ကြုံခဲ့ရပါတယ်။ ရှင့်ကို လိမ်မိတဲ့ အတွက် ကျွန်မမှာလည်း ဒုက္ခရောက်ရှင့်မှာလည်း ဒုက္ခရောက်ပေါ့လေ။ အို ရှင်... မုသား ဆိုတာဟာ မလိမ်ရင် သေရမယ့် ကိစ္စပဲဖြစ်ဖြစ်၊ ဘယ်လိုမှ သုံးအပ်တာ မဟုတ်ပါဘူး။ ကဲ .. ကျွန်မ ဒီလောက်ပြောရင် ရှင် နားမလည်သေးဘူးလား ဟင်၊ အဘိုးကြီးလေ.. ဟို ဆေးဆရာကြီး လေ၊ ရှင်တို့က ရော်ဂျာချီးလင်းဝပ်လို့ ခေါ်နေတဲ့ လူကြီးဟာလေ၊ အဲဒီလူကြီးဟာ ကျွန်မရဲ့ လင်ပဲ ... ကျွန်မရဲ့ လင်... သိလား"

ဟု ဖွင့်အန်၍ ပြောလိုက်လေတော့သည်။

ထိုစကားများကို ကြားလိုက်ရသောအခါတွင် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် ဟာက်စတာပရင်းအား ကြောင်တက်တက်ကြီး စိုက်၍ ကြည့်နေတော့၏။ သူ၏ရင်အုံမှာ ပြင်းထန်စွာ ရှုထုတ်နေသော ထွက်သက် ဝင်သက်တို့ကြောင့် လှိုင်းတံပိုး ထ၍ နေသည့်ပမာ ဖြစ်နေပေသည်။ မျက်မှောင်ကြုတ်၍ ထားလိုက်သည်မှာလည်း အစိမ်းလိုက် ဝါး၍ စားတော့မည် ကဲ့သို့ပင် ဖြစ်နေလေ၏။ ဒင်းမစ်ဒေး၏ မျက်နှာသည် ခဏအတွင်းတွင်ပင် ဒေါသဖြင့် ဖုံးလွှမ်း၍ သွားပေသည်။ စိတ်တွင် အဘယ်မျှ ထိခိုက်သည်မှာမူကား ဆိုစရာ မရှိပေ။ ဒေါသ မည်မျှပင် ထွက်စေကာမူ ဒင်းမစ်ဒေးသည် ကိုယ်ရောစိတ်ပါ မချမ်းသာသော ဒဏ်ကို ကြာမြင့်စွာ ခံခဲ့ရပြီးပြီ ဖြစ်သောကြောင့် ခဏတာမျှသာ ဒေါသထွက်နိုင်ပြီးလျှင် ထိုဒေါသမီး၏ ရှို့မြှိုက်ခြင်းကို အပြင်းအထန် ခံရသည့်အတွက် မြေပြင်ပေါ်သို့ ထိုင်၍ ချလိုက်ကာ သူ၏မျက်နှာကို

သူ့လက်များဖြင့် ဖုံးအုပ်၍ ထားလိုက်ရှာလေတော့သည်။

"အင်း... ဒီလိုအဖြစ်မျိုးကို ငါ သိသင့်ပါလျက်နဲ့ မသိရတာဟာ အတော်ရှက်စရာ ကောင်းတာပဲ ကွယ်။ အေးလေ၊ ငါ့စိတ်ကတော့ ဒီအဘိုးကြီးမျက်နှာကို ပထမအကြိမ် စပြီး မြင်လိုက်ရ ကတည်းက ငါ့ရင်ထဲမှာ အလိုလို တုန်ခဲ့တယ်။ သူ့ကို မြင်ရတိုင်း မြင်ရတိုင်း ကျုပ်ရဲ့စိတ်မှာ အကြီးအကျယ် တုန်လှုပ်ခဲ့တယ်။ ဒါပေမဲ့ ငါဟာ ဘာဆို ဘာမှ မသိခဲ့ရဘူး။ အမယ်လေး... ဟက်စတာရယ်၊ မင်းလုပ်ပုံကဖြင့် ကောင်းပါပေ့ကွယ်၊ သူဟာ မင်းရဲ့ယောက်ျားဖြစ်မှန်းကို ကျုပ်ကို အသိမပေးဘဲ ထားတဲ့အတွက် ကျုပ် ဘယ်လောက်ရှက်စရာ ကောင်းခဲ့သလဲ.... ဟင်။ ဒီလောက် စိတ်ရော လူရော အင်မတန် ဆင်းရဲပြီး မကျန်းမမာ ဖြစ်နေတုန်းမှာ မင်းရဲ့ ခင်ပွန်းဟောင်းက ကျုပ် အဲဒီလို ဒုက္ခရောက်နေတာကို ကြည့်ကြည့်ပြီး အရသာ ခံနေတာဟာ ဘယ်လောက်များ ရှက်ဖို့ ကောင်းသလဲကွယ်။ ဆိုးလှချည်လား ဟက်စတာရယ်၊ မင်း ဆိုးလှချည်လား... ဟင်၊ ငါ မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး ... ခွင့်မလွှတ်နိုင်ဘူး"

ဟု ညည်းညူ၍ နေရှာတော့သည်။

ဟက်စတာပရင်းသည် ဒင်းမစ်ဒေး၏ ခြေရင်းတွင် ထိုင်ချလိုက်ရာက-

"ရှင် ကျွန်မကို ခွင့်လွှတ်ရမယ်... ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ဘုရားသခင်က ကျွန်မကို ဒဏ်ခတ်တာနဲ့ပဲ ရှင် ကျေနပ်လောက်ပါတယ် ရှင်။ ခွင့်လွှတ်ပါတော့နော်... ခွင့်လွှတ်ပါတော့"

ဟု ငိုသံပါကြီးနှင့် ပြော၍ နေရှာလေသည်။ ထိုမျှမကသေး၊ ဟက်စတာပရင်းသည် သူ့စိတ်ကိုသူ မချုပ်တည်းနိုင်ဘဲ ဒင်းမစ်ဒေး၏လည်ပင်းကို လှမ်း၍ ဖက်လိုက်ပြီးလျှင် သူ့ရင်ခွင်၌ ဒင်းမစ်ဒေး၏ ဦးခေါင်းကို တင်းကျပ်စွာ ကပ်ထားရင်း ရှိုက်ငင်နေရှာလေသည်။ ဒင်းမစ်ဒေး၏ ပါးနှင့် အနီရောင် အက္ခရာကြီးတို့ ထိကပ်၍ နေကြရသည်ကိုပင် ဂရုမစိုက်နိုင်တော့။

ဒင်းမစ်ဒေးသည် ဟက်စတာပရင်း၏ လက်ထဲမှ ရုန်းထွက်ရန် ကြိုးစား၏။ သို့သော်လည်း ကြမ်းတမ်းစွာ မရုန်းရက်ပေ။ ဟက်စတာပရင်းကလည်း ဒင်းမစ်ဒေးအား မလွှတ်လိုက်ဝံ့ပေ။ အဘယ်ကြောင့်ဆိုသော် တင်းမာလှသော မျက်နှာထားဖြင့် ဒင်းမစ်ဒေးက မိမိအား ကြည့်မည်ကို ကြောက်ရွံ့၍ နေရှာပေသည်။ လွန်ခဲ့သော ခုနစ်နှစ်ကာလအတွင်း လောကကြီးသည် အထီးကျန် နိုင်လှသော မိမိအား မျက်မှောင်ကြုတ်၍ ကြည့်ခဲ့သည်။ ထိုကဲ့သို့ မျက်မှောင်ကြုတ်၍ ကြည့်သည်ကို ဟက်စတာပရင်းသည် မျက်လုံးချင်းဆိုင်၍ ပြန်လည် ကြည့်ရှုဝံ့ခဲ့သည်။ သို့သော် ဒင်းမစ်ဒေး၏ မျက်မှောင်ကြုတ်၍ ကြည့်ခြင်းကိုမူ

ဟက်စတာပရင်းသည် မခံမရပ်ဝံ့လောက် အောင် ဖြစ်၍ နေရှာပေသည်။

ဒင်းမစ်ဒေးအား ဖက်၍ထားရင်း ဟက်စတာပရင်းသည် နှုတ်မှ-

"ခွင့်လွှတ်ပါနော် ... ခွင့်လွှတ်ပါရှင်၊ ကျွန်မကို ခွင့်လွှတ်မယ် မဟုတ်လား ဟင်။ ခွင့်လွှတ်ပါရှင်... နော်၊ ခွင့်လွှတ်မယ် မဟုတ်လား" စသည်အားဖြင့် တတွတ်တွတ် ရေရွတ်မြည်တမ်းနေလေတော့ သည်။

နောက်ဆုံးတွင် ဒင်းမစ်ဒေးသည် လှိုက်လှဲ တုန်ယင်နေသောအသံဖြင့်-

"ခွင့်လွှတ်ပါတယ် ဟက်စတာရယ်... မင်းကို ကျုပ် ခွင့်လွှတ်ပါတယ်"

ဟု နာကြည်းဆွေးမြည့်သော အသံဖြင့် ပြောလိုက်လေသည်။ ဤအချိန်၌ သူ၏ အသံတွင် ဒေါသသံ မပါတော့ချေ။

"မင်းကို ကျုပ် ခွင့်လွှတ်ပါတယ် ဟက်စတာရယ်၊ ဘုရားသခင်ကလည်း တို့နှစ်ယောက်စလုံးကို ခွင့်လွှတ်ပါစေလို့ ဆုတောင်းရတော့တာပဲကွယ်။ ဒီလောကကြီးမှာ တို့နှစ်ယောက်သာ မကောင်းမှုကြီးကို ပြုမိကြတာ မဟုတ်ပါဘူးကွယ်၊ တို့ထက် အပြစ်ကြီးတဲ့ လူကတော့ ရော်ဂျာချီးလင်းဝပ်ပါပဲ၊ သူဟာ လက်စားချေလိုစိတ်နဲ့ တို့အပေါ်မှာ လိမ်လည်လှည့်ဖြားပြီး သွေးအေးအေးနဲ့ လက်စားချေနေတာဟာ တို့ပြုမိတဲ့ မကောင်းမှုထက် ပိုပြီး ကြီးတဲ့ မကောင်းမှုကြီးကို ပြုနေတာနဲ့ အတူတူပေါ့ကွယ်၊ မင်းနဲ့ ကျုပ်ဟာ ဘယ်တုန်းကမှ တစုံတယောက်ကို နှိပ်စက်မယ်ဆိုတဲ့ စိတ်နဲ့ မကောင်းမှု မပြုမိခဲ့ကြပါဘူးကွယ်"

"ဟုတ်ပါတယ်... အာသာရယ်၊ ဟုတ်ပါတယ်"

နှစ်ယောက်သား မြေပြင်ပေါ်မှ ထလိုက်ပြီးလျှင် တဦး၏လက်ကို တဦး ဆုပ်ကိုင်လျက် သစ်တုံးကြီးပေါ်တွင် ထိုင်ချလိုက်ကြပြန်လေသည်။ နှစ်ယောက်စလုံး၏ စိတ်မှာ အလွန်တရာ တုန်လှုပ်၍ နေသောကြောင့် ပတ်ဝန်းကျင်ကိုပင် သတိမထားနိုင်တော့ပေ။ လေတိုက်သဖြင့် သစ်ကိုင်းများ လှုပ်ရှားကာ သစ်ရွက်ချင်း ခတ်မိသော အသံများသည် တရှဲရှဲမြည်၍ နေ၏။ သို့သော်လည်း ဟက်စတာပရင်းနှင့် ဒင်းမစ်ဒေးတို့သည် ထိုအသံများကို မကြားမိကြ။ တဦးနှင့် တဦးလည်း စကားမပြောနိုင်ဘဲ ငိုင်၍ နေမိကြလေသည်။

ခဏကြာမျှ ဤကဲ့သို့ ဖြစ်နေကြပြီးသည့် နောက်တွင် ဒင်းမစ်ဒေးသည် တစုံတခုကို သတိရဟန် ဖြင့် ဆတ်ခနဲ လန့်၍ သွားပြီးလျှင်-

"ဟက်စတာ ... ကျုပ် တခု သတိရတယ်၊ အဲဒါမှ ဒုက္ခပဲကွယ်၊ ဒုက္ခပဲ။ ရော်ဂျာချီးလင်းဝပ်ဟာ ဘယ်သူလဲဆိုတာကို မင်းက ကျုပ်ကို ပြောမယ်ဆိုတာ သူ

သိနေတယ် မဟုတ်လား။ ဒီလိုဆိုလို့ရှိရင် သူဟာ ကျုပ်နဲ့ မင်းနဲ့ ပြစ်မှားမိကြတယ်ဆိုတာကို အများသူငါ ကြားအောင် လျှောက်ပြီးတော့ ပြောတော့မှာ။ သူဟာ ကျုပ်ရဲ့ရန်သူဖြစ်ကြောင်း ကျုပ် သိသွားတဲ့အခါမှာ ကျုပ်ကို သူ တနည်းတလမ်းနဲ့ လက်စားချေဦးမှာပေါ့။ အဲဒီနည်းကတော့ ကျုပ်နဲ့ မင်းနဲ့ မှားမိခဲ့ကြတာကို လူတွေသိအောင် မောင်းထုတဲ့ နည်းလမ်းတလမ်းပဲ ရှိတယ်။ အဲဒီတော့ ဘယ့်နှယ်လုပ်မလဲ ဟက်စတာ၊ လူတွေ သိကုန်ရင် ဘယ့်နှယ်လုပ်မလဲ” ဟု မေးနေပြန်၏။

ထိုအခါ ဟက်စတာပရင်းက လေးလေးနက်နက် စဉ်းစား၍ -

“ဒီလိုတော့ လူတကာကို သူ ဖွင့်ပြီးပြောမယ် မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက လျှို့ဝှက်ပြီးတော့ လက်စားချေရမှ ကျေနပ်တတ်တဲ့အကျင့် ရှိတယ်။ ဒါကြောင့်မိုလို့ ကျွန်မတော့ မထင်ဘူးလေ၊ ကျွန်မတို့ အဖြစ်အပျက်ကို အများသူငါ ကြားသိအောင် သူ လုပ်လိမ့်မယ်လို့ မထင်ပါဘူး။ လက်စားချေဖို့ တခြားနည်းလမ်းတလမ်းမျိုးကိုသာ သူ ရှာချင် ရှာလိမ့်မယ်” ဟု ပြောလိုက်၏။

သို့တိုင်အောင် ဒင်းမစ်ဒေးသည် မယုံကြည်နိုင်သေးဘဲ သူ့ရင်အုံကို လက်ဖြင့် ဖိရင်း-

“မင်း ပြောတာကတော့ ဟုတ်ပါပြီကွယ်၊ ဒါဖြင့် ရှေ့တလျှောက် ငါ ဘယ်လိုလုပ်ပြီး နေသွားရမှာလဲကွယ်၊ ရော်ဂျာချီလင်းဝပ်ဟာ ကျုပ် ဘယ်လိုလူဆိုတာ သိနေပြီ။ အဲဒီတော့ သူနဲ့ကျုပ် ဘယ့်နှယ်လုပ်ပြီးတော့ မျက်နှာချင်း ဆိုင်ရမတုံး။ အကြံပေးစမ်းပါဦး ဟက်စတာရယ်၊ ကျုပ်ဖြင့် ဘာကို တွေးရမှန်းတောင် မသိတော့ပါဘူး။ ကြံစမ်းပါဦးကွယ်” ဟု တောင်းတောင်းပန်ပန် ပြော၍ နေပြန်လေသည်။

ဟက်စတာပရင်းသည် ဒင်းမစ်ဒေးကို စူးစိုက်၍ ကြည့်ရင်း-

“ရှင် ရော်ဂျာချီးလင်းဝပ်နဲ့ အတူတူ မနေရင် အကောင်းဆုံးပဲ။ သူ့မျက်စိအောက်မှာ ရှင် နေလေလေ၊ ရှင် ဒုက္ခရောက်လေလေပေါ့။ အဲဒီတော့ သူနဲ့ ခွဲပြီးတော့ နေတာဟာ အကောင်းဆုံးပဲ” ဟု တည်ငြိမ်သောလေသံဖြင့် ပြောလိုက်၏။

“ဟုတ်ပါတယ် ဟက်စတာရယ်၊ သူ့မျက်စိအောက်မှာ နေရတာဟာ သေတာထက်တောင်မှပဲ ဆိုးရွားပါသေးတယ်။ ဒါပေမဲ့ သူ့ကို ကျုပ် ဘယ်လိုလုပ်ပြီး ရှောင်ရမလဲ၊ သူ့ကို ရှောင်လွှဲလို့တော့ ဘယ်လိုမှ ရနိုင်မှာ မဟုတ်ဘူး။ ခုန ကျုပ် ထိုင်ချလိုက်တဲ့နေရာမှာပဲ ချက်ချင်း သေပစ်လိုက်ဖို့ သာ ရှိတော့တာပဲ”

ဟု ဒင်းမစ်ဒေးက ပြော၍ နေပြန်လေရာ-

ဟက်စတာပရင်းမှာ ကြည့်ရင်း ကြည့်ရင်းပင် ဒင်းမစ်ဒေးအား အသနားကြီး သနား၍ လာကာ မျက်ရည်များ လည်၍လာပြီးလျှင်-

"ဩော် ရှင့်မှာလည်း ဒုက္ခပဲနော်၊ ဒါလောက်တောင်ပဲ စိတ်အား ကိုယ်အား ပျက်နေပြီကိုး။ ရှင် စိတ်ဓာတ်အင်အား ပျက်စီးတာနဲ့ပဲ ရှင်ဟာ မြန်မြန်သေမှာတောင် စိုးရတယ်၊ ဒါလောက်ပဲ စိတ်အားလျှော့ရသလား... ဟင်"

ဟု လှိုက်လှဲစွာ ပြော၍ နေပြန်သည်၌ စိတ်ဓာတ်ပျက်ပြားနေသော သင်းအုပ်ဆရာကလေးက-

"ဒါကတော့ ဘုရားသခင် အလိုတော်အတိုင်းပဲကွယ်၊ ဘုရားသခင် ကိုယ်တော်တိုင်က ဒဏ်ခတ်ထားတဲ့ ဒဏ်ဆိုတော့ ကျုပ် ဘယ်လိုလုပ်ပြီး ရှောင်လွှဲပါ့မတုံး"

ဟု ပြော၍ နေပြန်လေသည်။ ဟက်စတာပရင်းလည်း စိတ်မရှည်ဟန်ဖြင့် "ရှင်ကလည်းပဲ ကိုယ့်စိတ်ကိုကိုယ် ခိုင်ခိုင်ထားမှ ဘုရားသခင်ကလည်း ရှင့်ကို သနားတော်မူမှာပေါ့" ဟု ဆိုလိုက်ရာ ဒင်းမစ်ဒေးက-

"ဒါဖြင့် ကျုပ် ဘယ့်နှယ်လုပ်ရပါ့မလဲ ဟက်စတာရယ်၊ ပြောစမ်းပါဦး၊ ကျုပ်ကို အကြံဉာဏ် ပေးပါဦး" ဟု တောင်းပန်လိုက်ပြန်၏။

ဟက်စတာပရင်းသည် ဒင်းမစ်ဒေး၏ မျက်လုံးများကို စူးစိုက်၍ကြည့်လိုက်ပြီးနောက်-

"ကမ္ဘာလောကကြီးဟာ ဒါလောက်တောင်ပဲ ကျဉ်းမြောင်းသလား ရှင်၊ ကမ္ဘာလောကကြီးဟာ ဟို ဘော်စတွန်မြို့ကလေး တမြို့ပဲလား။ လှမ်းကြည့်လိုက်စမ်း... ဟောဟို လူသွားလမ်းကလေးဟာ ဘယ်ကိုရောက်အောင်သွားတဲ့ လမ်းကလေးလဲ၊ သိလား။ ရှင်ကတော့ ဒီလူသွားလမ်းကလေးဟာ မြို့ထဲကို ပြန်တဲ့လမ်းပဲလို့ ပြောလိမ့်မယ်။ အဲဒီလမ်းကလေးဟာ ဘော်စတွန်မြို့မှာပဲ ရပ်နေသလား ရှင်။ ရှေ့ဆက် မရှိတော့ဘူးလား၊ ဒီလမ်းကလေးအတိုင်း ဆက်ဆက်ပြီးတော့ လိုက်သွားမယ်ဆိုလို့ရှိရင် ရှင် ဘယ်ရောက်မလဲ၊ သိလား။ ဒီမြို့ကို လွန်ပြီးတော့ တခြားမြို့ကို ရောက်သွားမှာပေါ့၊ အဲဒီအခါကျတော့ကာ ရှင်ဟာ ရော်ဂျာချီးလင်းဝပ်နဲ့လည်း ဝေးမယ်၊ ရှင် ဘယ်လိုလူစားဆိုတာကိုလည်း သိတဲ့လူ မရှိတဲ့ အရပ်ကို ရောက်မယ်။ ယုတ်စွာအဆုံး ရှင်... မြို့ထဲမှာ မနေဘဲ တောထဲမှာ နေရင်တောင် ရှင် ဒီလို စိတ်ဒုက္ခတွေက လွတ်နိုင်ပါတယ်။ ဒီတောအုပ်ကို

ကျော်ပြီးတော့ ထွက်လိုက်မယ် ဆိုလို့ရှိရင် ဘယ်ကို ရောက်မလဲ၊ သိလား။ ပင်လယ်ကမ်းခြေကို ရောက်လိမ့်မယ်။ ကျွန်မတို့ဟာ ပင်လယ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး ဒီမြို့ကလေးကို ရောက်လာခဲ့ကြတယ်၊ ဒီမြို့ကလေးကနေပြီးတော့ ပင်လယ် သမုဒ္ဒရာကြီးကို ဖြတ်ကျော်ပြီး ပြန်သွားမယ်ဆိုရင် ကျွန်မတို့ဟာ အင်္ဂလန်ကို ရောက်နိုင်တယ်။ အင်္ဂလန် တောပိုင်းက အင်မတန် ချစ်စရာကောင်းတဲ့ရွာကလေးတွေမှာလည်း နေနိုင်တယ်၊ ဒါမှမဟုတ်ဘူး ဆိုလို့ရှိရင် အင်မတန်ကို ကျယ်ဝန်းတဲ့ လန်ဒန်မြို့တော်ကြီးကိုလည်း ရောက်နိုင်တယ်။ အင်္ဂလန် မှာမှ မနေချင်သေးဘူးဆိုလို့ရှိရင် ဂျာမနီကိုလည်း သွားနိုင်တယ်၊ ပြင်သစ်ပြည်ကိုလည်း သွားနိုင်တယ်။ ဒါမှမဟုတ် အီတလီပေါ့။ ရှင် ဒီလို နိုင်ငံခြားကို ကူးပြောင်းပြီး သွားမယ်ဆိုလို့ရှိရင် ရှင်ဟာ ရော်ဂျာချီလင်းဝပ်နဲ့ အဝေးကြီး ဝေးသွားမယ်၊ ရှင် ဘယ်မှာနေတယ် ဆိုတာကိုတောင် သူ သိနိုင်မယ် မဟုတ်ဘူး။

"နောက်ပြီးတော့ ရှင်၊ ရှင် အခု နယ်သစ်ပယ်သစ် ဖွင့်တဲ့လူတွေနဲ့ အတူတူ လိုက်လာပြီးတော့ သူတို့ရဲ့ပင်ပန်းဆင်းရဲတဲ့ဘဝမျိုးမှာ လာပြီးနေခဲ့တဲ့ ရှင်ဟာ သမ္မာကျမ်းစာတော်နဲ့ ပတ်သက်ပြီး တော့ သူတို့ရဲ့စိတ် ငြိမ်းချမ်းမှုတွေကို ဆောင်ရွက်ပေးနေခဲ့တယ်။ အဲဒီလို ဆောင်ရွက်ပေးနေတာ ဟာ ဘယ်လောက်ကြာခဲ့ပြီလဲ၊ ရှင် ဒါလောက်ကြာအောင် သူတို့ရဲ့ကောင်းကျိုးကို ဆောင်ပေးပြီး မှဖြင့်တော့ တော်လောက်ရောပေါ့ရှင်။ ရှင်ဟာ ရှင့်ဘဝကို သူများအတွက်ချည်းသာ အသုံးပြုခဲ့ တယ်၊ အခုအချိန်ဟာ ရှင့်အဖို့မှာ ကိုယ့်ဘဝကို ကိုယ်စိတ်ချမ်းသာအောင် နေဖို့ တော်ပါပြီ။ အဲဒီတော့ကာ "တရွာမပြောင်း သူကောင်းမဖြစ်" ဆိုသလို ရှင် ဒီမြို့က ခွာချိန်တန်ပါပြီ" ဟု လေးနက်တည်ကြည်စွာ ပြောလိုက်လေသည်။

သို့တိုင်အောင် ဒင်းမစ်ဒေးက -

"ဖြစ်နိုင်ပါ့မလား ဟက်စတာရယ်၊ မဖြစ်နိုင်ပါဘူး။ ကျုပ် ဒီမြို့က ဘယ်လိုလုပ်ပြီး ခွာရပါ့မလဲ၊ ကျုပ်ဟာ အပြစ်ကြီးတခုကို ဒီမြို့မှာ လုပ်ထားတဲ့လူပီပီ ဒီမြို့မှာပဲ ဆက်နေပြီးတော့ ဒီမြို့မှာပဲ သေရလိမ့်မယ် ထင်ပါရဲ့။ ပြီးတော့ကာ ကျုပ်ဟာ ကျုပ်ရဲ့ဘဝကို ဒီမြို့မှာနေတဲ့ လူတွေရဲ့ ကောင်းကျိုးအတွက် ပေးလှူထားပြီးသားဆိုတော့ သူတို့ကို စွန့်ပစ်ပြီး ကျုပ် ထွက်ခွာသွားမယ် ဆိုလို့ရှိရင် တော်ပါ့မလားကွယ်"

ဟု မေး၍ နေပြန်ချေသည်။

ဟက်စတာပရင်းမှာမူကား သူ၏အကြံဉာဏ်ကို ဒင်းမစ်ဒေး လက်ခံသည်အထိ တိုက်တွန်းရန် ဆုံးဖြတ်ထားပြီးပြီ ဖြစ်သောကြောင့်-

“ရှင် အခု ခုနစ်နှစ်လုံးလုံး ဒီမြို့မှာ နေရလို့ စိတ်မချမ်းသာ ဖြစ်ရတဲ့ ဒဏ်တွေဟာ ပိလ္လွန်းမက ပိနေပါပြီ။ ဒီတော့ကာ ရှင်… ရှင် ဒီမြို့က ထွက်သွားဖို့ ကောင်းပြီ။ သင်္ဘောပျက်တဲ့အခါမှာ သင်္ဘောကို စွန့်ခွာပြီးတော့ သွားကြရသလို ရှင်ဟာလည်းပဲ ရှင့်ဘဝကို ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေတဲ့ ဒီမြို့သူမြို့သားတွေကို စွန့်ခွာပြီးသွားရင် အကောင်းဆုံးပါပဲ။ ဒီမြို့မှာ ဆိုလို့ရှိရင် ရှင်ရဲ့နောင်ရေးဟာ ပျက်စီးခြင်းနဲ့သာ အဆုံးတိုင်လိမ့်မယ်လို့ ကျွန်မ ပြောဝံ့ပါတယ်။ ဒါပေမဲ့ ဒီလို တွေ့ရမယ့် နောင်ရေးကို ရှောင်လွှဲနိုင်လျက်သားနဲ့ မရှောင်လွှဲဘဲ နေမယ်ဆိုရင် အဲဒါထက် ဝမ်းနည်းစရာ ကောင်းတာ ဘာများ ရှိလိမ့်ဦးမှာလဲ ရှင်။ ရှင် ဒီမြို့မှာ ဆက်ပြီးတော့ နေသွားမယ်ဆိုရင် ရှင်ဟာ စိန့်သူတော်စင် မဟုတ်ဘဲနဲ့ သူတော်ကောင်း ယောင်ဆောင်ပြီးတော့ နေသွားရပေလိမ့်မယ်။ ရှင့်ကိုယ်ကိုရှင် လိမ်ရုံသာ မကသေးဘူး၊ တမြို့လုံးကိုပါ လိမ်ပြီးတော့ တသက်လုံး လူလိမ်ကြီးအဖြစ်နဲ့ နေသွားရလိမ့်မယ်။ အဲဒီဘဝမျိုးကို ရှင် စုံမက်နေနိုင်သေးရဲ့လား… ဟင်။ ရှင်မှာ စိတ်ဆင်းရဲ ဒုက္ခကြီးကို အချိန်နဲ့အမျှ ခံစားနေရပြီး ကိုယ့်အပြစ်ကို ဟိုလူ သိနိုးနိုး၊ ဒီလူ သိနိုးနိုးနဲ့ အကြောက်ကြောက် အရွံ့ရွံ့ နေရတဲ့ ဘဝမျိုးကို ရှင် ဘယ်လိုလုပ်ပြီး ပျော်ပိုက်နိုင်ပါ့မလဲ။

“အကောင်းဆုံး နည်းလမ်းကတော့ဖြင့် ရှင် ဒီမြို့က ခွာပြီးတော့ကာ ဘယ်သူမှ ရှင့်ကို မသိတဲ့ တနိုင်ငံကို သွားပြီးနေ၊ အဲဒီနိုင်ငံကို ရောက်တဲ့အခါကျတော့ သင်းအုပ်ဆရာ အဖြစ်နဲ့ပဲ ကျမ်းစာဟော၊ ကျမ်းစာပေစာ ရေး၊ လူတွေရဲ့ကောင်းကျိုးအတွက် တတ်နိုင်သလောက် ဆောင်ကြဉ်း။ အို… ရှင်လုပ်ချင်တာ လုပ်ပေါ့ရှင်၊ ဒါပေမဲ့ ဒီမြို့မှာ နေပြီးတော့ ကိုယ် မလှန်သာတဲ့ အပြစ်ဒဏ်ကြီးကိုဖြင့် လည်ပင်းစင်းပြီး မခံပါနဲ့ရှင်။ ယုတ်စွာအဆုံး ရှင်ဟာ အာသာဒင်းမစ်ဒေး ဆိုတဲ့ နာမည်ကိုတောင် ဖျောက်ဖျက်ပစ်လိုက်ပြီး နာမည်အသစ်တခုကို ယူပေါ့။ ကျွန်မသဘော ဆိုရရင်ဖြင့် တနာရီ တမိနစ်မှတောင် ဒီမြို့မှာ ဆက်ပြီးတော့ မနေစေချင်တော့ဘူး။ နေလို့ကော ဘာအကြောင်း ထူးဦးမှာလဲ၊ ဒီမြို့မှာ ကြာကြာနေလေလေ စိတ်ဓာတ် ပျက်ပြားလေလေ။ နောက်ဆုံးကျရင် ရှင် ဘာဖြစ်မလဲ… သိရဲ့ လား၊ ရှင်ဟာ နောင်တရဖို့တောင်မှပဲ စိတ်အားသတ္တိ မရှိတဲ့လူ အဖြစ်ကို ရှင် ရောက်သွားဦးမယ်။ အဲဒီတော့ရှင်၊ ကဲ သွားပေတော့၊ ဒီမြို့က… သွားပေတော့” ဟု ပြောလိုက်လေသည်။

ဟက်စတာပရင်းက ဤကဲ့သို့ စိတ်အားထက်သန်စွာ ပြောလိုက်သောအခါတွင် ဒင်းမစ်ဒေး ကိုယ်တိုင်တွင်လည်း ထိုထက်သန်မှု ကူးစက်ကာ မျက်လုံးများတွင် စိတ်အား အရှိန်၏ အရောင်များ တောက်၍ လာလေသည်။ သို့သော် ဒင်းမစ်ဒေးက-

“ဒီမြို့က လွတ်အောင်ပြေးဖို့ ဆိုတာကတော့ ဟုတ်ပါပြီကွယ်၊ ဒါပေမဲ့

ကျုပ်မှာ ပြေးနိုင်တဲ့ စိတ်ခွန်အားမရှိတော့ပါဘူး။ ကမ္ဘာလောက ပြင်ကျယ်ကြီးထဲကို ကျုပ်တယောက်တည်း ဘယ်လို ပြေးနိုင်တဲ့ အင်အားမျိုး ရှိနိုင်ပါတော့မလဲ”

ဟု ညည်းလိုက်ပြန်၏။ သူ၏ ညည်းညူသံမှာ စိတ်ဓာတ်ပျော့၍ နေသော လူတယောက်၏ ညည်းညူသံပင် ဖြစ်လေသည်။ ထွက်၍ပြေးလျှင် ဒုက္ခအပေါင်းတို့မှ ကင်းလွတ်မည်ကို သိပါလျက်နှင့် ထွက်၍ပြေးရန်ပင် အားမရှိသော အခြေအနေသို့ ဒင်းမစ်ဒေး ရောက်၍ နေရ၏။

“ကျုပ်တယောက်တည်း ဘယ့်နှယ်လုပ်ပြီး ပြေးရပါ့မလဲ … ဟက်စတာပရင်းရယ်”

ဟု ဒင်းမင်ဒေးက ထပ်မံ၍ ညည်းညူလိုက်သောအခါတွင် ဟက်စတာသည် တီးတိုးလေသံဖြင့် -

“ရှင်တယောက်တည်း ပြေးရမှာ မဟုတ်ပါဘူး ရှင်ရယ်၊ တယောက်တည်း မပြေးရစေ့ပါဘူး” ဟု ပြောလိုက်လေသည်။

ဟက်စတာပရင်း ပြောသမျှ စကားများတွင် ဤစကားသည်သာလျှင် အရေးအကြီးဆုံးသော စကားဖြစ်ပေသည်။

၁၉။ ရွေးကောက်ပွဲနေ့ ဆုတောင်း

ဒင်းမစ်ဒေးနှင့် ဟက်စတာပရင်းတို့သည် ဤဘော်စတွန်မြို့ကလေးမှ ထွက်ခွာ၍သွားရန် ဆုံးဖြတ်လိုက်ကြပြီးသည့်နောက် မည်သို့မည်ပုံ ထွက်ခွာကြမည်ကို တိုင်ပင်နေကြပြန်လေသည်။ လက်ဦးတွင် အမေရိကတိုက်၌ရှိသော အခြား နယ်သစ်ပယ်သစ်တခုသို့ ကူးပြောင်း၍ သွားကြရန် စဉ်းစားနေ၏။ သို့သော် ဒင်းမစ်ဒေးမှာ ကျန်းမာရေးချို့တဲ့၍ နေသောသူ ဖြစ်ရာ ဖွင့်စဖြစ်သော အခြား နယ်သစ်ပယ်သစ်တခုသို့ သွားရောက်နေထိုင်ပါက အခြားသော လူကြမ်းကြီးများ၏ နည်းတူ ပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်စားသောက် နေထိုင်ရမည်ကို တွေးမိကြ၏။ သို့ဖြစ်လေရာ ထိုအကြံကို ဖျက်လိုက်ရလေသည်။ ဒင်းမစ်ဒေးကဲ့သို့သော စာပေသမား၊ ကျမ်းစာသမား လူနုများမှာ အကြမ်းပတမ်းနေရသော ဘဝမျိုးဖြင့် နေရမည်မှာ မသင့်လျော်ဟု ဟက်စတာပရင်း ယူဆမိ၏။ ထို့ကြောင့် ဒင်းမစ်ဒေးသည် ထိုနိုင်ငံသစ်ကို ခွာ၍ အနုပညာတို့ ထွန်းကားနေရာ နိုင်ငံဟောင်းဖြစ်သော ဥရောပတိုက်သို့ ပြန်လည်သွားရောက် နေထိုင်ခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟူ၍လည်း ဟက်စတာပရင်း တွေးမိလေသည်။ သူ၏ ဉာဏ်ရည် ဉာဏ်သွားနှင့်ဆိုလျှင် ဒင်းမစ်ဒေးသည် အမေရိကတိုက်မှာထက် ဥရောပတိုက်တွင် ပိုမို၍ ကြီးပွားလွယ်မည် ဖြစ်၏။

ဥရောပတိုက်သို့ ဒင်းမစ်ဒေးနှင့်အတူ ထွက်ခွာသွားရန် ဟက်စတာပရင်း၏အဖို့၌ အကြောင်း တိုက်ဆိုင်၍ နေသည်မှာ ဘော်စတွန်မြို့ ဆိပ်ကမ်းတွင် သင်္ဘောတစင်း ဆိုက်ကပ်လျက် ရှိ၏။ ထိုသင်္ဘောမှာ စပိန်ပိုင် မက္ကဆီကို ပြင်ဘက်မှလာသော သင်္ဘောဖြစ်လျက် အချို့သော သင်္ဘောသားများမှာ ဖျားနာ၍နေရာ ဟက်စတာပရင်းသည် ထိုသင်္ဘောသားများကို သွားရောက်၍ ပြုစုဖူးလေသည်။ သို့ ပြုစုရခြင်းအားဖြင့် ဟက်စကာပရင်းသည် သင်္ဘော မာလိန်မှူးနှင့် မိတ်ဆွေဖြစ်ခဲ့လေရာ သင်္ဘောမာလိန်မှူးအား လူကြီးနှစ်ယောက်နှင့် ကလေး တယောက်ကို သင်္ဘောဖြင့်တင်၍ လျှို့ဝှက်စွာ ဥရောပတိုက်သို့ ဆောင်ကြဉ်းသွားပါမည့် အကြောင်း တောင်းပန်လိုက်လေသည်။ သင်္ဘောမှာ ဘော်စတွန်မြို့မှနေ၍ အင်္ဂလန်ပြည် ဘရစ္စတိုမြို့သို့ သွားမည့်သင်္ဘော ဖြစ်လေရာ သင်္ဘောမာလိန်မှူးက အလွယ်တကူနှင့်ပင် သဘောတူလိုက်လေသည်။

ထိုသင်္ဘောသည် ဒင်းမစ်ဒေးနှင့် ဟက်စတာပရင်းတို့ တောထဲ၌ တွေ့ပြီးသည့်နေ့၏ နောက် လေးရက်မြောက်သောနေ့တွင် ထွက်မည်ဖြစ်လေသည်။ ဤနေ့မှ သုံးရက်မြောက်သော နေ့မှာကား ဒင်းမစ်ဒေးသည် ခရစ်ယာန်

ဘုရားဝတ်ကျောင်း၌ ခရစ်ယာန်ကျမ်းစာ ဟောရမည့် နေ့ ဖြစ်လေသည်။ တတိယမြောက်သောနေ့တွင် ခရစ်ယာန်ကျမ်းစာ ဟောပြီးသည့်နောက် စတုတ္ထမြောက်သောနေ့တွင် ဤဘော်စတွန်မြို့ကလေးမှ တိတ်တဆိတ် ထွက်ခွာ၍ သွားရမည့် နေ့ ဖြစ်လေရာ အချိန်မှာ ဒင်းမစ်ဒေး၏အဖို့၌ အံကျဖြစ်၍ နေလေသည်။ သင်းအုပ်ဆရာ အဖြစ်ဖြင့် အကြီးဆုံးသော ပွဲသဘင်တွင် ခရစ်ယာန်ကျမ်းစာ ဟောပြီးသည့်နောက် သင်းအုပ်ဆရာအလုပ်ကို လုံးဝ စွန့်ခွာ ပျောက်ကွယ်သွားခြင်းသည် တနည်းအားဖြင့် ဇာတ်ဆန်သော်လည်း ဒင်းမစ်ဒေး၏ အဖို့၌ကား များစွာ ကျေနပ်ဖွယ်ရာ ဖြစ်၍နေပေသည်။ နောက်ဆုံး ဤမြို့မှ မိမိ ပျောက်ကွယ်၍သွားသည့် အချိန်အထိပင် မိမိသည် မိမိ၏ တာဝန် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်၍ သွားလေသည်ဟု မြို့သူမြို့သားတို့က တသက်သက် အောက်မေ့ကာ ပြော၍ မဆုံးနိုင်လောက်အောင် ရှိ၍ ကျန်ရစ်ခဲ့ကြမည့်အရေးကို ဒင်းမစ်ဒေး တွေးလိုက်တိုင်း ကြည်နူး၍ နေမိပေသည်။

ဒင်းမစ်ဒေးသည် ဟက်စတာပရင်းတို့ ရှေ့မှနေ၍ မြို့ထဲသို့ တယောက်တည်း လျှောက်ကာ ပြန်၍ လာခဲ့လေသည်။ အိမ်သို့ရောက်သည်နှင့် တပြိုင်နက်တည်း ရွေးကောက်ပွဲ ခရစ်ယာန်ကျမ်းထွက် ဟောစာကို စိတ်ပါလက်ပါ အားသွန်၍ ရေးလေတော့၏။ ထိုခရစ်ယာန်ကျမ်းစာမှာ မိမိ နောက်ဆုံးအကြိမ် ဟောပြောရမည့် ကျမ်းစာဖြစ်၏။ ဤနယ်မှ ထွက်ခွာ၍ သွားရတော့မည် ဖြစ်သဖြင့် ဒင်းမစ်ဒေး၏စိတ်မှာ များစွာ လွတ်လပ်၍ ရွှင်လန်းအားတက်နေပေသည်။ ထိုကြောင့် သူ ဟောပြောမည့် ခရစ်ယာန်ကျမ်းစာမှာလည်း လူတို့၏ စိတ်နှလုံးကို ထိခိုက်စေသော စကားလုံးများပင် ဖြစ်၍ နေပေသည်။ မိမိ ခုနစ်နှစ်တိုင်တိုင် ဟောပြောခဲ့ရသော မြို့သူမြို့သား များအား ခွဲခွာသွားရတော့မည် ဖြစ်သဖြင့် ကျမ်းဟောစာတွင် ကြေကွဲဖွယ်ရာ စကားလုံးများ လည်း ပါဝင်လျက် ရှိပေသည်။ ဟောပြောမည့် ခရစ်ယာန် ကျမ်းစာကို အာရုံစူးစိုက်၍ ရေးသားနေသည့် အခိုက်အတန့်တွင် အခန်းတံခါးကို ခေါက်လိုက်သည့်အသံ ကြားလိုက်လေ သည်။

"အင်း… စေတန်တွေကလည်းပဲ ပေါသကိုး။ ကျမ်းစာမှ ကောင်းကောင်း မရေးရဘူး" ဟု စိတ်တွင် အောက်မေ့ကာ ဒင်းမစ်ဒေးသည် တံခါးကို သွား၍ ဖွင့်လိုက်၏။ ဖွင့်လိုက်သည်နှင့် တပြိုင်နက်ပင် ဒင်းမစ်ဒေးသည် သူ့စိတ်က တွေးလိုက်မိသည့်အတိုင်း စေတန်နှင့် ရင်ဆိုင် တွေ့ရသည့်အလား ဖြစ်၍ သွားရလေတော့သည်။ အကြောင်းမူကား တံခါးဝ၌ ရပ်၍ နေသောသူမှာ အခြားသူ မဟုတ်၊ အဘိုးကြီး ရော်ဂျာချီးလင်းဝပ် ကိုယ်တိုင်ပင် ဖြစ်၍နေ၏။

ရော်ဂျာကို မြင်လိုက်ရသည်တွင် သင်းအုပ်ဆရာကလေးသည် မျက်နှာတွင် သွေးဆုတ်၍ သွား၏။ သူ၏ ရင်အုံကိုလည်း ယောင်ယမ်း၍ ဖိလိုက်မိ၏။ ဆေးဆရာ အဘိုးကြီးလည်း အခန်းထဲသို့ ဝင်၍ လာရာက-

“ဪ... ဆရာကလေး ပြန်ရောက်ပြီကိုး။ ဆရာကြီး အိလီးယော့ မာရဲ့လားဗျာ၊ အောင်မယ်... ဒါနဲ့ ဆရာကလေး မျက်နှာလည်း သွေးမရှိပါလား၊ ခရီးပန်းလာတယ် ထင်ပါရဲ့။ ဆရာလေး ဆေးသောက်လိုက်ပါလား ဟင်။ ဒါမှ ရွေးကောက်ပွဲ ဆုတောင်းပွဲနေ့ကျရင် ဆရာလေး ကျမ်းစာ ဟောဖို့ အားရှိသွားအောင် ကျုပ် ဆေးဖျော်လိုက်မယ်လေ” ဟု ပြော၍ နေလေသည်။

သို့သော် ဒင်းမစ်ဒေးက-

“ကျုပ် ဆေးမသောက်တော့ပါဘူးဗျာ။ ခရီးသွားရတာရယ်၊ ဆရာကြီး အီလီးယော့ကို တွေ့ခဲ့ရတာရယ်၊ ပြီးတော့ကာ လေကောင်းလေသန့်ကို ရှူခဲ့ရတာရယ်၊ ဒါတွေနဲ့ပဲ ကျုပ်ဖြင့် အတော် စိတ်လက် ပေါ့ပါးသွားတယ်။ ခါတိုင်းဆိုရင် ဒီစာကြည့်ခန်းထဲမှာ တကုပ်ကုပ်နဲ့ အခန်းအောင်းပြီး နေရတာကိုးဗျ။ အခုတော့ဖြင့် ကျုပ် တော်တော်ကို နေကောင်းသွားပါပြီ။ ခင်ဗျားပေးတဲ့ ဆေးတွေကို သောက်ဖို့တောင် တယ်ပြီး မလိုတော့ပါဘူး” ဟု ပြောလိုက်လေ သည်။

သို့ ပြောနေခိုက် တချိန်လုံးတွင် ရော်ဂျာချီးလင်းဝပ်သည် သင်းအုပ်ဆရာကလေးအား စူးစူးဝါးဝါးကြီး ကြည့်နေ၏။ သူ၏ ကြည့်ပုံမှာ လူနာတဦးအား ဆေးဆရာက ဝေဒနာ လက္ခဏာများကို အကဲခတ်ရင်း ကြည့်သော ကြည့်ပုံမျိုး ဖြစ်၏။ သို့သော် ရော်ဂျာ ချီးလင်းဝပ်နှင့် မျက်လုံးချင်း ဆိုင်မိကတည်းကပင် ဒင်းမစ်ဒေးသည် မိမိနှင့် ဟက်စတာပရင်းတို့ တောထဲတွင် တွေ့ကြကြောင်းကို အဘိုးကြီး သိပြီးဖြစ်နေသည်ဟု ရိပ်မိလာလေတော့သည်။ ဆရာကြီးကလည်း ဒင်းမစ်ဒေး၏တွေးလုံးများကို သိပြီးဖြစ်နေ၏။ ဒင်းမစ်ဒေးသည် ဤအချိန်မှ စ၍ မိမိအား မိတ်ဆွေကောင်း တယောက်အနေဖြင့် အမှတ်မထားတော့ဘဲ ရန်သူတယောက် အနေဖြင့် အမှတ်ထားလေပြီဟုလည်း နားလည်ထားပြီး ဖြစ်လေသည်။ ယခင်ကမူ ဒင်းမစ်ဒေး သည် ရော်ဂျာချီလင်းဝပ်အား အလိုလိုနေရင်း ရွံ့၍ နေခဲ့ဖူး၏။ ယခုမူကား ထိုကြောက်စိတ်သည် ပြေပျောက်လျက် ရှိနေပေပြီ။ လေးရက်ကြာသောအခါတွင် မိမိသည် ရော်ဂျာချီးလင်းဝပ်နှင့် ဝေးရာသို့ သွားရပေတော့မည် ဟူသောအသိဖြင့် ဒင်းမစ်ဒေးမှာ စိတ်အားသတ္တိ ခိုင်ခံ့လျက် ရှိနေပေသည်။

ခဏကြာမျှ စကားပြောပြီးသည့်နောက် ရော်ဂျာချီးလင်းဝပ်သည် အခန်းတွင်းမှ ထွက်၍ ပြန်သွားလေတော့သည်။ သင်းအုပ်ဆရာကလေးလည်း အိမ်ရှိ အစေခံအား အစားအသောက်များ ယူခဲ့ရန် မှာလိုက်ပြီးနောက် ရောက်လာသောအခါတွင် အားရပါးရ စားလေတော့သည်။ တခါမျှ ဤကဲ့သို့ ထမင်း မမြိန်စဖူးခဲ့ပေ။ ထိုနောက် ရေးလက်စရှိသော ရွေးကောက်ပွဲ ဆုတောင်း ကျမ်းစာကို ဆုတ်ပစ်လိုက်ပြီးလျှင် စိတ်အားအသစ်ဖြင့် ဆုတောင်းကျမ်းစာကို ထပ်မံ၍ ရေးပြန်လေတော့သည်။ နံနက် အရုဏ်တက်အချိန်သို့ ရောက်သောအခါ

ဒင်းမစ်ဒေးသည် ရှည်လျားလှသော ဆုတောင်းကျမ်းစာကို ရေးသားပြီးစီးခဲ့လေပြီ။

သို့နှင့်ပင် ရွေးကောက်ပွဲနေ့အတွက် ဆုတောင်းမင်္ဂလာ ပြုကြသောနေ့သို့ ဆိုက်ရောက် လာခဲ့ရပေသည်။ ဤနေ့သည် အသစ် ရွေးကောက် တင်မြှောက်ခြင်းကို ခံရသော ပြည်နယ်မင်းကြီးက မိမိ ရွေးကောက်ပွဲတွင် ရွေးကောက်ခြင်း ခံရသည့်အတွက် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို အထူးလေးစားကာ ပြည်နယ် သာယာရေးအတွက် ဆုတောင်းမေတ္တာ ပို့သမည်ဖြစ်သော နေ့ကြီး ဖြစ်ပေသည်။

ထိုနေ့ နံနက်သို့ ရောက်သောအခါ ဟက်စတာပရင်းသည် သမီးကလေး ပုလဲကို လက်ကဆွဲကာ ဈေးမြေကွက်လပ်လမ်းသို့ ရောက်ရှိလာခဲ့၏။ ဤနေ့သည်ကား အားလပ်သောရက် ဖြစ်သဖြင့် အလုပ်သမား အမျိုးမျိုး၊ လယ်သမား အမျိုးမျိုးတို့သည် ထိုဈေးမြေကွက်လပ်တွင် လာရောက် စုဝေးလျက် ရှိကြပေသည်။ တောကြီးမျက်မည်း အတွင်းတွင် နေထိုင်၍ မုဆိုးအလုပ်ကို လုပ်ကိုင်စားသောက်နေသူများပင်လျှင် ဤရက်အဖို့၌ ဘော်စတွန်မြို့ကလေးအတွင်းသို့ နံနက် စောစောကပင် ရောက်ရှိ၍ နေကြပေသည်။

ဟက်စတာပရင်းသည် မိမိ၏ ရင်အုံပေါ်တွင် ကြက်သွေးရောင် စာလုံးကြီးကို ဆင်မြန်းမြဲ ဆင်မြန်း၍ လာ၏။ သို့သော် ဤနေ့အဖို့တွင်မူကား မိမိ၏ရင်အုံကို ကြည့်ရှုကြသော သူတိုင်းအား ရှက်ရွံ့သော မျက်လုံးများဖြင့် ပြန်၍ မကြည့်တော့ဘဲ ခေါင်းကို မော်မော့်ထားကာ ရဲဝံ့သောမျက်လုံးများဖြင့် တည်တည်ကြည်ကြည်ကြီး ကြည့်၍ နေလေတော့သည်။ သူ၏ စိတ်ထဲတွင် "ရှင်တို့ ကြည့်နိုင်ကြရင် ဒီတရက်ပေါ့ရှင်" ဟူသော အတွေးသည် ပေါ်ပေါက်လျက် ရှိနေပေသည်။

တမြို့လုံး လှုပ်လှုပ်ရွရွ ပျော်ရွှင်နေကြသည်ကို မြင်ရသောအခါတွင် ပုလဲကလေးသည် အလွန်တရာ ပျော်ရွှင်၍ နေပေသည်။ ဟက်စတာပရင်းသည် သူ၏ သမီးကလေးကို အလှဆုံး ဖြစ်သော အဝတ်အစားများ ဆင်မြန်း၍ ပေးထား၏။ ပုလဲ၏အဖို့တွင်ကား ပျော်၍ မဆုံးပေ။

ဈေးမြေကွက်လပ်သို့ ရောက်လာကြသောအခါတွင် ပုလဲက သူ့အမေ၏ လက်ကိုဆွဲရင်း-

"ဒီနေ့ လူတွေ ဘာပြုလို့ အလုပ်မလုပ်ကြတာလဲ ဟင်၊ ကြည့်ပါဦး... အားလုံး ဈေးမြေ ကွက်လပ်မှာ စုနေကြတယ်။ ကြည့်၊ ကြည့်၊ ဟော... ဟိုမှာ ပန်းပဲဆရာကြီး၊ ရေတွေ ဘာတွေ ချိုးလို့၊ အဝတ်ကောင်းတွေကို ဝတ်လို့။ ဟော... ဟော ဟိုမှာ ထောင်မှူးကြီး မစ္စတာ ဘရက်ကက်ကို ကြည့်ပါဦး၊ သမီးကို ကြည့်ပြီး ပြုံးနေလိုက်တာ။ သူ ဘာပြုလို့ ပြုံးတာလဲဟင်"

စသည်ဖြင့် မေး၍ နေရှာလေသည်။ ဟက်စတာပရင်းက-

"သမီး ငယ်ငယ်ကလေးကတည်းက မစ္စတာဘရက်ကက်က သမီးကို သိတာကပဲကွယ်၊ ဒါကြောင့်မို့လို့ ပြုံးတာပေါ့" ဟု ဆိုလိုက်ရာ ပုလဲက-

"အောင်မယ်… ဒီလူကြီးက မေမေ့ကိုတော့ နှုတ်မဆက်ဘဲနဲ့ သမီးကို လာပြီး နှုတ်ဆက်နေ တယ်။ အောင်မယ်… ဟော ဟော… ဟိုမှာကြည့်စမ်း မေမေ.. ဟိုမှာ ကြည့်စမ်း၊ လူစိမ်းတွေ လည်း မနည်းပါကလား၊ လူရိုင်းနီတွေလည်း လာကြတယ်နော်၊ သင်္ဘောသားတွေလည်း လာကြတယ်။ သူတို့ ဘာလုပ်ရအောင် လာတာလဲ မေမေ" ဟု မေးနေပြန်လေသည်။

"သူတို့ ဆုတောင်းပွဲ လှည့်လာတာကို ကြည့်ရအောင် လာကြတာပေါ့ သမီးရဲ့။ အသစ် အရွေးခံရတဲ့ မင်းကြီးရဲ့အတိုင်အပင်ခံတွေရယ်၊ ပြီးတော့ကာ မြို့မျက်နှာဖုံး လူကြီးတွေရယ်၊ အားလုံး မင်းကြီးအိမ်ကနေပြီးတော့ ဟောဒီ အစည်းအဝေး ခန်းမဆောင်ကို လာကြရမယ်လေ။ အဲဒီလို စီတန်းပြီး လာကြမှာကို စောင့်ပြီး ကြည့်ကြတာပေါ့ကွယ်"

ဟက်စတာပရင်းက ဤကဲ့သို့ ပြောလိုက်သောအခါတွင်-

"ဟို … သင်းအုပ်ဆရာကလေးကော လာမှာလား မေမေ" ဟု မေးလိုက်ပြန်လေသည်။

ထိုစကားကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ဟက်စတာပရင်းသည် ရုတ်တရက် ရင်ဖို၍ သွားမိပြီးသည့်နောက်-

"တိတ်တိတ်နေစမ်းပါ သမီးရယ်၊ သမီး ဒါတွေ နားမလည်ပါဘူး၊ ကြည့်… ကြည့်.. ဟိုမှာ ကလေးတွေ ဆော့နေကြလိုက်တာ။ ဒီနေ့ဟာ အင်မတန် ပျော်စရာကောင်းတဲ့နေ့ပေါ့ သမီးရယ်" ဟု ခပ်ငေါက်ငေါက် ပြောကာ စကားလမ်းလွှဲ၍ ပစ်လိုက်ရလေသည်။

ဈေးမြေကွက်လပ်တွင် လူများပြားသည်ထက် များစပြု၍လာ၏။ ၎င်းတို့အထဲတွင် အထူးအဆန်း ဖြစ်နေကြသူများမှာကား ဟက်စတာပရင်းအား တင်ဆောင်၍သွားမည့် သင်္ဘောမှ သင်္ဘောသား များ ဖြစ်ကြလေသည်။ သင်္ဘောသားများမှာ လူကြမ်းများ ဖြစ်ကြလေရာ ဘုရားသခင်ကို အလွန်အကျူး လေးစားကိုင်းရှိုင်း၍ ဣန္ဒြေသိက္ခာကြီးစွာကို ဆောင်သော ဘော်စတွန်မြို့သား များနှင့် မတူ၊ တမူခြား၍နေကြပေသည်။ သင်္ဘောသားများသည် နေလောင်၍ ထားသောကြောင့် အသားများမှာ ညိုမည်းလျက် ရှိကြ၏။ မုတ်ဆိတ်မွေးလည်း ထူထပ်လှ၏။ ဘောင်းဘီတို အဝကျယ်ကျယ်များကို ဝတ်၍ ထားကြကာ

ခါးတွင်လည်း ရွှေခါးပတ်များကို ပတ်၍ ထားကြလေသည်။ အချို့သူများ၏ခါးတွင် ဓားရှည်များကို ချိတ်၍ထား၏။ ထိုသူတို့ ဆောင်းလာသော ဦးထုပ်များမှာ ကောက်ရိုးဖြင့်လုပ်သော အဝကျယ် ဦးထုပ်များ ဖြစ်၏။ သူတို့၏မျက်လုံးများမှာ တိရစ္ဆာန်၏ မျက်လုံးများကဲ့သို့ လောဘဇောထက်သန်နေသော မျက်လုံးများ ဖြစ်ကြလေသည်။

သင်္ဘောသားများသည် မြို့သူမြို့သားတို့ လိုက်နာစောင့်ထိန်းအပ်သော မည်သည့် အကျင့်မျိုး ကိုမှ ဂရုမစိုက်ဘဲ ဆေးလိပ်သောက်သူတို့က သောက်၍ နေကြ၏။ အချို့ အချို့သော သူတို့ကမူ ခါးပိုက်ဆောင် ပုလင်းများကို ဖွင့်၍ အရက်များကို သောက်နေကြလေသည်။ အနီးအနားရှိ မြို့သူမြို့သားတို့ကိုပင် ကမ်းလှမ်းလိုက်ကြသေး၏။

သင်္ဘောသားများ၏ အမူအကျင့်ကို မြို့သူမြို့သားများ နားမလည်နိုင်လောက်အောင် ရှိ၍ နေစဉ် ရော်ဂျာချီးလင်းဝပ်သည် လူအုပ်ထဲမှ ရုတ်တရက် ပေါ်ပေါက်လာပြီးလျှင် သင်္ဘောသားများ၏ အကြီးအမှူး ဖြစ်သော မာလိန်မှူးနှင့် သွား၍ စကားပြောသည်ကို တွေ့ကြရပေသည်။

ဈေးမြေကွက်လပ်တွင် စုဝေးလျက်ရှိသော လူအုပ်ကြီးတွင် သင်္ဘော မာလိန်မှူးသည် အထူးအဆန်းဆုံး ဝတ်ဆင်၍ထားသူတယောက် ဖြစ်၏။ သူ၏ နဖူးတွင် ဓားခုတ်ရာကြီး တခုရှိ၏။ ခါးတွင်လည်း ဓားရှည်ကြီးတချောင်းကို ချိတ်၍ထားပေသည်။ သင်္ဘော မာလိန်မှူး သည် ဆေးဆရာကြီးနှင့် စကားပြော၍ ပြီးသည့်နောက် ဖိတ်ခေါ်ခဲ့ပြီးလျှင် လူအုပ်ထဲတွင် လမ်းသလား၍ နေပေသည်။ ဟက်စတာပရင်းရှိရာသို့ ရောက်လာသောအခါတွင် ဟက်စတာ ပရင်းအား ကောင်းစွာ မှတ်မိလိုက်ရာ ချက်ချင်း လာ၍ နှုတ်ဆက်လေသည်။ ဟက်စတာ ပရင်းသည် ကြီးလေးလှသော အပြစ်ဒဏ်ကို ခံယူရကာ ကြက်သွေးရောင် စာလုံးကြီးကို ဆင်မြန်းထားရသူ ဖြစ်သောကြောင့် အနီးအနား၌ မည်သူမျှ ကပ်၍ စကားမပြောကြဘဲ ရှိ၍ နေလေရာ ဟက်စတာပရင်း၏အနားတွင် လူရှင်း၍ နေပေသည်။ ထိုကြောင့်ပင် သင်္ဘော မာလိန်မှူးသည် ဟက်စတာပရင်းအား လွယ်ကူစွာ တွေ့မြင်သွားပြီး အနီးသို့ ကပ်ကာ နှုတ်ဆက်နိုင်ခြင်း ဖြစ်လေသည်။

“တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ဩော်… ဒါနဲ့ ကျုပ်တို့တော့ သိပ်ပြီး ဟန်ကျတာပဲဗျို့။ သင်္ဘောမှာ အခန်းပိုတခု လုပ်ပေးရဦးမယ်။ လမ်းခရီးမှာတော့ ရောဂါဘယအတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ဘူးဗျ။ ကျုပ်တို့သင်္ဘောမှာ ဆရာဝန်တယောက် ပါပါတယ်။ နောက်ပြီးတော့ ဆေးဆရာကြီး တယောက်ကလည်း လိုက်ဦးမလို့တဲ့ဗျ။ သိပ်ဟန်ကျတာပဲ”

သင်္ဘောမာလိန်မှူးက ဤကဲ့သို့ ပြောလိုက်သည်နှင့် တပြိုင်နက်

ဟက်စတာပရင်းမှာ ထိတ်ခနဲ လန့်သွား၏။ ပြီးမှ ကိုယ့်ကိုယ်ကိုယ် အနိုင့် အနိုင် အားတင်း၍-

"ရှင်ပြောတာ ကျွန်မ နားမလည်ပါဘူးရှင်၊ ဘယ်လိုပါလိမ့်" ဟု အသံထွက်အောင် မနည်းကြီး ကြိုးစား၍ မေးလိုက်ရလေရာ မာလိန်မှူးက-

"ဩော် ... ခင်ဗျား မသိသေးဘဲကိုး၊ ပြောရဦးမယ်၊ ကျုပ်တို့နဲ့ လိုက်မယ့်လူက ဆေးဆရာတဲ့ဗျ။ သူ့အကြောင်းတော့ ခင်ဗျား သိမှာပေါ့။ သူလည်း ဥရောပတိုက်ကို လိုက်မလို့။ နို့... ခင်ဗျားတို့ ခရီးထွက်ကြတဲ့ လူသိုက်ထဲမှာလည်း ပါတယ်ဆို။ ခင်ဗျားနဲ့ အတူတူ ခရီးထွက်မယ့် လူကြီးလူကောင်းနဲ့ဟာလည်း မိတ်ဆွေရင်းချာ ဆိုပါကလား။ အဲဒီ ဆေးဆရာလည်း ကျုပ်သင်္ဘောပေါ်မှာ လိုက်မလို့ဆိုတာ ခင်ဗျား သိပြီးရောပေါ့နော်" ဟု ပြောလိုက်လေသည်။

ဟက်စတာပရင်းမှာ အသည်းနှလုံး ကြွေပြုတ်၍ ကျသွားသကဲ့သို့ ခံလိုက်ရပေသည်။ သို့သော် ဣန္ဒြေကိုဆည်၍-

"ဟုတ်ကဲ့ရှင် သူတို့နှစ်ယောက် သိကြတာ ကြာလှပါပြီ။ တအိမ်တည်း အတူတူ နေကြတာကပဲ" ဟု ကြိုးစား၍ ပြောလိုက်၏။

ဟက်စတာပရင်းနှင့် သင်္ဘောမာလိန်မှူးတို့သည် စကား ထွေထွေထူးထူး ဆက်၍ မပြောကြတော့ပေ။ ယင်းသည့် အခိုက်အတန့်တွင်ပင် ရော်ဂျာချီးလင်းဝပ်သည် တနေရာမှ နေ၍ ဟက်စတာပရင်းတို့ စကားပြော၍ နေသည်ကို စိုက်၍ ကြည့်နေ၏။ သို့ ကြည့်နေသည်သာ မကသေး၊ ဟက်စတာပရင်းကိုပင် ပြုံး၍ပြလိုက်လေသေးရာ ဟက်စတာပရင်းမှာ ထိုအပြုံးသည် မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသော အပြုံးဖြစ်သည်ကို ကောင်းစွာ နားလည်လိုက်ပေ သည်။

၂၀။ လှည့်လည်ပွဲ

မိမိတို့၏ အကြံအစည်ကို မပျက်လျှင် ပျက်အောင် ရော်ဂျာချီးလင်းဝပ် ဖျက်လေပြီ ဟူ၍ သိလိုက်ရသည်နှင့် တပြိုင်နက်တည်း ဟက်စတာပရင်းမှာ ငယ်ထိပ်တွင် မြွေခဲခြင်း ခံလိုက်ရဘိ သကဲ့သို့ ဖြစ်၍ သွားရှာလေတော့သည်။ ယင်းသည့် အခိုက်အတန့်တွင်ပင် ခပ်ဝေးဝေးမှ တီးမှုတ်၍လာသော ဘင်ခရာသံများကို ကြားရလေသည်။ ထိုအသံများမှာ စစ်တပ်တီးဝိုင်းမှ ဦးဆောင်ကာ ဆုတောင်းပွဲအတွက် မြို့ထဲတွင် လှည့်လည်၍ လာကြသော ဆုတောင်းပွဲ အခမ်းအနား စီတန်းလှည့်လည်ပွဲမှ အသံများပင် ဖြစ်လေသည်။ စီတန်းလှည့်လည်ရာတွင် တရားသူကြီးများနှင့် မြို့မျက်နှာဖုံးများ ပါဝင်ကြ၏။ ထိုသူများသည် အစည်းအဝေး ခန်းမဆောင်ကြီးသို့ လာရောက်ကြရမည် ဖြစ်လေသည်။ အစည်းအဝေး ခန်းမဆောင်ကြီး၌ ဒင်းမစ်ဒေးသည် ထိုလူစုကို ဆုတောင်းကျမ်းစာ ဟောရမည် ဖြစ်၏။

များမကြာမီ စီတန်းလှည့်လည်လာကြသော လူတန်းကြီးသည် လေးလေးမှန်မှန် လျှောက်ကာ ဈေးမြေကွက်လပ်သို့ ရောက်၍ လာကြ၏။ ရှေ့ဆုံးတွင် တီးမှုတ်သူများ ပါ၍ လာလေသည်။ ဘင်ခရာသံများကို တီးမှုတ်၍ လာကြသော သူများကို မြင်ရသောအခါတွင် ပုလဲကလေးသည် အလွန် ကျေနပ်၍ နေရှာပေသည်။ ပထမတွင် လက်ခုပ်လက်ဝါးတီးကာ အလွန်တရာ ရွှင်မြူး၍ နေရှာ၏။ ထိုနောက်တွင်မူ စစ်ဘက်ဆိုင်ရာတို့ ဆင်ယင်၍ လာကြသော သံချပ်ကာ အဝတ်အစားများကို ကြည့်ပြီးလျှင် အံ့သြသော မျက်နှာကလေးဖြင့် ငြိမ်သက်စွာ စိုက်ကြည့်နေ ရှာလေသည်။ စစ်ဝတ်စစ်စား ဝတ်၍ထားသော သူတို့သည် အသစ် ရွေးကောက်ခြင်းကို ခံရသော ပြည်နယ်မင်းကြီး၏ ဂုဏ်ထူးဆောင် ကိုယ်ရံတော်များအဖြစ်ဖြင့် လိုက်ပါလာကြခြင်း ဖြစ်ပေသည်။

စစ်ဘက်ဆိုင်ရာ အမှုထမ်း အရာထမ်းများ၏ နောက်ပါးမှ မြို့ပြ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ လိုက်ပါ၍ လာကြသည်။ အားလုံးပင် အလွန်ဣန္ဒြေရလျက် ဆွေကြီးမျိုးကြီးများမှ ဆင်းသက်လာ ကြသောသူများ ဖြစ်ကြလေသည်။ ထိုသူများသည် ဘုရင် စိုးမင်းများနှင့် မှူးကြီးမတ်ကြီးများကို အင်္ဂလန်ပြည်တွင် ထားရစ်ခဲ့ပြီးနောက် နယ်သစ်ပယ်သစ် ဖွင့်သူများအဖြစ်ဖြင့် ဤဘော်စတွန် မြို့ကလေးသို့ ရောက်လာခဲ့ကြရသော်လည်း လူနေအားဖြင့်မူ သာမန်လူများထက် ရင့်ကျက်သော ဣန္ဒြေကို ဆောင်ကာ သိက္ခာကြီးသူများ ဖြစ်ကြလေသည်။ ထိုပုဂ္ဂိုလ်များအား ကြည့်လိုက်လျှင် လေးစားဖွယ် ကောင်း၍

နေပေ၏။ ထို့ကြောင့်ပင်လည်း မြို့ပြဆိုင်ရာ အုပ်ချုပ်ရေး အရာရှိများအဖြစ်ဖြင့် အခြား မြို့သူမြို့သားတို့က ရွေးကောက် တင်မြှောက်ကြခြင်း ဖြစ်ပေသည်။ တင်မြှောက်ခြင်း ခံရသည့်အတိုင်းပင်လည်း အုပ်ချုပ်ရေးဘက်မှ ပုဂ္ဂိုလ်များသည် မြို့ရွာနယ်ပယ်၏ ကောင်းကျိုးအတွက် စွမ်းစွမ်းတမံ ရွက်ဆောင်ကြသည်ချည်းသာ ဖြစ်၏။

တရားသူကြီး၏ နောက်ပါးမှ ပါလာသူမှာကား အခြားမဟုတ်၊ ဆုတောင်းကျမ်းစာ ဟောရမည့် မစ္စတာဒင်းမစ်ဒေးပင် ဖြစ်ပေသည်။ ဒင်းမစ်ဒေးအား ကြည့်လိုက်ရသော လူတိုင်းပင်လျှင် အံ့သြဖွယ်ရာ ပြောင်းလဲနေမှုတခုကို သတိထားမိကြလေသည်။ ယင်းသည်မှာကား ဒင်းမစ်ဒေး၏ ကိုယ်ဟန်ပင် ဖြစ်ပေသည်။ ဘော်စတွန် မြို့ကလေးသို့ ရောက်လာကတည်းက ဒင်းမစ်ဒေးသည် အလွန်အေးဆေးငြိမ်သက်လျက် နွေးနွေးထွေးထွေး နိုင်လှသော သူတယောက် ဖြစ်ခဲ့၏။ မည်သည့်အခါတွင်မဆို တုဏှိဘာဝေ အနေမျိုးဖြင့် နေလေ့ရှိပြီးလျှင် ဖျတ်ဖျတ်လတ်လတ်လည်း မရှိလှပေ။ ယခုမူကား ဒင်းမစ်ဒေးသည် အလွန်တရာ သွက်လက်၍ ထက်မြက်သော ယောက်ျား တယောက်၏ အသွင်အပြင်ကို အလိုလိုဆောင်၍ နေပေသည်။ ကိုယ်ဟန် ကြွားကြွားဝင့်ဝင့် ရှိသလောက် သူ့စိတ်ထဲတွင်လည်း သူဟောရမည့် ဆုတောင်းကျမ်းစာတွင် ပါမည့် အချက်အလက်များကို အသေအချာ အစီအစဉ် ပြုလုပ်၍ နေပေသည်။ တက်ကြွသော စိတ်အရှိန်သည် ဒင်းမစ်ဒေး၏ မျက်နှာတွင် ပေါ်လွင်ထင်ရှားလျက် ရှိနေလေတော့သည်။

ခပ်လှမ်းလှမ်းတွင် ဒင်းမစ်ဒေးကို မြင်လိုက်ရသည့်အချိန်မှစ၍ ဟက်စတာပရင်းမှာ စူးစူးစိုက်စိုက်ကြီး ကြည့်၍ နေမိပေသည်။ ဒင်းမစ်ဒေးသည် သူ တကယ်ချစ်သောသူ ဖြစ်၏။ မိမိရှေ့မှ ဖြတ်၍ လျှောက်သွားသောအခါတွင် ဒင်းမစ်ဒေးသည် မိမိအား တချက်မျှ လှမ်း၍ ကြည့်လိမ့်မည်ဟု ဟက်စတာပရင်း မျှော်လင့်၍ နေမိပေသည်။ အဘယ်ကြောင့်ဆိုသော် ဒင်းမစ်ဒေးသည် မိမိအပေါ်၌ မေတ္တာ မည်မျှထားလျက် ရှိနေသေးကြောင်းကို ယမန်နေ့က တောအတွင်း လျှိုကလေးဘေးဝယ် ပြောခဲ့ကြသော စကားများကို ထောက်၍ သိခဲ့ရပေသည်။

ဒင်းမစ်ဒေးသည် တဖြည်းဖြည်း ဟက်စတာပရင်းနှင့် နီးသည်ထက် နီး၍လာ၏။ သို့သော်လည်း ဟက်စတာပရင်းအား မကြည့်ဘဲ ခေါင်းကို ခပ်မော်မော်ထား၍ ကိုယ်ဟန်သွက်သွက်ဖြင့် ရှေ့တည့်တည့်ကိုသာ ကြည့်၍ လျှောက်သွားလေတော့သည်။ ဟက်စတာပရင်းနှင့် ရင်ပေါင်တန်း ဖြစ်နေသည့်တိုင် ဟက်စတာပရင်းကို မကြည့်။ ရှေ့တည့်တည့်ကိုသာ အာရုံ စူးစိုက်လျက် ရှိနေပေသည်။ ဒင်းမစ်ဒေး လွန်၍သွားသောအခါ ဟက်စတာပရင်းသည် များစွာပင် စိတ်မချမ်းမသာ ဖြစ်မိလေသည်။ ယမန်နေ့က စကားများအတိုင်းဆိုလျှင်

မိမိကလည်း ဒင်းမစ်ဒေးကို ချစ်သည်၊ ဒင်းမစ်ဒေးကလည်း မိမိကို ချစ်သည်။ ဤကဲ့သို့ တဦးနှင့်တဦး ချစ်ကြပါလျက်နှင့် ယခုလို စီတန်းလှည့်လည်ပွဲတွင် လိုက်ခဲ့ရာ၌ ဒင်းမစ်ဒေးသည် မိမိအား ပြန်စောင်းတချက်မှ ကြည့်၍ မသွားသည်မှာ ဒင်းမစ်ဒေးသည် မိမိအား တကယ်စင်စစ် ချစ်မှ ချစ်ပါလေမည်လား ဟု ဟက်စတာပရင်း တွေးတောမိပေသည်။

ယခုအနေအားဖြင့်ဆိုလျှင် ဒင်းမစ်ဒေးသည် တကယ့်ပုဂ္ဂိုလ် ဖြစ်၍နေ၏။ မင်းကြီးမှ စ၍ မြို့သူမြို့သားအားလုံးတို့ကို ကျမ်းစာဟောပြောမည့်သူလည်း ဖြစ်၍နေ၏။ ထိုကြောင့် ဟက်စတာပရင်းသည် ဒင်းမစ်ဒေး၏ ကျောကုန်းကို ကြည့်ကာ မိမိနှင့် ဒင်းမစ်ဒေးတို့ တဦးကို တဦး သေတပန် သက်တဆုံး ပေါင်းသင်းဆက်ဆံ၍ ရမှ ရနိုင်ပါ့မလားဟု တွေး၍ နေမိလေသည်။ မိမိသည် လူလောကအလယ်တွင် အရှက်ခွဲခံ၍ နေရသော မိန်းမဖြစ်၏။ ဒင်းမစ်ဒေးသည်မူကား ဤနေ့ ဤအချိန်အဖို့ဆိုလျှင် မြို့မျက်နှာဖုံးတို့၏ အလေးဂရုပြုခြင်း၊ လေးစားခြင်းကို ခံယူနေ ရသော ပုဂ္ဂိုလ်ဖြစ်၍ နေပေသည်။ ထိုကြောင့် ဟက်စတာပရင်းသည် နောင်ရေးကို တွေးကာ စိတ်ထင့်မိရှာ၏။

မိခင်၏စိတ် ကူးစက်လေသလော မသိ။ ဒင်းမစ်ဒေးကို မြင်လိုက်ရသည်နှင့် တပြိုင်နက်ပင် ပုလဲကလေးသည် ဂနာမငြိမ် ဖြစ်၍လာ၏။ မျက်နှာကလေးလည်း မသာမယာ ဖြစ်၍နေပေ သည်။ ဒင်းမစ်ဒေးတို့လူသိုက် ဖြတ်၍ သွားပြီးကြသောအခါမှ ပုလဲကလေးသည် မိခင်၏ မျက်နှာကို လှမ်းကြည့်ရင်း-

"မေမေ... ခုန သင်းအုပ်ဆရာဟာ ကျွန်မတို့နဲ့ တောကြီးထဲမှာတွေ့တဲ့ သင်းအုပ်ဆရာလား ဟင်"

ဟု မေးလိုက်လေရာ ဟက်စတာပရင်းက-

"တိတ်တိတ်နေပါ သမီးရယ်၊ တောထဲမှာတွေ့ရတာတွေကို ဒီဈေးထဲမှာ မပြောကောင်းဘူးကွယ်" ဟု ပြောလိုက်ရလေသည်။

ဒင်းမစ်ဒေးတို့လူသိုက်သည် အစည်းအဝေး ခန်းမဆောင်သို့ ဝင်၍သွားကြ၏။ ဝင်သွားပြီးသည့် နောက် မကြာမီပင် အစည်းအဝေး ခန်းမဆောင်ထဲရှိ လူအုပ်တို့ ပဏာမ ဆုတောင်းများ ရွတ်ဆိုနေကြသည့်အသံကို ကြားရလေသည်။ ကျမ်းစာရွတ်ပြီးသည့်နောက် မစ္စတာ ဒင်းမစ်ဒေး ၏ ကျမ်းစာဟောသံကို စတင်၍ ကြားရ၏။ ဟက်စတာပရင်းသည် အစည်းအဝေး ခန်းမဆောင် ထဲသို့ ဝင်၍ ဒင်းမစ်ဒေး၏ မျက်နှာကိုလည်း ကြည့်လို၏။ ဒင်းမစ်ဒေး၏ကျမ်းစာကိုလည်း နားထောင်လို၏။ သို့သော် ခန်းမဆောင်ကြီးတခုလုံး လူများ လျှံ၍ထွက်လောက်အောင် လူပြည့်ကျပ်နေသောကြောင့် ဟက်စတာပရင်းမှာ အပြစ်ဒဏ်ခတ်ရာ စင်မြင့်အနီး၌သာ မတ်တတ်ရပ်၍

နေရလေသည်။ သို့ ရပ်၍နေသောနေရာမှာ အစည်းအဝေး ခန်းမဆောင်နှင့် အတော်ကြီး နီးကပ်သဖြင့် ဒင်းမစ်ဒေး ဟောကြားသော ကျမ်းစာကို ကောင်းမွန်စွာ ကြားနာရလေသည်။

ဒင်းမစ်ဒေး၏ ကျမ်းစာဟောသံကို ဟက်စတာပရင်းသည် ခန်းမဆောင်၏ အပြင်ဘက်တွင် ရှိနေသော်လည်း ထင်ရှားစွာ ကြား၍နေရ၏။ အကယ်၍ စကားလုံး သဲကွဲအောင် မကြားရ စေကာမူ အသံနေ အသံထားကို နားစိုက်၍ ထောင်ခြင်းအားဖြင့် ဒင်းမစ်ဒေး၏ စိတ်အတွင်း၌ ရှိသမျှတို့ကို နားလည်နိုင်လောက်အောင် ဖြစ်၍နေပေသည်။ တူရိယာ အသံတခုခုကို နားထောင်သောအခါတွင် သောတရှင်၏ ရင်တွင်း၌ စိတ်အားတက်ကြွခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ စိတ်ချမ်းသာ ကြည်လင်ခြင်း၊ လေးစားစိတ် ပေါ်ပေါက်ခြင်း စသော အရသာ အမျိုးမျိုးတို့ကို တူရိယာ၏အသံနှင့် လိုက်၍ ခံစားရသည့် နည်းတူ ဒင်းမစ်ဒေး၏ လေသံကြောင့် ပင် ဒင်းမစ်ဒေး ဆိုလိုသော သဘော အဓိပ္ပာယ်တို့ကို ဟက်စတာပရင်း အလိုလို နားလည်၍ နေရပေသည်။ ဤကဲ့သို့ မသဲမကွဲ ကြားရကာ လေသံ အနိမ့်အမြင့်ကို ဖမ်း၍ သဘော အဓိပ္ပာယ်ကို နားလည်ရခြင်းသည် စကားလုံးများကို သဲကွဲစွာ ကြားရ၍ နားလည်ရသော အဓိပ္ပာယ်ထက်ပင် ပိုမို လေးနက်သယောင် ဖြစ်၍ နေပေတော့သည်။

ဒင်းမစ်ဒေး၏ အသံသည် လူသတ္တဝါတို့၏ ဆင်းရဲဒုက္ခ ခံစားရပုံကို သရုပ်ဖော်သည့်အခါ ဖော်၏။ လူသတ္တဝါတို့၏ သောကကို ထင်ရှားစေသည့်အခါ ထင်ရှားစေ၏။ ရှောင်ကွင်း၍ မရနိုင်သော ဒုက္ခနှင့် လူတို့ ရင်ဆိုင်တိုးရသောအခါတွင် မတတ်သာ၍ လက်လျှော့ရသော သရုပ်ဖော်စကား တို့ကိုလည်း ဒင်းမစ်ဒေး၏လေသံက ထင်ရှားပေါ်လွင်အောင် တင်ပြနေဘိသကဲ့သို့ ကြား၍ နေရ၏။ စင်စစ်အားဖြင့် ဆိုရလျှင် ဒင်းမစ်ဒေး၏ အသံမှာ စိတ်ဆင်းရဲခြင်းဒုက္ခ ဖိစီး၍ မကောင်းမှု အပြစ်ကို ကြောက်ရွံ့ကာ ထိုအပြစ်မှ လွတ်ရာလွတ်ကြောင်း ဖွင့်ဟ တောင်းပန်၍နေသော အသည်းနှလုံးမှ မြည်တမ်းသံနှင့်ပင် တူ၍နေလေတော့သည်။ ထိုအသံသည် မိမိအား ခွင့်လွှတ်ပါစေကြောင်း တောင်းပန်တိုးလျှိုးနေသည်သာ မကသေး၊ အသံရှင်ကိုလည်း သနား ကြင်နာဖွယ် ဖြစ်အောင် ဆွဲငင်၍ နေလေတော့သည်။

ဒင်းမစ်ဒေး ဟောပြောနေသည့် အချိန်တလျှောက်လုံးတွင် ဟက်စတာပရင်းသည် စင်မြင့်၏ ခြေရင်းဝယ် မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ရပ်၍ နေလေသည်။ ဒင်းမစ်ဒေး၏ အသံသည် ဟက်စတာပရင်းအား သူ ရပ်၍နေသောနေရာ၌ အမြစ်တွယ်၍ နေဘိသကဲ့သို့ ဖြစ်နေစေပေ သည်။ အကယ်၍ ဒင်းမစ်ဒေး၏အသံကို မကြားရစေကာမူ ဤနေရာမှာ ပထမဦးဆုံးအကြိမ် လူပုံလယ်၌ အရှက်ခွဲ ခံခဲ့ရသောနေရာ ဖြစ်သဖြင့် အတိတ်ကာလ

အဖြစ်အပျက်များသည် ဟက်စတာပရင်းအား လေးလံစွာ ဖိစီး၍ ထားသောကြောင့် ထိုနေရာမှအပ မရွေ့နိုင်အောင် ဖြစ်စေမည်မှာ အမှန်ပင် ဖြစ်လေသည်။

ဤအချိန်၌ ပုလဲကလေးသည် သူ့မိခင်၏ ဘေးမှ ခွာခဲ့ပြီးလျှင် ဈေးမြေကွက်လပ်ရှိ လူကြားထဲ၌ ပြေးလွှားကစားနေလေသည်။ မြို့သူမြို့သားတို့သည် ပုလဲကလေးအား ကြည့်၍ ပြုံးနေကြလေ သည်။ ပုလဲမှာ အလွန်ဆော့သော ကလေးဖြစ်လေရာ လက်ဦးတွင် လူရိုင်းနီများ၏အကြား၌ ပြေးလွှား၍ကစားနေ၏။ ထို့နောက်တွင်မူ သင်္ဘောသားများ၏ အနီးသို့ သွား၍ ကစားနေပြန်လေ သည်။ လူရိုင်းနီများနှင့် သင်္ဘောသားများသည်လည်း ပြောင်စပ်စပ်နိုင်လှသော ပုလဲကလေးအား ကြည့်ကာ သဘောကျ၍ နေကြလေသည်။

ဟက်စတာပရင်းနှင့် မိတ်ဆွေဖြစ်ခဲ့သော သင်္ဘောမာလိန်မှူးသည် ပုလဲကလေးအား ကြည့်ရင်း ကြည့်ရင်းတွင်ပင် အလွန်သဘောကျ၍ လာသောကြောင့် ကလေးငယ်ကို ပွေ့ဖက်၍ နမ်းရှုပ်ရန် လှမ်း၍ လက်ကလေးကို ကိုင်လိုက်လေသည်။ သို့သော် ပုလဲကလေးသည် အလွန်လျင်မြန်စွာ နောက်သို့ ဆုတ်လိုက်သောကြောင့် မမိလိုက်ဘဲ ရှိနေ၏။ မာလိန်မှူးသည် သူ၏ ဦးထုပ်တွင် ပတ်၍ထားသော ရွှေကြိုးတကုံးကို ဖြုတ်လိုက်ပြီးလျှင် ပုလဲဆီသို့ ပစ်ပေးလိုက်၏။ ပုလဲသည် ထိုရွှေကြိုးကို သူ၏လည်ပင်းတွင် လည်းကောင်း၊ ခါးတွင်လည်းကောင်း အမျိုးမျိုး အဖုံဖုံ ပတ်၍ ထားလေရာ သူ့အရွယ်ကလေးနှင့် အလွန်ကြည့်၍ ကောင်းနေလေသည်။

သင်္ဘောမာလိန်မှူးက "ဟို ကြက်သွေးရောင် အက္ခရာကြီးကို ရင်အုံမှာ ဆင်မြန်းထားရတဲ့ မိန်းမဟာ မင့်အမေ မဟုတ်လား၊ မင်းအမေဆိုလို့ရှိရင် ငါပြောတာကို သွားပြီးတော့ ပြောပေးစမ်းပါ" ဟု ပြောလိုက်သည်တွင် ပုလဲက-

"ရှင်က ဘာပြောမှန်းမှ မသိဘဲ ဘာလုပ် ပြောရမှာလဲ၊ ကဲ... ပြောစမ်းပါ၊ ကျွန်မ ဘာပြောရမှာလဲ" ဟု ချက်ချက်ချာချာ ပြန်၍ ပြောနေလေသည်။

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ ငါဟာ ခုနက ဆေးဆရာကြီးနဲ့ ထပ်ပြီးတော့ စကားပြောရ သေးတယ်။ အဲဒီ ဆေးဆရာကြီးက မင်းအမေပြောတဲ့ သင်္ဘောစီးမယ့်လူကို သူကိုယ်တိုင် သင်္ဘောပေါ်အရောက် ခေါ်ခဲ့ပါမယ်လို့ တာဝန်ယူပြီးတော့ သွားတယ်။ အဲဒီတော့ မင်းအမေကို ပြောလိုက်၊ မင်းတို့သားအမိနှစ်ယောက်သာ လာခဲ့ကြ၊ သင်္ဘောပေါ်ကျမှ အားလုံး လေးယောက်စလုံး ဆုံမိကြလိမ့်မယ်။ အဲဒါကို မင်းအမေ ပြောလိုက်စမ်းပါ" ဟု မာလိန်မှူးက ပြောလိုက်လေသည်။

ပုလဲသည် လူကြားထဲမှ ကွေ့ကောက်၍ ဖြတ်ပြေးပြီးနောက် သင်္ဘော

မာလိန်မှူး ပြောသည့် စကားကို သူ့မိခင် ဟက်စတာပရင်းအား ပြောပြလိုက်လေသည်။ ထိုစကားကို ကြားလိုက်ရသည် နှင့် တပြိုင်နက်ပင် ဣန္ဒြေ တည်ငြိမ်လှစွာသော ဟက်စတာပရင်းသည် မျက်စိမျက်နှာ အပျက်ပျက် ဖြစ်၍ သွားရှာလေတော့သည်။

သို့ ရှိရသည့်အထဲတွင် အခြားမြို့နယ်များမှ လာရောက်ကြသော လူစိမ်းများသည် ဟက်စတာ ပရင်း၏ ရင်အုံပေါ်ရှိ ကြက်သွေးရောင် စာလုံးကြီးကို အထူးအဆန်း ဖြစ်သောကြောင့် ဝိုင်းအုံ၍ ကြည့်ရှုနေကြပြန်လေရာ ဟက်စတာပရင်းမှာ ပို၍ ပို၍သာ မျက်နှာအထားရ ခက်နေရှာပေ သည်။ လူစိမ်းတို့၏ မျက်လုံးများက စူးစူးစိုက်စိုက် ကြည့်ရှုခြင်း ခံရသောဒဏ်ကြောင့် ဟက်စတာပရင်းမှာ မိမိကိုယ်ကို မြေမြို၍ ကိုယ်ယောင်ဖျောက်သွားစေချင်နေလေသည်။ လူစိမ်းများ ဝိုင်းအုံကြည့်ရှုနေသည်ကို မြင်ရသောအခါ သင်္ဘောသားများသည်လည်း ဝိုင်းအုံ၍ လာကြ၏။ လူရိုင်းနီများကပင် ဝိုင်းအုံ၍ လာကြလေသည်။

လူအများက ဟက်စတာပရင်းအား ဝိုင်းအုံ၍ ရှုတ်ချသော မျက်လုံးများဖြင့် ကြည့်ရှုနေကြသည့် အခိုက်အတန့်တွင် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးမှာမူကား သူ၏ ကျမ်းစာဟော စင်ပေါ်မှ နေ၍ ကျမ်းစာကို စိတ်အားထက်သန်စွာ ဟောနေဆဲ ဖြစ်လေသည်။

မကောင်းမှု ပြစ်မှုကြီးတခုကို အတူတူ ဖက်စပ်ကျူးလွန်ခဲ့ကြသော သူနှစ်ဦးတို့အနက် တဦးမှာ အရှက်တည်းဟူသော ဥမင်လိုဏ်ခေါင်းကြီး၏ အတွင်းတွင် အနစ်မွန်းကြီး နစ်မွန်းနေရှာလျက်၊ တဦးမှာမူ ကျမ်းစာဟော စင်ထက်တွင် အများ၏ လေးစားခြင်းကို ခံ၍ နေရပုံမှာ ထူးဆန်းလှသော ကံတရား၏ စီမံမှုသာလျှင် ဖြစ်ပေတော့ရာ “အိုဘယ့်…ကံ” ဟူသာ ညည်းတွားလိုက်ချင်စရာ ကောင်း၍ နေပေတော့သည်။

၂၁။ အကွရာနီ

ဒင်းမစ်ဒေး၏ ဟောပြောသံသည် ရပ်စဲ၍သွား၏။ ရပ်စဲသွားပြီးသည့်နောက် အတော်ကြာအောင် ပင် အစည်းအဝေး ခန်းမဆောင်ကြီး တခုလုံးမှာ ဆိတ်ငြိမ်၍ နေပေသည်။ ကျမ်းစာဟော ကောင်းလှသော ပုဂ္ဂိုလ်တို့၏ကျမ်းစာကို စိတ်ဝင်စားစွာ နာယူကြရသော ပရိသတ်တို့သည် ကျမ်းစာဟောပုဂ္ဂိုလ်က အဆုံးသတ်လိုက်ပြီးသည့် ခဏတွင် ဤကဲ့သို့ အရှိန်မပြေနိုင်ဘဲ အတန်ကြာအောင် တိတ်ဆိတ်နေတတ် ကြစမြဲ ဖြစ်ပေသည်။ ထိုနောက်တွင်မှ တီးတိုးသံများ တစထက်တစ ဆူညံလာပြီးလျှင် ခန်းမကြီးအတွင်းမှ အပြင်ဘက်သို့ လူအုပ်ကြီး ထွက်၍ လာလေတော့သည်။

ခန်းမကြီး အပြင်ဘက် စျေးမြေကွက်လပ်သို့ ရောက်သောအခါ ပရိသတ်အပေါင်းတို့သည် တယောက်တခွန်း ပြောကြကာ ဆူညံစ ပြုလာ၏။ အားလုံးလိုလိုပင် ကျမ်းစာဟော ကောင်းလှသော သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးအား ချီးကျူး၍ မဆုံးနိုင်အောင် ဖြစ်၍ နေကြပေတော့သည်။ သင်းအုပ်ဆရာကလေးသည် အလောင်းအလျာတယောက် ဖြစ်သဖြင့်သာ ဤမျှ စိတ်ဝင်စားဖွယ် ကောင်းလောက်သော ကျမ်းစာကို ဟောပြောနိုင်သည်ဟုလည်း ပြောဆို ချီးမွမ်း၍ မဆုံးကြတော့ပေ။ အချို့ကမူ သင်းအုပ်ဆရာကလေး ကျမ်းစာဟော ကောင်းခြင်းမှာ အခြားကြောင့် မဟုတ်၊ များမကြာမီ ဘုရားသခင် ကိုယ်တော်တိုင်က ခေါ်ယူတော်မူတော့မည် ဖြစ်သောကြောင့် ထိုအဖြစ်ကို သိထားပြီးဖြစ်သဖြင့် ကျမ်းစာဟော ဆရာကလေးသည် မိမိတို့အား နှုတ်ခွန်းဆက်သသည့်သဖွယ်အလား ဤမျှ နက်နဲသော ကျမ်းစာသဘောများကို ဟောပြောနိုင်ခြင်း ဖြစ်သည်ဟု သူတို့က ယခု ယူဆကြပေသည်။

ယင်းသို့အားဖြင့် ဤအချိန်သည်ကား သင်းအုပ်ဆရာ ဒင်းမစ်ဒေး၏အဖို့တွင် ဂုဏ်အတက်ဆုံး အချိန်၊ ဂုဏ်အကြီးဆုံးသောအချိန် ဖြစ်၍နေပေသည်။ တမြို့လုံးကပင် မိမိအား အထွတ်အထိပ် ပုဂ္ဂိုလ်ကြီးအဖြစ်ဖြင့် အသိအမှတ် ပြုကြသော အချိန်သည်ကား ဤအချိန်ပင် ဖြစ်လေတော့ သည်။ ဒင်းမစ်ဒေးသည် အထွတ်အထိပ် ပုဂ္ဂိုလ်အဖြစ်ဖြင့် တမြို့လုံး၏ လေးစားခြင်းကို ခံယူနေရသော အချိန်ဝယ် ဟက်စတာပရင်းမှာမူ ထိပ်တုံးရှိရာ စင်မြင့်၏ဘေး၌ အကွရာနီကို ရင်အုံပေါ်တွင် ဆင်မြန်းကာ မတ်တတ်ရပ်၍ နေရရှာပေသည်။

မကြာမီ ဘင်ခရာသံများကို ကြားရပြီးသည့်နောက် စစ်ဘက်ဆိုင်ရာ အမှုထမ်း အရာထမ်း များတို့သည် စတင်၍ လာလမ်းအတိုင်း ထွက်ခွာစပြုကြ၏။

စစ်တပ်၏ နောက်တွင် မြို့မိမြို့ဖ များနှင့် အုပ်ချုပ်ရေးဆိုင်ရာ အရာရှိများ ဆက်လက်၍ လိုက်ပါလာကြလေသည်။ မြို့မိမြို့ဖ များကို မြင်ရသောအခါတွင် ဈေးမြေကွက်လပ်ရှိ လူအုပ်ကြီးသည် တခဲနက်တည်း ဟစ်ကြွေး၍ ကောင်းချီးပေးကြလေသည်။ စစ်ဘက်ဆိုင်ရာတို့နှင့် မြို့ပြဆိုင်ရာ အရာရှိများ၊ မြို့မျက်နှာဖုံးများ လွန်၍ သွားကြသောအခါတွင် လူအုပ်ကြီးသည် တဖြည်းဖြည်း လျှောက်၍လာသော သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးအား ဝိုင်းဝန်း၍ စူးစိုက်ကြည့်ရှုနေကြပြန်လေသည်။ အောင်မြင်ခြင်း၏ အထွတ်အထိပ်သို့ ရောက်ခဲ့သော ဒင်းမစ်ဒေးသည် ဝမ်းသာအားရ ရှိရမည့် အစား တကိုယ်လုံး သွေးဆုတ်လျက် ဖြူဖပ်ဖြူရော် ဖြစ်နေပြီးလျှင် အင်အားချည့်နဲ့သော အသွင်အပြင်ကို ဆောင်နေသည့်အတွက် လူတိုင်းပင် အံ့သြနေကြရ၏။ သဏ္ဌာန်အားဖြင့် ဒင်းမစ်ဒေးသည် တုန်တုန်ယင်ယင် လမ်းထ၍လျှောက်လာသော ဖုတ်ဝင်သည့် အလောင်းကောင် နှင့်ပင် တူ၍ နေလေတော့သည်။

ဒင်းမစ်ဒေး တုန်တုန်ယင်ယင် ဖြစ်နေသည်ကို လက်ဦးဆုံး အကဲခတ်မိသူမှာ ဂိုဏ်းအုပ်ကြီး ဂျွန်ဝီလဆင်ပင် ဖြစ်လေသည်။ ဒယီးဒယိုင်နှင့် ဒင်းမစ်ဒေး လျှောက်နေသည်ကို ကြည့်ကာ စိုးရိမ်စိတ်ဖြင့် အနီးသို့ ပြေးကပ်သွားပြီးလျှင် တွဲ၍ခေါ်ရန် ကြိုးစား၏။ သို့သော် ဒင်းမစ်ဒေးသည် သူ့အား အတွဲမခံဘဲ သူတဦးတည်းသာလျှင် ဆက်လက်၍ လျှောက်မြဲ လျှောက်၍ လာလေသည်။ တဖြည်းဖြည်းနှင့် ဒင်းမစ်ဒေးသည် ရာသီဥတုဖြင့် ညိုမွဲ၍နေသော ထိပ်တုံးရှိရာ စင်မြင့်ကြီး အနီးသို့ ရောက်၍လာခဲ့လေသည်။ များမကြာမီ ပုလဲကလေးအား လက်တွဲ၍ မတ်တတ်ရပ် နေသော ဟက်စတာပရင်းနှင့် မျက်နှာချင်း ဆိုင်မိလေတော့သည်။ သို့ ဆိုင်မိသောအခါ ဒင်းမစ်ဒေးသည် ဆက်လက်၍ လျှောက်သွားမည့်အစား ခြေမလှမ်းတတ်တော့ဘိသကဲ့သို့ စုံရပ်လိုက်၏။

ထိုအခြင်းအရာကို မြင်လိုက်ရသော မင်းကြီးဘယ်လင်ဟမ်သည် အခြား မြို့မိမြို့ဖများနှင့်အတူ စီတန်း၍ လျှောက်သွားရာမှ ထွက်လိုက်ပြီးလျှင် ဒင်းမစ်ဒေးဆီသို့ ပြေးလာ၏။ ဘယ်လင်ဟမ်၏ အထင်၌ ဒင်းမစ်ဒေးသည် ရုတ်တရက် ရောဂါဝေဒနာ ဖိစီးသောကြောင့် ဆက်လက်၍ လမ်းမလျှောက်နိုင်တော့ဟု ထင်၍နေ၏။ ဒင်းမစ်ဒေး၏ အနီးသို့ ရောက်လာသောအခါတွင်မူ ဘယ်လင်ဟမ်သည် အနီးသို့ မကပ်ရဲသလို ဖြစ်၍သွား၏။ အဘယ့်ကြောင့်ဆိုသော် ဒင်းမစ်ဒေး၏ မျက်နှာမှာ ညိုမည်း၍နေလျက် မျက်လုံးများမှာလည်း အလျှံတပြောင်ပြောင် တောက်လောင်၍ နေသည်ကို မြင်ရလေရာ၊ ဒင်းမစ်ဒေးအား မည်သူမျှ ကူညီသမှု ပြုနိုင်လိမ့်မည် မဟုတ် ဆိုသည်ကို ဘယ်လင်ဟမ် အလိုအလျောက် စိတ်ထဲတွင် သိရှိလာလေတော့သည်။

လူအများပင် ထူးဆန်းလှသော ဒင်းမစ်ဒေး အမူအရာကို စူးစိုက်၍ ကြည့်ရှုနေကြစဉ် ဒင်းမစ်ဒေးသည် ဟက်စတာပရင်း ရှိရာသို့ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ပြီးလျှင် -

"ဟက်စတာ ... ဒီကို လာပါ ဟက်စတာ၊ ပုလဲကလေးပါ ဒီလို ခေါ်လာပါ"

ဟု အက်ကွဲနေသော အသံဖြင့် ခေါ်လိုက်လေသည်။

ဟက်စတာပရင်းတို့ သားအမိကို ကြည့်၍နေသော ဒင်းမစ်ဒေးမျက်နှာမှာ အလွန်တရာ ညှိုးငယ်နေပုံလည်း ရ၏။ အလွန်တရာ ကြေကွဲ ဆွေးမြည့်နေပုံလည်း ပေါ်၍ နေပေသည်။ ပုလဲကလေးသည် ဒင်းမစ်ဒေးရှိရာသို့ ပြေး၍ လာပြီးလျှင် ဒင်းမစ်ဒေး၏ ခြေထောက်ကို ဖက်၍ ထားလိုက်ရှာပေသည်။ ဟက်စတာပရင်းသည်လည်း မမြင်ရသော တန်ခိုးအာဏာရှင်က အတင်း တွန်းပို့သည့်အလား ဒင်းမစ်ဒေးအနီးသို့ တလှမ်းချင်း လျှောက်၍ လာပေသည်။ လက်တကမ်း လောက်တွင် ရပ်လိုက်၏။ ထို အခိုက်အတန့်ကလေးတွင်ပင် အဘိုးကြီး ရော်ဂျာချီလင်းဝပ်သည် လူကြားထဲမှ တိုး၍ ထွက်လာပြီးနောက် ဒင်းမစ်ဒေး၏အနီးသို့ ကပ်သွားပြီးလျှင်–

"ဘာလုပ်နေတာလဲဟင်၊ ဒီမိန်းမကို နှင်ပစ်လိုက်၊ ကလေးကိုလည်း မောင်းထုတ်လိုက်ပါ၊ ဘာမှ ကိစ္စမရှိဘူး၊ ဘာမှမကြောက်နဲ့။ အကုန်လုံး စီစဉ်ပြီးပြီ။ ကျုပ် ခင်ဗျားကို ကယ်ပါ့မယ်၊ ခင်ဗျားနာမည် အပျက်မခံပါနဲ့"

ဟု နားနားသို့ ကပ်၍ ပြောလိုက်လေသည်။

သို့သော် ဒင်းမစ်ဒေးက-

"ခင်ဗျား အလာကောင်းပေမဲ့ အခါနှောင်းသွားပြီ၊ ခင်ဗျား ကျုပ်အပေါ်မှာ ဆက်ပြီး မနှိပ်စက်နိုင် တော့ဘူး။ ဘုရားသခင် တန်ခိုးတော်နဲ့ ကျုပ်ဟာ ခင်ဗျားရဲ့စက်ကွင်းက အခု လွတ်ပါပြီ"

ဟု ပြောလိုက်ပြီးလျှင် ဟက်စတာပရင်းရှိရာသို့ လက်လှမ်းလင့်လိုက်ပြီးသည့်နောက် အလွန် စူးရှသော အသံဖြင့်-

'ဟက်စတာပရင်း.. ကျုပ်ဟာ လူတွေ ခုနစ်နှစ်တိုင်တိုင် မသိရအောင် ဖုံးဖိထားခဲ့တဲ့ ပြစ်မှုကြီးကို မင်းနဲ့အတူတူ ကျူးလွန်ခဲ့တယ်။ အခု အရင်တုန်းက ဒီပြစ်မှုရဲ့ဒဏ်ကို မင်းတယောက်တည်း ခံခဲ့ရပေမဲ့ အခုတော့ မင်းနဲ့ ကျုပ်နဲ့ အတူတူ ခံကြပါစို့။ ဒီတော့ကာ ကျုပ်အနားကို လာပါ ဟက်စတာပရင်း၊ ကျုပ်နဲ့ မင်းနဲ့ ပြုမိခဲ့တဲ့ မကောင်းမှုကြီးကို လူမသိအောင် ဖုံးပြီး ထားရမယ်လို့ ဟောဒီ အဘိုးကြီးက လာပြီးတော့ ပြောနေတယ်။ သူဟာ စေတန်ရဲ့ စေတမန်ပေပဲ။ လာပါ

ဟက်စတာ... ကျုပ်ဆီကိုလာပါ၊ ကျုပ်ကို ဒီစင်မြင့်ပေါ်ရောက်အောင် တွဲပို့ပါ” ဟု ပြောလိုက်လေ သည်။

လုစုလူဝေးကြီးသည် အုတ်အုတ်သဲသဲ ဖြစ်၍ သွားလေတော့သည်။

မြို့မျက်နှာဖုံး ပုဂ္ဂိုလ်ကြီးများမှာ ထိတ်လန့်အံ့သြ၍ သွားကြလေတော့သည်။ သူတို့၏ နားများကိုပင် မယုံနိုင်ကြတော့ပေ။ ထို့ကြောင့် ပါးစပ်ကြီးတွေ အဟောင်းသားနှင့် ဘာလုပ်ရမည် မသိဘဲ ငေးစိုက်၍ပင် ကြည့်၍ နေကြလေတော့သည်။

ယင်းသည့် အခိုက်အတန့်တွင်ပင် သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးသည် ဟက်စတာပရင်း၏ ပခုံးကို မှီတွဲကာ စင်မြင့်ဆီသို့ လျှောက်သွားပြီးလျှင် လှေကားထစ်များကို တထစ်ပြီးတထစ် နင်း၍ ချည့်နဲ့စွာ တက်၍ သွားလေတော့သည်။ ဟက်စတာပရင်းသည် ဒင်းမစ်းအား တဖက်က တွဲ၍ သွားပြီးလျှင် လက်တဖက်ကမူ ပုလဲကလေးအား ဆွဲခေါ်၍ သွားလေသည်။ အဘိုးကြီး ရော်ဂျာချီးလင်းဝပ်သည်လည်း သူတို့၏နောက်မှ လိုက်ပါ၍ သွားလေတော့သည်။ ဟက်စတာ ပရင်းတို့၏ကိစ္စကြီးဝယ် ရော်ဂျာသည်လည်း အရေးကြီးသောအပိုင်းမှ ပါဝင်ရသည့် ဇာတ်ကောင် တကောင် ဖြစ်လေရာ နောက်ဆုံးဇာတ်သိမ်းအထိ သူနှင့်ဆိုင်ရာ အပိုင်းကို အသုံးတော်ခံ၍ သွားတော့မည့်အလား ထင်ရလေသည်။

ရော်ဂျာချီးလင်းဝပ်သည် ဒင်းမစ်ဒေး၏ နောက်ပါးမှ ကပ်၍-

“ခင်ဗျားအပြစ်ကို လုံခြုံအောင် ဖုံးဖွက်နိုင်တဲ့နေရာဟာ ဒီစင်မြင့်က လွဲလို့ ကမ္ဘာလောကကြီးမှာ တနေရာမှ မတွေ့ဘူးလား ဟင်”

ဟု မျက်နှာကြီးမဲ့မဲ့နှင့် မေး၍ နေလေသည်။ ဤတွင် ဒင်းမစ်ဒေးက-

“ဘုရားသခင် အလိုတော်အတိုင်း ကျုပ် ဒီနေရာကို ရောက်လာရတာပဲ” ဟု ပြောလိုက်လေသည်။

ဒင်းမစ်ဒေးသည် ဟက်စတာပရင်းအား အသေအချာ စူးစိုက်၍ ကြည့်နေမိ၏။ မိမိနှင့်အတူ အပြစ်ဒဏ်ကို ခံရမည် ရှိရာ၌ ဟက်စတာ ပရင်းမှာ ကြောက်ရွံ့၍ နောက်တွန့်လေမည်လောဟု စိုးရိမ်နေပေသည်။

“ငါတို့နှစ်ယောက် တောထဲမှာ စီစဉ်ခဲ့ကြတဲ့ အစီအစဉ်ထက် အခု အစီအစဉ်က ပိုပြီး မကောင်းပေဘူးလားကွယ်”

ဟု ဒင်းမစ်ဒေးက မေးလိုက်၏။ ဤတွင် ဟက်စတာပရင်းက-

"ကျွန်မ မသိဘူး.. မသိဘူး၊ ပိုပြီး ကောင်းတာတော့ အမှန်ပဲ၊ ကျွန်မတို့နှစ်ယောက်လည်း သေ၊ ပုလဲကလေးပါ သေသွားမယ်ဆိုရင် အင်မတန် ကောင်းပေမှာပဲ"

ဟု ပြောလိုက်လေသည်။ ဒင်းမစ်ဒေးသည် တုန်ယင်နေသော အသံဖြင့်-

"မင်းနဲ့ ပုလဲအဖို့မှာတော့ ဘုရားသခင်က ဘယ်လို စီမံဦးမယ် မသိဘူးကွယ်၊ ငါ့အဖို့မှာတော့ ငါဟာ မကြာခင်ဘဲ သေရပါတော့မယ်။ ဒါကြောင့်မို့လို့ ငါ့အရှက်အိုးကြီးကို ငါမသေခင် ငါ့အပြစ်တွေ ကြေအောင် ငါ ခွဲသွားပါရစေတော့ကွယ်"

ဟု ပြော၍ နေပြန်လေသည်။

စင်မြင့်ပေါ်သို့ ရောက်သောအခါ သင်းအုပ်ဆရာ ဒင်းမစ်ဒေးသည် လူစုလူဝေးကြီးကို မျက်နှာ မူလိုက်လေသည်။ ဟက်စတာပရင်းသည် ဒင်းမစ်ဒေးအား တဖက်မှ တွဲမှီ၍ ထား၏။ ဒင်းမစ်ဒေး၏ လက်တဖက်သည် ပုလဲကလေးအား ဆွဲ၍ ထားပေသည်။

စင်မြင့်ပေါ်၌ သုံးယောက်သား အတူတွဲ၍ ရပ်နေကြရာက ဒင်းမစ်ဒေးသည် တုန်ယင် လှုပ်ရှားသော အသံနက်ကြီးဖြင့်-

"မြို့သူမြို့သားများ ခင်ဗျား... ခင်ဗျားတို့ဟာ ကျုပ်ကို ချစ်ခင်ကြတယ်၊ ကျုပ်ကို စိန့်သူတော်စင် ထင်ခဲ့ကြတယ်။ ဒါပေမဲ့ အခု ကြည့်ကြပါတော့၊ ကျုပ်ဟာ ဘယ်လောက် ယုတ်မာခဲ့တဲ့လူဆိုတာ အခု ခင်ဗျားတို့မျက်စိရှေ့မှာ ထင်ထင်ရှားရှား မြင်ကြရပြီ။ ဟောဒီနေရာမှာ ကျုပ်ဟာ အရင် ခုနစ်နှစ် အချိန်ကာလကတည်းက ဟက်စတာပရင်းနဲ့ အတူတူ ရပ်ပြီးတော့ အရှက်ကွဲခံခဲ့ရဖို့ ဖြစ်ပါတယ်။ သို့သော် ကျုပ်ဟာ သူရဲဘော နည်းခဲ့တဲ့အတွက် ဟက်စတာပရင်းဟာ တယောက်တည်း အပြစ်ဒဏ်ကို ခံခဲ့ရတယ်။ ကြည့်ကြစမ်းပါ... သူ့ရင်အုံမှာ အက္ခရာနီကြီးကို အမြဲ ဆင်မြန်းနေခဲ့ရတယ်၊ ဒီအက္ခရာနီကြီးဟာ ခင်ဗျားတို့စိတ်ထဲမှာ အင်မတန် ကြောက်ကြတဲ့ အက္ခရာနီကြီးပေပဲ။ ဒါပေမဲ့ အဲဒီ အက္ခရာနီကြီးထက် ကြောက်စရာကောင်းတာ တခုရှိတယ် ဆိုတာကို ခင်ဗျားတို့ မသိကြဘူး။ အဲဒီဟာကိုတော့ ခင်ဗျားတို့ ကြောက်ရမှန်း မသိကြဘူး၊ ခင်ဗျားတို့အနားကို ရောက်လာပေမဲ့ ခင်ဗျားတို့ တုန်လှုပ်ခြင်း မရှိခဲ့ကြဘူး" ဟု ပြော၍ နေလေတော့သည်။

ဒင်းမစ်ဒေးသည် အသက်ရှူရန် သူ့စကားကို ရပ်လိုက်၏။ ဒင်းမစ်ဒေးမှာ အားဆုတ်စ ပြုလာပြီ ဖြစ်ရာ အထက်ဖော်ပြပါ စကားမဆုံးမီပင် ပြိုလဲသွားမလို ဖြစ်လာ၏။ သို့သော် သူ့ကိုယ်သူ အားတင်း၍ ရှေ့သို့ တလှမ်းပင် တိုးလိုက်ပြီးလျှင်-

“ဟက်စတာပရင်းကို ခင်ဗျားတို့က ဝိုင်းဝန်းပြီး တံဆိပ်ခတ်ထားကြသလို ဘုရားသခင်ကလည်း ကျုပ်ကို တံဆိပ်ခတ်ခဲ့ပါတယ်။ ကောင်းကင်တမန်တွေဟာ အဲဒီတံဆိပ်ကို အားလုံး မြင်နေကြရ တယ်။ စေတန်ဟာလည်းပဲ ဒီတံဆိပ်ကြီးကို အမြဲ လာပြီးတော့ မီးစနဲ့ တူတဲ့ သူ့လက်ညှိုးနဲ့ အမြဲ ကလိနေခဲ့တယ်။ ဒါတွေကို ခံနေရပေမဲ့ ကျုပ်ဟာ ခင်ဗျားတို့တတွေ မသိရအောင် ကျုပ် ခုနစ်နှစ်တိုင်တိုင် လျှို့ဝှက်ထားနိုင်ခဲ့တယ်။ လျှို့ဝှက်ထားနိုင်ရုံတွင် မကသေးဘူး၊ ကျုပ်ကိုယ်ကျုပ် အပြစ်ကင်းစင်တဲ့ စိန့်သူတော်စင်တယောက်အနေနဲ့ ခင်ဗျားတို့ကိုတောင် မကောင်းမှု မကျူးလွန်ဖို့ ကျမ်းထွက်စကားတွေ ဟောပြောနေခဲ့သေးတယ်။ အခုဆိုရင် ကျုပ်ဟာ မကြာခင်ဘဲ သေရပါတော့မယ်။ ကျုပ်ရဲ့လျှို့ဝှက်ချက်ကြီးကို ကျုပ်သေရာကို ယူမသွားနိုင်ပါဘူး။ အဲဒီတော့ ခင်ဗျားတို့ကို ကျုပ် အခု ပြောရမယ်၊ ခင်ဗျားတို့ကို ကျုပ် အကုန်လုံး ဖွင့်ပြီးတော့ ပြောပြရတော့မယ်။ ကျုပ်ရဲ့မကောင်းမှု အပြစ်ကြီးကြောင့် ကျုပ်ဟာ ဘယ်လောက်အထိ ဒုက္ခခံခဲ့ရတယ်ဆိုတာကို ခင်ဗျားတို့ဟာ အခု မြင်ကြရပါတော့မယ်။ ဟက်စတာပရင်းရဲ့ ရင်အုံပေါ်မှာ ခင်ဗျားတို့ တံဆိပ်ခတ်ပြီး ပေးထားသလို ဘုရားသခင်က လည်းပဲ ဟောဒီတံဆိပ်ကြီးကို ကျုပ်ရဲ့ရင်အုံပေါ်မှာ တံဆိပ်ခတ်ပေးထား ပါတယ်။ ကဲ... ကြည့်ကြပေတော့... ကြည့်ကြပေတော့ ဘုရားသခင်ကိုယ်တော်တိုင် ခတ်နှိပ်ထားတဲ့ ကျုပ်ရဲ့ မကောင်းမှုအပြစ် တံဆိပ်ကြီးကို အားရပါးရ ကြည့်ကြပေတော့”

ဤကဲ့သို့ နာကြည်းဆွေးမြည့်သော အသံကြီးဖြင့် ပြောဆိုရင်း ဒင်းမစ်ဒေးသည် သူ၏ရင်အုံ၌ ဝတ်ဆင်၍ထားသော သင်းအုပ်ဆရာတို့၏ အဆောင်အယောင်များကို ဖယ်ကာ ရင်အုံတခုလုံးကို လှစ်၍ ပြလိုက်လေသည်။

လူအုပ်ကြီးသည် ရုတ်တရက် ထိတ်လန့်သွားပြီးလျှင် ဟာခနဲ ဖြစ်၍ သွားကြလေတော့သည်။

ဒင်းမစ်ဒေးသည် အားရပါးရကြီး တချက် ပြုံးလိုက်၏။ ထိုနောက် ဒူးကွေး၍ စင်မြင့်ပေါ်တွင် လဲပြို၍ ကျသွားလေတော့သည်။ ဟက်စတာပရင်းသည် ဒင်းမစ်ဒေးအား သူ၏ရင်ခွင်တွင် ပွေ့၍ထား၏။ အဘိုးကြီး ရော်ဂျာ ချီးလင်းဝပ်သည်လည်း အနီးသို့ ကပ်လာကာ ဒူးထောက်၍ ဒင်းမစ်ဒေး၏ မျက်နှာကို စေ့စေ့စပ်စပ်ကြီး ကြည့်၍ နေရင်း-

“အင်း... မင်း လွတ်အောင် ပြေးနိုင်ပြီပေါ့ကွယ်... လွတ်အောင် ပြေးနိုင်ပြီပေါ့”

ဟု ရေရွတ်မြည်တမ်း၍ နေလေရာ သင်းအုပ်ဆရာကလေး ဒင်းမစ်ဒေးက-

“ခင်ဗျားလည်းပဲ မကောင်းမှုကြီးကို ကျူးလွန်နေတဲ့လူမို့ ဘုရားသခင်က ခင်ဗျားကို ခွင့်လွှတ်ပါ စေလို့ ကျုပ် ဆုတောင်းပါတယ်”

ဟု လေသံဖြင့် ပြောလိုက်ပြီးနောက် အဘိုးကြီးကို ကြည့်ရာက ဟက်စတာပရင်းနှင့် ပုလဲကလေး တို့ဘက်သို့ လှည့်၍ ကြည့်နေပြန်လေသည်။ ပြီးမှ အသံတိမ်တိမ်ဖြင့်-

"ပုလဲကလေးရယ်... မင်း ငါ့ကို နမ်းပါလားကွယ်"

ဟု ပြောလိုက်ရာ ပုလဲကလေးသည် သူ့ဖခင် ဒင်းမစ်ဒေးအား နမ်းလိုက်လေသည်။

"သွားတော့မယ် ဟက်စတာရယ်"

ဟု ဒင်းမစ်ဒေးက ပြောလိုက်သည်၌ ဟက်စတာပရင်းသည် မျက်နှာချင်း အပ်လိုက်ပြီးလျှင်-

"ရှင်နဲ့ ကျွန်မ ပြန်ပြီး တွေ့ရဦးမှာလား ဟင်၊ ကျွန်မတို့ အခု ကွဲရပေမဲ့ နောက်ဘဝမှာ တွေ့ကြရဦးမယ် မဟုတ်လား"

ဟု ပြောလိုက်သည်၌ သင်းအုပ်ဆရာကလေးက-

"ဝေးကြပြီ ဟက်စတာ... ဝေးကြပြီ၊ ဘာပြုလို့လဲဆိုတော့ တို့ ပြုမိတဲ့ မကောင်းမှုကြီးကြောင့် တို့ဟာဖြင့် တယောက်နဲ့တယောက် ဘယ်ဘဝမှာပဲဖြစ်ဖြစ် နီးကြဖို့ အင်မတန် ဝေးပြီ။ ဘုရားသခင်ရှေ့မှောက်မှာ အစစ်ဆေးခံကြရမယ့်နေ့မှပဲ တို့နှစ်ယောက် ပြန်ပြီး ဆုံမိကြတော့ မယ်။ သွားတော့မယ် ဟက်စတာ .. သွားတော့မယ်..."

နောက်ဆုံး စကားလုံးများကို ပြောပြီးသည့်နောက်တွင် ဒင်းမစ်ဒေးသည် ငြိမ်သက်၍ သွား၏။ ထိုအခါတွင် လူအုပ်ကြီးသည် ရုတ်ရုတ်သဲသဲ ဖြစ်၍ သွားပြန်လေတော့သည်။

၂၂။ နိဂုံး

အထက်ပါ အဖြစ်အပျက်များကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံရပြီးသည့်နောက် ရက်ပေါင်း အတော်ကြာမှပင် ဘော်စတွန် မြို့သူမြို့သားတို့သည် မိမိတို့၏စိတ်ကို မိမိတို့ ပြန်၍ ဆည်နိုင်ကြလေသည်။

ဒင်းမစ်ဒေး၏ ရင်အုံပေါ်၌ မြင်လိုက်ရသော အမှတ်တံဆိပ်ကြီးမှာကား အသားတွင် သံပူဖြင့် ကပ်၍ ထားဘိသကဲ့သို့ ကြက်သွေးရောင် ထကာ ထင်းထင်းကြီး ပေါ်၍ နေသော "A" အက္ခရာကြီးပင် ဖြစ်လေသည်။ ထို "A" အက္ခရာသည် ဟက်စတာပရင်း၏ ရင်အုံပေါ်ရှိ ဂါဝန်မှ "A" အက္ခရာနှင့် တပုံစံတည်း ဖြစ်သည်ဟု ပြောဆိုကြလေသည်။ ဤ "A" အက္ခရာကြီးကို ရော်ဂျာချီးလင်းဝပ်သည် သူ၏ ကဝေအတတ်ဖြင့် ဒင်းမစ်ဒေး၏ ရင်ဘတ်၌ ပေါ်အောင် ပြုလုပ်သည်ဟု ဆိုသူတို့က ဆိုကြ၏။ အချို့သော သူတို့ကမူ ဒင်းမစ်ဒေး၏ ရင်ဘတ်အသားတွင် ဘာအက္ခရာမျှ မရှိပါဟု ငြင်းသူတို့က ငြင်းကြလေသည်။

ဒင်းမစ်ဒေး သေဆုံးပြီးသည့်နောက် တနှစ်ခန့် ကြာသောအခါတွင် ရော်ဂျာချီးလင်းဝပ်သည် လည်း အနိစ္စရောက်၏။ ရော်ဂျာသည် သူပိုင်ပစ္စည်းများကို ပုလဲကလေးအား လွှဲပေးခဲ့လေရာ ပုလဲကလေးမှာ ကြွယ်ဝချမ်းသာ၍ သွားပေသည်။ ပုလဲကလေး အရွယ်ရောက်သောအခါတွင် နိုင်ငံရပ်ခြား၌ အိမ်ထောင်ပြု၍ သွား၏။ ထိုအခါတွင် ဟက်စတာပရင်းသည် သူတဦးတည်း နေထိုင်ရာဖြစ်သော ဘော်စတွန်မြို့စွန်ရှိ ကျွန်းဆွယ်ပေါ်ကအိမ်တွင် လာရောက်၍ အသက်ထက်ဆုံး နေထိုင်သွားပေသည်။

ဒင်းမစ်ဒေး၊ ဟက်စတာပရင်းနှင့် ရော်ဂျာချီးလင်းဝပ်တို့၏ ဇာတ်လမ်းမှာ ဘော်စတွန်မြို့ကို တည်ထောင်စအခါက ဖြစ်ပျက်ခဲ့ပေရာ ဘော်စတွန်မြို့ တည်ပြီးသည့်နောက် နှစ်ပေါင်း တရာကျော် ကြာသောအခါမှာ အကောက်အရာရှိ မစ္စတာပြူးသည် "သက်ကြီးစကား သက်ငယ်ကြား" ဟူသည့်အတိုင်း ဘော်စတွန်မြို့တွင် ကျန်ရစ်ခဲ့သော ပါးစပ်ရာဇဝင်များမှ ရှာဖွေစုဆောင်း သုတေသန လုပ်၍ ရေးသားခဲ့ခြင်းပင် ဖြစ်ဟန် တူလေသည်။

ယခုထက်တိုင်အောင် "တော်ဝင်" ဘုရားရှိခိုးကျောင်းအနီးရှိ သင်္ချိုင်းထဲ၌ အုတ်ဂူနှစ်ခုတို့ ယှဉ်လျက်သား ရှိနေပေသေးသည်။ တခုမှာ ဒင်းမစ်ဒေး၏ အုတ်ဂူဖြစ်လျက်၊ နောက်တခုမှာ မူကား ဟက်စတာပရင်း၏ အုတ်ဂူ ဖြစ်သတည်း။

www.mm-lib.com
Subscribe Telegram Channel
https://t.me/TheBookR